စိတ်ကူးချိုချိုအနုပညာ

# နုနုရည်အင်းဝ

# နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင်

နှင့် အခြားဝတ္ထုတိုများ



ဒုတိယအကြိမ်

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# နမ်းမှာလားမောင်ရဲ့ မွေးတယ်ရှင်နှင့် အခြားဝတ္ထုတိုများ

## နုနုရည်အင်းဝ

ဒုတိယအကြိမ်၊ ၂၀၂၀

နမ်းမှာလားမောင်ရဲ့ မွေးတယ်ရှင်နှင့် အခြားဝတ္ထုတိုများ။ နုနုရည်အင်းဝ
မျက်နှာဖုံးပန်းချီ - မင်းဇော်၊ အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၃၀၅ ++ မျက်နှာ၊ ၁၃ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ ပြည့်နှစ်၊ ဇင်ရတနာစာပေ ၏ ပထမအကြိမ်မှ

ရောင်းဈေး ၅၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

... မန်းတခွင် ပန်းသဇင်ပေါ်စမို့ မျှော်ကြတယ်လေး...

... နမ်းမှာလား မောင်ရဲ့ မွှေးတယ်ရှင်...

... နမ်းမှာလား အစ်ကိုရဲ့ မွှေးတယ်ရှင်...


(ဦးသာဒင်)

# မာတိကာ


၁။ နှင်းပြောင်းတဲ့ နွေငယ်မှာလေ ၁
၂။ နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင် ၁၄
၃။ ဆုံးမစာသစ် ၂၅
၄။ အစုန်လူသယ် ၃၆
၅။ ဆရာလာခဲ့ပါဦး ၄၄
၆။ ထားခဲ့ပါဆရာ ၅၃
၇။ ထမင်းတွေပုံ ဟင်းတွေပုံ ၆၃
၈။ ခွေးစကား ၇၃
၉။ ခွေးသရဲ ၈၇
၁၀။ ကျွန်မနဲ့ ဖုန်းဖြေစက် ၁၀၂
၁၁။ ငယ်ရွယ်စဉ် ရှာဖွေစွန့်ခဲ့ပြီ ၁၁၅
၁၂။ မြနှင်းဆီတေးသရုပ်ဖော် ၁၃၀
၁၃။ နို့စား ၁၃၉
၁၄။ စိတ်မျက်နှာဖုံး ၁၄၉
၁၅။ ကြံခက်လို့ပမ်း ၁၆၄
၁၆။ ဖင်းမယ်အင်းဝ အင်းဝဖင်းမယ် ၁၇၄

| | | |
|---|---|---|
| ၁၇။ | ကျွန်မနဲ့ ဘောလုံး | ၁၈၇ |
| ၁၈။ | ကျားလေးကျွန်တော် | ၁၉၉ |
| ၁၉။ | ပိုက်ဆံကြံပါဗျို့ | ၂၀၈ |
| ၂၀။ | လှိုင်ကထုံ | ၂၁၈ |
| ၂၁။ | မြေးအဘွား | ၂၃၄ |
| ၂၂။ | သည်လိုပုံနဲ့ | ၂၄၉ |
| ၂၃။ | ခေါစာ | ၂၆၃ |
| ၂၄။ | အိပ်မက်အလွမ်း | ၂၇၂ |
| ၂၅။ | ပျားတို့သည် မချို၊ မှိုတို့သည် မပေါက်၊ ယာတို့သည် ခြောက်ကုန်၏ | ၂၈၅ |
| ၂၆။ | ကျွန်မနှင့်နိုင်းဝမ်းဝမ်း | ၂၉၅ |


*


ရှင်းမြောင်းရဲ့
ရွှေငယ်မှာလေ

# နှင်းပြောင်းတဲ့ နွေငယ်မှာလေ

မယ်ဇယ်ပင်တန်းပေါ်က ငှက်ကလေးတွေ၏ အိပ်တန်းထသံနှင့်အတူ မြဖူး လန့်နိုးလာသည်။ အိပ်မက်ထဲက အမောကြောင့် ရင်တွေ တဆတ်ဆတ် တုန်နေမိသော်လည်း သည်အချိန် မြဖူး မျက်လုံးပွင့်သည်နှင့် ငှက်ကလေးတွေအသံနှင့်အတူ ရောပြီး ကြားနေကျ ဂန္ဓာရုံကျောင်း လေးနာရီတုံးခေါက်သံကို မကြားရတော့။ မိုးများလင်းနေရော့လားဆိုတဲ့ အပူက ရင်ထဲတိုးဝင်ကာ ကပျာကယာ ထထိုင်မိသည်။ အကျင့်ပါနေသော တံတောင်နှင့်လည်း ဘေးက တခေါခေါအသံပေးနေသည့် လင်တော်မောင်ကို တွက်လိုက်ရသေးသည်။ ဒါပေမဲ့ ကိုရွှေပိုက်ထွေးတို့ကတော့ အဟောက်တောင်မပျက်။

ကိုယ်ပေါ်က စောင်တစ်ဝက်ကို ပိုက်ထွေးဘက်ဖယ်ချရင်း ကွပ်ပျစ်ခြေရင်းမှာ ညကတင်ထားသည့် ထဘီနှင့်အင်္ကျီကို မြဖူး လျှောက်စမ်းသည်။ ဩော် ဒုက္ခပါပဲ။ ညက သေချာတင်ထားတာကို မတွေ့တော့ဘူး။ ဘေးဘီတွေကိုပါ စမ်းကြည့်လို့မရတော့ ကွပ်ပျစ်အောက်များ ကျသွားလားဆိုပြီး မြဖူး ကုန်းစမ်းဖို့ ငုံ့လိုက်သည်နှင့် ဗိုက်ထဲက တစ်မျိုးကြီးဖြစ်သွားသည်။ ဘုရား၊ ဘုရား တော်ပါသေးရဲ့။

ငါ့နှယ် ဈေးရောင်းသွားချင်တဲ့ လောဘဇောနဲ့ ခုနစ် လ ဗိုက်ကို သတိမရနိုင်တော့ဘူး။

"ကိုပိုက်ထွေး... ကိုပိုက်ထွေး..."

ပိုက်ထွေးကတော့ တုတ်တုတ်တောင်မလှုပ်။ ငှက်ကလေးတွေ အသံ ပိုဆူညံလာတာနှင့်အမျှ မြဖူး ပူပင်လာကာ တစ်သက်လုံး မှောင်ခဲ့မြဲ သူ့ပတ်ဝန်းကျင် အမှောင်တိုက်ထဲသို့ ယောင်ယမ်းလို့တောင် ကြည့်မိသည်။ ဟင်းနော်... ဒီမမြင်ရတဲ့ မျက်လုံးကြောင်တွေက မိုးလင်းမလင်း ဘယ်လိုလုပ် သိနိုင်မှာတဲ့လဲ။ ပိန်းပိတ်စွာ မှောင်မြဲဖြစ်သောအမှောင်ကို မြဖူးကြည့်ရင်း ပိုက်ထွေးကို လှုပ်နှိုးဖို့ စမ်းနေမိဆဲမှာ လေးနာရီတုံးခေါက်သံတွေ အဆက်မပြတ် ဆူညံလာသည်။ အမယ်လေး တော်ပါသေးရဲ့။ ကိုယ့်ဘာသာ ကိုယ့်အိပ်မက်ကြောင့် အစောကြီး လန့်နိုးလာပြီးတော့ ပူလိုက်ရတာ။ ခုမှပဲ အိပ်မက်အမောကြောင့် တုန်နေသောရင်ကို သတိပြန်ရပြီး အိပ်ရာပေါ် ပြန်လှဲလိုက်ရသည်။ တုံးခေါက်သံတွေနှင့်အတူ သံစုံကျူးရင့်သော ဂန္ဓာရုံနာရီစင်က နာရီထိုးသံကို မျက်စိမှိတ်နားထောင်ရင်း မြဖူး အိပ်မက်ကို သတိရလာသည်။ ယောဒီလိုပါပဲ။ အိပ်မက်ထဲမှာ နာရီထိုးသံနှင့် တုံးခေါက်သံတွေက ဆူညံနားကွဲမတတ်။ ဘယ်နှစ်ချက်ထိုးမှန်းမသိ၊ ဘယ်နှစ်နာရီမှန်းလဲမသိဘဲ ပွက်လောရိုက်နေသောအသံတွေကြားမှာ ပိုက်ထွေးကြီးတော်နှင့် မြဖူးတို့ တအားအော်ပြီး ရန်ဖြစ်ကြရသည်။

ပိုက်ထွေးကြီးတော်က နေ့လယ်က လာသွားသည့် မျက်နှာကြီး အတိုင်း။ ပြောတာတွေလည်း အများကြီး။ ဒါပေမဲ့ အိပ်မက်ထဲမှာတော့ စကားတွေက မပီပိုးတဝါးဖြစ်နေသော မြဖူးကို ဒေါသဖြစ်စေသော စကားတစ်ခွန်းပဲပီလေသည်။ "ဟဲ့ကောင်မရဲ့၊ မျက်မမြင်မရဲ့။ နင့်ကြောင့်မို့ ငါ့တူဟာ ကျောင်းထမင်း ကျောင်းဟင်းစားရမယ့်ဘဝ ရောက်ရတော့မှာ။ ငါတို့က ဆင်းရဲပေမဲ့ နင်တို့လို ဂန္ဓာရုံ ထမင်းဟင်းစား ကြီးတာမဟုတ်ဘူးဟေ့" ဆိုတဲ့စကားကို မြဖူး နားထဲကမထွက်။

နေ့လယ်တုန်းကလည်း ဒီစကားတွေနဲ့ မြဖူး မျက်ရည်တောက်တောက် ကျခဲ့ရသည်။ ကိုယ့်ကိုလာပြီး ဆွဲလွဲလုပ်လိုက်ရင် ဗိုက်ထဲက ကလေး ဒုက္ခလေးဆိုပြီး အောင့်ခံသမျှတွေကို အိပ်မက်ထဲမှာကျမှ မြဖူးကလည်း တအား အော် အော် ပြောပစ်လိုက်တာ။ အသံတွေကိုပြာလို့။ နိုးလာတော့ လူလည်း မောလို့။

တုံးခေါက်သံတွေက တဖြည်းဖြည်း စဲသွားပေမဲ့ ပတ်ဝန်းကျင် ကတော့ တိတ်ဆိတ်နေတုန်းပင်။ ငှက်ကလေးတွေအသံကသာ ပိုပြီး ညံစာလာသည်။ အင်း... မနက်ကိုးနာရီ ခေါက်တဲ့တုံးသာဆို ဒီလို ဘယ်ငြိမ်နေမလဲ။ တုံးခေါက်ပြီးတာနဲ့ ချိုင့်သံ၊ ပလုံးသံတွေနဲ့ လူတွေ ခပ်သုတ်သုတ်လာနေတဲ့အသံ။ ငါးဆယ်၊ ခြောက်ဆယ်ထက်မနည်း ရှိတဲ့ ခွေးအုပ်ကြီးပြေးလာတဲ့အသံတွေနဲ့ ဆူညံလှုပ်ရှားနေမှာ။ သံဃာ အပါးထောင်ချီရှိတဲ့ ဂန္ဓာရုံကျောင်းကြီးရဲ့ အမြဲတမ်း ပေါများပိုလျှံနေတဲ့ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ ထမင်းရည်တွေက လူတွေက အိမ်ယူကြဖို့၊ ခွေးတွေက နေရာတွင် စားကြဖို့၊ ဂန္ဓာရုံကျောင်းကြီးရဲ့ စွန့်နေကျနေရာမှာ လူတွေနဲ့ ခွေးတွေရောထွေးဆူညံပြီး အသက်ဝင်နေမှာ။

တကယ်တော့ ကိုးနာရီတုံးခေါက်သံဟာ မြဖူးအဖို့ မမေ့နိုင်တဲ့ အသံ။ မြဖူးအဒေါ်၊ မြဖူးရဲ့ တစ်ဝမ်းကွဲမောင်၊ ညီမလေးတွေနဲ့ ရွာနီး ချုပ်စပ်က တချို့လူတွေ။ များစွာသော ခွေးလေးခွေးလွင့်တွေကို ညို့ငင် ခေါ်ယူတဲ့အသံ။ ပြီးတော့ အနံ့နှင့် လျှာကိုသာ အားကိုးရသော မြဖူးအဖို့ လောဘကြီးပြီး မြဖူးအပေါ်မှာ အမြဲစွာတတ်တဲ့ ညီမဝမ်းကွဲ မိပုတ် ရလာတတ်သည့် ဟင်းမျိုးစုံပေါင်းထားသော ဟင်းဆောင်းနံ့၊ စွန်တာနီ ပဲပြုတ်နံ့၊ ဘိုစားပဲပြုတ်နံ့၊ ပဲထောပတ်ပြုတ်နံ့၊ ခရမ်းချဉ်သီး ငါးပိချက်နံ့၊ ဝက်သားဟင်းလေးအနှစ်နံ့တို့ကို ဘယ်တော့မှ မမေ့နိုင်ပါ။

တဖြည်းဖြည်း ကျပ်တည်းပြီးရင်း ကျပ်တည်းလာသော မြဖူး တို့လို ဆင်းရဲသား လက်လုပ်လက်စားအတော်များကို ထမင်းနပ်မှန် အောင် အထောက်အပံ့ပေးသော ကျောင်းတော်ကြီး၏ ကျေးဇူးကိုလည်း

မြဖူး ကျေးဇူးမကန်းနိုင်ပါ။

ဒါပေမဲ့ ဘာလို့မှန်းမသိ။ ဘေးပတ်ဝန်းကျင်က ကျောင်းထမင်းကျောင်းဟင်းစားတွေဆိုပြီး မေးငေါ့ခံရမှာ၊ ဝိုင်းပယ်ခံရမှာကိုတော့ မြဖူး ရှက်သည်။ ကြောက်သည်။ အဒေါ်မှဆိုးမနှင့် ကလေး လေးယောက်။ လူပို မြဖူးနဲ့ဆို ခြောက်ယောက်ရှိသော မိသားစုအဖို့ ညီမတစ်ယောက် ရက်ကန်းခတ်သည့်ဝင်ငွေနှင့် ဘယ်လိုမှ မစားလောက်လို့သာ။ နို့မို့များဖြင့် ဘယ်သူ လုပ်ချင်ပါ့မလဲကွယ်။ အင်း... မြဖူးကိုတော့ ရှေးအတိတ်ကုသိုလ်ကံကြောင့် တွေ့ခဲ့ရတဲ့ လင်တော်မောင် ကိုပိုက်ထွေးက ကျောင်းထမင်းကျောင်းဟင်းကို မြဖူး ဘယ်တော့မှ မစားစေရတဲ့။ ဆီနဲ့ဆားနဲ့ စားရစားရ။ သူရှာကျွေးမတဲ့။ ပြောတော့သာလွယ်တာ။ ဆီနဲ့ဆားဖိုး ရှာဖို့ကိုက ဘယ်လောက်ခက်ခဲလဲဆိုတာ မြဖူး သိပါသည်။ ခုပဲကြည့်။ သူ ပင်ပန်းပြီး တအားအိပ်ပျော်နေတာ။ သူ့ကြီးတော်ကလည်း ပြောသွားသေးတယ်မဟုတ်လား။ သူ့တူမှာ အလုပ်စုံလုပ်ရတာ လူရုပ်တောင် မပီတော့ဘူးတဲ့။ ဒါပေမဲ့ အဲ့ဒါ ညည်းကြောင့်၊ မြဖူးကြောင့်ဆိုတာကတော့ ဘာဆိုင်လို့လဲ။ သူ့တူဘာသာ မျက်မမြင်မကို ချစ်လှချည်ရဲ့ဆိုပြီး အတင်းယူတာ။ သူ့တူကို ယူပါရှင်လို့ ဘယ်သူကမှ...

"မြဖူး... မြဖူး... ထတော့ဟ"

ပိုက်ထွေးက ထုံးစံအတိုင်း ကမူးရှူးထိုးနှင့် ထလိုက်သည်။

"အမယ်လေး၊ ကျွန်မက ရှင့်ကြီးတော်ကောင်းမှုနဲ့ ကြာလှပြီ၊ နိုးနေတာ..."

အိပ်မက်အရှိန်နဲ့ အငေါ်တူးသော မြဖူးကို ပိုက်ထွေးက ခပ်ကြောင်ကြောင်ကြည့်ရင်း တဟဲဟဲရယ်ကာ...

"ဘာတွေပြောနေတာလဲဟ။ ထ... ထ... မျက်နှာသစ်ရအောင်။ အဲ... စမ်းမနေနဲ့ဗျ။ နင့်အကျီနဲ့ထဘီကို ငါညက ကြွက်ရန်ကြောက်လို့ သေတ္တာထဲထည့်ထားတာ။ ပြီးတော့ ထုတ်ပေးမယ်။ လာဟာ... မြန်မြန်

လုပ်။ နင့်သနပ်ခါးလည်း သွေးပေးရဦးမှာ။ ဒီမှာ ဖိနပ်က..."

စကားသံတတွတ်တွတ်နှင့်အတူ မြဖူးလက်တွေကို ကြင်နာစွာ ဆွဲငင်ခေါ်ယူတော့လည်း မဆီမဆိုင် စူထားမိသော မြဖူးနှုတ်ခမ်းတွေ အလိုလို ပြေလျော့ကာ သူ့ကြီးတော် အိပ်မကျသည်လည်း လွင့်စဉ် ပျောက်ပျက်ရပြန်သည် ။

* * *

"× × × ထည့်ကာ× × × ထည့်ကာ× × × ယကွင်းရယ်နဲ့ × × × ထမင်းတွေပုံ× × × ဟင်းတွေပုံ× × × ထည့်ကာ× × × ထည့် ကာ× × × ယကွင်းရယ်နဲ့× × × ထမင်းတွေပုံ× × × ဟင်းတွေပုံ × × × "

မယ်ဇယ်ပင်ရွက်ခတ်သံတွေကြားမှာ၊ နှင်းစက်ဖြောက်ဖြောက်သံ လေးတွေကြားမှာ အချိုးမပြေသော ပိုက်ထွေး သီချင်းအော်ဆိုသော အသံ ပျံ့လွင့်နေသည်။ မြဖူးက ပိုက်ထွေးလက်တစ်ဖက်ကို ဆုပ်ကိုင် ထားပြီး လက်တစ်ဖက်က စမ်းလျှောက်သည့်တုတ်ကို ကိုင်ထားသည်။ လက်တစ်ဖက်က မြဖူးကိုဆွဲ၊ တစ်ဖက်က အကြော်ကြော်တဲ့ ပစ္စည်း ပစ္စယတွေနှင့် လေးလှသော တောင်းကို ထိန်းပြီး ထမ်းထားရသည့် ကြားထဲက ပိုက်ထွေး သီချင်းဆိုနိုင်သေးသည်။ နေ့စဉ်နေ့တိုင်း အကြော်တဲသွားရာ လမ်းတစ်လျှောက်လုံး ထပ်တလဲလဲဆိုတတ်သော သည်သီချင်းပိုဒ်လေးကို မြဖူးမှာ မရိုးနိုင်သလို သည်းခံနားထောင်ရမြဲ။

"ထည့်ကာ× ထည့်ကာ× ယကွင်းရယ်နဲ့× ထမင်းတွေပုံ"

"သီချင်းကလည်း ဒီက မတက်တော့ဘူး။ ရှင့်ဥစ္စာက"

"ဟဲ... ဟဲ သီချင်းအော်ဆိုတာ အချမ်းပြေတယ်ဟ..."

ဟုတ်သားပဲလေ။ သူ့မှာမှ အနွေးထည်မရှိဘဲ။ ဗိုက်နှင့်မြဖူးက သူ့လူပျိုဘဝက အနွေးထည်ကို ယူဝတ်ရတာ၊ အကြော်ဖိုကျမီးနဲ့ နွေးသွားတာပဲဆိုပြီး သူ နေ့,နေခဲ့တာ။ နှုတ်ဆိတ်ငြိမ်သက်သွားသော

မြဖူးကို ပိုက်ထွေးက စောင်းကြည့်ရင်း...

"မြဖူး... နင့်ဗိုက်ထဲကဟာလေး... လှုပ်သေးလား"

"လှုပ်တာပေါ့။ ကျွန်မ ဘယ်တော့လောက်မှ မွေးမှာလဲ မသိဘူးနော်။ ဆောင်းကုန်မှမွေးပါစေ။ ကိုယ့်မှာက စောင်တွေဘာတွေ လုံလောက်တာမဟုတ်ဖူး"

"ဟာ... နင်ကလည်း ဘယ်တော့မွေးမွေး။ စောင်မရှိ ဝယ်ရမှာပေါ့ဟ"

"ပါးစပ်ဝယ်ကတော့ လွယ်တာပေါ့ ကိုပိုက်ထွေးရယ်။ ရှင့်မှာ ပိုက်ဆံရှာရတာ လွယ်တာမဟုတ်။ မနက် အကြော်ရောင်းတော့လည်း ရှင်၊ ထမင်းချက်တော့လည်း ရှင်၊ နေ့ခင်း အလုပ်ကလည်းတစ်မျိုး။ နေဦး... နေဦး။ နေ့ခင်းအလုပ်ဆိုလို့ ရှင် နေ့လယ်... နေ့လယ်မှာ ပလတ်စတစ်တွေ လိုက်ကောက်နေတယ်ဆို။ အိမ်ကြိုအိမ်ကြားတွေမှာတဲ့။ ရှက်စရာကြီးတဲ့"

"ဘယ်သူကတုံး"

"ကိုပိုက်ထွေး ကြီးတော်ကပေါ့။ ဟိုတစ်လောကတော့ ရှင် ရက်ကန်းသွားခတ်တယ်ဆိုပြီး ခုကျ ဘာဖြစ်လို့လဲ"

"ကြီးတော်ပြောတာတွေ စိတ်ထဲမထားစမ်းနဲ့ဟာ။ အလကား။ နင် ဘာမှမပူနဲ့။ ငါ့အလုပ်ကိုငါသိတယ်"

"ကိုပိုက်ထွေးသိတာက ကိစ္စမရှိဘူး။ အပြောခံရတော့ ကျွန်မ ခေါင်းချည်းပဲ။ ကိုပိုက်ထွေးကြီးတော်က သူ့တူက မိဘမရှိပေမဲ့ ဆင်းရဲပေမဲ့ လူပျိုတုန်းက ဒီလို မစုတ်ပြတ်ဘူးတဲ့။ နာရီနဲ့ဘာနဲ့တဲ့...။ ခုကျမှ ကျွန်မကြောင့်..."

မြဖူး ငိုသံပါစပြုလာသည်။

"မြဖူးကလည်းဟာ။ စောစောစီးစီး။ ဟိုမှာ တောင်လေးလုံးက ဦးဇင်းဌေး ဆွမ်းခံထွက်လာပြီနော်။ ငါတိုင်လိုက်ရမလား"

"တိုင်ပါ့လား...။ ကျွန်မကလည်း ပြန်တိုင်ပစ်မှာပေါ့... ဟင်း...။

ဘာဖြစ်ဖြစ် မိမြဖူးကြောင့်ချည်းပဲ။ မျက်မမြင်ဘာသာ မျက်မမြင်နေတာကို ဘယ်သူက အတင်းယူတာလဲ..."

ပိုက်ထွေးက ချော့မော့သံနှင့် တဟဲဟဲရယ်သည်။

"အတင်းယူမှာပေါ့ဟ... နင်ကလှတာကိုး... နော်... မြဖူး၊ ငါ့မှာမြင်ကတည်းက တစ်ခါတည်းကြိုက်ပြီး လိုက်လာရတာလေ။ အမယ်လေး... အဲ့ဒီတုန်းက ငါ့မှာလေ ပွဲမကြည့်နိုင်ဘူး။ ပွဲခင်းထဲက နင့်ဆီကိုပဲ လှမ်းလှမ်းကြည့်ရတာအမော။ နင်ကလည်း ဘေးကမိန်းမကို လက်တို့တို့ပြီး မေးလိုက်တာ။ အားလပ်ချိန်ကျ နင်တစ်ယောက်တည်း ဖျာပေါ်ကျန်ရစ်တော့ ဟန်ပြီဟဆိုပြီး နင့်နောက်လာထိုင်မှပဲ ငါ့မယ် သနားလိုက်ရတာ။ ဖျာပေါ် လက်ကလေးနဲ့ ဟိုစမ်းသည်စမ်းနဲ့ ကျွန်မတဘက်လေး ဘယ်ရောက်သွားပါလိမ့်... တဲ့" ကျုပ်မယ် ဖျာစွန်းကတဘက်လေး လက်ထဲထည့်ပေးရင်း သနားပြီး တစ်ခါတည်းယူမယ်ဟလို့... ဟားဟား...။ နော်... မြဖူး။ အဲ... မှတ်မှတ်ရရ။ ဒီသီချင်း... ငါ... အဲ့ဒီပွဲကရတာဗျ"

မျက်ရည်ဝိုင်းသော မျက်လုံးကြောင်လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မသိမသာ ပျော့ပျောင်းလာသော မျက်နှာလေးကိုကြည့်ကာ ပိုက်ထွေး သက်ပြင်းချသည်။ သူကလေး တစ်ခါဖူးမျှ မမြင်တွေ့ဖူးတဲ့ အပြင်လောကကြီးရဲ့ ခါးသီးနေတဲ့ ဘဝအခက်အခဲတွေအကြောင်းကို မသိပါစေနဲ့တော့။ ဒီအကြောင်းလေးကိုပြောရင် မြဖူး စိတ်ပြေ သဘောကျတတ်သလို ကိုယ်ကိုယ်တိုင်ကလည်း ပွဲခင်းမြင်ရရင် ကြည်နူးတတ်ခဲ့ပေမဲ့ ခုချိန်မှာတော့ ဗလာပွဲတွေ့ရင် ထမင်းဖြစ်စေမယ့်၊ ပိုက်ဆံဖြစ်စေမယ့် ငွေစက္ကူစုတ်လေးတွေ၊ ပလတ်စတစ်အိတ်လေးတွေကိုပဲ စိတ်ဝင်စားတော့တာကို မြဖူး မသိပါစေနဲ့တော့။

* * *

"တိတ်ပါတော့မြဖူးရာ... ငါတောင်းပန်ပါတယ်"

"မတိတ်ဘူး... မတိတ်ဘူး။ ဒီကတော့... ဒီကတော့ တစ်နေ့လယ်လုံး တစ်ညနေလုံး ပြောချင်လွန်းလို့ စောင့်လိုက်ရတာ ပြီးတော့ ပြီးတော့..."

မြဖူးက ထိန်းမရသိမ်းမရ ငိုပြန်သည်။ ပိုက်ထွေးက ခေါင်းကိုသာ တဖျင်းဖျင်း ဆွဲကုတ်လိုက်မိသည်။

"ကဲ ဝမ်းသာပါတယ်လို့ နင့်ကို ငါမပြောဘူးလားဟာ နင်ကလည်း၊ ဟုတ်ပါ့မလားလို့တော့ စဉ်းစားရတာပေါ့ဟ၊ မွေးကတည်းက ဖြစ်တဲ့မျက်စိ ပြန်မြင်နိုင်တယ်ဆိုတော့"

"ဦးဇင်းဒွေးကိုယ်တိုင်က လာပြောတဲ့ဉစ္စာကို ရှင်မယုံရင် သွားမေးပါလား။ ဆရာတော် ဦးပညာကိုယ်တိုင် သွားမေးခဲ့တာပါဆိုနေမှ။ နာမည်ကျော် မျက်စိကုဆရာဝန်ကြီးတဲ့။ ဦးမောင်မောင်အေးတဲ့။ မည်းမည်းပုပု သဘောကောင်းတယ်တဲ့။ ကျွန်မမျက်စိက သုံးနှစ်သမီး၊ အမေဆုံးပြီးမှ ကွယ်တာဉစ္စာ။ ရတယ်တဲ့။ အားနည်းပြီး ဂရုမစိုက်နိုင်လို့ တဖြည်းဖြည်း ဖြစ်သွားတာတဲ့။ ဆေးရုံတက်ခွဲလိုက်ရင်..."

"တော်ပါတော့မြဖူးရာ။ ငါ ဘယ်နှစ်ခါနားထောင်ပြီးပြီလဲ။ စိတ်ချ နက်ဖြန်ကျ ငါ ဦးဇင်း သေချာသွားမေးပါ့မယ်။ ငါ ခု ထမင်းသိပ်ဆာနေပြီ လာဟာ"

"မလာဘူး"

မြဖူး မပြေနိုင်။ ဒီကတော့ မျှော်လိုက်ရတာ။ ဒီစကားကို ပြောချင်လွန်းလို့ စောင့်လိုက်ရတာကို၊ သူကတော့ မလှုပ်တလှုပ်၊ မပွင့်တပွင့်နဲ့။

"မြဖူး လာဟာ ငါဆာလှပြီ"

"လာလို့ဆို"

မြဖူးလက်မောင်းတွေကို ပိုက်ထွေး လာဆွဲခေါ်ပြန်သည်။ "မစားဘူး" လို့အော်ရင်း ဒီတစ်ခါ မြဖူး တွန့်လိမ်လိုက်ချိန်မှာတော့ ထမင်းဆာနေသည့် ပိုက်ထွေး ဒေါသတွေ ပေါက်ကွဲသွားသည်။

"နေဟာ" ဆိုပြီး ပိုက်ထွေး ဆောင့်တွန်းလိုက်သောအရှိန်နှင့် ကွပ်ပျစ်ပေါ်မှာ မြဖူး ခွေခွေလေး။

"ကိုပိုက်ထွေး"

စူးစူးဝါးဝါးအော်ရင်း၊ ရှိုက်ငိုရင်း၊ ဒေါသနှင့် ပိုက်ထွေးကို ရန်ဖြစ်သတ်ပုတ်ချင်သလို လိုက်လံစမ်းရှာနေသောသူကလေးကို မြင်ရပြန်တော့ ပိုက်ထွေး သနားနာကျင်ရပြန်သည်။ အို... သူ့မှာ မွေးခါနီး၊ ဖွားခါနီးလေး။ မြဖူးအနားသို့ ပိုက်ထွေး ပြန်ကပ်ရင်း မြဖူး လက်တွေကို အသာ ဆွဲယူလိုက်သည်။

"မြဖူး... မြဖူး... ငါ... မှားသွားတယ်ဟာ... နော်။ ငါ သာနေ လို့ပါဟာ။ သိလား။ နင် ငါ့ကို ပြန်ရိုက်ချင်တယ်မဟုတ်လား။ ရိုက်လေ မြဖူး... ရိုက်... ဒီမှာလေ... ငါ့ပါး..."

မြဖူးလက်တွေကို ပါးပေါ်သို့ တင်ပေးနေသော သူ့အသံ တုန်တုန်ရယ်။ သူ့ပါးရိုးငေါငေါတွေရယ်။ ပြီးတော့... ပြီးတော့... သူပြင်ထားတဲ့ ထမင်းပွဲက (သူက မပြောပေမဲ့) အနံ့ယဉ်နေတဲ့ မြဖူး သိပ်သိတဲ့ ဂန္ဓာရုံဟင်းနံ့တွေရယ်က မြဖူးရဲ့ ဒေါသလက်တွေကို အလို လို ပြေလျော့စေကာ တစ်စုံတစ်ရာကို နားလည်နေသလို မြဖူး မျက်ရည် တွေ လိမ့်ကျရပြန်သည်။

* * *

မှိုင်းပျပျမြူမှုန်တွေက မီးခိုးငွေ့ငွေ့အူသော ပိုက်ထွေးတို့ အကြော် တဲလေးကို လွှမ်းခြုံစပြုလာပြီ။ ဖိနပ်မပါသော ပိုက်ထွေးခြေထောက် တွေမှာ ဖုန်တွေနှင့် ဖွေးနေသည်။ အကြော်ဗန်းနောက်က တဲတိုင်ကို မှီထိုင်သော မြဖူးရဲ့ မျက်လုံးကြောင်လေးများက တဲထဲဝင်လာသော ပိုက်ထွေးကို မျှော်လင့်တကြီး စောင့်ကြိုကြတယ်။

"ဦးဇင်းနဲ့ တွေ့ခဲ့လားဟင်"

"အေး... တွေ့တယ်၊ ပြောပါတယ်။ ဦးဇင်းက နင်ပြောသလိုပဲ

ကုလို့ရတယ်တဲ့"

သည်မှာတင် စကားရပ်သွားသော ပိုက်ထွေးကို မြဖူးက စိတ်လှုပ်ရှားစွာ ခဏစောင့်နေပြီးမှ–

"ဦးဇင်းကို ဘာပြောခဲ့လဲဟင်"

မြဖူးရဲ့ မျက်လုံးကြောင်လေးတွေကိုကြည့်ပြီး ပိုက်ထွေး ခဏတွေဝေနေမိသေးသည်။

"မကုတော့ပါဘူးဘုရားလို့ ငါပြောခဲ့တယ်လေဟာ"

တမင် ပေါ့ပါးထားရတဲ့ ကိုယ့်အသံကို ငြိမ်သက်ညိုးကျသွားရှာသူလေး သိသွားမှာ ပိုက်ထွေး ကြောက်လှသည်။ ရန်မထောင် စိတ်မဆိုးရှာဘဲ မျက်ရည်လေးတွေသာ ဝဲတက်လာသော သူကလေးကိုပင် မုန်းတီးဖို့ကောင်းသော ခပ်ရွှင်ရွှင်လေသံနှင့် ဆက်ပြီး...

"ဘာပြုလို့ဆိုတာ မြဖူးသိလား"

မြဖူးက မဖြေဘဲ ပိုက်ထွေးပခုံးကို ဆုပ်ကိုင်ကာ

"ကျွန်မကို ကုမပေးချင်လို့တော့မဟုတ်ဘူး မဟုတ်လားဟင်"

မြဖူးရယ်။ ပိုက်ထွေးရင်ထဲမှာ စူးနင့်သွားသည်။

"ဟင်လို့ ကိုပိုက်ထွေး။ ကုမပေးချင်လို့ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး မြဖူးရာ"

ပိုက်ထွေး ပခုံးကို ဆုပ်ကိုင်ထားသော မြဖူးလက်တွေ ပိုပြီးတင်းကျပ်လာသည်။

"ဟို... ဟို... ပိုက်ဆံကြောင့်မဟုတ်လားဟင်"

အို... နှုတ်ခမ်းတွေကိုပဲ ပိုက်ထွေး ကိုက်ထားမိသည်။ သိပ်ကုချင်တာပေါ့ ဦးဇင်းရယ်။ သူ တစ်ခါမှ မမြင်ဖူးတဲ့ ယောကျ်ားကို မြင်ချင်ရှာမှာ...။

မွေးလာမယ့် သူ့ကလေးကို သူ မြင်ချင်ရှာမှာ။ တပည့်တော်... သိတာပေါ့ဘုရား... ဒါပေမဲ့... ဦးဇင်းရယ်။ ကျရာအလုပ်လုပ်ရတဲ့ တပည့်တော်ဝင်ငွေနဲ့က။ ခုလေ သူမစားချင်တဲ့။ သူရှက်တတ်တဲ့ ဂန္ဓာရုံ

ထမင်းဟင်းတွေကို သူမသိအောင် တပည့်တော် ညာကျွေးနေရပြီ။ အို... ဆေးရုံတက်ဖို့ ငွေရှာဖို့ဆိုတာက မြဖူးရယ်... ဦးဇင်းရှေ့မှာ ရင်ဖွင့် ငိုပစ်ခဲ့တဲ့ ခါးသီးနာကြည်းစရာတွေကို မင်း ဘယ်တော့မှ မသိစေရပါဘူး။

"ဟင်လို့ ကိုပိုက်ထွေး ပိုက်ဆံကြောင့်မဟုတ်လား"

ပိုက်ထွေး သက်ပြင်းကို ရှိုက်ရပြန်သည်။ ပြီးတော့ အသံအက်အက်နှင့် ရယ်လိုက်ရသေးသည်။

"ပိုက်ဆံကြောင့်မဟုတ်ဘူးဟ သိရဲ့လား။ ငါက အရုပ်ဆိုးတယ်။ နင်ကလှတယ်။ နင် မျက်စိမြင်သွားရင် ငါ့ကို ပစ်သွားမှာစိုးလို့ သိပြီလား..."

"အို"

ပျော့ပျောင်းသွားရှာတဲ့ မျက်နှာပြုံးမဲ့မဲ့လေးကို ပိုက်ထွေး မကြည့်ရက်ပါ။ ပခုံးပေါ်က လက်ကလေးတွေကို အသာဖယ်ချရင်း...

"ပြန်စို့နော်မြဖူး၊ နေတောင်မြင့်နေပြီ"

"နေဦးလေ"

"ဘာဖြစ်လို့"

ပိုက်ထွေးအမေးမဆုံးခင်မှာပင် နီးကပ်စွာ ကြားလိုက်ရသော တုံးခေါက်သံ။

ကိုးနာရီတုံးခေါက်သံ...။ ပြီးတော့... တစ်ဟုန်ထိုး ပြေးလာကြတဲ့ ခွေးတွေ။ ပိုက်ထွေးရင်တွေ တဒိတ်ဒိတ် ခုန်လာဆဲ မြဖူးက ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။

"ကဲ... မကြားဘူးလား၊ ဒါကြောင့် ကျွန်မပြောတာ။ တုံးခေါက်နေပြီလေ ကိုပိုက်ထွေးရဲ့။ ထမင်းဟင်းယူပြီးမှ တစ်ခါတည်းပြန်မယ်လေ"

"မြဖူး"

အထိတ်တလန့်ခေါ်တဲ့ ပိုက်ထွေးကို မြဖူးကတော့ ဂရုမစိုက်ပါ။ သူ့လက်တွေနှင့် ပိုက်ထွေးကို စမ်းရင်း...။

"တွဲလေ… ကိုပိုက်ထွေးရဲ့။ မြန်မြန် သွားကြရအောင်။ အမယ်… နောက်ကျရင် ပဲပြုတ်ပဲရတာနော် ဘာမှတ်လဲ"

မြဖူးလက်တွေကို တွဲခေါ်သော ပိုက်ထွေးလက်တွေက အေးစက် တုန်ယင်နေသည်။ သူ့လက်တွေကို မြဖူး တင်းနေအောင် ဆုပ်ထားရင်း တရွေ့ရွေ့ စလျှောက်သည်။

ဟော… လူတွေလာနေတဲ့အသံ။ ခွေးတွေမာန်ဖီသံ။ နေပူခံ ဘုရားက ဆည်းလည်းသံ။ ဒီကြားထဲမှာ အဆက်မပြတ် ပေါ်ထွက် နေသော တုံးခေါက်သံ။ နာရီသံတွေကလည်း တောင်သမန်တစ်ခွင်လုံး ပွက်ပွက်ညံအောင် ဆူပဲ ဆူနိုင်လွန်းလှပါသည်။

**ပေဖူးလွှာမဂ္ဂဇင်း၊**

**၁၉၈၆ ခုနှစ်။**

❖

## နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင်

(...ခိုင်စပယ်ဆောင်ရှေ့။ သောကြာနေ့... ညနေငါးနာရီ...)

"သွားတော့လေ... မောင်...၊ မိတာ အဆောင်ပေါ်တက်တော့မယ်"

"ခဏလေးပါ မိတာရယ်၊ ငါးနာရီတောင် မခွဲသေးပါဘူး"

"ဟုတ်ဘူးလေကွာ မောင်ကလဲ။ ဒီမှာ မိတာ ရေလည်း မချိုးရသေးဘူး။ အဝတ်အစားလည်း မထည့်ရသေးဘူး။ တော်ကြာနေလာတော့မှာ"

"ဟင့်အင်းကွာ။ ဆယ်မိနစ်... ဆယ်မိနစ်။ နောက်ထပ် ဆယ်မိနစ် မိတာ နေရဦးမယ်။ ခြောက်နာရီထိုးမှ လာမှာကိုများ။ ခုမှ အစောကြီး ရှိသေးတယ်"

ခက်လိုက်တဲ့ မောင်ရယ်။ မိတာ ဘာများ တတ်နိုင်ဦးမှာလဲ။ မိတာလက်ကို အတင်းဆုပ်ထားတဲ့ မောင့်မျက်နှာကို မိတာကြည့်ရင်း သက်ပြင်းပဲ ချရတော့တယ်။ တစ်နေကုန် ကလပ်စ်လစ်ပြီး လျှောက်လည် ရတာတောင် မဝသေးဘူးလား မောင်ရဲ့လို့ မိတာ မမေးရက်တော့ပါဘူး။ မိတာလည်း မောင့်လိုပဲ ခံစားနေရလို့ပေါ့။ ခဏလေးဖြစ်ဖြစ် မောင်နဲ့ နေချင်သေးလို့ပေါ့။

"သောကြာနေ့ကို မောင်မုန်းတယ်ကွာ။ ဘယ်တော့များမှ မောင်တို့ နှစ်ယောက် စနေ၊ တနင်္ဂနွေတွေကို လျှောက်လည်ရမှာပါလိမ့်။ သူများ တွေဆို..."


နမ်းမှာလား မောင်ဦး
မွှေးတယ်ရှင်

"အို… မောင်ကလည်းကွာ မကြာတော့ပါဘူး။ တစ်နှစ်ပဲ လို တော့တာဥစ္စာ။ မိတာတို့ ကျန်တဲ့ရက်တွေလည်း တွေ့နေရသားနဲ့။ မကောင်းဘူးလေ မောင်ရဲ့။ သူတို့က မိတာကို အားလုံး တာဝန်ယူ ထားတော့…"

မိတာမျက်နှာ ချက်ချင်းညှိုးကျပြီး မျက်ရည်ဝိုင်းပြန်တော့ လည်း မောင့်ခမျာ သနားစရာ။

"အေးပါကွာ ဟုတ်ပါတယ်။ မိတာကို မောင်မခွဲနိုင်လို့ပါ။ စနေ၊ တနင်္ဂနွေ နှစ်ရက်လုံးက တစ်ယောက်တည်း သိပ်ယောင်တာ မိတာရ။ ဘယ်သွားပြီး ဘယ်လာရမှန်းလဲ မသိဘူး"

ရုတ်တရက် မိတာ ဆွံ့အသလိုဖြစ်ပြီး ပြန်မပြောနိုင်ဘဲ အပြစ် ကင်းစင်တဲ့ မောင့်မျက်လုံးတွေကို မိတာ ဝမ်းပန်းတနည်း ကြည့်မိ တယ်။ မောင်… မိတာရဲ့ မောင်။

"ကဲ သွားတော့။ မျက်ရည်လေး ကလယ်ကလယ်နဲ့ ဟင်း၊ တော်ကြာ ခုနေ ဦးလေးကြီး လာခေါ်တာနဲ့ တိုးနေမှ သူ့တူမကို နှိပ်စက်နေရသလားဆိုပြီး ကိုယ့်ကို ရိုက်ခံထိနေဦးမယ်"

တော်ပါတော့ မောင်ရယ် တော်ပါတော့။ ကျလုဆဲဆဲ မျက်ရည် ကို မိတာ သိမ်းပြီး မျက်နှာကိုပြင်လို့၊ မိတာကို နောက်ပြောင် စိတ် သက်သာစေတဲ့ မောင့်လက်တွေကို ဖျစ်ညှစ် နှုတ်ဆက်လိုက်တယ်။

"တနင်္လာနေ့ စောင့်နေနော် မောင်။ မောင့်ကို မိတာ အချစ်ဆုံး"

လှစ်ခနဲ မိတာ အဆောင်ပေါ်ကို ပြေးတက်ခဲ့တယ်။ မောင် မိတာကို နောက်ကနေ ငေးကြည့်နေလိမ့်မယ်။ အခန်းတံခါးကို အမြန် ဖွင့်ဝင်ရင်း စားပွဲတင်နာရီလေးကို လှမ်းကြည့်မိတယ်။ ငါးနာရီခွဲပြီးပြီ။ အိပ်ရာပေါ်ကို ပစ်လှဲပြီး မောင့်ကို တလို့နေချိန် မရတော့ပါဘူး မောင်ရယ်။ ကျချင်နေတဲ့ မျက်ရည်တွေကို ရေနဲ့အတူ ရောချိုးပစ် လိုက်တယ်၊ ခေါင်းလျှော်ပစ်လိုက်တယ်။ မောင်ကြိုက်တယ်ဆိုတဲ့ တရုတ် သာတီသရီး ခေါင်းလျှော်ရည် များများနဲ့လေ။

မျက်နှာကို မွှေးသင်းနေအောင်၊ လည်ပင်းနဲ့ နားရွက်လေးတွေ မွှေးသင်းအောင် မိတ်ကပ်ပါးပါးကို အနှံ့အပြား ပွတ်လိမ်းလိုက်။ ခုတင်အောက်က သေတ္တာ ဆွဲထုတ်လိုက်၊ ယပ်တောင်တဖျပ်ဖျပ် ခတ်လိုက်၊ နာရီကြည့်လိုက်နဲ့ လုပ်နေတဲ့ မိတာကို ခရီးသွားနေတဲ့ ကြိုင်လေးသာ ရှိရင်တော့ တစ်ဖက်ခုတင်ပေါ်ကနေ "အင်း... ဒုက္ခ၊ ဒုက္ခ" လို့ ညည်းညူပေလိမ့်မယ်။ ကြိုင်လေးလည်း နက်ဖြန်လောက် တော့ ပြန်ရောက်လိမ့်မယ်ထင်တယ်။ ဒီတစ်ခါ သုံးရက်တည်းလို့ ပြောသွားတာပဲ။

ခရီးဆောင်အိတ်သေးသေးလေးထဲကို အင်္ကျီနှစ်စုံထည့်။ မိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းနီဘူးထည့်။ သွားတိုက်ဆေး၊ သွားပွတ်တံ ထည့်၊ လိုအပ်တဲ့ တခြားပစ္စည်းလေးတွေရော အားလုံးထည့်ပြီး အိတ်ဇစ် ကို ဆွဲပိတ်လိုက်တဲ့အချိန်မှာပဲ အဆောင်အောက်က နားယဉ်နေတဲ့ ကားဟွန်းသံကို မိတာကြားရတယ်။ တစ်ဆက်တည်းမှာပဲ...

"တာတာရေ ဦးလေးလာပြီ"

"လာပြီ လာပြီ ခဏလေး"

ဦးလေးလာပြီတဲ့။ တစ်ကိုယ်လုံး မွှေးကြိုင်သင်းပျံ့နေတဲ့ မိတာ၊ မှန်ထဲကို နောက်ဆုံးအနေနဲ့ ကြည့်လိုက်တယ်။ မိတ်ကပ်ပါးပါး နှုတ်ခမ်းရဲရဲနဲ့ ဆယ့်ကိုးနှစ်အရွယ် မိန်းမချောလေးတစ်ယောက်က ကျောက်စိမ်းနားဆွဲ ရှည်ရှည်လေးကို ခါယမ်းပြီး မိတာကို ပြန်ကြည့် နေတယ်။ မောင်ချစ်တဲ့ တာတာဝင်းဆိုတဲ့ ကောင်မလေးရဲ့ လူတကာ ငေးကြည့်ရတဲ့အလှ။ နောက်ပြီးတော့ ဘယ်လိုပြောမလဲ။ မိတာနဲ့ မောင့်ဘဝကို အဆင်ပြေ ချောမောစေမယ့်အလှ။

အဖိုးတန် အဆောင်အယောင် အဆင်အပြင်တွေနဲ့ တစ်ကိုယ် လုံး စိမ်းမြနေတဲ့ မိတာကို အဆောင်ရှေ့မှာ ရပ်စကားပြောနေတဲ့ လူတွေ အကုန်လုံးက ဝိုင်းကြည့်နေကြတယ်။ အားကျတဲ့အကြည့်တွေ၊ မနာလိုတဲ့အကြည့်တွေ။ ဟဲ ဟဲ အကြည့်ခံရတဲ့ မိတာ ကြည်နူးလိုက်ပါ့

မယ်လေ။

ကားတံခါးကို မိတာ ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်တာနဲ့ ကားလက်ကိုင်ရဲ့နောက်မှာ ခပ်တည်တည်ကြီး ထိုင်နေတဲ့ မိတာတို့ အဆောင်ပိုင်ရှင်ကစပြီး မိတာ သူငယ်ချင်းတွေထိ အားလုံး ရှိန်းကြတဲ့၊ ထိပ်ပြောင်ပြောင်၊ ဗိုက်ရွှဲရွှဲ၊ အသားမည်းမည်း မိတာရဲ့ဦးလေးက ကားကို ချက်ချင်းထွက်တယ်။ မိတာက ကုပ်ကုပ်ကလေး။ ဦးလေးကြီးကို ကြောက်ရွံ့ရိုသေတဲ့ ပုံစံကအပြည့်။ ကားက မညီမညာ မြေနီလမ်းကလေးထဲမှာ တလိမ့်လိမ့် တလူးလူး လှုပ်ခါနေသလို မိတာရင်ထဲမှာလည်း ထုံးစံအတိုင်း ထိတ်ခနဲ လှုပ်ခါရပြန်ပြီ။ မြေနီလမ်းအထွက် ကားလမ်းမကြီးအရောက်၊ ကားကွေ့ဖို့ စောင့်ရတဲ့နေရာမှာ။

ဟော… ဟိုမှာ၊ ပြောမရတဲ့ မိတာရဲ့မောင်။ သစ်ပင်အကွယ်မှာ။ မိတာရင်တွေကို တစစ်စစ် နာလာစေတဲ့ မောင့်မှုပိုင်အကြည့်နဲ့။ ပြီးတော့ မိတာသာ အဓိပ္ပာယ်ဖော်ရနိုင်တဲ့ အသံတိတ်နည်းနဲ့ "မိတာကို လွမ်းတယ်၊ ဦးလေးကြီးကို မုန်းတယ်" တဲ့လေ။ မောင်ရယ်။ မောင့်လိုတော့ မမုန်းပေမဲ့ မိတာ မချစ်ပါဘူး။ ဒါပေမဲ့ မောင်ရယ် မချစ်သော်လည်း မိတာ အောင့်ကာနမ်းမယ်။

ဝူးခနဲ ကားကွေ့ပြီး လမ်းမကြီးပေါ်မှာ မြားကလေးတစ်စင်းလို ပြေးနေတုန်းမှာပဲ မိတာရဲ့ဦးလေးဆိုသူကို အလှဆုံးအပြုံးနဲ့ မိတာ နှုတ်ဆက်လိုက်တယ်။

"နေကောင်းရဲ့လားကိုကို။ တာတာ လှရဲ့လားဟင်"

* * *

(…အမှတ် (၁၂–အေ) ဆိတ်ငြိမ်ရပ်ကွက်၊ ညဆယ်နာရီ…)

"ကိုကိုသွားမယ်နော် တာတာ။ မနက်ကိုးနာရီလောက် ရောက်မယ်။ ဟုတ်လား"

"တာတာ စောင့်နေမှာပေါ့"

မိတာကို နှုတ်ဆက်အနမ်း။ နမ်းတဲ့ သူ့ပါးစပ်က အရက်နံ့။ မိတာပါးမှာ စွဲထင်ကျန်ရစ်တယ်။ သူ အခန်းထဲက ထွက်သွားတဲ့အသံ။ တံခါးပြန်ပိတ်သံ။ ကားစက်နှိုးသံ။ အားလုံးကို မိတာ မျက်လုံးစုံမှိတ် ထားရင်းက နားထောင်နေမိတယ်။

ခဏနေတော့ အားလုံးဟာ ငြိမ်သက်တိတ်ဆိတ်သွားလိုက်တာ။ ပတ်ဝန်းကျင် အသံဗလံ ဘာဆိုဘာမှ မကြားရလောက်အောင် ချောက်ချားလာအောင် ငြိမ်လိုက်တဲ့ည။ သြော်... ဒါ ဆိတ်ငြိမ်ရပ်ကွက် ကိုး။ ဒီလို ဆိတ်ငြိမ်စွာ နေရဖို့အတွက် ဘယ်လောက် တန်ဖိုးကြီး ပေးထားရတယ်မှတ်သလဲ။ မိတာ ဘယ်လောက်များ နားလည်လို့လဲ။

အဆောင်မှာတော့ ဒီအချိန်လောက်ဆို ဆူလို့ညံလို့ ကောင်းတုန်း။ တစ်ခန်းနဲ့တစ်ခန်းကူးပြီး စကားစမြည် ပြောလို့ကောင်းတုန်း။ လက်ဖက်သုပ်စားလို့ကောင်းတုန်း။ အဆောင်ရှေ့ မြေနီလမ်းပေါ်မှာ လည်း ဂစ်တာအဖွဲ့တွေနဲ့ စည်ကားဆူညံတုန်း။ ခု... ဒီမှာတော့ မိတာ တစ်ယောက်တည်းရယ်။

အခန်းတစ်ခန်းလုံးမှာ မျက်နှာကြက်ပေါ်က တဝီဝီလည်နေတဲ့ ပန်ကာအသံကလွဲရင် ငြိမ်လို့တိတ်လို့။ အားလုံးဟာ မလှုပ်မယှက်။ အခန်းထောင့်က ရေခဲသေတ္တာလေးကလည်း မလှုပ်မယှက်။ အနားက စားစရာသောက်စရာတွေ တင်ထားတဲ့ စားပွဲကုလားထိုင်တစ်စုံကလည်း မလှုပ်မယှက်။ နံရံပေါ်က နှစ်ဟောင်းပြက္ခဒိန်ထဲက ဂျပန်မ လှလှလေး ကလည်း မလှုပ်မယှက်။ အိပ်ခုတင်ပေါ်မှာ သက်ရှိဖြစ်တဲ့ မိတာတောင်မှ တကယ့်ကို မလှုပ်မယှက်။

စားပွဲပေါ်က တရုတ်စာ အထုပ်တွေကိုလည်း မိတာ ဖြေတောင် ကြည့်ချင်တဲ့စိတ် မရှိပါဘူး။ အင်း ရေအေးအေးလေးတစ်ခွက်လောက် သောက်ရရင်တော့ ကောင်းမယ်။ ရေသောက်ပြီးရင် မိတာ ဘာလုပ်ရ မလဲ။ အိပ်ချင်စိတ်ကလည်း မရှိသေးဘူး။ မိတာနဲ့ ခင်မင်နေပြီဖြစ်တဲ့ တိုက်နံရံထူကြီးရဲ့ ဟိုဘက်ခြမ်း တိုက်ကြီးပေါ်က လူတွေနဲ့ စကား

သွားပြောနေရ ကောင်းမလား။ တော်ပါပြီလေ။ မသွားတော့ပါဘူး။ ဒီညတော့ ကိုယ့်ဘာသာနေရတာပဲ ကောင်းပါတယ်။ ဘာပဲပြောပြော သူတို့က ကိုယ့်ကို ဝတ္တရားအရသာ ဆက်ဆံတာ၊ လူမှုရေးကြောင့်သာ ဆက်ဆံတာ။ တကယ်တော့ မိတာကို သူတို့ ဘာဆက်ဆံစရာရှိလို့လဲ။ မိတာနဲ့ သူတို့နဲ့ တစ်ယောက်နဲ့တစ်ယောက် သိစရာဘာမှမလို။ သူတို့က သူတို့အခြေအနေနဲ့သူတို့။ မိတာတို့ လိုချင်တဲ့အခန်းကို ငှားတယ်။ တစ်နေ့ကို တစ်ရှငါးဆယ်ယူတယ်။ တိုက်ခန်းက သီးသန့်။ ရေချိုးခန်း၊ အိမ်သာတွဲလျက်။ အခန်းထဲမှာ အိပ်ရာခမ်းနား ပစ္စည်းပစ္စယ အပြည့်အစုံနဲ့၊ ရေခဲသေတ္တာတောင် ပါလိုက်သေး။ မီးဖိုတစ်ခုပဲ မပါတာ။ မီးဖိုကတော့ လိုလည်းမလိုပါဘူးလေ။ မိတာတို့ ချက်ပြုတ်မစားပါဘူး။ စားစရာ အပြင်က ဝယ်လာလိုက်တာပဲ။

ဒီအခန်းကို မိတာတို့အနေနဲ့ကလည်း ယူပျော်တယ်။ ဆိတ်ငြိမ်ရပ်ကွက်ထဲက အစွန်ဆုံးနဲ့ အကျယ်ဆုံး ခြံထဲက သီးသန့်နေရာ။ မိတာအတွက်လည်းကောင်းတယ်။ နောက်ကြောင်း ရန်မအေးတဲ့ မိတာရဲ့ ကိုကိုအတွက်လည်း ကောင်းတယ်။ မိတာတို့က စနေ၊ တနင်္ဂနွေ နှစ်ရက်နဲ့ သောကြာနေ့ ညပိုင်းပဲသုံးတာ။ သောကြာနေ့ညနေလာတယ်။ မိတာနဲ့ ကိုးနာရီခွဲလောက်ထိနေပြီး ဆယ်နာရီဆို သူက အိမ်ပြန်တယ်။ ဒီမှာ ဘယ်တော့မှ ညမအိပ်ဘူး။ နောက်နေ့ စနေနေ့ မနက်ကိုးနာရီလောက်မှလာတယ်။ တစ်နေကုန်နေတယ်။ ပြီးတော့မှ ညကိုးနာရီလောက် အိမ်ပြန်တယ်။ နောက် တနင်္ဂနွေမနက်လာတယ်။ တစ်နေကုန်နေတယ်။ ညနေငါးနာရီလောက်ကျမှ အဆောင်ပိတ်ချိန်နဲ့အကိုက် မိတာကို ပြန်လိုက်ပို့တယ်။ အဆောင်ကတော့ တာတာဝင်းတစ်ယောက် ဦးလေးအိမ်က ပြန်လာပြီပေါ့။ ပိုက်ဆံချမ်းသာပြီး တူမကို ဂရုတစိုက်ရှိလှတဲ့ ဦးလေးက သူကိုယ်တိုင် သေချာလာကြို၊ သေချာပြန်ပို့တာ။ မျက်မှန်တဝင့်ဝင့်၊ ခပ်ဝဝ၊ ဆံပင်ဖြူ တစ်ပင်နှစ်ပင်စနဲ့ အရွယ်ချင်းကလည်း ဒါလောက်ကွာနေတာ။ ဘယ်သူကများ ဦးလေး ဟုတ်ရဲ့

လားလို့ ယောင်လို့တောင် သံသယဖြစ်မှာလဲ။ တချို့က အားကျရတဲ့ ရည်းစားချောချောလေးတစ်ယောက်နဲ့ တတိယနှစ်ကျောင်းသူ ချောချော လေး တာတာဝင်းပေါ့။ အများနည်းတူ ဝတ်နိုင်၊ စားနိုင်၊ သုံးနိုင်၊ ဖြုန်းနိုင်တဲ့ တာတာဝင်းပေါ့။

ဪ... မိတာရဲ့ မောင်တောင်မှ သေသပ်ပိရိတဲ့ မိတာကို တစ်စက်ကလေး ရိပ်မိလို့လား။ အပတ်စဉ် သောကြာ၊ စနေ အပြင် ထွက်အိပ်တဲ့ရည်းစားကို မောင် မသင်္ကာလို့ စောင့်ကြည့်လေ။ သောကြာ နေ့ညနေ မောင်ပြန်ပို့ပြီး တစ်နေရာကကြည့်ပေါ့။ မိတာရဲ့ဦးလေး လာခေါ်တယ်လေ။ အပတ်စဉ် ဒီလူပဲ။ တနင်္ဂနွေညနေပြန်ပို့တယ်လေ။ ဒီလူပဲ။ ဘာအထင်မှားစရာလိုလို့လဲ။ ဒါပေမဲ့ကွယ် မောင်ကတော့ မိတာကို မသင်္ကာစိတ်နဲ့ စောင့်ကြည့်ရှာတာ မဟုတ်ပါဘူးကွယ်... နော်။ ပကတိ ရိုးသားစိတ်နဲ့ မိတာကို မြေနီလမ်းအတွက် သစ်ပင်ကွယ် ကနေ လူလုံးပြရတာ မောလို့။

"ခဏလေးပါမောင်ရယ်၊ ခဏလေးပါ။ မိတာတို့အတွက် မဝေး တော့ပါဘူး။ ပျော်စရာကောင်းတဲ့အချိန်တွေ ရောက်လာတော့မှာပါ။ မိတာ မိုက်နေတာမဟုတ်ပါဘူး မောင်ရဲ့။ လော်လည်ဖောက်ပြားတာ လည်း မဟုတ်ရပါဘူး။ လောလောဆယ် မိတာ ကျောင်းစရိတ်အတွက်။ မောင်နဲ့ မိတာရဲ့ အနာဂတ်အတွက် မိတာ အလုပ်လုပ်နေတာ။ စိတ် သန့်သန့်ရှင်းရှင်းနဲ့ မိတာ အလုပ်လုပ်နေတာ။

မိတာကတော့ ရှင်းတယ်မောင်ရေ။ မိတာ မောင့်ကို သိပ်ချစ် တယ်။ မောင့်ကို ပိုင်ဆိုင်ချင်တယ်။ သာယာတဲ့ အိမ်ထောင်လေးတစ်ခု ကို တည်ဆောက်ချင်တယ်။ မိတာ မောင်နဲ့လက်ထပ်မယ်။ ဘာဖြစ် သလဲ။ အသည်းနင့်အောင် ချစ်ရသူမို့ မသန့်ရှင်းတဲ့ ခန္ဓာကိုယ်ကို မအပ် ရက်ပါဘူးဆိုတဲ့ ဟိုရှေးတုန်းက ခပ်တုံးတုံး အတွေးအခေါ်တွေ ဒီခေတ် မှာ သွားစမ်းပါ။ မိတာကတော့ သိပ်မုန်းတာပဲ။

ခုဆို မိတာ ပိုက်ဆံတော်တော် စုမိနေပြီ။ မိတာကို သူက

တစ်လတစ်ထောင်ပေးတယ်။ တစ်ပတ်တစ်ခါပဲတွေ့တယ်။ ဒါတောင် သူက ညအိပ်တာမဟုတ်ဘူးလေ။ သူ့မှာကလည်း သူ့အကြောင်းနဲ့သူ။ အိမ်ကမိန်းမကြီးနဲ့ သားသမီးတွေ မသိအောင်က ပိပိရိရိ နေတတ်ရသေးတာ။ သိပ်အလုပ်များတဲ့ စီးပွားရေးသမားတစ်ယောက်အနေနဲ့ ညကိုးနာရီ၊ ဆယ်နာရီဆိုတာ နောက်ကျနေကျလေ။ ဘာဖြစ်သလဲ။ တခြားအချိန်တွေ ဘာလုပ်လုပ်နေနေ ကိုးနာရီ ဆယ်နာရီ အိမ်ပြန်ရောက် ပြီးတာပဲမဟုတ်လား။ သူကလည်း သူ့တွက်ကိန်းနဲ့သူ အဟုတ်။ မိတာကလည်း မိတာတွက်ကိန်းနဲ့ပေါ့။ သူ့ဆီကရတဲ့ တစ်လတစ်ထောင်ကို မိတာ ချွေချွေတာတာသုံးတယ်။ မကုန်မဖြစ်တဲ့ ကျောင်းစရိတ်က လွဲရင် အစားအသောက်လည်း မိတာ ချွေတာတယ်၊ သူများတွေကတော့ ဘယ်သိမလဲ။ ဝတ်လိုက်၊ စားလိုက်တာလို့ ရှိမှာပေါ့။ တကယ်တော့ မိတာဝတ်တဲ့ အဖိုးတန်အဝတ်အစားတွေက 'သူ'ကြီးဆီက အပိုဘောက်ဆူးအဖြစ် ဝယ်ပေးတာတွေ။ သူ့သမီးတွေအတွက်ဝယ်ရင်း မိတာအတွက်ပါ ဝယ်လာတာမျိုးတွေပေါ့။

သူနဲ့ဆက်သွယ်မိတဲ့ တစ်နှစ်အတွင်းမှာ မိတာ လေးထောင်လောက်စုမိနေပြီ။ နောက်တစ်နှစ်၊ မိတာ ကျောင်းပြီးထိဆိုရင် ရှစ်ထောင်လောက်တော့ ရလိမ့်မယ်နဲ့တူရဲ့။ တော်ပြီလေ။ ကျောင်းပြီးတာနဲ့ မိတာ မောင်နဲ့လက်ထပ်မယ်။ အိမ်ခန်းလေးတစ်ခန်းငှားမယ်။ နှစ်ယောက် အလုပ်လုပ်မယ်။ အင်း၊ မိတာ အိမ်ကို ထောက်ပံ့ချင်တယ်ဆိုရင်တော့ မိတာနဲ့ မောင် ချွေတာရဦးမှာပေါ့။ အဖေတို့အမေတို့ကတော့ မိတာကို ပြောမှာမဟုတ်ပါဘူး။ သူတို့ မထောက်ပံ့နိုင်တာကို ကိုယ့်စရိတ် ကိုယ်ရှာပြီး ကျောင်းတက်တဲ့သမီးရယ်လို့ ကြံဖန်ပြီး ကျေးဇူးတင်နေရှာတာ။

မိတာတို့အိမ်က ဆင်းရဲတယ်။ မောင်နှမလည်းများတယ်။ မိတာ ဆယ်တန်းအောင်တော့ အဖေရော အမေရော ကျောင်းဆက်တက်စေချင်ကြတယ်။ ဒါပေမဲ့ မူလတန်းကျောင်းအုပ် အဖေ့လခနဲ့ အမေ ဈေးရောင်းတာလေးနဲ့က မိသားစု စားသောက်ဖို့တောင် အနိုင်နိုင်ရယ်။

မိတာပဲ ကံကောင်းတာလား။ ကံဆိုးတာလား မသိပါဘူးလေ။ ရန်ကုန်မှာ အသင့်အတင့်ချောင်လည်တဲ့ အဖေ့အစ်ကိုတစ်ယောက်က မိတာကိုခေါ်ပြီး ကျောင်းထားပေးတယ်။ အဖေ့အစ်ကိုအိမ်က ရန်ကုန်ဆိုပေမဲ့ မင်္ဂလာဒုံဆိုတော့ မိတာ ကျောင်းတက်ရမှာ ဝေးတယ်ဆိုပြီး အပြင်ဆောင်မှာထားပေးပြီး ကျောင်းတက်ခိုင်းတယ်။ ကံဆိုးချင်တော့ မိတာ ဒုတိယနှစ် ဖြေနေတုန်းမှာ အဖေ့အစ်ကို မိတာ ဘကြီးခမျာ ရုတ်တရက် ကားတိုက်မှုနဲ့ ဆုံးတယ်။ မိတာ ဘယ်လိုလုပ် ဆက်နေသင့်တော့မလဲ။ မိတာကို ဘယ်သူက ထားပေးတော့မလဲ။ နှစ်နှစ်ပဲလိုတော့မှ ဖြစ်ရတဲ့ အဖြစ်ကို မိတာ ဝမ်းနည်းရင်း ဆက်နေဖို့ လမ်းစကို မိတာ ရှာဖွေမိတယ်။

အင်း... တစ်ခါတလေတော့လည်း တွေးမိတယ်မောင်ရယ်။ အဲဒီအချိန်မှာ ကြိုင်လေးနဲ့မတွေ့ဘဲ မောင်နဲ့တွေ့ခဲ့မိရင် မိတာဘဝ တစ်မျိုးတစ်မည် ဖြစ်ချင်ဖြစ်မှာလို့။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးလေ။ မောင်ဟာလည်း မရှိမရှား မိဘက တတ်စေချင်လွန်းလို့ ထားပေးတဲ့ ကျောင်းသားတစ်ယောက်ပဲဥစ္စာ။ မောင်လည်း မိတာပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ကြိုင်လေးက ခိုင်စပယ်ဆောင်မှာ မိတာနဲ့ ခုတင်ချင်းကပ်လျက်နေတာ။ သူ့ကို ရုံးမှာ အလုပ်လုပ်တယ်လို့ပဲ တစ်ဆောင်လုံးက သိထားတာ။ မနက်ဆို ရိုးရိုးလေးပဲ ခြင်းလေးနဲ့ ထွက်သွားတာပဲ။ ညနေ ရုံးဆင်းချိန်ပြန်လာပေါ့။ အေးအေးဆေးဆေး၊ ဘယ်မှလဲမသွားတတ်ဘူး။ ဒါပေမဲ့ သူ့ရုံးက အလုပ်ဆိုပြီး တစ်လ တစ်ခါ၊ လေးငါးရက်၊ တစ်ပတ်ခရီးတော့ သူထွက်တယ်။ တကယ်တော့ အဲဒီခရီးဟာ သူ အလုပ်လုပ်ဖို့ ထွက်သွားတာ။ တစ်ယောက် ဒါမှမဟုတ် တစ်စုနဲ့ သူလိုက်သွားတာ။ တစ်ထောင်ကနေ နှစ်ထောင် သုံးထောင်ထိရတယ်။ ကြိုင်လေးအကြောင်းကို ဘယ်သူမှမသိဘူး။ မိတာကိုတော့ သူသိပ်ခင်တယ်။

မိတာ အားလုံးကို လက်လျှော့ပြီး ငိုကြီးချက်မနဲ့ အိမ်ကို အပြီး

ပြန်ဖို့ ပစ္စည်းသိမ်းနေတုန်းမှာပဲ ကြိုင်လေးက မိတာကို သနားပြီး ဒီအကြောင်းတွေကို ဖွင့်ပြောခဲ့တယ်။ မိတာကို အကြံဉာဏ်ပေးခဲ့တယ်။ မိတာဟာ ချောတယ်။ တက္ကသိုလ်ကျောင်းသူ အဆင့်အတန်းရှိရှိ၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဘယ်သူမှလည်း သိစရာမလိုဘူးတဲ့။ ပြီးတော့ တစ်သက်လုံးမှမဟုတ်တာ။ နှစ်နှစ်တည်းလေ။ နှစ်နှစ်တည်း။ မိတာ ဘာဖြစ်သွားမှာမှတ်လို့။ မိတာ လှလှပပဝတ်စားပြီး ကျောင်းဆက်နေနိုင်မယ်။ အဖေတို့၊ အမေတို့၊ မိတာတို့လိုချင်တဲ့ ဘွဲ့ရမယ်။ မိတာ ခေါင်းတစ်ချက်ညိတ်လိုက်တာနဲ့ အားလုံးဟာ အဆင်ပြေသွားတယ်မောင်ရယ်။

တတိယနှစ်နှစ်လယ်မှာ မောင်နဲ့မိတာ တွေ့ခဲ့ကြတာနော်။ ချစ်မိတာ မိတာ ဘာတတ်နိုင်မှာလဲကွယ်။ မိတာ မောင့်ကို မချစ်သင့်ဘူးလို့ မိတာ မတွေးခဲ့မိပေါင်။ မိတာ အလုပ်လုပ်တာပဲမောင်ရဲ့။ တစ်ခါတလေ စိတ်မကောင်းဖြစ်ရတာတော့ ရှိတာပေါ့မောင်ရယ်။ အထူးသဖြင့် သောကြာနေ့ည ညနေ မောင်ပြန်ခါနီးအချိန်တွေပေါ့။ မိတာ ဘယ်လိုထိန်းပေမဲ့ အဆောင်ပေါ်ရောက်တာနဲ့ ငိုရော။

တော်ပါပြီမောင်ရယ်။ မိတာ မစဉ်းစားချင်တော့ဘူး။ တစ်ယောက်တည်း အထီးကျန်နေရမှ မောင့်ကို ပိုသတိရတယ်။ စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး တစ်ယောက်တည်း သိပ်ယောင်တာ မိတာရဆိုတဲ့ မောင့်အသံက ရင်ထဲမှာ ပဲ့တင်ထပ်နေသလိုပဲ။ တော်ပါတော့မောင်ရယ်။ မိတာ အိပ်ပါရစေတော့။ မိတာ အိပ်ချင်နေပြီ။ မိတာလေ ဟိုလူကြီးဝယ်လာတဲ့ ချောကလက်နှစ်ခု မိတာမစားဘဲ မောင့်အတွက် တိတ်တိတ်လေးသိမ်းထားတယ်။ မဝေးတော့ပါဘူးမောင်ရယ်။ တစ်နှစ်ဆိုတာ ခဏလေးရယ်။ တနင်္လာနေ့မနက် အဆောင်ရှေ့ကနေ မိတာကို မောင်ဆက်ဆက်လာစောင့်နော် သိလား။

သာရမဂ္ဂဇင်း၊
ဖေဖော်ဝါရီ၊ ၁၉၈၇ ခုနှစ်။

❖

# ဆုံးမစာ သစ်



၆

## ဆုံးမစာသစ်

၁၉၆၉–ခုနှစ် ဇွန်လ။

"အမေ ဒီဖိနပ်စီးသွားရမလားဟင်"

ဆေးလိပ်တိုကိုက်ပြီး အေးအေးလူလူ ချဉ်ပေါင်ရွက်သင်နေတဲ့ အမေက ကျွန်မကို လှည့်ကြည့်တယ်။ သနပ်ခါးပါးကွက်ကျား အဖွေးသား ဆံပင်အုန်းဆီရွှဲရွှဲမှာ နှင်းဆီပန်းတစ်ပွင့်။ အရိပ်ပန်း အင်္ကျီ အဖြူ လက်တိုအသစ်နဲ့ ကျောင်းစိမ်းထဘီအရှည်ကြီးကို ခါးဖုထစ် ဖြစ်အောင် လုံးဝတ်ထားတဲ့ ကျွန်မကိုကြည့်ပြီး အမေ့မျက်နှာက ပြုံးစိစိ။

"နော်လို့အမေ ဒီဖိနပ်စီးသွားမယ်လို့"

အမေ့မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး ကတ္တီပါဖိနပ်အနက် အသစ်လေးကို ကျွန်မ အောက်ချစီးပစ်လိုက်တယ်။

"ဘာလို့စီးမှာလဲအေ ညည်းတို့ကျောင်းက ဖိနပ်စီးရတာလည်း မဟုတ်ဘဲနဲ့များ၊ ကတ္တီပါဖိနပ်အသစ်လေး နှမြောစရာ ဘုရားပွဲကျမှ စီးပါလားသမီးရဲ့"

"ဟာ... အမေကလည်း ကျွန်မဖိနပ်ကြီးက ကောင်းမှမကောင်း

တော့တာ လမ်းမယ်ပြတ်ရင် ဘယ့်နှယ်လုပ်မလဲ။ ပြီးတော့ အမေက နှစ်တန်းရောက်ရင် လွယ်အိတ်အသစ်ဝယ်ပေးမယ်ဆိုပြီး ဝယ်မှမပေး တာကြီး"

စလွယ်သိုင်းထားတဲ့ လွယ်အိတ်အနွမ်းကို မကျေမနပ်နဲ့ပဲ အမေ့ ရှေ့ ထိုးပြလိုက်တော့မှ အမေက "ညည်းသဘော ညည်းသဘော" တဲ့။

ကျွန်မ ဝမ်းသာအားရနဲ့ အိမ်ပြင်ကို ပြေးထွက်ခဲ့ပြီးမှ မေ့သွားတဲ့ မုန့်ဖိုးငါးမူး အမေ့ဆီ ပြန်တောင်းရသေးတယ်။ ပိုက်ဆံကို လည်ပင်း ဆွဲထားတဲ့ အဝတ်ရှုံ့အိတ်လေးထဲ သေချာထည့်ပြီး အိမ်ရှေ့အိမ်က ကျွန်မသူငယ်ချင်း မြင့်မြင့်သန်းကို ဝင်ခေါ်တယ်။ နေမကောင်းလို့ ကျောင်းမလိုက်နိုင်ဘူးတဲ့ ပက်လက်ကုလားထိုင်မှာ စောင်ခြုံလေးနဲ့ ကွေးထိုင်နေတဲ့ မြင့်မြင့်သန်းက ကျွန်မဖိနပ်အသစ်ကို လှမ်းကြည့်တယ်။ "သွားတော့မယ်ဟာ" ဆိုပြီး ထွက်လာခဲ့တော့ ကျွန်မရင်ထဲမှာ ပျော်ရွှင် ကျေနပ်စိတ်တွေ တလိမ့်လိမ့် ဖုန်ထူထူလမ်းပေါ်မှာ ကတ္တီပါဖိနပ် လေးကို အသာကြွပြီး ဖြည်းဖြည်းလျှောက်ရတယ်။ သိပ်သေချာတာ ပေါ့။ တခြားကျောင်းသွား ကောင်လေးတွေကောင်မလေးတွေ ကျွန်မကို ကြည့်နေကြမှာလေ။

ကျွန်မတို့ အိမ်နဲ့ကျောင်းနဲ့ နီးတာဟာ တော်တော် စိတ်ပျက်ဖို့ ကောင်းတယ်။ ဘယ်လောက် ဖြည်းဖြည်းလေး လျှောက်လျှောက် ကျောင်းကို ခဏနဲ့ ရောက်သွားတော့တာပဲ။ ကျောင်းမှာ ဖိနပ်မစီးရ ဘူးလေ။ ကျွန်မတို့ကျောင်းက ဘုန်းကြီးကျောင်းဝင်းထဲမှာရှိတာကိုး။ ကျောင်းပေါ်မှာရော ကျောင်းဝင်းထဲမှာကော ဖိနပ်မစီးရဘူး၊ စီးတဲ့သူ တွေ့လို့ကတော့ မသက်သာဘူးမှတ်။

ဘုန်းဘုန်းနဲ့တွေ့ရင် ကြိမ်လုံးနဲ့ရိုက်ပြီး နောက်ဘဝကျရင် ခြေ ဖဝါး ဓားနဲ့ခွဲပြီး ဆားသိပ်ခံရမယ့်အကြောင်းတွေကို ပြောပြတတ် တယ်။ ကျွန်မတို့ ၂ တန်းက ဆရာဦးအောင်သိန်းကတော့ ကျောင်း ဝင်းကို ပတ်ပြီးပြေးခိုင်းတယ်။

ကောင်လေးတွေဆိုရင် နားထင်ကဆံပင်ကိုဆွဲပြီး လှန်တွန်း တတ်တယ်။ လက်မှာ ကြက်ပေါင်ကွင်းစွပ်ထားတဲ့သူဆို ကြက်ပေါင် ကွင်းကိုဆွဲပြီး လက်ပေါ်မှာ ဖတ်ခနဲဖတ်ခနဲ ပြန်ကျအောင် အကြိမ် ကြိမ်လုပ်တတ်တယ်။ အဲ့ဒါမျိုးလုပ်တာ မျက်ရည်ကျအောင်ကိုစပ်တာ။

ဒါပေမဲ့ ကျွန်မတို့အကြောက်ဆုံးက ကျောင်းအုပ်ဆရာမကြီး ပါပဲ။ ဆရာမကြီးက ဖိနပ်စီးတဲ့သူကိုတွေ့ရင် ကျောင်းရှေ့အလံတိုင် အောက်က နေအပူဆုံး အုတ်သမံတလင်းပေါ်မှာ ဖိနပ်မပါဘဲ အကြာ ကြီး ရပ်နေရတယ်။ ကျောင်းတက်တန်းစီချိန်မှာ ကျောင်းသူကျောင်း သားအားလုံးကိုလည်း နမူနာအဖြစ် ကြည့်ခိုင်းသေးတယ်။

ကျွန်မကြောက်ပါတယ်။ ဒါပေမဲ့ ခဏလေးပဲ စီးလိုက်ရတဲ့ ဖိနပ်လေးကို ချွတ်ပစ်ဖို့ ကျွန်မ နှမြောတွန့်တိုနေမိတယ်။ ကျောင်း မတက်ခင် ဖိနပ်လေးစီးပြီး ကျောင်းဝင်းတစ်ပတ်လောက် လျှောက် လိုက်ရင်တော်ပါပြီ။ ပြီးတော့ သည်အချိန်က ဘုန်းဘုန်းတို့ ဆွမ်းခံကြွ တဲ့အချိန် ဆရာတို့ ဆရာမကြီးတို့လည်း လာချိန်မဟုတ်သေးပါဘူး။

ကောင်လေးတချို့၊ ဘောလုံးကန်နေတဲ့ ကောင်မလေးတချို့ အမြင့်ခုန် ခုန်နေတဲ့ ကျောင်းဝင်းထဲကို ကျွန်မ ခပ်တည်တည်နဲ့ ဝင်ချ လာခဲ့တယ်။

လွယ်အိတ်ကို တင်းတင်းဆုပ် ဖိနပ်လေးကိုလည်း အသာ ကြွကြွလေးစီးရင်းနဲ့ပေါ့။

"အောင်မာ... လာခဲ့စမ်း မြမောင်သွားကျိုးမ(သဂျိုးမ)တော့ကွာ"

ကျောင်းသားကျောင်းသူတွေကို အဖေနာမည်ခေါ်တတ်တဲ့ ရှေ့သွားလေးတစ်ချောင်းကျိုးနေတဲ့ ကျွန်မရဲ့ နာမည်ပြောင်ကို နင့်နင့် သီးသီးခေါ်တတ်တဲ့ ဆရာဦးအောင်သိန်းရဲ့အသံဟာ ကျွန်မ တစ်ကိုယ် လုံး ထိတ်လန့်တုန်ယင်သွားစေခဲ့ပါတယ်။ ကျွန်မတို့ နှစ်တန်းထဲ ကနေ ဆရာထွက်လာပါပြီ။ ကျွန်မ အားတင်းလိုက်ပါတယ်။ ကျွန်မ လက်ထဲမှာလည်း ကံကောင်းစွာ တစ်ကွင်းတလေ စွပ်ထားနေကျ

ကြက်ပေါင်ကွင်းလည်းမရှိပါ။ အင်း... ကျောင်းကိုပတ်ပြေးတာက ခနလေးပါပဲ။

"ဟင်... သွားကျိုးမ၊ နင်က ဒိဋ္ဌိလားဟင်"

ကျွန်မ ခေါင်းကို ငုံ့ထားလိုက်ပါတယ်။ ကျွန်မနားထင်က ဆံပင်တချို့ တင်းခနဲ ဖြစ်သွားတုန်းမှာပဲ။

"ဘယ်သူ ဖိနပ် ခိုးစီးပြန်ပတုန်းဟေ့"

သွားပါပြီ။ မျက်မှန်တဝင်းဝင်းနဲ့ ဆရာမကြီး ရောက်လာခဲ့ပါပြီ။ ကျွန်မဒူးတွေ တဆတ်ဆတ် တုန်ယင်လာပါတယ်။ ကစားနေကြတဲ့ ကျောင်းသူကျောင်းသားတွေလည်း ငြိမ်သက်ပြီး ကျွန်မနား စုရုံးလာကြပါပြီ။

"ဒါဘယ်သူလဲ၊ ဆရာ့အတန်းကလား။ လာခဲ့လာခဲ့၊ ဖိနပ်ချွတ်စမ်း၊ သွား အလံတိုင်ရှေ့ကို"

ကျွန်မ မျက်ရည်ဝဲလာပါတယ်။ အလံတိုင်ရှေ့က အုတ်သမံတလင်းဟာ မနက်အညာနေအစွမ်းနဲ့ တော်တော်လေး ပူနေပြီလေ။ နောက်ပြီးရင် သည့်ထက် ပိုပူလာမှာ။

"လက်ပိုက်ထား"

ကျွန်မ လက်ပိုက်လိုက်ပါတယ်။

"ဒီမှာ တွေ့ကြလား၊ အားလုံး ဒီလိုဒဏ်ပေးခံရတာ ဘာဖြစ်လို့လဲ"

"ဖိနပ်စီးလို့ပါ"

ကျောင်းတက်ခါနီးမို့ များပြားလှတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ ဒီအသံကို ကျွန်မ ဘယ်တော့မှမေ့မှာ မဟုတ်တော့ပါဘူး။

"ကဲ... သွားကြ၊ ကိုယ့်နေရာကိုယ်ပြန်သွား"

ကျွန်မ ဘယ်ကိုမှ မကြည့်ပါ။ ရှက်စိတ်နဲ့ ကြောက်စိတ်တွေပဲ တစ်ကိုယ်လုံးကို ဖုံးလွှမ်းနေပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ မျက်လုံးအရိပ်မှာ ဆရာမကြီးရဲ့ သနပ်ခါးနဲ့ ဖုန်မှုန့်တွေ ရောထွေး ဖွေးအစ်နေတဲ့ ခြေအစုံကို မြင်နေရတယ်။ ဆရာမကြီး မသွားသေးဘူး။

"ဟော... ချိုနွယ်အေး လာပြီလား သမီး"

ဆရာမကြီးရဲ့ ထူးခြားတဲ့အသံက ကျွန်မခေါင်းကို ဆတ်ခနဲ မော့လာစေပါတယ်။ ကျောင်းဝင်းထဲကို ခပ်ဖြည်းဖြည်းဝင်လာတဲ့ ကောင်မလေးတစ်ယောက်။ သူ့စက်ဘီးနဲ့ လာတာထင်တယ်။ စက်ဘီးနဲ့ လူကြီးတစ်ယောက်က ကျောင်းပေါက်ဝမှာ သူ့ကို စိုက်ကြည့်နေတုန်း။ သူ့အသားက ဖြူနေတာပဲ။ ပေါင်ဒါတွေလိမ်းထားလို့ ပိုတောင် ဖြူနေသေးတယ်။ အတွန့်တွန့်၊ အဖောင်းလေးနဲ့ အင်္ကျီအဖြူ၊ စကတ်အစိမ်းဖားဖားလေးကလည်း သိပ်လှတာပဲ။ အမယ်သူက ခြေအိတ်စွပ်ထားတယ်တော့်။ ဆောင်းတွင်းလည်းမဟုတ်ဘဲနဲ့။ ဟယ်... ဖိနပ်က အဆန်းလေး၊ ကြိုးသိုင်းဖိနပ်အဖြူလေး။ ဟင်... ကြည့်စမ်း သူ ဖိနပ်စီးထားတယ်။ ဒုက္ခပဲ။ သူလည်း ဒဏ်ပေးခံရတော့မယ်။ သူဘယ်သူလဲ။

"ဆရာဦးအောင်သိန်း၊ ဒါ... ရန်ကုန်ကပြောင်းလာတဲ့ ပညာ အုပ်မင်း သမီးလေးလေ၊ ဆရာ့အတန်းရောက်မှာပဲ၊ ကြည့်စမ်း ချိုနွယ်အေး သမီးတော်တော်ဆိုးတာပဲ၊ အလိုလိုက်ထားတဲ့သမီးတဲ့ ဆရာရေ့၊ ပြီးတော့ ချိုနွယ်အေးက ဖိနပ်မစီးဘဲနေရင် အအေးပတ်ပြီး တက်သတဲ့။ တယ်နတာကိုးဆရာရဲ့..."

နာကြည်းစိတ်၊ ဝမ်းနည်းအားငယ်စိတ်တွေ ဖုံးလွှမ်းလာတဲ့ ကျွန်မရဲ့ မျက်လုံးတွေနဲ့ ကျွန်မ နားမလည်တဲ့ ဆရာ့ရဲ့ မျက်လုံးတွေနဲ့ ဆုံတယ်။ ကျွန်မ ဘာကိုမှ စဉ်းစားမနေတော့ဘူး။ ကျောင်းပြင်ဘက်ကို အားကုန် ထွက်ပြေးလာခဲ့ပါတယ်။

* * *

၁၉၈၉ ခုနှစ်၊ ဇွန်လ...

"သမီးကိုကြည့်စမ်း မေမေ"

ဖြီးလက်စဆံပင်ကို လက်တစ်ဖက်နဲ့ ထိန်းကိုင်ပြီး တစ်ဖက်က ဟင်းအိုးမွှေရင်း ပျာယာခတ်နေတဲ့ ကျွန်မ သမီးကို လှည့်ကြည့်လိုက်

တယ်။ ကျွန်မဖွင့်ထားတဲ့ နှုတ်ခမ်းနီဘူးကို ယူပြီး အကြီးအကျယ် ဆိုးထားတဲ့ သမီးနှုတ်ခမ်းရဲရဲ မညီမညာက အလုပ်ရှုပ်နေတဲ့ ကျွန်မကို စိတ်တိုသွားစေတယ်။ ကျောင်းသွားခါနီး ပျာနေပါတယ်ဆိုမှနော်။

"ဘယ်လိုဖြစ်နေလဲ သမီး၊ ကျောင်းသွားခါနီး ဖေဖေ့ကိုနှိုးပြီး တိုင်လိုက်ရမလား၊ ကျောင်းကို နှုတ်ခမ်းနီမဆိုးရဘူးလို့ဆို၊ သမီးကို မေမေ မိတ်ကပ် တို့ပေးပြီးပြီလေ၊ လာစမ်း ဒီနားကို"

ဘုရား... ဘုရား၊ စိတ်မောရပါလား။ သမီးဟာ အသက်ရှစ်နှစ်နဲ့ ဘာကြောင့် လှချင်နေရသလဲ။ ကျွန်မ သူ့နှုတ်ခမ်းနီတွေကို တို့ဖတ်ပဝါနဲ့ အမြန်ဖျက်ပစ်ရင်း ကိုယ့်ကိုယ်ကိုယ်လည်း နှုတ်ခမ်းဆိုး ဆံပင်အမြန် စည်းလိုက်တယ်။ ပေါင်ဒါနည်းနည်း ထပ်ဖို့လိုက်တယ်။ ကျွန်မ မဆိုးချင်လည်း မဆိုးလို့မရ။ မိတ်ကပ်မလိမ်းလို့မရ။ နားကပ်မဝတ်လို့မရ။ အင်္ကျီလုံချည် တစ်နေ့တစ်စုံ မလဲလို့မရပါ။

"မေမေ... သမီးတို့ ဒီတစ်ခါကျောင်းပိတ်ရင် အညာက ဘွားဘွားတို့ဆီ သွားမယ်နော်"

"အေး... အေး"

"ဘုရားပွဲရှိမှာလား မေမေ"

"အေး"

"ဟင်လို့... ရှိမှာလား"

"အေးပါဆိုနေ"

ကျွန်မက အင်္ကျီလုံချည် အမြန်လဲပြီး ကျောင်းယူမယ့်ခြင်းထဲကို ထမင်းဘူး၊ မုန့်ဘူး၊ ရေဘူး၊ မိုးကာအင်္ကျီ၊ မိခင်ကတ်ပြား စတဲ့ ထည့်အပ်သော ပစ္စည်းတွေကို စီကာစဉ်ကာ ထည့်ရတယ်။ ကျောင်းကားက လာတော့မယ်လေ။ သမီး ကျောပိုးအိတ်ထဲကို စာအုပ် စုံမစုံ၊ ခဲတံ၊ ဖျော့ဖျက် စုံမစုံကြည့်ပြီး သမီးကို အိတ်ပိုးပေးပြီးတာနဲ့ အချိန်ကိုက်ပဲ ကျောင်းကားက ဆိုက်လာပြီ။

"လာ... လာသမီး" ဆိုပြီး သားအမိနှစ်ယောက် တံခါးကန့်လန့်ကို

အတွင်းက ချပိတ်၊ ခြင်းတောင်းလေးဆွဲပြီး ကားပေါ် အပြေးအလွှား တက်ရတယ်။ ကျောင်းကားလေး ကျွန်မတို့ရပ်ကွက်ထိပ်က မူလတန်း ကျောင်းလေးကိုဖြတ်ရင်တော့ သမီးက ကျောင်းရှေ့မှာ ရပ်နေမြဲ သူ့အဒေါ်ဆရာမကို "တီတီရေ" လို့ အမြဲ အော်နှုတ်ဆက်တတ်တယ်။

သူ့တီတီနဲ့ ကလေးတွေက ပြန်လက်ပြကြတယ်။ ကျွန်မက (မောင့်ညီမ)သူ့တီတီကျောင်းမှာပဲ သမီးလေးကို ထားချင်ပေမဲ့ မောင်က မထားနဲ့တဲ့။ သူ့သမီးကို သူများတွေထက် ပိုတော်စေချင် တတ်စေချင် ဇောနဲ့ နာမည်ကြီးကျောင်းမှာပဲ ထားမယ်တဲ့။ သမီး ပိုတော်ဖို့၊ တတ်ဖို့ အတွက် ကျွန်မကလည်း သိပ်အငြင်းအခုံ ဆွေးနွေးမနေတော့ပါဘူး။

ကားရောင်စုံ၊ မိခင်ရောင်စုံ ပြုံးပြက်ဝင်းလက် ရှုပ်ယှက်ခတ်နေတဲ့ ကျောင်းဝင်းရှေ့ကို ကျွန်မတို့ကျောင်းကားလေး ထိုးဆိုက်လိုက်တာနဲ့ အဖော်အင်မတန်ခင်တဲ့သမီးက "မေမေ... ဟိုမှာ အေးနန္ဒာမောင်တို့ကား ဆိုပြီး ကားပေါ်က အတင်းဆင်းဖို့ပြင်တယ်။

"အို... သမီး ဖြည်းဖြည်းဆင်းစမ်း သမီးလိမ့်ကျလိမ့်မယ်"

ကျွန်မက သမီးကို ထိန်းကိုင်ပေးရင်း ဆွဲထားပေမဲ့ မရဘူး။ သမီးက သူ့သူငယ်ချင်းဆီပြေးပြီ။ သူ့လိုပဲ တစ်တန်း။ သူနဲ့ ဘေးချင်း ကပ်လျက်ထိုင်ရတဲ့ အေးနန္ဒာမောင်ကို သူသိပ်ခင်တယ်။ သမီး နောက်ကနေ ကျွန်မ လိုက်သွားရင်း အေးနန္ဒာမောင်တို့ အက်စ်အီးကား အဖြူလေးဆီကို ကျွန်မ လှမ်းကြည့်မိတာနဲ့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား တယ်။ ကားလေးနားမှာ ရပ်နေတဲ့ အေးနန္ဒာမောင်တို့အမေ မျက်နှာက ခပ်တင်းတင်း။

ဘာဖြစ်လို့လဲ၊ မနေ့က သူ ကျွန်မကို ဘယ်မှာနေလဲလို့ မေးလို့ ကျွန်မက "မြို့သစ်မှာနေတယ်" လို့ ပြန်ပြောလိုက်တော့ သူ မျက်နှာ ပျက်သွားပြီး ကျွန်မကို စကား ဆက်မပြောတော့ဘူး။ မဆိုင်ပါဘူး ထင်ပါရဲ့။ သူစိတ်ဆိုးစရာတော့ မဟုတ်ပါဘူး။ ဟင်... အေးနန္ဒာမောင် မျက်နှာလေးကလည်း ခပ်စူစူ။ ဆရာမတွေလည်း အနားမှာ ရပ်လို့

ပါလား။ အို... ငါ့သမီးမျက်နှာလေးက ငယ်လို့။ ကျွန်မ သူတို့နားကို အပြေးအလွှား ရောက်သွားမိတယ်။

"ဒီမှာ... မနေ့က ရှင့်သမီးက ခဲတံနဲ့ ထိုးလိုက်တာ စကပ်ပေါက်သွားတယ်။ ပေါင်မှာလည်း စိုက်မိသွားတယ်သိလား..."

သမီးက အေးနန္ဒာမောင်တို့အမေကို အထိတ်တလန့် ကြည့်တယ်။ သမီးလက်ကလေးကို ကျွန်မ ဆွဲယူပြီး ဆုပ်ထားလိုက်ရင်း...

"ဟုတ်လားသမီး၊ ဘာပြုလို့လုပ်ရတာလဲ"

"ဟင့်အင်း... ဟင့်အင်း...၊ သမီး မလုပ်ဘူးမေမေ၊ သူ့ဘာသူ သံချောင်းနဲ့ငြိပြီး..."

"မဟုတ်ပါဘူးမာမီ၊ သူလုပ်တာ၊ သူ့ခဲတံနဲ့"

"အသာနေစမ်း မီးမီး၊ ကဲ ဆရာမ ဟောဒီမှာ ရှေ့စကပ်..."

အေးနန္ဒာမောင်တို့အမေက စကပ်ကို ဆရာမလက်ထဲ ထိုးထည့်ပြီး စကား ဆက်မပြောချင်တော့သလို အသာ ဖွင့်ဟထားတဲ့ ကားတံခါးကို အသံမြည်အောင် ပိတ်လိုက်တုန်းမှာပဲ ကျောင်းတက်ခေါင်းလောင်းသံကို ကြားရတယ်။

"ကဲ... လာကြ၊ အတန်းထဲရောက်မှ သေချာမေးရမယ်"

ဆရာမတစ်ယောက်က အဆုံးအဖြတ်ပေးတယ်။ ပြီးတော့ အေးနန္ဒာမောင်နဲ့အတူ ကျောင်းထဲ ဝင်သွားကြတယ်။ ကျွန်မမျက်နှာကို အားကိုးတကြီး မော့်ကြည့်တဲ့ သမီးလေးကို ကျွန်မ ပြုံးပြလိုက်ပြီး...

"သမီးမလုပ်ရင် ဆရာမကို သေချာရှင်းပြပေါ့သမီးရဲ့၊ နော်... ဘာမှကြောက်စရာမလိုဘူးသိလား"

မျက်နှာလေးငယ်ငယ်နဲ့ ခေါင်းညိတ်တဲ့ သမီးလေးကို ကျောင်းဝင်ပေါက်ကနေ ကျောင်းအခန်းထဲထိ လိုက်ပို့မယ့်အဒေါ်ကြီးဆီ ကျွန်မ သွားပို့တယ်။ ကျောင်းဝင်ပေါက်ဝနဲ့ ကျောင်းထဲက တော်တော်လှမ်းတယ်လေ။ စားစရာခြင်းကို သူတို့လေးတွေ မသယ်နိုင်ကြဘူး။ ကျောင်းထဲက အဒေါ်ကြီးတစ်ယောက်က ကလေးတစ်ယောက်ကို တစ်လ ငါးဆယ်နဲ့

ကလေးတွေကို စုရုံးထိန်းကျောင်းပြီး လိုက်ပို့ပေးတယ်။ မိခင်တွေက ကျောင်းပေါက်ဝကပဲ စောင့်ရတယ်။ သမီးလိုက်သွားတာကိုကြည့်ရင်း ကျွန်မ ဆုံးဖြတ်လိုက်တယ်။ ကျွန်မ သည်နေ့ အိမ်မပြန်တော့ဘူး။ အရင်ဆို အိမ်အလုပ်ရှိတဲ့၊ ဒီမှာလည်း စုရုံးဝိုင်းဖွဲ့ မနေချင်တဲ့ ကျွန်မက အိမ်ပြန်သွားတတ်ပြီး ကျောင်းဆင်းခါနီးမှပဲ သမီးကို လာကြိုတာ။ သည်နေ့တော့ အို... ဘာရယ်မဟုတ်ပါဘူး။ ကလေးချင်း ပြဿနာ အသေးအဖွဲလေးတွေပါပဲလေ။ ဒါပေမဲ့ ကျွန်မ သမီးကို သနားနေမိလို့ပါ။

သမီးဟာ သူငယ်ချင်းကို သိပ်ချစ်တတ်တာကတော့ အသေအချာပဲ။ ကျွန်မသိတယ်။ မောင်နှမသားချင်း ကစားဖော်မရှိတဲ့ ဥတစ်လုံးမလေးမို့ ပိုပြီးတော့ သူငယ်ချင်းကို လျှော့ပေါင်းတတ်တယ်။ သူ့ရှိတာပေးပြီး ပေါင်းတတ်တယ်။ ပြီးတော့ မနေ့က အေးနန္ဒာမောင်ကို သူသည်လိုလုပ်ခဲ့ရင် သည်နေ့ သူ အေးနန္ဒာမောင်ဆီကို အပြေးအလွှားသွားပါ့မလား။

သမီးအကြောင်းကို သစ်ပင်ရိပ်အောက်မှာ တစ်ယောက်တည်း ဟိုတွေး သည်တွေးနဲ့ပဲ သမီးတို့ ထမင်းစားကျောင်းဆင်းလာတယ်။ ကပျာကယာထပြီး သမီးမြင်အောင် လူလုံးပြဖို့ ကျွန်မ ကြိုးစားရတယ်။ အရင်နေ့ဆို သမီးက သူ့ဘာသူ ကျောင်းဝင်းထဲမှာပဲ သူငယ်ချင်းတွေနဲ့ ထမင်းစားရတာကိုး။

ဟော... ဟိုမှာ သမီးခြင်းလေး မနိုင့်တနိုင် ဆွဲပြီးထွက်လာပြီ။

"သမီးရေ... ဒီမှာ..."

ကျွန်မအသံကြားတာနဲ့ သမီးခေါင်းကလေး ချာခနဲ လည်လာတယ်။ ပြီးတော့ ခြင်းကို လွှတ်ချလိုက်တယ်။ စကပ်အစိမ်းလေး လွင့်နေအောင် ကျွန်မဆီပြေးလာတဲ့ သမီးလေးကိုကြည့်ရင်း ကျွန်မရင်တွေ တထိတ်ထိတ်ခုန်လာတယ်။ ဘုရားရေ သမီးလေးမျက်နှာမှာ မျက်ရည်စီးကြောင်းတွေနဲ့ပါလား။

"သမီး..."

သမီးက ကျွန်မရင်ခွင်ထဲကို အတင်း တိုးဝင်လာတယ်။ ရှိုက်သံနဲ့ ပြောလာတဲ့ သမီးစကား ဗလုံးဗထွေးလေးတွေက နာကြည်းစွာ၊ အားငယ်စွာ၊ ဝမ်းနည်းစွာ။


"သမီး ကျောင်းမနေချင်တော့ဘူးမေမေ၊ ဆရာမက သမီးကို မချစ်ပါဘူး။ အေးနန္ဒာမောင်ကိုပဲချစ်တာ၊ သမီးကိုရိုက်တယ်၊ သမီးကို အတန်းပြောင်းပေးတယ်။ ပြီးတော့ ဆရာမက သမီးကို ညှပ်စိမလေးတဲ့။

အိပ်မက်ပူးမဂ္ဂဇင်း။
၁၉၈၉ ခုနှစ်။

❖

## အစုန်လူသယ်

ဧရာဝတီမြစ်ပြင်ရဲ့ ညနေခင်း မှောင်ရီရီမှာ ပွဲမောင်ရဲ့ နှစ်ယောက်စီးလှေကလေး တငြိမ့်ငြိမ့် ပြေးနေတာကို မြင်နေကျအတိုင်း မြင်ကြရတယ်။ ထုံးစံအတိုင်း လှေပွဲ့မှာ ဖြူစပ်စပ် အသားအရေကို နေလောင်ထားတဲ့ နီရဲရဲ ညိုညစ်ညစ် အသားအရေ၊ ပိန်ကိုင်းကိုင်း အရပ်အမောင်း၊ အမြဲ ထိတ်ပျာနေတတ်တဲ့ မျက်လုံးအစုံနဲ့ ပွဲမောင်ရှိတယ်။ တက်တစ်ချောင်းနဲ့ လှေကိုလည်း ခပ်သွက်သွက် လှော်ရက်ပဲ။ ဒါပေမဲ့ လှေဝမ်းလယ်ကောင် အမြဲတမ်း မြင်ရနေကျ မြစ်ရိုးတစ်လျှောက် ပွဲမောင် လျှောက်ဆယ်လာတဲ့ ရေမျောထင်း၊ ထင်းပုံကို မမြင်ရတာကတော့ ထူးဆန်းတယ်။ လှေဦးမှာလည်း သူ့လိုပဲ နီရဲညိုညစ်တဲ့ အသားအရေ၊ ဂင်တိုတို ခပ်ပုပု လူတစ်ယောက်ကလည်း ထိုင်လို့၊ သူကလည်း တက်တစ်ချောင်းနဲ့ လှေကို ကူလှော်ပေးနေတယ်။ ပိုပြီး ထိတ်လန့် ပျာယာခတ်နေတဲ့ ပွဲမောင် မျက်လုံးတွေက လှေဝမ်းလယ်ကောင်ကို မကြည့်မိအောင် သတိထားနေတယ်။ မျက်တောင်တွေကို ခဏခဏ ခတ်မိပြီး ခဏခဏလည်း အားတင်း သက်ပြင်းတွေချမိတယ်။ ငါ့ဟာငါ အရင်ညနေတွေလိုပဲ ရေမျော ထင်းတစ်ပုံနဲ့



အိမ်ပြန်ဖို့ လှော်နေရတယ်ဆို ဘယ်လောက်များ ကောင်းလိုက်မလဲ နော်။ ငါးကျပ်ပဲရရ၊ တစ်ဆယ်ပဲရရ၊ တစ်ညဦးလေးနဲ့ ငွေနှစ်ရာ ငါးဆယ်ဆိုတာ မက်မောစရာတော့ ကောင်းတယ်။ ကြောက်စိတ် ပြယ်ချင်စရာလည်း ကောင်းတယ်။ ခက်ပါတယ်။ ကြောက်တတ်တဲ့ လူအတွက် ဆေးမရှိဘူးတဲ့။ ပွဲမောင် ကြောက်တယ်။ တစ္ဆေ၊ သရဲ၊ စုန်း၊ ကဝေဆိုတဲ့ဟာတွေ ပြီးတော့ လူသေ။ ပွဲမောင်ရဲ့ လှေဝမ်း လယ်ကောင်ထဲက ဖျာလိပ်ထဲမှာ ပုတ်ပွနေတဲ့ လူသေအလောင်း တစ်လောင်းရှိတယ်။

"ဟော့ကောင် ပွဲမောင်၊ တံတွေးတွေ ဘာဖြစ်လို့ တဂွတ်ဂွတ် မျိုချ နေတာလဲ။ ဆာလို့လား ဟီဟီ"

"မအေပေး၊ ထွီ ဆာဖို့ နေနေသာသာ ညနေစာ ထမင်းလေး တောင် အန်ထွက်ချင်တယ်။ ငါ့ချီးတဲ့မှ နံလိုက်တဲ့ အနံ့ကြီး"

"ရဲတွေကတော့ ပြောသွားတယ်ကွ၊ ထုံးပက်ယူခဲ့တဲ့ ငါ့ချီး၊ တို့ရွာတွေမှာ ဘယ်မှာ ထုံးရှိမှာလဲ၊ အစမို့ပါကွာ၊ မင်း ခဏနေတော့ နှာခေါင်းယဉ်သွားမှာပါ။ ငါ့များ ကိုယ်ချင်းစာပါဦးမောင်၊ ရွာကနေ မင်းတို့ဆီ မြစ်ဆိပ်ထိ ဒီဖျာလိပ်ကြီး ထမ်းလာရတာ"

"လှည်းငှားတင်လာတော့ မင်းဘာဖြစ်မှာမို့လို့လဲ... ကွ"

"အိုး လှည်းခ အကုန် မခံနိုင်ပါဘူးမောင်၊ မင်းအမေလင် လှည်း တွေကလည်း ဒါကြီးမြင်ပြီး ဘယ်သူမှ မလိုက်ချင်ကြဘူး။ တို့လို ငတ်တဲ့ ကောင်မျိုးလိုက်မယ် ဆိုတော့လည်း လှည်းခ တစ်ရာတဲ့။ လုပ်မနေနဲ့၊ ပေးမနေဘူး ဟော့ကောင်"

"ရဲတွေက သူတို့လာတဲ့ မော်တော်နဲ့ ဘာဖြစ်လို့ ပြန်သယ်မသွား တာလဲ"

"သူတို့ခေါ်လာတာ ပုဂ္ဂလိက မော်တော်ကွ၊ ဘယ်တင်ခံမလဲ၊ ပိုင်ရှင်က မင်း၊ မအေပေးမျိုး မော်တော်နဲ့ တင်မသွားတာ သူက ဝမ်းနည်း နေသေးတယ်။ သူတို့ တင်မသွားလို့ မင်းငွေနှစ်ရာငါးဆယ် ရပေါက်

ဖြစ်လာတာပေါ့ဟ ငတုံးရ"

"ငါတို့ မနက်ဖြန်မနက်မှ ပြန်လို့ဖြစ်မှာနော် ဖိုးလုံး"

"အေးပေါ့ဟ၊ ညကိုးနာရီ ဆယ်နာရီ ပတ်ဝန်းကျင်လောက်မှ တို့ရောက်မှာ ဒါတောင် ရေစုန်မို့၊ အပြန် အဆန်တော့ နည်းနည်း ပန်းမှာပေါ့ကွာ၊ တို့ ဟိုရောက်ရင် ဒါကြီးကို ဆေးရုံသွားပို့၊ ငွေငါးရာရ၊ မင်းနဲ့ငါနဲ့ တစ်ဝက်စီခွဲ၊ ဟဲဟဲ... မနက် မြို့ဈေးဝင် ဈေးဝယ်ပြန်၊ ပြီးပြီ ကိစ္စက"

"မင်းမိန်းမက ဘာမှာလိုက်လဲ"

"ဆန်ပေါ့ကွာ၊ ဆန်ရသလောက် ဝယ်ခဲ့တဲ့၊ မင်းလည်း ဆန်သာ ဝယ်ကွာ၊ ညနေက မင်းအဖေနဲ့အမေ ကြည့်ပြီး ငါ သနားလိုက်တာ၊ မင်းတို့ ထမင်းက အိုကြီးအိုမတွေ မစားနိုင်ဘူးဟ၊ ငါတို့က လူငယ်တွေ ဘာဖြစ်ဖြစ် စားလို့ရသေးတယ်"

"တောထဲက မျှစ်တို့၊ မှိုတို့လည်း လူနိုင်လိုက်တာကွာ၊ မှုးနေ အောင်ရှာ၊ တစ်ချက်စာ မရဘူး"

"အေးပါဆို၊ မင်းလူတွေ တစ်နေကုန် တောထဲမှာချည်းပဲ၊ မျှစ်ရှာ၊ မှိုရှာ၊ ကြွေးဥရှာ၊ မင်း ဒါကြီးတွေ့တာလည်း သူတို့ အရှာအဖွေ အတူး အဆွကောင်းလို့ဟ"

"တွေ့တဲ့လူ ဘယ်သူများပါလိမ့်ကွာ"

"ဟီးဟီး မင်းဖြစ်လိုက်ရင်တော့ကွာ၊ ဟော့ကောင်"

"ပါးစပ်ပိတ်ထားစမ်းကွာ"

"ဒီလူ ပျောက်သွားတာ တစ်လလောက်တော့ ရှိပြီကွ၊ တို့ရွာ ဟိုဘက်တောထဲကို အမဲလာလိုက်ကြတဲ့ အဖွဲ့တွေထဲကပဲ၊ အဲဒီတုန်းက ရဲတွေ တစ်ခေါက် လာစုံစမ်းသေးတယ်၊ တော်သေး။ အဲဒီလူတွေ အမဲ လိုက်လာတုန်းက ငါ့လမ်းပြခေါ်သေးတယ်။ ငါဖျားနေတာနဲ့မို့"

"ဒီလူကိုသတ်ပြီး မြှုပ်ပစ်ခဲ့တာလား"

"ဟုတ်မှာပေါ့၊ ဘာနဲ့သတ်သလဲ၊ ဘယ်ကောင်သတ်သလဲ၊ ဘာ

ညာတွေကို ဆေးရုံမှာ စစ်ဆေးရေးလုပ်မှာတဲ့ကွ၊ ဒါကြီးကို ခွဲစိတ်ပြီး တော့"

"ပါးစပ်ပိတ်ထားကွာ ဖိုးလုံး၊ ထို့ ဟင် ဟော့ကောင် ဖျာလိပ် ပေါ်မှာ ကြည့်စမ်း"

"ဘာလဲကွာ အလန့်တကြား၊ "လောက်" များကွာ ကြောက်စရာ ကျလို့ "ငါးပိနဲ့လောက်၊ ရွှေနဲ့ကျောက်၊ လူသေနဲ့လောက်၊ ရွှေနဲ့ကျောက်၊ ဟီးဟီး မင်းဖျာလိပ်ကို ဖွင့်ကြည့်မလား၊ ငါဖွင့်ပြမယ် သူ့ပုံစံကလေ သိလား ဟော့ကောင်"

"ဖိုးလုံး၊ မင်းငါတက်နဲ့ တကယ်ရိုက်ချမှာနော်၊ ပါးစပ်ပိတ်ရင် ပိတ် ဒါပဲ"

"ဟား ဟား ဟား ဟား တကယ်ရယ်ရတဲ့ကောင်"

"ဟော့ကောင်... မြန်မြန်လှော်ကွာ၊ မှောင်တော့မယ်"

* * *

မှောင်မည်း တိတ်ဆိတ်ငြိမ်သက်နေတဲ့ မြစ်ပြင်ပေါ်က လှေ ကလေးဆီကို လေအေးလေး တစ်ချက် ရှပ်တိုက်ပြေးလာတယ်။ ဆိုးဝါးစူးရှလှတဲ့ အော်ဂလီဆန်ချင်စရာ အပုပ်နံ့ တထောင်းထောင်း ထသွားသလို ပွဲမောင် ကြယ်သီးတွေ တဖြန်းဖြန်း ထသွားတယ်။ မျက်လုံးတွေကို ယောင်ယမ်း မှိတ်လိုက်မိတယ်။

"ပွဲမောင်ရေ မိုးသက်နံ့ရတယ်ဟ၊ မိုးရွာလိမ့်မယ်ထင်တယ်"

"ဒုက္ခပဲ မိုးများရင် ဒီလှေလေးက ခဏလေး ရေပြည့်သွားမှာ..."

"ကိစ္စမရှိပါဘူးကွာ၊ ရေပက် ထုတ်ပေးနေရင် ရပါတယ်။ လေ မပါဖို့ပဲကွ၊ လေပါရင် မလွယ်ဘူး၊ ကမ်းနားကပ် လှော်ရအောင်ကွာ"

မည်းမည်းရိပ်ရိပ်ကလေး မြင်နေရတဲ့ ကမ်းဘက်ဆီကို ပွဲမောင် ခပ်သွက်သွက် လှော်ပေးလိုက်တယ်။

မိုးစက်မိုးပေါက်ကလေးတွေပါတဲ့ လေတဖျန်းဖျန်း တိုက်ခတ်

သံနဲ့အတူ ဝေါခနဲ မြည်ဟီး ဆူညံလာတဲ့အသံကြီး ကြားလိုက်ရတယ်။

"လာပြီဟေ့"

ပွဲမောင် သိတာပေါ့။ မိုးသက်မုန်တိုင်းလေ။ မြစ်ထဲမှာ ထင်းဆယ်ရင်း ဖောင်အငှားလိုက် စုန်ရင်းနဲ့ ခဏခဏ ကြုံခဲ့ဖူးတဲ့ မိုးသက်မုန်တိုင်းပေါ့။

ပွဲမောင်တို့ နှစ်ယောက်စီး လှေကလေးလောက်တော့ မိုးသက်မုန်တိုင်းက အသာကလေး မှောက်ပစ်နိုင်တယ်လေ။

"အလောင်းကို ဂရုစိုက်၊ ရေထဲမပါစေနဲ့"

ဖိုးလုံ အသံက လူးလိမ့်နေတဲ့ လှေကလေးလိုပဲ။ လေပြင်းတစ်ချက် အဆောင့်မှာ လှေထဲကို ဝေါခနဲ ရေတွေ လှိမ့်ဝင်လာတာနဲ့ လှေကလေး ရေထဲကို လိမ့်ပါသွားခဲ့တယ်။

"ဖိုးလုံး"

"အလောင်း အလောင်း ရေထဲ ပါမသွားစေနဲ့၊ ထောင်ကျလိမ့်မယ်"

မိုးသားတွေကြားက ဖိုးလုံးအော်သံဟာ ပွဲမောင်ကို ကြောက်လန့်တုန်လှုပ်စေတယ်။ လှေကလေး မြုပ်တာနဲ့ ဖိုးလုံးရော၊ ပွဲမောင်ပါ ဖျာလိပ်ကြီးကို သွေးရူးသွေးတမ်း လိုက်ဖမ်းကြတယ်။ ဘယ်မှာလဲ ဖျာလိပ်ကြီး ဘယ်မှာလဲ။

"လှေမိရင် လှေဆွဲပြီး ကူးသွား"

ကြောက်နေမယ့် ပွဲမောင်ကို သတိပေးတဲ့အနေနဲ့ ဖိုးလုံးအော်ပြန်တယ်။ ဘယ်လောက်ပဲကြောက်ကြောက် မြစ်ထဲမှာ လှေမှောက်ရင် ဘာလုပ်ရမယ်ဆိုတာကိုတော့ ပွဲမောင်သိတယ်။

လှော်တက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်းက မြုပ်မျော၊ မှောက်မျော၊ မျောနေမယ့် လှေကို စမ်းရှာတယ်။

ဒါပေမဲ့ ပွဲမောင်လက်နဲ့ ဆုပ်ကိုင် စမ်းတွေ့လိုက်တာက ပွရောင်း၊ ရှိရွဲ၊ အေးစက် နံစော်လှတဲ့ အတွေ့အထိတစ်ခု၊ လက်မောင်းတစ်ဖက်

လို့ ထင်ရတဲ့ အရာတစ်ခု။

"အလောင်းကြီး အလောင်းကြီး ဖိုးလုံး"

သံကုန်အော်လိုက်တဲ့ ပွဲမောင် ပါးစပ်ထဲကို နံစော်လှတဲ့ အပုပ်ရေတွေ ဝင်ကုန်ကြတယ်။

"မလွှတ်နဲ့ ဆွဲထား၊ မကြောက်နဲ့ ကမ်းဘက်ကိုကူး"

မလွှတ်နဲ့ ဆွဲထား၊ ကမ်းဘက်ကိုကူး၊ မကြောက်နဲ့တဲ့၊ မကြောက်နဲ့... မကြောက်နဲ့။ ဒါကြီးကို မကြောက်ရဘူးတဲ့။

အလောင်းကြီးကို ပွဲမောင် ဖက်လိုက်တယ်။ လှော်တက်ကိုင်ထားတဲ့ လက်တစ်ဖက်နဲ့ သိမ်းကျုံး ပွေ့ဖက်လိုက်တယ်။

ပြီးတော့ တခြား လက်တစ်ဖက်နဲ့ ခြေထောက်နှစ်ချောင်းကို အားပြုပြီး ကမ်းဆီကို ကူးတယ်၊ ရှိသမျှအင်အား အစွမ်းကုန်နဲ့ သွေးရူးသွေးတမ်း ကူးတယ်။

"လှေ တွေ့ပြီဟေ့၊ ပွဲမောင် မင်းဘယ်မှာလဲ"

မိုးသံ လေသံကြားမှာ ဗလုံးဗထွေး အော်ဟစ်နေတဲ့ ဖိုးလုံးအသံကို ပွဲမောင် မကြားတစ်ချက်၊ ကြားတစ်ချက်။

ထိတ်လန့်စွာ မယုံနိုင်စွာ အလောင်းကြီးကို ပွေ့ဖက်ကူးခပ်ဆဲ၊ ပွဲမောင် နားထဲမှာ၊ ပါးစပ်ထဲမှာ၊ ပါးတစ်ခြမ်းပေါ်မှာ ရွရွ ရွရွ နဲ့ လောက်တွေ၊ လောက်တွေ လောက်တွေပါလား။

အဆုံးစွန်ဆုံး ကြောက်စိတ်က ပွဲမောင် ပါးစပ်ကို အသေပိတ်ဆို့လိုက်သလိုပဲ။ အသံမဲ့နဲ့ အလောင်းကြီးကို ပိုပြီး တင်းတင်းကျပ်ကျပ် ပွေ့ဖက်ရင်း မဆုံးနိုင်အောင် ကူးခပ်နေမိတုန်း ရုတ်တရက် ခြေထောက်တစ်ဖက်က ကမ်းစပ်ရွှံ့မြေကို။

"ပွဲမောင် အလောင်းရော အလောင်း..."

ပွဲမောင်နဲ့ ဖက်တွယ် လဲကျနေတဲ့ ကမ်းစပ်ပေါ်က အလောင်းကြီးဆီကို ဖိုးလုံး တက်ပြေးလာပြီး ဒရောသောပါး လှျောက်စမ်းတယ်။

"ခေါင်း၊ ဒါက နှာခေါင်း၊ ဒါကလည်ပင်း၊ ရက်ဘတ်၊ လက်၊

ဟင် လက်တစ်ဖက် မပါတော့ဘူး။ အိုကွာ... လက်တစ်ဖက်နဲ့တော့ တို့ကို ဘာမှပြောမှာ မဟုတ်ပါဘူး၊ နော်... ဟော့ကောင်"

ဖိုးလုံး လက်တစ်ဖက်က ရိရွဲပေကျံ လောက်ကလေးတွေ တရွရွ ပြေးနေတဲ့ ပွဲမောင်ပါးပြင်ကို လာထိတယ်။ အဲဒီကျမှ ပွဲမောင် စူးစူးဝါးဝါး ထအော်တယ်။ ပြီးတော့ တအစ်အစ် ငိုချလိုက်တာနဲ့ ဖိုးလုံးက ဟား ဟားဟား ရယ်တော့တယ်။

"ဟော့ကောင် ငိုမနေနဲ့၊ လေငြိမ်ရင် ဒါကြီးပြန်တင်ပြီး တို့ ဆက်လှော်ရဦးမှာ"

* * *

ဈေးထောင့်မှာ ဖိုးလုံးနဲ့ ပိုက်ဆံခွဲကြတယ်။ နှစ်ရာ့ငါးဆယ်စီ၊ ဆန်အိတ်လေးတွေ ကိုယ်စီ ထမ်းပြီး မြစ်ထိပ်က လှေဆီကို အပြန်လမ်း မှာ ဖိုးလုံးက လေတချွန်ချွန်နဲ့၊ ပွဲမောင်ကတော့ ငိုင်တိငိုင်တွေ။ လှေ ကလေးနား ရောက်တာနဲ့ ပွဲမောင်ကျောထဲ စိမ့်ခနဲလိုပဲ။ ဆိုးဝါး စူးရှ လှတဲ့ ပုပ်အဲ့အဲ့အနံ့ကို ရှူရှိုက်လိုက်ရတယ်။

ပါးစပ်နဲ့နားမှာလည်း တရွရွ။

လှေဝမ်းလယ်ကောင်ကို ပွဲမောင်ကြည့်လိုက်တယ်။

ဘုရား ဘုရား ပွဲမောင် လန့်ဖျက်ပြီး တအား အော်လိုက်တော့ မလို့။ လှေနံရံပေါ်ကို တရွရွ တက်လာနေတဲ့ အကြွင်းအကျန် လောက် ကလေးတွေရယ်လေ။

**ပေဖူးလွှာမဂ္ဂဇင်း။**

**ဇူလိုင်၊ ၁၉၉၀ ခုနှစ်။**

❖

## ဆရာလာခဲ့ပါဦး

၈၉ ခုနှစ်ရဲ့ ဆောင်းကုန်ခါနီးလေးမှာ ကျွန်မ ချစ်ခင်စွဲလမ်းတဲ့ လှည်းတန်းက အိမ်ခန်းလေးတစ်ခန်းဆီသို့ ပြန်ပြောင်းလို့ရခဲ့တယ်။

ကျွန်မတို့လမ်းကလေးက တစ်ဖက်ပိတ် လမ်းတိုလေး၊ ၅ လမ်း လို့ခေါ်တယ်။ ကျွန်မအခန်းနံပါတ်က ၁ ဆိုတော့ လမ်းကလေးရဲ့ ထိပ်တည့်တည့်မှာပေါ့။

လမ်းကလေးရဲ့ ထိပ်တည့်တည့် အရှေ့အနောက်တန်းနေတဲ့ ပေါ်ဆယ်လမ်းပေါ်မှာ တောဈေးတန်းလေးရှိတယ်။ လှည်းတန်းဈေးရဲ့ ပြင်ဘက် ဈေးတန်းလေးပေါ့။

မနက်ဘက် ဈေးစည်ချိန် တောဈေးတန်းဆီက ရုတ်ရုတ်သဲသဲ အသံဗလံတွေ သဲ့သဲ့ကြားရတတ်တာကလွဲရင် တစ်နေ့လုံး ကျွန်မတို့ လမ်းကလေးက အေးချမ်းတိတ်ဆိတ်လို့ နေတတ်တယ်။ အိမ်ခေါင်းရင်း သရက်ပင်ပေါ်က စာလေးတွေရဲ့အသံဟာ ချစ်စရာကောင်း သလောက် ကျီးတွေရဲ့အသံကိုတော့ ကျွန်မ မုန်းတယ်။

ရန်ကုန်သက် ဆယ်နှစ်ရှိတော့မယ်။ ဒီကျီးကန်းသံတွေနဲ့ ကျွန်မ ဘယ်လိုမှ ယဉ်ပါးလို့ မရနိုင်သေးဘူး။ မြင်းခွာရွက်တို့၊ ပုတတ်စာတို့၊



ဖလံတောင်ဝေးတို့၊ ဗိုလ်လုံသီးတို့နဲ့တော့ ကျွန်မ ယဉ်သွားခဲ့ပါပြီ။

လမ်းကလေးထိပ်က တောဈေးတန်းလေးမှာ (ရ၁ ခုနှစ်တုန်းကလို) မြင်းခွာရွက်နဲ့ တရုတ်နံနံကို ကျွန်မ မှားမဝယ်တော့ပါဘူး။ ပုတတ်စာကိုလည်း ငွေပန်းလို့ မထင်တော့ဘဲ ပုတတ်စာဟင်းချိုတွေ ဘာတွေတောင် ကျွန်မ ချက်စားတတ်ပါပြီ။

တောဈေးတန်းလေးထဲမှာ လှည်းတန်းလမ်းမတစ်လျှောက်မှာ ဂျင်းဂျက်ကတတ် ဖိုးရိုးဖားရားနဲ့ အလကားနေရင်း တိုးဝှေ့သွားလာ ငေးမောကျေနပ်နေတဲ့ ကျွန်မကို "ကျွန်မခင်ပွန်း" က လှည်းတန်းရူးတဲ့။

ကျွန်မတင် မဟုတ်ပါဘူးနော်၊ လှည်းတန်းနတ် ဖမ်းစားခံရတဲ့ ကျွန်မလို လှည်းတန်းရောဂါသည်တွေ အများကြီးရှိပါတယ်။ လှည်းတန်းနတ်ကြီးတယ်ဆိုတာ ဖမ်းစားခံရသူတိုင်း သိပါတယ်။ လှည်းတန်းနတ်ဖမ်းစားခံရတာကို သိပ်ကျေနပ်တဲ့ ကျွန်မကတော့ လမ်းကလေးနဲ့ အခန်းလေးကိုပါ တစ်လမပြည့်သေးတဲ့ အချိန်အတွင်းမှာ ချစ်ခင်တွယ်တာမိပါပြီ...။

ကျွန်မတို့အခန်းလေးကို ဆရာရောက်လာတော့ ညကိုးနာရီတောင် ထိုးတော့မယ်။

"ဘယ်လိုဖြစ်လာတာလဲဆရာ၊ မိုးချုပ်လှပြီ"

"အေးဟာ၊ ငါလည်း ပျင်းတာနဲ့ ထွက်လာခဲ့တာ၊ ညဘက်ကျ ဟိုတယ်ခန်းထဲမှာ တစ်ယောက်တည်း တငုတ်ငုတ် တုတ်ဘုတ်ဟာ၊ စကားပြောဖော်မရှိ ဘာမရှိ အစောကြီးကလည်း မအိပ်တတ်၊ စာရေးလို့လည်းမရ၊ အဲ... စာဖတ်ချင်တော့ဖတ်ပေါ့။ ဒါပေမဲ့..." ဆရာ့ထုံးစံအတိုင်း စကားအရှည်ကြီးကို လေးလေးလေးလေးနဲ့ ပြောရင်း လက်ထဲက ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ် လှမ်းတင်တယ်။

ဆရာမောင်သာရရဲ့ မူအတိုင်း ကြွပ်ကြွပ်အိတ်ထဲမှာ ညနေကမှ ဒိုဘီဆိုင်က ရွေးခဲ့တဲ့ အဝတ်တစ်စုံပါတယ်၊ မုန့်ထုပ်တစ်ထုပ်လည်း ပါတယ်။

"အင်္ကျီချိတ်လေးတစ်ချိတ်လောက် ငါ့ပေးစမ်းပါဦးဟယ်"

စွပ်ကျယ်လက်စကပေါ်က အင်္ကျီလက်တိုအဖြူကို ဆရာ ချွတ်နေတယ်။ "ပေးပေး ကျွန်တော့်ပေး" ဆိုပြီး ကျွန်မက အင်္ကျီကို လှမ်းယူလိုက်တော့ အိုး... လေးလိုက်တဲ့အင်္ကျီကြီး။

"ဆရာ့အင်္ကျီကြီးက တစ်ပိဿာလောက်တော့ရှိတယ်"

"ငါ့ချမ်းသာသမျှ အကုန် စုထည့်ထားတာကိုးဟ"

အလွန်ကြီးမားတဲ့ အိတ်ထောင်လေးလုံးနဲ့ အထူးစီမံ ချုပ်လုပ်ထားသော အင်္ကျီလက်တိုရဲ့ အိတ်တွေထဲမှာ မျက်မှန်အိတ်နှစ်အိတ်၊ သွားပွတ်တံ၊ ရှုဆေး၊ နှလုံးရောဂါဆေး၊ တိပ်ခွေတစ်ခွေ၊ သွားကြားထိုးတံ၊ ချမ်းသာသမျှ ပိုက်ဆံအားလုံး။

စာရေးဆရာ ပီသစွာ ဖောင်တိန်နဲ့ ဘောလ်ပင်တော့ မပါပါဘူး။

"ဆရာ ထမင်းစားပြီးပလား"

စားပွဲတင်ပန်ကာလေးကိုဖွင့်ပေးရင်း "ကျွန်မခင်ပွန်း" ကမေးတော့ ဆရာက ခေါင်းညိတ်တယ်။

"ထမင်းက စားပြီးပါပြီ။ ဒီနေ့ အစောကြီးတည်းက ခြောက်နာရီခွဲလောက်ကတည်းက ပြီးနေတာ၊ နေ့... နေပါဦး၊ ငါ ထမင်းမစားရသေးဘူးဆိုတော့ မင်းတို့က ဘာတတ်နိုင်မှာတုံး၊ ထမင်းချက်စားတာလည်း မဟုတ်ဘဲနဲ့များ..."

"အမယ်... ဒီနေ့ ချက်တယ်နော်ဆရာ၊ ဝက်သားဟင်း၊ ချဉ်ပေါင်ဟင်း၊ ငါးပိချက် အညာပဲပုပ်မီးကင်ဆီဆမ်း"

"တော်စမ်းပါ ဖွတ်ကျား... နင်ချက်တတ်တာဒါပဲ"

အားတတ်သရော ဝင့်ကြွားမိတဲ့ ကျွန်မကို ဆရာက ဩဘာပေးတယ်။ ကျွန်မက မကျေမနပ်နဲ့ "နောက်တစ်မျိုး ချက်တတ်သေးတယ်" လို့ ခပ်တည်တည်ပြောရင်တော့ ဆေးပြင်းလိပ်မီးညှိရာက ဆရာက လက်ကာပြတယ်။

"တော်ပါတော့ တော်ပါတော့... ဒီလိုဟော့ ပြောဦးမယ်။ ဒီနေ့ညနေ

သုံးဆယ့်လေးလမ်းထိပ်မှာ ငါထမင်းစားရော၊ ထုံးစံအတိုင်းပေါ့ ဟို ကုလားမဆိုင်ပေါ့။ စား...၊ စားပြီးတော့ ဟိုတယ်ပြန်မယ်ပေါ့ ပြန်ရမယ် ပေါ့။ ပြန်က မပြန်ချင်သေးဘူး၊ ဝင်ကာ မဝင်ချင်သေးဘူး၊ အဲ... အပြင် မှာလည်း ဘာမှ လုပ်စရာမရှိတော့ဘူး။ ဒါနဲ့ ငါ စိတ်ကူးရလာတယ်။ ဒီနေ့ညတော့ နင်တို့ဆီလာပြီး စကားစမြည်လေး ပြောရရင်ကောင်းမယ်။ တစ်ချက် နင်တို့ဆီကို လေးဘီးကားလေးနဲ့ သုံးဆယ်လောက် အကုန်ခံ လိုက်ရင် ရောက်နိုင်တယ်။ နှစ်အချက် နင်တို့က နှစ်ယောက်တည်း ဆိုတော့ ဘယ်သူ့မှ အားနာစရာမလိုဘူး။ သုံးအချက် စာအကြောင်း ပေအကြောင်း၊ အာလာပ သလ္လာပလေးတွေ ပြောလို့ရမယ်ပေါ့ဟာ။ ဒါနဲ့ လမ်းထိပ်ထွက် ကားငှား၊ ခုနစ်နာရီလောက်ကျတော့ လေးဘီးလေး တစ်စီးရတယ်။ သုံးဆယ်နဲ့ ဒါနဲ့ ထွက်လာတော့ ပြောဦးမယ်၊ တို့ မြေနီကုန်းက လက်ဖက်ရည်ဆိုင်လေဟာ သိတယ်မဟုတ်လား မုန့် ဘာတွေ ကောင်းတယ်လေ။ အေး အဲ့ဒီဆိုင်မြင်တော့ မုန့်ဝယ်မယ်လေ ဆိုပြီး ကားရပ်ခိုင်းမလို့လုပ်တုန်း တစ်ခါတည်းဟော့... ခွေးသားမိအုပ် တစ်အုပ် ကားလမ်းဖြတ်ကူးတာ။ ဟာ... ငါ့မယ် ရပ်ရပ်နဲ့ အော်လိုက် ရတာဆိုတာ ကားသမားချက်ချင်း ရပ်ရှာပါတယ်။ ဒါပေမဲ့ ကားက အရှိန်နဲ့ ဘယ်ရမလဲ ခွေးလေးတစ်ကောင်ကို တိုက်မိသွားတာပေါ့။ သနားစရာ ခွေးမကြီးကလည်း ပိန်လို့၊ ခွေးလေးတွေကလည်း ပိန်လို့။ ဒါနဲ့ ငါလည်း လက်ဖက်ရည်ဆိုင်က မုန့်တွေ ဝယ်ကျွေး၊ နို့ဆီ ဖျော်ခိုင်း ပြီး တိုက်နဲ့ ကြည့်ကောင်းကောင်းနဲ့ ထိုင်ကြည့်နေတာ။ အဲ့ဒါနဲ့ ကြာသွားတာ အဖြစ်က..."

ဆရာက စကားခဏရပ်ပြီး ဆေးပြင်းလိပ်ကြီးကို မှုးဝေ အန်ချင် စရာကောင်းတဲ့အနံ့တွေ တထောင်းထောင်း ထွက်လာအောင်ဖွာတယ်။

"ခွေးလေးတွေက ချစ်စရာကောင်းလိုက်တာ မပြောနဲ့တော့ ခြောက်ကောင်အဖြူနဲ့ အနက်ကျားလေးတွေရော နီတီတီကောင်လေး တွေရော ပြီးတော့..."

ကျွန်မ သိလိုက်ပါပြီ၊ ခွေးတွေကို အလွန်အမင်း ချစ်တတ်တဲ့ ဆရာ့ထုံးစံအတိုင်း ခွေးဦးကာကို ညဦးနက်တဲ့အထိ ကျွန်မတို့ နားထောင်ရတော့မယ်။

* * *

နောက်တစ်နေ့မနက် ကျွန်မ အိပ်ရာနိုးတော့ တော်တော်စောနေသေးတယ်။

အိမ်ရှေ့ခန်းက ဆရာ့အိပ်ရာမှာ ဆရာမရှိဘူး။ အိမ်ရှေ့တံခါးကြီးလည်း ပွင့်လို့။ ကျွန်မ တံခါးဝကို ရောက်သွားတယ်။

"လာ... လာ သမီးလာ၊ အို့... အို့... ကျွတ်ကျွတ် လာ... သားလာ ဒီကိုလာ"

အော်... လက်စသတ်တော့ ဒီလိုကိုး။

အိမ်ရှေ့လမ်းပေါ်မှာ ဆရာနဲ့ ခွေးငါးကောင်။

ဆရာ့လက်ထဲမှာ ဆယ်ချပ်လောက်ရှိတဲ့ နံပြားအထပ်ကြီးကို ကိုင်ထားတယ်။

ခွေးငါးကောင်က ဆရာ့ဘေးမှာ အမြီးတနန့်နန့်နဲ့ ဝိုင်းလို့။ ဆရာက နံပြားတွေကိုပြပြီး ခွေးတွေကို ခေါ်တယ်။ သူ့လက်ထဲကနေ ယူစားစေချင်တဲ့သဘော။

"လာ စားလေသား၊ ဒီမှာလေ၊ လာလာ သမီးလာရော့လေ... ဒီမှာရော့"

ဆရာဘယ်လောက်ပဲခေါ်ခေါ် ခွေးတွေက ဆရာ့လက်ထဲက နံပြားကို ယူမစားရဲကြဘူး၊ အမြီး တနန့်နန့်နဲ့သာ လုပ်နေကြတယ်။

"ဘယ်လိုလဲဟ ခွေးတွေက"

ဆရာက ကျွန်မဆီ လှမ်းပြောရင်း လာလာ သားလာနဲ့ ခွေးတွေကို အဆက်မပြတ် ခေါ်နေပြန်တယ်။

"ဘယ်လိုမှ မလဲနဲ့ဆရာ၊ ဒီကောင်တွေက ဈေးခွေးတွေ၊ သူတို့ကို

ဒီလို တယုတယကျွေးတဲ့သူ ရှိမှမရှိတဲ့ဥစ္စာ၊ နေဦး အောက်ပစ်ချပြီး ကျွေးကြည့်ပါလားဆရာ"

ဆရာက နံပြားတွေကို ဖဲ့၊ ဖဲ့ပြီး အောက်ပစ်ချတယ်။ ပါးစပ်ကလည်း သားစား၊ သမီးစားနဲ့။ ဒါပေမဲ့ ခွေးတွေက နံပြားကို မရဲတရဲ သာ နမ်းကြည့်ပြီး မစားခဲ့ကြပါ။ ဆရာ့ကိုကြည့်ပြီး ကျွန်မ ရယ်လိုက်မိတယ်။

"မအံ့ဩနဲ့ဆရာ။ သူတို့ နံပြားကို တစ်ခါမှ မစားဖူးလို့နေမှာ။ သူတို့ အမြဲတမ်းစားရတာက ငှက်ပျောသီးဆရာရဲ့"

"ငှက်ပျောသီးဟုတ်လား"

"ဟုတ်တယ်။ ဟိုမျက်နှာချင်းဆိုင်အိမ် အောက်ထပ်မှာ ငှက်ပျောသီးတွေ အများကြီးထားတယ်။ ရောင်းတဲ့အသည်က ငှက်ပျောသီးတွေကို ရွေးရင်း ဆယ်ရင်း လွှင့်ပစ်တဲ့ အနာအဆာတွေကို သူတို့ စားကြတာပဲ"

ကျွန်မ ပြောနေတုန်းမှာပဲ နည်းနည်း ခွေးရေလည်ပုံရတဲ့ ခွေးတစ်ကောင်က နံပြားတစ်ဖဲ့ကို စတင် ဝါးစားပစ်လိုက်တယ်။

"ဟော စားပြီ စားပြီ"

ဆရာက ဝမ်းသာအားရအော်တယ်။ နောက်ခွေးတစ်ကောင်က နံပြားတစ်ဖဲ့ကို စားပြန်တယ်၊ ပြီးတော့ နောက်တစ်ကောင်၊ ဆရာက လက်ထဲက နံပြားတွေကို ဖဲ့ဖဲ့ချတယ်။ ခွေးတွေက စားကြတယ်။ အားရပါးရ မြိန်ရေရှက်ရေ စားကြတယ်။

နောက်တစ်နေ့ကျလည်း ကြွပ်ကြွပ်အိတ်တစ်လုံးနဲ့ ဆရာ ရောက်လာပြန်တယ်။ မနက်စောစောမှာ နံပြားတစ်ထပ်ကြီးနဲ့ ခွေးတွေနဲ့ အလုပ်ရှုပ်ပြန်တယ်။

ခွေးတွေဟာ ဆရာ့လက်ထဲက နံပြားဖဲ့လေးတွေကို ယူစားဝံ့လာတယ်၊ အငမ်းမရလည်း စားကြတယ်။

* * *

နောက်နှစ်ရက်တိတိ ဆရာဆက်လာတယ်။

မနက်တိုင်းလည်း ခွေးတွေကို နံပြားကျွေးတယ်။

လက်ထဲမှာ နံပြား တစ်ပွေ့တစ်ပိုက်နဲ့ ဆရာ့ကို ခွေးတွေက အလုအယက်ဖက်တက်ပြီး စားနေတဲ့မြင်ကွင်းဟာ ကြည့်လို့ပဲ ကောင်းသေးတော့။

ခွေးတွေ နံပြားကို အလွန် ကြိုက်နှစ်သက်သွားကြပါပြီ။ ဒါပေမဲ့ နောက်နေ့ကစပြီး ကျွန်မတို့ဆီကို ဆရာ မလာဖြစ်တော့ပါဘူး။

* * *

ကျွန်မ အိပ်ရာကနိုးလာတော့ တောချေးတန်းလေးဆီက ညိုးညိုးညည်းအသံတွေကိုတောင် ကြားနေရပြီ။ အိမ်ရှေ့တံခါးကို ကျွန်မ သွားဖွင့်လိုက်တယ်။

ဖွင့်လိုက်တာနဲ့ ကျွန်မဆီကို တစ်ဟုန်ထိုး ပြေးလာကြသူများ ကတော့ ဆရာ့အချစ်တော် ခွေးတွေပေါ့။

"ကြည့်စမ်း တော်တော်သိတဲ့ကောင်တွေ"

သူတို့ကလေ ကျွန်မနားရောက်တာနဲ့ ဆရာမဟုတ်မှန်းသိသလို တုံ့ခနဲ ရပ်ကြတယ်။ အမြီးလေးတွေကတော့ နန့်လို့၊ အဲလိုနေတုန်းမှာပဲ သူတို့တစ်တွေ လမ်းဘက်ကို တရုန်းရုန်း ပြန်ပြေးသွားကြပြီး ဘာလုပ်လိုက်တယ်မှတ်လဲ။

လက်ဖက်ရည်ချိုင့်လေးတစ်ဖက်၊ နံပြားတွဲလေး တစ်ဖက်နဲ့ လာတဲ့ ကလေးတစ်ယောက်ဆီက နံပြားတွဲကို ဝိုင်းဆွဲ စားလိုက်ကြတာပေါ့။

"အိုး... ဒုက္ခပါပဲ"

"ဟဲ့... ဟဲ့ လုပ်ပါဦးဟဲ့"


လန့်ပြီး ငိုယိုနေတဲ့ ကလေးဆီကို ကျွန်မရော ဟိုဘက်အိမ် အောက်ထပ်က ငှက်ပျောသီးသည်ကြီးပါ ပြေးသွားကြတယ်။

"အရင် ခွေးတွေ ဒီလိုမဟုတ်ပါဘူး၊ ဒီခွေးတွေ ဘယ်လိုများဖြစ်ပါလိမ့်"

ဒီခွေးတွေ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မသိတယ်။ တရားခံကို ကျွန်မသိတယ်လေ။ ဒါပေမဲ့ ကျွန်မ ဘယ်လိုပြောရမလဲ။

**မဟေသီမဂ္ဂဇင်း၊**
**ဇူလိုင်၊ ၁၉၉၀ ခုနှစ်။**

❖


ထားခဲ့ပါဆရာ

# ထားခဲ့ပါဆရာ

အိပ်ရာကနိုးနိုးချင်း မျက်လုံးနှစ်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်တာနဲ့ ကျွန်မ နှာခေါင်းထဲကို ဂေါ်သဇင်ပန်းနံ့ တိုးဝင်လာတယ်။ လတ်ဆတ်သင်းပျံ့တဲ့အနံ့။ ကြည်နူးချမ်းမြေ့စေတဲ့အနံ့။ အိပ်ရာထဲကနေ ကျွန်မလူးလဲထပြီး ခေါင်းရင်းပြတင်းပေါက်ကို ဖွင့်လိုက်တယ်။

အို... ကြည့်စမ်း ဂေါ်သဇင်တွေ အများကြီးပွင့်နေပြီ။

နှင်းရည်သောက်ထားတဲ့ ဂေါ်သဇင်ပန်းတွေ အဆုပ်လိုက်၊ အခဲလိုက် မန်ကျည်းပင်မှာ နွယ်တက်ပြီး ပွင့်နေလိုက်ကြတာ။

သိပ်လှတာပဲ။

ဂေါ်သဇင်ကို ကျွန်မကြိုက်တယ်။

ခွေထိုးပြီး တစ်ခေါင်းလုံးဖုံးနေအောင် ကျွန်မကပန်တာ။

သူများတွေပန်သလို ယဉ်ရုံလေး တစ်ခက်နှစ်ခက် မပန်တတ်ပါဘူး။

"ဘယ်လိုပဲပန်ပန် အေးသစ်နဲ့ ဂေါ်သဇင်တွေကို ကြည့်ရတာ ကျွန်တော် သိပ်စိတ်ချမ်းသာတာပဲ" တဲ့။

ရင်ထဲမှာ တသိမ့်သိမ့် လှုပ်ရှားရင်း ကျွန်မ သူ့ကို သတိရလာ

မိတယ်။ ပါဝါမျက်မှန်အောက်က မျက်လုံးမှိုင်းမှိုင်းတွေ။ လုံချည်အစိမ်း၊ အင်္ကျီအဖြူ၊ တိုက်ပုံမီးခိုးရောင်နဲ့ သူ့ဟန်ပန်။

အေးသစ်ကို ချစ်တယ်ဆိုတဲ့ဆရာရယ်။ ဆရာတို့ ပညာတတ်တွေဟာ သိပ်ပြီးတော့ စကားတတ်တာပဲနော်။ သူတစ်ပါးကျေနပ်အောင် သိပ်ပြောတတ်တာပဲ။

တကယ်တော့ ဆရာပဲပြောတာမဟုတ်လား။ "ဘာလို့ အများကြီး ပန်တာလဲဟင်၊ တစ်ခက်နှစ်ခက် ယဉ်ရုံလေးပဲ ပန်ပါလား" ဆိုတဲ့စကားလေ။

အေးသစ်တို့က ပညာမတတ်တဲ့ ဈေးသည်တော်ရေ့။

စကားအလှတန်ဆာ မဆင်တတ်ဘူး။

"ဟင့်အင်း... ကျွန်မက တစ်ခေါင်းလုံးဖုံးနေအောင် ပန်ရမှ ကျေနပ်တာ" လို့ပြောတော့ "ဘယ်လိုပဲပန်ပန် အေးသစ်နဲ့ ဂေါ်သဇင်တွေကို ကြည့်ရတာ ကျွန်တော် သိပ်စိတ်ချမ်းသာတာပဲ" တဲ့လေ။ ဆရာ့ကို စကားနိုင်လုဖို့ မလွယ်ပါလားဆရာရယ်။ ပြီးတော့ ဆရာ့ကို ငြင်းပယ်ဖို့လည်း ကျွန်မမှာ မလွယ်လှပါလား။

ဦးနှောက်နဲ့ စဉ်းစားမိရင်တော့ ကျွန်မ မညာပါဘူး။ ဆရာ့ကို ကျွန်မ သိပ်ငြင်းချင်တာပဲ။ ဆရာတို့က သားအမိနှစ်ယောက်တည်း ပေမဲ့ ဘာစီးပွားရေးမှမရှိဘူး။ ဆရာ့လခကလေးနဲ့ သားအမိနှစ်ယောက် ရုန်းကန်နေရတာ။ မူလတန်းပြဆရာတစ်ယောက်ရဲ့လခဟာ ဘယ်လောက်ဆိုတာကိုလည်း ကျွန်မသိတာပေါ့ဆရာ။ ကျွန်မက တောမြို့ကလေးရဲ့ ဈေးထဲမှာ အထည်ဆိုင်တစ်ဆိုင်နဲ့ လူလူသူသူဆိုပေမဲ့ ဒီဆိုင်က ကျွန်မတစ်ယောက်တည်း ပိုင်တာမှမဟုတ်ဘဲ။ မိဘနဲ့ ညီအစ်ကိုမောင်နှမပိုင်လေ။ ဆရာ့ကိုယူရင် ဈေးရောင်းတတ်တာလေး တစ်ခုတည်းနဲ့ ဆရာ့နောက်ကို ကျွန်မ လိုက်ခဲ့ရမှာ။ ဆရာက ကျွန်မကို ဘယ်အရင်းအနှီး ထုတ်ပေးနိုင်ပါ့မလဲနော်။

ဒါပေမဲ့ဆရာ၊ နှလုံးသားနဲ့ စဉ်းစားမိရင်တော့ ကျွန်မဟာ ဆရာ့

ကို ဘယ်လိုပြောမလဲ၊ ဟိုဒင်း၊ ချစ်တဲ့အဆင့်အထိတော့ မဟုတ်သေးဘူး၊ သိပ်တော့ သနားနေမိတယ်ဆရာ။ ပြီးတော့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်တဲ့ ဆရာ့ကို ခင်လည်းခင်တယ်။ နောက်တစ်ချက်က ပွင့်ပွင့်လင်းလင်းပြောရရင် ဆယ်တန်းအဆင့်ကနေ မတက်နိုင်ခဲ့တဲ့ ကျွန်မဟာ စာပေးစာယူ နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသားလည်း ဖြစ်၊ ကျောင်းဆရာတစ်ယောက်လည်းဖြစ်တဲ့ ဆရာ့ကို အထင်ကြီးတယ်ဆရာ။ တကယ်ပြောတာ။ ကျွန်မကို ဝိုင်းပိုးနေကြတဲ့ ဆိုင်နားနီးချင်း ဆန်သည် လူပျိုကြီးတို့၊ ရွှေဆိုင်က မုဆိုးဖိုကြီးတို့ထက် ဆရာ့ကို ကျွန်မ အထင်ကြီးတယ်။ မနက်တိုင်း ကျွန်မဆိုင်ရှေ့ကနေ သားအမိနှစ်ယောက်စာ ဈေးအိတ်ကလေးနဲ့ ဖြတ်သွားတတ်တဲ့ ဆရာ့ကို ကျွန်မ သနားနေမိတတ်တယ်။ နွမ်းနေတဲ့ ဆရာ့တိုက်ပုံရယ်၊ ကော်လံအနားတွေ ဖွာစပြုနေတဲ့ ဆရာ့အင်္ကျီရယ်ကို ကျွန်မ အမှတ်ထားမိပြီး ကျွန်မ အထည်ဆိုင်က တိုက်ပုံစ ရောင်စုံနဲ့၊ အဖြူစမျိုးစုံကို စိတ်ကူးနဲ့ ကျွန်မ ချုပ်ပေးခဲ့ဖူးတယ်ဆရာ။

ခက်ပါတယ်ဆရာရယ်နော်။ ကျွန်မ သက်ပြင်းရှိုက်မိတယ်။

"ဟဲ့... ခုမှသတိရတယ်၊ အေးသစ်ကို သွားကြည့်လိုက်ကြစမ်းပါ၊ နေမှကောင်းရဲ့လားလို့၊ ညကတော့ အဖျားမရှိတော့ပါဘူး၊ ဟဲ့... ညည်းကဘာလဲ၊ ဩော်... အာလူးကောင်းတယ်၊ ဒီမယ်... ကျုပ်က ကြက်သွန်ချိန်နေတယ်၊ ဟိုကောင်မလေး မိထွေး... ဟိုမယ် ဆားတစ်ပိဿာဖိုး ပိုက်ဆံယူလိုက်စမ်း..."

အိမ်ပြင်ဘက် ကုန်စုံဆိုင်က အမေ့အလုပ်ရှုပ်သံနဲ့အတူ ညီမလေးမိထွေးရဲ့ "မမအေးသစ်ဆီ သွားကြည့်ဆိုလို့လည်း သွားရသေးတယ်၊ ခါထဲမှပဲ" ဆိုတဲ့ စူအောင့်သံကို ကျွန်မ ကြားရတယ်။

"ကျွန်မနိုးပြီအမေရေ့... ဖျားလည်းမဖျားတော့ဘူး၊ ဆာပဲဆာတယ်"

ကျွန်မက အခန်းပြင်ဘက် အမေ့ဆီလှမ်းအော်ရင်း... ထွက်လာ

ခဲ့တယ်။ ခေါင်းအုံးဘေးက ကျွန်မ လက်ပတ်နာရီကလေးကို လှမ်းကြည့်ခဲ့တော့ ဆောင်းနာရီက ကိုးနာရီတောင် ကျော်နေပြီ။ ကျွန်မ ပြတင်းပေါက်နားမှာ အကြာကြီး ရပ်ခဲ့တာပဲ။ သုံးရက်ဖျားထားတဲ့အရှိန်နဲ့ ဗိုက်ထဲမှာလည်း တုန်တုန်ယင်ယင် ဖြစ်စပြုပြီ။

"မိထွေး... နင့်အစ်မကို ဆန်ပြုတ် သွားခပ်ပေးလိုက်ဦး။ ထားခဲ့ အဲဒီချိန်လက်စကို၊ ကြောင်အိမ်ထဲက ငါးကြော်လေးလည်း ယူပေးလိုက်၊ ဘာလဲ မဆလာလား၊ ရှိတယ်လေ။ ဟိုမှာ မမြင်ဘူးလား၊ အတွဲလိုက် ပေါ်မှပေါ်"

"ရတယ်... မိထွေး မလာနဲ့ ငါ့ဘာသာ ခပ်သောက်နိုင်တယ်"

ကျွန်မ မျက်နှာသစ်နေတုန်း အလုပ်ရှုပ်နေတဲ့အမေက စီမံခန့်ခွဲနေတယ်။ ကျွန်မတို့အိမ်က အမြဲ အလုပ်ရှုပ်နေတတ်တဲ့အိမ်။ ဒီနေ့က ဥပုသ်နေ့ဆိုတော့ ကုန်စုံဆိုင်က အလုပ်ပိုရှုပ်နေတယ်။ အရင် ဥပုသ်တွေဆို ကျွန်မရော၊ မိထွေးရော၊ အမေရော တစ်ချက်မှ မနားရဘူး။ အဖေနဲ့ မောင်လေးကတော့ ဒီလိုအချိန် အားမကိုးရပါဘူး။ လက်ဖက်ရည်ဆိုင်မှာ ထိုင်လို့ကောင်းတုန်း။

"မနေ့တုန်းက ဈေးမှာ ဟိုကျောင်းဆရာ နင့်လာမေးသေးတယ်၊ နေကောင်းပြီလားတဲ့"

မိထွေးက ကျွန်မကို ဆန်ပြုတ်ခပ်ပေးရင်း တိုးတိုးပြောတယ်။ ကျွန်မ ဈေးမထွက်နိုင်တဲ့ သုံးရက်လုံး သူလာမေးရှာတယ်ဆိုတဲ့အသိနဲ့ ကျွန်မ ရင်တွေ လှုပ်ရှားနေမိတယ်။ မိထွေး မရိပ်မိအောင် ဆန်ပြုတ်ကို တစ်ဇွန်းပြီးတစ်ဇွန်း ခပ်သောက်နေမိတယ်။

"ဟော အချိန်မှန် မခင်လှသမီးလာပြီ၊ ဆွမ်းတော်တွေတောင် သွားပြီး သူက ခုမှ ထမင်းချက်မှာ၊ ဟဲ့ ဆန်ဘယ်နှလုံးလဲပြော"

"တစ်လုံး"

အမေရဲ့ "ဘာဟဲ့" ဆိုတဲ့အသံနဲ့အတူ၊ ကျွန်မရော မိထွေးပါ ဆိုင်ရှေ့က ပုဆိုးစုတ်ကလေးကိုင်ရင်း ရပ်နေတဲ့ မခင်လှ သမီးလေးကို

ကြည့်မိတယ်။

"ဟဲ့... လူကငါးယောက်၊ ဆန်ကတစ်လုံး နင်တို့ ဘယ်လို ချက်စားကြမှာလဲ"

အမေက ဆန်တစ်လုံးချိန်ထည့်ပေးရင်း မသိသားဆိုးဝါး ပြောနေတာကို မိထွေးက 'ကျွတ်' ခနဲ စုတ်သပ်ပြီး "အမေကလဲနော် လူငါးယောက်နဲ့ ဆန်တစ်လုံးဆိုကတည်းက ဘာလုပ်စားမယ်ဆိုတာ မသိဘူးလား၊ မခင်လှတို့ လင်မယားနှစ်ယောက်လုံး အလုပ်မရှိတော့ တာကိုလည်း သိလျက်သားနဲ့" လို့ပြောတယ်။ ပြီးတော့ မခင်လှသမီး လေးနောက်ကို လိုက်ငေးနေမိတဲ့ ကျွန်မဘက်လှည့်လာပြီး–

"နင့်... အဲဒီဆရာကလဲဟယ် စိတ်ညစ်ဖို့ကောင်းတာ၊ ဘယ် တော့ကြည့်လိုက်ကြည့်လိုက်၊ ဒီပုဆိုးနဲ့ ဒီတိုက်ပုံချည့်ပဲ"

ရှုံ့မဲ့နေတဲ့ မိထွေးမျက်နှာကိုကြည့်ရင်း ကျွန်မရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားမိတယ်။ အမြဲတမ်း ညှိုးညှိုးနွမ်းနွမ်းနိုင်လှတဲ့ ဆရာ့ကို ကျွန်မ မြင်ယောင်လာတယ်။ လူငါးယောက်နဲ့ ဆန်တစ်လုံးတဲ့။ ဆရာ တစ်ယောက်ကောဟင်။ ဆရာ့လခလေးနဲ့...

"ဟဲ့... အေးသစ် ညည်းနေကောင်းလို့ သွားနိုင်ရင်၊ အဝင်းတို့ အမေ အသုဘလေ သွားပို့လိုက်ဦး၊ သွားနိုင်မလား၊ မနက်က ညည်းအိပ် နေတုန်းက အဝင်း တစ်ခေါက်လာသေးတယ်"

ဟုတ်ပါရဲ့ ခုမှပဲ အမှတ်ရတော့တယ်။ ကျွန်မက ကပျာကယာ ထရပ်မိတယ်။

"ကျွန်မသွားနိုင်တယ်အမေ၊ ခုပဲသွားမှ၊ မသွားလို့ ဘယ်ကောင်း မလဲ"

အဝင်းနဲ့ကျွန်မက ဝလုံးတန်းကတည်းကသူငယ်ချင်း၊ ခုထိ လည်း ဈေးထဲမှာ ဈေးတူတူရောင်းရင်း ခင်ကြတုန်း။ အဝင်းအမေက နာတာရှည်ဖြစ်နေရှာတာ။ ကျွန်မ စဖျားတဲ့နေ့က ဆုံးတာ။ အဝတ် အစားအမြန်လဲပြီး စက်ဘီးလေးဆွဲထွက်တော့ အမေက ပူပန်ပြန်တယ်။

"ညည်း စက်ဘီးနင်းနိုင်ပါ့မလား၊ မိထွေး လိုက်ပို့ခိုင်းရမလား"

"ရတယ်အမေ... ကျွန်မ နင်းနိုင်တယ်" ဆိုပြီး၊ ကျွန်မ ထွက်ခဲ့တယ်။ အမှန်က ကျွန်မ ဒီထက်ပိုပြီး အစောကြီးရောက်ရမှာ။ ဒါပေမဲ့ အဝင်းက ကျွန်မထက်ပိုပြီး သွက်ပါတယ်။ လုပ်လည်းလုပ်နိုင်တယ်။ သူတို့မှာ ဆွေအုပ်မျိုးအုပ်လည်း တောင့်ပါတယ်လေ။ အဝင်းတို့အိမ်ရှေ့ ရောက်တော့ လူတွေတောင် တော်တော်ရောက်နေပြီ။ ဒါပေမဲ့ အသုဘ ချမယ့်အချိန်ကတော့ စောပါသေးတယ်။ တစ်ချက်တီးမှ ချမှာဆိုတော့ ခုမှ ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး။

"ဟဲ့... အေးသစ် နင် နေကောင်းသွားပြီလား"

စက်ဘီးတစ်စီးနဲ့ အိမ်ထဲကထွက်လာတဲ့ အဝင်းနဲ့ ကျွန်မ အိမ်ပေါက်ဝမှာဆုံတယ်။ စက်ဘီးစီးလာရလို့ နည်းနည်းမောနေတဲ့ ကျွန်မ အသက်ပြင်းပြင်းရှူလိုက်ရင်း...

"နင်.... မနက်က လာသေးတယ်ဆို၊ ငါ အိပ်ရာထနောက်ကျသွားလို့ပဲ... နင် ခု ဘယ်သွားမလို့လဲ"

"အမေ့အတွက် မြေနေရာ သွားကြည့်မလို့၊ ဘယ်နားမှာလဲဆိုတာ သိချင်လို့ပဲ နင်လိုက်ခဲ့မလား..."

"နင်တစ်ယောက်တည်းလား"

"ဟင့်အင်း... ငါ့မောင်လေးလည်းလိုက်မယ်၊ လာပါ၊ လိုက်ခဲ့ပါ၊ ဒီမှာ ဘာမှလုပ်စရာလည်း မရှိပါဘူး"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။ အစက မလိုက်ဘဲ နေမလို့ပဲ။ ဒါပေမဲ့ ဘာလို့ရယ်မသိ၊ ကျွန်မစိတ်မှာ ဖျတ်ခနဲ အမှတ်ရလာတာက ဆရာနေတာ မြို့ပြင်ရပ်ကွက်မှာ။ သင်္ချိုင်းနားက ရပ်ကွက်မှာလေ။ ဘာလဲ... သုံးရက်မတွေ့ရလို့ သူ့ကို ကျွန်မ တွေ့ချင်နေလို့လား။ မသိပါဘူး။ သူနဲ့ကျွန်မက ဘာဆိုင်တာမှတ်လို့နော်...။

အဝင်းရယ်၊ ကျွန်မရယ်၊ အဝင်းမောင်လေးက ရှေ့ဆုံးက မြို့ပြင်ဘက် သင်္ချိုင်းဆီကို ကျွန်မတို့ စက်ဘီးနင်းခဲ့ကြတယ်။ ဟော... ရှေ့

နားမှာ ဆရာတို့နေတဲ့ရပ်ကွက်။ ကျွန်မရင်ထဲ လှိုက်ခနဲ ခုန်သွား တယ်။ ခက်တာက ဆရာတို့အိမ်ကို ကျွန်မ မသိဘူး။ အဝင်းလည်း ဘယ်သိပါ့မလဲနော်။ ဆရာတို့ရပ်ကွက်ကလွန်ရင်ပဲ သင်္ချိုင်းအဝင်ဝကို လှမ်းမြင်နေရပြီ။ သင်္ချိုင်းအဝင်မှာ ကလေးတွေ တော်တော်များများ စုရုံးနေကြတယ်။

"အေးသစ်ရေ... မမကြီးကမ်းမယ့်ဆပ်ပြာကတော့ မလွယ်ကြောပဲ၊ ဟိုမှာ သတင်းကြားနဲ့ လာစောင့်နေကြတာ တွေ့လား"

အဝင်းမေးငေါ့ပြတဲ့ မည်းညစ်ညစ် ညှိုးနွမ်းနွမ်းကလေးတွေနဲ့ မိန်းမတချို့ကိုကြည့်ပြီး ကျွန်မရင်ထဲ မကောင်းဘူး။ အဝင်းတို့ မမကြီး၊ သူ့အမေအတွက် ကုသိုလ်အဖြစ် ကမ်းမယ့် ဆပ်ပြာတွေကို သူတို့ နှစ်ခါ သုံးခါပြန် ဝင်ယူကြမယ်၊ ပြီးတော့ ရောင်းစားမယ်၊ ရောင်းစားလို့ရတဲ့ ပိုက်ဆံနဲ့ သူတို့ ဆန်ဝယ်ကြလိမ့်မယ်။ အရင်တုန်းကထက်လည်း လူတွေ ပိုများလာသလိုပဲ။

ကျွန်မတို့ သင်္ချိုင်းထဲ ဝင်ခဲ့ကြတော့ သင်္ချိုင်းထဲက ဟိုနေရာ ဒီနေရာတွေမှာ မြေမြှုပ်ဖို့ နေရာလာကြည့်တဲ့သူတွေနဲ့ သုဘရာဇာ တွေကို မြင်ရတယ်။ အဝင်းမောင်လေးက "ဟိုမှာ ငါပြောထားခဲ့တဲ့ သုဘရာဇာကြီး" လို့ လက်ညှိုးထိုးပြရင်း ကျွန်မတို့ကို ခေါ်သွားတယ်။

"ဦးကြီး... ကျွန်တော်တို့အမေ မြေနေရာကြည့်ချင်လို့ ဘယ်နား မှာလဲ" သုဘရာဇာဦးကြီးက ကျွန်မတို့တွေကို ခပ်အေးအေးကြည့်တယ်။

"နာမည်ပြောလေကွာ... ဒီနေ့ မိန်းမနှစ်ယောက်ရှိတာကွ"

အဝင်းဆီက "ဒေါ်သိန်းခင်" ဆိုတဲ့ အသံတိုးတိုးလေး ထွက်လာ တယ်။

"အော်... ဒေါ်သိန်းခင်လား၊ ဟောဟိုနားမှာ လာလေ လိုက်ပြ မယ်၊ ကျင်းတောင် တူးပြီးလုနေပြီ"

အဝင်းမောင်လေးက အိတ်ထောင်ထဲ လက်နှိုက်ပြီး...

"ဦးကြီးကို ကျင်းတူးခ မပေးရသေးဘူး၊ ရော့ ဦးကြီးပြောထား

တာ ငါးရာနော်"

"အေးပါ"

သုဘရာဇာကြီးက ငွေငါးရာကို မမှုသလို လက်ထဲ ကိုင်လာတယ်။ နည်းနည်းလျှောက်မိတာနဲ့ တူးထားတဲ့ မြေစာပုံတစ်ပုံကို လှမ်းမြင်ရတယ်။ သုဘရာဇာကြီးက မေးငေါ့ရင်း...

"အဲဒါပဲကွ" တဲ့။ နေရာလေးက ကောင်းပါတယ်။ ကုန်းမြင့်မြင့်လေးပေါ်မှာ။

"ကျင်းကို သွားကြည့်ဦးမလား၊ လာလေ ကျင်းက ပြီးလောက်ပါပြီ"

"ငါ့ကောင်တွေကို ပိုက်ဆံပေးရဦးမယ်ကွ"

အဝင်းက ကျင်းကို မကြည့်ချင်တာနဲ့ မြေစာပုံနားမှာပဲ ကျွန်မတို့ ရပ်ကြတယ်။ သုဘရာဇာကြီးက ပေါက်တူးနှစ်လက်ကိုင်ပြီး ကျင်းထိပ်မှာရပ်နေတဲ့ လူနှစ်ယောက်ဆီ သွားတယ်။ လက်ထဲကိုင်ထားတဲ့ ပိုက်ဆံငါးရာထဲက နှစ်ရာကို သူ့အိတ်ထဲထည့်တယ်။ ဟိုလူနှစ်ယောက်ကို တစ်ယောက်တစ်ရာစီပေးရင်း ကျင်းထဲကိုလည်း ရာတန်တစ်ရွက် လှမ်းချပေးတယ်။ ပြီးတော့ ကျင်းထဲ လက်လှမ်းပေးရင်း သူ့အသံကျယ်ကျယ်ကြီးနဲ့ တဟားဟား ရယ်နေသေးတယ်။ သုဘရာဇာကြီးရဲ့လက်ကို ခိုတွယ်ပြီး ကျင်းပေါ်ကို လူတစ်ယောက် တက်လာတယ်။ အို... ဘုရားရေ... ကျွန်မတို့ကို ကျောပေးပြီး စကားပြောနေတဲ့ အဲဒီလူဟာ မြေကြီးတွေ ပေကျံနေတဲ့ အရောင်လွင့်လွင့် ပုဆိုးစိမ်း၊ ကုပ်ဖွာနေတဲ့ အင်္ကျီအဖြူ။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်မ ရင်တွေ တထိတ်ထိတ်ခုန်လာတယ်။ အားကိုးရာတစ်ခုလို အဝင်းလက်ကို ကျွန်မ တုန်တုန်ယင်ယင် လှမ်းဆုပ်လိုက်တုန်းမှာပဲ သူ... သူ အဲဒီလူက ကျွန်မတို့ဘက်ကို လှည့်ကြည့်လိုက်တယ်။

"ဆရာ"

အို... ဒီခဏကို ကျွန်မ ဘယ်လိုလုပ် မေ့နိုင်ပါတော့မလဲ။ ချွေး

တွေနဲ့ မြေကြီးတွေ၊ ရှက်ခြင်းနဲ့ နာကြည်းခြင်းတွေ ရောနှောပေါင်းစပ် ပေကျံနေတဲ့ သူ့မျက်နှာ။ မြေကြီးတွေ စွန်းထင်းနေတဲ့ ပုဆိုးစိမ်းနွမ်းနဲ့ အင်္ကျီဖြူနွမ်း။ ပြီးတော့ ပေါက်တူးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားတဲ့ မြေဖြူကိုင်နေကျ သူ့လက်ချောင်းတွေ။ သူတွေ့ချင်နေတဲ့ ကျွန်မကို တွေ့လိုက်လို့ ဖျတ်ခနဲ ဝင်းလက်သွားတဲ့ ပါဝါမျက်မှန်အောက်က မျက်လုံးမှိုင်းမှိုင်းတွေကို မြင်လိုက်ရတာက ခဏလေးရယ်။ ခေါင်းကို အမြန်ငုံ့ချရင်း သူထွက်သွားခဲ့ပြီ။ ဆရာရယ်...။

ကျွန်မနှလုံးသားတွေ ပေါက်ထွက်လုမတတ် ခုန်နေပါတယ် ဆရာ။

ကျွန်မလေ ဆရာ့ကို ချစ်တယ်ဆရာ။ သိပ်ချစ်ပါတယ်။ ဒါပေမဲ့ ကျွန်မလေ ကျွန်မ သိပ်ဝမ်းနည်းတယ်ဆရာ၊ သိပ်ငိုချင်တယ်။ ကျွန်မ ငိုပါရစေနော်။

**ပေဖူးလွှာမဂ္ဂဇင်း၊**

**နိုဝင်ဘာ၊ ၁၉၉၀ ခုနှစ်။**

**နုနုရည်(အင်းဝ)ဝတ္ထုတိုများမှ**

❖



# ထမင်းတွေပုံ ဟင်းတွေပုံ

ဒီနေ့မှာပဲ အချိန်တွေရယ် ကုန်ခဲလိုက်ပါဘိတော့။

ညနေလေးနာရီကလည်း ထိုးခဲလိုက်ပါဘိတော့။

တဗွီဗွီ သံစုံအော်မြည်နေသော ဗိုက်ပိန်ချပ်လေးကို ခဏခဏ ပွတ်သပ်ငုံ့ကြည့်ရင်း "ရေပေါ" မျှော်လင့်စောင့်စားနေရတာ ကြာလှ ပါပကော။ မနက်ကတည်းက ဆန်တစ်ဆုပ်ပြုတ် ရေကျဲကျဲကို သား အဖနှစ်ယောက် ဝေမျှသောက်ပြီးတဲ့ မနက် ကိုးနာရီလောက်ကတည်း က ရေပေါ စောင့်နေရတာ။ ဘယ်သူ့ကိုရမလဲ။ ထမင်းလေ ထမင်း။ ရေပေါတို့ မြန်မာပြည်သားတိုင်း မစားရမနေနိုင်တဲ့ ထမင်းပေါ့။

ရေပေါ ကျောင်းကမထွက်ခင် လေးတန်းမှာတုန်းက ဆရာက သင်တယ်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်တဲ့။ ဟင့်အင်း ရေအသက် တစ်မနက်တဲ့ ဟင့်အင်း ထမင်းမက်တဲ့ ရေပေါ ကတော့ အဲဒီအဆိုကို ပြင်ချင်တယ် "ထမင်းအသက် တစ်မနက်၊ ရေ အသက် ခုနစ်ရက်" လို့ပဲ ငယ်ငယ်ကတည်းက ထမင်းတစ်ခုတည်းကိုပဲ အားပြု ကြီးပြင်းလာခဲ့ရလို့လားမသိဘူး။ ရေပေါ ထမင်းကို မက်တယ်။ ဆန် နီသည်ဖြစ်စေ၊ ဝါသည်ဖြစ်စေ၊ ဟင်းပါသည်ဖြစ်စေ၊ မပါသည်

ဖြစ်စေ ထမင်းကို စားလိုက်ရမှ တင်းတိမ်တယ်။ ရေပေါ စိတ်ထင်လေ။ ရေကိုသာ ခုနစ်ရက် အငတ်ခံနိုင်မယ်။ ထမင်းကိုတော့ တစ်မနက် အငတ်မခံနိုင်ပါဘူးလို့။ ဟားဟား ခုတော့လည်း ငိုချင်စရာ အကောင်းသား၊ ရေပေါတို့ သားအဖ ထမင်းမစားရတာ တစ်မနက်မက၊ တစ်ညနေမက ခုနစ်ရက်တောင်ကျော်ခဲ့ပြီ။

ရေပေါတို့သားအဖတင် ဘယ်ဟုတ်မလဲ။ ခုချိန်မှာတော့ သူသူငါငါဆိုတာကိုပဲ အလုပ်အကိုင်တွေက မဖြစ်၊ ဆန်ဈေးက နှစ်ဆယ်နဲ့ ကန်စွန်းဥ၊ ပိန်းဥပြုတ်တစ်လုည့်၊ ဘာမှမပြုတ်တာ တစ်လှည့်နဲ့ အသက်ဆက်နေရတဲ့ ရေပေါတို့လို လူမျိုးတွေလည်း ရွာထဲမှာ အပုံပေါ့။ ရွာထဲမှာ ထမင်းမှန်အောင်စားနိုင်တဲ့အိမ်က နည်းနည်းရယ်။ သူတို့တောင် ခုတစ်လော ခေါက်ဆွဲတစ်လှည့်၊ ချာပါတီတစ်လှည့်၊ ဒါကြောင့်မို့လို့ ဒီနေ့အဖို့ အားလုံးက မျှော်လင့်နေကြပါသည် ဖြစ်နေတာ။ ရေပေါတို့ရွာမှာ ဒီနေ့ညနေ လေးနာရီ ဆန်သုံးတင်းဟင်းချက် စတုဒီသာ ထမင်းအလှူရှိတယ်လေ။

ထမင်းအလှူရှင်က မန္တလေးက ဒီရွာသား၊ မန္တလေး ဈေးချိုထဲမှာ ဆိုင်နှစ်ဆိုင်၊ သုံးဆိုင်နဲ့ စီးပွားရေး ပြေလည်နေတဲ့သူ၊ ပိုက်ဆံရှိတဲ့သူ ဒီရွာက သူ့အမျိုးသမီးအိမ်မှာ စတည်းချပြီး လာကျွေးတာ။

တကယ်တော်တဲ့လူ၊ ရွာထဲကဆိုသူ မလာခင်ကတည်းက လာကျွေးမယ်ဆိုတဲ့ အသံကြားကတည်းက တစ်ရွာလုံး သာဓုခေါ်နေကြတာ။ သူတကယ် ကုသိုလ်ရပါတယ်။ ဝနေတဲ့လူတွေကို ကျွေးတာထက် မဝတဲ့လူတွေကို ကျွေးတာ ပိုပြီးတော့ သူကုသိုလ်ရဦးမယ်။

ဆန်က သုံးတင်းချက်၊ ဟင်းက ဝက်သားနဲ့ ကုလားပဲရော၊ ပဲတီချဉ်သုတ်တဲ့။ သိပ်မြိန်မှာပဲ။ မစားရတဲ့ရက်တွေကို အတိုးချပြီး ရေပေါအားရပါးရ စားပစ်လိုက်စမ်းမယ်။ အင်းတစ်ခုပဲ၊ တစ်ခုပဲ ဆန်သုံးတင်းချက်နဲ့ ရွာရှိ လူအားနဲ့က မျှဘူး။ ဦးသူဝင်စား၊ ထမင်းဟင်းကုန်တာနဲ့ ကုန်တန် ဝတန်ပဲဆိုတော့ မကုန်ခင်မှာ ဝဖို့အတွက် ရေပေါ ကြိုးစားရ

လိမ့်မယ်။

အရေးထဲမှာ အဖေကလည်း ခုထိ ပေါ်မလာဘူး။ အမေတို့ သွားနေတဲ့ ကျည်းတောက လူကြုံလာတယ်ဆိုတာနဲ့ ငေါက်ခနဲ ထသွားလိုက်တာ ကြာလှပြီ။ အေးလေ အချိန်က စောတော့ စောပါသေးတယ်။

အဖေပြန်လာရင် ကျည်းတောမှာ အမေတို့ နပ်မှန်တယ်ဆိုတဲ့ အသံပဲ ကြားပါရစေ။ အမေ့အစ်မ ကြီးတော်ကြီးတို့ကတော့ စားနိုင်သောက်နိုင်တဲ့လူတွေပါ။

လယ်ပိုင်ယာပိုင်တွေပါ။ အမေသာ လယ်မပိုင်၊ ယာမပိုင်၊ ကိုယ်ခန္ဓာတစ်ခုကိုပဲ ပိုင်တဲ့ မင်းနေပြည်တော်ဟောင်းသား အဖေ့ကို ယူမိလို့ မစားနိုင် မသောက်နိုင်လို့ လူခွဲပြီး အစ်မဆီပြေးတဲ့ အမေတို့ သားအမိသုံးယောက်ကို ကြီးတော်ကြီးတို့ ကြည်ဖြူပါစေ၊ သဒ္ဓါပါစေ၊ အမေနဲ့အတူတူ ရေပေါ်အောက်က အလတ် မစိန်ဝင်းရွှေနဲ့ အငယ်ကောင် ငွေပေါ်တို့ နှစ်ကောင် ပါသွားသေးတယ်။ ရေပေါ်ကမှ လေးတန်းအထိ နေခဲ့ဖူးသေးတယ်။ စိန်ဝင်းရွှေက တစ်တန်းတောင် မရောက်ဘူး။ သူငယ်တန်းကြီးနဲ့ မိန်းကလေးဆိုပြီး အမေက ကျောင်းနုတ်ပစ်တယ်။ ငွေပေါ်ကတော့ တစ်တန်းရောက်ပြီ။ ဒါပေမဲ့ ဒီကောင်လည်း သိပ်စာတတ်မှာ မဟုတ်ပါဘူး။ ကျောင်းမှ မလိုက်ရတော့တာ။ ဒီကောင့်အသက်က ခုဆို ရှစ်နှစ်၊ အလတ်မက ဆယ့်တစ်နှစ်၊ ရေပေါ်က ဆယ့်ငါးနှစ်။

ရေပေါ်တို့ မောင်နှမ သုံးယောက်ထဲမှာ ထမင်းအစားအကြီးဆုံးမို့ ထမင်းစားချိန်တိုင်း ရေပေါ်ကို တုတ်နဲ့ အမေ တဖတ်ဖတ်ချတာကို သတိရမိတိုင်း ရေပေါ် ထမင်း ပိုဆာလာတယ်။ အဖေ မြင်းလှည်းမောင်းလိုက်၊ ငှက်ခတ်လိုက်၊ သံသပိတ် ရိုက်လိုက်နဲ့ ကြုံရာကျပန်းအလုပ်တွေလုပ်ပြီး အဆင်ပြေလာတဲ့အခါမှာ အမေချက်တဲ့ ချဉ်ပေါင်စပ်ချဉ်နဲ့ ဝက်အူချက်ကို ရေပေါ် အောက်မေ့လိုက်တာ၊ နှုတ်ခမ်းတွေကို ရေပေါ် လျှာနဲ့ လိမ်းသပ်မိတယ်။ မရောက်သေးဘူးလား။ လေးနာရီ

ရယ် ရောက်ပါတော့။

"မြန်မာစံတော်ချိန်မှာလည်း တစ်နာရီခွဲရှိပြီမို့ မြန်မာပိုင်း အစီအစဉ်များ ဤတွင် ရပ်ဆိုင်းပြီး"

ဟိုဘက် သုံးအိမ်ကျော် ဦးချစ်တီးတို့အိမ်က ရေဒီယိုကို ရေပေါကပျာကယာ နားစွင့်ရတယ်။ အဲ... တစ်နာရီတော့ခွဲပြီ။ ဦးချစ်တီးတို့ကလည်း ပြီးခါနီးမှပဲ ရေဒီယို ဖွင့်ပေးတော့တယ်။ စိတ်ပြေလက်ပျောက်ရေဒီယိုလေး လှမ်းနားထောင်နေမလို့ဟာ၊ သီချင်းလာလိုက် ဒေါက်ခနဲပိတ်လိုက် တော်ကြာနေ ပြန်ဖွင့်လိုက်၊ ဒေါက်ခနဲ ပိတ်လိုက်နဲ့ အလကားကလိနေတယ်။ အရင်ဆို အစကနေ အဆုံး အကျယ်ကြီး မိုင်ကုန်တင်နေကျ။ နားထောင်ချင်ပါတယ်ဆိုတဲ့နေ့ကျမှ သူက ကလိနေတယ်။ အင်း... တစ်နာရီခွဲဆိုတော့ သုံးနာရီထိုးဖို့ ဘာလို့တော့မလဲ။ ရေပေါတို့ရွာ လယ်ယာဖွံ့ဖြိုးရေး လက်ဖက်ရည်ဆိုင်ကို လက်ဖက်ရည်သောက်၊ ရေနွေးသောက်သွားတဲ့သူတွေတောင် ရွာလမ်းမမှာ စည်လာပြီ။

ရေပေါ ကောက်ခနဲ ထထွက်လာခဲ့တယ်။ ဗိုက်ထဲမှာ ကတုန်ကယင်ကြီးနဲ့ အိမ်မှာနေမယ့်အတူတူ ဖွံ့ဖြိုးရေးဆိုင်သွားထိုင်၊ ရေနွေးသောက်ပြီး ဟိုစကား ဒီစကား နားထောင်နေတာက မြန်မြန် အချိန်ကုန်မယ်။

"ဟေ့ကောင် ရေပေါ ရေနွေးသောက်တဲ့ကောင်က ဟိုဘက် တိုးပေးလိုက်ဦးကွ၊ လူကြီးတွေကို"

ဖွံ့ဖြိုးရေးဆိုင်တာဝန်ခံ ကိုအောင်တင့်က လှမ်းမာန်တော့ လူပျိုပေါက်ရေပေါ နည်းနည်းတော့ ရှက်မိသား။ ဟင်း... လက်ဖက်ရည်လေးတစ်ခွက် မသောက်နိုင်တာနဲ့ လူတွေက တော်တော်နှိမ်ချင်တယ်။ ရေပေါတို့ အရင် ထောနေတုန်းကဆို လက်ဖက်ရည်တင်မက ပေါင်မုန့်နို့ဆီဆမ်းပါ စားနိုင်တာကို အောင်တင့် ခင်ဗျားကြီးလည်းအသိ၊ တစ်ရွာလုံးလည်းအသိ။ ဖွံ့ဖြိုးရေးဆိုင်ရာ ထရံမှာ ရေးကပ်ထားတဲ့ စာရွက်ဖြူကို ရေပေါ နာနာကြည်းကြည်း ကြည့်မိတယ်။

"ယခုအချိန်တွင် သီးနှံစိုက်ပျိုးရာသီသို့ ရောက်ရှိလာပြီ ဖြစ်ပါသဖြင့် လယ်ကွင်းလယ်ကွက်များအတွင်းသို့ ဝင်ရောက်ရွှေကျင်ခြင်း မပြုလုပ်ကြရန်။ တွေ့ရှိပါက ဥပဒေအရ ပြင်းထန်စွာ အရေးယူခြင်းခံရမည်"

ဒီရွှေကျင်တာ မပိတ်သေးခင်ကဆို ရေပေါတို့ ဘယ် ထမင်းပြတ်လိမ့်မတုန်း။ ထမင်းလည်းမပြတ်။ လက်ဖက်ရည်လည်းမပြတ်။ ပေါင်မုန့်နို့ဆီဆမ်းလည်းမပြတ်။ ရွံ့ထဲရေထဲမှာ ကျွဲတွေနွားတွေလို ပင်ပန်းပြီး ဘယ်လောက်ပဲ လူနဲ့မတူတူ မျှော်လင့်ချက်ကလေး တဝေဝေနဲ့ ပျော်လို့တောင်နေသေး။

လောဘသားကိုး။ ရေပေါတို့ ရွှေကျင်တဲ့ လယ်ကွက်နေရာတွေက အလျင် မင်းနေပြည်တော်ဟောင်းနဲ့ သူဌေးတန်းဆိုတဲ့ နေရာလေ။ ဘုရားပြို ဘုရားပျက်တွေလည်း အများအပြား ရှိနေတဲ့နေရာ။ ရေစပ်စပ်လယ်ကွက်မှာ ရွှေကျင်သမားတွေ ရွှေကျင်ပြီဆိုမှဖြင့် အများအားဖြင့် ရကြတာတွေက ရွှေလက်စွပ် အပဲ့လေးတွေ။ နားကပ်လေးတွေ၊ ရွှေတုံး၊ ရွှေစ အပဲ့လေးတွေ ပြီးတော့ ကျောက်ကလေးတွေလည်း ရကြတယ်။ အဲဒီကျောက်ကလေးတွေက တစ်ခါတလေ ထောင်ကျောက်၊ သောင်းကျောက်တွေ ဖြစ်နေရတတ်တယ်ဆိုတဲ့ သတင်းစကားနဲ့ ကျောက်ရှာသူတွေ၊ ကျောက်ကျင်သူတွေ တရုန်းရုန်း။

သူဌေးတန်းတွေရဲ့ မန်ကျည်းပင်တန်းအုပ်အုပ်အောက်မှာ တရုန်းရုန်းရှိခဲ့ကြတဲ့ ရောင်းသူဝယ်သူတွေ၊ ပိုက်ဆံတွေကို ရေပေါ ပြန်မြင်ကြည့်နေမိတယ်။ ရွှေကျင်တာသာ မပိတ်ရင် အမေတို့ ကျည်းတောကို မပြေးရပါဘူး။ ရေပေါတို့ သားအဖလည်း ဒီလို ဘယ်နေရလိမ့်မလဲ။ ဒုတိယအကြိမ် ထရံပေါ်က တားမြစ်စာရွက်ကို ရေပေါ ငေးကြည့်နေမိတုန်း...။

"ဟေ့ ဟေ့... ဘာလဲကွ ဘာဖြစ်တာလဲ"

ကိုအောင်တင့် အာကျယ်သံနဲ့အတူ ဆိုင်ထဲကို လူသုံးလေး

ယောက် ပြေးဝင်လာကြတယ်။ မျက်နှာမှာ ရွှံ့စက်တွေ ဗရပွ၊ ရေစို တစ်ပိုင်း၊ ပေါက်တူးတွေ၊ ဒယ်ပိုင်းတွေ တိုးလိုးတွဲလောင်းနဲ့။ ရွှေကျင်တဲ့ သူတွေ။

"စိန်သောင်း... ဟေ့ကောင် ဘယ်လိုဖြစ်လာတာလဲ"

ရေပေါ်နဲ့ ရွှေကျင်ဖော် သူငယ်ချင်း စိန်သောင်းက ရေပေါ်နား ကပ်လာပြီး ဟီးခနဲ တစ်ချက် ရယ်လိုက်ရင်း...

"ငါတို့ ရွှေ သွားခိုးကျင်တာကွ ကင်းလှည့်တာနဲ့မိလို့ ပြေးလိုက် ရတာကွာ၊ ဘာပြောကောင်းမလဲ"

ရေပေါ်ရှေ့က ရေနွေးခွက်ကို ရွှံ့စက်တွေ ပေကျံ အေးစက်တုန် ယင်နေတဲ့လက်နဲ့ ယူသောက်လိုက်တဲ့ စိန်သောင်းကို ကိုအောင်တင့်က ခပ်ထွေထွေ လှမ်းကြည့်တယ်။

"မင်းတို့ကလည်း မင်းတို့ပဲ၊ သေဦးမယ်... မင်းတို့ကောင်တွေ၊ ဟိုမှာတွေ့လား၊ စာကို သေချာဖတ်၊ သူများတွေ စိုက်တဲ့ပျိုးတဲ့အချိန်ပါ ဆိုနေမှ၊ ကိုယ်ချင်းလေးဘာလေး စာမှပေါ့ကွ"

စိန်သောင်းနောက်နားက ရပ်နေတဲ့ ရွှေကျင်တဲ့လူကြီး တစ်ယောက်ဆီက "ကိုယ်ချင်းစာပါတယ်ဗျာ" ဆိုတဲ့ အသံတိုးတိုးလေး ထွက်လာတုန်းမှာပဲ လက်ဖက်ရည်ဆိုင်ရှေ့က ပြေးလွှားသံတွေနဲ့ အတူ...

"ထမင်းကျွေးနေပြီတဲ့ဟေ့"

ရေပေါ် ကပျာကယာ ထရပ်လိုက်တယ်။ တံတွေးကိုလည်း ဂလု ခနဲနေအောင် မျိုချလိုက်တယ်။

"စိန်သောင်း ပြေးကြစို့၊ လာ ငါတို့ ထမင်းစားရတော့မယ်"

ရေပေါ် ရင်တွေတောင်မှ တဒိတ်ဒိတ် ခုန်လာတယ်။ ထမင်း၊ ရေပေါ် တကယ် ထမင်းစားရတော့မယ်။

ပဲဟင်းနဲ့၊ ပူပူနွေးနွေး ထမင်းနဲ့ နှစ်ထပ်အိမ်ကြီးရှေ့၊ မြေတလင်း ပြောင်ပြောင်ပေါ်က ထမင်းဝိုင်းတွေထဲမှာ ကြောက်ခမန်းလိလိ တိုးဝှေ့

နေကြတဲ့ လူအုပ်ကြီး။

ဘုရား၊ ဘုရား။ ရေပေါ စားမှ စားရပါ့ဦးမလား။ အိုး ဘယ်ဖြစ်မလဲ။ ဘယ်ဖြစ်မလဲ။ မစားရလို့ကတော့ ဘယ်ဖြစ်မလဲ။ ရေပေါ ထမင်းမစားရတာ ကြာပြီဗျ။

"ဖြည်းဖြည်းဗျို့ ဖြည်းဖြည်း၊ ထမင်းတွေ ဟင်းတွေအများကြီး"

ထမင်းလိုက်နေတဲ့ ဘိုးမြကြီးက ဘယ်လောက်ပဲအော်အော် ဆာနေတဲ့လူတွေကတော့ မဖြည်းနိုင်ဘဲ မြန်မြန်ဆန်ဆန် တိုးမြဲ တိုးနေကြတယ်။ စားမာန်ခုပ်နေတဲ့ ရေပေါလည်း ထမင်းဝိုင်းမှာ တစ်နေရာရဖို့ စိန်သောင်းနဲ့အတူတူ တိုးတယ်၊ တွန်းတယ်၊ ဖွတ်ဝင်တိုက်တယ်၊ မရဘူး၊ မဝင်သာဘူး။ စားလက်စလူတွေက ကြာသလို စားပြီးတဲ့လူ ထတာနဲ့ ပန်းကန်ပြား ဝင်ဆွဲတဲ့သူက အဆင်သင့်။ ပန်းကန်ဆေးတဲ့လူဆီတောင် ပန်းကန်ပြား မရောက်ဘူး။ ကိုယ့်ဘာသာသွားဆေးပြီး ထမင်း ထည့်ခိုင်းတော့တာပဲ။

"ထမင်းပေးပါဦးဗျို့ ထမင်း" ဆိုတဲ့အသံတွေ ဆူညံလာတာနဲ့အမျှ

"ဟင်းရည်လေးထည့်ပါဦး။ အချဉ်သုပ်၊ အချဉ်သုပ်" ဆိုတဲ့အသံတွေ ဆူညံလာတာနဲ့အမျှ ရေပေါ ပိုဆိုးလာတယ်။ ပိုပို ဆာလာတယ်။ ပိုစားချင်လာတယ်။ မစားရရင်ဆိုတဲ့အသိနဲ့ ရင်ထဲမှာ ပူလောင်လာတုန်း ရုတ်တရက် ရေပေါ မျက်လုံးတွေက ရေတွင်းဘေးနားက ငှက်ပျောပင်အုပ်ကို လှမ်းမြင်လာတယ်။

ရေပေါ လှစ်ခနဲပြေးသွားပြီး ငှက်ပျောရွက်ကြီးကြီး တစ်ရွက်ချိုးချလာခဲ့ပြီး စိန်သောင်းကို တစ်ရွက် ပစ်ပေးလိုက်တယ်။ ငှက်ပျောရွက်ပေါ်တင်နေတဲ့ ဖုန်တွေ၊ အမှိုက်တွေ ဘေးချိတ်။

"ဘိုးမြ ဘိုးမြ၊ ကျွန်တော်တို့ကို ဒီထဲထည့်... ဒီထဲ"

ရေပေါ ခင်းပေးတဲ့ ငှက်ပျောရွက်ထဲမှာ ဘိုးမြက ထမင်း အမောက်ထည့်ပေးတယ်။ ဟင်းထည့်ပေးတယ်။ ကြည့်စမ်း ထမင်းပုံပေါ်မှာ ဝက်

သားဟင်းကို ရက်ပေါင်း ခုနစ်ရာလောက် မမြင်ဖူးခဲ့သလို တရှိုက်မက်မက် ရေပေါ ကြည့်မိတယ်။

ဒီထမင်းကိုစားဖို့ ရေပေါ ဘယ်လောက်စောင့်ခဲ့ရသလဲ။

ဘယ်လောက်ကြိုးပမ်းခဲ့ရသလဲ။ လာခဲ့စမ်း ဒီထမင်း။

အိုး စားလို့ကောင်းလိုက်တဲ့အမျိုး။ ကောင်းလိုက်တဲ့အမျိုး။

ထမင်း အမောက်တစ်ပုံ ဖျတ်ခနဲ ကုန်သွားတယ်။

ရေပေါ နောက်ထပ် ထမင်းတောင်းတော့ ဘိုးမြက ထည့်ပေးရင်း "ဟ လုပ်လှချည်လား ငါ့ကောင်ရ" တဲ့။ "အင်းဟင် လုပ်မှလေဗျာ ဘိုးမြရဲ့ ကြဲ့တုန်း ဝအောင် စားထားရတာ။ ထမင်းဆိုတာ ကြဲ့ဖို့ ခက်တယ်ဗျ" ငှက်ပျောရွက်ပေါ်က ထမင်းအမောက် လေးပုံကုန်တဲ့ အချိန်မှာတော့ တော်ပြီ။ ရေပေါ ဝသွားပြီ။ အီစလံဝေသွားပြီ။ ဖူလုံသွားပြီ။ ဝတာမှ ဖူလုံလိုက်တာမှ ဗိုက်ထဲမှာ နေရာလပ်ဆိုတာ မရှိသလောက်။ ဟားဟား တစ်ပတ်စာလောက်ကို သိလှောင်ပစ်လိုက်တာ။ မှတ်ကရော စိန်သောင်းဆိုတဲ့အကောင် တော်တော်ညံ့တဲ့ကောင်။ ထမင်းသုံးပုံပဲ စားနိုင်တယ်။

တိုးဝှေ့ စားသောက်နေကြတဲ့ လူတွေကြားကနေ ရေပေါ ဖြည်းဖြည်းချင်း အရသာခံပြီး ထွက်ခဲ့တယ်။ ဝင်းပေါက်ဝမှာ ဖျာကြီးတစ်ချပ် ထောင်ထားပြီး ဖျာကြီးပေါ်မှာ "ထမင်းကုန်ပြီ" တဲ့။ ဝင်းပေါက်ဝမှာ ဖွဲကောင်းကောင်းနဲ့ ရပ်နေသူတွေ သနားစရာ။

ရှေ့က သွားနေတဲ့ စိန်သောင်းက "ဟေ့ကောင် မြန်မြန်လာ" တဲ့။ သူ့ကိုမီအောင် ရေပေါ ခပ်မြန်မြန် လျှောက်လိုက်တဲ့ ခဏမှာပဲ ရုတ်တရက် ဗိုက်ထဲက မအီမသာ ခံစားလိုက်ရတယ်။

"စိန်သောင်း"

ရေပေါက အလန့်တကြား အော်ခေါ်ရင်း လက်နှစ်ဖက်နဲ့ သူ့လည်ပင်းကို ဖမ်းဆုပ်လိုက်တယ်။ အို မလုပ်ပါနဲ့ မလုပ်ပါနဲ့။ သူ့လည်ပင်းကို အတင်းဆုပ်ထားလျက်က ရေပေါ အန်ချလိုက်ပြီ။ တဝေါ့

ဝေါ့နဲ့ အနန်ချလိုက်ပြီ။ ဗိုက်ထဲက ရှိရှိသမျှ အစားအားလုံး မြေကြီးပေါ်မှာ။


"ရေပေါ ရေပေါ"

ရေပေါ မျက်လုံးဖွင့်ပြီး မော့ကြည့်လိုက်တော့ မြေကြီးပေါ်မှာကို နှမြောတသစွာ ငေးကြည့်နေကြတဲ့ ဝင်းပေါက်က ထမင်းစောင့်တဲ့သူ တွေ၊ အိုမြေကြီးပေါ်မှာ ကြည့်ပါဦး။ လွင့်စဉ်ပြန့်ကျဲနေတဲ့ ထမင်းတွေ ဟုတ်တယ် ထမင်းတွေ ရေပေါချစ်တဲ့ ထမင်းတွေ။

**ပြင်ဦးလွင် ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း။**

**၁၉၉၆ ခုနှစ်။**

❖



## ခွေးစကား

ကျွန်မဟာ အိမ်မွေးတိရစ္ဆာန်လေးတွေကို သနားရုံပဲ သနားတတ်ပြီး မချစ်တတ်ပါဘူး။ အိမ်မွေးတိရစ္ဆာန်ကို အရူးအမူး ချစ်တတ်တဲ့သူတချို့ကို တွေ့တဲ့အခါ တစ်ခါတလေ အံ့ဩ၊ တစ်ခါတလေ ကိုယ်ချင်းစာပြီး တချို့ သဲသဲလှုပ်၊ အရူးအမူး၊ သိပ်ကို ခရေဇီ (Crazy) ဖြစ်နေတဲ့ သူတွေကိုတော့ ကျွန်မ နားမလည်နိုင်ဘဲ စိတ်ပျက်တတ်ပါတယ်။

များသောအားဖြင့် ကျွန်မတို့ဆီမှာ ခွေးနဲ့ကြောင်ဟာ အိမ်တိုင်းမှာ မွေးထား တတ်တာဆိုတော့ အိမ်မွေးတိရစ္ဆာန်တွေထဲမှာ ခွေးခရေဇီ၊ ကြောင်ခရေဇီတွေဟာ ကျွန်မတို့ဆီမှာ တော်တော်များတယ်။ အထူးသဖြင့် ကျွန်မ တွေ့ဖူးသလောက် ခွေးခရေဇီတွေက ကြောင်ခရေဇီတွေထက် ပိုများမယ်ထင်တယ်။ ကျွန်မနဲ့ ချစ်ခင်ရင်းနှီးသူတွေထဲမှာတော့ ခွေးခရေဇီတွေက များတယ်။ အဘဦးကြည်စိုးထွန်းတို့၊ ဆရာခွစာမောင်စိန်ဝင်း(ပုတီးကုန်း)တို့၊ ဘိုချစ်ခေါ် ဆရာဦးချစ်ဦးညိုတို့ဟာ ခွေးခရေဇီတွေပေါ့။ ဒီအစ်ကိုသုံးယောက်နဲ့ ကျွန်မ ဟောပြောပွဲသွားရတဲ့အခါမျိုးဆိုရင် ကျွန်မရဲ့ "ခွေးနဲ့နံပြား" ဝတ္ထုလေးအကြောင်း စင်ပေါ်

ကနေ ကျွန်မပြောတိုင်း "ကျွန်မ အပေါင်းအသင်းတွေထဲမှာ ခွေးချစ်တတ်တဲ့သူတွေ အများကြီးလို့၊ ဟောဒီရွေ့မှာ ထိုင်နေတဲ့ ကျွန်မအစ်ကိုသုံးယောက်လည်း ခွေးခရေဇီတွေပဲ၊ သူတို့အချင်းချင်းများ မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ အင်မတန် ခွေးစကားပြောတဲ့သူတွေရှင့်" လို့ ကျွန်မက ထည့်ပြောတတ်တယ်။ ပရိသတ်ကတော့ သူတို့ကို ကျွန်မတမင်သက်သက် ပြောတယ်ထင်ပြီး ဝေါခနဲ ပွဲကျတတ်တယ်။ တကယ်လည်း တကယ်၊ သူတို့သုံးယောက် ခွေးစကား တကယ်ပြောကြတာ။

ကျွန်မဖြင့် ကြား၊ မကြားဖူးပါဘူး၊ ခွေးသားအိမ် ထုတ်ရတာတို့၊ ခွေးဗိုက်ခွဲပြီး ချုပ်ရိုးက ယားနေလို့ တစ်နေလုံး ကုတ်ပေးနေရတာတို့၊ ခွေးလေဖြတ်တာတို့၊ ခွေးလွမ်းဖျားလွမ်းနာကျတာတို့၊ ခွေးက မြေးကို မနာလိုဖြစ်တာတို့ အများကြီးပဲ။ စုံနေတာပဲ တစ်ခါတည်း။ အဘဦးကြည်စိုးထွန်းနဲ့ ဆရာခွစာ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ဆိုရင်လေ ခွေးခမည်းခမက်လုပ်ဖို့တောင် ကြံစည်ကြသေးတာ။ အဘရဲ့ သမီးခွေးလေးက "ဂျဲနက်ဂျက်ဆင်" တဲ့ နာမည်ကတော့၊ ဒါပေမဲ့ အသွေးအမွေးကတော့ မည်းမည်းမှောင်မှောင်နဲ့၊ ဖအေတူလေးပါ။ "အင်း" ခွေးမျိုးဆိုလား၊ ဘာလား ပြောတော့ ပြောတယ်၊ ဆရာခွစာရဲ့ သားကတော့ "ဘလက်ကီ" တဲ့။ ဒိုဘာမင်တဲ့။ သူလည်း အနက်ရောင်ပဲ။ ခြေဆံလက်ဆံရှည်ရှည်၊ အရုပ်အမောင်းမြင့်မြင့်၊ မျက်နှာက စူပုပ်ပုပ် ရှုတည်တည်နဲ့ ဖအေတူပါပဲ။ အဲဒါကိုလေ နှစ်ဖက်မိဘ သဘောတူ ပေးစားကြဖို့ ကတိကဝတ် ပြုလည်းပြီးရော အဘသမီး ဂျဲနက်ဂျက်ဆင်က ဝဲတွေပေါက်ပါလေရော။ ဘာပြောကောင်းမလဲ။ အကယ်ဒမီ ကြည်စိုးထွန်းခမျာ မျက်လုံးပြူး မျက်ဆံပြူးနဲ့ သူ့သမီး ဝဲတွေကို ကြိတ်ကုတယ်လေ။ တစ်ဖက်မိဘကိုလည်း အသိမခံဘူး။ ဆေးမြီးတိုတွေ၊ ဆေးမြီးရှည်တွေရော၊ တိရစ္ဆာန် ဆရာဝန်နဲ့ရော၊ အသေအလဲကုတော့မှ "ဝဲနက်ဂျက်ဆင်" ကနေ "ဂျဲနက်ဂျက်ဆင်" ပြန်ဖြစ်လာတယ်။ သတို့သမီးတသွေးတမွေး ပြန်ဖြစ်လာပြီး စိုစိုပြည်ပြည်လေး ဖြစ်လာပြီဆိုတော့မှ

“ကဲ ကိုစိန်ဝင်းရေ နေ့ကောင်းရက်သာ ရွေးကြစို့” ဆိုပြီး ဖုန်းလည်း ဆက်လိုက်ရော သတို့သား ဘလက်ကီခမျာ သေရှာပြီတဲ့။

ဖြစ်ရပ်ပုံများကတော့ သတို့သား ဘလက်ကီ သေရတဲ့ ရောဂါကလည်း အဆန်းပဲ၊ ခြင်ကျားကိုက်ခံရလို့တဲ့။ လူကို ခြင်ကျား ကိုက်ခံရင်တော့ သွေးလွန်တုပ်ကွေးဖြစ်ပြီး ခွေးကို ခြင်ကျား ကိုက်ခံရရင်တော့ ဗိုက်ထဲမှာ “သန်” ဖြစ်သတဲ့။ “သန်ကောင်” တွေကို ခွေးဗိုက်ထဲမှာ အလုံးကြီးဖြစ်လာပြီး အဲဒီ “သန်လုံး” ကြောင့် ခွေးပောင်လိုက်တဲ့အခါမှာ အသက်ရှူပြွန်လမ်းကြောင်းကို ပိတ်ဆို့ပြီး ရုတ်တရက် သေဆုံးတတ်သတဲ့။ သတို့သား ဘလက်ကီခမျာ သန်လုံးကြောင့် ရုတ်တရက် သေရရှာတော့ ကဗျာဆရာနဲ့ ဒါရိုက်တာ ခမည်းခမက် မဖြစ်ကြရတော့ဘူးပေါ့။

ကျွန်မ အစ်ကိုကြီး ဘိုချစ်နဲ့ မယ်မြင့်တို့ ဇနီးမောင်နှံလည်း ဘာထူးလဲ။ သူတို့သား “ပိစိ” ခွေးပုလေးကို သည်းသည်းတွေ လှုပ်ပြီး ပိစိက စိတ်ကောက်သတဲ့၊ ဝမ်းနည်းသတဲ့၊ ပိစိက ဘိုချစ် သွားနေကျ ဘီယာဆိုင်ကို သွားရှာတတ်သတဲ့။ ကျွန်မ အစ်ကိုကြီးမှာ ရောက်လေရာ ခွေး ချွေးမရှာရတာအမော။

သူတို့တစ်တွေ သည်းကြ၊ ရူးကြ၊ ခရေဇီဖြစ်ကြတာက ကျွန်မအတွက် သိပ်အကြောင်းမဟုတ်ပါဘူး။ သူတို့ ခွေးစကားတွေ အလုအယက် ပြောတဲ့အခါမျိုးလောက်ပဲ စိတ်နည်းနည်းညစ်ရတာ၊ အကြောင်း ဟုတ်တာကတော့ သူတို့ယောက်ဖ ကျွန်မရဲ့ ချစ်စွာသော ခင်ပွန်းပဲ။ ခွေးပေါက်စ၊ ကြွက်ပေါက်စ၊ ကြောင်ပေါက်စဆို လုံးဝမကြည့်ရဲဘဲ အူယားရွံရှာပြီး ခွေးကြီးရင်တော့ ခွေးကိုက်မှာ အလွန်တရာကြောက်တတ်တဲ့ ကျွန်မ ခင်ပွန်းဟာ သူတို့အိမ်တွေကို သွားလည်ရင်ပြဿနာပဲ။ ခွေးကို ကြိုးချည်ထားရင်ထား။ လှောင်အိမ်ထဲ သွင်းရင်သွင်း။ အဲလို မဟုတ်လို့ကတော့ ခြေထောက်နှစ်ချောင်းတောင် ကုလားထိုင်ပေါ်က အောက်မချရဲတော့ဘဲ မျက်စိ မျက်နှာပျက်နဲ့ ဘာစကားမှ

မဖြောင့်တော့ဘူး။ အဲသည်လောက် ကြောက်နေမှတော့ ကျွန်မတို့နဲ့ ခွေးဟာ အဝေးကြီးပေါ့။ နီးစပ်စရာ၊ ပတ်သက်စရာ မရှိဘူး။ ကျွန်မတို့ အခုနေတဲ့ လှိုင်တက္ကသိုလ် ဆရာရိပ်သာကို ပြောင်းလာခါစက ကျွန်မ ခင်ပွန်းက (ခွေးအလွန် နည်းတဲ့အတွက်) သိပ်သဘောကျတာပေါ့။ အခုတော့ လေးငါးခြောက်နှစ်ရှိတော့ ခွေးက နည်းနည်းတော့ များလာတယ်။ ဒါပေမဲ့ ခွေးတွေက ဝင်းထဲမှာပဲနေပြီး တိုက်အပေါ်ထပ်တွေပေါ် မတက်တော့ ကျွန်မခင်ပွန်းက အလွန်တရာ စိတ်ချမ်းသာရှာတယ်။

အဲလောက် ခွေးနဲ့ ဝေးဝေး နေပါရက်ကယ်နဲ့ ခွေးဟာ ကျွန်မတို့ ဆီကို ဘယ်လိုများ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ် မှတ်သလဲ။

တစ်ခုသော ဆောင်းဦး နံနက်ခင်း၊ အိမ်ရှေ့တံခါးမကို အဖွင့်၊ ကျွန်မတို့ အခန်းရှေ့တည့်တည့်၊ ကျွန်မရဲ့ ဝရန်တာ ပန်းဥယျာဉ်ထဲမှာ ခွေးဖြူမတစ်ကောင်ဟာ ခွေးလေးငါးကောင်ကို မီးရှူးသန့်စင် ဖွားမြင်ထားတယ်လေ။

* * *

ကျွန်မရဲ့ ဝရန်တာ ပန်းဥယျာဉ်လေးဟာ အကုန်ပျက်စီး ကြေမွလို့၊ ပန်းအိုးတွေလည်း လဲကွဲလို့။ ကျွန်မ ကလောက ဝယ်လာတဲ့ သစ်ခွပင်လေးတွေလည်း အမြစ်တွေ အကုန်ပြတ်လို့၊ အဲဒီပန်းအိုးကွဲ သစ်ပင်တွေ ကြားထဲမှာ ခွေးဖြူမက မျက်လုံးလေးတွေ မဖွင့်သေးတဲ့ ခွေးမမယ် လေးငါးကောင်ကို နို့ချို တိုက်ကျွေးနေတဲ့ မိခင်မေတ္တာ သရုပ်ဖော် မြင်ကွင်းဟာ ကျွန်မခင်ပွန်းကို သွေးပျက် တုန်လှုပ် ချောက်ချားစေပါတယ်။ ခွေးသားအုပ်မတို့ မည်သည်သားရှိန်နဲ့ အလွန်အကိုက် ကြူးတတ်သည်မို့ သူ့အဖို့ ခွေးတကာခွေးမှာ ခွေးသားအုပ်မကို အကြောက်ဆုံးလို့ ဆိုထားပေတာကိုး။

"ကိုယ်တို့ ဘယ်လိုလုပ်ကြမလဲ ဘယ်လိုလုပ်ကြမလဲ"

အခန်းထဲမှာ ရှေ့လျှောက်လိုက်၊ နောက်လျှောက်လိုက်နဲ့ ကျွန်မ

ခင်ပွန်းရဲ့ တုန်တုန်လှုပ်လှုပ် တဖွဖွ မေးခွန်းကို ကျွန်မလည်း မဖြေနိုင်။ အုံ့ညြစရာ လေးထပ်တိုက်၊ အခန်းပေါင်း နှစ်ဆယ့်လေးခန်းရှိတဲ့ အနက်မှာ ကြုံကြုံဖန်ဖန် ကျွန်မတို့ အခန်းရှေ့တည့်တည့်မှာမှ လာမွေးရတယ်လို့။

"ဆရာမတို့ ထီထိုး၊ ထီထိုး၊ ဒါထူးခြားတယ်"

"နေဦး၊ ခွေးဆိုတော့ နှစ်၊ ခွေးလေးတွေက ငါးကောင်ဆိုတော့"

ကျွန်မ အခန်းရှေ့မှာ တစ်ခဏအတွင်း ခွေးကြည့်ပွဲတော် ဖြစ်သွားတော့တယ်။ တစ်ယောက်တစ်ပေါက် စုရုံးစုရုံးရှိရာက ဘယ်သူလဲတော့ မသိပါဘူး။ "ဟယ် စနိုပီလေးပါတယ်၊ ကြည့်စမ်း" ဆိုတဲ့ အသံနဲ့ အတူ အညိုအပြောက် ခွေးပေါက်စလေးကို ထိဖို့ ကြိုးစားတယ်နဲ့ တူပါရဲ့၊ "ဂဲ" ခနဲဆို ခွေးဖြူမရဲ့ ကြောက်မက်ဖွယ် မာန်ဖီသံ ထွက်လာပါရော။ ဟဲ့ ဟဲ့ အမလေးဆိုပြီး ပြေးလိုက်ကြတဲ့အမျိုး။ တော်ပါသေးရဲ့ ခွေးဖြူမက မာန်ဖီရုံပဲဖီလို့။

"ပြဿနာပဲ၊ ကိုယ်ကျောင်းသွားရင် ဘယ်လိုသွားမလဲ"

"ဘာကိုလဲ"

"ကိုယ် ဒီတံခါးက ထွက်ရင် သူလှမ်းဆွဲလို့ရတယ်လေ"

"မဆွဲပါဘူး"

ကျွန်မ ခင်ပွန်းခမျာလည်း တစ်ဒုက္ခပါပဲ။ ကျွန်မကတော့ ဘာဖြစ်လို့လဲမသိဘူး။ ခွေးကိုက်မှာကို လုံးလုံး မကြောက်တတ်ဘူး။ ဘယ်လောက်စိမ်းတဲ့ ခွေးပဲဖြစ်ဖြစ်၊ ကျွန်မကို မကိုက်ဘူးပဲ ထင်တော်တယ်။ ခွေးကိုက်လည်း နှစ်ကြိမ်လောက် ခံရဖူးပါတယ်။ ဒါပေမဲ့ ကျွန်မ ကြောက်သွားတယ်ရယ်လို့ မရှိဘူး။ ခွေးတွေနားက ဖြတ်သန်းကျော်လွှား သွားမြဲပဲ။

"ဒီခွေးမ ဗိုက် တအားဆာနေမှာတော့ အသေအချာပဲ"

မနက်စာ လက်ဖက်ရည်ဖျော်ရင်း ကျွန်မက ကိုယ်ချင်းစာနာမိတော့ ကျွန်မ ခင်ပွန်းက အလကားနေရင်း မျက်စိမျက်နှာပျက်၊ ကြောက်လန့်လို့ "ကိုယ်တောင်းပန်ပါတယ်၊ ကိုယ်ကျောင်းသွားမှပဲ ကျွေးမွေးရေး

အစီအစဉ်ကို လုပ်ပါကွာ"

"အေးပါ အေးပါ"

"တစ်ခုတော့ သတိပေးလိုက်မယ်နော်။ ကျွေးတဲ့အချိန်မှာ အထူး သတိဝီရိယထားပါနော်၊ ကိုက်ခံရလို့ကတော့..."

"ဗိုက်ပတ်လည် ဆေးထိုးခံရမယ်၊ ဆေးမထိုးရင် ခွေးရူးပြန် တတ်တယ်"

"ရပါတယ်၊ အခု ဗိုက်ပတ်လည် ထိုးဖို့မလိုပါဘူး။ တစ်ခုပါပဲ၊ ဆေးဖိုးက သောင်းချီကျပါတယ် အစ်မရယ်နော်"

"ဟင် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်း သူကိုက်မယ် မထင်ပါဘူး"

"ဘာပြောတယ်"

"ကိုက်မယ်မထင်ဘူးလို့"

"ကိုက်မယ်မထင်ဘူး ဟုတ်လား"

ကျွန်မတို့နှစ်ယောက်ရဲ့ ငြင်းခုန်မှုစတင်တဲ့အချိန်နဲ့ တစ်ပြိုင် တည်းမှာပါပဲ၊ အိမ်ရှေ့က "အမလေး"တဲ့။ ယောကျ်ားလေးတစ်ယောက် ရဲ့ အထိတ်တလန့်အော်သံ။

ကျွန်မတို့နှစ်ယောက် အိမ်ရှေ့ကို အမြန် ပြေးထွက်ခဲ့ကြတော့ အဝေးသင် ကျောင်းသားလေးတစ်ယောက်နဲ့ တူပါရဲ့၊ ဘောင်းဘီရှည် လေးကို မတင်၊ ငုံ့ကြည့်လို့၊ တုန်တုန်ယင်ယင်နဲ့...

"ခွေးကိုက်လိုက်ပြီ ဆရာမ"

"အေး ဟုတ်ပါရဲ့၊ ပြပါဦး၊ ပေါက်သွားသလား"

"ကျွန်တော် သူ့ကို ဘာမှမလုပ်ဘူး။ သူ့ရှေ့က ဖြတ်ရုံပဲ ဖြတ် တာ၊ နောက်ကနေ ဆွဲကိုက်လိုက်တာ။ ဘောင်းဘီတောင် ပေါက်တယ်"

ခွေးဖြူမကတော့ သူမဟုတ်သလိုပဲ။ သူ့ကလေးတွေကို တယု တယလျှာနဲ့ လျက်လို့။ ကိုက်ခံရတဲ့ ကလေးရဲ့ ခြေသလုံးပေါ်က သွေးစို့

ဒဏ်ရာ နှစ်ပေါက်ကို ကြည့်ပြီး သူ့ကို ကိုက်ခံရသည့်အလား သွေးပျက်တုန်လှုပ်နေတဲ့ ကျွန်မခင်ပွန်းနဲ့ ကျွန်မတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရုံကလွဲလို့ ဘာများ တတ်နိုင်ဦးမှာလဲ။ ဒီအချိန်က အဝေးသင် အနီးကပ်ချိန်၊ အဝေးသင် ကျောင်းသား/ ကျောင်းသူတွေ တရုန်းရုန်း ဖြစ်နေတဲ့အချိန်။ ပြီးတော့ ကျွန်မတို့ အိမ်ရှေ့ဝရန်တာဟာ အခန်း ခြောက်ခန်းကို တစ်ဆက်တည်း ဖောက်လုပ်ထားတာတဲ့ ဝရန်တာ လျှောက်လမ်းရယ်၊ ပြဿနာပဲ၊ ဓာတ်လမ်းကတော့ စတော့မယ်။

* * *

နောက်တစ်နေ့ကျတော့ ခွေးဖြူမဟာ သူ့ဓာတ်လမ်းကို မနက် ခုနစ်နာရီလောက်မှာပဲ (ကျွန်မတို့တောင် အိပ်ရာက မနိုးသေးဘူး) စတင် လိုက်ပါတယ်။

အခန်းတံခါးကို တဗုန်းဗုန်းထုသံ၊ လူခေါ်ဘဲလ်တီးသံ၊ အော်ခေါ် သံတွေရောဆူညံပြီး ကျွန်မတို့ အိပ်ရာက လန့်နိုး၊ ပြေးထွက်လာတော့ ထိတ်လန့်တုန်ယင်နေတဲ့ အဝေးသင် ကျောင်းသူတစ်သိုက်၊ အဲဒီ တစ်သိုက်ထဲက စတိုင်ဘောင်းဘီပွ ညိုဝါရောင်နဲ့ ကောင်မလေးကို ခွေးဖြူမကိုက်လိုက်တာ။ ဘောင်းဘီ စုတ်ပြဲပြီး သွေးစို့ ဒဏ်ရာနှစ်ပေါက်၊ မိန်းကလေးဆိုတော့ လန့်ပြီး တရှုံ့ရှုံ့ ငိုပါလေရော။

"သမီးကို တီချယ်တို့အိမ်က ဆီလေး နည်းနည်းလိမ်းပေးပါ"

"ခွေးပိုင်ရှင်ရဲ့အိမ်က ဆီကိုလိမ်းရင် ဒဏ်ရာမရင်းဘူးလို့ ပြောလို့ပါ"

"အေးအေး ရတယ်၊ ရတယ် လိမ်းပေးမယ်နော်၊ ဒါပေမဲ့ ဒီခွေးက တို့တစ်တွေ မွေးထားတဲ့ခွေးတော့ မဟုတ်ဘူး သမီးရဲ့၊ သူ့ဟာသူ သား လာပေါက်နေတာ"

"ဟုတ်တယ် ဆရာမတို့ ခွေးမဟုတ်ဘူး"

ဟိုဘက်ခန်းက ဒီကလေးတစ်သိုက်ရဲ့ ဆရာမက ကျွန်မကို

အားတုံ့အားနာနဲ့ သူ့တပည့်မကို ဟန့်တယ်။ ကလေးမလေးတွေက "မသိလို့ပါနော် တီချယ်" နဲ့ တောင်းပန်ကြရှာတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒဏ်ရာကို အရက်ပျံနဲ့ ပွတ်ပြီး ဆီမန်းကို လိမ်းပေးလိုက်ပါတယ်။ ကျွန်မ အမြဲတမ်း အချိန်ယူ အရသာ ခံစားလေ့ရှိတဲ့ မနက်စာ လက်ဖက်ရည်ချိန်ဟာလည်း ဘယ်လို ပြီးသွားမှန်းတောင် မသိတော့ပါဘူး။ ကျွန်မမယ် ဆယ်နာရီထိုးတာနဲ့ ကျွန်မရဲ့ ချစ်စွာသော ခင်ပွန်း အခန်းထဲက ဖြတ်ထွက်ဖို့ အရေးကိုလည်း တာဝန်ယူ ပို့ဆောင်ရသေးတယ်။ ဇာတ်လိုက်ကျော် ခွေးဖြူမဟာ ငဲ့လိုတောင် မကြည့်ပေမဲ့ နေ့လယ်ဆယ့်နှစ်နာရီခွဲမှာ အချိန်မှန်လာသူ သတင်းစာ ပို့သမားကြီးကိုတော့ ဒုတိယမွှ မိတ်ဆက်လိုက်ပါတော့တယ်။

"ဟဲ့ခွေး၊ ဟဲ့ခွေး... ဟဲ့"

ကျွန်မ ပြေးထွက်လာချိန်မှာ သတင်းစာတွေက ပြန့်ကျဲ၊ သတင်းစာပို့သမားကြီးရဲ့ ဇင်ပြာထူ ဘောင်းဘီကြီးလည်း ပေါက်ပြဲ၊ ဇာတ်လိုက်ကျော် ခွေးဖြူမကတော့ ခပ်တည်တည်ပါပဲ။ ကျွန်မမှာသာ သတင်းစာတွေကို လိုက်ကောက်၊ ဒဏ်ရာကိုကြည့်၊ တောင်းပန် နှစ်သိမ့်စကားဆိုရင်း အရက်ပျံနဲ့ ဆီမန်းကို လိမ်းပေါ့။ အဲဒီအချိန်က နေပြီး သူ့ကလေးတွေနဲ့ ပွေ့ဖက် အိပ်ပျော်သွားတဲ့ ကျွန်မရဲ့ ဇာတ်လိုက်ဟာ ညနေ နေဝင်ရီတရောမှာတော့ တတိယမွှတစ်ယောက်ကို ရွေးချယ်လိုက်ပြန်တယ်။

ကျွန်မ ရေချိုးခန်းထဲ ရောက်နေချိန် သုံ့ခနဲကြားတာနဲ့ ပြေးထွက်လာတော့ အလွန်ဒေါသဖြစ်နေတဲ့ ဂိုက်ဆိုက်အပြည့်နဲ့ လူတစ်ယောက်။

"ခင်ဗျားတို့ ကိုက်တတ်တဲ့ခွေး မွေးထားပြီး ကြိုးချည်ထားပါလား၊ နားမလည်ဘူးလား"

အလိုတော်၊ ကြောက်နေရပါလား။ သူ့လက်ထဲမှာလည်း ကျွန်မ ပန်းအိုး ခုတဲ့ အုတ်ခဲကျိုးကို ကိုင်လို့။ အခုကျတော့ ဇာတ်လိုက်ကျော် ခွေးဖြူမ မရှိတော့ပါလား။ အဲဒီလူ ဒေါသဖြစ်မယ်ဆိုလည်း ဖြစ်စရာ။

ပေါက်သွားတဲ့ သူ့ဘောင်းဘီက အကောင်းစားရယ်။ ဆရာ ဆရာမ တစ်ယောက်ကို ကန်တော့ဖို့ ယူလာဟန်တူတဲ့ မုန့်ပုံးတွေ၊ တခြား ပစ္စည်းတွေလည်း ပြန့်ကျဲလို့လေ။ ကျွန်မ ဘယ်လိုလုပ် သူ့ကို ပြန် ရန်တွေ့လို့ဖြစ်မလဲ။

"တောင်းပန်ပါတယ်ရှင်၊ ကျွန်မတို့ ခွေးလည်း မဟုတ်ပါဘူး။ သူဟာ သူ့အိမ်ရှေ့မှာ လာမွေးနေလို့ပါ။ ကျွန်မတို့လည်း ဘာလုပ်ရမှန်း မသိလို့"

"မသိလို့ ရမလားဗျ။ တစ်ခုခုတော့ စီစဉ်ပေါ့"

ကိုဒေါသကုမ္မာရ လွှတ်ချလိုက်တဲ့ အုတ်ခဲကျိုးဟာ ခွေးလေး တွေရဲ့ ခေါင်းနဲ့ သီသီလေးပဲ လိုတော့တယ်။ အင်း ဒေါသကုမ္မာရ ပြောတာ ဟုတ်တော့ ဟုတ်တယ်။ တစ်ခုခုတော့ စီစဉ်မှဖြစ်မယ်။ ကျွန်မတို့ တစ်ခုခု စီစဉ်သင့်တယ်။

* * *

ဘယ်လို စီစဉ်ရမှန်းမသိတဲ့ တစ်ခုခု မပေါ်ပေါက်မီ အချိန်အတွင်း မှာပဲ ကျွန်မရဲ့ ဓာတ်လိုက်မဟာ တစ်နေ့ကို သုံးယောက်နှုန်းနဲ့ နေ့စဉ် မှန်မှန် ကိုက်ပါတော့တယ်။ တစ်နေ့ကို သုံးယောက်၊ အပိုအလိုမရှိ ကိုက်တဲ့အပြင် ကိုက်ခံရသူတွေကလည်း အလွှာစုံပါပဲ။ အဝေးသင် ကျောင်းသား၊ စာပို့သမား၊ ရေသန့်ပို့သမား စတဲ့သူတွေဟာ ခွေးဖြူမရဲ့ ကိုတာသုံးယောက်မှာ ပါဝင်ကြရပြီး ဘောင်းဘီဝတ်ထားတဲ့ သီးသန့် ဓာတ်လိုက် သားကောင်လေးတွေလည်း ဖြစ်လို့နေပါသေးတယ်။ ကျွန်မ ခမျာ ဘာအလုပ်မှမလုပ်ဘဲ မနက် မိုးလင်းတာနဲ့ အရက်ပျံပုလင်းရယ်၊ ဆီမန်းခွက်လေးရယ်ကိုင်ပြီး ခွေးဖြူမရဲ့ ဘောင်းဘီဝတ်ကိုတာ သုံး ယောက်ကို ထိုင်စောင့်ရတော့မလိုဖြစ်နေပြီ။ ခက်တာက သူကိုက်တာ ကလည်း တဝုန်းဝုန်းဟောင်ပြီး ပြေးဆွဲတာမျိုးမဟုတ်။ သူ့နားက ဖြတ် သွားပြီးမှ နောက်ကနေ အသံတိတ် လိုက်ဆွဲတာဆိုတော့ ဘယ်လို

လုပ်ပြီးတော့မှာလဲ။ သူ့ကို ဟန့်လို့မရနဲ့ ဆယ်ရက်ကျော်လာတဲ့အချိန်မှာ တကယ့်ကို ကျွန်မတို့ တစ်ခုခု စီစဉ်ဆုံးဖြတ်ရတော့တယ်။

အဲ့ဩစရာလည်း အကောင်းသား။ ခွေးဖြူမဟာ ဆယ့်နှစ်နှစ်ရွယ် ခုနစ်တန်းကျောင်းသူလေးကို ရက်ရက်စက်စက် ကိုက်ပစ်လိုက်တာ၊ သူ ကိုက်နေကျ ဒဏ်ရာဟာ သူ့သွားစွယ် နှစ်ပေါက်ရာပဲ အမြဲတမ်း ကိုက်နေကျကို အဲဒီကလေးမလေးကိုကျ တအား ဆွဲကိုက်ပစ်လိုက်တာများ အုတ်သမံတလင်းပေါ်ကို သွေးတွေ အိုင်ထွန်းသွားအောင်ပါပဲ။ အဲဒီအချိန်မှာ ကျွန်မတို့က အပြင်သွားတဲ့အချိန်၊ ကျွန်မ ပြန်လာတဲ့အချိန်ကျ ကျွန်မတို့ တိုက်ရှေ့မှာ ရုတ်ရုတ်သဲသဲဖြစ်လို့။ ကလေးမလေးရဲ့ မိဘတွေနဲ့ ဦးလေးသားချင်းတွေပေါ့။ ခွေးဖြူမကို လက်ရ ဖမ်းဆီး သတ်ဖြတ်ရေးလေ။

ကျွန်မကတော့ ကျွန်မ အခန်းရှေ့က အိုင်ထွန်းနေတဲ့ သွေးကွက်ကိုကြည့်ပြီး စဉ်းစားကြည့်မိတယ်။ ခွေးဖြူမ ဘာဖြစ်လို့ ဒါလောက် ရက်စက်ကြမ်းကြုတ် သွားတာလဲပေါ့။ တစ်ခုပဲရှိတယ်။ ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်အတွင်းမှာ ခွေးဖြူမ ကိုက်ဆွဲလိုက်တဲ့ တခြားတိုက်က လူတစ်ယောက် ခွေးဖြူမကို သည်းကြီးမည်းကြီး ခဲတွေ၊ တုတ်တွေနဲ့ လိုက်ပစ်တာ ခွေးဖြူမ တော်တော်နာဟန်တူတယ်။ တိရစ္ဆာန်ပေမဲ့ သူ့အသားနာတော့ ဒေါသစိတ်တွေ ကြီးလာတာ ဖြစ်မှာပေါ့။ ဒါကြောင့်လည်း သူ ရက်စက်ကြမ်းကြုတ်လာတာ ဖြစ်မှာပါပဲ။

မဖြစ်တော့ပါဘူး။ ထွက်ပြေးနေတဲ့ ခွေးဖြူမကို ဖမ်းမရလို့ ကိုက်ခံရတဲ့ ကလေးမလေးရဲ့ ဆွေမျိုးသားချင်းတွေ မကျေမချမ်းနဲ့ ပြန်သွားပြီးနောက်မှာ ကျွန်မတို့တိုက်ရဲ့ အခန်းနီးချင်းတွေ အားလုံး အရေးပေါ် အစည်းအဝေး ထိုင်ကြရတော့တယ်။

"အကောင်းဆုံးကတော့ သူနဲ့ ကလေးတွေပါ ဖမ်းပြီး တစ်နေရာ သွားပစ်ရင်ပစ်၊ အဲဒီလိုမှမဟုတ်ရင် စည်ပင်သာယာကို အကြောင်းကြားလိုက်ဖို့ပဲ"

"ဟာ မလုပ်ပါနဲ့၊ စည်ပင်သာယာဆို အမဲလုံးနဲ့ သန့်ရှင်းရေး

လုပ်ပစ်မှာပေါ့"

"ဒီလိုပဲ လုပ်ရမှာပဲဆရာမ၊ ခု ကျွန်တော်တို့တိုက်တွေမှာ ခွေးတွေ ပွားလာတာ အများကြီးပဲ၊ အကုန်လုံး အဲဒီခွေးဖြူမရဲ့ သားသမီး အဆွယ် အပွားတွေချည်းပဲ"

"ဟင်... ဟုတ်လား"

ကျွန်မ တကယ်ကို မသိပါဘူး။ အံ့ဩစရာပါပဲ။

"ဟုတ်ပါတယ်ဆိုမှ ဆရာမကလည်း ပေါက်လိုက်တဲ့ ခွေးတွေ ဆိုတာ ဟိုဘက် တိုက်အောက်မှာဆို နှစ်သားလေပေါက်နေတာ၊ ဒန့် ဒလွန့်ပင်အောက်က ကိုင်းချုံထဲမှာ တစ်သား၊ အကုန် သူ့သားသမီးတွေ ချည်းပဲ"

"ဟုတ်လား"

"အဲဒါကြောင့်ပြောတာ၊ အဲဒီခွေး သားအုပ်မတွေကလည်း ကိုက် မှာပဲ၊ စည်ပင်ကို ဖုန်းဆက်ခေါ်တာပဲ ကောင်းမယ်လို့ ထင်တယ်ဗျာ"

"အဲဒီလိုတော့ မလုပ်ပါနဲ့၊ သူနဲ့ ကလေးတွေကိုပဲ ဖမ်းပြီး ဝေးဝေး မှာ သွားပစ်ရအောင်လေ"

"ပြန်လာမှာပေါ့ ခွေးက ပြန်လာတတ်တယ်"

"မလာနိုင်ဘူး၊ ကလေးတွေနဲ့ဆို မလာနိုင်ဘူး"

"ဘယ်သူဖမ်းမှာလဲ"

"ဟုတ်တယ်၊ အိတ်ထဲထည့်ဖို့ ဘယ်သူလုပ်မှာလဲ"

"အိတ်ထဲ ထည့်ချည်ပြီးရင်တော့ ကျွန်တော် ကားမောင်းပြီး လိုက်ပို့မယ်"

အဲဒီအသံကတော့ သူ့အခန်းကဏ္ဍကို ရဲရဲကြီး တာဝန်ယူလိုက်တဲ့ ကျွန်မခင်ပွန်းရဲ့ အသံပေါ့။

"အဲဒီလိုလုပ်မယ်လေ။ ခွေးဖြူမက သူ့ကို အစာကျွေးတဲ့ သူတွေ ကိုတော့ မကိုက်ပါဘူး။ အဲဒီအချိန်မှာ ဖမ်းထည့်တာပေါ့။ အိတ်ထဲကို သူရောက်သွားဖို့ပဲ အရေးကြီးတာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

ကျွန်မတို့က အချိန်မဆိုင်းဘဲ ခွေးဖြူမ ပြန်လာတဲ့ အဲဒီ ညဦးပိုင်းမှာပဲ အစာနဲ့ မျှားပြီး ခွေးဖြူမကို အောင်မြင်စွာ ဖမ်းဆီး အိတ်ထဲ ထည့်နိုင်ခဲ့ကြပါတယ်။ သူ့ကလေးတွေက တစ်အိတ်၊ သူက တစ်အိတ်၊ နှစ်အိတ်ကို အဖော်နှစ်ယောက်နဲ့အတူ ကျွန်မခင်ပွန်းဟာ ကားပေါ် တင်ပြီး အဝေးတစ်နေရာကို သွားရောက် ပို့ဆောင်လိုက်ပါတော့တယ်။

* * *

ခွေးဖြူမရန် ကင်းရှင်းသွားလို့ တစ်ပတ်ခန့်ကြာပြီးတဲ့ တစ်ခုသော နံနက်ခင်းမှာတော့ ကျွန်မရဲ့ မနက် လက်ဖက်ရည်ချိန် အရသာလေးကို ပြန်လည်ရယူဖို့အတွက် ကျွန်မ အလွန်နှစ်သက်တဲ့ ဒေါ်ရီရီသန့်ရဲ့ "သည်ဆောင်းဟေမာန်" ကို ဖွင့်လိုက်ပါတယ်။ လက်ဖက်ရည်စားပွဲပေါ်မှာလည်း ဆောင်းနံနက်စာ ကောက်ညှင်းငချိတ်ပေါင်း ဆီရွှဲရွှဲ၊ ပဲပြုတ်များများ(အုန်းသီးလုံးဝမပါ)နဲ့ ငါးရံ့ခြောက်ဖုတ်၊ လက်ဖက်ရည်ကလည်း အိန္ဒိယ အချိုခြောက်ကို ကျွန်မကိုယ်တိုင် သေချာနှပ်ပြီး ဖျော်ထားတဲ့ ချိုပေါ့ကျ။

"သည်ဆောင်းဟေမာန်" ကို ခပ်တိုးတိုး လိုက်ဆိုရင်း အိမ်ရှေ့ထွက်လာတဲ့ ကျွန်မခင်ပွန်းဟာ ကျွန်မထက်တောင် စိတ်လက် ပေ့ါပါးနေဟန်တူပါရဲ့။

"အိမ်ရှေ့တံခါး ဘာလို့ မဖွင့်တာလဲ"

"နည်းနည်းအေးလို့၊ ဖွင့်ချင်ဖွင့်လိုက်လေ"

ကျွန်မ ခင်ပွန်းဟာ တံခါးဆီကို လက်လှမ်းရင်း တုံ့ခနဲဖြစ်သွားတယ်။ ကျွန်မဆီကို လှမ်းကြည့်တယ်။

"ဘာလဲ"

"ဘာမှမဟုတ်ပါဘူး"

သစ်သားတံခါးကို သူဖွင့်တယ်။ ပြီးတော့ အပြင်က သံတံခါးကို

သူဖွင့်လိုက်တဲ့အခါမှာတော့ "ဟာ" တဲ့။

ဘုရားဘုရား သူ့ရဲ့ "ဟာ" သံဟာ မမြင်ဝံ့စရာကို မြင်လိုက်ရတဲ့ အသံမျိုး။

"ဘာလဲ၊ ဘာလဲ"

ကျွန်မ ကပျာကယာ အပြင်ထွက်ကြည့်လိုက်တော့...

"ဟင်... ခွေးတွေ ပေါက်နေပြန်ပြီ"

ကျွန်မတို့ အခန်းရှေ့မှာ နောက်ထပ် ခွေးသားအုပ်မ တစ်အုပ် ခွေးဖြူမလို မျက်နှာပေါက်၊ ခွေးဖြူမလို အသွေးအမွေးမျိုးနဲ့ ခွေးဖြူမရဲ့ အဆွယ်အပွားပဲလား မသိပါဘူး။ ဒုက္ခပါပဲ၊ ဒီခွေးက လူတွေကို ကိုက်ဦး မှာလား။ ကျွန်မတစ်ယောက် တထိတ်ထိတ် တလန့်လန့်နဲ့ အရက်ပုံ ပုလင်းနဲ့ ဆီမန်းခွက်လေး ကိုင်ပြီး လူတွေကို စောင့်ကြည့်ရဦးမှာလား။ မသိတော့ပါဘူး။ တော်ပြီ တော်ပြီ။ သူများတွေ ခွေးစကား ပြောတာကို ကျွန်မ တစ်ချိန်လုံး ပြစ်တင်ရှုတ်ချခဲ့တာ ကျွန်မ ခွေးစကားကို ဒီမှာတင် ကျွန်မ ရပ်မှဖြစ်တော့မယ်။

**ကလျာမဂ္ဂဇင်း။**

**မေ၊ ၂၀၀၂ ခုနှစ်။**

❖



# ခွေးသရဲ

ကျွန်မ ခွေးစကားပြောမလို့ မဟုတ်ပါဘူး။ ကျွန်မတို့ဆီမှာ များပြားလှတဲ့ ခွေးအုပ်ကြီးနဲ့အတူ ခွေးသရဲဆိုတာ မကြာသေးမီကပဲ အမှန်တကယ် ပေါ်ပေါက်ခဲ့လို့ပါ။

* * *

ကျွန်မတို့ တိုက် (၄) မှာ ခွေးငယ်ကလေးတွေ များလှပေမဲ့ ကလေးငယ်လေးတွေကတော့ နည်းပါတယ်။ အခန်းပေါင်း နှစ်ဆယ့်လေးခန်းရှိတဲ့ တစ်တိုက်လုံးမှာမှ ငါးယောက်ပဲရှိတယ်။ ယောကျ်ားလေး နှစ်ယောက်နဲ့ မိန်းကလေးသုံးယောက်။ အသက်အကြီးဆုံးက ငါးနှစ်ပဲ ရှိဦးမယ်။ အသက်အငယ်ဆုံးက သုံးနှစ်လောက်ပဲ ရှိဦးမယ်ထင်ပါရဲ့။ မောင်စွမ်းပြည့်တဲ့။ မောင်ရှင်းသန့်တဲ့၊ မြတ်ပန်းပွင့်သော်တဲ့၊ မဒေးတဲ့၊ ခန့်ခန့်တဲ့။ ဒီဟာလေးငါးယောက်ထဲက အသက်အကြီးဆုံး သုံးယောက် ဟာ ကလေးမြေးငယ်မရှိတဲ့ ကျွန်မတို့အခန်းမှာ အမြဲ စတည်းချတတ်တယ်။ မောင်စွမ်းပြည့်ရယ်၊ သော်သော်ရယ်၊ မဒေးရယ်ပေါ့။ ကစားကြ၊ ရန်ဖြစ်ကြ၊ ငိုယိုကြပေါ့။ ကျွန်မက ဖျန်ဖြေရ၊ ရေတိုက်ရ၊ မုန့်ကျွေးရပေါ့။

သူတို့သုံးယောက်ထဲမှာ (မိန်းကလေးတွေက စကားမကြွယ်ရဘဲ) စကား အကြွယ်ဆုံးနဲ့ အမေးအမြန်းအထူဆုံးက အောက်နှုတ်ခမ်း အလယ် တည့်တည့်မှာ မှဲ့နက်နဲ့ မောင်စွမ်းပြည့်ပဲ။ ဒီကောင်က ကျွန်မတို့ ဒီတိုက်ရောက်ခါစ၊ သူ့ကိုယ်ဝန်ကြီးနဲ့ကတည်းက မြင်တွေ့နေရပြီး ကျွန်မတို့ မျက်စိအောက်မှာ မွေးဖွားကြီးပြင်းလာတဲ့ဟာလေးဆိုတော့ ကျွန်မတို့ကို ပိုရင်းနှီးတယ်။ ဒီကောင်က ချစ်စရာလည်းကောင်းတော့ အသက်လေးဆယ်ကျော်မှ ကံပေါ်တဲ့ သူ့မိဘတွေ၊ ဦးမျိုးသန့်နဲ့ တီတီစီ ဆရာမ ဒေါ်ရွှေအိတို့ သည်းသည်းလှုပ်ချစ်သလိုပဲ အားလုံးက ဝိုင်းချစ် ကြတယ်။ ကျွန်မတို့နှစ်ယောက်ကိုတော့ သူက ရိုက်စားပဲ။ အမေးအမြန်း ကလည်း ထူသလားမမေးနဲ့။ သူမေးလွန်းလို့ သူ့အဖေက စိတ်မရှည် တော့ စိတ်ရှည်လက်ရှည်ဖြေတဲ့ သူ့ဘဘတိုး (ကျွန်မတို့နှစ်ယောက်ကို ဒီတိုက်မှာရှိတဲ့ ကလေးအားလုံးနဲ့ သူတို့မိဘတွေက ဘဘတိုးနဲ့ အန်တီ နတဲ့) ကိုပဲ မေးခွန်းပေါင်းများစွာ မေးလေ့ရှိတယ်။ မေးခွန်းတော်တော် များများကတော့ ယောကျ်ားလေးတွေ စိတ်ဝင်စားတတ်တဲ့ သေနတ်တို့၊ ဓားတို့၊ သိုင်းတို့အကြောင်းပေါ့။ အထူးသဖြင့် ဒီကောင့်အသက်နဲ့အမျှ မြဝတီ တရုတ်သိုင်းကားများနဲ့ အတူတကွ ကြီးပြင်းလာတာဆိုတော့ သိုင်းဟာ သူ့ဖေးဘရိတ်ပဲ။ အလကားနေရင်း ခုန်ပျံနေတာပဲ။ တစ်ခါ ကျတော့ သူ့ဘဘတိုးကိုမေးတယ်။ ဘဘတိုး သားတို့ တိုက်အပေါ်ဆုံး ကနေ အောက်ဆုံးကို သိုင်းကားတွေထဲကလို ခုန်ချင်တယ်။ သား ခြေထောက်ကျိုးမှာလားတဲ့။ ဟာ ကျိုးတာပေါ့ကွလို့ သူ့ဘဘတိုးက အမြန်ဖြေရတယ်။ ဒီကောင် ဘယ်ကျေနပ်မလဲ။ ဓာတ်လမ်းက ဆက်တော့တာပေါ့။

"သိုင်းကားတွေထဲမှာကျတော့ ဘာလို့မကျိုးလဲ။ သားတို့တိုက် ထက်တောင် မြင့်သေးတယ်"

"ဟာ သူတို့က ကိုယ်ဖော့သိုင်းတတ်တယ်ကွ။ မင်းကမှ မတတ်ဘဲ"

"ဒါဖြင့် သားကိုသင်ပေးပေါ့။ ဘဘတိုး သင်ပေး"

"ဘဘတိုးက မတတ်ဘူးကွ၊ မင်းကြီးတော့မှ ဆရာနဲ့ အပ်ပေးမယ်လေကွာ"

"ဒါဆိုရင် သားကို ဆေးထိုးပေးပေါ့။ ခြေထောက်မကျိုးအောင်လေ။ သားအဖေလိုဆေးမျိုး ဘဘတိုး ထိုးတတ်လား"

"ဘာဆေးလဲကွ မင်းက"

"သားဖေကြီးရဲ့ လက်မောင်းမှာ ရှိတယ်လေ။ အရုပ်လေးတွေလေ။ အဲဒါ သားဖေကြီးကို သေနတ်နဲ့ပစ်ရင်တောင် ဖေကြီးက မသေဘူးတဲ့။ ဓားနဲ့ထိုးရင်လည်း မသေဘူးတဲ့။ အဲဒီဆေး ဘဘတိုး ထိုးတတ်လား"

"အေး... အေး ထိုးတတ်တယ်။ မင်းကြီးလာတော့ ထိုးပေးမယ်ကွာ... ဟုတ်လား"

"ဟင့်အင်း ဟင့်အင်း အခုထိုးပေးပါ။ ဘဘတိုး အခု"

"ဟာ မင်းကလည်း ဆေးဆိုတာ ဒီအတိုင်း ထိုးလို့မရဘူးကွ။ ကန်တော့ပွဲနဲ့ထိုးမှစွမ်းတာ။ မင်းမှာ ကန်တော့ပွဲဖိုး ပိုက်ဆံရှိလို့လား"

"အောင်မာ ဘဘတိုးကလည်း သားမှာ ပိုက်ဆံရှိတာပေါ့။ မုန့်ဖိုးတွေ အများကြီးရှိတယ်"

"အေး... အဲလိုဆိုရင် ထိုးပေးမယ်။ ဘဘတိုးဆေးက မင်းအဖေထက် စွမ်းတယ်သိလား။ မင်း အဲဒီဆေးထိုးပြီးတာနဲ့ မင်းနဲ့ သော်သော်နဲ့ ရန်ဖြစ်တယ်ဆိုပါစို့ကွာ။ သော်သော်က မင်းကို ရိုက်မလို့ လက်ရွယ်လိုက်တာနဲ့၊ မင်းက လက်ညှိုးထိုးပြီး "အာ၊ ဒိ၊ ပု" "ပု၊ ဒိ၊ အာ" လို့ ဆိုလိုက်ရင် သော်သော်က ရိုက်လို့မရတော့ဘူး။ လေထဲမှာ လက်ကြီးက ဟောဒီလိုကြီး ရပ်နေရော"

"တကယ်လား ဘဘတိုး"

"တကယ်ပေါ့ကွ၊ မင်းအဖေတို့၊ အမေတို့ မင်းကျူရှင်ဆရာမတို့ ရိုက်မလို့ တုတ်နဲ့ မင်းကိုရွယ်လိုက်တာနဲ့ မင်းက အာဒိပု၊ ပုဒိအာ

ဆိုလိုက်ရင် သူတို့ရဲ့ တုတ်ကြီးက ရိုက်လို့မရတော့ဘဲ လေထဲမှာ ဟော ဒီလိုကြီး ရပ်နေရော"

"ဟာ... ကောင်းလိုက်တာ၊ ကောင်းလိုက်တာ"

ဒီနေရာအရောက်မှာ မောင်စွမ်းပြည့်ဟာ တကယ့်ကို ဟတ်ထိ သွားပြီး အလွန်တရာ သဘောကျ ရွှင်မြူးစွာနဲ့ ခုန်ပေါက်တောင် ကလိုက်သေးတယ်။ ပြီးတော့မှ သူ့ဘာဘတိုးကို ခုထိုးပေး၊ ခုထိုးပေး လုပ်တော့တာပေါ့။ ဘာဘတိုးမှာ ဘယ်လို ရှောင်ရှားရလဲဆိုတော့ ကန်တော့ပွဲပစ္စည်းစုံမှ ထိုးလို့ရမယ်ဆိုတဲ့နည်းနဲ့ပေါ့။ ကန်တော့ပွဲထဲမှာ အရေးကြီးဆုံးပစ္စည်းက ဘာလဲဆိုတော့ ကလေး ဘယ်လိုမှ မတတ်နိုင် တဲ့ ဘလက်လေဘယ် ဝီစကီအကြီးတစ်လုံးတဲ့လေ။ မင်းမုန့်ဖိုးတွေ စုဦးကွာဆိုတော့ ဒီကောင့်မှာ မချင့်မရဲနဲ့ သား မုန့်ဖိုးတွေ စုပြီးရင် ထိုးပေးရမယ်နော်ဆိုပြီး ငြိမ်ရတော့တာပေါ့။

ဒါပေမဲ့ အာ၊ ဒိ၊ ပု၊ ပု၊ ဒိ၊ အာ ထိုးဆေးကို ဒီကောင့်စိတ်ထဲမှာ ဘယ်လောက် စွဲလမ်းနေလဲဆိုတော့ ဆို၊က၊ရေး၊တီး ပြိုင်ပွဲချိန် တစ်ည သားမှာ မဟာဇနကဇာတ်တော်ကြီးကို ကျွန်မတို့ သွားကြည့်ကြတော့ ဝါသနာပါတဲ့ သူ့အမေနဲ့ သူနဲ့ သားအမိနှစ်ယောက် လိုက်လာကြ တယ်။ ပွဲမစခင်မှာတော့ အမျိုးသားဇာတ်ရုံကြီးထဲမှာ ဒီကောင် တအား ပျော်မြူးတက်ကြွနေတာပေါ့။ ပွဲလည်းစရော၊ ဒီကောင် ဆယ့်ငါးမိနစ် တောင်မခံဘူး။ စိတ်ညစ်တွန့်လိမ်လာတော့တာပဲ။ ငါးနှစ်သားနဲ့ နောက်ပိုင်း ဇာတ်တွေ့ကြတော့တာကိုး။ ခဏနေတော့ ကျွန်မနားကပ်ပြီး ကိုယ်တော်ချောလေးက စိတ်ပျက်လက်ပျက် ဘယ်လိုများ ညည်းညူ လိုက်တယ်မှတ်လဲ။ သူတို့ကဗျာစကားပြောရင် ဘာဖြစ်လို့ ငို ငို ပြောကြ တာလဲဗျာတဲ့။ ကဲ... ကျွန်မမှာ ရှင်းပြလို့လည်းမဖြစ်နဲ့ နောက်တစ်ခန်းကျ သဘောကြီးလာမှာကွ။ လေမုန်တိုင်းတွေလည်း လာလိမ့်မယ်။ ကြည့်၊ ကြည့် လိမ္မာတယ်ပဲ လုပ်ရတော့တာပေါ့။ ဒီကောင်ခမျာမှာတော့ အာလူး ကြော်ထုတ်တွေ၊ မုန့်ထုတ်တွေကို တကြွပ်ကြွပ် ဖောက်စား၊ စိတ်ညစ်

တွန့်လိမ်နေရာက ဇနကမင်းသား၊ သူ့မယ်တော်နဲ့ ကုန်ရောင်းကုန်ဝယ် ထွက်ခါနီး ခွင့်ပန်နှုတ်ဆက် ငိုယိုကြပြီး မယ်တော့်ကို ကန်တော့ပြီး အထွက် မင်းသားက ကားလိပ်ကြားထဲအဝင်ပေါ့။ မယ်တော်လုပ်သူက နောက်ကနေ "သား"၊ "သား" ဆိုပြီး လိုက်ရင်း လက်ကို ဆန့်တန်း လိုက်တာကို (Freeze) ဖမ်းပြီး ရပ်သေလည်း လုပ်လိုက်ရော မောင်စွမ်း ပြည့်ဟာ မုန့်ထုတ်ကို လွှတ်ချပြီး အားရပါးရ ထအော်တော့တာပဲ။

"ဟာ... ဟိုမှာကြည့် အန်တီနု၊ သူ့သားက သူ့အမေကို အာဒိပု ပုဒိအာ လုပ်လိုက်တော့ သူ့အမေကြီး လက်ကြီးတန်းလန်းနဲ့ ရပ်သွားပြီ။ မိုက်တယ်ဟေ့"

အသံကြီးကလည်း အကျယ်ကြီးပဲ။ ကျွန်မတို့မယ် ရယ်လိုက် ရတာလည်း မပြောနဲ့။ သူ့မှာလည်း နောက်ရက်တွေထိ ပြောလို့ မဆုံးတော့ဘူး။ ဒီကောင်က စကားကြွယ်ကြွယ်နဲ့ ပုံပြောတာကလည်း ဝါသနာအလွန်ပါတာကိုး။ ဒီအရွယ်ဆိုတော့ ပုံနားထောင်ရမယ် ဆိုရင်လည်း ကြိုက်မှကြိုက်။ ကျွန်မကိုကျတော့ သူက မေးခွန်း သိပ်မမေးဘူး။ ပုံပဲ တွင်တွင် ပြောခိုင်းတော့တာပဲ။ ကျွန်မပြောပြတဲ့ ပုံပြင်တွေနဲ့ သူပြောပြတဲ့ ပုံပြင်တွေဟာ လုံးဝမတူဘူး။ ဆန့်ကျင် ခြားနား ကြပြီး တစ္ဆေသရဲပုံပြင်တောင်မှ သူက စက်ရုပ်သရဲတဲ့။ ပါဝါရိန်းဂျား ဆိုတာကတော့ ဒီကောင့်ပါးစပ်ဖျားက ဘယ်တော့မှမချတဲ့နာမည်ပေါ့။

တစ်ညနေ၊ မိုးချုပ်စပြုတဲ့ နေဝင်ရီတရောအချိန်လေးမှာတော့ ကျွန်မတို့အခန်းတံခါးကို တဘုံးဘုံးထုနက်၊ အော်ဟစ်သံတွေနဲ့အတူ ကျွန်မ တံခါးဖွင့်လိုက်တာနဲ့ တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ လူကြီး လူကောင်းလေးသုံးယောက်ဟာ ကြောက်လန့်နေတဲ့ အသံတုန်လေး တွေနဲ့ ခွေးသရဲ... ခွေးသရဲတဲ့။ မောင်စွမ်းပြည့်ရယ်၊ သော်သော်ရယ်၊ မဒေးရယ်လေ။ ကျွန်မကိုလည်း အားကိုးတကြီး ဝိုင်းဖက်တွယ်ထား လိုက်တာမှ။

"ဘာလဲကွ၊ ဖယ်စမ်းပါဦး၊ အန်တီနုကိုပြောစမ်းပါ။ ဘာဖြစ်

တာလဲ"

"ခွေးသရဲ အန်တီနုရဲ့၊ သားတို့ တွေ့ခဲ့တယ်"

"ဟုတ်တယ်။ ခွေးသရဲ၊ သော်တို့ တိုက်အောက်မှာ..."

"ဟုတ်တယ်၊ မီးကြောက်တယ်"

သုံးယောက်သား ငိုမဲ့မဲ့လေးတွေနဲ့၊ တကယ့်ကို ကြောက်နေလိုက်တာများ ယောကျ်ားဘသားကြီး မောင်စွမ်းပြည့်တောင် မျက်ရည်တွေဝိုင်းလို့။ မဖြစ်တော့ဘူး။ မေးစမ်းမှုပြုပြီး ချော့မော့နှစ်သိမ့်တဲ့အလုပ်ကို လုပ်ရတော့မယ်။

"ကဲ... ခွေးသရဲကို ဘယ်မှာတွေ့လာလဲ၊ ပြောပါဦး"

"သားတို့တိုက်အောက်က၊ သစ်ပင်တွေကြားထဲမှာ..."

"ခွေးသရဲက ဘယ်လိုပုံစံရှိလဲ... ကဲ"

"ဟို... ခွေးသရဲက အသားမည်းတယ်၊ မျက်လုံးပြူးတယ်၊ အစွယ်ကြီးတွေလည်းပါတယ်။ သားတို့ကို ကိုက်မလို့ လိုက်တယ်"

"ဟုတ်တယ်... ကြောက်ဖို့ကောင်းတယ်..."

"အဲဒါ ခွေးသရဲမဟုတ်ဘူးကွ။ ဒီတိုက်မှာ သားတို့ မမြင်ဖူးတဲ့ ခွေးအမည်းတစ်ကောင်ဖြစ်မှာပါ။ နောက်ကို ခွေးတွေနားကို သွားမဆော့နဲ့ ဟုတ်ပြီလား"

"ဟင့်အင်း... အန်တီနုကလည်း ခွေးအစစ်မဟုတ်ဘူး။ ခွေးသရဲ၊ သူက ခွေးအစစ်တွေကြားထဲမှာရောနေတော့ သူက ခွေးသရဲ"

"မဟုတ်ပါဘူးကွ၊ သားတို့ စိတ်ထင်တာပါ။ ကဲ ဒါဖြင့်လာ၊ အန်တီနုကို လိုက်ပြ ဘယ်နားမှာလဲ"

"ဟင့်အင်း သားတို့ မလိုက်ရဲဘူး၊ အန်တီနုဘာသာ သွားကြည့်၊ တိုက်အောက်မှာ"

ပြောရင်းဆိုရင်း မဒေးက ဝါးခနဲ ငိုချလိုက်တော့ မဖြစ်ချေတော့ဘူး။ ချော့မော့ပြီး သုံးကောင်စလုံးကို သူတို့မိဘတွေဆီ ပြန်ပို့လိုက်ရတယ်။ သူတို့မိဘတွေလည်း ရယ်မော ချော့မော့ကြပေါ့။ ဒါပေမဲ့

နောက်တစ်နေ့မနက်ကျတော့ မောင်စွမ်းပြည့်အမေ တီချယ်အိက "အန်တီနုရေ စွမ်းပြည့်တော့ ဖျားနေပြီ။ ခွေးသရဲ၊ ခွေးသရဲနဲ့ ညက လန့်အော်တယ်" တဲ့။ လူကြီးတွေ ဦးနှောက်ခြောက်ကြတော့တာပေါ့။ တကယ်တော့ ဒီကလေးသုံးကောင်ဟာ ဒီလောက်ကြောက်တတ်တဲ့ ကလေးတွေမှမဟုတ်ဘဲ။ ဘယ်လိုခွေးမျိုးကိုများ မြင်ခဲ့လို့ပါလိမ့်ပေါ့။ နေဝင်ရီတရောအချိန် တိုက်အောက်ထပ် သူတို့ပြောတဲ့ သစ်ပင်တွေ ကြားမှာ ကြည့်တော့လည်း ခွေးအနက်၊ ခွေးအမည်းဆိုလို့ တစ်ကောင် မှမတွေ့၊ တခြားခွေးတွေပဲ တွေ့တယ်။ ကလေးသုံးကောင်ကတော့ လေးငါးရက်လောက် တိုက်အောက်ကို လုံးဝ မဆင်းရဲတော့ဘဲ၊ သူတို့ တွေဆီကနေ တစ်ဆင့် "ခွေးသရဲ" ဆိုတာ တခြားတိုက်က ကလေးတွေ ဆီပါ ပျံ့နှံ့ကူးစက်သွားပြီး နေဝင်ရီတရောကလေးတွေ ကစားပွဲတွေ သိမ်းတာနဲ့ "ခွေးသရဲ၊ ခွေးသရဲ" ဆိုပြီး တစ်ယောက်နဲ့တစ်ယောက် ချောက်လှန့်သံတွေ တိုက်တွေကြားမှာ ထွက်ပေါ်လာတတ်တယ်။

ဒီလိုနဲ့ တစ်ခုသော နေဝင်ရီတရောအချိန်မှာတော့ သူ့ဘဘတိုး စိတ်ဓာတ်မြှင့်တင်ပေးလိုက်တဲ့ "အာ၊ ဒိ၊ ပု၊ ပု၊ ဒိ၊ အာ အားကိုးနဲ့ တိုက်အောက်ဆင်းဆော့တဲ့ မောင်စွမ်းပြည့်တစ်ယောက် "ခွေးသရဲ၊ ခွေးသရဲ" ဆိုတဲ့ အသံကုန်အော်သံနဲ့အတူ ကျွန်မ အခန်းထဲကို ဒရောသောပါး ဝင်ပြေးလာပြန်ပါလေရော။ "သား ဘယ်မှာလဲ... ဘယ်မှာလဲ" ဆိုတော့ "ငှက်ပျောပင်တွေကြားထဲမှာ" ဆိုပြီး ငိုပါ လေရော။ ဒီကောင့်ကို သူ့ဘဘတိုးလက်ထဲ ထားခဲ့ပြီး တိုက်အောက်ကို ကျွန်မ ကပျာကယာ ပြေးဆင်းလာခဲ့တယ်။ ကျွန်မတို့ တိုက်ရှေ့က သစ်ပင်အုပ်တွေထဲကို ကျွန်မ တိုးဝင်ခဲ့တယ်။ မောင်စွမ်းပြည့်ပြောတဲ့ ငှက်ပျောပင်အုပ်နား ကျွန်မအရောက်မှာတော့ "ဂ" ခနဲ ကြားလိုက်ရတဲ့ ခွေးမာန်ဖီသံတစ်သံ၊ ပြောက်တိပြောက်ကျား တိုးဝင်နေတဲ့ မီးရောင် တွေကြားမှာ ခွေးအနက်ရောင်ကို ကျွန်မရှာပေမဲ့ ဘယ်လိုမှ မတွေ့ရဘဲ ငှက်ပျောပင်အုပ်ကြားမှာ ကျွန်မ လှမ်းတွေ့ရတာက ပေါက်နေတာ

ရက်တော်တော်ကြာပြီဖြစ်တဲ့ အညိုရောင် ခွေးသားအုပ်မ မိသားစုနဲ့၊ တခြားခွေးတွေ။ မာန်ဖီချင်သေးတဲ့ ခွေးသားအုပ်မကို လေချွန်၊ လက်ဖျောက်တီး ချော့မော့ရင်း ကျွန်မ အနားတိုးကပ်ကြည့်လိုက်တော့ တွေ့ပါပြီ။ လူကြီးကိုတောင်မှ ထိတ်ခနဲ ဖြစ်သွားစေတဲ့ "ခွေးသရဲ" နဲ့ ကျွန်မ ရင်ဆိုင်လို့ တွေ့ကြပါပြီ။ ခွေးညိုမရဲ့နို့ကို ခွေးပေါက်ကလေးတွေနဲ့အတူ လုယက်တိုးဝှေ့စို့နေတဲ့၊ ညစ်ထေးမည်းမှောင်လှတဲ့ အသားအရေနဲ့ လူမျက်နှာလေးတစ်ခုကို ကျွန်မ မယုံနိုင်သလို ကြည့်နေမိပါတယ်။

တကယ်တော့ "ခွေးသရဲ" ဟာ မောင်စွမ်းပြည့်တို့ထက် နှစ်နှစ်လောက်ပဲကြီးမယ့် လူမမယ်၊ ကလေးငယ်လေးတစ်ယောက်ပါ။

* * *

"သားက ဘယ်မှာနေတာလဲ"

"ဒီအုတ်နံရံကြီးရဲ့ ဟိုးဘက်အဝေးကြီးမှာ"

"သားမှာ အဖေတို့ အမေတို့ရှိလား"

"အဖေရှိတယ်၊ အမေမရှိဘူး၊ သေသွားပြီ"

"အော်... သားမှာ ညီအစ်ကိုမောင်နှမတွေရောရှိလား"

"ရှိတယ်"

"ရှိရင် သား သူတို့နဲ့ ကစားလို့ရတာပဲ။ ခွေးတွေနဲ့ အကြာကြီး မကစားရဘူးနော်။ နေမကောင်းဖြစ်တတ်တယ်"

"ခွေးတွေက ကျွန်တော့်ကိုချစ်တယ်။ လူတွေက ကျွန်တော်နဲ့ မကစားဘူး"

"ပြီးတော့ ခွေးရဲ့နို့ကိုလည်း မစို့ရဘူး သိလား"

"ကျွန်တော့်အမေရဲ့နို့ကိုမှ မစို့ရပဲ"

ငှက်ပျောပင်ကြားက ဆွဲထုတ်ပြီး ကျွန်မတို့လူကြီးတွေ မေးသမျှ မေးခွန်းတွေကို ကလေးကတော့ အေးအေးလေး ဖြေသွားခဲ့ပါတယ်။ ကျွန်မတို့တွေမှာသာ ဆက်မမေးနိုင်ကြတော့ဘဲ မှန်ကျွေးရမလို၊ ရေတိုက်

ရမလို ဖြစ်ကုန်ကြတုန်း နူတ်သွက်လျှာသွက် မောင်စွမ်းပြည့်က သူ သိချင်တဲ့ မေးခွန်းကို ဝင်မေးတယ်။ "ကိုကြီးနာမည် ဘယ်သူလဲ" တဲ့။ အားလုံး သူ့ကို ဝိုင်းကြည့်ကြတယ်။ သူကတော့ မောင်စွမ်းပြည့်ကိုပဲ ပြုံးစိစိကြည့်လို့။ "ခွေးသရဲ" တဲ့လေ။ ကြည့်စမ်း၊ ဒီနာမည်ကို သူသိနေတာပဲ။ မောင်စွမ်းပြည့်တစ်ယောက်ကတော့ သူ့အမေရင်ခွင်ထဲ တိုးဝင်ပုလို့။ ကျွန်မတို့အားလုံး ရယ်မောကြရင်း အဲဒီနေ့ကစလို့ သူကလေးဟာ ကျွန်မတို့ တိုက်တွေကြားမှာ "ခွေးသရဲ" လို့ပဲ အမည်တွင်တော့တယ်။

"ကလေးက Isolation ဖြစ်နေတာ။ သူ့ကို ဂရုစိုက်မယ့်သူ၊ အရေးတယူလုပ်တဲ့သူ မရှိတော့ အထီးကျန်ဖြစ်နေတာ၊ ဒီအရွယ်တွေမှာ ပတ်ဝန်းကျင်နဲ့ ဆက်ဆံနိုင်ဖို့ ရွယ်တူ ကစားဖော် ကစားဖက်၊ စကား ပြောဖော် ပြောဖက် သူငယ်ချင်းလိုတယ်။ ရွယ်တူ အုပ်စုလေးတွေ ကစားကြ၊ စကားပြောကြ၊ နေထိုင်ကြရင်းနဲ့မှ စည်းကမ်းဆိုတာကို အလိုလို နားလည်လိုက်နာ သဘောပေါက်လာကြတာကိုး။ ဒီကလေးမှာ သူ့ကို ဘယ်သူကမှ အရေးတယူ မဆက်ဆံတော့ ခွေးတွေနဲ့ သွားနေတော့တာပေါ့။ ခွေးတွေနဲ့ ကစားမယ်၊ စကားပြောမယ်၊ သူ့အတွက် ကြာရင် ဘယ်ကောင်းမလဲ။ ကိုယ်တို့အားလုံး ဝိုင်းပြီး မေတ္တာပေးနိုင်ရင် အရေးတယူလုပ်ပေးနိုင်ရင် မဆိုးပါဘူး"

မောင်စွမ်းပြည့်တို့ရဲ့ ဘဘတိုးကတော့ သူ့ရဲ့ ဆိုက်ကိုလိုဂျီ ရှုထောင့်ကနေ သုံးသပ်ရှုမြင်ပြီး သူတတ်နိုင်သမျှ လက်တွေ့ အကောင် အထည်ဖော်ဖို့ ကြိုးစားတယ်။

ခွေးသရဲလေးနဲ့ မောင်စွမ်းပြည့်တို့အဖွဲ့ ရင်းနှီးအောင် စကား ပြောခိုင်းတာမျိုး၊ သူ့ကို အရေးတယူ မုန့်ကျွေးတာမျိုးတို့ပေါ့။ တခြားသူ တွေ တော်တော်များများကလည်း မုန့်ကျွေးကြ၊ အဝတ်အစားတွေ ပေးကြနဲ့ ဖြည်းဖြည်းချင်း ခွေးသရဲလေးက ကျွန်မတို့တစ်တွေကို ဘယ်လို တုံ့ပြန်လာတယ်မှတ်လဲ။

သူ့ကို ခုချိန်ထိ ရွံ့တွန့်တွန့်ဖြစ်နေသေးတဲ့ မောင်စွမ်းပြည့်တို့

ကလေးအုပ်စုကို တစ်မနက်မှာ အံ့ဩဖွယ်ရာ သူတည်ဆောက်ထားတဲ့ ကစားစရာ ကားအဝေးပြေးစခန်းလေးကို ခေါ်ပြရှာတယ်။ မောင်စွမ်းပြည့်တို့တွေ အံ့ဩသဘောကျ ပျော်ရွှင်သွားစေတဲ့ ကားအဝေးပြေးစခန်းလေးကို ခွေးသရဲလေးက အမှိုက်ပုံထဲက ကားစုတ်ကလေးတွေကို ပြင်တယ်၊ ရှစ်ဘီးတပ် ကားကြီးတွေကိုတော့ ရေသန့်ဘူးဟောင်းတွေနဲ့ လုပ်လို့၊ လမ်းတွေက အစီအရီ သပ်သပ်ရပ်ရပ်၊ စက္ကူအဝိုင်း အတွန့်လေးတွေ ချိုးထားတဲ့ လေရဟတ်လေးတစ်ခုတောင် ပါသေးတယ်။ သူ့ရဲ့ ဉာဏ်ကောင်းမှုကို ကျွန်မတို့ တအံ့တဩ တွေ့ကြရတာပါပဲ။ ချက်ချင်း မောင်စွမ်းပြည့်တို့အဖွဲ့က "ကိုကြီးခွေးသရဲ" ဖြစ်သွားကြတော့တယ်။

ကျွန်မတို့ လူကြီးတွေကို ခွေးသရဲလေး တုံ့ပြန်ပုံကတော့ တိုက်ပေါ်ကနေ အမှိုက်သွားပစ်ဖို့ ဆင်းလာတဲ့ ဆရာ၊ ဆရာမတွေရဲ့ လက်ထဲက အမှိုက်ခြင်း၊ အမှိုက်အိတ်တွေကို အတင်းဆွဲယူပြီး အမှိုက်ပုံမှာ သွားပစ်ပေးတော့တာပဲ။ တဖြည်းဖြည်းနဲ့ ခွေးသရဲလေးကို တိုက်ရဲ့ တရားဝင် အမှိုက်ပစ်သမားလေးအဖြစ် သတ်မှတ်ကြရပြီး သူ အမှိုက်တစ်ခါ ပစ်ပေးတိုင်း မုန့်ဖိုးနှစ်ဆယ်၊ ငါးဆယ်ထိ ပေးကြတယ်။ သူ့အတွက် မုန့်တို့၊ ဟင်းတို့၊ ထမင်းတို့လည်း ချန်ထားကြတယ်။ ခွေးတွေကိုတော့ သူက ချစ်ခင်နေမြဲ၊ ခွေးတွေကလည်း အံ့ဩဖို့ကောင်းအောင် သူ့ကို ချစ်ကြတာများ။ သူ့နောက်ကို တကောက်ကောက်လိုက်နေတဲ့ ခွေးအုပ်တစ်အုပ် အမြဲတမ်းရှိတယ်။ အမှိုက်ပစ်ဖို့ တစ်ခန်းဝင်တစ်ခန်းထွက် သူလာပြီဆိုရင် သူ့နောက်မှာ "ရန်လုံ" ဆိုတဲ့ အင်မတန်ကြီးမားထွားကျိုင်းတဲ့ ခွေးကြီးတစ်ကောင်က အမြဲ ပါလာတတ်တယ်။ သူ့ကို စောင့်ရှောက်ပြီး လိုက်လာသလိုပဲ။ သူကလည်း သူ စားရသမျှတွေကို ဝေမျှပေးလို့။ ကျွန်မတို့မှာ သူ့ကို တကြည့်ကြည့်နဲ့ အကဲခတ်ရင်း၊ မောင်စွမ်းပြည့်တို့အတွက် သူလုပ်ပေးတဲ့ ကစားစရာ တီထွင်ဉာဏ်တွေက တဖြည်းဖြည်း ပိုကောင်းလာတာကို သဘော

ကျရင်း နောက်နှစ်နှစ်လောက်နေရင် ကျွန်မတို့နားက ကားဝပ်ရှော့မှာ ခွေးသရဲလေးကို အလုပ်သင်အဖြစ် အပ်ပေးမယ်လို့ တိုင်ပင်ထားကြတယ်။

"ကကြီး... လိုက်ဆိုလေကွာ ကိုကြီး ခွေးသရဲကလည်း"

"ကကြီး..."

"ဟုတ်ပြီ... ခခွေး"

"ခခွေး"

"ကျယ်ကျယ်ဆိုနော် သားက ဆရာကြီးဗျ။ ဆရာကြီး ဦးစွမ်းပြည့်၊ တီတီကျောင်းက သိလား"

"ဟော့ ငါက ဆရာမကြီး ဒေါ်သော်သော်။ ငါက တက္ကသိုလ်က ဆရာမ။ ငါ့အမေလိုပဲ။ ငါက ကိုကြီးခွေးသရဲကို အင်္ဂလိပ်စာ သင်ပေးမယ်။ အေလို့ ဆိုလေ လိုက်ဆိုလေ ကိုကြီးခွေးသရဲ"

"အေ"

"ဘီ"

"ဘီ"

"နေဦးဟာ ငါသင်ဦးမယ်။ ကိုကြီးခွေးသရဲ ကကြီး၊ ခခွေး ဆိုဦး"

ကျွန်မတို့လူကြီးတွေက ကြည့်ပြီး ရယ်မောကြည်နူးရတဲ့ ဆရာ၊ ဆရာမလုပ်တမ်းကစားရင်း သူတို့ ကိုကြီးခွေးသရဲကို စာသင်ပေးကြတဲ့ ကလေးများရဲ့ တစ်ခုသော တနင်္ဂနွေ နံနက်ခင်းရဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ကျွန်မတို့တွေ ဘယ်သူမှ မျှော်လင့်မထားခဲ့ကြပါဘူး။

အဲဒီနေ့ဟာ ကျွန်မတို့ဆီမှာ အလွန်တရာ များပြားနေတဲ့ ခွေးတွေကို စည်ပင်သာယာက အမဲလုံးနဲ့ သန့်ရှင်းရေးလုပ်တဲ့နေ့ ဖြစ်နေခဲ့ပါတယ်။ စည်ပင်သာယာကားကြီး ထိုးဆိုက်လာပြီး ဝန်ထမ်းတွေက ချောင်ကြိုချောင်ကြားက ခွေးသေတွေကို စုဆောင်းကောက်ယူပုံကြတဲ့အချိန်မှာပဲ ဝိုင်းကြည့်ကြတဲ့ လူတွေနဲ့ ကျက်စီကျက်စီလည်း ဖြစ်လာရော မောင်စွမ်းပြည့်တို့ ကလေးအုပ်စုကြီးဟာ ခွေးသရဲကို စာသင်နေရာက

ကျွက်စီကျွက်စီ ဖြစ်တဲ့နေရာကို ပြေးကြတော့တယ်။

ပြေးလာတဲ့ ခွေးသရဲဟာ ခွေးသေပုံကြီးရဲ့ရှေ့မှာ တုံ့ခနဲ ရပ်တန့်သွားပြီး မမိုတ်မသုန် ရပ်ကြည့်နေတာဟာ နည်းနည်းလေး တောင်မှ မလှုပ်ခဲ့ဘဲ သူလှုပ်လာတဲ့အချိန်ဟာ ဘယ်အချိန်လည်း ဆိုတော့ ခွေးသေပုံရဲ့ အောက်ဆုံးက ပေါ်လာတဲ့ သူ့ "ရန်လုံကြီး" ကို စည်ပင်သာယာဝန်ထမ်းက ကားထဲ ဆွဲတင်ပစ်လိုက်တဲ့အချိန်နဲ့ ကား တံခါးကို "ဂျိန်း" ခနဲ ပိတ်လိုက်တဲ့အချိန်မှာပေါ့။

ခွေးသရဲဟာ အသံကုန် စူးစူးဝါးဝါး ဟစ်အော်လိုက်တယ်။ ပြီးတော့ ခုန်ပေါက်တယ်။ ပြီးတော့ ထွက်သွားတဲ့ ကားနောက်ကနေ ပြေးလိုက်တော့တာပဲ။ သူ့ပါးစပ်က တတွတ်တွတ် အော်သွားတာက... "ကျွန်တော့်အမျိုးတွေ သေသွားပြီ...၊ ကျွန်တော့်သူငယ်ချင်းတွေ သေသွားပြီ" တဲ့။

မမျှော်လင့်တဲ့ အလွန်မြန်ဆန်စွာ ဖြစ်ပျက်သွားတဲ့ ဒီအဖြစ်အပျက် လေးပြီးတဲ့ အချိန်ကစပြီး ခွေးသရဲလေးဟာ ပျောက်ချင်းမလှ ပျောက်လို့ ကျွန်မတို့ဆီကို ပေါ်မလာတော့ပါဘူး။

* * *

နေ့လယ်တစ်နာရီတိတိ၊ အပြင်ကပြန်လာတဲ့ ကျွန်မတို့ကား လေး တအိအိနဲ့ ကျွန်မတို့ရဲ့ ဆရာများ ရိပ်သာထဲကို ဝင်လာတဲ့ အချိန်ဟာ ထုံးစံအတိုင်း ငြိမ်သက်တိတ်ဆိတ်လို့။

ကားထဲက ပစ္စည်းပစ္စယတွေကို မနိုင်မနင်းသယ်ဖို့ ကြိုးစားတဲ့ အချိန်မှာပဲ ကျွန်မတို့ကားဆိုက်တာနဲ့ မြင်တဲ့နေရာကနေ အပြေး လာကြိုတတ်တဲ့ ခွေးသရဲလေးကို ကျွန်မမယ် သတိရပြန်ရော။ ပစ္စည်း တွေကို သယ်ပေး၊ ကားတံခါးကိုလည်း သိပ်ပိတ်ချင်တာပဲ။

ခုဆိုရင် ခွေးသရဲလေး ပေါ်မလာတာ သုံးလေးလတောင် ရှိခဲ့ ပါပြီ။ ညနေစောင်းရင် "ဒေါက်... ဒေါက်" ဆိုပြီး "အမှိုက်ရှိလား" လို့

စကားမပြောဘဲ အချက်ပေးတတ်တဲ့ ခွေးသရဲရဲ့ တံခါးပေါင် ခေါက်သံလေးကို ကျွန်မတို့အားလုံး လွမ်းကြရပါတယ်။

မောင်စွမ်းပြည့်ဆို သူ့အမေကို ဂျေဒိုးနတ်မုန့်ဘူးနဲ့ ကျောင်းသားတွေ လာကန်တော့ပြီဆိုရင် "ကိုကြီးခွေးသရဲအတွက်" ဆိုပြီး ချန်ရတာအမော။ ကျွန်မလည်း လှည်းတန်းဈေးက ဦးထုပ်လေးတစ်လုံး ဝယ်ထားမိပါတယ်။ ပစ္စည်းတွေကို ကျွန်မတို့နှစ်ယောက် မျှတသယ်ရင်း တိုက်ပေါ်ကိုအတက်၊ လှေကားတစ်ဆစ်ချိုး ထောင့်ကွေးလေးကို အရောက်မှာတော့...။

"ဟာ... ခွေးသရဲလေး"

ကျွန်မရဲ့ ဝမ်းသာအားရ လွှတ်ခနဲ အော်သံ၊ ကျွန်မခင်ပွန်းသည်ကလည်း "ဒီကောင်ပြန်လာပြီ" တဲ့။

ဒါပေမဲ့ ခွေးသရဲဟာ ကျွန်မတို့ကို လုံးဝ မော့မကြည့်ခဲ့ပါဘူး။ မကြည့်အားဘူးဆိုရင် ပိုမှန်ပါလိမ့်မယ်။ ခွေးသရဲဟာ အလုပ်တစ်ခုကို အလွန်တရာ အာရုံစိုက်ပြီး လုပ်နေလို့ပါ။ သူ့ဘေးမှာ သေချာနယ်ထားတဲ့ ရွှံ့ပုံကြီးတစ်ခုရှိပါတယ်။ ရွှံ့ပုံကြီးဘေးမှာတော့ အလွန်လက်ရာမြောက်လှတဲ့ ရွှံ့ရုပ်လေးများစွာ၊ ဘာရုပ်လေးတွေလဲလို့ မေးစရာလိုမယ် မထင်ပါဘူး။ ခွေးရုပ်ကလေးတွေပေါ့။ အရွယ်အစားအမျိုးမျိုးနဲ့ ခွေးရုပ်ပေါင်းများစွာ၊ တချို့ ရွှံ့ခြောက်စ၊ တချို့က စိုနေဆဲ။ အကြီးဆုံး ခွေးရုပ်ကလေးတစ်ရုပ်ကတော့ နားရွက်ဖားဖား၊ အမြီးကြီးကြီး သေချာပါတယ်။ ဒါ ခွေးသရဲရဲ့ "ရန်လုံကြီး" ပဲပေါ့။ သူ့လက်ထဲမှာလည်း လုပ်လက်စ ခွေးရုပ်လေးဟာ တဖြည်းဖြည်း ပီပြင်ထင်ရှားလာလို့၊ သူဘယ်လောက်များ စိတ်ဝင်စားနေလဲဆိုရင် မျက်နှာတစ်ခုလုံး ချွေးတွေတောင် သီးပြီး တတောက်တောက်ကျလို့။

"ခွေးသရဲ၊ သား ဟော့ကောင်"

သူ့လုပ်လက်စ ခွေးရုပ်လေး အပြီးသတ်တဲ့အချိန်ကို စောင့်ပြီးမှ ကျွန်မခေါ်တာပါ။ ဒါပေမဲ့ သူ ကျွန်မကို လုံးဝ မကြည့်ပါဘူး။

"ခွေးသရဲ မင်း ဘယ်လျှောက်သွားနေတာလဲကွာ ပြောပါဦး"

ကျွန်မခင်ပွန်းရဲ့ တရင်းတနှီးလေသံကိုလည်း သူက ဂရုမစိုက်ပါဘူး။ သူ ဂရုတစိုက် စူးစိုက်ကြည့်နေတာက သူ့ရှေ့က ခွေးရုပ်ကလေးတွေကိုပါ။ ရုတ်တရက် ခွေးသရဲဟာ ဝမ်းသာအားရ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ ပြီးတော့ ခွေးလေးတွေကို သိမ်းကျုံးပွေ့ဖက်လို့။

"ကျွန်တော့်အမျိုးတွေ ပြန်လာပြီ။ ကျွန်တော့်သူငယ်ချင်းတွေ မသေတော့ဘူး"

အော်ရင်း ဟစ်ရင်းကပဲ ခွေးသရဲဟာ သူ့ခွေးရုပ်လေးတွေကို အကြမ်းပတမ်း ခြေမွ ဖျက်ဆီးလိုက်တော့တယ်။

"မလုပ်နဲ့လေ၊ ခွေးသရဲ၊ မလုပ်နဲ့"

ခွေးသရဲဟာ ကျွန်မကို လုံးဝ ဂရုမစိုက်တော့ပါဘူး။ ခွေးရုပ်လေးတွေကိုသာ အငြိုးတကြီး ခြေမွရိုက်ပုတ်ရင်းက သူ... ငိုနေတာပါ။

မျက်စိမျက်နှာပျက်စွာနဲ့ ကျွန်မခင်ပွန်းကို အားကိုးတကြီး ကြည့်လိုက်မိတော့... ကလေးစိတ်ပညာ အထူးပြုနဲ့ ဘွဲ့ရ၊ သင်ကြားနေသူဟာ မျက်စိမျက်နှာပျက်စွာနဲ့ ကျွန်မကို ပြန်ကြည့်လို့။ ကျွန်မတို့ ဘယ်လိုလုပ်ရမှာလဲ။

**ကလျာမဂ္ဂဇင်း။**


**မတ်၊ ၂၀၀၁ ခုနှစ်။**

❖

## ကျွန်မနဲ့ ဖုန်းဖြေစက်

ကျွန်မညီမလေး "သီ" နဲ့ "ကိုရဲလင်း(Alfred)" တို့ ဇနီးမောင်နှံ ဒီတစ်ခေါက် အမေရိကားကအပြန်မှာ ကျွန်မတို့အိမ်အတွက် ဖုန်းဖြေစက်(Answering Machine)လေးဝယ်လာတယ်။ မြန်မာစကားကို မှတ်နေတဲ့ ကိုရဲလင်းက "ဒါ ဆရာမတို့အတွက် အလိုအပ်ဆုံးဖြစ်မယ်။ နောက်ဆိုရင် ကျွန်တော်တို့ မောနေအောင် လိုက်မရှာရတော့ဘူးပေါ့နော်" တဲ့။ သူပြောတာ တကယ်ကို မှန်ပါတယ်။ နှစ်ယောက်တည်းရှိတဲ့ ကျွန်မတို့အိမ်မှာ နှစ်ယောက်လုံးထွက်သွားရင် လူကိုယ်တိုင်ပဲလာလာ၊ ဖုန်းပဲဆက်ဆက်၊ လက်ခံပြီး ဖြေမယ့်သူရယ်လို့ ဘယ်သူမှ မရှိတော့ဘူးလေ။

တစ်ခါတလေကျ ဖုန်းဆက်ပြီး လာမယ့်သူတွေကလည်း ဖုန်းမြည်ပြီး ကိုင်မယ့်သူမရှိတာကိုပဲ ပျက်နေတယ်ထင်ပါရဲ့ဆိုပြီးလာ၊ ဒီရောက်တော့ မတွေ့၊ မေးရမယ့်သူကလည်း မရှိနဲ့ အင်မတန် အားနာစရာကောင်းတာ။ ကျွန်မမိတ်ဆွေကြီး ရွှေပုပ္ပားဆို အကြိမ်ကြိမ်အခါခါ ခံရလွန်းလို့ "မဖြစ်တော့ဘူးဆရာမ၊ ဘောလ်ပင်နဲ့ စာအုပ်ကလေး တစ်အုပ် ဆရာမတို့ တံခါးဝမှာ ချိတ်မှ ဖြစ်တော့မယ်" လို့ အကြံပေးဖူးတယ်။ ဒါပေမဲ့ အဲဒီနည်းလမ်းကလည်း သိပ်အဆင်ပြေမယ်မထင်လို့ အဲဒီအကြံ အထမမြောက်ခဲ့ဘူး။


ကျွန်မ နဲ့ ဖုန်းဖြေစက်

နောက်တော့ ဒီလိုပဲ ကျွန်မတို့နှစ်ယောက်က စိတ်ကူးပေါက်တဲ့အချိန် ထွက်ချင်ရာထွက်သွား၊ မိတ်ဆွေသူငယ်ချင်းတွေက ဖုန်းဆက်၊ မတွေ့၊ သွားတတ်တဲ့နေရာတွေ လိုက်ရှာကြ၊ မတွေ့၊ စိတ်ညစ်ကြ၊ စိတ်တိုကြ၊ မေတ္တာပို့ကြနဲ့ပဲ... ဒီလိုနဲ့ပဲပေါ့။

ကျွန်မ ဝေးမြေရပ်ခြားမှာတုန်းက ဖုန်းဖြေစက်လေးတွေ ရုံးတိုင်းဈေး၊ အိမ်တိုင်းဈေး တပ်ထားတာတွေ့တော့ အိမ်မှာဖို့ စိတ်ကူးမိသေးတယ်။ ဒါပေမဲ့ ကျွန်မတို့ဆီမှာ ဘယ်အိမ်၊ ဘယ်ရုံးမှာမှ သိပ်တပ်လေ့မရှိဘူးဆိုတာ သွားသတိရတယ်။ တယ်လီဖုန်းဆိုတာလည်း အိမ်ပေါက်ဈေးမရှိ။ ရှိတဲ့အိမ်တွေမှာလည်း တယ်လီဖုန်းကိုင်ဖို့ လူအားတစ်ယောက်က အမြဲရှိနေတတ်တာလေ။ ကိုယ်တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ ဖြစ်နေဦးမယ်။ တော်ပါပြီလေဆိုပြီး မဝယ်ခဲ့တာ။ တကယ်တမ်းကျ (စီးပွားရေး၊ ကြီးပွားရေးကိစ္စ ဟုတ်လည်းမဟုတ်၊ ရှုပ်လည်း မရှုပ်ပေမဲ့) အပေါင်းအသင်းများစွာနဲ့ ကိစ္စများမြောင်လှတဲ့ အိမ်မှာလည်း ဘယ်တော့မှ ကပ်လေ့မရှိတဲ့ ကျွန်မတို့အိမ်မှာကမှ အဲဒီစက်ဟာ တကယ်လိုအပ်တာ။ ခုတော့ ဟန်ကျသွားပြီ။ "သီ" တို့ ဇနီးမောင်နှံက သူတို့လက်ဆောင်ကလေးကို အိမ်တိုင်ရာရောက် လာရောက်တပ်ဆင်ပေးပြီး သုံးစွဲပုံ နည်းနာနိသယတွေကို သင်ကြားပေးသွားပြီးတဲ့ နောက်တစ်နေ့မှာပဲ ကျွန်မတို့ စတင် အသုံးပြုပါတော့တယ်။

နောက်တစ်နေ့ အပြင်ထွက်ခါနီးမှာ စက်ကလေးကို ပလပ်ထိုး၊ အသံသွင်းခလုတ်ဖွင့်ပြီး စက်ကို နည်းနည်းပါးပါး မြင်ဖူး၊ တွေ့ဖူးထားတဲ့ ကျွန်မက ဆရာကြီးလုပ်ပြီး "ဟဲလို၊ ခြောက်၊ ခြောက်၊ ခွန်၊ သုံး၊ လေး၊ သုံး" လို့ ပြောထည့်လိုက်တယ်။ ပြီးတော့ အသံ ပြန်နားထောင်ပြီး မီးနီလေး ငြိမ်သွားပြီဆိုတော့မှ "ရပြီ၊ သွားစို့" ဆိုတော့ ကျွန်မခင်ပွန်းက "ဟာ... ဒီလောက်နဲ့ ရပ့ါမလား" တဲ့။ "ရတာပေါ့၊ ဒီလိုပဲသွင်းရတာ၊ ဟိုမှာ ဒီလိုပဲ ဖုန်းနံပါတ်ပဲ ပြောထားတာပဲ" ဆိုပြီး "ဟိုမှာ" နဲ့ ကျွန်မ ကိုင်ပေါက်လိုက်တော့ ကျွန်မခင်ပွန်းခမျာလည်း

"ဟုတ်လား၊ ဒါဖြင့်လည်း ပြီးတာပဲ" ဆိုပြီး ငြိမ်သွားရှာတာပေါ့။

အဲဒီနေ့တစ်နေ့လုံး စက်အားကိုးနဲ့ သွားချင်ရာတွေသွားပြီး အိမ်ပြန်လာတော့ မီးနီလေးကိုလည်း ကြည့်လိုက်ရော မီးနီလေးက နဂို အနေအထားအတိုင်း ရဲရဲလေးပဲ ငြိမ်လို့။ တစ်ယောက်ယောက်က စက်ထဲ စကားပြောထည့်ထားရင် မီးနီလေးက မှိတ်တုတ်မှိတ်တုတ်နဲ့ အချက်ပြမှာလေ။ ခုတော့ ငြိမ်လို့။ ဘယ်လိုသဘောလဲ။ ကျွန်မတို့ သွားနေတုန်း တစ်စုံတစ်ယောက်သောသူမှ မဆက်ဘူးဆိုတာကတော့ မဟုတ်နိုင်။ ဘယ်လိုမှမဟုတ်နိုင်။ ဒါဆိုရင် ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတဲ့အဖြေကို ကျွန်မ စဉ်းစားနေတုန်းမှာပဲ ဖုန်းသံ မြည်လာပါတယ်။ ကျွန်မ ကောက်ကိုင်ပြီး "ဟဲလို" လုပ်လိုက်တော့ ကျွန်မ သူငယ်ချင်း ကျောင်းအုပ်ဆရာမ အပျိုကြီးရဲ့အသံ။

"ငါပါဟဲ့... မယ်နုရဲ့"

"အေးပါ၊ ဘာလဲ ပြောလေ"

"နေစမ်းပါဦး၊ နေ့လယ်တုန်းက နင်ဘယ်လိုဖြစ်တာလဲ။ ဘာဖြစ်လို့ ဖုန်းနံပါတ်ပြောပြီး ဖုန်းကို ချပစ်ရတာလဲ"

"ဟောတော့"

"ဘာဟောတော့လဲ။ အရေးကြီးတာ ပြောမလို့ပါဆိုမှ နောက် စရာမဟုတ်ဘူးဟဲ့။ ငါလေ တကယ်စိတ်တိုတယ်။ သုံးခါတောင် လုပ်တယ်၊ နင်... ဟင်း..."

"အမယ်လေး... သေတော့မှာပဲ၊ အဲဒါ လူမဟုတ်ဘူးဟဲ့။ စက်၊ စက်။ Answering machine ဟဲ့။ နင်ပြောချင်တာတွေ အဲဒီထဲ ပြောထားခဲ့လို့ရတယ်လေ။ ဒါလေးတောင်မှ နင်မသိဘူးလား။ ငါ တစ်နေကုန် အပြင်သွားနေတာ"

"ဟင်... ဟုတ်လား၊ ငါဘယ်လိုလုပ်သိမလဲဟဲ့။ နင်ပဲ မှတ်တာ ပေါ့။ စက်ဆိုလည်း စက်မှန်းသိအောင် ပြည့်ပြည့်စုံစုံပြောပေါ့၊ တို့က တောသူတွေ"

ဟုတ်လိုက်လေ၊ ဒီတစ်ခါတော့ အပျိုကြီး မှန်သွားပြန်ပါပြီ။ စက်အတွေ့အကြုံ လုံးဝမရှိတဲ့သူတစ်ယောက်ဟာ ဒီလိုဖြစ်နိုင်တယ်ဆိုတာကို ကျွန်မ ဘာဖြစ်လို့ ဘဝမေ့ရတာလဲ။ ဝေးမြေရပ်ခြားမှာ အဆောင်ကနေ သူငယ်ချင်းဆီ ဖုန်းဆက်တော့ ဖုန်းသံသုံးချက်မြည်အပြီးမှာ "ဟဲလို သစ်စ်အစ်စ်ကြည်ကြည်" အစချီပြီး စက်သံပေါ်လာတာကိုမသိဘဲ ဝမ်းသာအားရနဲ့ "ဟော့... မကြည်၊ မနုလေ၊ မနု" နဲ့လုပ်နေတာ၊ ဟိုဘက်က မရပ်ဘဲ ဆက်ပြောနေတော့မှ နည်းနည်းရိပ်မိသွားပြီး ငြိမ်နားထောင်ကြည့်ရတာ၊ အဲဒီကျမှ "ဩော် စက်ဆိုတာဒါကိုး" ဆိုပြီး ဉာဏ်အလင်းပွင့်သွားတာ။ နောင် စက်များစွာနဲ့တွေ့ထိဆက်ဆံပြီးတော့မှ စက်နဲ့ လူကို ချက်ချင်း ခွဲနိုင်သွားတာလေ။ ဒီတော့ ကျွန်မ၏ များစွာသော ချစ်မိတ်ဆွေ၊ ချစ်သူငယ်ချင်းများလည်း ကျွန်မကဲ့သို့ ဉာဏ်အလင်းပွင့်စေရန် စက်ဖြစ်ကြောင်း ထည့်သွင်းပြောကြားမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက်ကို ခင်ပွန်းသည်အားတင်ပြလိုက်ကာရှိသေး။ တစ်ခါတည်း အောင်နိုင်သူတို့မျက်နှာနဲ့ "ကျုပ်မပြောဘူးလား၊ ဒါ "ဟို" မဟုတ်ဘူး။ "ဒီ... ဒီ... မြန်မာပြည်... နော်၊ ဖုန်းနံပါတ်လေးပြောရုံပဲ မရဘူးဗျ" နဲ့ လိုအပ်သည်များကို လမ်းညွှန်မိန့်ကြားတော့တာပဲ။

အံမယ်၊ နောက်နေ့ကျတော့ "ကိုယ်အသံသွင်းမယ်" ဆိုပြီးဘယ်လို ပြောထည့်လိုက်သလဲ သိလား။ "ဟဲလို... ခြောက်၊ ခြောက်၊ ခွန်၊ သုံး၊ လေး၊ သုံး၊ ဦးအောင်ကျော်တိုးနဲ့ ဒေါ်နုနုရည်အင်းဝ အိမ်ကပါခင်ဗျာ။ ကျွန်တော်တို့နှစ်ယောက်လုံး အပြင်သွားပါတယ်။ ဒါစက်ပါခင်ဗျာ၊ မှာစရာရှိရင် စက်ထဲမှာ..." အဲဒီနေရာလည်းရောက်ရော ကျွန်မက မအောင့်နိုင်ဘဲ ရယ်ချလိုက်ရော။

"ဟောဗျာ... ဒီမှာ အသံသွင်းနေတယ်လေ၊ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး၊ "ဒါစက်ပါခင်ဗျာ" ဆိုတာကြီးကို ရယ်ချင်လို့၊ မှာစရာရှိရင် စက်ထဲမှာ မှာခဲ့ပါဆိုရင် သိပါပြီ။ ကျုပ်တို့လူတွေ

ဒါလောက်တော့ မတုံးပါဘူး"

အဲဒါကျမှ "အေး... အေး" ဆိုပြီး နောက်ဆုံး အချောသပ် ဘယ်လို သွင်းလိုက်လဲဆိုတော့ "ဟဲလို... ခြောက်၊ ခြောက်၊ ခွန်၊ သုံး၊ လေး၊ သုံး၊ ဦးအောင်ကျော်တိုးနဲ့ ဒေါ်နုနုရည်အင်းဝ အိမ်ကပါခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်လုံး အပြင်သွားပါတယ်။ မှာစရာရှိရင် စက်ထဲမှာ မှာထားခဲ့လို့ရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ" တဲ့။ မဆိုးပါဘူး၊ အိုကေဆိုပြီး အဲဒီနေ့က ကျွန်မတို့ အပြင်ထွက်ပြီး ပြန်လာတော့ ကျွန်မရဲ့ စက်ကလေးမှာ မီးနီကလေးက မှိတ်တုတ်မှိတ်တုတ်နဲ့ အချက်တွေပြလို့။ ကြည့်စမ်း... ကျွန်မသူငယ်ချင်း၊ မိတ်ဆွေတွေ စက်မှန်းသိသွားပြီ။ မှိတ်တုတ်မှိတ်တုတ် မီးနီကလေးဟာ စက်ထဲမှာ မှာထားတာတွေရှိကြောင်း အသိပေးနေတာလေ။ ဘယ်သူတွေ ဘာတွေ မှာထားပါလိမ့်။ ကဲ... လာခဲ့စမ်းဆိုပြီး နားထောင်ကဲ့ခလုတ်ကို ကျွန်မ ဖွင့်ချလိုက်တယ်။

ပထမဆုံးပေါ်လာတဲ့အသံက ကျွန်မနဲ့ စိမ်းတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ မဝံ့မရဲအသံလေး။ "...မှာ... ကျင်းပပါမယ်ဆရာ၊ အဲဒါ ဆရာ တက်ဖြစ်အောင်တက်ပါတဲ့။ ဒါပါပဲ" တဲ့။ ကျွန်မတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။

"အသံက ပြတ်နေတယ်။ အဲဒါ ဘယ်သူလဲ"

"ကိုယ့်ဌာနက တစ်ယောက်ယောက်ဖြစ်မယ်၊ ကောင်းရော။ ဘယ်နေ့နာရီ၊ ဘယ်မှာဘာဆိုတာ အကုန်ပြတ်နေတယ်။ အေး... ကိုယ် သိပြီ။ စက်ထဲက တီ... တီ... တီ... ဆိုတဲ့ အချက်ပေးသံအဆုံးကို မစောင့်ဘူး ပြောချလိုက်တာ"

"ဟုတ်တာပေါ့... ပြဿနာပဲ"

စက်ထဲမှာ "မှာစရာရှိရင်မှာပါ၊ ကျေးဇူးတင်ပါတယ်" ဆိုပြီး စကားဆုံးရင် တီ... တီ... တီ... ဆိုတဲ့ အချက်ပေးသံလေး ပေါ်လာလေ့ ရှိတယ်။ နောက်ဆုံး "တီ" ဆိုတဲ့ အသံရှည်လေးဟာ စပြီး အသံသွင်းဖို့

စပြီးစကားပြောဖို့ အချက်ပေးတဲ့ အသံပဲ။ အဲဒီ အချက်ပေးသံအဆုံးကို မစောင့်ဘဲ သွင်းလိုက်ရင် ရှေ့ကအသံတွေ အကုန်ပြတ်ကုန်တာပေါ့။ နောက်ထပ်သွင်းထားတဲ့ (Message) သုံးခုကို ကျွန်မ နားထောင်ရတော့လည်း ထိုနည်းလည်းကောင်းပဲ။ ရှေ့ကအသံတွေ အကုန်ပြတ်ပြီး တစ်ယောက်ကကျ "ဒါပဲနော်" တဲ့။ နောက်တစ်ယောက်ကျ "ဖုန်းပြန်ဆက်ပါ" တဲ့။ နောက်တစ်ယောက်ကျ "လာခဲ့ပါနော်... ဒါပဲ" တဲ့။ ဘယ်သူ့အသံလဲဆိုတာ ဖမ်းလို့မရဘူး။ ပြဿနာပဲ။

"ကဲ... ဘယ့်နှယ်လုပ်မလဲ"

"အင်း... နေဦး"

နောက်တစ်နေ့ အပြင်ထွက်မယ်လုပ်တော့ ကျွန်မတို့ ဘယ်လိုလုပ်လိုက်တာလဲဆိုတော့ "စက်ထဲမှာ မှာစရာရှိတာ မှာထားခဲ့လို့ရပါတယ်" ဆိုတဲ့ စကားနောက်မှာ "မှာမယ်ဆိုရင် အချက်ပေးသံလေးနားထောင်ပြီး အချက်ပေးသံလေးဆုံးတော့မှ မှာပါနော်" ဆိုတဲ့ ဝါကျရှည်တစ်ကြောင်းကို ထပ်မံဖြည့်စွက်ပစ်လိုက်တယ်။ ပြီးတော့မှ ကျေးဇူးတင်ပါတယ်ပေါ့။ အိုကေ... ဒါဆိုရင်တော့ တော်တော်လေး ဟုတ်သွားပြီ။ စက်ဖြစ်ကြောင်းလည်း ဖွင့်ဆိုရှင်းပြပြီးပြီ။ စက်ကို ဘယ်လိုအသုံးပြုပါဆိုတာကိုလည်း မေတ္တာရပ်ခံပြီးပြီ။ ဘာများ အဆင်မပြေစရာရှိသေးလို့လဲ။ အဆင်ကို ပြေရမယ်ဆိုပြီး ကျွန်မတို့နှစ်ယောက် အပြင်လောကကို တစ်ခေါက် ထပ်မံထွက်ခဲ့ကြပြန်တယ်။

* * *

ဒီတစ်ခါမှာတော့ ကျွန်မ တွေးထင်ထားတဲ့အတိုင်းပါပဲ။ မီးနီလေးမှိတ်တုတ်နဲ့ စက်ကလေးထဲက ချစ်မိတ်ဆွေတို့ရဲ့အသံတွေဟာ အပြတ်အတောက်မရှိ အဆင်တော့ပြေပါရဲ့။ ကဲ... ကျွန်မ စက်ကလေးတစ်နေ့တာ ဖမ်းယူရရှိထားတဲ့ အသံတွေကို နားဆင်ကြည့်စမ်းပါဦး။

* * *

"အဲ... ဟဲဟဲ... ဟဲဟဲ (အကြောင်းမဲ့ရက်စနိုး ရယ်မောလိုက်သောအသံ) အဲ... ခင်မောင်မြင့် ဆက်တယ် ခင်မောင်မြင့်...၊ ဟိုဟာလေ စာတမ်းဖတ်ပွဲကိစ္စပြောမလို့။ ပြည့်ပြည့်စုံစုံ ပြောချင်တာ။ အဲ... ဘယ်လိုပြောရမလဲမသိဘူး။ ဟဲ... ဟဲ... ကိုတိုးနဲ့ မနု အခုဆက်တာ ခင်မောင်မြင့်၊ ဒါပဲနော် ကျေးဇူးပဲ"

(သူကတော့ ကျွန်မတို့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိတဲ့ ဦးခင်မောင်မြင့်ဆိုသူဖြစ်ပါတယ်)

"ဟဲလို... အဲ... ဟဲလို... အဟင်း(လည်ချောင်းရှင်း၍ အားယူသံ) ကိုအောင်ကျော်စိုးရှင်၊ ရှင့်ကို ကျွန်မ မသိပါဘူး၊ ကျွန်မကိုလည်း သိမှာမဟုတ်ပါဘူး။ ဟို... ကျွန်မ ဖုန်းမှားဆက်မိတာပါ။ ဒါပေမဲ့... ဒီလိုအသံမျိုး တစ်ခါမှ မကြားဖူးလို့ အသံသွင်းကြည့်တာပါ။ နောက်လည်းဆက်ပါဦးမယ်ရှင်"

(နာမည်ကိုပါ မှားခေါ်သွားတဲ့ အမည်မသိ၊ လူချင်းလည်းမသိ၊ ထူးဆန်းသော မိန်းမတစ်ယောက်)

* * *

"ခစ်ခစ်... ခစ်ခစ်..." (ကလေးရယ်သံများ)

"ပြောလေ" (ကြီးကောင်ဝင်စ ချာတိတ်အသံ)

"အို... မပြောချင်ပါဘူး" (စွာတာတာချာတိတ်မအသံ)

"ဒီမှာ... ဒီမှာ၊ ခင်ဗျားကိုယ်ခင်ဗျား ဘီအီးဒီအောင်သိုက်များ မှတ်နေလား၊ အသံကိုက "ပဲ" ချည့်ပဲ"

(ဒီအသံပိုင်ရှင်များကတော့ ကျွန်မတို့သူငယ်ချင်း လေယာဉ်မှူးကြီးရဲ့ အနာဂတ်မျိုးဆက်သစ် ရင်နှစ်သည်းချာလေးများနဲ့ သူကလေးတို့ရဲ့ မိခင်ငယ်လေးဖြစ်ပါတယ်)

* * *

"ဟဲလို... အမယ်လေး... စက်ကြီးက ချေလိုက်တာအစ်မရယ်၊ တော်ပြီ၊ မပြောတော့ဘူး... ဘိုင်"

(ဒါက ကျွန်မရဲ့ "ဂေးလ်" သမီးတွေထဲက နှုတ်ခမ်းတလန်ပန်းတလန်လုပ်တတ်တဲ့ သမီးတစ်ယောက်ဖြစ်လိမ့်မယ်)

* * *

"ဟဲလို... ဆရာ၊ အဲ... သမီးတို့ပါ၊ ဟို သမီးတို့ အောင်စာရင်းတွေ ဘယ်တော့လောက် ထွက်မှာလဲဆိုတာ သိချင်လို့ပါ။ ဟေ့... ဒါ ငါ စက်နဲ့စကားပြောနေတာ သိလား။ စက်နဲ့။ (အနားရှိ သူငယ်ချင်းများ လှည့်ပြောသံ) မယုံရင်နေ၊ တကယ့်ကို စက်၊ လာနားထောင်ကြည့်"

"ဟဲလို... ဟဲလို၊ ဟင် စက်ကလည်း ဘာမှ ပြန်မပြောဘူး"

"ခုနကပြောတယ်၊ ငါကြားပါတယ်ဆိုနေမှ၊ ပေး... ပေး...၊ တော်ပြီ၊ ဟဲလို ဒါပါပဲဆရာ၊ သမီးတို့ ဖုန်းပြန်ဆက်ပါ့မယ်"

(သူကလေးတွေကတော့ ကျွန်မခင်ပွန်းရဲ့ တပည့်လေးတွေ "ဘွဲ့လွန်တက္ကသိုလ် ကျောင်းသူများ" ဖြစ်ပါတယ်)

* * *

"အေး... စက်၊ စက်ဟုတ်လား၊ အဲဒီစက်ကြီးပျက်၊ အေးရော"

(ဒီအသံပိုင်ရှင်ကို ရင်းနှီးပုံရပေမဲ့ ဒီနေ့ထိ ကျွန်မတို့ ဖော်လို့မရသေးပါဘူး)

* * *

"ဟဲလို... အဲ... နက်ဖြန်မနက် ကိုးနာရီကနေ ဆယ့်တစ်နာရီ (Top Star) ကို၊ ကိုသက်နွယ်ဖိတ်တာ လာခဲ့ဖို့မှာခဲ့တယ်လို့ သေချာလေး ပြောပေးပါဗျာနော်၊ အရေးကြီးလို့ပါ၊ ကျေးဇူးတင်ပါတယ်ဗျာ"

("ဟောတော့" ဆိုပြီး ကျွန်မ သဘောကျစွာ ရယ်မိတဲ့သူကတော့

ကျွန်မအစ်ကိုကြီး နာမည်ကျော် ကဗျာဆရာဖြစ်ပါတယ်)

* * *

"ဟဲလို... အဲ... တိုးလေး၊ ငါပါကွာ၊ မင်းသူငယ်ချင်းလေ၊ သိတယ်မဟုတ်လား၊ ဟင်... ဘာမှလည်းပြန်မပြောဘူး၊ အင်း... စက်တပ်တာ ကောင်းပါတယ်။ ဒါပေမဲ့ စကားပြောရတာ အရသာမရှိဘူးကွနော်၊ အဲ... သူငယ်ချင်းရေ၊ ပြောရဦးမယ်၊ ဖြစ်ကြောင်းရယ်ကုန်စင်ဆိုသလိုပေါ့ကွာ။ ဟိုနေ့က အင်း... မှတ်မှတ်ရရ လွှတ်လပ်ရေးနေ့၊ ဇန်နဝါရီလ လေးရက်နေ့မှာပေ့ ဖြစ်တာ။ တကယ်တော့ ငါမမှားဘူး သူငယ်ချင်း။ အဲဒီနေ့မနက်က ထင်တော့ထင်သား၊ မျက်ခုံးကလည်း လှုပ်တုပ်တုပ်ကွ။ ငါပြောတယ် မိန်းမကို၊ မိန်းမရေ ငါ ဒီနေ့..."

(မှာကြားရန် Message တစ်ခုကို စက္ကန့် ၃၀ အချိန်ကိုက်ထားတဲ့အတွက် စက်က ဖြတ်တောက်လိုက်တဲ့အတွက် ကျွန်မခင်ပွန်းငယ်သူငယ်ချင်းရဲ့ ဖွဲ့နွဲ့မှုဟာ တစ်ဝက်တစ်ပျက်နဲ့ (သူဘာဖြစ်တယ်ဆိုတာ မသိလိုက်ရဘဲ) ပြတ်တောက်သွားတော့တယ်။ သူကတော့ သူ့ထုံးစံအတိုင်း ဖြစ်ကြောင်းရယ်ကုန်စင် ဘယ်အချိန်ထိ ဆက်ပြီး ဖွဲ့နွဲ့လေတယ်မသိ။)

* * *

အသံတွေအားလုံးကို နားထောင်ပြီးတဲ့ အချိန်မှာတော့ ကျွန်မတို့နှစ်ယောက် မျက်နှာငယ်လေးတွေနဲ့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြတယ်။ သက်ပြင်းတစ်ချက်ကိုလည်း ကျွန်မ ရှိုက်လိုက်မိတဲ့ခဏမှာပဲ ဖုန်းသံက မြည်လာပြန်တယ်။

"ဟဲလို..."

"ဟဲ့... စက်လား၊ လူလား..."

ဟိုက် ကျွန်မရဲ့ အချစ်ဆုံး ငယ်သူငယ်ချင်း အရာရှိကြီးကတော်

ရဲ့အသံ၊ စက်လား... လူလားတဲ့။

"လူပါဟယ်၊ လူပါ၊ စက်မဟုတ်ပါဘူး"

ကျွန်မဖြေသံကို ကိုယ့်ဘာသာကိုယ်တောင် ကျွန်မ သနားနေမိတယ်။

"မသိဘူးဟေ့၊ မေးရသေးတာ၊ ငါ့အကြောင်း ညည်းသိသားပဲ၊ စက်နဲ့ပြောဖို့မဆိုထားနဲ့ တယ်လီဖုန်းခွက်ကြီး နားနားကပ်ပြီးပြောရတဲ့ အလုပ်ကို ငါ အင်မတန်စိတ်ပျက်တာ၊ ဟဲ့... နေဦး ငါပြောဦးမယ်"

"အေး... အေး... ပြော..."

ခါတိုင်း ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်တွေ့ရင် ဘယ်သူမှ ဝင်လို့မရအောင် စကားပြောတတ်ကြပေမဲ့ ဒီတစ်ခါမှာတော့ ကျွန်မ တစ်ယောက် ဟီးဟီးဟားဟားလည်းမလုပ်နိုင်၊ သူပြောတာတွေကိုပဲ "အင်း" လိုက်ရင်းနဲ့ ဖုန်းဖြေစက်ကလေးကိုပဲ မမိုတ်မသုန်ကြည့်လို့။ သင်းကလေးကို ဆက်ထားသင့်မထားသင့် ကျွန်မ တွေးနေမိပါပြီ။

* * *

"ဟဲလို"

"..."

"ဟဲလို"

"ဟဲလို... အဲ... ဆရာမလား၊ လူကိုယ်တိုင်ပဲလား၊ ကျွန်တော်ပါ၊ မိုးထိုက်ပါ"

"အေး... ကိုမိုးထိုက်ပြော၊ လူကိုယ်တိုင်ပါပဲမောင်ရာ... ပြောပါ"

"ဟာ... ဆရာမနှယ်၊ ဟိုနေ့က ကျွန်တော်ဆက်တယ်၊ စက်မှန်းသိပါဘူးဆိုမှဗျာ၊ ဆရာမအသံကလည်း တိုးတိုး၊ မြန်လည်း မြန်နေတယ်ဗျာ။ သိုင်းကယူလို့လည်း ကြားလိုက်တော့ ကျွန်တော့်ကို ဘိုလိုပြောနေတယ်ထင်လို့... ဟဲလို... အိုင်အမ် မိုးထိုက်၊ အိုင် ဝမ်းတူစပိခ် ဝသ်စ်ယူနဲ့ လုပ်တာဗျို့။ နောက်... ဆရာမအသံက ငြိမ်သွားပြီး တီတီ

ဆိုတာတွေ ပေါ်လာတော့မှ ဟိုက်... စက်ဆိုတာ ဒါနဲ့ တူရဲ့ပေါ့။ ကိုယ်လည်း တစ်ခါမှ သုံးဖူး၊ သုံးစမရှိတော့ အဲဒီဟာထဲလည်း ဘယ်နှယ့်ဟာ၊ ဘာညာတို့ ထည့်ခဲ့တော့ပါဘူးဗျာ"

"ဩော်... အေး၊ အဲဒီနေ့က လှည်းတန်းဘက် ခဏ ထွက်သွားတာကွ၊ သွားခါနီး ငါ ကပျာကယာ သွင်းသွားလို့နဲ့တူတယ်"

"မသိဘူးလေဗျာ၊ အဲဒါနေဦးဗျ၊ ညဘက်ကျ ကျွန်တော် တစ်ခါ ထပ်ဆက်ပြန်ရော။ အောင်မယ် အဲဒီအခါကျတော့လည်း ခင်ဗျား ယောက်ျားအသံကြီးနဲ့ လုပ်ပြန်ရောဗျို့"

အညာသား၊ နာမည်ကျော် ဓာတုဗေဒ ကျူရှင်ဆရာနဲ့ စကားပြောပြီးတဲ့ အချိန်မှာတော့ ကျွန်မခမျာ ရယ်ရတော့မလို၊ ငိုရတော့မလို။

ဘယ်လိုလဲ စက်ကလေးရေ၊ သနားစရာ စက်ကလေးကို ကျွန်မ အသာ တို့ထိလိုက်မိတုန်းမှာပဲ ဖုန်းသံက မြည်လာပြန်ပါပြီ။

"ဟဲလို"

"ဟဲလို... နုနုလား၊ ရွှေအေးပါ"

"ဟယ် ရွှေအေး... သူငယ်ချင်း၊ ငါသတိရနေတာ ဘယ်လိုလဲ"

(ရုတ်တရက် ရွှေအေးရဲ့ရှိုက်သံကို ကျွန်မ ကြားလိုက်ရပါတယ်)

"ဟဲ့... ရွှေအေး၊ ဘာဖြစ်ပြန်ပလဲ ငါ့ကိုပြောစမ်း"

ဝမ်းနည်းဓာတ်ခံ အလွန်ရှိတဲ့ မရွှေအေးက ဆက်ပဲ ရှိုက်နေတယ်။ ပြဿနာပဲ၊ ကျွန်မ ဒီသူငယ်ချင်းက ငယ်ငယ်ကတည်းက ဆင်းရဲရှာပြီး ရိုးရိုးအအ၊ အရာရာမှာ အားငယ်ကြောက်တတ်၊ ပြဿနာမှန်သမျှကို မျက်ရည်နဲ့ပဲ အလျှော့ပေး ဖြေရှင်းတတ်တဲ့သူ။ သူ့အားအကိုးဆုံးက ကျွန်မ။ ခုလည်း ဘာဖြစ်ပြန်ပြီလဲ မသိပါဘူး။

"ရွှေအေး၊ နင့်ကို ငါပြောထားတယ်မဟုတ်လား၊ မျက်ရည်နောက်မှကျ၊ ပြဿနာကို အရင်ပြောရမယ်လို့လေ"

"ငါ... ငါ... ဝမ်းနည်းလို့ပါ"

"အေး... ဘာဖြစ်လို့ ဝမ်းနည်းနေတာလဲလို့"

ရဲ့အသံ၊ စက်လား… လူလားတဲ့။

“လူပါဟယ်၊ လူပါ၊ စက်မဟုတ်ပါဘူး”

ကျွန်မဖြေသံကို ကိုယ့်ဘာသာကိုယ်တောင် ကျွန်မ သနား နေမိတယ်။

“မသိဘူးဟော့၊ မေးရသေးတာ၊ ငါ့အကြောင်း ညည်းသိသားပဲ၊ စက်နဲ့ပြောဖို့မဆိုထားနဲ့ တယ်လီဖုန်းခွက်ကြီး နားနားကပ်ပြီးပြောရတဲ့ အလုပ်ကို ငါ အင်မတန်စိတ်ပျက်တာ၊ ဟဲ့… နေဦး ငါပြောဦးမယ်”

“အေး… အေး… ပြော…”

ခါတိုင်း ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်တွေ့ရင် ဘယ်သူမှ ဝင်လို့မရအောင် စကားပြောတတ်ကြပေမဲ့ ဒီတစ်ခါမှာတော့ ကျွန်မ တစ်ယောက် ဟီးဟီးဟားဟားလည်းမလုပ်နိုင်၊ သူပြောတာတွေကိုပဲ “အင်း” လိုက်ရင်းနဲ့ ဖုန်းဖြေစက်ကလေးကိုပဲ မမိုတ်မသုန်ကြည့်လို့။ သင်းကလေးကို ဆက်ထားသင့်မထားသင့် ကျွန်မ တွေးနေမိပါပြီ။

* * *

“ဟဲလို”

“…”

“ဟဲလို”

“ဟဲလို… အဲ… ဆရာမလား၊ လူကိုယ်တိုင်ပဲလား၊ ကျွန်တော်ပါ၊ မိုးထိုက်ပါ”

“အေး… ကိုမိုးထိုက်ပြော၊ လူကိုယ်တိုင်ပါပဲမောင်ရာ… ပြောပါ”

“ဟာ… ဆရာမနှယ်၊ ဟိုနေ့က ကျွန်တော်ဆက်တယ်၊ စက်မှန်း သိပါဘူးဆိုမှဗျာ၊ ဆရာမအသံကလည်း တိုးတိုး၊ မြန်လည်း မြန်နေ တယ်ဗျာ။ သိုင်းကယူလို့လည်း ကြားလိုက်တော့ ကျွန်တော့်ကို ဘိုလို ပြောနေတယ်ထင်လို့… ဟဲလို… အိုင်အမ် မိုးထိုက်၊ အိုင် ဝမ်းတူစပိခ် ဝသ်စ်ယူနဲ့ လုပ်တာဗျို့။ နောက်… ဆရာမအသံက ငြိမ်သွားပြီး တီတီ

ဆိုတာတွေ ပေါ်လာတော့မှ ဟိုက်… စက်ဆိုတာ ဒါနဲ့ တူရဲ့ပေါ့။ ကိုယ်လည်း တစ်ခါမှ သုံးဖူး၊ သုံးစမရှိတော့ အဲဒီဟာထဲလည်း ဘယ်နှယ့်ဟာ၊ ဘာညာတို့ ထည့်ခဲ့တော့ပါဘူးဗျာ"

"ဩော်… အေး၊ အဲဒီနေ့က လှည်းတန်းဘက် ခဏ ထွက်သွားတာကွ၊ သွားခါနီး ငါ ကပျာကယာ သွင်းသွားလို့နဲ့တူတယ်"

"မသိဘူးလေဗျာ၊ အဲဒါနေဦးဗျ၊ ညဘက်ကျ ကျွန်တော် တစ်ခါ ထပ်ဆက်ပြန်ရော။ အောင်မယ် အဲဒီအခါကျတော့လည်း ခင်ဗျား ယောက်ျားအသံကြီးနဲ့ လုပ်ပြန်ရောဗျို့"

အညာသား၊ နာမည်ကျော် ဓာတုဗေဒ ကျူရှင်ဆရာနဲ့ စကားပြောပြီးတဲ့ အချိန်မှာတော့ ကျွန်မခမျာ ရယ်ရတော့မလို၊ ငိုရတော့မလို။

ဘယ်လိုလဲ စက်ကလေးရေ၊ သနားစရာ စက်ကလေးကို ကျွန်မ အသာ တို့ထိလိုက်မိတုန်းမှာပဲ ဖုန်းသံက မြည်လာပြန်ပါပြီ။

"ဟဲလို"

"ဟဲလို… နုနုလား၊ ရွှေအေးပါ"

"ဟယ် ရွှေအေး… သူငယ်ချင်း၊ ငါသတိရနေတာ ဘယ်လိုလဲ"

(ရုတ်တရက် ရွှေအေးရဲ့ရှိုက်သံကို ကျွန်မ ကြားလိုက်ရပါတယ်)

"ဟဲ့… ရွှေအေး၊ ဘာဖြစ်ပြန်ပလဲ ငါ့ကိုပြောစမ်း"

ဝမ်းနည်းဓာတ်ခံ အလွန်ရှိတဲ့ မရွှေအေးက ဆက်ပဲ ရှိုက်နေတယ်။ ပြဿနာပဲ၊ ကျွန်မ ဒီသူငယ်ချင်းက ငယ်ငယ်ကတည်းက ဆင်းရဲရှာပြီး ရိုးရိုးအအ၊ အရာရာမှာ အားငယ်ကြောက်တတ်၊ ပြဿနာမှန်သမျှကို မျက်ရည်နဲ့ပဲ အလျှော့ပေး ဖြေရှင်းတတ်တဲ့သူ။ သူ့အားအကိုးဆုံးက ကျွန်မ။ ခုလည်း ဘာဖြစ်ပြန်ပြီလဲ မသိပါဘူး။

"ရွှေအေး၊ နင့်ကို ငါပြောထားတယ်မဟုတ်လား၊ မျက်ရည်နောက်မှကျ၊ ပြဿနာကို အရင်ပြောရမယ်လို့လေ"

"ငါ… ငါ… ဝမ်းနည်းလို့ပါ"

"အေး… ဘာဖြစ်လို့ ဝမ်းနည်းနေတာလဲလို့"

"ငါ... ဟိုတစ်နေ့က နင်တို့အိမ်ကို ဖုန်းဆက်တာ၊ နင့်ယောကျ်ား က ငါ့ကို အဖက်လုပ် စကားမပြောဘူး သိလား"

"ဘာရယ်..."

"ငါက ဒီဘက်ကနေ ပြောနေပါတယ်။ ဆရာ၊ ကျွန်မ နုနု သူငယ်ချင်း ရွှေအေးပါလို့။ သူက ဖုန်းနံပါတ်တွေ၊ နင်တို့နှစ်ယောက် နာမည်တွေပဲပြောတယ်။ အသံကလည်း တစ်မျိုးကြီး၊ ငါ့ကို အရင်က ပြောတဲ့အသံမျိုးမဟုတ်ဘူး။ ငါ ဘယ်လိုပြောပြော သူပြောချင်တာတွေ ပြောပြီး ဖုန်းချပစ်လိုက်တယ်။ ငါဝမ်းနည်းလိုက်တာ... ငါ..."

"နေဦး ရွှေအေး... ငါပြောမယ်"

"(ရှိုက်လျက်) ငါက နင့်ကို ခဏခဏ အကူအညီတောင်းရတော့ ခဏခဏ ဒုက္ခပေးရတော့ သူက ငါ့ကို...၊ ငါ... နောက်... နင့်ကို ဒုက္ခမပေးတော့ပါဘူး။ ဘယ်တော့မှလည်း ဖုန်းမဆက်တော့ပါဘူး"

"ရွှေအေး...၊ ရွှေအေး"

ကျွန်မ ဘယ်လိုပဲခေါ်ပေမဲ့ ကျွန်မသူငယ်ချင်းဟာ "ဂွပ်" ခနဲ မြည်တဲ့ ဖုန်းချသံနဲ့ နောက်ဆုံး နှုတ်ဆက်သွားခဲ့ပါပြီ။ သက်ပြင်း တစ်ချက်ကို ချရုံကလွဲလို့ ကျွန်မ ဘာများ တတ်နိုင်ဦးမှာလဲ။ စက် ကလေးရေ၊ မင်းကိုငါ ဖြုတ်ပစ်တာပဲ ကောင်းမယ်ထင်ပါရဲ့။ ဖုန်းခြေစက် ကလေးဘေးနားမှာ ထောင်ထားတဲ့ ၂၀၀၁ ခုနှစ် ပြက္ခဒိန်လေးထဲက လှည်းယာဉ်လေးနဲ့ မြန်မာ့သမီးပျိုလေးက ပြုံးပြုံးလေး ကျွန်မကို ကြည့်နေတယ်။ အလို... ကျွန်မ စက်ကလေးကို ဖြုတ်ဖို့ စိတ်ကူးတဲ့ နေ့ဟာ ဇန်နဝါရီ (၁) ရက်၊ နှစ်ဆယ့်တစ်ရာစုထဲကို ချင်းနင်း ဝင်ရောက်တဲ့နေ့ပါလား...။

ကလျာမဂ္ဂဇင်း၊ အမှတ် ၁၉၄၊
မေ၊ ၂၀၀၁ ခုနှစ်။

❖


ငယ်ရွယ်စဉ်

# ငယ်ရွယ်စဉ် ရှာဖွေစွန့်ခဲ့ပြီ

အခုဆို ကျွန်မတို့အိမ်မှာ ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်တုန်းကလို ကျောင်းသူ၊ ကျောင်းသား မွေးစားသားသမီးတွေ တရုန်းရုန်းနဲ့ မနေတော့ပါဘူး။ တစ်ခါတလေ သူတို့လေးတွေကို သတိတရနဲ့ ကျွန်မတို့နှစ်ယောက် ပြောမိကြရင်း လွမ်းလာရင်တော့ ခုချိန်ထိ ကျွန်မတို့ အိမ်ပေါ်က မဆင်းသေးတဲ့ ဟိုကောင်ကြီးတွေ လေးကောင် (အရိုင်း၊ ဖိုးဖြူ၊ ကင်းနဲ့ ငှက်ပျောကြော်)ရဲ့ နှိပ်စက်နေကျ တီဗွီကြော်ငြာတွေကို အလွမ်းပြေကြည့်ရတယ်။ ခုချိန်မှာတော့ ဒီကောင်ကြီးတွေတုန်းကလို ရုန်းရုန်း၊ ရုန်းရုန်းနဲ့ မနေတော့ဘူးဆိုတာတောင်မှ ကျွန်မတို့အေးနားမှာ သားလက်ကျန် နှစ်ယောက်လောက်ကဖြင့် ရှိနေပါသေးတယ်။

ကျွန်မတို့ရဲ့ သားလက်ကျန်နှစ်ယောက် အရပ်ကြီးတွေက ခြောက်ပေနီးပါး၊ အသားကြီးတွေက မည်းမှောင်နဲ့မို့ ရာဇဝင်လာ ဘီလူးညီနောင်ကို အစွဲပြုပြီး ကျွန်မတို့က ချစ်စနိုးနဲ့ "ဘောသောနဲ့ ဘောကျော်" လို့ ခေါ်ကြတယ်။ သူတို့မိဘများက နယ်မှာ ရွှေပန်းထိမ်၊ ရွှေဆိုင် အလုပ်ကို လုပ်ကြလေတော့ သူတို့ အသားမှောင်မှောင်ပေါ်မှာ ရွှေတွေ၊ စိန်တွေကတော့ဖြင့် ဝင်းဝင်း၊ ဝင်းဝင်းနဲ့ အသားအရေကို ကာကွယ်

ထားတဲ့ သနပ်ခါးကလည်း အမြဲ အဖွေးသားနဲ့ သောသော၊ သောကျော် ညီအစ်ကိုဟာ ကျောင်းက ကောင်မလေးအုပ်စုတွေရဲ့ စချင်၊ နောက်ချင် စရာ ပစ်မှတ်နှစ်ခုပေါ့။

ဒီကောင်နှစ်ကောင်က အသက်ကလည်း တစ်နှစ်ကြီး၊ တစ်နှစ် ငယ် (နှစ်ဆယ့်နှစ်နဲ့နှစ်ဆယ့်သုံး) အကြီးဆုံးအစ်မနဲ့ အငယ်ဆုံးနမ ကြားမှာ နှစ်ဦးတည်းသော ညီအစ်ကိုလည်းဖြစ်တော့ အမြဲ တတွဲတွဲနဲ့ ချစ်လည်းချစ်ကြသလို မတူခြားနားတာတွေလည်း အများကြီးပဲ။

အကြီးကောင်ကြီးက ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေတတ် တယ်။ ဘဝကို ပေါ့ပေါ့ပါးပါးပဲ ရင်ဆိုင်ချင်တယ်။ ပညာသင်စဉ်အချိန် မှာ ဘဝအတွက် အလေးအနက် မတွေးချင်သေးဘူး။ အနာဂတ်အတွက် ကြိုတင်စီစဉ်ရေးဆွဲခြင်းကို မကြိုက်တဲ့သူ။ အငယ်ကောင်က အလွန် တရာ စေ့စပ်သေချာပြီး အရာရာကို အလေးအနက်ချည်းပဲ တွေးတတ်၊ စိုးရိမ်တတ်၊ ပူပန်နေတတ်တဲ့သူ၊ ဘာလေးပဲလုပ်လုပ် အစီအစဉ်ကို ကြိုတင်ရေးဆွဲတတ်သူ၊ ယူထားတဲ့မေဂျာကလည်း အကြီးက ဥပဒေ၊ အငယ်ကောင်က သင်္ချာ။

ကျွန်မတို့အိမ်မှာ ညီအစ်ကိုနှစ်ယောက် ညအိပ်ကြပြီဆိုရင် ဘယ် လောက်ပဲ အိပ်ရာဝင်နောက်ကျ၊ နောက်ကျ အငယ်ကောင်က အိမ်ရှေ့ ဧည့်ခန်းမှာ အိပ်ရာကို ပြန့်ပြူးညီညာနေအောင် ကျကျနန ခင်းသေးတာ၊ ညဝတ်ပုဆိုး၊ အင်္ကျီဟောင်းကိုလဲသေးတာ၊ ပြီးမှ ဘုရားတွေ ဘာတွေ သေချာရှိခိုးပြီးမှအိပ်တာ။ ဟိုကောင်ကြီးကတော့ သူအိပ်ချင်လာပြီ ဆိုလို့ကတော့ ထိုးအိပ်ပစ်လိုက်တာပဲ။ မနက်မိုးလင်းလို့ အိပ်ရာထကြ ရင်လည်း အငယ်ကောင်က အိပ်ရာ၊ အိပ်ခင်းတွေကို ညီညာသပ်ရပ် နေအောင်ခေါက်၊ ဧည့်ခန်းမှာ တံမြက်စည်းလှဲ၊ ကိုယ့်ကိုယ်ကိုယ်လည်း ရေမိုးချိုး၊ ကြော့နေအောင်ဝတ်၊ သနပ်ခါးအမွှေးနံ့သာတွေ လိမ်းခြယ်ပြီး မှ သူ့အစ်ကိုကို နှိုးတာ။ ဟိုကောင်ကြီးကတော့ ဝုန်းဝုန်းဆို အိပ်ရာထ၊ ရေမိုးချိုး၊ မျက်နှာသစ်၊ အင်္ကျီလဲ၊ သနပ်ခါးတွေ ရွှဲရွှဲနဲ့သွေးလိမ်း၊ ပြီးပြီ၊

ခဏာပဲ၊ အလွန်မြန်တယ်။ ဟိုအငယ်ကောင်က အချိန်ကတော့ ကြာသလား၊ ယူသလားမမေးနဲ့ ရေချိုးရင်လည်း တစ်နာရီလောက်တော့ အနည်းလေး။ လူသန့်ရှင်းရေးရော၊ ရေချိုးခန်းသန့်ရှင်းရေးရော သူလုပ်နေတာလေ၊ ထမင်းစားရင်လည်း အငယ်ကောင်က အလွန် နှေးကွေးတယ်။ ဖြည်းဖြည်းချင်းစားနေတာ မပြီးတော့ဘူး။ စကားပြောတော့လည်း တကယ့်ကို လူကြီးတစ်ယောက်လို၊ ချိန်ဆပြီး လေးလေး၊ လေးလေးနဲ့။ အကြီးကောင်ကြီးကျတော့ သွက်သွက်၊ သွက်သွက်နဲ့ စကားပြောရင် ရယ်ပြီးသားလာတာ။ သူတို့နှစ်ယောက်ရဲ့ တူညီတဲ့အချက်က အလုအယကြိုက်တာနဲ့ အစားကောင်း အသောက်ကောင်း ကြိုက်တာရှိမယ်။ နောက် တူညီတဲ့အချက်က ဒီနေ့ခေတ် လူငယ်တော်တော်များများလိုပဲ နိုင်ငံခြားကို စိတ်ဝင်စားတာကျ ညီအစ်ကိုနှစ်ယောက် တူပြန်တယ်။ ဒါပေမဲ့ တူတယ်လို့ ကျွန်မကထင်ခဲ့တာ၊ တကယ်ကျတော့ စိတ်ဝင်စားတာချင်း တူပေမဲ့ စိတ်ဝင်စားပုံချင်းကျလုံးဝမှ မတူကြပြန်ဘူး။ ဒီနှစ်ကောင်ဟာ တကယ့်ကို အံ့ဩစရာပါပဲ။

× × × × × × × × × ×

"နိုင်ငံခြား" ဆိုတာနဲ့ပတ်သက်ပြီး ဒီနှစ်ကောင် စတင် မြင်ဖူးထိတွေ့ရတာကတော့ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့ပဲ။ နိုင်တီအိပ် (98) မှာ ကျွန်မ အင်္ဂလန်သွားခါနီး ပတ်စ်ပို့ရလာတော့ ဒီနှစ်ကောင် ဝိုင်းကြည့်ကြတယ်။

"ဟော့... ဒီမှာ... မင်းတို့ ဆရာမကို စိတ်ဒဏ်ရာရအောင် လုပ်ခဲ့တဲ့အရာလေ"

ကျွန်မခင်ပွန်းက ရွှေရောင်တပြောင်ပြောင် ဝင်းလက်နေတဲ့ အင်္ဂလန်ဗီဇာကို ဒီကောင်တွေကိုပြတော့ ဒီနှစ်ကောင်မှာ ရင်သပ်ရှုမော၊ ပတ်စ်ပို့စာအုပ်တစ်နေရာက ဗီဇာကို လက်နဲ့ အသာအယာ တို့ထိကြည့်ကြရင်း အကြီးကောင်က "သူတို့တံဆိပ်ကြီးက လှလိုက်တာ

ဆရာမရယ်၊ ရွှေအရောင်ကို ဝင်းနေတာပဲတဲ့။ အငယ်ကောင်ဟာ စကားမပြောဘဲ၊ ခေါင်းကိုပဲ တညိတ်ညိတ်လုပ်လို့။ ပတ်စ်ပို့စာအုပ်ကို မလွှတ်တမ်းဆုပ်ကိုင်လို့။ အဲဒီအချိန်ကစပြီး ပတ်စ်ပို့မျက်နှာဖုံးကစပြီး တစ်ရွက်ချင်းလှန်လို့၊ ရေးထားသမျှတွေကို (ဒါ... ဘာလဲဆရာမ) ပေါင်းများစွာနဲ့သူ နားမလည်မချင်း မေးတော့တာပါပဲ။ ဘယ် လောက်များ မေးတဲ့ကောင်လဲဆို၊ ကျွန်မထွက်သွားပြီး ဘန်ကောက် ဒွန်မောင်းလေဆိပ်ကနေ ဟိုဘက် ဗြိတိသျှ အဲယားဝေး လေယာဉ်ပေါ် တက်ဖို့ အဆင်သင့်ဖြစ်ပြီဆိုတဲ့အကြောင်း အိမ်ကို ဖုန်းဆက်တော့ ဒီကောင်တွေနဲ့ပါ ဖုန်းပြောရတယ်။ အကြီးကောင်ကြီးက "ဆရာမ အားလုံး အဆင်ပြေတယ်မဟုတ်လား၊ ဆရာ့အတွက် စိတ်မပူနဲ့ဆရာမ၊ "ကျွန်တော်တို့ နေ့တိုင်းလာမှာနော်" တဲ့။ ဒါပဲ။ ဟိုကောင်ငယ် မောင်ဘောကျော်ကတော့ ဆရာမ... "ဘန်ကောက်လေဆိပ်ဆိုတာကြီး ဘယ်လိုကြီးလဲဟင်" ဆိုတာက စလိုက်တာ၊ လေဆိပ်တည်နေရာ၊ အကျယ်အဝန်း၊ အနေအထား၊ ဟိုဘက်လေယာဉ်ကို ဘယ်လို ပြောင်းစီး ရမလဲ၊ တခြား မြန်မာတွေရော တွေ့လား အစရှိသဖြင့် မေးလိုက်တာ၊ ဘတ်နှစ်ရာငါးဆယ်တန်ဖုန်းကတ် ကုန်တဲ့အထိပဲ။

ကျွန်မ ပြန်လာတော့လည်း ရောက်တဲ့နေ့ကစပြီး ကြုံတိုင်း မဆုံး နိုင်အောင် မေးသူဟာ အငယ်ကောင်ပဲ၊ အကြီးကောင်ကတော့ ကျွန်မ ပြောတဲ့ အချိန်မျိုးမှာ စိတ်ဝင်တစားနားထောင်တယ်၊ "ကောင်းတယ် နော်ဆရာမ"၊ သူ့မှတ်ချက်က ဒါပဲ၊ မေးစရာရှိရင် နည်းနည်းပါးပါး မေးတယ်၊ အဲဒီအချိန်ကစပြီး နေ့ရှိသရွေ့ အငယ်ကောင်ပြောတဲ့ စကားဟာ "ကျွန်တော် နိုင်ငံခြားသွားမယ်" ဆိုတာပဲ။ အကြီးကောင် ကတော့ ရယ်မောရင်း "သွားပေါ့ကွာ၊ ဘာခက်တာလိုက်လို့၊ ငါဆို ခဏခဏရောက်တယ်။ အိပ်မက်ထဲမှာ" လို့ လုပ်တတ်တယ်။ အငယ် ကောင်ဟာ လိုက်လို့တောင် မရယ်မောဘဲ "ငါတကယ်သွားမှာကွ" လို့ လေးလေးနက်နက်ကြီး ပြန်ဖြေရုံတင်မက နောက်ခြောက်လလောက်

ကြာတဲ့အချိန်မှာတော့ သူ့ပတ်စ်ပို့ကို ကျွန်မတို့ရှေ့မှာ ခပ်တည်တည်နဲ့ ထုတ်ပြလိုက်ပါတော့တယ်။ "ကျွန်တော့်ဘာသာကျွန်တော် သွားတင်ထားလိုက်တာ၊ အခု ကျလာပြီ" တဲ့။ သူ့အစ်ကိုက "အေးပါ... ကျတာကတော့ ဟုတ်ပါပြီ၊ မင်းက ဘယ်ပိုက်ဆံနဲ့ ဘယ်နိုင်ငံကို သွားမှာလဲ" တဲ့။ ကျွန်မ စိတ်ဝင်တစား ကြည့်နေမိတဲ့အချိန်မှာပဲ အငယ်ကောင်က ယုံကြည်မှုအပြည့်ရှိတဲ့အသံနဲ့ ချိန်ချိန်ဆဆ၊ လေးလေးကြီးနဲ့ ဖြေတယ်။

"အကုန်အဆင်ပြေသွားစေရမယ်၊ စောင့်တော့ စောင့်ရဦးမှာပေါ့။ ဒါပေမဲ့ စိတ်ချ၊ မကြာစေရဘူး"

အကြီးကောင်က သူ့ထုံးစံအတိုင်း ရယ်မောလိုက်ပေမဲ့ တကယ်ပါပဲ နောက် နှစ်နှစ်ကျော်ကြာပြီးတဲ့ တစ်ခုသော နံနက်ခင်းမှာတော့ ညီအစ်ကိုနှစ်ယောက် ရောက်လာကြတယ်။ "အားလုံး စီစဉ်ပြီးပြီ၊ ထွက်တော့မယ်" တဲ့။

ထွက်တော့မယ်ဆိုတဲ့ ကျွန်မရှေ့က ဘောသော၊ ဘောကျော် နှစ်ကောင်ကို ကျွန်မ သေချာ ကြည့်နေမိတယ်။ အငယ်ကောင်ဟာ အလွန်တရာ တက်ကြွလန်းဆန်းလို့။

"ဟောကောင်တွေ၊ တကယ် သွားကြတော့မလို့လား။ ဘယ်ကိုလဲ"

"ကိုရီးယားကိုဆရာမ..."

"ကိုရီးယား... ဟုတ်လား"

"ဟုတ်တယ်ဆရာမ၊ ကိုရီးယားက အလုပ် ပိုအဆင်ပြေတယ်။ လခလည်းကောင်းတယ်။ စစချင်း တစ်လကို ယူအက်စ်ခြောက်ရာ ရမယ်တဲ့။ ပြီးတော့ ဂျပန်ကို အဲဒီကတစ်ဆင့်ကူးရင် ပိုလွယ်တယ်လို့ ပြောတယ်။ အခု... ဆရာမရယ်၊ အားလုံးပေါင်း ဆယ့်ငါးလောက် ကျတယ်။ ကျွန်တော့်ကို ဖေကြီးတို့၊ မေကြီးတို့က ဒီမှာ ဆယ့်ငါးသိန်း ထုတ်ပေးလို့ ကျွန်တော် ဘာသွားလုပ်စားမလဲ။ ဆယ့်ငါးသိန်းရင်းလို့ တစ်လ လေးငါးသိန်း ဘယ်လိုမှမမြတ်ဘူးဆရာမ။ အခု... ကျွန်တော်

တို့အိမ်က ရွှေပန်းထိမ်အလုပ်တို့၊ အထည်ဆိုင်အလုပ်တို့ဆိုတာ ကလည်း ရရစားစားပဲ၊ အလုပ်က ကြာလေပါးလိုက်လာလေပဲ။ ကျွန်တော် အလုပ်လုပ်ချင်တယ်။ ပိုက်ဆံရှာချင်တယ်။ ဆရာမ ကျွန်တော့်အသက်ပဲ ကြည့်ပါဦး၊ နှစ်ဆယ့်လေးထဲရောက်နေပြီ၊ အခုမှ ကျောင်းက ဒုတိယနှစ်ရှိသေးတယ်၊ ဘယ်လိုလုပ်မလဲ။

အငယ်ကောင်က သူ့ထုံးစံအတိုင်း လူကြီးသူမလေသံနဲ့ အရှည် ကြီးလျှောက်ပြောသွားတာ ကျွန်မမေးတဲ့ မေးခွန်းတွေကို သူသိနေ သလိုပဲ။ မျိုးဆက်သစ်လူငယ်တွေ နိုင်ငံခြားသွားမယ်ဆိုရင် ပညာသင်ဖို့ ပဲ သွားစေချင်တဲ့၊ ပညာသင်ပြီးရင်လည်း ကိုယ့်တိုင်းပြည်အတွက် ပြန်လာစေချင်တဲ့ ကျွန်မတစ်ယောက် သက်ပြင်းချရုံကလွဲလို့ ဘာများ တတ်နိုင်မှာတဲ့လဲ။

"အဲဒါ... ဆရာမသားကို ကြည့်ပြောဦး၊ ဒီကောင်က မလိုက် ဘူးတဲ့"

"ဟင်... ဟုတ်လား"

"ကျွန်မ အံ့သြစွာနဲ့ အကြီးကောင်ကြီးကို ကြည့်လိုက်မိပါ တယ်။ သူ့မျက်နှာဟာ မလေးနက်၊ မတည်ကြည်စဖူး၊ လေးနက် တည်ကြည်လို့။

"ကျွန်တော် မသွားဘူး၊ ဆရာမ ကျွန်တော် မလိုက်ချင်ဘူး"

"မင်းက... ဘာဖြစ်လို့လဲ ပြောပါဦး"

"ကျွန်တော်... ကျောင်းတက်ချင်တယ် ဆရာမ"

ကျွန်မ မမျှော်လင့်တဲ့ ဒီကလေးရဲ့အဖြေဟာ ကျွန်မကို အံ့အား သင့် ထိခိုက်စေပါတယ်။

"ကျွန်တော့်ညီပြောသလို ကျွန်တော်တို့ဟာ ခုမှ ဒုတိယနှစ်ပဲ ရှိသေးတာ ဟုတ်ပါတယ်။ ဒါပေမဲ့ အသက်ဘယ်လောက်ပဲဖြစ်ဖြစ်ပေါ့၊ တက္ကသိုလ်ကျောင်းသားဘဝကို ကျွန်တော် ခံစားချင်တယ်၊ ဆရာမ။ ဆရာတို့၊ ဆရာမတို့ပြောတာလေ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ

လေးနှစ်သက်တမ်း၊ ငါးနှစ်သက်တမ်းဟာ ကျောင်းပညာတင်မဟုတ်ဘဲ လူမှုပေါင်းသင်းဆက်ဆံရေးတို့၊ ကိုယ်ချင်းစာ ရိုင်းပင်းကူညီတတ်မှု တို့ကိုပါ ဘဝကို ရင်ဆိုင်တတ်အောင်လို့ သင်ပေးလိုက်တာဆို ဆရာမ၊ ကျွန်တော် ကျောင်းပဲတက်ချင်တယ်၊ ပြီးမှ အလုပ်လုပ်မယ်"

ကျွန်မ ဘာပြောရမလဲ၊ ဒီကလေးနှစ်ယောက်ရဲ့ မတူညီတဲ့ သဘောထားနှစ်ခုဟာ ကျွန်မနှုတ်ကို ဆွံ့အစေပါတယ်။

"ဘောကျော်၊ မင်းဘယ်နေ့ထွက်မှာလဲ"

မဆိုင်တဲ့မေးခွန်းကိုသာ ကျွန်မ မေးဖြစ်ပါတယ်။

"သုံးရက်ပဲလိုတော့တယ် ဆရာမ၊ ကျွန်တော့်ကို လိုက်ပို့မှာ မဟုတ်လား ဆရာမ"

ဒီလိုဆိုတော့လည်း ပီတိကလေးငယ်လို ဖြစ်သွားပြန်တဲ့ ဘော ကျော်လေးရဲ့ မျက်နှာနုနုလေးကိုကြည့်ပြီး ကျွန်မ သတိရလာတဲ့ ဘန်ကောက်လေဆိပ်က မလေးရှားပြန် မျက်နှာနုနုလေးတွေ အကြောင်းကို ကျွန်မ မပြောရက်တော့ပါဘူး။ ကျွန်မရဲ့ အပြန်ခရီးမှာ ဘန်ကောက်လေဆိပ်ထဲ ဝဲလည်ဝဲလည် လုပ်ရင် ရန်ကုန်ထွက်မယ့် လေယာဉ်ကို စောင့်ဆိုင်းနေတဲ့ မြင်လိုက်တာနဲ့ မြန်မာလေးတွေမှန်း သိသာတဲ့ ဘောကျော်တို့အရွယ် လူငယ်လေးတစ်စုနဲ့ပဲ ကျွန်မနဲ့ တွေ့ကြတယ်။ တိုင်းပြည်အပြင်ဘက်မှာ မြန်မာအချင်းချင်း တွေ့ကြ ရင် ပြောစရာမလိုဘဲ သွေးအသိ၊ မျက်လုံးအကြည့်နဲ့တင် မြန်မာမှန်း သိပြီး နှုတ်ဆက်မေးမြန်း ဝမ်းသာတတ်ကြတဲ့ ထုံးစံအတိုင်း တွေ့ကြ တာပေါ့။

မလေးရှားမှာ အလုပ်သွားလုပ်ပြီး အဆင်မပြေလို့ ပြန်လာ ကြတဲ့ ကလေးတွေ၊ မျက်နှာလေးတွေက နုနုလေးတွေပေမဲ့ အလုပ် ကြမ်း ဘဝကြမ်းထဲ ဖြတ်ခဲ့ရလို့ အသွင်အပြင်လေးတွေက ကြမ်းတမ်း နေပြီ။ "လေဆိပ်ထဲကို မနက်ကတည်းက ရောက်နေတာ ဆရာမရဲ့၊ ကျွန်တော်တို့မှာ ပိုက်ဆံမရှိတော့လို့ ခုထိ ဘာမှ မစားရသေးဘူး။

မုန့်နည်းနည်းလောက် ဝယ်ကျွေးပါလား ဆရာမ" ဆိုတဲ့ စကားသံလေးကို ကျွန်မ ရက်ပေါင်းများစွာ မမေ့နိုင်ခဲ့ပါဘူး။ ဖြစ်မှဖြစ်ရလေ ကလေးတို့ရယ်လို့ ရင်နာနာနဲ့ ရေရွတ်ရုံကလွဲလို့ ကျွန်မ ဘာများ ပြောနိုင်ပါ့မလဲ။ ခုလည်း ကျွန်မ ဘောကျော်လေးကို ဘာများ ပြောရပါ့မလဲ။

"အရေးအကြီးဆုံးကတော့ ကျန်းမာရေးဂရုစိုက်ပေါ့ကွာ၊ ပြီးတော့ ကိုယ်ကျင့်တရားကို စောင့်ထိန်း၊ ဘာသာတရားကို မမေ့နဲ့ နောက်တစ်ချက် ဖြစ်စေချင်တာကကွာ၊ အလုပ်လုပ်ရင်းနဲ့ အားတဲ့အချိန်လေးတွေမှာ ပညာတစ်ခုခု သင်စေချင်တယ်။ များသောအားဖြင့် နိုင်ငံခြားကို ထွက်ကြပြီဆိုရင် ပညာသင်ဖို့ဆိုပြီး ထွက်တဲ့ ကလေးတွေတောင်မှ သူတို့ဆီက ပညာသင်စရိတ်တွေက ကြီးလွန်းလို့ ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက် လုပ်ကြရတယ်။ အလုပ်လုပ်ရင်းနဲ့ ပိုက်ဆံက လွယ်လွယ်နဲ့ (ကိုယ့်ဆီမှာထက်စာရင်) များများရတော့ တချို့ ကျောင်း လုံးဝ မတက်တော့ဘူး။ အလုပ်မှာ ပျော်သွားကြရော။ ငယ်တုန်းမှာတော့ ကိုယ့်အလုပ်ဟာ ဂုဏ်ငယ်ရကောင်းမှန်းလည်း မသိဘူးပေါ့ကွာ၊ အဲဒီလို အလုပ်တွေနဲ့ ပျော်ပိုက်ရင်း အိမ်ထောင်တွေကျ၊ သားသမီးတွေ ရလာတော့မှ သိတော့တာ။ အဲဒီအချိန်မှာ နောက်ကျသွားပြီပေါ့။ ဟုတ်တယ်မဟုတ်လား။ မင်းနားလည်ပါတယ်ကွာ၊ အဲဒီတော့ အလုပ်လည်းလုပ်ပါ။ စရိတ်စကကြီးပြီး အချိန်တွေ အများကြီးပေးရမယ့် ပညာရေးမျိုးမဟုတ်တဲ့ အချိန်ပိုင်းသင်တန်းလေးဖြစ်ဖြစ်ပေါ့။ အင်္ဂလိပ်စာသင်တန်းပဲဖြစ်ဖြစ်၊ ကိုးရီးယားစာသင်တန်းပဲဖြစ်ဖြစ်ကွာ တက်စေချင်တယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

ကျွန်မကို ထိခြင်းငါးပါးနဲ့ သေချာ ထိုင်ရှိခိုးကန်တော့နေတဲ့ ကလေးကိုကြည့်ပြီး ကျွန်မမေးချင်တဲ့ "မင်း ဘယ်တော့ပြန်လာမလဲ" ဆိုတဲ့မေးခွန်းကို ကျွန်မရင်ထဲ ပြန်မျိုချလိုက်ပါပြီ။ ဒီအရွယ်ကလေးတွေကို ဆွဲဆောင်ဖမ်းစားတတ်တဲ့ ပျော်ရွှင်လွတ်လပ်မှု၊ သာယာမှု

အသစ်အဆန်းတွေကြားမှာ မပြန်ဖြစ်ကြတော့တဲ့ ကလေးတွေများစွာကို နိုင်ငံရပ်ခြားမှာ ကျွန်မ မြင်ခဲ့၊ တွေ့ခဲ့ဖူးတယ်လေ။

× × × × × × × × ×

ဘောကျော်လေး ထွက်သွားပြီး သုံးလလောက်ဟာ တစ်ယောက်တည်း ကွဲကျန်ခဲ့ရှာတဲ့ အကြီးကောင်ကြီးတစ်ယောက် မားမား၊ မားမားနဲ့ ကျွန်မတို့အိမ်ကို ညနေ ကျောင်းပြန်တိုင်း ဝင်လာတတ်တယ်။ ပြီးခဲ့တဲ့ တစ်ပတ်လောက်ကတော့ သူ့မိဘများက လှမ်းမှာလို့ဆိုပြီး အိမ်ပြန်သွားတာ ဆယ်ရက်ကျော်ကျမှ ပြန်ချလာတယ်။ ကျွန်မ ကြိုက်တတ်တဲ့ ငါးရံ့ခြောက်တွဲ လက်ဆောင်လေးကို ဆွဲလို့ အိမ်ထဲကို ဝင်လာတဲ့ ဘောသောကြီးရဲ့မျက်နှာဟာ အရင်လို မရွှင်ဘူး။ မပြောမဆိုနဲ့ လွယ်အိတ်ထဲက စာအိတ် နှစ်အိတ်သုံးအိတ်ကို ဆွဲထုတ်ပြီး ကျွန်မရှေ့မှာ ချတယ်။

"ဆရာမ... အငယ်ကောင်ရဲ့ စာတွေလေ၊ အမေက ရတနာတွေလို ပွေ့ပိုက်ထားလို့ ဆရာမဖတ်ဖို့ဆိုပြီး မနည်း တောင်းလာရတာ"

စာအိတ်တွေကို ကျွန်မ မကောက်မိဘဲ တစ်မျိုးဖြစ်ပြီး မျက်စိမျက်နှာပျက်နေတဲ့ အကြီးကောင်ကိုသာ ကျွန်မ ကြည့်မိတယ်။

"ဟော့ကောင်... မင်းဘာဖြစ်လာလဲ ပြောစမ်း"

ကျွန်မကို ရုတ်တရက် ဘာမှ ပြန်မပြောသေးဘဲ ဒီကောင်ကြီးက မချစဖူး သက်ပြင်းတွေဘာတွေများ ချလို့။

"အိမ်က ကျွန်တော့်ကို အငယ်ကောင်နောက် လိုက်ခိုင်းတယ် ဆရာမ၊ ဖေကြီးကရော၊ အမေကရော၊ ညီမတွေကရော၊ ရည်းစားကရော တစ်ဆွေလုံး တစ်မျိုးလုံးက လိုက်ခိုင်းတာ။ ကျွန်တော်ဒီမှာ နေနေတာ အလာကားပဲတဲ့။ လိုက်သွားရမယ်တဲ့ဆရာမ။ ကျွန်တော် ဘာလုပ်ရမလဲ"

ဒီတစ်ခါ စကားမပြောနိုင်သူက ကျွန်မပါ။

"ကဲပါ... ဆရာမရယ်၊ ဆရာမသား စာတွေကို ဖတ်ကြည့်ပါဦး၊ ကျွန်တော်လည်း သူ့ဆီကို စာပြန်ရေးရမယ်။ လောလောဆယ်တော့ ကျွန်တော် သီချင်းဆိုဦးမယ် ဆရာမရယ်၊ စိတ်ညစ်တယ်"

ရုတ်တရက်ထပြီး ကာရာအိုကေစက်ကို ပြင်ဆင်ရာကနေ လွယ်အိတ်ကို လှမ်းဆွဲပြန်တယ်။

"ခုမှ သတိရတယ် ဆရာမ၊ ကျွန်တော် ဆရာတို့၊ ဆရာမတို့ အတွက် ကိုင်းဥလည်း ဝယ်လာတယ်၊ မစားဖူးဘူးဆိုလို့ အဆီအနှစ်တွေနဲ့ သိပ်ဆိမ့်တာ ဆရာမ၊ သူတို့က ကိုင်းပင်တွေမှာ ဥတာ၊ ကျွန်တော် သွားကင်လိုက်ဦးမယ်"

အငြိမ်မနေ လှုပ်ခတ်နေရှာတဲ့ ဒီကလေးကို ကျွန်မ ဘယ့်နှယ့် လုပ်ရပါ။ ဘောကျော်ကလေးရဲ့ စာအိတ်လေးတွေကိုပဲ ကျွန်မ ဖွင့်ရ တော့တယ်။ ကြည့်ပါဦး။ သူ့ထုံးစံအတိုင်း စိတ်ရှည်လက်ရှည်၊ ဖြည်း ဖြည်းလေးတစ်လုံးချင်း ရေးတတ်တဲ့ ဘောကျော်လေးရဲ့ လှပဝိုင်းစက် တဲ့ လက်ရေးကလေးတွေ။ "အဖေကြီးနှင့်အမေ" တဲ့။

"သားသတိရစွာဖြင့် စာရေးလိုက်ပါတယ်။ သား အခု ဝွမ်ကျူးမြို့နယ်မှာရှိတဲ့ ပလတ်စတစ်စက်ရုံမှာ အလုပ် ဝင်နေပါတယ်။ အလုပ်က သက်သာပါတယ်။ ကိုရီးယား နိုင်ငံက တောင်တန်းတွေ ပတ်လည်ဝိုင်းနေပြီး အရမ်း အေးတယ်။ နှင်းခဲတွေကလည်း သစ်ပင်တွေပေါ်မှာ ဖွေးနေ တာပဲ၊ လမ်းဘေးတစ်လျှောက်မှာလည်း ရေတွေခဲလို့ပေါ့။ မြို့တစ်မြို့နဲ့တစ်မြို့က သိပ်မဝေးပါဘူး။ အင်္ဂလိပ်စာနဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေရှိတော့ လျှောက်လည်လို့ရတယ်။ ရထားစီးရင် မြေအောက်အနက် ပေတစ်ရာလောက်ကနေ ရထားစီးရတာ။ ရထားတွေက အရမ်းမြန်တာပဲ၊ ရထား လမ်းကို မြစ်ရဲ့ အောက်ခြေကတောင် ဖောက်ထားတယ်။ အခု သားသူငယ်ချင်းအသစ်တွေလည်း တိုးပါတယ်။ လစာ

ကတော့ မြန်မာငွေနဲ့ဆိုရင် သုံးသိန်းခွဲလောက် ရပါတယ်။ စရိတ်စကကြီးတဲ့ နိုင်ငံဆိုတော့ စားစရိတ်တင် မြန်မာငွေ ခြောက်သောင်း၊ ခုနစ်သောင်းလောက် ကုန်တယ်။ ဆန်တစ်တင်းအိတ်ကို မြန်မာငွေ နှစ်သောင်းခွဲလောက်ကျတယ်။ သား ဒီထက်လစာကောင်းတဲ့ စက်ရုံတွေ စုံစမ်းထားတယ်။ ကိုကို Korea ကို လိုက်လာစေချင်တယ်။ နှစ်ယောက်အားဆိုရင် ဝုန်းဒိုင်းဆိုပြီး ထိုးတက်သွားမှာပဲ၊ အဲဒါမှ ဘဝဟာ ဖြောင့်ဖြူးသာယာပြီး မုန့်ဖိုးလက်ဖြန့်တောင်းနေရတဲ့ အခြေအနေကနေ ပြောင်းလဲသွားမှာ၊ ကျောင်းဆိုတာ အချိန်မရွေး တက်လို့ရတယ်၊ နိုင်ငံခြားသွားတယ်ဆိုတာ...

ဘောကျော်လေးရဲ့စာကို ကျွန်မ ခဏရပ်ထားမိတယ်။

"ဘဝစေရာ တာဝန်... ကျေပွန် ဆောင်ရွက်ခဲ့သူတို့... ရေစုန်ကိုဆန်ကာ ပြန်ခဲ့ပြီ"

အကြီးကောင် ဘောသောကြီး မျက်စိမှိတ်အော်နေတဲ့ သီချင်းဟာ ဟိုအငယ်ကောင် ဆိုနေကျသီချင်းပဲ၊ "ဆယ်လမွန် ငါးတို့အပြန်" ကို ကျွန်မလည်း ကြိုက်တယ်။ အလွန်လှတဲ့ လိမ္မော်ရောင်အဆင်းရှိတဲ့ ဆယ်လမွန်ငါးကို ဝေးမြေရပ်ခြားမှာ ကျွန်မ စားခဲ့ဖူးတယ်။

"မိုးဦးရေဆန်... မိုးဦးရေဆန်..."

အင်မတန်လှတဲ့ စကားလုံးလေးပဲ၊ ဘောကျော်လေးရဲ့ နောက်စာတစ်စောင်ကို ကျွန်မ ဖွင့်မိပြန်တယ်။

"သား... အခု ဆေးထိုးအပ်တွေထုတ်လုပ်တဲ့ စက်ရုံကို ပြောင်းသွားပါပြီ။ မြန်မာပြည်မှာလည်း အဲဒီစက်ရုံကို တည်ထောင်ထားပါတယ်။ တီဗီမှာလည်း အမြဲ ကြော်ငြာပါတယ်။ အခုအလုပ်ကို အရမ်းကြိုက်ပါတယ်။ လုပ်ရတာလည်း သက်သာပါတယ်။ စက်ထဲက ကျလာတဲ့

ဆေးထိုးပိုက်တွေကို အကောင်းအဆိုး ရွေးပေးရတဲ့ အလုပ်ပါ။ အလုပ်ချိန်က တစ်နေ့ကို ဆယ်နာရီခွဲရှိပါတယ်။ နေ့တစ်ပတ်၊ ညတစ်ပတ် အလုပ်ဝင်ပေးရပါတယ်။ သားမကြာခင် အိမ်ကို ပိုက်ဆံပို့နိုင်တော့မှာပါ။ ကိုကို့ကို အမြန်ဆုံးလွှတ်ဖို့ ကြိုးစားပါ။ နှစ်ယောက်ဆိုရင် အားလည်းပိုရှိသလို တိုင်ပင်ဖော်လည်းရတယ်။ နှစ်နှစ်စာကိုလည်း တစ်နှစ်တည်းနဲ့ ရှာလို့ရတယ်။ သားတို့ ညီအစ်ကို နှစ်ယောက်ရဲ့ ကြိုးစားမှုကြောင့် မိဘတွေ ကိုယ်ပိုင်ကားစီးပြီး အဲယားကွန်းခန်းထဲမှာ နေနိုင်တဲ့ ဘဝမျိုးဖြစ်အောင် မိဘကျေးဇူးကို ဆပ်ချင်တယ်။ သားအတွက် မွေးနေ့မှာ သင်္ကန်းကပ်၊ မုန့်ဟင်းခါးကျွေးတယ်ဆိုတော့ သား ဒီကနေ သာဓုခေါ်ပါတယ်။ သား ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ၊ အမြဲ ဦးချပြီးမှ အိပ်ပါတယ်။ ကိုးနဝင်းပုတီးလည်း စိပ်ပါတယ်။ သားမိသားစုကို အရမ်း သတိရပေမဲ့ ဝေးတစ်မြေမှာ နေနိုင်သရွေ့တော့ နေရဦးမှာပါ။ မမရေ... မမဘွဲ့ယူပြီးပြီဆိုလို့ ဝမ်းသာပါတယ်။ မောင်လေးကတော့...”

“ပြန်ချိန်လည်း... ဆုံးဖြတ်ခိုင်မာစေ... ရာသီလည်း တွက်ချက်မှန်ကန်စေ”

ဘောကျော်လေးရဲ့ နောက်ထပ် စာတစ်စောင်ကို ကျွန်မ ဖွင့်ဖောက်မိပြန်ပါတယ်။

“သားအခု handphone စက်ရုံမှာပါ။ အလုပ် အဆင်ပြေပါတယ်။ ဆေးထိုးအပ်စက်ရုံက အလုပ်ပါးလို့ ပြောင်းလာတာပါ။ သားပို့လိုက်တဲ့ ပိုက်ဆံရတယ်ဆိုတဲ့ အကြောင်းနဲ့ မိသားစုဓာတ်ပုံလေးကိုရတာ ဝမ်းသာလိုက်တာ။ ကိုကိုရေ မိသားစုဘဝတိုးတက်ဖို့ ကိုရီးယားကို မလာနိုင်ဘူးလား။ Korea မှာ မိမိဘဝ၊ မိသားစုဘဝအတွက် ကြိုးစား

နေကြတဲ့ မြန်မာများစွာကို မြင်စေချင်တယ်။ ဒီကို ရောက်တာနဲ့ အမြင်တွေ၊ အတွေးအခေါ်တွေ အားလုံး ပြောင်းလဲသွားလိမ့်မယ်။ လက်ရှိအနေအထားကို တင်းတိမ် ရောင့်ရဲမနေပါနဲ့၊ အမြန်ဆုံးသာလာခဲ့ပါ။ ကိုကိုရာ၊ သုံး လေးနှစ်ပဲ မိသားစုနဲ့ ခွဲနေရမှာပါ။ တက္ကသိုလ်ကျောင်း ကိုတော့ နိုင်ငံခြားပြန်ဘဝနဲ့ ကိုယ်ပိုင်ကားစီးပြီး စတိုင်နဲ့ ပြန်တက်ကြတာပေါ့။ အမြန်ဆုံးလာခဲ့ပါ။

"စိတ်တူရာခိုဝင်... ပြည့်စုံချိန် ပြန်ခဲ့မယ်တဲ့ ငယ်ရွယ်စဉ်... ရှာဖွေစွန့်ခဲ့ပြီ"

ပြည့်စုံချိန် ပြန်ခဲ့မယ်တဲ့၊ ကျွန်မ တိုးတိုးလေး လိုက်ရေရွတ်မိတဲ့ ဒီစကားလုံးတွေဟာ ဘာကြောင့်များ ကျွန်မရင်ကို ပြင်းပြင်းထန်ထန် ထိမှန်ခဲ့ပါသလဲ၊ ငယ်ရွယ်စဉ် ရှာဖွေစွန့်ခဲ့ပြီတဲ့။ ကိုခင်ဝမ်းကတော့ မြောက်အတ္တလန္တိတ် သမုဒ္ဒရာက ဆောင်းခိုသူ၊ ဆယ်လမွန်ငါးမောင်နှံ အကြောင်းကို ခံစားစပ်ဆိုဟန်တူပါရဲ့၊ ကျွန်မကတော့ လွမ်းစရာ ကောင်းတဲ့ ဒီသံစဉ်နဲ့ ဒီစကားလုံးတွေကြားထဲမှာ ဝေးမြေရပ်ခြားမှာ အလုပ်လုပ်နေကြတဲ့ မြန်မာလူငယ်လေးတွေကို ဘာလို့လဲမသိ မြင် ယောင့်ရင်း ငိုချင်အောင် ထိထိခိုက်ခိုက် ရှိလှပါတယ်။

"ဆရာမ..."

ဘောသောကြီးဟာ မိုက်ကလေးကို ဘေးမှာချလို့၊ မျက်နှာလေး ငယ်လို့။

"ကျွန်တော်မသွားချင်ဘူး ဆရာမ၊ ကျွန်တော် ကျောင်းပဲ တက်ချင်တယ်။ ကျွန်တော် မလိုက်လို့ မရဘူးလား။ ဖေကြီးတို့ အမေတို့ကို ကူပြောပေးပါဦးဆရာမရယ်၊ ကျွန်တော် ဘာလုပ်ရမလဲ ဆရာမ"

"..."

"ဒီမှာ ကျွန်တော် အငယ်ကောင့်ဆီ ရေးထားတဲ့စာ၊ ဘာရေးရ

မှန်းလည်း မသိပါဘူး ဆရာမရာ၊ နည်းနည်းလေး ပြီးသေးတယ်။ ဆရာမ ဖတ်ကြည့်ပါဦး"

ကျွန်မကို လှမ်းပေးနေတဲ့ သူ့စာခေါက်လေးကို ကျွန်မ ဖွင့်လိုက်တယ်။ အကြီးကောင်ထုံးစံအတိုင်း လက်ရေးက ခပ်စောင်းစောင်း၊ ခပ်သော့သော့။ စာလေးကလည်း သုံးလေးကြောင်းထဲ။

"ညီလေးရေ... ငါမင်းကို လွမ်းတယ်။ တို့ငယ်ငယ်
တုန်းက မြစ်ထဲက ကိုင်းပင်တွေကြားမှာ ကိုင်းဥ သွားခူး
ကြတာ မှတ်မိသေးလား၊ ကိုင်းဥက စားလို့ သိပ်ကောင်း
ပေမဲ့ ကိုင်းပင်တွေကြားထဲမှာ ငါတို့လိုပဲ ကိုင်းဥကြိုက်တဲ့
မြွေပွေးကြီးတွေ ခွေနေကြတယ်ကွ၊ မင်းသိရဲ့လား..."


စာရွက်လေးက လက်ထဲမှာ တလွင့်လွင့်၊ ကျွန်မတစ်ယောက်မှာတော့ နှုတ်ဆွံ့ငေးငိုင်စွာ...။

**ရွှေအမြုတေမဂ္ဂဇင်း၊**
**၂၀၀၂ ခုနှစ်။**

❖

## မြနှင်းဆီတေးသရုပ်ဖော်

လေစိမ်းတွေ တဝုန်းဝုန်း တိုက်ခတ်နေတဲ့ မယ်ဇယ်ပင်တန်း အောက်က သဲလမ်းကြောင်းပေါ်မှာ စက်ဘီး အလေးကြီးကို မနိုင်မနင်း တွန်းရတာ လေးလွန်းလှတယ်လို့ ဒီနေ့တော့ မြနှင်းဆီ အသေးလေးက မထင်တော့ပါဘူး။ ဟင့်အင်း... မြနှင်းဆီအသေးလေး မဟုတ်ပါဘူး။ ဒီနေ့အဖို့တော့ မြနှင်းဆီပါ။ တကယ့်ကို မြနှင်းဆီပါ။ အမေ မြနှင်းဆီ မပါမှတော့ သမီးမြနှင်းဆီ အသေးလေးဟာ မြနှင်းဆီ ဖြစ်သွားပြီပေါ့။ မြနှင်းဆီဆိုတဲ့ နာမည်လေးဟာ ဘယ်လောက်လှတဲ့ နာမည်လေးလဲ။ ဘယ်လောက်ကောင်းတဲ့ နာမည်လေးလဲ။ အမေခေါ်တဲ့ "အသေးလေး" ဆိုတဲ့ နာမည်ကြီးကိုတော့ သိပ်မုန်းဖို့ ကောင်းတယ်။ သူများခေါ်တဲ့ "မြနှင်းဆီ အသေးလေး" ဆိုတဲ့ နာမည်ကြီးကိုတော့ ပိုတောင် မကြိုက် သေး။ အမေက သူ့နာမည်လေးကိုများ သိပ်နှမြောတာပဲ။ သားအမိ အချင်းချင်းတောင် မပေးချင်ဘူး။ "မြနှင်းဆီနာမည်ကို သမီးကိုပေးပါ အမေရယ်" ဘယ်လောက်ပဲတောင်းတောင်း "ပေးပါဘူး" တဲ့။ "ငါသေမှ ပဲ ဒီနာမည်ကို ညည်းရမယ်" တဲ့။ "ဒီနာမည်လေးတစ်လုံးရဖို့ ဇာတ် လောကမှာ ငါ ဘယ်လောက် ကြိုးစားခဲ့ရတယ် မှတ်လဲ။ ညည်း နား


မြနှင်းဆီ
စကားသရုပ်ဖော်

မလည်ပါဘူး။ အသေးလေးရယ်" နဲ့ လုပ်တော့တာပဲ။ ပြီးရင် သူ ဇာတ်ကတုန်းကဝတ်တဲ့ ပန်းရင့်ရောင်လက်လက် မင်းသမီးထဘီ၊ အင်္ကျီတွေကို ထုတ်လာပြီး "ဒီနှင်းဆီဝတ်စုံနဲ့ မြနှင်းဆီ စင်ပေါ်မှာကရင် ပရိတ်သတ်က သိပ်ကြိုက်တာ၊ အသေးလေး ညည်း ကြည့်မလား" နဲ့ လုပ်ဦးမယ်။ ခေါင်းညိတ်လိုက်မိလို့ကတော့ သွားပြီသာမှတ်။ မမောနိုင်၊ မပန်းနိုင်၊ မပြီးနိုင်၊ မစီးနိုင်အောင်ကို ကပြပါလိမ့်မယ်။ ကြည့်ရတဲ့သူမှာသာ အားကြီးပျင်းပြီး ထွက်ပြေးချင်လာတာ။ ပန်းရင့်ရောင် ဇာတ်မင်းသမီးဝတ်စုံကိုလည်း ပန်းရင့်ရောင် ဟောဒီကုလား မင်းသမီး ဝတ်စုံလောက် လှတယ်လို့ မထင်ပါဘူး။ ကြည့်ပါလား ဒီဝတ်စုံလေးကမှ ကိုယ်ပေါ်မှာ ချပ်ချပ်ကပ်ကပ်၊ ဘော်ကြယ်လေးတွေ ထိုးထားတဲ့ ပန်းရင့်ရောင် ဘောင်းဘီ ဒူးဖုံးကလေးကလည်း လှုပ်ရှားလို့ကောင်းတယ်။ အမေ့ ထိုင်မသိမ်းထဘီကြီးလို မဟုတ်ဘူး။ အပေါ်က ပန်းနွယ်ပန်းခက်လက်လက်လေးတွေနဲ့ ပန်းရင့်ရောင် ကုလားမင်းသမီးအင်္ကျီ လက်ပြတ်ကိုယ်ကျပ်ကလေးကလည်း ဆာရီစပါးပါးလေးကို ချုပ်ထားတာ။ ကိုယ်ပေါ်မှာပေ့နေတာပဲ။ ကြိုက်သလောက် တွန့်တွန့်ပြီး ကလို့ရတယ်။ ချွေးထွက်လည်း ခဏလေးနဲ့ ခြောက်တယ်။ အမေကတဲ့ ဇာတ်မင်းသမီးအကထက် ဒီကုလားမင်းသမီးအက က ပိုကလို့ ကောင်းတယ်။ တီးလုံးကလည်း မတူဘူး။ ကုလားတီးလုံးက တအား မြူးနေတာပဲ။ ဒါကြောင့် အသေးလေး မြန်မြန် ကတတ်သွားတာပေ့။ အမေ့ကိုတော့ ဘယ်မီပါ့မလဲ။ အမေက မြနှင်းဆီကိုး။

အရင်ကဆို အမေ ကုလားမင်းသမီးဝတ်စုံနဲ့ အကထွက်တဲ့ စက်ဘီးဘားတန်းပေါ်မှာပဲ အသေးလေးက ထိုင်လိုက်ရတာပေ့။ နောက်မှ အသေးလေး လိုက်လိုက်ပြီးကတော့မှ အမေက ကုလားမင်းသမီး ဝတ်စုံသေးသေးလေး ချုပ်ပေးပြီး ကခိုင်းတာ။ အခုဆို အသေးလေးက အားလုံး ကျွမ်းကျင်သွားပြီနော်။ မနက်ဘက် သားအမိ နှစ်ယောက် အကထွက်တော့မယ်ဆိုရင် စက်ဘီးကို လေရှိ၊ မရှိလည်း ကြည့်တတ်ပြီး လေမရှိ

ရင် လေလည်း ထိုးနိုင်ပါတယ်။ ပြီးရင် စက်ဘီး လက်ကိုင်ရှေ့က ခြင်းလေးထဲမှာ တီးလုံးခွေ အဆင်သင့်ထည့်ပြီးသား ကက်ဆက်လေး ကိုတင်၊ စက်ဘီးနောက် ကယ်ရီယာပေါ်မှာ ဘက်ထရီအိုးကို သေချာ ညှပ်၊ သေချာကြိုးချည်၊ ကက်ဆက်လေးရဲ့နောက်မှာ "မြနှင်းဆီ တေး သရုပ်ဖော်၊ အိန္ဒိယဇာတ်မြူး၊ တစ်ပုဒ် ငါးဆယ်" ဆိုတဲ့ သုံးထပ်သား မြေဖြူ ဆိုင်းဘုတ်လေးကို ထောင်ဖို့ကိုလည်း မမေ့ပါဘူး။ ဒီနေ့မနက် အမေ နေမကောင်းလို့ မိတ်ကပ် လိမ်းမပေးနိုင်တာတောင် ကိုယ့်ဘာ သာကိုယ် လိမ်းတာအကျ။ မျက်ခုံးကြား နှာယောင်ပေါ်မှာ အနီပြောက် လေး ထည့်တာတောင်မှ လှလှလေး လုပ်တတ်လို့ အမေတောင် အံ့သြ နေတယ်မဟုတ်လား။ အမေက တစ်ယောက်တည်း စိတ်မချလို့ မလွှတ် ချင်ပေမဲ့ မြနှင်းဆီ အသေးလေးက အမေမပါတဲ့ ဒီလိုနေ့မျိုးကို ချောင်း နေတာ အမေ မသိရှာသလား။ ကိုယ့်စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် တကယ့်မြနှင်းဆီလုပ်ဖို့လေ။ ကဲ... အခု ကိုယ်တစ်ယောက်တည်း မြ နှင်းဆီ၊ ဘယ်လောက် ပျော်ဖို့ကောင်းလဲ။ ကုလားတီးလုံး တစ်ပိုင်း တစ်စကို ပါးစပ်ဆိုင်းတီးရင်း စက်ဘီးကို မြန်မြန်တွန်းမိတယ်။ ဦးပိန် တံတားကြီးနားကို မြန်မြန် ရောက်အောင်ပေါ့။ အဲဒီမှာကျမှ ရတနာ့ဂူ ပွဲတော်အရှိန်နဲ့ စားသောက်ဆိုင်တွေမှာ တအားစည်နေတဲ့ လူတွေရှိတာ။

"ကုလားမင်းသမီးလေး လာပြီဟေ့"

"မြနှင်းဆီ တေးသရုပ်ဖော် လာပါဦး"

ပရိသတ်တွေကလည်း မလွယ်ပါလား။ ချွေးကလေးများ သုတ် ပါရစေဦးတော့။ ကလေးတွေဟာ သိပ်ဆိုးတာပဲ။ တစ်ခါတည်း ဝိုင်း လာပြီး လူကို ထိဖို့ စဖို့ လုပ်ကြတော့တာပဲ။ အမေသာဆို တအား ငေါက်ထုတ်မှာ။

"ဟဲ့... ကောင်မလေး၊ ဒီဝိုင်းက လာဦးတဲ့"

"ဟုတ်ကဲ့ လာပြီ"

အကြော်ဆိုင်က အစ်မကြီး လှမ်းခေါ်ပေးတာကိုတော့ ကောင်း

ကောင်းမွှန်မွှန် သွက်သွက်လက်လက် ဖြေရတယ်။ တချို့ဆိုင်တွေကျ သိပ်ကြည်တာ မဟုတ်ဘူးလေ။ စားသောက်နေတဲ့ ဝိုင်းတွေနား ကပ်သွားရင် ငေါက်ထုတ်တတ်တယ်။

"ကဲပါကွာ၊ မင်းသမီးလေးက ကပြပါဦး"

ဝိုင်းထဲက မျက်မှန်နဲ့ ဦးလေးကြီးတစ်ယောက် အသံတိုးတိုးလေးနဲ့ ပြောတယ်။ သူက ပြုံးနေပြီ သဘောကောင်းမယ့်ပုံ။

"ဘယ်လောက်ဖိုး ကရမှာလဲရှင့်"

"ဟော..."

ပြောပြီးမှ ကိုယ့်ဘာသာ မှားသွားမှန်းသိတယ်။ အမေသာ ရှိလို့ကတော့ လိမ်ဆွဲခံရပြီ။ အမေ သင်ထားတာက "ဘယ်နှစ်ပုဒ် ကရမှာလဲရှင့်" လို့လေ။

"သမီး ဘယ်နှစ်ပုဒ်ကရမှာလဲလို့ ပြောတာပါ"

"သြော်... အေးအေး၊ နှစ်ပုဒ်လောက် ကပေါ့ကွာ"

ဦးလေးကြီးကလည်း သဘောကောင်းပုံ ရရဲ့သားနဲ့ ကပ်စေးနဲလိုက်တာ။ လေးပုဒ်လောက်များ ကခိုင်းမလားလို့။ နှစ်ပုဒ်ဆိုတော့ တစ်ရာတည်းပေါ့။ ရှေ့ကကျက်ဆက်ခြင်းထဲ ဘက်ထရီညှပ်နှစ်ခုကို ဆွဲယူပြီး နောက်ကယ်ရီယာပေါ်က ဘက်ထရီအိုးမှာ ညှပ်၊ ကက်ဆက် ခလုတ်ကို မနှိပ်ခင်မှာ အသေးလေးက ဦးလေးကြီးတို့ ဝိုင်းရှေ့မှာ ကုလားမင်းသမီးဟန်အပြည့်နဲ့ ဆလံနှစ်ခါပေးလိုက်တော့ တစ်ဝိုင်းလုံးက သဘောကျ လက်ခုပ်တီးကြတယ်။ ပြီးတာနဲ့ ကက်ဆက်ခလုတ်ကို နှိပ်လိုက်တော့ မြူးကြွတဲ့ ကုလားဗုံသံကလေး။ ဗုံသံကလေးနဲ့ အလိုက် အသေးလေးရဲ့ ခြေထောက်ကလေးက ဆတ်ခနဲ ဆတ်ခနဲ ရွှေ့လျားတော့ ခြေချင်းဝတ်က ချူကလေးတွေကလည်း လိုက်ပြီး လှုပ်ရှားကုန်ကြရော။

ဗုံသံလေးဆုံးရင် သီချင်းက သံစုံမြူးကြွလာပြီ။ မြူးတာမှ အရမ်းကို မြူးတော့တာ။ ကလို့ကလည်း သိပ်ကောင်းလာပြီ။ တွန့်ချင်

သလောက် တွန့်ပေတော့။ သံလက်ကောက် ရောင်စုံကလည်း အသေး လေး တွန့်ရင် တွန့်သလောက် တချွမ်ချွမ်နဲ့ ဆူညံကြကုန်ရော။ တစ်ခုပဲ ခက်နေတာက အမေ့လို ဗိုက်လှုပ်ပြီး မကတတ်သေးတာပဲ။ ဗိုက်လှုပ် အကကို အမေက သိပ်ကတတ်တာပဲ။ ဟိုး အရင်တုန်းကတော့ အမေ လည်း ဗိုက်လှုပ်အကရော၊ ကုလားမင်းသမီးအကရော၊ မကျွမ်းကျင်ပါ ဘူး။ အမေ့မှာ အလုပ်မရှိလို့ နတ်ပွဲတွေမှာ သားအမိနှစ်ယောက် သီချင်း လိုက်ဆိုရင်း အမေက ဇာတ်မင်းသမီး မြနှင်းဆီဆိုတာ သိတော့ မင်းကြီး မင်းလေးရဲ့ နှမ ကုလားမင်းသမီးလေးနေရာက ဝင်ပြီး နတ်ကခိုင်းတော့ တတ်သွားတာပေါ့။ ကုလားမင်းသမီးလေး ကပြီး တောင်းရင် နတ်ဆက် တဲ့ ပိုက်ဆံတွေ အများကြီးရတာပဲ။ လူတွေက ကုလားမင်းသမီးအကကို ဇာတ်မင်းသမီးအကထက် ပိုကြိုက်တယ်။ အမေကတော့ အဲဒါကို သိပ် စိတ်တိုတာပဲ။ သူ ကုလားကကို မကချင်ဘူးတဲ့။ ဘာဖြစ်တာမှန်းလည်း မသိပါဘူး။ အသေးလေးကတော့ ဒီအကကို ကြိုက်မှကြိုက်၊ ကြိုက်မှ ကြိုက်။

"ဟိုး... ဟိုး... ရပ်တော့၊ ရပ်တော့"

ဘာဖြစ်လို့လဲ။ ဟိုမျက်မှန်နဲ့ ဦးလေးကြီးကပဲ။ ကတာ မကောင်း လို့လားမသိ။

"ကဲ... ရပါပြီ သမီးရယ်။ ရပ်ပါတော့၊ ရပ်ပါတော့"

"သမီးကတာ မကောင်းလို့လား။ ဟို... သီချင်းက နှစ်ပုဒ်ပြည့် တော့မှာ နည်းနည်းပဲလိုတော့တာ"

"အေးပါ၊ အေးပါ၊ လာပါဦး သမီးရယ်၊ သမီးကတာ သိပ်ကောင်း ပါတယ်။ ကောင်းလွန်းလို့ ဦးက ဆုပါ ချဦးမယ်နော်။ ရော့..."

ဦးလေးကြီး ပေးတာ ငါးရာတန်ကြီးပါလား။ ဒီလိုဆိုတော့ ဦး လေးကြီးက ကပ်စေးမနဲဘူးပဲ။ ကျန်တဲ့လူတွေကလည်း သဘော ကောင်းတယ်တော့။ တချို့သူများတွေလို ငါးရာတန်ကြီးတောင် မပေးနဲ့၊ များတာပေါ့တို့၊ နှစ်ရာလောက်ပဲပေးလို့ မပြောဘူးတော့။

"ဦးတို့အားလုံးကို ဆလံအများကြီး ပေးပါတယ်။ ကျေးဇူးတင်ပါတယ်"

"ရပါပြီ သမီးရယ်၊ ရပါပြီ။ သမီးအသက် ဘယ်လောက်ရှိပလဲဟင်"

"ဆယ့်နှစ်နှစ်"

"သမီးအမေကရော"

"အမေက သမီးလိုပဲ ကတယ်လေ။ ဒီနေ့ နေမကောင်းလို့ လိုက်မလာတာ"

"ဪ... သမီးအဖေကရော"

"အဖေက ဆုံးပြီ"

"သမီးတို့ ဘယ်မှာနေလဲ"

"အခုလား၊ အခုဆို သမီးတို့က ဟိုအောက်နန်းက တဲခန်းတွေမှာလေ။ ငှားနေတာပေါ့။ ရတနာဂူပွဲပြီးတော့ ပြန်မှာပေါ့"

"သမီးတို့က ဘယ်ကို ပြန်ရမှာလဲ"

"ဟို မိတ္ထီလာနယ်ဘက်ပေါ့။ ရွာမှာ သမီးတို့အဘွားရှိတယ်"

"ဒီရတနာဂူပွဲမှာပဲ သမီးတို့က ကတာလား"

"ဘယ်ဟုတ်မှာလဲ။ သမီးတို့က အကုန် လျှောက်ကတာပေါ့၊ ဒီကိုမလာခင် တောင်ပြုံးပွဲမှာ ကတယ်လေ။ ပွဲရှိတဲ့နေရာတွေ လိုက်ကတာပေါ့ဦးရဲ့"

"ဪ... ဪ... အေး... ဟုတ်ပါပြီ၊ ဟုတ်ပါပြီဗျာ"

"သမီးသွားလို့ရပလား"

"သွား၊ သွား၊ သမီး သွား၊ ရပြီ"

"သမီးကြီးလာရင် ဘာလုပ်မလဲ"

ဪ သွားတော့မယ်ဆိုခါမှ တော်တော် အမေးအမြန်းထူတဲ့ ဦးလေးကြီးတွေ။

"သမီးကြီးလာရင် ဒီလိုပဲကမှာပေါ့"

မေးတဲ့ဦးလေးကြီးက မျက်လုံးကြီးဝိုင်းပြီး ကြည့်နေတယ်။ ဦးလေးတစ်ယောက်က "ဒါ အကောင်းဆုံးအဖြေပဲ" တဲ့။ သိပါဘူး။ စက်ဘီးဒေါက်ကိုဖြုတ်ပြီး တစ်လှိမ့်ပဲ အားယူလှိမ့်ရသေး။ "ဟော့ မြန်နှင်းဆီ အသေးလေး လာဦးဟော့" တဲ့။ သွားရော။ လူကို အမောဆို့သွားတာပဲ။ အဲဒီဝိုင်းကို သွားတောင် မသွားချင်ဘူး။ တကယ်ပဲ ကချင်စိတ်တောင် မရှိတော့ပါဘူး။

* * *

နတ်ဆိုင်းသံ၊ လူမျိုးစုံသံတွေနဲ့ ရောထွေးဆူညံ ရှုပ်ယှက်ခတ်နေတဲ့ တဲတန်းတွေရှေ့ အသေးလေးတစ်ယောက် စက်ဘီးကို ဒေါက်ထောက်လိုက်တော့ နေဝင်ရီတရောတောင် ရှိတော့မယ်။ တဲခန်း အရှည်ကြီးထဲက အသေးလေးတို့ နေရာလေးမှာ အမေက စောင်လေးခြုံပြီး စောင်းစောင်းလေး အိပ်ပျော်လို့။

"အမေ"

တဲခန်းပေါ်မတက်ခင် စက်ဘီးကို သော့ခတ်ရသေးတယ်။ သူခိုးတွေက သိပ်ပေါတာ။

"ဟဲ... ကောင်မလေး ပြန်လာပလား"

လှည့်မကြည့်ဘဲနဲ့တောင် ဒီအသံဟာ ဘယ်သူမှန်း သိတယ်။ "မာမီငွေ" ကြီးပေါ့။ သူများ နတ်ကတော်တွေလို နန်းပိုင်မရှိတဲ့ မြေလျှောက်နတ်ကတော်ကြီးလေ။ ဒီတဲခန်းမှာ အသေးလေးတို့လို တစ်နေ့ရာစာ ငှားနေရင်း နတ်လျှောက်ဟောတဲ့သူပေါ့။ မာမီငွေကြီးက ညဘက်အတွက် ထွက်တော့မယ်။ မိတ်ကပ်နံ့တွေ၊ ဖွန်ပန်းနံ့တွေက မွှေးလိုက်တာ။

"မာမီငွေ၊ သမီးဗိုက်ဆာလို့ ငှက်ပျောသီးတစ်လုံးလောက်"

အမေ့ဘေးမှာ အသေးလေး ထိုင်ချလိုက်တယ်။

"အမေ"

"ဟဲ့... နင့်အမေဟာ မနက် နင်ထွက်သွားကတည်းက အိပ်နေတာပဲ၊ ငါနေ့လယ် ပြန်လာတော့လည်း အိပ်နေတာပဲ"

မာမီငွေ့လက်ထဲက ၄က်ပျောသီး မည်းမည်းလေးက အသေးလေး ရင်ခွင်ထဲ ဘုတ်ခနဲကျလာတယ်။

"အမေ... အမေလို့"

"ဟဲ့ ဖယ်စမ်း ကောင်မလေး၊ ငါစမ်းကြည့်စမ်းမယ်။ မြနှင်းဆီ... ဟဲ့၊ မြနှင်းဆီ"

မာမီငွေက အမေ့ကို လှုပ်နှိုးတယ်။ ပြီးတော့ အထိတ်တလန့် သံကြီးနဲ့ မာမီငွေကြီးက "ဟဲ့... တစ်ကိုယ်လုံး အေးစက်နေတာပဲ။ ကောင်မလေး... နင့်အမေ မရှိတော့ဘူးထင်တယ်" တဲ့။

* * *


လေစိမ်းတွေကြားထဲက မယ်ဇလီပင်တန်းအောက်မှာ စက်ဘီးလေးတစ်စီးနဲ့ မြနှင်းဆီ တစ်ယောက်တည်းပါပဲ။

"မြနှင်းဆီလာပြီဟေ့" တဲ့ "မြနှင်းဆီလာပါဦး" တဲ့။

မြနှင်းဆီ နားဝင် ချိုလှပါတယ်။ ကြားချင်လှပါတယ်။ ဒါပေမဲ့ လူတွေက အဲလို ခေါ်လိုက်တိုင်း အမေ့ကို လွမ်းလို့ မြနှင်းဆီ ခဏခဏ ငိုရပါတယ် အမေရယ်။

**ရွှေအမြုတေမဂ္ဂဇင်း။**
**အောက်တိုဘာ၊ ၂၀၀၂ ခုနှစ်။**

❖



# နို့စား

၁၉၇၀ ပြည့်နှစ်ထုတ် မိုးပြာရောင် ဖောက်စ်ဝက်ဂွန် လိပ်ခုံးကား လေးတစ်စီးကို အင်းစိန်လမ်းမကြီးပေါ်မှာ သုံးရက်တစ်ကြိမ် ညနေ လေးနာရီဆို အမြဲတမ်း မြင်တွေ့နိုင်ပါတယ်။

*  *  *

ညနေ လေးနာရီဟာ အင်းစိန်လမ်းမကြီးရဲ့ကား အရှုပ်ဆုံး အချိန် ပေပဲလား...။ အဘိုးရေ သတိ၊ သတိ၊ သတိလေးကပ်မောင်းနော်၊ အရာရာ တရားသဘောလေးနဲ့ ဆင်ခြင်စမ်းပါ။ ကားမောင်းနေတုန်း ဘေးက ဘာမှ ဆရာမလုပ်ပါနဲ့ဗျာလို့ အကြိမ်ကြိမ် တောင်းပန်ထားမှု ကြောင့်သာ စိတ်ထဲကတော့ ပြောနေမိတာပဲ။ ဆရာလုပ်ချင်တာကလည်း ကျောင်းအုပ်ဆရာမကြီးဟောင်းဆိုတော့... လူကနေပေမဲ့ ပညာက မနေဘူး၊ အဘွားကြီးကလည်း အဘွားကြီးဆိုတော့ စကားလေး ကလည်း များချင်သပေါ့။ ကိုယ့်ကိုလည်း သိသား၊ ဒါပေမဲ့ ဟော... ဟော... ရမ်းလိုက်တဲ့ကား၊ ၅ခဆိုတော့ ဇကွဲနံပါတ် အဘိုးကြီး၊ အဘွား ကြီးကားကို စိတ်မရှည်ဘူးနဲ့တူရဲ့...။ အတင်း ကျော်တက်တော့တာပဲ။

"အင်း... စည်းကမ်း၊ စည်းကမ်း၊ တယ်ခက်တဲ့ ကလေးတွေပဲ၊ ဘာတွေများ ဒီလောက် အရေးကြီးနေကြတာလဲ...။ ဒယ်ဒီရေ Be

careful..."

ဒေါ်သမျက်လုံးနဲ့ ပြူးမကြည့်ပါနဲ့ အဘိုးကြီးရယ် စိုးရိမ်လို့ပါတော်။ ကျုပ်တို့ အဘိုးကြီး၊ အဘွားကြီး သုံးရက်တစ်ခါမှရတဲ့ သာယာလှပတဲ့ညနေခင်း အရသာလေး ပျက်စီးသွားမှာ၊ ပြီးတော့ ကျုပ်တို့ ချွေးနဲ့မွေးခဲ့ရတဲ့ သမီးလေးမိုးပြာ၊ မိဘကို လုပ်ကျွေးနေတဲ့ လိပ်ခုံးမလေး မိုးပြာ တစ်ခုခုထိခိုက်မိမှာကို ကြောက်လို့ပါ။

တကယ်ဆို နွေဦးပေါက် ညနေခင်းဟာ အင်မတန် ကြည်နူးသာယာဖို့ကောင်းတာ၊ ဒီလိုအချိန်ရောက်တာနဲ့ ဆယ်တန်းကလေးတွေရော၊ ဆရာ၊ ဆရာမတွေရော၊ အခန်းတစ်ခန်းထဲစုပြီး ရှင်အုန်းညိုရဲ့ ဂါထာခြောက်ဆယ်ပျို့ထဲက ဆောင်းကူးနွေစ တပေါင်းလသာယာပုံ လျှောက်တင်ခန်းကို ဖတ်ပြ၊ ရှင်းပြ၊ သင်ပြရတာဟာ တကယ်အရသာရှိတာကိုး...၊ လွမ်းပါဘိတော့၊ "တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာတွေ" တို့၊ "ရော်နု၊ ရော်နု၊ ရွက်သစ်ပြုလျက်၊ ရတုအလိုက်၊ ခက်ချင်းဆိုက်၍" တို့၊ "ချစ်မမူဘော်နှော၊ ရဂုံတောဝယ်၊ ဥသြကျေးငှက်၊ ယှဉ်ဘက်မကွာ" တို့၊ အင်မတန်ကောင်းတဲ့ အဖွဲ့အနွဲ့တွေ...၊ မြန်မာစာ အဆီအနှစ်တွေ၊ အဆီအနှစ်တွေ ယူသူကော ရှိသေးရဲ့လား၊ ပေးသူကော ရှိသေးရဲ့လား ဆိုနိုင်တော့ပါဘူး...။

ရာသီလေးက သာယာတော့ စိတ်ကလေးက ကြည်တယ်...၊ စိတ်ကလေးကကြည်ကြည်နဲ့ စကားလေး တပြောပြော၊ ကားလေး ငြိမ့်ငြိမ့်မောင်းနေရတာ ဘယ်လောက်ကောင်းလဲ...။ ဖွ မပြောကောင်း၊ မဆိုကောင်း အက်ဆီးဒင့်ဆိုတာကြီးများ တွေးမိရင် ကြည်နေတဲ့စိတ်ကလေးကို နောက်နောက်သွားတော့တာ။ နောက်ဆက်တွဲတွေ... နောက်ဆက်တွဲတွေ၊ သူ့ကားထိလည်းမကောင်း၊ ကိုယ့်ကားထိလည်းမကောင်း၊ ကိုယ်မှားလို့ သူ့ကားကို ပြန်တော့ လျော်ရမယ်၊ ဘယ်မှာလဲကိုယ့်မှာ လုံးခနဲ၊ ခဲခနဲ လျော်စရာ၊ ပင်စင်စား အဘိုးကြီး၊ အဘွားကြီးမှာ

ဘယ်မှာလဲ လျော်စရာ။ သူမှားလို့ ကိုယ့်ထိပြန်တော့လည်း ရတဲ့ လျော်ကြေးလေးနဲ့ ကားပြင်ရမယ့်ဒုက္ခ၊ လျော်ကြေးလည်း မလိုချင် ပေါင်၊ သမီးလေးမိုးပြာကိုလည်း နည်းနည်းလေးမှ အထိခိုက် မခံ နိုင်ပါဘူး။ နှစ်ပေါင်း သုံးဆယ်ကျော်ခဲ့ပြီ၊ ဒီနေ့ထိ အထိအခိုက်မရှိ အောင် နေခဲ့ရှာတာ။ ဘယ်တော့မှ ဒုက္ခမပေးခဲ့ရှာဘူး၊ ကောင်းလိုက်တဲ့ ဉာဉ်ကလေးဆိုတာ...။ ဘီးပေါက်ရင်တောင်မှ အိမ်ရှေ့ရောက်မှပေါက်တဲ့ သမီးကလေးကို ကားဈေးတွေ သိပ်ကောင်းလာတော့ သားတွေ၊ သမီး တွေကရော၊ မိတ်ဆွေတွေကရော ရောင်းလိုက်၊ ရောင်းလိုက်နဲ့၊ ဘာလို့ ရောင်းရမှာလဲကွယ်၊ နေ့တိုင်း ရွှေဥတစ်ဥ ဥပေးနေရှာတဲ့ ငန်းကလေးကို တစ်မနက်တည်းနဲ့ ရိုက်သတ်ပစ်ရတော့မှာလား။ ဘယ်လိုမှ မရောင်း ရက်နိုင်ပါဘူး။

"မာမီရေ...၊ ရာသီက နည်းနည်းပူလာပြီ။ ဒီနေ့တော့ ဖာလူဒါ ဆိုင်ထိုင်ကြစို့လား"

ဟော... လုပ်လာပြီ၊ လုပ်လာပြီ...၊ အချိုကြိုက်ကြီးက လုပ်လာ ပြီ။ ဓာတ်ဆီဆိုင်နားကလည်း နီးလာပြီ၊ မီးပွိုင့်တွေ၊ အကွေ့တွေက လည်း မရှိတော့ဘူးဆိုတော့ စိတ်လက်ပေါ့ပါးပြီး အသံကလည်း ထွက် လာပြီ။ သုံးရက်တစ်ခါ ရွေးချယ်နေကျ အစားအသောက်ကိုလည်း (ဆီ ထုတ်ပြီးတာနဲ့ တန်းမောင်းဖို့အတွက်) ကားပေါ်မှာကတည်းက ရွေး ချယ်ဖို့ ပြင်ပြီ။

"ဖာလူဒါက ချိုလွန်းတယ် ဒယ်ဒီရဲ့။ တခြား ဂျုံစ်တစ်ခုခုပဲ သောက်ပါလား...၊ သဘော်သီးတို့..."

"အိုး...နိုး၊ နိုး ကျုပ်က တောသား၊ အညာသားဗျ၊ ဖာလူဒါပဲ ကြိုက်တယ်..."

"ဩော် ဟုတ်တယ်၊ သွေးတိုး၊ ဆီးချိုလေးက မရှိဘူးဆိုတော့..."

"တစ်ခါတလေပါကွာ၊ ဘာမှမဖြစ်ပါဘူး"

"ဘယ့်နှယ်မဖြစ်ရမှာလဲ... ဟိုတစ်ခါက..."

ထုံးစံအတိုင်း စကားစစ်ထိုးဖို့ ပြင်ကာရှိသေး ဆီဆိုင်ရှေ့က မြင်ကွင်းကြောင့် ကိုယ့်ဘာသာအလိုလို ပါးစပ်က ပိတ်သွားတော့တယ်။ ဆီဆိုင်ရှေ့က ကားတန်းရှည်ကြီးကြောင့်ပေါ့၊ ဘာဖြစ်တာပါလိမ့်၊ ဒီလိုအချိန်ဟာ ကိုယ့်ရှေ့မှ အမြဲတမ်း အလွန်ဆုံးရှိလှ ငါးစင်းခြောက်စင်းပဲ၊ ဆီဖောက်ဆာများ မလာလို့လား၊ ဒါမှမဟုတ် ဆီပန့်များ ပျက်သွားသလား၊ ဟိုတစ်ခါ ဆီပန့်ပျက်တုန်းက တော်တော်ကြာကြာလေး တန်းစီလိုက်ရတယ်။

"ဟာ... ကားတန်းက တော်တော်ရှည်တယ်ဟေ့၊ ဘယ်လိုဖြစ်တာလဲ"

"မသိဘူးလေ၊ ဒီလိုပဲစီရမှာပေါ့ ဒယ်ဒီရယ်၊ ကားရပ်ပြီးတော့မှ မေးတာပေါ့၊ ဘာဖြစ်သလဲဆိုတာ..."

အလိုလေး... ဟုတ်ပါရဲ့ ကားတန်းက အင်းစိန်လမ်းမကနေ ဗဟိုလမ်းထိတောင် ပေါက်မတတ်ပါပဲလား။ အဘိုးကြီး ကားရပ်တာတောင် မစောင့်နိုင်ဘဲ ခေါင်းထုတ်စပ်စုရတော့တယ်။

"သားတို့ရေ...၊ ဘာဖြစ်ပြန်ပြီလဲကွဲ့"

"ဆီပန့်အသစ် တပ်နေလို့တဲ့ ခင်ဗျ"

"ဩော်... အသစ်တပ်တာ၊ ပျက်တာမဟုတ်ဘူး"

"ဆီပန့်အသစ်ကြီးတွေ နှစ်လုံးတောင် တပ်နေတာ ကြီးကြီးရေ၊ နောက်ဆို မပူရတော့ဘူး၊ အကြာကြီး မစီရတော့ဘူး"

"ကောင်းပါလေ့ကွယ်"

ကဲ... အဘိုးကြီးရေ ကြားတဲ့အတိုင်းပဲ စီကြတာပေါ့။ ကျုပ်တို့မှာ ဘာအလုပ်ရှိတာမှတ်လို့။ ဒီအလုပ်တစ်ခုရှိတာ ဟုတ်ဘူးလား။

"ဖာလူဒါ သောက်ချင်စိတ်လေးတောင် ပျောက်သွားပါပြီဗျာ..."

"ဘာဖြစ်လို့လဲ...၊ ဒီကပြီးတာနဲ့ သွားမှာပဲဟာ ဖာလူဒါဆိုင်က ဘယ်မှထွက်မပြေးဘူး"

"သိတာပေါ့ဗျ၊ ဒီကပြီးတဲ့အချိန်မှာ ထမင်းချိန်နဲ့ ကပ်သွား

ပြီလေဗျာ၊ ဘာလို့ သောက်တော့မလဲ"

"ဩော်... ပါဆယ်ဝယ်ခဲ့ပေါ့တော်၊ ထမင်းစားပြီးတော့ အချို တည်းပေါ့"

"ဖာလူဒါက ဆိုင်မှာသောက်မှကောင်းတာဗျ"

"အလိုတော် ဘာပြုလို့"

အချေအတင် စကားရည်လုပွဲဟာ စမလို့ရှိသေး ကားတွေ ဝေါခနဲ စက်နှိုးသံတွေ ဆူညံလာပြီး "ပြီးသွားပြီ၊ ပြီးသွားပြီ၊ ပန့်တပ်ပြီး သွားပြီ" ဆိုတဲ့ အသံတွေနဲ့အတူ ကားတွေ စပြီး ရွေ့ကုန်ကြတော့ နှစ်ယောက်လုံး ပါးစပ်ပိတ်ပြီး ကိုယ့်ကားရွှေ့ဖို့ အာရုံစိုက်ရတော့ တာပေါ့။

"ဒါဆို မြန်မှာပါ၊ ပန့်နှစ်လုံးဆို နှစ်စီး၊ နှစ်စီး၊ ခဏနေမှာ..."

ရှေ့ကားတစ်ရွှေ့၊ ကိုယ့်ကားတစ်ရွှေ့နဲ့ လေးငါးဆယ်လောက် ရွှေ့ပြီးတဲ့အချိန်မှာ အားတက်သရောနဲ့ ပြောတာကို အဘိုးကြီးက ကြည့်ဦး ပြန်ဖြေဖော်မရဘူး...၊ ရှေ့ကို စူးစူးကြည့်ပြီး ဘာဖြစ်ရပြန်လဲ မသိပါဘူး...။

"အင်း... ပြဿနာကတော့ ရှိနိုင်တယ်"

"ဘာရယ်၊ ဘာပြဿနာလဲ၊ ရှင့်ဥစ္စာက မထိတ်သာ မလန့် သာ..."

"ဘာပြဿနာရမလဲ၊ ဓာတ်ဆီနည်းတဲ့ပြဿနာပေါ့၊ ဒီမှာလေ... ဓာတ်ဆီမှတ် ဝါထိန်နေတာ မတွေ့ဘူးလား"

"အမလေးတော် ဒါများ ဘာများပါလိမ့်လို့၊ ဓာတ်ဆီမှတ် ဝါနေ တာများ၊ ရှင် အမြဲတမ်း ဒီလိုပဲ ဝါအောင်ထုတ်နေကျ မဟုတ်ဘူးလား။ ဆိုင်ကျ ဆီဖြည့်လိုက်တော့ ရှင့်မီးဝါ ပျောက်ကရောပေါ့"

"မင်းဟာလေ ကျောင်းအုပ်ဆရာမကြီးဆိုတဲ့ဘဝကို ဘယ်လို များ ရောက်ခဲ့ပါလိမ့် အဲဒါတော့ မင်းပြောမှလား၊ အရင်အခါတွေက ကိုယ့်ရှေ့မှာ ကားသုံးလေးစီးကွ...၊ အခုဟာက အများကြီး၊ ရွှေ့ရွှေ့...

ရွှေ့ရွှေ့ မောင်းရင်း ဆိုင်မရောက်ခင်၊ ပန့်ရှေ့မရောက်ခင်၊ ဓာတ်ဆီကုန်သွားနိုင်တယ်လို့ ဟော့ သိပြီလား၊ နားလည်ပြီလား"

"ဟင် ကုန်သွားရင် ဘာဖြစ်မလဲ"

"ဘာဖြစ်ရမလဲဗျာ၊ ကားဆက်မောင်းလို့ မရတော့ဘူးပေါ့ဗျာ"

"ဒီတော့..."

"ဒီတော့ ကားထဲကို ဆီထည့်ရမှာပေါ့ဗျာ၊ ထည့်စရာဆီ မရှိဘူးဆိုရင်တော့ ခင်ဗျားနဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ ဆီပန့်ရှေ့အရောက် ကားကို တွန်းသွားကြရမှာပေါ့ဗျာ... ရှင်းပါတယ်နော်..."

"ဟောတော့..."

"မဟောတော့နဲ့ဗျို့၊ ကဲ... ကဲ ပြောရင်းဆိုရင်း သွားပြီနဲ့တူတယ်..."

"ဟင်... ဒုက္ခပဲ"

တကယ့်ကို ကားက ဖွက်ချက် ဖွက်ချက် အသံလေးမြည်ရင်း ရပ်သွားခဲ့ပြီ။ သမီးလေးမိုးပြာဟာ အားအင်ကုန်ခန်း ပျော့ခွေသွားသူလို မတုန်မလှုပ်ငြိမ်သက်လို့။

"ကဲ... ဆရာမကြီးရေ ဆင်း... ဆင်း၊ နောက်ကကားတွေ ဟွန်းတီးကုန်ပြီ...၊ တွန်းကြရအောင်..."

ဆင်း... ဆင်းဆိုလို့ ဆင်းလိုက်တုန်းကတော့ ပျာယီးပျာယာပါပဲ။ တွန်းပြီဆိုတော့မှ အလွန်တရာ နှေးကွေးသွားတော့တာ...။ ပေါင်တစ်ရာ့ငါးဆယ် ခန္ဓာကိုယ်ကြီးထဲမှာ အဆီတွေပဲ ရှိနေလေသလား...၊ ခွန်အားတွေ ဘယ်ရောက်သွားပါလိမ့်။

"တွန်းထား မာမီရေ... တစ်ရွှေ့စာတည်းပါကွ... အင်း"

သူများကိုပြောပြီး သူကျတော့ တအင်းအင်းဖြစ်နေတဲ့ အဘိုးကြီး၊ ဘာတစ်ရွှေ့စာတည်းလဲ။ ဒီတစ်ရွှေ့စာပြီးလို့ ရှေ့ကားတစ်ရွှေ့စာရွှေ့သွားရင် နောက်တစ်ရွှေ့စာ တွန်းရဦးမှာလေ၊ ပြီးရင် နောက်တစ်ရွှေ့စာ။

"ဒီနားမှာက ဆီဝယ်ထည့်ဖို့လည်း မလွယ်ဘူးကွ"

ဟောကြည့် အားက လျှော့ချင်ပြီမဟုတ်လား၊ မထည့်ပါဘူး၊ ဆီကတော့ ဝယ်ပြီးတော့... လွယ်လည်းမထည့်၊ မလွယ်လည်း မထည့်ဘူး၊ ငွေထောင်ဂဏန်း ထုတ်နိုင်ပါဘူး၊ ရာဂဏန်းဝင်ဖို့မလွယ်ဘဲ ပင်စင်စားဘဝမှာ ထောင်ဂဏန်း ထုတ်နိုင်ပါဘူးတော်။

"တောက်... ငါ့စံချိန်နဲ့ ငါအကိုက်ကွာ၊ အိမ်ကထွက် ဆီပန့်ရှေ့အရောက်၊ ဆီကအကုန်၊ အမြဲတမ်းအကိုက်၊ အံကျချည်းပဲ၊ ဒီနေ့မှကွာ..."

"အဲဒါပြောတာပေါ့၊ အရာရာကို ပုံသေကားကျ တွက်လို့မရဘူးရှင့်၊ လေ့နံ့ခားထစ်မှတ်ထားလို့ မရဘူး..."

"အရေးထဲမှ စာသင်နေပြန်ပြီဗျာ...၊ တကတဲမှပဲ..."

"အံမယ် စာသင်တာမဟုတ်ဘူးရှင့်၊ ကျုပ်ကမနေနဲ့ ရှေ့ကားရွေ့ပြီး တွန်း...တွန်း"

ရန်ဖြစ်ချိန်လေးတောင်မှ မရပါလား။ ရန်သတ္တရပြုဖို့ အားယူမလို့ရှိသေး တွန်းရပြန်ပြီ၊ ကားတစ်စီးရဲ့ အလေးချိန်ဟာ ဘယ်လောက်များရှိပါလိမ့်နော်။ မသက်သာလှပါလား။ ဒီမှာကြည့်စမ်းပါဦး အဘိုးကြီးရဲ့ တစ်သက်လုံး ကလောင်ကိုင်လာခဲ့တဲ့ ကျောင်းဆရာမလက်၊ တွတ်တွတ်ရဲလို့တော် ကားတွန်းရတာ...။ ဟင်း... မောတော့စိတ်တို၊ စိတ်တိုတော့ ရန်ကဖြစ်ချင်တယ်။

"ဘာ ငါ့စံချိန်နဲ့ ငါအကိုက်လဲ၊ အလကား ဒီလာခါနီး ဓာတ်ဆီထုတ်ရင်း ပေါက်ကရတွေ လျှောက်ပြောနေတာကိုး၊ ဆီက အထုတ်လွန်သွားတာနေမှာ၊ ဒါကြောင့် မြန်မြန်ကုန်တာပေါ့"

"ကျုပ်က ဘာပြောလို့လဲ၊ အဲ အဲ ချွေးသုတ်ပဝါလေး လှမ်းစမ်းပါဦး"

ကြည့်ဦး၊ ချွေးသီး၊ ချွေးပေါက်တွေနဲ့ ဟောဟဲလိုက်နေလိုက်တာ ဗိုက်ကြီးကလည်း ပိန်လိုက် ဖောင်းလိုက်နဲ့ ဖားဖိုကြီးကျလို့၊ ဘာပြောရမှာလဲ ဖားဖိုရဲ့။ ဓာတ်ဆီစုပ်တဲ့ဟာလေးကို ပြွတ်ကယ်၊ ပြွတ်ကယ် လုပ်ရင်းကလေ "ငယ်ငယ်တုန်းက ငါတို့ နခြ(နွားခြံ)ကို နို့ညှစ်တဲ့ လူ

တွေလာရင် လိုက်လိုက်ညှစ်ကြရတာ ပျော်စရာ အလွန်ကောင်းတယ်။ အဖေက လုံးဝမကြိုက်ဘူး။ သြော် အဖေကတော့ သားလေးကို နိုဘိန်းသမားဖြစ်မှာစိုးလို့ အရာရှိကြီးဖြစ်အောင် ပညာတွေသင်ပေးလို့၊ ဟေဟေ... ဟေဟေ" နဲ့လေ၊ ပေါက်ကရတွေ အော်နေတာလေ...။ "အဲဒီတော့ ရှင် အရာရှိဖြစ်တယ် မဟုတ်ဘူးလား၊ ပါးစပ်ပိတ်" လို့ ကျုပ်ဟန့်လိုက်တော့မှ ရှင်ငြိမ်သွားတာလေ၊ အဲဒီမှာ လက်လွန်သွားတာပဲနေမှာပေါ့ ကိုစံချိန်ကိုက်ကြီးရဲ့...။

"ဟူး... ခုခေတ်လူငယ်တွေ တော်တော် လူမှုရေးခေါင်းပါးတယ်ကွာ။ နေနိုင်လိုက်ကြတာ အဘိုးကြီး၊ အဘွားကြီးနှစ်ယောက် ကားတွန်းနေရတာကို သူတို့မို့လို့ ကြည့်နေနိုင်တယ်။ ငါတို့ငယ်ငယ်ကနဲ့များကွာပါ့..."

"ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်တွေ လာလုပ်မနေနဲ့ တော်ရေ့၊ သူများတွေလည်း ကိုယ့်အလုပ်နဲ့ကိုယ် ပြေးလွှားနေရတာ...။ အဘိုးကြီး၊ အဘွားကြီး ကားတွန်းနေတာလည်း ကိုယ့်လောဘနဲ့ကိုယ်လေ... စက်ပျက်လို့ ဒုက္ခရောက်နေတာမှ မဟုတ်တာ...။ မညည်းနဲ့...၊ တွန်း"

"ဟော ပြောရင်းဆိုရင်း နောက်တစ်ရွေ့စာဟော့၊ ကြိတ်လိုက်ဟ..."

အဘိုးကြီးအသံက နည်းနည်းတောင် တုန်ချင်နေသလိုပဲ၊ မငယ်တော့ဘူးလေ၊ ခုနစ်ဆယ်တွင်းမှာကိုး၊ အားခွန်ဗလတွေဟာ ဘယ်ဆီကို ရောက်ကုန်ကြပါလိမ့်နော်။ ဒီတစ်ကွေ့လေးပါပဲ၊ ဒီတစ်ကွေ့လေးကျော်ရင်တော့ ရောက်တော့မှာပါလေ။

"ဒီတစ်ကွေ့လေး အားစိုက်ထား အဘရေ"

အားတွေကုန်ပြီး ဘယ်လိုတွန်းတွန်း မရွေ့နိုင်ဖြစ်နေတဲ့ အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်ဆီကို ဆိုက်ကားဂိတ်က ဆိုက်ကားသမားလေးနှစ်ယောက်က ပြေးလာ ကူတွန်းရှာပါတယ်။ ခုချိန်များ အဖေ

အမေ နှစ်ယောက်ကို သားတို့၊ သမီးတို့မြင်ရင် ဘာပြောမည်လဲ။

"ကဲ နောင်ငါးရွှေ့ပဲဟော့၊ ငါးရွှေ့ပဲ..."

သုံးရက်တစ်ခါ အမြဲမြင်နေကျ ဓာတ်ဆီဆိုင်ဟာ ဘယ်တုန်းကမှ ဒီလောက် ကြည့်မကောင်းခဲ့ပါဘူး။ တကယ်တော့ ပန့်ရှေ့တည့်တည့်ရောက်ဖို့ ကားတစ်ရွှေ့စာကို အဘိုးကြီး၊ အဘွားကြီး ဘယ်လိုမှ မတတ်နိုင်အောင် အားကုန်နေခဲ့ပြီ။ "အဘတို့ကို ဝိုင်းကြပါဦးဟော့" ဆိုပြီး ဆီဆိုင်ဝန်ထမ်းလေးတွေက ဝိုင်းလိုက်ကြလို့သာ။

"ဟူး... အသက်မွေးကြမ်းပါ့ကွာ"

ပန့်ရှေ့ ကားလေးရောက်တာနဲ့ အဘိုးကြီးက မောသံကြီးနဲ့ ဗလုံးဗထွေး စကားပြောနိုင်သေးတယ်။ ဗျစ်တောက် ဗျစ်တောက် လုပ်နေကျ ဆရာမကြီးမှာ စကားတောင် မပြောနိုင်ရှာပါဘူး။ မောတာလေ၊ မောတာ။ မောတဲ့ကြားက ဆီစာအုပ်လေးနဲ့ ပိုက်ဆံလေးနဲ့ ဘောက်ချာဖြတ်ဖို့၊ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ သွားမလို့ ဟန်ပြင်ကာရှိသေး ဖားဖိုကြီးရယ်လေ...၊ ဟောဟဲ ဟောဟဲ ကြားထဲက ဘယ်လောက်များ စကားများတယ်မှတ်လဲ...။


"မာမီရေ... ဘက်မှန်ထဲမှာ ကျုပ်မျက်နှာကိုကြည့်စမ်း...။ ကျုပ်တို့ နခြံထဲ နို့လာညစ်တဲ့ နို့ဘိန်းသမား ကိုစိန်ပေါမျက်နှာနဲ့ တထေရာတည်းပဲ" တဲ့။ ပေါက်ကရတွေ တကယ်ပဲ...။

* * *

၁၉၇၀ ပြည့်နှစ်ထုတ် မိုးပြာရောင် ဖောက်စ်ဝက်ဂွန် လိပ်ခုံးကားလေးတစ်စီးကို အင်းစိန်လမ်းမကြီးပေါ်မှာ သုံးရက်တစ်ကြိမ် ညနေလေးနာရီဆို အမြဲတမ်း မြင်တွေ့နိုင်ပါတယ်။

ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ် (၁၆၃)၊
ဌန်၊ ၂၀၀၃ ခုနှစ်။

❖


စိတ်မျက်နှာဖုံး

## စိတ်မျက်နှာဖုံး

မြို့ကြီးပြကြီးရဲ့ ည ခုနစ်နာရီဆိုတာ မီးတွေ ထိန်လင်းပြီး လူတွေလည်း ရှုပ်ထွေးဆူညံနေတတ်ပေမဲ့ ကျွန်မ နေထိုင်ရာ လမ်းကျဉ်းကလေးတစ်ဝိုက်ကတော့ဖြင့် လူသူလေးပါး ကင်းရှင်းပြတ်လပ်ပြီး မှောင်မည်းတိတ်ဆိတ်လို့။ တကယ်ဆို ကျွန်မ အလုပ်ဆင်းချိန် ညနေ ခြောက်နာရီဟာ မမှောင်တတ်သေးပါဘူး။ ဒါပေမဲ့ ကုမ္ပဏီ ကုန်ပို့တဲ့ကားနဲ့ လမ်းမကြုံတဲ့အခါမျိုး။ ဘတ်စ်ကားကို တမေ့တမော စောင့်ရတဲ့အခါမျိုးတွေကျ လမ်းထိပ်ရောက်ရင် မှောင်နေရော။ ထုံးစံအတိုင်း ကျွန်မရဲ့ ကြောက်တတ်တဲ့စိတ်က လမ်းအမှောင်ထဲကို တစ်ယောက်တည်း တိုးဝင်လျှောက်ဖို့ အမြဲ တွန့်ဆုတ်တတ်တယ်။ ရွာက အမေ စာရေးသလို "ခုထိ ကြောက်တတ်တုန်းပဲလား သမီးရဲ့။ ရန်ကုန်မြို့ကြီးဆိုတာ မီးတွေလင်းထိန်နေတာ ရွာလို မှောင်တာလည်း မဟုတ်" ဆိုပေမဲ့ ကြောက်တဲ့လူဟာ ဆေးမရှိဘူးအမေရဲ့။ ဘယ်နေရာဖြစ်ဖြစ် ကြောက်တာဟာ ကြောက်တာပဲ။ တစ်ခုတော့ရှိပါရဲ့။ ဒီနေ့အဖို့တော့ နည်းနည်း အားရှိပါတယ်။ ဒီလောက်ဆို ဟိုကောင်တွေ ဝေဖြိုး၊ ဟိန်းထွဋ် နှစ်ကောင် ကျွန်မတို့အခန်းမှာ ရောက်နေလောက်ပြီ။

ဒီနေ့ဟာ တစ်လတစ်ခါ သူငယ်ချင်းတွေ စုဆုံကြတဲ့ စနေနေ့လေ။ ဘာပဲဖြစ်ဖြစ် မီးမှောင်နေရင် တိုက်အောက်ကဖြစ်ဖြစ် ဒီကောင်တွေ စောင့်နေမှာပါ။ ကျွန်မကြောက်တတ်တာ သူတို့သိပြီးသားပဲ။ လက်ထဲမှာ ဆွဲလာတဲ့ ဗယာကြော်သုပ်အိတ်နဲ့ ကြက်အရေပြားကင်ထုပ်အိတ်ကို ခပ်တင်းတင်းပြင်ကိုင်ပြီး လမ်းအမှောင်ထဲကို တိုးဝင်ပစ်လိုက်တယ်။ ပခုံးမှာလွယ်ထားတဲ့ သားရေအိတ်ကိုပဲ စလွယ်သိုင်းပြောင်းလွယ်ရသေးတယ်။ အရေးဆို အသားကုန်ပြေးဖို့လေ။ ခပ်သွက်သွက် ခြေလှမ်းဆယ်လှမ်းလောက်နဲ့ ဂုဏ်တော်တစ်ခေါက်ပဲ ရွတ်ရသေးတယ်။ ကျွန်မ ကံကောင်းလိုက်ပုံများတော့ "ဟေး" ခနဲဆိုတဲ့ ဝမ်းသာအားရ ပျော်ရွှင်အော်ဟစ်သံတွေနဲ့အတူ လမ်းကျဉ်းကလေးဟာ မီးတွေ ထိန်လင်းသွားတော့တယ်။ ဘယ်ရမလဲ။ ဒီအပတ် ဂျာနယ်တွေမှာ ဗေဒင်တွေ ကျွန်မ အကုန်ဖတ်ထားပြီးသား တနင်္လာသားသမီးအားလုံး အဆင်ပြေ ကံကောင်းမည်တွေချည်းပဲဥစ္စာ။ မီးရောင်အောက်မှာ ကျွန်မတို့တိုက်ကို လှမ်းကြည့်တော့ ဟိုနှစ်ကောင်ကိုတော့ တစ်ကောင်မှ စောင့်နေတာ မတွေ့ရပေါင်။ ကိစ္စမရှိပါဘူး။ မီးလင်းနေရင် ကျွန်မက အေးဆေးပါ။ ပြီးတော့ ကျွန်မအကျင့်အတိုင်း အပေါ်ဆုံးထပ် ကိုယ့်အခန်းရောက်တဲ့ထိ ရှစ်ထပ်တိုက် တစ်ဘရိတ်တည်း အပြေးတက်တာ ခဏနဲ့ရောက်သွားမှာ။ လှေကားထောင့်ချိုးတွေမှာ လက်ရန်းတွေကို အားပြုပြီး အပြေးတက်ရတဲ့ အရသာဟာ သိပ်ကောင်းတာ။ အချို့အခန်းတွေက ဖျတ်ခနဲ လူတွေ ထွက်လာရင်သာ ကိုယ်ရှိန် နည်းနည်းသတ်ပေးရတာ လွဲလို့ပေါ့။ ဘာရယ်မဟုတ်ဘူး။ အဲလို ဖျတ်ခနဲ လူထွက်လာရင် ကျွန်မက လန့်တာပဲ။ "အမလေး" တစ်ခွန်းတော့ အော်လိုက်မိတာချည်းပဲ။ လှေကားမီးလုံးလေးတွေလည်း ပျက်မနေပါစေနဲ့ ဆုတောင်းရင်း အပြေးတက်လို့ သုံးထပ်မြောက်တဲ့အချိန်မှာပဲ "ဟာ" ဆိုတဲ့ သံပြိုင် စိတ်ပျက်အားလျော့သံကြီးတွေနဲ့အတူ မီးအားလုံး မှောင်ကျသွားပါတော့တယ်။ အိုး... ဒုက္ခပါပဲ။

ဒုက္ခပါပဲ။ လေ့ကားလက်ရန်းတွေကို တင်းတင်းကျပ်ကျပ် ဆုပ်ထားရင်းက ကျွန်မ အားတင်းရပြန်ပါပြီ။ ကျွန်မထုံးစံအတိုင်း ကြားဖူးသမျှ တစ္ဆေသရဲအကြောင်းတွေနဲ့ ကြည့်ဖူးသမျှ တစ္ဆေသရဲ နိုင်ငံခြား ဗီဒီယိုတွေကို အကုန် သတိရလာပြီး ကျွန်မ လှေကားတစ်ဆစ်ချိုးတိုင်း ကျွန်မနောက်က တဖျပ်ဖျပ်ခြေသံပဲ လိုက်လာသလိုလို၊ အသက်ရှုသံပြင်းပြင်းပဲ ကြားရသလိုလို။ ဟိုကောင်တွေကိုလည်း တကယ့်ကို ကျိန်ဆဲမိတော့တယ်။ ဟိုဟာမနှစ်ယောက်ကလည်း နေနိုင်ပါပေ့။ တွေ့ကြသေးတာပေါ့။ ပေါ်တာမ မိပုလဲနဲ့ ငကြောင်မ မိနှောင်း၊ ကိုယ့်သူငယ်ချင်းအကြောင်းလည်း သိရဲ့သားနဲ့ တွေ့မယ်၊ တွေ့မယ်။

ငါးထပ်နဲ့ ခြောက်ထပ်ဟာ ကျွန်မ အကြောက်ဒီဂရီ အမြင့်ဆုံးရောက်သွားတဲ့ အထပ်တွေပါပဲ။ အဲဒီနှစ်ထပ်မှာ လူမရှိဘူးလေ။ ဘုရား... ဘုရား... ဘာကိုကြောက်မှန်းမသိ၊ ကျွန်မကြောက်တယ်။ ဒါတောင် ဘုရားစာတွေကို တစ်လျှောက်လုံး တတွတ်တွတ် ရွတ်နေခဲ့တာ။ ခုနစ်ထပ်ကို မြန်မြန်ရောက်ပါတော့။ ဘာပဲဖြစ်ဖြစ် ကျွန်မ ဟိုကောင်တွေကို အော်ခေါ်တော့မယ်။ အို... အရေးထဲမှာ ကျွန်မ စားစရာအထုပ်တစ်ထုပ်က လွတ်ကျရသေးတယ်။ ကပျာကယာ ချက်ချင်း စမ်းကောက်လို့။ ရွာမှာတုန်းက အမေ အမြဲပြောပြတဲ့ နေဝင်ရီတရောမှာ စားစရာပါရင် လိုက်လုတတ်တဲ့ အသားသရဲအကြောင်းကို ချက်ချင်း သတိရပြီး ခေါင်းတွေ ကြီးသွားလိုက်တာများတော့...။

"မိနှောင်း၊ ပုလဲ၊ ဝေဖြိုး၊ ခေါက်ဆွဲ"

ကျွန်မ အော်ခေါ်သံ တစ်တိုက်လုံးတောင် ကြားနိုင်လောက်ပါတယ်။ အလို... ဒင်းတို့ရဲ့ နာမည်ရင်းတွေရော၊ နာမည်ပြောင်တွေရော ဒီလောက် တသီကြီး အော်ခေါ်နေတာတောင်မှ မကြားကြဘူးလား။ ဘယ်သူမှလည်း ထွက်မလာ။ ကြည့်... ဒင်းတို့ သက်သက်လုပ်ပြီ။ ဒါမှမဟုတ် အားလုံး အပြင်များ ထွက်သွားကြသလား။ ဒါဆို အခန်းမှာ ကျွန်မတစ်ယောက်တည်း။ ရှစ်ထပ်ကို လေကဲ့သို့ လျင်မြန်ခြင်းနဲ့

ကျွန်မ အပြေးတက်လိုက်တယ်။ ပြီးတော့ အခန်းတံခါးရှေ့ အရောက်မှာတော့ တံခါးကို အားရပါးရ တဘုံးဘုံး ထုပစ်လိုက်တော့တယ်။

"ပုလဲ၊ မိနှောင်း၊ တံခါးဖွင့်"

ဘုရား... ဘုရား၊ ကျွန်မတို့အခန်းဟာ ငြိမ်သက်နေလိုက်တာမှ အသံလေးတစ်ခုတောင် ထွက်မလာခဲ့ပါဘူး။ သေချာပါပြီ။ သူတို့ အပြင်သွားပြီ။ မှောင်ထဲမှာ တံခါးသော့ကို ကျွန်မ ကမူးရှူးထိုး လိုက်စမ်းနေဆဲ မမျှော်လင့်ဘဲ အခန်းထဲမှာ "ဂျောက်" ခနဲ တံခါးဖွင့်သံ။ ကျွန်မ ထုံးစံအတိုင်း ဖျပ်ဆို လန့်သွားရင်းက "ဘယ်သူလဲ" လို့ တုန်တုန်ယင်ယင် မေးလိုက်မိတဲ့အချိန်မှာပဲ အခန်းတံခါးက ပွင့်လာခဲ့ပါတယ်။ ဖယောင်းတိုင်မီးရောင်နဲ့အတူ တံခါးဝမှာ ကျွန်မ မြင်လိုက်ရတာကတော့ ကျွန်မဘဝမှာ အကြောက်ဆုံး တိရစ္ဆာန်တစ်ကောင်ရဲ့ မျက်နှာ။ ကိုယ့်ဟာကိုယ် ဘယ်လိုအော်လိုက်မိမှန်းမသိတဲ့ အော်သံနဲ့အတူ ကျွန်မ ဘာကိုမှ မသိတော့ပါဘူး။

* * *

"ကကြီးယပင့်ရေးချ ဝစ္စနှစ်လုံးပေါက်၊ တောကောင်"

"ကကြီးယပင့်ရေးချ ဝစ္စနှစ်လုံးပေါက်၊ တောကောင်"

သံပြိုင်စာအံသံတွေ ပွက်လောရိုက်နေတာ ဘယ်မှာလဲ။ ဟင်... ကျွန်မတို့ရွာကျောင်းလေးပဲ။ ဟော... ဟိုဆရာမလေး၊ ဟိုဆရာမလေး မြို့ကပြောင်းလာတဲ့ ဆရာမလေး။ သူ... သူ ကျွန်မတို့ကို ကကြီးယပင့်ရေးချ ဝစ္စနှစ်လုံးပေါက်ကို ဘာလို့ တောကောင်လို့ ဖတ်ရတာလဲ အမှန်ဖတ်စမ်းဆိုပြီး အတင်းအော်ခိုင်းလို့ ကျွန်မတို့အားလုံး ထွက်ပြေးကြတာ။ သိပ်ကြောက်ဖို့ကောင်းတာပဲ။ သူ ဆရာမလေး နောက်တစ်ပတ်ကျ ရေနစ်ပြီး ဆုံးသွားတယ်။ ကြောက်တယ် ကြောက်တယ်။

"ခင်လေး... ခင်လေး"

"ဘယ်လိုဖြစ်တာလဲ ခင်လေး၊ သတိထားစမ်းပါ"

"အို… မအော်နဲ့လေ ခေါက်ဆွဲ၊ သူ့ပါးစပ်ကို ပိတ်ထား"

"ခင်လေးလို့ဆို"

ဖယ်စမ်း၊ ဘယ်သူလဲ ငါ့ပါးစပ်ကို မပိတ်နဲ့။ ကျွန်မပါးစပ်ပေါ်က လက်တွေကို ဆွဲဖယ်ပစ်လိုက်တယ်။ ဟင်… မီးတွေ လင်းထိန်လို့။ ကျွန်မ အခန်းထဲပြန်ရောက်ပြီ။ မိနှောင်း၊ ပုလဲ၊ ခေါက်ဆွဲ ဟိန်းထွန်း၊ ပြောင်းဖူးဝေဖြိုး ကျွန်မကိုကြည့်ပြီး သူတို့အားလုံး တဟားဟား အော်ရယ်လိုက်ကြတယ်။

"ဒီမှာကြည့်စမ်း ခင်လေး မျက်နှာဖုံးကြီးပါဟ"

ကျွန်မမျက်နှာရှေ့ကို ဝဲလာတဲ့ မျက်နှာဖုံးကြီးကို ကြည့်ပြီး ကျွန်မ တစ်ချက် အော်လိုက်မိသေးတယ်။

"နင်ကလည်းဟာ ကျားမျက်နှာဖုံးကိုများ"

"မပြောနဲ့၊ မပြောနဲ့။ တောကောင်မျက်နှာဖုံးလို့ပြော။ ဖွဟဲ့"

"ဘာ… တောကောင်"

"ဟုတ်တယ်၊ ဟုတ်တယ်။ ငါတို့ရွာမှာ အဲဒီဟာကို တောကောင်လို့ပဲခေါ်ရတယ်။ ဟိုလိုခေါ်ရင် နတ်ဖမ်းစားတတ်လို့"

"ဘာလဲ၊ ကျားလို့ခေါ်ရင်လား"

"ပြောင်းဖူး၊ နင့်ပါးစပ်ကိုပိတ်တော့။ မိနှောင်း၊ ငါ့ကို ရေလေး တစ်ခွက်လောက်ပါဟယ်"

ရေက ပူနေပေမဲ့ မောလို့လား၊ ကြောက်လို့လားမသိ၊ သောက်လို့ကောင်းလိုက်တာ။

"ကဲဟာ… ကဲဟာ… လုပ်ကြဟာ စားကြမယ် ဆာလှပြီ"

"အေးပါဟယ်၊ ဘယ်လိုဖြစ်နေတာလဲ ခေါက်ဆွဲမျှင်ရဲ့။ တဖြည်းဖြည်းနဲ့ ပိန်ပြီး မျှင်လိုက်လာတဲ့ ခေါက်ဆွဲမျှင်ရဲ့"

"အောင်မာ၊ လိမ္မော်ခွံကများ ပြောရသေးတယ်။ ပန်းကန်ဆေးပါဆိုမှ ကြည့်နေတယ်။ လိမ္မော်ခွံမျက်နှာကို ကြည့်မဝဘူး ဖြစ်နေတယ်"

"အေးလေ၊ မေပုလဲလောက်မည်းရင် ငါတို့က မပြောပါဘူး"

"ဘာ... ပြောင်းဖူးစိ၊ ဘာပြောတာလဲ"

"မဟုတ်ပါဘူး၊ နင်ကလို့ သစ်ခွလို့ ငါတို့ခေါ်တဲ့ နာမည်လေးနဲ့ လိုက်အောင် အသားလေးကိုက စိမ်းနေတာလို့ ပြောတာ။ မမည်းဘူးလို့"

"ဟင်း... ပြောင်းဖူးစိ၊ ဆီပူ ထိုးကြော်ပစ်လိုက်မယ်။ နှလုံးသားထဲက မပါတာတွေနဲ့ လာလုပ်မနေနဲ့"

"ကဲ... လာဟာ၊ ဟိုအညာသူ ဆီးဖျော်ရည် တစ္ဆေဆိုလည်း ကြောက်၊ ကျားဆိုလည်းကြောက်"

"တော်... ပါးစပ်ပိတ်"

ခုမှ သူငယ်ချင်းတွေရဲ့ တစ်ယောက်တစ်ပေါက်သံတွေကြားမှာ ကျွန်မ စိတ်သက်သာရာ ရလာတယ်။ တစ်လတစ်ခါ ဒီလို စုဆုံပြီး စားကြ၊ သောက်ကြ၊ တစ်ယောက်အကြောင်း တစ်ယောက်ပြောကြ၊ ရောက်တတ်ရာရာ ပြောကြရတာကို ကျွန်မတို့ ပျော်ကြပါတယ်။ တကယ်တော့ ကျွန်မတို့ဟာ အလုပ်ခွင်ကျမှ ခင်မင်ပေါင်းသင်းကြရတဲ့ ကြီးပေါင်းသူငယ်ချင်းတွေပေမဲ့ ငယ်သူငယ်ချင်းတွေလိုပါပဲ။ အကုန်လုံး နယ်မြို့တွေကချည်းပဲ။ အဝေးသင်ဘွဲ့တစ်ခုယူဖို့ ကြိုးစားရင်း ရရာ အလုပ်တစ်ခုဝင်လုပ်ရင်း ရန်ကုန်မြို့ကြီးကို မှီခိုတွယ်ကပ်ရင်း တိုးတက်ရာတိုးတက်ကြောင်း ရှာဖွေနေသူများပေါ့။ ကျွန်မရယ်၊ ပုလဲရယ်၊ မိနှောင်းရယ်က အချိုရည်ကုမ္ပဏီမှာ။ ဟိန်းထွဋ်နဲ့ ဝေဖြိုးက ခေါက်ဆွဲခြောက်နဲ့ ကွေကာကုမ္ပဏီမှာ။ ဒီလိုပဲ စူပါမားကတ်တွေ၊ စတိုးဆိုင်တွေမှာ ကုမ္ပဏီကားတွေနဲ့ ကုန်တိုက်လိုက်ပို့ရတာ။ အဲဒီမှာ အချင်းချင်း ခင်သွားကြတာပေါ့။ နာမည်တွေ မသိခင်တုန်းက နောက်ပြောင်ခေါ်တဲ့ နာမည်တွေက ခုကျတော့ အတည်ကို ဖြစ်ကုန်ရော။

"ဟဲ့... ငါတို့ ရှေ့လကျ အဆောင်ပြောင်းရဦးမယ် သိလား"

"အေးလေ၊ ခြောက်ထောင်တဲ့၊ ဘယ်ပေးနိုင်မလဲဟ"

ခေါက်ဆွဲနဲ့ပြောင်းဖူးဟာ ယောကျ်ားလေးတွေမို့လို့ တော်သေး

တယ်။ အဆောင်ရှာရတဲ့ဒုက္ခဟာ လွယ်မှတ်လို့။ ကျွန်မတို့သုံးယောက်ဟာ ကမ္ဘာ့ ကံအကောင်းဆုံးထဲမှာပါတယ်။ ကျွန်မတို့ကုမ္ပဏီပိုင်ရှင်က သူငွေပိုလို့ဝယ်ထားတဲ့ တိုက်ခန်းကို ဈေးနှုန်းချိုသာစွာနဲ့ ကျွန်မတို့ကို ငှားပေးထားလို့ပေါ့။ တစ်လမှ တစ်သောင်းခွဲပဲပေးရတယ်။ သုံးယောက်စပ် တစ်ယောက်ငါးထောင်ပေါ့။ အခန်းဘယ်လောက်ကျဉ်းကျဉ်း မြို့ထဲနဲ့လည်း ဝေးချင်ဝေး၊ ရှစ်ထပ်မကလို့ ဆယ်ထပ်ပဲဖြစ်ဖြစ် အဆောင်ထက်စာရင်တော့ အလွန်တရာ နေပျော်ပါတယ်။ အများကြီး လွတ်လွတ်လပ်လပ်ရှိတယ်။

"ခင်လေးကလည်း ကြက်အရေပြားတွေ ဝယ်လာပြန်ပြီ။ ငါတော့ မစားဘူး။ အဆီတွေတအားများတယ်တဲ့"

"မစားချင်လည်းနေ၊ မလှချင်၊ ကျုပ်လည်း ဈေးသက်သာတာ ဝယ်ရတာ"

"ဩော်... အဲလို အစားအသောက်ကို ဂရုစိုက်လို့ လိမ္မော်ခွံက အသားအရေ တအားလှတာနော်၊ ဝက်ခြံလေးတွေက"

"သွား၊ အစုတ်ပလုပ်ပြောင်းဖူးစိ"

တကယ်စိတ်တိုသွားတဲ့ မိနှောင်းကို ကျွန်မတို့ ဝိုင်းဟားကြတယ်။ ကျွန်မတို့ထဲမှာ မိနှောင်းက အလှအပအကြိုက်ဆုံး၊ မုန့်အငတ်ခံတာတို့၊ ထမင်းတစ်နပ်ပဲမစားဘဲ နေပြီးတော့တို့နဲ့ မျက်နှာလိမ်းတဲ့ အလှအပပစ္စည်းတွေ ဝယ်တတ်တယ်။ သူ့ရောဂါကလည်း အဝတ်အစားကို ဒီလောက်မဟုတ်ဘူး။ ပြီးတော့ စိတ်ကလည်း ထင်မိထင်ရာ။ ခုကြည်၊ ခုနောက်။ သူငယ်ချင်းတွေနဲ့ ခုရယ်မောနေရာကနေ ငိုချင်ငိုချလိုက်ရော။ သူက ကျွန်မနဲ့ပုလဲထက် နှစ်နှစ်တောင်ငယ်တယ်။ ခုမှ နှစ်ဆယ်ရှိသေးတာ။

"ဟဲ့... ဒီလ ငါ့ကို ဘယ်သူ ပိုက်ဆံချေးမလဲဟင်"

"ဘယ်သူမှမချေးဘူး"

"သေလိုက်ပါလား။ နင်ဆီမှာရော ဘယ်တုန်းက ပိုက်ဆံရှိဖူးလို့

လဲ၊ ခေါက်ဆွဲခြောက်ရဲ့"

"ရှိတာပေါ့ဟ။ နင်မဟုတ်တာရုတ် ဟိုအရည်၊ ဒီအရည်တွေ ဝယ်မှာကို ငါက ဘာလို့ချေးရမှာလဲ။ သိနေတယ်နော်၊ လိမ္မော်ခွံ၊ သိနေတယ်၊ ဟင်း"

"အိုး... နေပေါ့။ ခင်လေးက ငါ့ကိုချေးမှာ။ ငါပြောပြီးသားနော်၊ ခင်လေး"

"နင့်အမေ ဆေးဖိုးပို့မယ်ဆိုရင် ငါချေးမယ်လို့ ပြောတာပါ။ ဟိုဆံပင်ဆိုးဆေးဝယ်မယ်ဆိုရင်တော့ မချေးဘူး"

"ဘယ်ဆံပင်ဆိုးဆေးလဲ"

"အမလေး၊ ဒေါ်အကောင်းကြိုက်က ဟိုပြင်သစ်နိုင်ငံလုပ် ဆံပင်ဆိုးဆေး ဆိုးချင်လို့တဲ့။ ဈေးက သိပ်မများပါဘူး။ သောင်းတစ်ထောင်တဲ့"

"ဘာ... သောင်းတစ်ထောင်၊ လခတစ်သောင်းခွဲရတဲ့မိန်းမက သောင်းတစ်ထောင်တန် ဆံပင်ဆိုးဆေးကို ဝယ်ဖို့ ကြံစည်ဝံ့တယ်။ အံ့ဖွယ်သုတပဲ"

"ဘာဖြစ်လဲ၊ ခေါက်ဆွဲနော်။ မိန်းကလေးတွေကြားထဲ ပါပြန်ပြီ"

"အောင်မာ၊ ဆံပင်ဆိုး နင်တို့ မိန်းမကိစ္စလား။ ဒီမှာ ငါ့ဆံပင် ဟိုင်းလိုက်ဖောက်ထားတာ။ နီညိုရောင်လေးမြင်လား၊ ဒါတရုတ်ဆေး၊ တရုတ်ဆေး၊ နှစ်ရာ သုံးရာပဲ ကုန်တယ်"

"သွားစမ်းပါ၊ လျှောက်ပြောမနေနဲ့။ ငါကြိုက်တဲ့အရောင်ကို နင်မှမမြင်ဖူးဘဲ။ လိုက်ဘရောင်းဟဲ့။ အညိုနုနုလေး။ မရိုင်းဘူး။ ဒီမှာလေ။ ငါ့မျက်လုံးက အညိုနုရောင်လေးဆိုတော့"

ကျွန်မတို့အားလုံး ဝိုင်းဟားလိုက်ကြပြန်တယ်။ မိနှောင်းက နှုတ်ခမ်းစူလို့။ တကယ်တော့ ကျွန်မရော၊ ပုလဲရော၊ သူရော အလုပ်အားတဲ့ တစ်နေ့ ဆိုးကြဖို့ တိုင်ပင်ပြီးသားပါ။ ဒါပေမဲ့ ခေါက်ဆွဲပြောတဲ့ တရုတ်ဆေးမဟုတ်တောင် ထိုင်းကလာတဲ့ဆေးပေါ့။ နှစ်ဘူးဝယ်ပြီး သုံးယောက်

မျှဆိုးမယ်လို့ သဘောတူပြီးသားကို ဟိုတစ်နေ့က ရန်ကင်းစင်တာမှာ ပစ္စည်းသွားချရင်း မြင်လာပြီး ပြင်သစ်ဆိုးဆေး ရောဂါတက်လာတာ။ ကျွန်မတို့လည်း ဆိုးချင်တာပေါ့နော်။

"ဟဲ့ ခေါက်ဆွဲ၊ နင် ဒီမျက်နှာဖုံး ဘယ်ကရလာတာလဲ။ အရမ်းကောင်းတယ်နော်"

"ဩော်... ပုလဲ၊ နင်က ဗဟုသုတ တအားရှာဖွေချင်တာပဲနော်"

ပုလဲလက်ထဲက မြှောက်ပြနေတဲ့ မျက်နှာဖုံးကိုမကြည့်ဘဲ ကျွန်မမျက်နှာ လွှဲထားလိုက်တယ်။

"ငါ့သူငယ်ချင်းတစ်ယောက် နိုင်ငံခြားကဝယ်လာတာဟ၊ အမြီးလေးပါ ပါတယ်၊ တစ်စုံပေါ့"

"ငါတို့ငယ်ငယ်တုန်းက ဘုရားပွဲတွေမှာရောင်းတဲ့ စက္ကူမျက်နှာဖုံးတွေနဲ့ တခြားစီပဲနော်၊ ဒါက ရာဘာနဲ့လုပ်တာမဟုတ်လား"

"ကဲ နင်တို့ ဒီအကြောင်းပြောမယ်ဆိုရင် တိုက်အောက်ကို ဆင်းကြ သွား"

ဟုတ်တယ်လေ၊ စိတ်မရှည်တော့ဘူး။ သူတို့က ကိုယ်တွေ့မှ မကြုံဖူးပဲ။ ဘယ်ကြောက်ကြပါ့မလဲ။ ကျွန်မတို့ရွာမှာတော့ နာမည်တောင် ခေါ်လို့မရဘူးရယ်။ ယုတ်စွအဆုံး တောကောင်ပုံနဲ့ ယမ်းမီးခြစ်တောင် ရွာမှာ မသုံးရဲကြဘူး။ မယုံတဲ့လူမှန်သမျှ စမ်းတိုင်း ခံရတာချည်းပဲ။ ကျွန်မကြောက်တယ်။ မျက်စိမျက်နှာပျက်နေတဲ့ ကျွန်မကို ကြည့်ပြီး မိနှောင်းက စပ်ဖြီးဖြီးလုပ်ပြန်တယ်။

"ခင်လေးကို ငါ့တို့နယ်ခေါ်သွားဖို့ကောင်းတယ်။ သူတို့ရွာနဲ့ ငါတို့နယ်နဲ့က ပြောင်းပြန်ပဲ"

"ဘာလို့လဲ"

"အို... ငါတို့ချင်းတွင်းမြစ်ရိုးနယ်တစ်ဝိုက်ဟာ လူကနေ ကျားဖြစ်တယ်လို့ နာမည်ကြီးတယ်လေ။ မကြားဖူးဘူးလား"

"ဘာ... ဘာ ဘာပြောတယ်"

"ဟာ ခင်လေးကလည်း နင်စာမှမဖတ်ဘဲ။ ငါတို့ ကြားဖူးတယ် ဟေ့ မိနှောင်း"

"ငါလည်းကြားဖူးတယ်"

"ဒီလိုတော့လည်း ခေါက်ဆွဲတို့က တော်သွားပြန်ရော ငါတို့ဆီမှာ လေ။ ကျားမျိုးဆိုပြီး မျိုးရိုးစဉ်ဆက် ရှိခဲ့တဲ့သူတွေရှိတယ်။ တချို့ ည ဘက်မှာ ကျားအဖြစ်ပြောင်းပြီး မိသားစုအတွက် ဟင်းစား သွားရှာ တယ်တဲ့။ သမင်တို့၊ ဆတ်တို့၊ တောကောင်လေးတွေ လိုက်ဖမ်းတာ ပေါ့။ ငါတို့အဘိုးအဘွားတွေ ပြောတာပဲ။ အဲဒီလို တောထဲသွားရင် နှစ်ယောက်သွားရတယ်တဲ့။ တောထဲရောက်ရင် ကျားလိုပြောင်းမယ့် သူက သူ့အင်္ကျီအဝတ်အစားတွေ အကုန်ချွတ်ပြီး အဖော်ကို ပေးထားခဲ့ ရတယ်တဲ့။ အဖော်က အင်္ကျီအဝတ်အစားတွေယူပြီး သစ်ပင်တစ်ပင်ပေါ် တက်နေရတယ်တဲ့။ အဲဒီကျားက သားကောင်ရှာပြီး ပြန်လာတဲ့အခါ ကျမှ သစ်ပင်ပေါ်ကနေ နာမည်ကိုခေါ်ပြီး သူ့အင်္ကျီအဝတ်အစားတွေကို ပစ်ချပေးရတယ်တဲ့။ သူသတိရအောင်လို့ပေါ့။ သူက ကျားစိတ်ဝင်နေ တာကိုး။ အဲဒီအချိန်မှာ သူ့ကို နာမည်ခေါ်ပေးမယ့် အင်္ကျီအဝတ်အစား ပြပေးမယ့်သူမရှိရင် သူက လူပြန်မဖြစ်တော့ဘဲ ကျားဘဝနဲ့ တောထဲ ဝင်သွားရသတဲ့။

"ဟယ်... ဟုတ်လား"

"အမယ် မေပုလဲတောင် စိတ်ဝင်စားသွားပြီ"

"အသာနေစမ်း ပြောင်းဖူးစိ၊ ဟဲ့ နေပါဦး။ အဲဒီလူက ကျား ဖြစ်သွားရင် တခြားလူတွေ ဘာတွေနဲ့တွေ့ရင် ကိုက်မှာပဲလား ကိုယ့်အသိ မိတ်ဆွေဖြစ်နေရင်ရော။ ဘယ်လိုလုပ်မလဲ"

"ကိုက်မှာပေါ့။ သူက တိရစ္ဆာန်ပဲ။ ဘယ်သိမလဲ။ သူ့ဘာလုပ် လုပ် မသိတော့ဘူးလေ၊ တိရစ္ဆာန်ပဲ"

"တော်ပြီ၊ တော်ပြီ တော်တော့။ ဘယ်သူမှ ဒီအကြောင်းကို ဆက်မပြောနဲ့တော့"

"အေးပါ အေးပါ တစ်ခုတော့ရှိတယ်နော် ခင်လေး ငါ ငါ့ကို ပိုက်ဆံချေးမလား မချေးဘူးလား။ မချေးရင် ငါ လူကနေ ကျားဖြစ်အောင်လုပ်လိုက်မှာနော်။ ငါတို့အမျိုးကလည်း ကျားမျိုးပဲ"

"ဘာ..."

မိနှောင်းရဲ့ ဒီစကားတစ်ခွန်းဟာ ကျွန်မကို ဘယ်လောက် ထိတ်လန့်သွားစေခဲ့တယ်ဆိုတာကို သူတို့က မသိကြပါဘူး။ သူတို့က မိနှောင်းကို ဝိုင်းဟားနေတာကိုး။

"အောင်မာ နင်တို့ မယုံဘူးလား။ ငါ အခုပြောင်းလိုက်ရမလား။ ဟောဒီမှာ လာခဲ့၊ ဂါး... ဝေါင်း"

မိနှောင်းက လက်နှစ်ဖက်ကားပြီး ကျွန်မပေါ်ကို ခုန်အုပ်တော့ မလို လုပ်တယ်။ ကျွန်မ ငယ်သံပါအောင် အော်လိုက်မိတာကိုပဲ ဒင်းတို့ဟာ သဘောကျလို့မဆုံး တဟားဟား ရယ်လို့မဆုံးတော့ဘူး။

* * *

အဲဒီနေ့ကစပြီး ဘယ်သူတွေ ဘာပြောပြော ကျွန်မအတွက်တော့ မိနှောင်းဟာ သတိထားရမယ့်သူ (အထူးသဖြင့် ညဘက်တွေမှာ) ဖြစ်သွားခဲ့ပါပြီ။ တဖြည်းဖြည်းနဲ့ သူ့နိုင်ဖတ်တောင်မှ ကျွန်မ ဖြစ်သွားနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ အရင်ကဆိုရင် မိနှောင်းလုပ်တတ်တဲ့ ကြောင်တောင်တောင် ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံ မှန်သမျှကို ကျွန်မက ပြောဟယ်၊ ဆိုဟယ်၊ ငေါက်ဟယ်၊ ငမ်းဟယ် အမြဲလုပ်တဲ့သူ။ အခုဆို ကျွန်မ အပြောဆုံး စိတ်အတိုဆုံး အလုပ်တစ်ခုဖြစ်တဲ့ နေ့တိုင်း ခေါင်းလျှော်ရမှ ကျေနပ်တဲ့ မလှချင် မိနှောင်း အမြဲလုပ်တတ်တဲ့၊ မိန်းကလေး သဘာဝ တစ်လတစ်ခါအချိန်မှာ ခေါင်းလျှော်၊ ရေချိုး အကြာကြီး လုပ် နေတာကိုတောင် ကျွန်မ ဆူပူဖို့ နှုတ်တွန့်နေပြီ။ သူနဲ့ နှစ်ယောက်တည်း နေဖို့ ဝေးလာဝေး။ အရင်တုန်းက သုံးယောက်သား တန်းစီအိပ်နေရင် အလယ်ကောင်အိပ်နေကျ ကျွန်မဟာ ပုလဲကို အလယ်ကောင်ထားပြီး

ဘေးအစွန်မှာပဲ အိပ်တော့တယ်။ ကျွန်မ ကြောက်နေမှန်းသိလို့လား လည်း မသိပါဘူး။ ပြီးခဲ့တဲ့ တစ်ပတ်ကဆို မိနှောင်း ကျွန်မကို ဆိုးဆိုး ရွားရွား နောက်ပြောင်ခဲ့ပါတယ်။ အလုပ်ဆင်းတဲ့အချိန်မှာ သူရော၊ ပုလဲရော သူတို့အမျိုးတွေဆီ သွားမယ်ဆိုပြီး ထွက်သွားကြတာ။ သူတို့ နောက်ကျမယ်ဆိုတော့ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ရေမိုးချိုး၊ ထမင်းလေးဘာလေးချက်မယ်ဆိုပြီး ပြန်လာခဲ့တာ။ တံခါးသော့ခတ် ထားတော့ သော့ဖွင့်ဝင်တာပေါ့။ မချောက အထဲမှာ ရောက်နေပြီး ဘာ လုပ်နေတယ်မှတ်လဲ။ အခန်းအလယ်မှာ စောင်ကြီးခေါင်းမြီးခြုံလို့။ ရုတ်တရက် ကျွန်မက လန့်သွားပြီးမှ စိုးရိမ်ပြီး စောင်ကို ဆွဲဖွင့်လိုက် တော့ တောကောင်မျက်နှာကြီး ပေါ်လာတာပေါ့။ တောကောင်မျက်နှာဖုံး ကြီးစွပ်ပြီး ကျွန်မကို စောင့်နေတာလေ။ ဘယ်အချိန်ကများ ဟိုကောင် တွေဆီက ငှားထားလိုက်တယ် မသိပါဘူး။ အမယ်၊ အမြီးလေးတောင် သူက တပ်ထားလိုက်သေးတာ။

ကျွန်မ တအားလန့်သွားပြီး တကယ်လည်း စိတ်ဆိုးသွားတာ ပေါ့။ သူနဲ့ ရန်တောင်ဖြစ်တော့မလို့။ ညဘက်ကျမှ ပုလဲပြောလို့ ကျွန်မ စိတ်ပြေသွားတာ။ အဲဒီနေ့က သူ့အမေ လေဖြတ်သွားတဲ့နေ့လေ။ သူတို့ အမျိုးအိမ်မှာ ရောက်နေတုန်း သူ့အစ်ကိုက ဖုန်းဆက်ပြောတာတဲ့။

* * *

ကျွန်မတို့ ကုမ္ပဏီကား Junction 8 ကိုရောက်တော့ နေ တအား ပူနေပြီ။ ဆိုင်အတွင်းပိုင်းဆိုရင်တော့ အဲယားကွန်းနဲ့ အေးစိမ့်နေတာ ပေါ့။ ကျွန်မတို့ ပစ္စည်းပို့ရတဲ့၊ စာရင်းမှတ်ရတဲ့ နေရာကကျတော့ ဆိုင်ရဲ့ဘေးပေါက်လမ်း စတိုနားမှာဆိုတော့ ဘယ်တော့မှ မအေးဘူး။ ဒီနေ့က ကျွန်မနဲ့ပုလဲ နှစ်ယောက်တည်းဆိုတော့ ပိုလည်း ပင်ပန်းတယ်။ မိနှောင်းက နေမကောင်းလို့ ခွင့်ယူပြန်ပြီလေ။ ဘာမှန်းလည်းမသိဘူး။ နေသာ မကောင်းဘူးပြောတာ မနက်ကလည်း ထုံးစံအတိုင်း ရေချိုး

ခေါင်းလျှော်နေတာ အကြာကြီးပဲ။ တော်ပြီ၊ စိတ်ကုန်တယ်။ မပြော တော့ဘူး။ ကျွန်မ ပိုက်ဆံချေးထားတာလည်း ပြန်မပေးသေးဘူး။ ဒီလ အဝေးသင်စာစဉ် ဖြေဖို့လုပ်ရမှာ။ ပုလဲပြောသလို ကျွန်မ မတောင်းဝံ့ဘဲ ဖြစ်နေတာလည်း မသိပါဘူး။

"ခင်လေး၊ ခေါက်ဆွဲတို့တောင် မတွေ့ဘူးနော်"

"အေးလေ၊ ဟဲ့... ပုလဲ ကားပေါ်မှာ ငါ့စာရင်းစာအုပ် ကျန်ခဲ့ တယ်။ သွားယူလိုက်စမ်းပါ။ ငါ ဒီမှာ ပစ္စည်းစစ်လိုက်မယ်"

အင်မတန် ချွေးထွက်တတ်တဲ့ ကျွန်မ ချွေးပေါက်တွေက အချိုကပ် တွေပေါ်ကို တစ်ပေါက်ပေါက်နဲ့တောင် ကျနေတယ်။ အမြဲဆောင်ရတဲ့ ချွေးသုတ်တဘက်လေးနဲ့ ခဏရပ်ပြီး ချွေးသုတ်နေဆဲမှာပဲ ဘာပါလိမ့်။ ဆိုင်းအတွင်းပိုင်းဆီက သဲခနဲ ဖြစ်သွားတဲ့အသံ။

"ဟာ... ကျား... ကျား... ကျားကြီး"

"ဘာ... အမလေး"

ကျွန်မ ထုံးစံအတိုင်း အသံကြားတာနဲ့ လန့်အော်ရင်း ချွေးသုတ် တဘက်လေးကို မျက်နှာပေါ်က တုန်တုန်ယင်ယင်နဲ့ အခွာလိုက်၊ ဘုရား၊ ဘုရား၊ ဟိုမှာ၊ ဟိုး ခပ်လှမ်းလှမ်းမှာ တောကောင်၊ တောကောင် မျက်နှာ ကြီး။

ကလေးတစ်ယောက်ရဲ့ စူးစူးဝါးဝါး အော်ဟစ်သံကလည်း အဆက်မပြတ်။ ကျားကြီး၊ ကျားကြီးတဲ့။ ကျွန်မတို့ဘက် ဆိုင်ဘေးနေတဲ့ တောကောင်မျက်နှာနဲ့ လူတစ်ယောက်။ ဆိုင်လုံခြုံရေး ဝန်ထမ်းတစ်စုက သူ့နောက်မှာ။ ကျွန်မတို့နားကဖြတ်ပြီး ဆိုင်ဘေးပေါက်ကို ပြေးအထွက်၊ တောကောင်မျက်နှာနဲ့လူနဲ့ လက်ထဲက ပစ္စည်းတွေ လူတွေနဲ့ တွန်း တိုက်မိပြီး လွတ်ကျ ပြန့်ကျဲကုန်တယ်။ အဲဒီမျက်နှာနဲ့လူ၊ တကယ်တော့ အဲဒီတောကောင်မျက်နှာနဲ့ မိန်းကလေးတစ်ယောက်။ ကျွန်မတို့နားက တစ်ဟုန်ထိုး ဖြတ်ပြေးတဲ့အချိန်မှာ သူ့ပါးစပ်က တစ်ခုခုကို ဗလုံးဗထွေး နဲ့ ရေရွတ် အော်ဟစ်လို့။ တစ်ကိုယ်လုံး တုန်ယင်ထိတ်လန့်နေတဲ့ ကျွန်မ

ဟာ မျက်လုံးတွေကိုပဲ ယောင်ယမ်း မှိတ်လိုက်မိပါတယ်။ သူ ရေရွတ် အော်ဟစ်သွားတဲ့ ဗလုံးဗထွေးကို သူများတွေ နားမလည်ပေမဲ့ ကျွန်မ သိပါတယ်။ "တိရစ္ဆာန်ပဲ၊ ဘယ်သိမလဲ၊ တိရစ္ဆာန်ပဲ" တဲ့။ ကျွန်မကိုလေ အဲဒီမျက်နှာကြီးနဲ့ တစ်ချိန်လုံး အနိုင်ကျင့်ပြီး "တိရစ္ဆာန်ပဲ၊ ဘယ်သိမလဲ၊ တိရစ္ဆာန်ပဲ" ဆိုတာကို တတွတ်တွတ် ရွတ်တတ်တဲ့ သူတစ်ယောက် လေ။ ကျွန်မ ခြေထောက်နားမှာ ပြန့်ကျဲနေတဲ့ နိုင်ငံခြားဖြစ် အားဆေး ကတ်တွေနဲ့ ပြင်သစ်နိုင်ငံလုပ် ဆံပင်ဆိုးဆေးဘူးပေါ်က ဆံပင်အညိုနု ရောင်နဲ့ အလွန်လှတဲ့ ကောင်မလေးက ကျွန်မကို အလှပဆုံး ပြုံးပြ နေတယ်။

ကျွန်မပါးပြင်ပေါ် စီးကျလာတဲ့ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်တယ်။ ပြီးတော့ ဟိုး... အဝေးဆီကို ကြည့်မိတယ်။ ပြေး ပေဦးတော့ ကျားမလေးရေ။ မင်း ဘယ်လိုပြေးမှာလဲ ကျားမလေးရဲ့။ ငါအကြောက်ဆုံးစကားလုံးကို သုံးမိလို့ နတ်ဖမ်းချင်လည်း ဖမ်းပါစေ တော့။ အော်ဟစ်လို့ပဲ ခေါ်လိုက်ချင်ပါရဲ့။ ကျားမလေးရေ... ပြေးပေဦး တော့။

**ရွှေအမြုတေမဂ္ဂဇင်း၊**

**ဒီဇင်ဘာ၊ ၂၀၀၄ ခုနှစ်။**

❖

## ကြံခက်လို့ပမ်း

ဝေးမြေရပ်ခြားကို ရောက်ကတည်းက ညတိုင်းလိုလို ခမ်းနွဲ့မက်တဲ့ အိပ်မက်ဟာ နှင်းမှုန်တွေကြားမှာ ဝိုးတဝါး လှမ်းမြင်နေရတဲ့ တောင်ကုန်းလေးတစ်ခုပေါ်က ချစ်စရာ သနားစရာ စာသင်ကျောင်းလေးကိုပါပဲ။

* * *

"ထိုင်လေ ညီမလေးရဲ့ ထိုင်ပါ "


"ဟုတ်ကဲ့ အစ်မ"

"ညီမလေးနာမည်လေး ပြောပါဦး၊ အစ်မနာမည်ကတော့ 'မြတ်' မမြတ်ပေါ့"

"ဟုတ်ကဲ့၊ ကျွန်မနာမည်က ခမ်းနွဲ့ပါ အစ်မ"

"ဟယ်... နာမည်လေးက လှလိုက်တာ၊ ဟေး... တကယ် ပြဇာတ်ကမှာနော်၊ အိုက်တင် လုပ်တတ်တယ်မဟုတ်လား"

"ဟာ... မဟုတ်ဘူးနော် အစ်မ၊ ဟို... အစ်မတို့က သင်ပေးပေါ့။ ခမ်းနွဲ့ ကြိုးစားမှာပေါ့။ ခမ်းနွဲ့ တစ်ခါမှ ဒါမျိုးတွေ မလုပ်ဖူးပါဘူး အစ်မရယ်၊ မနေ့ကလေ... ဆရာတော်ရဲ့ ဘုန်းကြီးကျောင်းကို ရောက်


ကြံခက်လို့ပမ်း

တော့ ဆရာတော်က ပြောလို့ ဒီမှာရောက်နေတဲ့ မြန်မာတွေ အားလုံးစုပြီး ဘုံကထိန်ပွဲမှာ ပြဇာတ် ကရမယ်တဲ့၊ အဲဒါ သရုပ်ဆောင်မယ့်သူတွေ လိုတယ်။ သွားကူလိုက်လို့ပြောတာနဲ့ ခမ်းနွဲ့လာတာ၊ ခမ်းနွဲ့ကို ကြိုက်တာခိုင်းပါအစ်မ၊ ပြဇာတ်ထဲမှာ မပါရလည်း ကိစ္စမရှိပါဘူး၊ အခုဒီမှာ မြန်မာတွေ အများကြီး တွေ့ရတာနဲ့ကို ပျော်လှပြီ"

"အစ်မတို့လည်း ဒီလိုပါပဲကွယ်၊ ကိုယ့်အချင်းချင်း တွေ့ရတာနဲ့ကို ပျော်နေကြတာပါပဲ၊ ပြဇာတ်ဆိုတာကလည်း အပျော်ပေါ့၊ ဘယ်သူမှ လုပ်တတ်တဲ့လူ မပါ,ပါဘူး၊ အိုကွာ... နောက်ဆုံး ဘာမှ မလုပ်တတ်တော့လည်း ဝေလေလေခန်းက တို့တွေ ပါကြတာပေါ့၊ စင်ပေါ်မှာ ဖြတ်လျှောက်တဲ့အခန်းတို့ ဘာတို့... ဟားဟား..."

"အစ်မရယ်... တကယ်ပြောတာ၊ ခမ်းနွဲ့ ဒီလိုစကားမပြောရတာ ကြာပြီ၊ ဒီလောက် မြန်မာအများကြီးနဲ့ မတွေ့ရတာလည်း ကြာပြီ"

"ဟုတ်လား၊ ခမ်းနွဲ့ ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ဆယ်နှစ်ရှိပြီ အစ်မရဲ့"

"မြန်မာပြည် ပြန်ရောက်သေးလား၊ ဘယ်နှခါ ပြန်ပြီးပြီလဲ"

"မပြန်နိုင်ပါဘူး အစ်မရယ်၊ တစ်ခေါက်မှ မပြန်ရသေးပါဘူး၊ ခမ်းနွဲ့ ပိုက်ဆံစုရတယ် အစ်မရဲ့၊ ရွာမှာ အမေလည်းရှိတယ်၊ ညီမလေးနဲ့ မောင်လေးလည်း ရှိသေးတယ်"

"ဩော်... ဩော်... ဟုတ်တာပေါ့ကွယ်၊ ခမ်းနွဲ့တို့က မောင်နှမ သုံးယောက်လား"

"လေးယောက်အစ်မရဲ့၊ ခမ်းနွဲ့အထက် အကြီးဆုံး အစ်မရှိသေးတယ်။ သူက မန္တလေးမှာ၊ သူငယ်ငယ်လေးတည်းက ခမ်းနွဲ့တို့ တောင်ပေါ်ရွာမှာ အားကြီးဆင်းရဲတော့ မန္တလေးက သူဌေးအိမ်မှာ ကူဖော်လောက်ဖက် သွားထားရတာ။ ခမ်းနွဲ့ကြီးတော့ သူ့ဆီ တစ်ခါ သွားလည်ဖူးပါတယ်။ သူတို့သူဌေးအိမ်မှာ မနေတတ်ပါဘူး အစ်မရယ်။ အဲဒီတုန်းက ခမ်းနွဲ့က တောင်ပေါ်ရွာသူ၊ ဘာသိမှာလဲ၊ လှည့်စားပွဲလည်း မသိ

ဖင်ထိုးအိမ်သာလည်း မသိ"

"ကဲ... ဟုတ်တော့နေပြီ၊ ခမ်းနွဲ့ရဲ့ စကားလုံး အသစ်အဆန်းတွေ ဟော့"

"အဲဒါလေ အစ်မရဲ့၊ လှည့်စားပွဲမှာ ထမင်းထိုင်စားခိုင်းတော့ ဟိုဘက်က ဟင်းစားချင်ပေမဲ့ လှမ်းလို့လည်း မမီပါဘူး၊ ကိုကြည်ခိုင်ရေ... ဟိုဟင်းစားချင်တယ်လို့ ပြောမှ သူက လှည့်ပေးမှသိတာ၊ အစ်မက ကြီးလာတော့ ယောက်ျားလျာဖြစ်သွားတယ် အစ်မရဲ့၊ သူ့ကို ကိုကြည်ခိုင်ခေါ်မှ ကြိုက်တယ်။ ဗိုက်နာတယ် ကိုကြည်ခိုင်ရေ၊ အိမ်သာ ဘယ်မှာလဲဆိုပြီး ပြေးတော့ အခန်းအကျယ်ကြီးထဲမှာ ဖင်ထိုးအိမ်သာကို မထိုင်တတ်လို့ ကိုကြည်ခိုင်ရေဆိုပြီး အော်ငိုတော့တာ၊ အိုး... ဆိုဖာကြီးတွေမှာ ထိုင်ခိုင်းတော့လည်း အမလေး... အမေရေ... ငါ့ခါးကြီး မြုပ်သွားတာပဲလို့ ခမ်းနွဲ့ကတော့ အော်တာပဲ"

"အေးပေါ့ ခမ်းနွဲ့ရဲ့၊ ကိုယ်မှမသိတာ၊ နေပါဦး၊ ဒီကိုတော့ ခမ်းနွဲ့ ဘယ်လိုလုပ်ရောက်လာလဲ"

"ခမ်းနွဲ့ ဒီကိုလာတော့ တစ်ယောက်တည်းမဟုတ်ဘူး အစ်မရဲ့၊ အမေတို့၊ မောင်လေးတို့၊ ညီမလေးတို့လည်း ပါတယ်။ နယ်စပ်ကနေဝင်ပြီး အကြာကြီး အလုပ်ရှာရတယ်၊ ဒုက္ခရောက်လိုက်တာမှ အစ်မရယ်၊ အိုး... အခု ဒီမြို့ဆိုတာ ဝေလာဝေး၊ အိပ်မက်တောင် မမက်ဖူးဘူး၊ ဘယ်နားနေမှန်းလည်း မသိပါဘူး၊ အဲဒီနားတစ်ဝိုက်မှာပဲ အလုပ်လိုက်ရှာနေပြီး နောက်တော့မှ သရက်ခြံတစ်ခြံမှာ ခြံစောင့်တဲ့အလုပ်ရတယ်။ အမေနဲ့ ညီမလေးက ခြံစောင့်၊ မောင်လေးက ခြံလုပ်ပေါ့၊ ခမ်းနွဲ့ကတော့ လမ်းပြင်တဲ့ဆီမှာ အလုပ်ရတယ်၊ လမ်းအလုပ်သမားလေ၊ တစ်နေ့ကို ဘတ်ခုနစ်ဆယ်ရတယ် အစ်မရဲ့၊ တစ်နေကုန် လုပ်ရတာပေါ့။ ဒါပေမဲ့ မမောဘူး အစ်မ သိလား၊ အစ်မကြားဖူးတယ် မဟုတ်လား၊ မြင်းဆေးဆိုတာလေ၊ စိတ်တွေ လန်းဆန်းတက်ကြွပြီး မမောတဲ့ဆေးလေ၊ အဲဒီဆေးကို ခမ်းနွဲ့တို့သောက်တဲ့ရေထဲမှာ ထည့်ထားတယ်လို့ ပြော

တာပဲ၊ ရေကတော့ ရေခဲတုံးကြီးတွေ စိမ်ပြီး ပလတ်စတစ်ပုံးကြီးတွေနဲ့ ထည့်ထားတာ။ အေးစိမ့်ပြီး သောက်လို့ကတော့ ကောင်းမှကောင်း၊ အလုပ်လုပ်လိုက်၊ ရေဆာရင် ရေသောက်လိုက်၊ အလုပ်ပြန်လုပ်လိုက်နဲ့ မမောသလိုပဲ။ သူများတွေ ပြောတာကတော့ အဲဒီဆေးထည့်တာတို့ ဘာတို့က အလုပ်သမားခေါင်း လုပ်တာတဲ့။ ပိုင်ရှင်မသိဘူးတဲ့။ ပြီးတော့ အစ်မရယ်၊ သူတို့ကလေ ပြောတယ်သိလား။ သူတို့လူမျိုးဖြစ်ချင်ရင် သူတို့ဆေးလိပ်သောက်ပါလား၊ သူတို့အရက်သောက်ပါလားတဲ့၊ သူတို့ဆေးလိပ်တွေ အစ်မမြင်ဖူးလား၊ ကုန်းထစ်တို့၊ ဆိုင်ဖွန်တို့လေ၊ ကုန်းထစ်တို့က အနီရောင် ရိုးရိုးဆေးလိပ်၊ ဆိုင်ဖွန်ဆိုတာက ဘူးအစိမ်းရောင်လေ၊ စပါယ်ရှယ်လုပ်ထားတာတဲ့။ မာပိုလိုတွေ ဘာတွေလည်းရှိတယ်။ အဲဒါ ဆေးလိပ်သောက်သင်တယ်။ အရက်သောက်သင်တယ် အစ်မရဲ့၊ အိုး... ဘယ်သောက်ရဲပါ့မလဲအစ်မရယ်၊ နောက်တော့လေ အခု ဒီမြို့က သူနာပြုဆရာမကြီးတစ်ယောက်က ကလေးထိန်းလာရှာတယ်။ တစ်လကို ဘတ်ထောင့်ငါးရာ ပေးမယ်တဲ့။ ကလေးက သုံးယောက်ထိန်းရမယ်တဲ့။ ၃ နှစ်ခွဲရယ်၊ ၂ နှစ်ရယ်၊ ၇ လရယ်တဲ့၊ အဲဒီတော့ အမေက စဉ်းစားပေါ့တဲ့၊ လမ်းအလုပ်ထက်စာရင် ကလေးထိန်းအလုပ်က တော်ဦးမယ်တဲ့၊ မြို့ကြီးကိုလည်း ရောက်မယ်တဲ့"

"အေးပါ... အေးပေါ့... ဟုတ်တာပေါ့"

"အဲဒီတော့ အစ်မရယ်၊ ခမ်းနွဲ့လည်း ကလေးထိန်းလုပ်မယ်ဆိုပြီး ဒီမြို့ကို သူတို့က ငွေကြိုဘတ်ငါးထောင်ပေးတော့ အမေတို့လည်း ဒီငွေလေးနဲ့ မြန်မာပြည်ကို ပြန်သွားရော။ ခမ်းနွဲ့ ဒီကိုလာရတော့လေ အစ်မ၊ ပြောဦးမယ် သိလား၊ အဲဒီ သူနာပြုဆရာမကြီးရဲ့ မောင်က ရဲအရာရှိဆိုတော့ သူ့ရဲ့ကားနဲ့ ခမ်းနွဲ့ကို ရဲအဖမ်းခံရပြီလို့ ထင်ကြတာ"

"အို... ခမ်းနွဲ့ဇာတ်လမ်းကမှ တကယ့်ပြဇာတ်ပဲ"

"ဟုတ်တယ်အစ်မ... ဟုတ်တယ်၊ အဲဒါလေ အဲဒီအိမ်ရောက်တော့မှ အလုပ်ထွက်မယ့် မိန်းကလေးနှစ်ယောက်နဲ့ တွေ့တယ်။ မြန်မာမ

တွေပဲ၊ သူတို့က ပြောတယ်။ ကလေးတွေက ဆိုးလွန်းလို့ ထွက်တာတဲ့၊ ပန်းရန်ပဲ ပြန်လုပ်တော့မယ်တဲ့၊ လခကလည်း သူတို့ ဘတ်နှစ်ထောင် ရတယ်တဲ့လေ၊ ဘယ်တတ်နိုင်မလဲ၊ ခမ်းနွဲ့က ပိုက်ဆံယူပြီးပြီလေ၊ လုပ်ရတော့တာပေါ့။ အစ်မရယ်... တကယ်ကျတော့ လမ်းလုပ်ရတာထက်တောင် ပင်ပန်းပါသေးတယ်၊ ကလေးလည်း ထိန်းရတယ်၊ အိမ်မှုကိစ္စတွေလည်း အကုန်လုပ်ရတယ်၊ အစ်မ စဉ်းစားကြည့်လေ"

"ဟုတ်တယ်... ဟုတ်တယ်၊ ဒီမှာတော့ အကုန်လုံးလိုလို အဲဒီလိုပါပဲလေ၊ အခုရော ခမ်းနွဲ့ အဲဒီအိမ်မှာပဲလား"

"ဟင့်အင်း... မဟုတ်တော့ဘူးအစ်မ၊ အဲဒီအလုပ် မလုပ်တော့ဘူး၊ ဈေးကြီးမှာလေ ငါးရောင်းတယ်၊ အကူပေါ့အစ်မရယ်၊ ငါးပေါင်းရောင်းတဲ့ သူဌေးမရဲ့ အကူပေါ့။ မဆိုးပါဘူး၊ ဟိုအလုပ်ထက်စာရင်တော့ သက်သာပါတယ်၊ သူ့အိမ်မှာပဲနေပေါ့၊ ထမင်းလည်း ကျွေးတယ်၊ ပိုက်ဆံလည်း ပေးပါတယ်၊ ဒီမှာလေ အစ်မ... ခမ်းနွဲ့လည်ပင်းက ဒီဆွဲကြိုးလေးရယ်၊ ဟန်းချိန်းလေးရယ်က သူဌေးမက လက်ဆောင်ဝယ်ပေးတာ။ ဟိုတစ်လောလေးက ဆုံးသွားတဲ့ သူ့အမေကြီးကို ခမ်းနွဲ့က သေချာပြုစုပေးလို့တဲ့။ ခမ်းနွဲ့က စေတနာနဲ့ပါ၊ အိမ်အလုပ်တွေ လုပ်လည်း အဲဒီလိုပဲ၊ ခမ်းနွဲ့က ငါးပေါင်းလည်း ရောင်းရတယ်၊ အိမ်အလုပ်တွေလည်း လုပ်ရတယ်၊ အိမ်ဖော်လည်းတစ်ပိုင်းပေါ့ အစ်မရယ်"

"ခမ်းနွဲ့က ပြဇာတ်မှာ ကောင်းကောင်း သရုပ်ဆောင်နိုင်မှာ သေချာတယ်၊ စကားသိပ်ပြောတတ်တာပဲ"

"ဟုတ်လား"

"ခမ်းနွဲ့ ကိုးတန်းထိ ကျောင်းနေခဲ့ဖူးတယ်အစ်မရဲ့၊ ခမ်းနွဲ့တို့ရွာမှာ ဆယ်တန်းအောင်တဲ့လူလည်း အားကြီးရှားပါတယ်။ ကျောင်းနေဖို့လည်း ခက်တယ်။ ရွာက ကိုယ်ထူကိုယ်ထ ကျောင်းကလေးမှာ ခမ်းနွဲ့က ဆရာမပေါ့"

* * *

"ငါးပေါင်းတွေရမယ်၊ ငါးပေါင်းတွေ... ငါးပေါင်းတွေ၊ အရသာရှိတယ်၊ လတ်ဆတ်တယ်၊ ကလေးတွေစားရင် ဉာဏ်ကောင်းမယ်၊ အားရှိတယ်၊ ထွားကျိုင်းမယ်၊ ငါးပေါင်းတွေ... ငါးပေါင်းတွေ"

ဈေးဝယ်ရှုပ်တဲ့ ဒီလိုမနက်ခင်းမျိုးမှာ ဈေးကြီးရဲ့ ငါးပေါင်းဆိုင်တွေကြားကနေ ခမ်းနွဲ့ရဲ့ အသံကြည်ကြည် စူးစူးလေးဟာ အမြဲ ထွက်ပေါ်လာတတ်တယ်၊ သူတို့ ဘာသာစကားနဲ့ပဲ ခမ်းနွဲ့က သွက်သွက်လက်လက်အော်တဲ့အပြင် ဝယ်ချင်အောင်လည်း ပြောတတ်တာကို သူဌေးမက သဘောကျတယ်။ ခမ်းနွဲ့ တစ်ခါ နှစ်ခါ အော်လိုက်တာနဲ့ ဈေးဝယ်က ကျလာတာပဲ။ တချို့ဈေးဝယ်မိခင်တွေက ဒီငါးကိုစားရင် ကလေးတွေဉာဏ်ကောင်းမယ်ဆိုတာ ဘာဖြစ်လဲလို့မေးရင်လည်း ခမ်းနွဲ့က သွက်သွက်လက်လက် ဖြေတတ်သေးတယ်။ ဒီငါးမှာ အိုင်အိုဒင်းဓာတ်ပါလို့တဲ့။ ပညာသိပ်မတတ်တဲ့ ခမ်းနွဲ့ရဲ့ ငါးပေါင်းသူဌေးမကတော့ ခေါင်းပဲ တညိတ်ညိတ် လိုက်လုပ်တတ်တယ်။ တကယ်လည်း တကယ်ခမ်းနွဲ့တို့ငါးပေါင်းဟာ စားလို့ကောင်းအောင် သေချာပေါင်းထားတာပေါ့။ ခမ်းနွဲ့ပဲ လုပ်ရတာပဲ။ သိတာပေါ့။ အခု ဒီကနေ ဈေးရောင်းပြီးပြန်ရင် အပြန်မှာ ငါးတွေ ဝင်ဝယ်မယ်။ ပြီးရင် အိမ်ကျ ခမ်းနွဲ့ကိုင်ရတယ်။ ကိုင်ပြီးရင် သေချာ ဆား၊ နနွင်း၊ ငံပြာရည် (သူတို့က အချိုမှုန့်မသုံးတော့) ဟင်းထဲထည့်တဲ့ သကြားမှုန့်နဲ့နယ်ပြီး ချင်း၊ ကြက်သွန်ဖြူနဲ့ သေချာပေါင်းတာပါ။

ငါးပေါင်းအိုးတည်ထားတာကို သူဌေးမက တီဗီကြည့်ရင်း ငိုက်မြည်းရင်းနဲ့ စောင့်ချိန်မှာ ခမ်းနွဲ့က တစ်အိမ်လုံးရဲ့ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးပေါ့။ ညနေစာ ချက်ပေါ့။ ဒီလိုနဲ့ပဲ တစ်နေ့တာအလုပ်က လည်ပတ်သွားတာပါပဲ။ ဘုံကထိန်ပွဲအတွက် ပြဇာတ်တိုက်တဲ့ ကိစ္စကိုတော့ တစ်ပတ်နှစ်ရက် ငါးပေါင်းရောင်းပြီးတဲ့အချိန် သွားပါရစေလို့ ခွင့်တောင်းပြီးသား။ သူဌေးမလို့၊ ဒါလေးတော့ ကျွန်မ သွားလုပ်ပါရစေလို့၊ ဒီပြင်ရက်တွေမှာ အိမ်အလုပ်တွေ ပိုလုပ်ပေးပါ့မယ်ဆိုတော့

သူဌေးမကလည်း "အေးအေး... သွားပါ" တဲ့။ သူက နားမလည် ပါးမလည်နဲ့ ခမ်းနွဲ့ကို အထင်တွေတောင်ကြီးလို့...။ နင်က ပြဇာတ် မင်းသမီး လုပ်တတ်တယ်ပေါ့နော် တဲ့။

"ခမ်း... ငါးနှစ်ကောင်ပဲ ကျန်တော့တယ်။ မြန်မြန်ပြန်ရအောင် အော်ပါဦး"

"ဟုတ်သားပဲ၊ ဒီနေ့ ခမ်းနွဲ့တို့ ကုန်တာမြန်တယ်၊ မြန်မြန်ကုန် တော့လည်း မြန်မြန်ပြန်ရတာပေါ့၊ အိုး... ဒီငါးလေးနှစ်ကောင်များ၊ ခမ်းနွဲ့ တစ်ခါအော် မရှိပါဘူး"

"ငါးပေါင်းတွေ၊ ငါးပေါင်းတွေ၊ လာပါ... လာပါ၊ အရသာရှိတယ်၊ လတ်ဆတ်တယ်"

ဟော... အော်လို့တောင် မဆုံးသေးဘူး၊ ဆိုင်ရှေ့မှာ လူလာရပ် ပြီ။ "အာနီ၊ ထောက်လိုင်ခ" တဲ့။ ဒါဘယ်လောက်လဲတဲ့။ ဈေးဝယ်သူက ခမ်းနွဲ့ကို ကြည့်တယ်။ ခမ်းနွဲ့ဖြေဖို့ ဟန်ပြင်လိုက်ဆဲမှာပါပဲ...

"ဆရာမ"

ရုတ်တရက် ပီပီသသ ထွက်လာတဲ့ မြန်မာစကားသံဟာ ခမ်းနွဲ့ကို တုန်လှုပ်သွားစေခဲ့ပါတယ်။

"ဆရာမ... ဆရာမ ခမ်းနွဲ့မဟုတ်လား၊ စိုင်းကျော်လေ ဆရာမ ဒီကောင်က စောနောင်"

"ဆရာမ... ဟုတ်သားပဲ၊ ကျွန်တော် စောနောင်လေ ဆရာမ"

"စိုင်းကျော်နဲ့ စောနောင်"

အင်မတန်သွက်လက်တဲ့ ခမ်းနွဲ့ရဲ့ စကားသံဟာ ထစ်ငေါ့ တုန်ယင်လို့။ တစ်ချိန်တုန်းဆီက နှင်းတွေကြားက မှုန်ဝါးဝါး စာသင် ကျောင်းကလေး။ ပြီးတော့ အဆော့သန်တဲ့ မျောက်ကလေးနှစ်ကောင်၊ ခမ်းနွဲ့ရဲ့တပည့်နှစ်ကောင်...။

"ဟယ်... ဝမ်းသာလိုက်တာ စိုင်းကျော်ရယ်၊ စောနောင်... ကြည့်စမ်း၊ လူကြီးတွေဖြစ်နေပြီ"

သူတို့လေးနှစ်ယောက်ရဲ့ လက်တွေကို ခမ်းနွဲ့ အတင်း ဆုပ်ထားမိတယ်။ စကားတွေ တတွတ်တွတ်ကိုလည်း ဘာတွေပြောမိမှန်းမသိ။ သူတို့ကလည်း အများကြီးပြောတယ်။

"စိုင်းကျော်က ဒီကတက္ကသိုလ်မှာ ကျောင်းလာတက်တာ ဆရာမ၊ သူက ဆယ်တန်းလည်းအောင်တယ်၊ ရန်ကုန်မှာ တက္ကသိုလ်လည်း သွားတက်နိုင်တယ် ဆရာမရဲ့။ ကျွန်တော်ကတော့ ဆရာမနဲ့ သိပ်မကွာပါဘူး၊ ကျောင်းက ထွက်ရတာပါပဲ။ အခု ဒီမှာ ကျပန်းအလုပ်ပေါ့ ဆရာမ"

ဆရာမ... ဆရာမတဲ့။ ဘေးဘီကလူတွေ ဘယ်သူမှ နားမလည်ချင်လည်း နေပါစေ။ ဆရာမခေါ်သံတွေနဲ့ ဒီအချိန်ပိုင်းလေး ကုန်ဆုံးသွားမှာကို ခမ်းနွဲ့ နှမြောလှပါဘိတော့...။ လက်ကျန်ငါးလေးနှစ်ကောင်ကို သေချာလေးထုပ်ပြီး ပေးရသေးတယ်။ ပိုက်ဆံဘာလို့ယူရမှာလဲ။ မင်းတို့ဆရာမ ဒါလောက်တော့ တတ်နိုင်ပါသေးတယ်ကွယ့်၊ မင်းတို့နဲ့ တွေ့လို့ ငါးပေါင်းသည်မ ဘယ်လောက် ဝမ်းသာသွားတယ်ဆိုတော့ မင်းတို့သိရဲ့လား ကလေးတို့ရေ ...။

ခမ်းနွဲ့ရဲ့ သူဌေးမကတော့ မသိတာ သေချာတယ်။ မယုံနိုင်တာလည်း အသေအချာပဲ။ ခမ်းနွဲ့ပြောသမျှကို မျက်လုံးကြီး ပြူးပြီး ခေါင်းကိုသာ တွင်တွင်ယမ်းလို့။

"ဘာပြောတယ်၊ နင်က ဆရာမ၊ စာသင်တဲ့ဆရာမ ဟုတ်လား" တဲ့။

* * *

ဒီတစ်ခါ မက်တဲ့ အိပ်မက်ထဲမှာတော့ နှင်းမှုန်တွေကြားက ဝိုးတစ်ဝါး လှမ်းမြင်ရတတ်တဲ့ စာသင်ကျောင်းလေးထဲမှာ ခမ်းနွဲ့ရယ်လေ။ စာတွေကို အားရပါးရသင်လို့။ စိုင်းကျော်လည်းရှိတယ်။ စောနောင်လည်းရှိတယ်။ ညီမလေးနဲ့ မောင်လေးလည်း ပါတယ်။ စားပွဲပေါ်

မှာတော့ ခမ်းနွဲ့ချစ်တဲ့ ကျောင်းတက်ခေါင်းလောင်းကလေး...။

နားထဲမှာ ခေါင်းလောင်းသံတွေ ဆူညံနေတဲ့ နီးတစ်ဝက် အိပ်မက်ဟာ ခမ်းနွဲ့ကို နာကျင်ထိခိုက်စေပါတယ်။ နှင်းတွေကြားက ခမ်းနွဲ့ရဲ့ စာသင်ကျောင်းကလေးကို လွမ်းလှပါတယ်။ ပြန်ချင်လှပါ တယ်။

အိုး... ခမ်းနွဲ့က ဘယ်တော့ပြန်ရမှာလဲ။ ဘယ်တော့လဲ...။

**ကလျာမဂ္ဂဇင်း။**
**ဇန်နဝါရီ၊ ၂၀၀၅ ခုနှစ်။**

❖

# ဇင်းမယ်အင်းဝ အင်းဝဇင်းမယ်

ဘယ်နှကြိမ်မြောက်မှန်းမသိတဲ့ ဇင်းမယ်အပြန်ခရီးဟာ ကျွန်မကို စိတ်လှုပ်ရှားစေတုန်းပါပဲ။ တောင်ညိုညိုတွေ ပတ်လည်ဝိုင်းရံတဲ့ ဇင်းမယ်လေဆိပ်ပြားပြားလေးကို လှမ်းမြင်ရုံမျှနဲ့ ပျော်ရွှင်စိတ်နဲ့ ထိတ်ခနဲ ရင်ခုန်စေတုန်းပါပဲ။ ထုံးစံအတိုင်းပဲ မြင်မြင်သမျှ လူတွေကလည်းလှ၊ ဆိုင်တွေကလည်းလှ ပန်းတွေကလည်းလှ၊ ဇင်းမယ်လေဆိပ်ဟာ ကျွန်မအတွက်တော့ ကမ္ဘာမှာ အလှဆုံးလေဆိပ်ပေါ့။ လေယာဉ်ပေါ်တက်ဖို့ ထိုင်စောင့်ရတဲ့နေရာဟာ ကျွန်မအချစ်ဆုံးနေရာ။ မှိုင်းပြာပြာ မှန်ပတ်လည်တွေကို ဖြတ်သန်းမြင်နေရတဲ့ တောင်ပြာပြာနဲ့ လေယာဉ်ကလေးတွေကလည်း ချစ်စရာကောင်းတဲ့ ငှက်ဖြူဖြူလေးတွေလိုပဲ။

အကောက်ခွန်မဲ့ ဈေးဆိုင်လေးတွေမှာ ချစ်တဲ့သူတွေအတွက် စီးကရက်တို့၊ ဝီစကီတို့၊ မုန့်တို့၊ အလှကုန်ပစ္စည်းတို့... စတာ စတာတွေကို ဝယ်ရတာလည်း မမောနိုင်ပါဘူး။ နှမြောလည်း မနှမြောမိပါဘူး။

ကျွန်မခင်ပွန်းက အမြဲ ကျွန်မကို ကျီစယ်တာရှိတယ်။ ကျွန်မဝေးမြေရပ်ခြားကို ရောက်နေချိန်နဲ့ ပြန်လာခါစအချိန်ဟာ စိတ်ကောင်းအဝင်ဆုံးအချိန်နဲ့ ပေါင်းလို့သင်းလို့ အကောင်းဆုံးအချိန်တဲ့။ "6T



012 ရန်ကုန်း၊ ရန်ကုန်း” ဆိုတဲ့ ထိုင်းမချောချောလေးရဲ့ အသံဝဲဝဲလေး ပေါ်လာတာနဲ့ ဖျတ်ခနဲ ထရပ်ပြီး ဂိတ်ဖိုက် (Gate Five) ရှေ့မှာ အရင်ဆုံးရောက်သူဟာ ကျွန်မကလွဲလို့ ဘယ်သူဖြစ်ဦးမလဲ။ လေယာဉ် ခေါင်းခန်းထဲကနေ စပ်ဖြဲစပ်ဖြဲနဲ့ ထွက်လာတဲ့ ကျွန်မသူငယ်ချင်း ကိုသွားကျိုး (လေယာဉ်မှူးကြီး မောင်ပေသီး)ကို ကြည့်ရတာတောင် နည်းနည်း ခံ့ညားချောမောနေသလိုပဲ။ ခုလိုအချိန်မျိုးမှာ ကျွန်မ သွား လေရာယူတတ်တဲ့ “မြန်မာတို့ ဧရာဝတီ” အခွေထဲက ဆရာမြို့မငြိမ်း၊ ဆရာစန္ဒရား မောင်ရည်နွယ်နဲ့ ဒေါ်ရီသန့်တို့ရဲ့ “စာဆိုခံ လလုံး” ကို နားထောင်မယ်ဆိုရင်တော့ ဘာလို့လဲမသိ၊ ချစ်တဲ့သူကို ပိုချစ်လာပြီး တစိမ့်စိမ့် ခံစားကြည်နူးနေလိမ့်မယ်။ ကျွန်မ ဇင်းမယ်မှာ နားထောင်မိရင် တော့လေ... ဝမ်းအနည်းကြီးနည်း၊ အလွမ်းကြီးလွမ်းပြီး တစ်ခါတလေ ဆို ရှိုက်ကြီးတငင်တောင် ငိုချလိုက်သေးတာ။ ဘာလို့များရယ်လဲ မပြောတတ်ပါဘူး။

ခုချိန်မှာတော့... ကြည့်ပါဦး... တသုန်သုန်မြူးနေတဲ့ ဖေဖော်ဝါ ရီလရဲ့ လေနွေးနွေးကတောင် ချိုမွှေးပြီး အရသာရှိနေလိုက်တာ။

* * *

တပေါင်းလ အညာတောတောင်ရေမြေဟာ ပူစပြုပြီ။ ဒါပေမဲ့ ခွဲနေရတာ ကြာပြီဖြစ်တဲ့ ကျွန်မကတော့ မြင်လေရာရာကို ကြည့်လို့ မဝနိုင်ခဲ့ပါဘူး။ ဇင်းမယ်မှသည် အင်းဝဆီကို ရန်ကုန်မှာ သုံးရက်ပဲ နေပြီး ကျွန်မ ပြေးလာခဲ့တာ။ ကားလမ်းဘေးဝဲယာက ကျွန်မသိပ်ချစ်တဲ့ ထနောင်းနဲ့ တမာပင်တွေကို အရူးအမူးကြည့်မိတယ်။ သိပ်ချစ်တာပဲ။ သိပ်လွမ်းတာပဲကွယ်လို့ ရင်ထဲကနေ အရူးတစ်ယောက်လို အော်မိ တယ်။ ကျွန်မခင်ပွန်းရဲ့ လက်သုံးစကားနဲ့ဆိုရင်တော့ “ခင်ဗျားတို့ စာရေးဆရာတွေဟာ လေပိုနိုင်ရန်ကောဗျာ” လို့ ပြောခံရဦးမယ်။ ပိုတယ်လို့ပဲ ပြောချင်ပြောကြပါစေတော့။ ကျွန်မကလည်း ကျွန်မပါပဲ

လေ...။ ဝေးမြေရပ်ခြားက ပြန်လာခါစ ညနေခင်းလေးတစ်ခုမှာ ပါရမီလမ်းဆုံဆီကို မီးပွိုင့်နီလို့ ကားလေးတဖြည်းဖြည်း ရွေ့နေတုန်း အနောက်ဘက် နေဝင်ဆည်းဆာရယ်၊ ဖြည်းဖြည်းလေးပျံသန်းလာတဲ့ ငှက်တစ်အုပ်ရယ်။ လူတွေရယ်ကို မြင်ပြီး ဖျတ်ခနဲ ဖြစ်ပေါ်လာတဲ့ နှစ်သိမ့်ကြည်နူးစိတ်နဲ့အတူ "ချစ်လိုက်တာ၊ သိပ်ချစ်တာပဲ" လို့ ကျွန်မ အော်ပြောလိုက်မိတယ်။

"ကျွန်မ တိုင်းပြည်လေးကို ဘယ်တော့မှ မခွဲနိုင်ပါဘူး" လို့လည်း ပါသေးတယ်။ ကျွန်မခင်ပွန်းက ရုတ်တရက် လန့်သွားပြီး...

"ဟာ... ဘယ်လိုဖြစ်တာလဲတဲ့"

"ဘယ်လိုမှမဖြစ်ပါဘူး၊ ရူးတာပေါ့" လို့ပြောတော့ သူက...

"ရူးတယ်ဆိုတာ အကောင်းအောက်မေ့လို့လား" တဲ့လေ။ ကျွန်မ ကတော့ အကောင်းလို့ပဲ အောက်မေ့တယ်။ ကျွန်မ တစိမ့်စိမ့် လွမ်းခဲ့ရတဲ့ ကျွန်မတိုင်းပြည်လေးရဲ့ ရေမြေတောတောင် အနံ့အသက်တွေကို တစိမ့်စိမ့်ကြည့်ရင်း ချစ်ရတဲ့အရသာကို အကောင်းလို့ပဲ အောက်မေ့တယ်။

နှစ်တိုင်းရောက်နေကျ မွေးရပ်မြေ အင်းဝရဲ့ ရေမြေ၊ အနံ့အသက်တွေကိုတောင်မှ အကြာကြီးခွဲနေရသလို တစိမ့်စိမ့် ရှူရှိုက်နေမိတယ်။ ဧရာဝတီနဲ့ ဒုဋ္ဌဝတီတို့ ပေါင်းဆုံရစ်လည် ကွေ့ဝိုက်စီးဆင်းပြီး သစ်ပင်စိမ်းညို့ညို့တွေအောက်က အင်းဝကတော့ မပြောင်းမလဲ၊ အေးချမ်းငြိမ်သက် တိတ်ဆိတ်နေဆဲ။ ကျွန်မချစ်လှတဲ့ ကျွန်မအဘိုးရဲ့ အင်းဝကူးတို့ဆိပ်လေးကတော့ ပြောင်းလဲခဲ့ပြီ။ လှည်းသံ၊ ကားသံ၊ လူသံ၊ မြင်းသံ၊ ဆိတ်သံ၊ နွားသံတွေ မရှိတော့တဲ့ (ရထားဂိတ်) မြင်းလှည်းဂိတ်လေးနဲ့ပဲ ငြိမ်သက်လို့...။ အင်းဝတစ်ခွင်ကို အထူးအဆန်းအနေနဲ့ မြင်းလှည်းနဲ့ လှည့်လည်ကြည့်မယ့် နိုင်ငံခြားသားဧည့်သည်တွေအတွက် သီးသန့်မြင်းလှည်းဂိတ်လေးပေါ့။ ကျွန်မငယ်စဉ်ဘဝက ကျွန်မတို့ အိမ်ရှေ့က ဖြတ်သန်းမြဲမြင်းလှည်းတန်းဟာ လူပေါင်းစုံ၊ ကုန်ပေါင်းစုံကို တင်ဆောင်ဆူညံလို့။ အခုလည်း ဖြတ်သန်းမြဲ မြင်းလှည်းတန်းကတော့

နိုင်ငံခြားဧည့်သည်တွေရဲ့ သီးသန့်မြင်းလှည်းတန်း၊ အင်းဝသူ အင်းဝသားတွေဟာ အဲဒီရထားမြင်းလှည်းတန်းလာပြီဆိုရင် အထူးအဆန်းငေးမောကြည့်ကြမြဲ။ အံ့သြတကြီး စကားတွေ ဆိုကြမြဲ။

"ဟယ်... ဟိုမှာ၊ ထွားကျိုင်းလိုက်တဲ့ကောင်ကြီး၊ ရထားခေါင်မိုးနဲ့ သူ့ခေါင်းနဲ့တောင် မလွတ်ဘူး၊ နည်းတဲ့ကောင်ကြီးမှုတ်ဖူး" တို့...။

"မွှေးတာအေ၊ ဘာတွေများ သူတို့ လိမ်းထားပါလိမ့်၊ လမ်းဘေးထိကို လွင့်လာတော့တာ" တို့။

"သနားပါတယ်အေ၊ အသားတွေကိုနီရဲလို့...၊ ပူနေရှာတာ" တို့...။ သူတို့ကတောင် သနားနေလိုက်ကြသေးတာ။

"နေစမ်းပါဦး၊ သူတို့ နိုင်ငံခြားဆိုတဲ့ နေရာကြီးမှာ ညည်းက ဘာဖြစ်လို့ မပျော်ရတာလဲ၊ ငါ့တူမရယ်၊ အံ့ပါရဲ့" တဲ့...။ ရထားသမားတွေဆီက ဗဟုသုတနဲ့ ကျွန်မကို တအံ့တသြဖြစ်နေတဲ့ ကျွန်မအဒေါ်ကို ကျွန်မက မဖြေဘဲ ဆွေမျိုးတွေလာပေးထားတဲ့ စားပွဲပေါ်က အညာစားစရာမျိုးစုံကိုပဲ တစ်ခုပြီးတစ်ခု မက်မက်စက်စက် စားနေတော့လည်း...

"ဟောတော့... ဟိုကောင်ကြီးတွေဆီမှာ ဒီလောက်ကောင်းတဲ့ အစားအသောက်တွေ မရှိဘူးနဲ့ တူပါရဲ့" တဲ့။

"မရှိဘူးအဒေါ်ရဲ့" လို့ဆိုတော့လည်း "ယုံပေါင်" တဲ့။ ကျွန်မဘယ်လိုရှင်းပြရမလဲ။ ကျွန်မရဲ့ "အရူးစိတ်" ကို ကျွန်မအဒေါ်ကရော နားလည်လက်ခံနိုင်ပါ့မလား။

အင်းဝမှာ နေရသမျှ အချိန်လေးတွေ၊ မန္တလေးနဲ့ ဦးဇင်းရဲ့ တောင်သမန်မှာ နေရသမျှ အချိန်လေးတွေ ကုန်ဆုံးသွားတာဟာ သိပ်ကို မြန်ဆန်လွန်းလှပါတယ်။ တောင်သမန်တံတားထိပ်က ကျွန်မတို့ရဲ့ တောင်လေးလုံးကို ဝင်ဝင်ချင်း...

"ဦးဇင်းရေ" လို့ ကျွန်မက အော်ခေါ်တာနဲ့ ကျောင်းရှေ့ စကြာပွင့်ပန်းပင်အောက်မှာ ထိုင်နေတဲ့ ဦးဇင်းဆီက ချက်ချင်းထွက်ပေါ်လာတဲ့ "ဟော... ငါ့နှမလာပြီ၊ ငါ့နှမလေး လာပြီ" ဆိုတဲ့အသံဟာ ကျွန်မကို

မျက်ရည်ဝဲစေပါတယ်။

ကျောင်းအဝင်ဝက နီမောင်(အင်းဝ) ကုသိုလ်အထိမ်းအမှတ် ရေအိုးစင်လေးပေါ်ကနေ ကျွန်မကို လှမ်းနှုတ်ဆက်တဲ့ ကိုဖိုးနီရဲ့ ရုပ်ပုံလွှာအပြုံးကလည်း ကျွန်မကို ဆို့နင်စေပါတယ်။ ကိုဖိုးနီတစ်ယောက် လူ့လောကမှာ မရှိတော့တာ တကယ် ဆယ်နှစ်ကျော်ခဲ့ပြီလား။ တောင်သမန်ကိုချစ်တဲ့ ကိုဖိုးနီရေ၊ အခုဆို အဖော်မဲ့နေတဲ့ ကိုဖိုးနီနားမှာ အချစ်ဆုံးငယ်သူငယ်ချင်း ရောက်လာပြီပေါ့နော်။

ကျွန်မတို့ရဲ့ ချစ်မိတ်ဆွေသူငယ်ချင်း၊ ကိုဖိုးနီရဲ့ ငယ်သူငယ်ချင်း၊ ကိုစန်းတင် (လမင်းတစ်ရာ မောင်မြတ်မှိုင်း) ဟာ ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှာ ဆုံးပါးခဲ့ရှာတာ...။ ကျွန်မတို့ ဇနီးမောင်နှံနဲ့ မောင်နှမ၊ ညီမရင်းလိုချစ်တဲ့ မဒွေးမြင့်(ပန်တျာဒွေးဒွေးမြင့်)ရဲ့ မျက်ရည်တွေကို ဘယ်လိုရင်ဆိုင်နိုင်ပါ့မလဲ။

လွမ်းပါတယ် မဒွေးမြင့်ရယ်...၊ မှတ်မိသေးလား၊ မှတ်မှတ်ရရ ၁၉၈၅ ခုနှစ်၊ မန္တလေး ဆောင်းရာသီ၊ ကျွန်မရဲ့ ပထမဆုံး စာပေဟောပြောပွဲ၊ ၈၄ လမ်းပေါ်က ဓမ္မသာလာခန်းမမှာ ဥက္ကဋ္ဌကိုစိုးနိုင်တို့၊ ကိုမြင့်နိုင်တို့ စီစဉ်တဲ့ မန္တလေးအရှေ့တောင်မြို့နယ် စာပေဟောပြောပွဲညပေါ့။ ကျွန်မနဲ့အတူ ဟောရတဲ့ လေးလေးဦးမိုးသူ(မောင်မိုးသူ)နဲ့ ဆရာခက်ကြီးတို့ ဟောပြောနေကျ သမ္ဘာကြီးနှစ်ယောက်ကြားမှာ...။ စာသမားတွေကအပြည့်၊ ရဟန်းသံဃာတွေကလည်း အပြည့်၊ စာဖတ်ပရိသတ်တွေကလည်း အပြည့်နဲ့ ခန်းမကြီးထဲမှာ...။ ကြောက်ဒူးတွေတုန်၊ လက်ဖျားခြေဖျားတွေ အေးစက်၊ ဇွတ်မဲတင်းပြီး ဟောခဲ့ရတာ...။

ဟောပြောပွဲပြီးလို့ တည်းခိုခန်းပြန်အရောက် ပေါက်ချလာတာက ဆရာချင်းတွင်း ချစ်သွေးနဲ့ ကိုမြတ်မှိုင်းလေ။ (ဆရာချင်းတွင်း ချစ်သွေးလည်း မရှိရှာတော့ဘူး)၊ ကျွန်မတို့ကို မအိပ်ရသေးဘူး၊ လာ၊ လမင်းတစ်ရာကျုံးထောင့်မှာ ရှိတယ်တဲ့။ အားလုံးပျော်သွားကြပြီး ရှေ့ဆုံးကထွက်လာသူက ကျွန်မခင်ပွန်း အငြိမ့်ဝါသနာအိုးပေါ့။ တကယ်ဆို သူနဲ့

ကိုမြတ်မှိုင်းနဲ့ စခင်ကြတာလည်း အငြိမ့်စင်နောက်မှာပေါ့။ ကျွန်မခင်ပွန်း မန္တလေးတက္ကသိုလ်ကျောင်းသားဘဝ၊ အငြိမ့်တကာနောက် လိုက်ကြည့်နေတုန်းက အော်ပရာဆရာ၊ သီချင်းရေးဆရာလေးဘဝနဲ့ အငြိမ့်နောက်မှာ အမြဲရှိနေတတ်တဲ့ ကိုမြတ်မှိုင်းနဲ့ ဆုံခဲ့တာပေါ့။ နောက်တော့ ဝါသနာတူ၊ ယုံကြည်ချက်တူတွေအနေနဲ့ သိပ်ကို ချစ်ခင်ခဲ့ကြတာပေါ့။ ၁၉၈၁ ခုနှစ်၊ အင်းဝမှာ ကျွန်မတို့လက်ထပ်တော့ ငယ်ငယ်လေးကတည်းက ကျွန်မ အင်မတန် နှစ်သက်စွဲလမ်းခဲ့တဲ့ မန္တလေးမြို့မတီးဝိုင်းကို မရရအောင် ထည့်ပေးရမယ်ဆိုပြီး ကျွန်မက ဂျီကျတာလေ။ အဲဒီတုန်းက အခြေအနေတစ်မျိုးနဲ့ စုစည်းဖို့ ခက်နေတဲ့ မြို့မကို မရရအောင်လုပ်ပြီး ကူညီခဲ့ရှာတာ။

ကျွန်မတို့က ချစ်စနိုးခေါ်တဲ့ "အုပ်ကြီး" ရေ...။ ကျုံးထောင့်က လမင်းတစ်ရာညမှာလေ...။ ကျွန်မတို့က မငွေးမြင့်ကတာကို ကြည့်ချင်လှပါတယ်ဆိုတော့ အုပ်ကြီးက ကြည်နူးပျော်ရွှင်စွာနဲ့ ပျာပျာသလဲ စီစဉ်ခဲ့တာ...။ အဲဒီညမှာ ကဖို့ အစီအစဉ်မရှိပေမဲ့ မငွေးမြင့်ခမျာ ကပျာကယာ ဖြီးလိမ်းပြင်ဆင်လို့ ကျွန်မတို့ကို ကပြခဲ့ရှာတာ။

ကျွန်မ အဲဒီညကို မမေ့နိုင်အောင် ဖြစ်ရတာကိုလည်း ကြည့်ဦးလေ...။ အဲဒီညမှာ မငွေးမြင့်ဆိုကခဲ့တဲ့ သီချင်းက "ဘဝတစ်ရာ အကတစ်ရာ" လေ...။ ဆရာချင်းတွင်းချစ်သွေးရဲ့ နာမည်ကျော်သီချင်းလေ။ ကျွန်မ အလွန်တရာကြိုက်တဲ့သီချင်း။ အင်မတန်ချစ်စရာကောင်းလှတဲ့ ပန်တျာငွေးငွေးမြင့်ရဲ့ အကနဲ့လည်း သိပ်ကို လိုက်ဖက်တဲ့ သီချင်း။ ကြည့်ပါဦး...။

"ခြေဖျားလေးက စကားပြောတော့ × × × လက်ဖျားလေးက × × × ကဗျာစပ် × × × ပြုံးတတ်တဲ့ မျက်နှာ" တဲ့။ လှလိုက်တဲ့ စာသားလေးတွေ။

× × × မျက်လုံးတစ်ထောင် အချစ်မူးမူး × × × မီးရောင်က စူးစူး × × × အနုပညာပန်းတစ်ဖူး × × × ချစ်သူတွေကခူး × × × တဲ့...။

× × × တစ်ဖူး× × × နှစ်ဖူး၊ တစ်ငုံ၊ နှစ်ငုံ၊ ကျေးငှက်တွေက အုံ× × × တစ်ဖူး နှစ်ဖူး တစ်ငုံ× × × နှစ်ငုံ× × × ကျေးငှက်တွေက အုံ× × ×

"မအုံပါနဲ့ ကိုရွှေကျေးရယ်× × × မလေးမောင်ရယ်× × × ရှင် ဝါသနာမထုံတော့× × × ကခုန်ရာ× × × ကျွန်မအသွား တားဦးမှာ လားလေ" တဲ့။

ဘယ်လောက်များ လှလိုက်ပါသလဲ။ နှင်းငွေလရောင် ဖျန်းပက်ထားတဲ့ ကျုံးရေပြင်နဲ့ ကျုံးမြို့ရိုးကို နောက်ခံထားတဲ့ အငြိမ့်စင်ပေါ်က အကနဲ့အလှကို ကျွန်မ ဘယ်လိုလုပ် မေ့နိုင်မှာလဲ။ အငြိမ့်သဘင်တစ်ခေတ်ကို ဆန်းသစ်ချင်လှတဲ့၊ မင်းသမီးခေတ်ကို ထူထောင်ချင်လှတဲ့၊ အော်ပရာပေါင်းများစွာနဲ့ ခေတ်ကို ထင်ဟပ်တာဝန်ကျေခဲ့တဲ့၊ လမင်းတစ်ရာရဲ့ ဥယျာဉ်မှူးရေ ဘဝတစ်ရာ အကတစ်ရာ မင်းသမီးလေးကို ဘဝဇာတ်ခုံစင်မြင့်မှာ တစ်ယောက်တည်း ထားရစ်ခဲ့ပြီလား။

အင်းဝရဲ့ နေရသမျှအချိန်လေးတွေထဲက ကျွန်မ ငယ်သူငယ်ချင်းပေါက်ကြီးရဲ့ ပန်းနုရောင် စားသောက်ဆိုင်မှာ ကျွန်မရဲ့ဦးလေး ကဗျာဆရာကြီးနှစ်ယောက်၊ ဆိတ်ငါးကောင် ဘကြီးခင်မောင်၊ ဝင်းမြင့်၊ ကိုကျော်မြင့်တင့်(အင်းဝ)၊ ကိုစောလှမင်း(ဇော်ပိုင်–အင်းဝ)တို့တွေနဲ့ ဝိုင်းဖွဲ့ရတဲ့ အချိန်လေးမှာတော့ဖြင့် ဘဝအမောတွေ၊ စိတ်မကောင်းစရာတွေကို ခဏမေ့လို့ တင်းကျပ်မှုတွေ ပြေလျော့ရပြန်ရော။

"ဟဲ့... ငါ့တူမရဲ့၊ ခုငါတို့ သာသနာကြီးသုံးရပ်ထဲက ဘယ်သာသနာမှာ နေတယ်မှတ်လဲ။ ပရိယတ္တိသာသနာ၊ ပရိပတ္တိသာသနာ၊ ပရီးမီးယားလိဂ်သာသနာထဲမှာ နေတာဟဲ့"

ဒါက ပျော်ပျော်နေတတ်တဲ့ ကျွန်မဦးလေး ကဗျာဆရာ။ နောက်ဦးလေးကဗျာဆရာကတော့ သူ့ထုံးစံအတိုင်း "နို့... နေပါဦး ကလေးမရဲ့၊ ညည်းတို့ စားရေးသောက်ရေး၊ နေရေးထိုင်ရေး ပြောပါဦး" ဆိုပြီး ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တတ်တာ။ ခဏကြာတော့ ထုံးစံအတိုင်း

ဝိုင်းက ဆူလာပြီး ငြင်းကြ၊ ခုံကြရင်တော့ အသက် (၈၀) ဆိတ်ငါးကောင် ဘကြီးခင်မောင်ရဲ့ အခန်းကဏ္ဍ ရောက်လာရော။

"ဟေး... တော်ကြ... တော်ကြ မြင်းခြံက ကိုငြိမ်းမောင် တရားရှိတယ်သိလား။ ပုထုဇဉ်ဖြစ်တော့ ဘာဖြစ်တုံး၊ ရဟန္တာဖြစ်တော့ ဘာဖြစ်တုံး။ သူဌေးဖြစ်တော့ ဘာဖြစ်တုံး။ ဆင်းရဲသားဖြစ်တော့ ဘာဖြစ်တုံး။ ဘာဖြစ်တော့ ဘာဖြစ်တုံးတဲ့။ အဲဒါ ကိုငြိမ်းမောင်ရဲ့ ဘာဖြစ်တုံး ဘာဖြစ်တုံး တရား"

အဲဒါ ဆိတ်ငါးကောင်ပဲလေ။ ကျွန်မတို့မှာ အငြင်းအခုံတွေရပ်ပြီး ရယ်မောကြရတော့တယ်။ ဘကြီးခင်မောင်က အသက် (၈၀) ပေမဲ့ အသံကြီးကလည်း အောင်တုန်း။ စကားပြောကလည်း ကောင်းတုန်း။ အသက် (၈၀) ဘကြီးခင်မောင်နဲ့ (၆၀) ကျော် ကျွန်မဦးလေးနှစ်ယောက် ကျန်းမာတာကိုတော့ ဝမ်းသာရသေးတယ်။

"ကလေးမ နောက်နှစ် ဒီအချိန် တို့အားလုံး မျှော်နေမယ်နော်" ဆိုတဲ့ ဦးလေး ကဗျာဆရာရဲ့ နှုတ်ဆက်သံကို ဘာလို့လည်းမသိ၊ ကျွန်မက ဝမ်းပန်းတနည်းဖြစ်ပြီး လွမ်းနေမိတယ်။

တံတားဦးကအပြန် ကျွန်မတို့က "နန်းတော်ရှေ့" လို့ခေါ်တဲ့ အင်းဝနန်းတွင်းလမ်းလေးထဲကနေ ကားကလေးကို ဖြည်းဖြည်းမောင်းရင်း နက်ဖြန် အင်းဝက ပြန်ရတော့မယ်ဆိုတဲ့ အသိနဲ့ ညို့တို့တို့ ဖြစ်လာတဲ့ ကျွန်မကို ကျွန်မခင်ပွန်းက "ဟေး... ကိုယ့်ကို ဘုရင်မ ရှင်စောပုရဲ့ ဇာတာရာဇာ လိုက်ပို့မယ်ဆို၊ ခုသွားမလား" တဲ့။ ကျွန်မအတွေးနဲ့ ကျွန်မ သူပြောတာနဲ့ ဘာမှမဆိုင်ဘဲ။ "ဟောဒီနေရာဟာ ဟိုတုန်းက ယိုးဒယားဈေးတဲ့ကိုကြီးရဲ့။ ငယ်ငယ်တုန်းက အမေကြီး ခဏခဏ ပြောပြတာ။ ယိုးဒယားတွေ ဈေးရောင်းကြတာတဲ့။ ကူးတို့ဆိပ် ဟိုဘက်ကမ်းက ဘဘနဲ့ ငယ်ငယ်တုန်းက သွားသွားစားတဲ့ မုန့်တီဆိုင်က ဘွားဘွား ရှင်ဟာလည်း ယိုးဒယားမကြီးတဲ့။ မုန့်တီအထမ်းကြီးနဲ့ ရောင်းခဲ့တာတဲ့။ သူတို့က အင်းဝနဲ့ ယိုးဒယားစစ်ပွဲမှာ စစ်ရှုံးလို့ လိုက်လာရတဲ့ သုံ့ပန်း

အဆက်အနွယ်တွေပေါ့နော်" လို့ ပြောမိတယ်။ ပြီးတော့ တွေးမိပြန်တယ်။ အဲဒီလူတွေထဲမှာ ဇင်းမယ်ကလူတွေလည်း ပါချင် ပါလာမှာပေါ့နော်။ လွန်ခဲ့တဲ့ နှစ်ပေါင်းရှစ်ရာကျော်ကတည်းက စစ်ပွဲပေါင်းများစွာနဲ့ အတူ ယိုးဒယားနဲ့ ဇင်းမယ်နဲ့ ပတ်သက်ခဲ့ကြတာ။ အဲဒီတုန်းက ကျွန်မ တစ်ယောက်ကော ဘယ်လိုများ ပတ်သက်ခဲ့ဖူးပါလိမ့်မယ်။ ဒါကြောင့် များလား...။

* * *

တောင်ညိုညိုတွေ ပတ်လည်ဝိုင်းရံတဲ့ ဇင်းမယ်လေဆိပ် ပြားပြားလေးကို လေယာဉ်ပေါ်ကနေ လှမ်းမြင်လိုက်တာနဲ့ ကျွန်မစိတ်တွေဟာ ဘာကြောင့် အုံ့ဆိုင်းမှုန်မှိုင်းသွားရပြန်ပါလိမ့်။ မြင်မြင်သမျှ လူတွေ၊ ဆိုင်တွေ၊ ပန်းတွေကလည်း ဘာမှ မလှတော့ဘူး။ ဇင်းမယ်လေဆိပ်ဟာ အခု ကျွန်မအတွက်တော့ ကမ္ဘာမှာ အရုပ်ဆိုးအကျည်းတန်ဆုံး လေဆိပ်ပေါ့။ မှိုင်းညို့ညို့စိတ်တွေနဲ့ ပစ္စည်းလှည်းကလေးတွန်းပြီး (Arrival Lounge) ဆိုက်ရောက်ခန်းမက ထွက်လာရင် လေဆိပ်သေးသေးမို့ (Departure Lounge) ထွက်ခွာနေရာကို အမြဲဖြတ်ရတယ်။ Air Mandalay Departure ကောင်တာရှေ့မှာ Check in လုပ်နေကြတဲ့ ပြုံး ပြုံး ပြုံး ပြုံး နဲ့ မျက်နှာတွေကို အမြဲမြင်ရတာပေါ့။ အလွန် စိတ်လှုပ်ရှားတတ်သော၊ စိတ်အလိုလိုက်တတ်သော၊ စာရေးဆရာစိတ်နဲ့ (အပြန်လက်မှတ်လည်း အဆင်သင့်ရှိတဲ့) ကျွန်မတစ်ယောက် ဘယ်အခေါက်မှာများ Arrival ကထွက်ပြီး Departure မှာ တန်းစီဝင်မယ် မသိဘူး။ ဟောဒီ ဇင်းမယ်ဆိုတဲ့အရပ်ကို ခဏခဏလာပြီး ခဏခဏ နေရလိမ့်မယ်လို့ ဘယ်သောအခါကမှ စိတ်ကူးမထည့်ခဲ့ဘဲနဲ့ ကျွန်မ ဘာလို့ ရောက်ခဲ့ရပါလိမ့်။ နေခဲ့ရပါလိမ့်။

ဟောဒီမြို့ရိုးတွေ၊ သစ်ပင်တွေ၊ တောင်ညိုညိုတွေကို မြင်မြင်ချင်း လွမ်းသလို ဆွေးသလို ရင်းနှီးသလို ဖြစ်ရတာကတော့ ဘာဖြစ်လို့လဲ။

အင်းဝနဲ့ ဇင်းမယ်မှာ ရာဇဝင်ရှိခဲ့ဖူးတယ်လေ။ လွန်ခဲ့တဲ့ နှစ်ပေါင်းရှစ်ရာကျော် အင်းဝဘုရင် သတိုးမင်းစောရဲ့ နောက်ဆုံးတိုက်ပွဲမှာ အင်းဝက တပ်မဟာကြီး ဇင်းမယ်ကိုချီတော့ ကျွန်မဟာ အိုးစားလား၊ အကြပ်လား၊ သွေးသောက်လား၊ တပ်မှူးလား၊ ပန်တျာသည်လား၊ တစ်ခုခုတော့ ဖြစ်ခဲ့မှာ အသေအချာပါ။

လွန်ခဲ့သောနှစ်ပေါင်း ရှစ်ရာကျော်က အငြိုးအတေးတွေကြောင့် လက်စားချေဖို့များ တမင်တကာ အင်းဝသူ ကျွန်မကို ရွေးချယ်ခဲ့ရော့သလား။

ရုပ်ဆင်းသဏ္ဌာန်ချင်း ခွဲမရအောင် တူတဲ့ သူတို့ကြားမှာ ညဘက်၊ ညဘက် ကျွန်မထိုင်နေကျ နွားနို့ဆိုင်ကလေးကို ရောက်ရင် စံပယ်ပန်းကုံးလေးတွေ လာရောင်းတဲ့ သုံးလေးငါးနှစ်အရွယ် လူမမယ်လေးတွေဆီက မြန်မာစကားလေးတွေများ ထွက်လာလေမလားဆိုတဲ့ စိုးရွံ့တုန်လှုပ်မှုတွေနဲ့ ပန်းကလေးတွေကို ဝယ်ရလိမ့်ဦးမယ်။

တစ်ခါက ပန်းလာရောင်းတဲ့ အသက် (၆၀) ကျော် အဘွားကြီးတစ်ယောက်နဲ့ မြန်မာကလေးလေးတစ်ယောက်ကို နွားနို့ဆိုင်မှာတွေ့ပြီး ကျွန်မ စိတ်မကောင်းခြင်းကြီးစွာ နာကျင်ခဲ့ဖူးတယ်။

ဆောက်လက်စ တိုက်တွေနားက ဖြတ်လို့ ပင်ပင်ပန်းပန်း လုပ်နေတဲ့ အလုပ်သမားတွေကိုမြင်ရင် တစ်လမ်းဝင် တစ်လမ်းထွက် အော်ရောင်းနေတဲ့ တံမြက်စည်းသည် ထဘီဝတ်အဘွားကြီးတွေကို တွေ့ရင်… ငါတို့လူမျိုးတွေများလားဆိုတဲ့ နာကျင်တုန်လှုပ်မှုတွေနဲ့ အိပ်မပျော်တဲ့ ညတွေကို ဘယ်လောက်များ ဇင်းမယ်မှာ ဖြတ်သန်းရဦးမှာပါလိမ့်။ ဇင်းမယ်ရာသီဥတုက ကြောက်စရာကောင်းလောက်အောင် ပူပြင်းနေတယ်။

ပူရတဲ့ကြားထဲ ကျွန်မတို့ Apartment ခေါင်မိုးပေါ်က လေယာဉ်ပျံသံတွေဟာ နားမခံနိုင်အောင် ဆူညံလွန်းတော့

"ဘယ်လိုဖြစ်တာလဲ၊ ခေါင်းတွေနောက်လိုက်တာ" လို့ ကျွန်မက

ညည်းပေမဲ့ ကျွန်မသေးနားမှာ ဝိုင်းပြီး မြန်မာအစာတွေကို အလုအယက် ရှာဖွေနေကြတဲ့ ကျွန်မ မွေးစားသား၊ မွေးစားသမီးတွေ၊ မောင်ကြွက်ရယ်၊ ဦးရယ်၊ သဇင်ရယ်၊ သက်ကလေးရယ်ကတော့ ဘာမှတောင် ပြန်ပြော ဖော်မရဘူး။

ဘေးမှာထိုင်နေတဲ့ အန်တီမြင့်ကသာ "လေယာဉ်ပျံတွေ ဒါ လောက်များရင် 'ဖွန်လွမ်' လုပ်မလို့ထင်တယ် ဆရာမ" တဲ့။

ကျွန်မ နားမလည်ဘဲ

"ဘာရယ် အန်တီမြင့်" လို့ မေးလိုက်တဲ့ ခဏမှာပဲ ရုတ်တရက် မိုးတွေက အုံ့ဆိုင်းညို့မှိုင်းလို့…၊ မိုးသက်လေတွေ တိုက်လာပြီး မိုးပေါက် ကလေးတွေ ကျလာခဲ့ပါတယ်။

"ဟယ်… မိုးကျလာပြီ"

"ဟုတ်တယ်လေ… ဆရာမ၊ ဒါ… 'ဘုရင်မိုး…' 'ဖွန်လွမ်' လို့ခေါ် တယ်၊ 'ဖွန်' ဆိုတာ မိုး၊ 'လွမ်' ဆိုတာ ထိုင်းလို ဘုရင်လေ…"

"ဘယ်လို… ဘယ်လို… 'ဘုရင်မိုး' ဟုတ်လား၊ လှလိုက်တဲ့ နာမည်လေး၊ ဘာဖြစ်လို့…"

"အော်… ဒါက တိုင်းသူပြည်သားတွေ အပူဒဏ်ကို ခံစားနေကြရ လို့ ဘုရင်က ရွာပေးတဲ့ မိုး မို့လို့လေ။ ဒီမိုးက မိုးအစစ်မဟုတ်ဘူး ဆရာမရဲ့၊ မိုးအတု…"

အိုး… ဟုတ်နိုင်ပါ့မလား…၊ ပြောရင်းဆိုရင်း မိုးအတုဟာ သဲသဲ မဲမဲရွာချလာခဲ့ပါပြီ။ မိုးရေအောက်မှာ လူတွေဟာ ပျော်ရွှင်စွာနဲ့ လက်အုပ် ကလေးတွေချီပြီး "ဖွန်လွမ်း" "ဖွန်လွမ်း" နဲ့ အော်နေကြတယ်…။

"သူတို့က လေယာဉ်ပျံတွေနဲ့ တိမ်တွေဆီကိုတက်သွားပြီး… နည်း ပညာနဲ့ မိုးရွာအောင်လုပ်တာ၊ ရေခဲလေးတွေ တန်ပေါင်းများစွာနဲ့ ဓာတု ဗေဒဆေးမှုန့်တွေကို တိမ်ပေါ်မှာ ဖြူးတယ်လို့လည်းပြောတယ်။ တိမ် ပေါ်မှာ ဓာတုဗေဒ ဖုံးခွဲတယ်လို့လည်းပြောတယ်။ အခု သူတို့ ရွာပေးနေ တာ (၃၇) မြို့နယ်တောင်ရှိနေပြီ။ တစ်နိုင်ငံလုံး ရွာပေးမှာ…"

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်၊ ခဏချင်းအတွင်းမှာပဲ မခံရပ်နိုင်အောင် ပူနေတဲ့ ဇင်းမယ်မြို့ကလေးဟာ အေးစိမ့်လို့သွားခဲ့ပြီ။ ဒါဟာ မိုးအတု တဲ့လား။ မိုးဖွဲဖွဲကို ကျွန်မတစ်ယောက်တည်း မယုံသလို ငေးကြည့်ရင်းက ကျွန်မရင်မှာ မအေးမြနိုင်ဘဲ မစ္ဆရိယစိတ်တွေ ပြည့်လျှံလာတယ်။ ပြီး တော့ စိတ်တွေက မှိုင်းညို့လာပြန်ပြီ။

ထုံးစံအတိုင်း ဖုန်းခလုတ်လေးတွေဆီကို လက်ကရောက်မိပြီ။

"ဟဲလို... ကိုကြီး ဒီမှာ မိုးတွေ တအားရွာနေတယ်... သိလား"

"ဟာ... ဟုတ်လား ကောင်းတာပေါ့၊ ဒီမှာ ကိုယ်ကတော့ ဒုတိယ အကြိမ် ရေချိုးမလို့"

"အိမ်ပြန်ချင်တယ်"


"ဟာ... မရူးနဲ့နော်၊ လူကြီးဖြစ်နေပြီ... ဒါပဲ၊ ဒါပဲ" ကျွန်မက ရူးသတဲ့လား...။ တိုင်းပြည်နဲ့ချစ်တဲ့သူတွေကို မခွဲနိုင်တဲ့ ကျွန်မ တစ်ယောက် ချစ်သူတွေနဲ့ တိုင်းပြည်ကို ခဏခဏ ခွဲခွာရခြင်းဟာ ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်။ တိုင်းပြည်နဲ့ ချစ်သူတွေအတွက်ဆိုတဲ့ စိတ်နဲ့ပဲ အားတင်းရပြန်ဦးမယ်။

မိုးတွေက သဲသဲမဲမဲ ရွာလာပြန်ပြီ။

သိပ်လွမ်းတယ်။ အိမ်ပြန်ချင်တယ်၊ နောက်ထပ် ဘယ်နနေ့ ဘယ်နည စောင့်ရဦးမှာလဲ...။

**ရွှေအမြုတေမဂ္ဂဇင်း။**
**ဇူလိုင်၊ ၂၀၀၅ ခုနှစ်။**

❖



# ကျွန်မနဲ့ ဘောလုံး

ဘောလုံးနဲ့ပတ်သက်ရင် ကျွန်မဟာ တော်တော်တုံးတဲ့အထဲမှာ ပါပါတယ်။ "ဒီဘောလုံးလေးတစ်လုံးကို ဘာလို့ ဝိုင်းလုနေကြတာလဲ၊ တစ်ယောက်တစ်လုံး ပေးလိုက်စမ်းပါ" ဆိုတဲ့ အမျိုးအစားထဲမှာတောင် ပါနိုင်ပါတယ်။ ဘောလုံးစည်းကမ်းတွေလည်း မသိဘူး၊ အခေါ်အဝေါ် တွေလည်း မသိဘူး၊ ကျွန်မကို ရင်တဒိတ်ဒိတ် ခုန်လာစေပြီး ခြေဖျား လက်ဖျားတွေ အေးစက်လာစေတဲ့ "ပင်နယ်တီ" ဆိုတာတော့ သိတယ်။ တရားမမျှတဘူးလို့ ကျွန်မထင်တဲ့ ပင်နယ်တီမှာ ဂိုးသွင်းမယ့်သူနဲ့ ဂိုးဖမ်းမယ့်သူနှစ်ဦးကို ဘယ်တော့ဖြစ်ဖြစ် မကြည့်ရက်နိုင်ခဲ့ပါဘူး။ နောက် ကျွန်မသိတာ မြန်မာဘောလုံး အကျော်အမော်တွေနဲ့၊ ကမ္ဘာ့ ဘောလုံး အကျော်အမော်တွေရဲ့ နာမည်တချို့သိတယ်။ ရုပ်တွေလည်း နည်းနည်းတော့ ဖမ်းမိပါတယ်။ ဒါတောင်မှ ဒေးဗစ်ဘက်ခမ်းနဲ့ အရမ်း တူတဲ့ ဦးဇင်းတစ်ပါး အင်းဝမှာ ရှိတယ်လို့ ကျွန်မပြောမိလို့ ဒေါကန် စိတ်ဆိုးသွားတာ ခံလိုက်ရသေးတယ်။

ငယ်ငယ်တုန်းက ဆောင်းတွင်းဆို တိုင်းနဲ့ပြည်နယ်ပွဲတွေကို ရေဒီယိုကနေ ကျွန်မအဘိုးနဲ့အတူ နားထောင်ရတာကိုတော့ သဘော

ကျသားပဲ။ ဘောလုံးပွဲနောက်ခံ အော်တဲ့အသံဟာ နားထောင်လို့ ကောင်းတယ်။ စိတ်လှုပ်ရှားဖို့လည်းကောင်းတယ်။ အဲဒီတုန်းက ချမ်းကလည်း သိပ်ချမ်းတော့ ညနေစောင်းတာနဲ့ ဖိုရတဲ့ မီးဖိုဘေးမှာ နားထောင်ရတာ။ ပြောင်းဖူးဖုတ်တို့၊ ပဲမြစ်ပြုတ်တို့၊ မြေပဲလှော်တောင့်တို့၊ ကုလားပဲဆုပ်တို့၊ ဆောင်းတွင်းစာတွေကလည်း ပတ်ချာဝိုင်းပြီး ကြိုက်တာစားရုံပဲ။ ရေဒီယိုထဲက "ဂိုး" ဆိုပြီး အော်သံပေါ်လာရင် မီးဖိုနားက လူတွေပါ ထခုန်ပြီးအော်ကြတော့ ကျွန်မလည်း လက်ခုပ်တီးပြီး အဘိုးနဲ့ "ဂိုး"၊ "ဂိုး" ဆိုပြီး အော်ရတာ ပျော်စရာကောင်းတယ်။ ဘောလုံးနဲ့ပတ်သက်ပြီး ပါဝင်ပျော်ရွှင်ဖူးတာ ကျွန်မအဖို့ ဒါလောက်ပဲ။

အသက်ကြီးလာတဲ့အခါ တီဗီမှာ နိုင်ငံတကာပွဲ နည်းနည်းပါးပါးရယ်၊ မြန်မာနဲ့ နိုင်ငံတကာနဲ့ ကန်တဲ့အခါမျိုးရယ်၊ ခင်ပွန်းသည် အဖော်ရအောင် ကြည့်ဖူးတယ်။ ဘောလုံးပွဲကို ကွင်းထဲမှာတော့ ဒီအသက်အရွယ်အထိ တစ်ခါမှ ထိုင်မကြည့်ဖူးဘူး။ မြန်မာနဲ့ နိုင်ငံတကာပွဲမှာ ဒီနေ့ထိ ကျွန်မ အမှတ်ရနေတာတစ်ခုကတော့ ဂိုးသမား အောင်ကျော်ကျော် ပြဿနာဖြစ်တဲ့ပွဲပေါ့။ အောင်ကျော်ကျော် ဂိုးဖမ်းပြီး မြေပြင်ပေါ် မှောက်ရက်လေးဖြစ်နေချိန် တစ်ဖက်ဘောလုံးသမားက သိသိကြီးနဲ့ ခြေထောက်နဲ့ ပိတ်ကန်လိုက်တာကို ကျွန်မ မြင်ရတဲ့အချိန်မှာ စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားပြီး မျက်လုံးထဲမှာ ပြာခနဲ ဖြစ်သွားသလိုပဲ။ အဲဒီအချိန်မှာပဲ ကျွန်မလုပ်ချင်တဲ့အလုပ်ကို အောင်ကျော်ကျော်က Emotional နဲ့ လုပ်ပစ်လိုက်တယ်လေ။ တစ်ဖက်ဘောလုံးသမားကို ပြန်ကန်ပစ်လိုက်တာပေါ့။ အားကစားစိတ်ဓာတ်အရ မလုပ်ရဘူးဆိုတာလည်း သိပါတယ်။ Emotion ဆိုတဲ့ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ရမယ်ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ ထိန်းချုပ်နိုင်ခြင်းဆိုတဲ့ကိစ္စဟာ တော်တော်တော့ မလွယ်ကူတဲ့ကိစ္စလေ။ ဘာပဲဖြစ်ဖြစ် အဲဒီကိစ္စမှာ ကျွန်မကတော့ အောင်ကျော်ကျော်ကို ထောက်ခံတယ်။ ဘောလုံးကိုသာ စိတ်မဝင်စားပေမဲ့ တခြား အားကစားတွေမှာတော့

ကျွန်မမှာ ပါရမီတော်တော်ရှိပါတယ်။

ကျွန်မ သုံးတန်းနှစ်၊ ကျွန်မတို့ မူလတန်းကျောင်းလေးရဲ့ အားကစားပြိုင်ပွဲ လူရွေးပွဲ မီတာ (၇၅) အပြေးလူရွေးပွဲမှာ စတင်အရွေးခံရတာဟာ ကျွန်မရဲ့ အားကစားခရီးအစပေါ့။ အံမာ... တစ်ကျောင်းလုံးမှာ မီတာ ၇၅ မှာ ကျွန်မ ပထမ၊ ဘာအောက်မေ့လဲ။ ဘယ်သူနဲ့ပြေးပြေး၊ ကျွန်မက ရှေ့ဆုံးက ရောက်နေတာကို ကိုယ့်ဟာကိုယ် သဘောကျလို့မဆုံး။ အိမ်မှာလည်း လူတကာကို ကျွန်မ အလွန်အပြေးသန်တဲ့အကြောင်း လိုက်ပြောပြီး တစ်ချိန်လုံး ပြေးချင်တာပဲ။ ကျောင်းက ဆရာတွေကလည်း လေ့ကျင့်ရမယ် ပြောထားတာကိုး။ မူလတန်း ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲမှာ ကျွန်မ ဝင်ပြိုင်ရမှာလေ။ မြောက်ကြွမြောက်ကြွဖြစ်ပြီး တစ်ချိန်လုံး ပြေးရှူး ပြေးရှူးလုပ်နေတဲ့ ကျွန်မကို ကြည့်လို့မရတဲ့ ကျွန်မ ဝမ်းကွဲအစ်မ တစ်ယောက်က တစ်ညနေမှာတော့ မြစ်ဆိပ်သောင်ပြင်မှာ ရေလာခပ်တဲ့ ကျွန်မနဲ့ရွယ်တူ ကောင်မလေးတစ်ယောက်နဲ့ အပြေးပြိုင်ခိုင်းတယ်။ ဘာရမလဲ၊ ပြေးတာပေါ့။ အပြတ်အသတ်ရှုံးသူဟာ ဘယ်သူများ ဖြစ်မယ်ထင်လဲ။ ကျွန်မလေ။ ကျွန်မပေါ့။ ကျွန်မဘယ်လောက်ပဲ မောဟိုက်နေအောင်ပြေးပြေး၊ အဲဒီကောင်မလေးကပဲ ဖြတ်တက်သွားတာပဲ။ သူ့ကိုကြည့်ရတာ မောလည်းမမောဘူး။ ကျွန်မ တကယ်ကိုအံ့သြတာ။ အံ့သြရင်း မကျေမနပ်ဖြစ်ရင်း၊ စိုးရိမ်ထိတ်လန့်ရင်းကပဲ မူလတန်းကျောင်းပေါင်းစုံပြိုင်ပွဲနေ့ကို ရောက်လာပါတော့တယ်။ ကျွန်မတို့ မူလတန်းကျောင်းကွင်းမှာပဲ လုပ်တာပါ။ ကျွန်မကိုအားပေးဖို့ ကျွန်မတို့ အိမ်က အိမ်လုံးကျွတ်၊ ဝတ်ကောင်းစားလှတွေနဲ့ လာရောက်တဲ့အပြင် ဆွေမျိုးတွေတောင် ပါလိုက်သေးဂယ်။ ကူးတို့ဆိပ်မှာ အလုပ်ရှုပ်ဆုံး အချိန်ဖြစ်တာတောင် ကျွန်မအဘိုးလည်း လာပါတယ်။ ပြိုင်ပွဲဝင် ကျွန်မက မန္တလေးထိ တက်ဝယ်ထားတဲ့ ဘောင်းဘီ၊ အင်္ကျီစပို့ရှပ်တွေနဲ့ ကျွန်မအဘွားရဲ့ ဆွဲခြင်းကြီးထဲမှာ ရေဘူး၊ နွားနို့၊ ကျွန်မကြိုက်တဲ့

မန္တလေးက သုံးငါးအဆိမ့် ဘီစကွတ်မုန့်၊ ငှက်ပျောသီးတွေလည်း ပါတယ်။ မီတာ (၇၅) ပြေးမယ်၊ ပြေးမယ်ဆိုပြီး နေရာယူတယ်။ ကျွန်မ အေးအေးဆေးဆေးပဲ ဘေးက အဘိုးအဘွားတို့ မေမေတို့ကိုတောင် ကြည့်လိုက်သေးတယ်။ ဝီစီမှုတ်မယ့်ဆရာက ကျွန်မတို့ဆရာပဲ။ ဆရာက အားပေးတဲ့အနေနဲ့ ပြုံးပြီး မေးဆတ်ပြသေးတယ်။ ပြီးတော့ ဆရာက 'အားလုံးအသင့်ပြင်နေ' လို့အော်ပြီး ဝီစီကို 'တွီ' ခနဲ တအား မှုတ်လိုက်တယ်။ ကျွန်မ... ဒါပေမဲ့ပေါ့... တာထွက်ထွက်ချင်းမှာပဲ ကျွန်မခများ ခလုတ်တိုက်ပြီး ချော်လဲသွားရှာပါတော့တယ်။ ညာဘက် ဒူးခေါင်းမှာ သွေးတွေရဲပြီး ကျွန်မရဲ့ ငြိခနဲ အော်ငိုသံရယ်၊ ကျွန်မအဘိုး ရဲ့ ထုံးစံအတိုင်း အဘွားနဲ့ မေမေတို့ကို မဲပြီး ငေါက်ငမ်း ဆူပူရယ်သံ တွေဟာ ကျောင်းအားကစားကွင်းကို ဖုံးလွှမ်းသွားပါတော့တယ်။ အဲဒါဟာ ကျွန်မရဲ့ အားကစားခရီးအဆုံးပါပဲ။

(၁၉၉၈) ခုနှစ်၊ ကမ္ဘာ့ဖလား ဘောလုံးပွဲချိန်တုန်းက ကျွန်မဟာ ဝေးမြေရပ်ခြားမှာပေါ့။ အမယ်... ဒါကျတော့ တယ်ဟုတ်ပါလား။ မှတ်မှတ်သားသားရှိသားပဲလို့များ မထင်လိုက်နဲ့ဦး၊ (၉၈)ခုနှစ်ရဲ့ မေလ၊ တစ်ခုသောညနေခင်း၊ အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ့်မြို့ကလေးရဲ့ တက္ကသိုလ်လမ်းမကြီးပေါ်မှာ ကျွန်မတစ်ယောက်၊ ဟိုငေးဒီငေးနဲ့ လမ်း လျှောက်ရင်း ဟိုတွေးဒီတွေးနဲ့ လမ်းလျှောက်ရင်းက ဖြည်းဖြည်းချင်း သတိထားမိလာတာ။ ထူးထူးခြားခြား လမ်းမပေါ်မှာ လူတွေ၊ ကားတွေ အရှင်းကြီး ရှင်းနေတာကိုပေါ့။ တကယ့်ကို လမ်းပေါ်မှာ ကျွန်မ တစ်ယောက်တည်းလိုပဲ။ ဘာလို့ပါလိမ့်ပေါ့။ ဒီနေ့ အောက်စဖို့ဒ်ရဲ့ ဘာနေ့မို့ပါလိမ့်ပေါ့။ ဒီလောက်လူရှင်းတာဟာ အံ့ဩစရာပဲလို့တွေးရင်း အဆောင်ပြန်ရောက်လာတာ။ အဆောင်ကျတော့ ကျွန်မအခန်းနဲ့ ကပ်ရက် တီဗီခန်းမှာ လူတွေပြည့်ကျပ်လို့။ ကျွန်မလေ ဘာဖြစ်ပါ လိမ့်ဆိုပြီး တအံ့တဩနဲ့ အိန္ဒိယသူငယ်ချင်း "လာဒါ" ကို မေးတော့ လာဒါက "ဟာ... ဒီနေ့ အင်္ဂလန်ပွဲရှိတယ်လေ" တဲ့ ဒါကိုပဲ အူကြောင်

ကြောင်နဲ့ ကျွန်မက သဘောမပေါက်သေးဘူး။

"အင်္ဂလန်ပွဲ ဟုတ်လား၊ ဘာပွဲလဲ"

"ဟောဗျာ... ဘောလုံးပွဲပေါ့။ ဘယ်လိုဖြစ်တာလဲ"

"ဩော်... ဟုတ်လား ဘယ်မှာကန်မှာလဲ ဒီအောက်စဖို့ဒ်မှာလား"

အူပြီးရင်းအူရင်းက ထပ်ပြီးဝယ် 'အ' လိုက်တဲ့ ကျွန်မကို လာဒ့် ခများ တော်တော် စိတ်ညစ်သွားဟန်တူပါတယ်။ မျက်မှန်အောက်က မျက်လုံးပြူးကြီးနဲ့ ကျွန်မကို သေချာကြည့်တယ်။

"မင်း ဘယ်လိုဖြစ်နေတာလဲ၊ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး ပြင်သစ်မှာ ကျင်းပနေတာ မေ့သွားပလား"

သေလိုက်ပါတော့။ ကျွန်မခများ လုံးလုံးကို မသိရှာတာပါ။ ဒါကြောင့် အရင်နေ့တွေက ဒီလိုအချိန်ဆို တီဗီခန်းထဲမှာ ရုံးရုံး ရုံးရုံးနဲ့ ဖြစ်နေတာကိုး။ ကျွန်မအခန်းနဲ့ တီဗီခန်းနဲ့က ကပ်နေပေမဲ့ ရုပ်ရှင်ကောင်းတဲ့အချိန်ကလွဲရင် ကျွန်မ သိပ်ဝင်လေ့မရှိဘူး။ တီဗီရှေ့ ထိုင်ရတာထက် အိပ်ရာပေါ်မှာလှိမ့်ပြီး စာဖတ်ရတဲ့အရသာကို ကျွန်မ ပိုကြိုက်တယ်လေ။

အဲဒီ ကမ္ဘာ့ဖလားဘောလုံးပွဲချိန်ကြီးထဲမှာပဲ ကျွန်မဟာ အောက်စဖို့ဒ်ကနေ လန်ဒန်ကို ခဏရောက်သွားပါတယ်။

လန်ဒန်ရွှေမြို့တော်ကြီးကို မရောက်ဖူးသေးလို့ တောကနေ မြို့တက်သွားတာပါ။ ကျွန်မတို့ အောက်စဖို့ဒ်နဲ့ယှဉ်ရင်တော့ "ဩော်... လန်ဒန်၊ လန်ဒန်၊ လန်ဒန်ဆိုတာ ဒါပါလား၊ လူတွေကလည်း တို့ရွာက ဘုရားပွဲထက်တောင်စည်သေး..." လို့ တွဲတေးသိန်းတန်လို ပြောရမလို ဖြစ်နေပြီ။ ဒါပေမဲ့ ကျွန်မကတော့ အောက်စဖို့ဒ်မြို့ကလေးကိုပဲ ပိုချစ်တယ်။ စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ် လန်ဒန်မှာ လမ်းအလွန်လျှောက်တဲ့ အောက်စဖို့ဒ်တောသူ ကျွန်မ စိတ်အညစ် ရဆုံးကတော့ သွားသုတ်သုတ် မြေအောက်ရထားပါပဲ။ UK အခေါ် (Tube)၊ (U.S) အခေါ် Subway ဆိုတဲ့ မြေအောက်ရထားဟာ

သွားရေးလာရေးအတွက် အလွန်အဆင်ပြေတယ်လို့ (စီးတတ်သူများက) ဆိုကြပါတယ်။ ဒါပေမဲ့ မစီးတတ်သူများအတွက်တော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဘဲ ရှုးသွားနိုင်တယ်ဆိုတာမျိုးပါပဲ။ မြေပုံတွေ လမ်းညွှန်အမှတ်အသားတွေကတော့ ဘယ်နားကြည့်ကြည့် အများကြီးရှိပါတယ်။ ဒါပေမဲ့ တစ်သက်လုံးက မြေပုံနဲ့ မနေခဲ့၊ မြေပုံလည်း မဖတ်တတ်တဲ့ ကျွန်မတို့အတွက်တော့ မစွန့်စားတာဟာ အကောင်းဆုံးပါပဲ။

ကျွန်မကတော့ အဲဒီသွားသုတ်သုတ် မြေအောက်ရထားမှာ ကျွန်မချစ်သူငယ်ချင်း 'မကြည်' ရယ် 'မမေ' ရယ် တစ်ယောက်ယောက်နဲ့ပဲ အမြဲသွားတဲ့အပြင် သူတို့ ဘောင်းဘီစကိုလည်း မလွတ်တမ်း ဆွဲထားလိုက်တော့ စိတ်အေးရရော…။ ခက်တာက သူတို့က ကျွန်မတစ်ယောက်တည်း အခန်းမှာ ကျန်ခဲ့ရင် ပျင်းနေမှာစိုးပြီး သူတို့အလုပ်သွားတဲ့အချိန်မှာပါ အလုပ်ကို ခေါ်ခေါ်သွားတော့ ချစ်စွာသော မြေအောက်ရထားနဲ့ နေ့စဉ် ဆုံစည်းရတာပေါ့။

ဒါပေမဲ့ တစ်ခုကောင်းတာက ကျွန်မသူငယ်ချင်းတွေရဲ့ အလုပ်နေရာက လန်ဒန်မြို့လယ်ကောင်ဆိုတော့ သူတို့နေရာကနေ လမ်းနည်းနည်းလျှောက်လိုက်တာနဲ့ အမျိုးသားပြတိုက်တို့၊ လွှတ်တော်ကြီးတို့၊ နာမည်ကျော် ဘစ်ဘင်နာရီစင်တို့၊ နန်းတော်တို့ကို ရောက်သွားရော…။ ကျွန်မတစ်ယောက်တည်း လမ်းလျှောက်သွားပြီး ဟိုငေး၊ သည်ငေး၊ ဖိမ်နဲ့ကို ငေးနေလို့ရတယ်။ ပြီးတော့မှ နေကုန်မှ သူငယ်ချင်းတွေနေရာကို ပြန်လာပေါ့။ အဲလောက်တော့ ကျွန်မ ပြန်တတ်တယ်လေ။ လမ်းလျှောက်သွားတာဆိုတော့ ဆိုင်းဘုတ်တွေ၊ လမ်းနာမည်တွေ၊ အဆောက်အအုံတွေ မှတ်သွားလို့ရတယ်။ တစ်ခါတလေ လန်ဒန်မိုးထုံးစံအတိုင်း တဖွဲဖွဲ တသဲသဲလုပ်နေရင်တော့ လျှောက်မသွားဘဲ စာဝါသနာပါတဲ့ မိတ်ဆွေ ကိုကျော်နဲ့ အလုပ်က လက်ဖက်ရည်ဆိုင်မှာ စကြောင်းပေကြောင်း ထိုင်ပြောကြတယ်။

ကျွန်မ အောက်စဖို့(ဒ်)ကို ပြန်ခါနီးတစ်နေ့မှာ အဲလိုပဲ ကိုကျော်နဲ့ ထိုင်စကားပြောကြရင်း ကိုကျော်က ညနေစာအတွက် သူ့အိမ်ကို ဖိတ်တယ်။

"မနုလည်း နက်ဖြန်သန်ဘက် အောက်စဖို့(ဒ်)ပြန်တော့မှာ၊ တစ်ရက်တစ်ရက်နဲ့ ထမင်းက ကျွေးဖြစ်မှာမဟုတ်ဘူး၊ အဲဒါကြောင့် ဒီနေ့ညပဲ စားရအောင်"

"ရပါတယ် ကိုကျော်ရယ်၊ အားနာပါတယ်၊ ကိုကျော်က တစ်ကိုယ်ရေတစ်ကာယသမား၊ ချက်ဖို့ပြုတ်ဖို့က..."

"အိုး... ဘာမှအားမနာနဲ့၊ အိမ်မှာလည်း မချက်ဘူး၊ မနုကို ကျွန်တော် လန်ဒန်မြို့ရဲ့ အကောင်းဆုံး ဒန်ပေါက်ကျွေးမလို့"

"ဒန်ပေါက် ဟုတ်လား"

ဒန်ပေါက်ကြိုက်တဲ့ ကျွန်မက စိတ်တော်တော်ဝင်စားသွားပါတယ်။

"ကဲ ကိုကျော်ရဲ့ လန်ဒန် ဒန်ပေါက်က ကျွန်မတို့ မန္တလေးက မူလဒန်ပေါက်လောက် ကောင်းလား"

"ဟာ... ဘယ့်နှယ်ပြောပါလိမ့်၊ မနုစားကြည့်ရင် သိမှာပေါ့၊ ဒန်ပေါက်လေးစား၊ ဝိုင်လေးသောက်ပြီး ဘောလုံးပွဲကြည့်ပြီးမှ ပြန်ကြလေ..."

"ဘောလုံးပွဲ... ဟုတ်လား"

"အေးလေ... ဒီနေ့ အာဂျင်တီးနားနဲ့ အင်္ဂလန်လေ၊ ပွဲကြီးပွဲကောင်းဗျား"

"လန်ဒန်ရဲ့ ဆွဲဆောင်မှုတွေအောက်မှာ ကမ္ဘာ့ဘောလုံးပွဲကို မေ့သွားပြန်တဲ့ ကျွန်မတစ်ယောက် ခုမှ သတိပြန်ရလာပါတယ်။ ဘောလုံးပွဲကို စိတ်မဝင်စားပေမဲ့ သုံးလလောက် ခွဲခွာနေရတဲ့ ဒန်ပေါက်ကိုတော့ စိတ်ဝင်စားတဲ့ကျွန်မက ချစ်သူငယ်ချင်း 'မကြည်' နဲ့ တိုင်ပင်တော့ မကြည်ကလည်း "အမှန်မှာဆို ဒီနေ့ အိမ်ကို စောစောပြန်ချင်တာ၊

ဒါပေမဲ့ ကိုကျော်တို့နားက ဒန်ပေါက်ဆိုရင်တော့ စိတ်ဝင်စားသား" တဲ့လေ။ ကျွန်မတို့နှစ်ယောက် ကိုကျော့် ဒန်ပေါက်ဒင်နာကို အပြတ် အသတ်ဆင်နွှဲဖို့ လိုက်သွားကြတာပေါ့။

"ကျွန်တော်က ဘယ်ဒေသ့သည်ပဲလာလာ၊ ဒီဒန်ပေါက်နဲ့ပဲ ဧည့်ခံတာ၊ တကယ်ကောင်းလွန်းလို့ မနုရဲ့၊ ခဏခဏဝယ်လွန်းလို့၊ ဒန်ပေါက်ကုလားနဲ့က ဘော်ဒါတွေဖြစ်နေပြီ"

"ဩော်... ဒန်ပေါက်ဆိုင်က အိန္ဒိယဆိုင်ပေါ့"

"ဒါပေါ့ အိန္ဒိယလူမျိုးစစ်စစ်၊ ဟိုကုလားပြည်မှာကတည်းက ဘိုးစဉ်ဘောင်ဆက် ဒန်ပေါက်ရောင်းခဲ့တာတဲ့၊ မနုကလည်း... ဒီမှာ ကုလားလူမျိုးက နည်းတာမှမဟုတ်တာ"

"ဟုတ်လား..."

"ဟုတ်တယ် မနုရဲ့၊ မနုတို့၊ ကြည်တို့ မြန်မာပြည်က အမျိုးသမီး တွေ အရမ်းကြိုက်ကြတဲ့ (Trisel) ထရိုင်ဆဲလ်ဆွယ်တာလေ၊ ကြည် တို့ကသာ အင်္ဂလန်မိတ်၊ အင်္ဂလန်မိတ်ဆိုပြီး ဈေးကြီးပေးပြီး၊ အရှုံးအမူး ဖြစ်နေကြတာ၊ တကယ်ကျ ဒီလန်ဒန်မှာနေတဲ့ ကုလားတွေလုပ်တာ... သိလား"

"ဟင်... ဟုတ်လား"

"ဟုတ်ပ... ဟုတ်ပ၊ ထရိုင်ဆဲလ်လိုချင်ရင် ဘယ် စူပါမားကက် မှာမှ သွားမရှာလေနဲ့၊ ကုလားတန်းမှာပဲရှိတယ်"

ကျွန်မတို့သုံးယောက် စကားတပြောပြောနဲ့ ဆင်နွှဲရတဲ့ ဒန်ပေါက် ဒင်နာဟာ တကယ်ကို မမေ့နိုင်စရာပါ။ ကိုကျော်တို့၊ မကြည်တို့ ညွှန်းတာထက်တောင် ဒန်ပေါက်က ကောင်းသေးတယ်လို့ ပြောရလောက် အောင်ကို ကောင်းပါတယ်။ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် ဆိုးထားတဲ့ ဒန်ပေါက်ထမင်းဟာ အလွန်နူးညံ့အိစက်၊ အရသာရှိလှပြီး လှလည်း သိပ်လှပါတယ်။ "ကျွန်မတစ်သက်တာတွင် အမြိန်ဆုံး ထမင်း တစ်နပ်ပါပေ" လို့ ဆရာကြီးရွှေဥဒေါင်းလေနဲ့ပဲ ပြောရတော့မှာပါပဲ။

သူငယ်ချင်းတွေနဲ့ အစားအသောက်လေးနဲ့ စကားလေး တပြောပြောနဲ့ ကြည့်ရလို့လားမသိဘူး၊ အာဂျင်တီးနားနဲ့ အင်္ဂလန်ဘောလုံးပွဲကလည်း တော်တော်ကြည့်လို့ကောင်းပါတယ်။ အဲဒီတုန်းက အာဂျင်တီးနားနဲ့ အင်္ဂလန်ကလည်း စစ်ပွဲဆင်နွှဲပြီးကြတာ မကြာသေးတော့ နှစ်ဖက်လုံးက အငြိုးအတေးတွေနဲ့ ရေကုန်ရေခန်း ကစားကြတယ်နဲ့တူပါရဲ့။ ဝိုင်နီအရှိန်လေးနဲ့ ကိုကျော်က အော်တယ်။

"အာဂျင်တီးနားကွ၊ အာဂျင်တီးနား၊ လုပ်ထား၊ လုပ်ထား"

"အလို... ကိုကျော်က အာဂျင်တီးနားဘက်ကလား"

"ဒါပေါ့ မနု...၊ ကျွန်တော် အင်္ဂလိပ်တွေကို သိပ်ကြည့်ရတာ မဟုတ်ဘူး"

ကျွန်မနဲ့ မကြည်က ကိုကျော်ကိုကြည့်ပြီး ရယ်ကြတယ်။

"ဒါပေမဲ့ဗျာ၊ ခြေက အသိသာကြီးပါ အာဂျင်တီးနား ရှုံးမှာပါ၊ ဒီကောင်တွေပဲနိုင်မှာပါ၊ မနုတို့ လမ်းမှာ တွေ့ခဲ့တယ်မဟုတ်လား၊ ဆိုင်တွေအိမ်တွေမှာလေ ပြင်ဆင်ထားတာလေ ဒီပွဲပြီးတာနဲ့ သူတို့ သေလုမြောပါး အောင်ပွဲခံကြမှာ အင်္ဂလန်ပြည်တစ်ဝက်လောက်ကလည်း ပြင်သစ်က ဘောလုံးကွင်းထဲ ရောက်နေတာလေ"

ဟုတ်သားပဲ၊ ကျွန်မတောင် လမ်းမှာတုန်းက ဘီယာ Pub တွေ၊ စားသောက်ဆိုင်တွေ၊ အလှဆင်ထားတာကိုကြည့်ပြီး အံ့သြလို့ မကြည်ကိုတောင် မေးမိသေးတယ်။ အိမ်တွေမှာ အလှဆင်ထားတာလည်း ခရစ်စမတ်တို့၊ နယူးရီးယားတို့လိုပဲ သိပ်လှတာပဲ၊ သြော်... အဲဒါက ဘောလုံးပွဲ အောင်ပွဲခံဖို့လား။

"ဒါဆိုရင် ကြည်တို့ ဘောလုံးပွဲမပြီးခင် အိမ်ပြန်ရင် ကောင်းမယ် နော်၊ တော်ကြာ (Tube) ကျူ့ပေါ်မှာ လူတအားကျပ်မှာစိုးရတယ်"

"မထူးပါဘူးဗျာ၊ ဘောလုံးပွဲပြီးရင် ပိုတောင်ရှင်းနေဦးမယ်။ ဒီကောင်တွေအကုန်လုံး Pub တွေနဲ့ လမ်းပေါ်မှာရောက်နေမှာ အော်ဟစ်ပြီး ခုန်ကြပေါက်ကြဦးမှာ မြင်သေးဗျာ..."

ကိုကျော်ရဲ့စကားတောင် မဆုံးသေးပါဘူး "ဂိုး" ဆိုတဲ့ အသံကြီးနဲ့ အတူ မမျှော်လင့်ဘဲ အာဂျင်တီးနားဘက်က အနိုင်ဂိုးကို သွင်းယူလိုက်ပါတယ်။

"ဟာ... အာဂျင်တီးနားကွ၊ ဂိုးပြီကွ၊ အာဂျင်တီးနားကွ..."

ကိုကျော်ဟာ ဝမ်းသာအားရနဲ့ မနားမနေ ခုန်ပေါက်နေပါတယ်။

"ကဲ ကိုကျော်ရေ သိပ်လည်း ခုန်မနေနဲ့ဦး၊ အောက်ခန်းက အင်္ဂလိပ်က လာပြီး ပြဿနာရှာနေဦးမယ်"

"အို... လာစမ်းပါဗျာ၊ ကျွန်တော့်မှာ 'နှစ်တစ်လက်မ' ရှိတယ်။ ဟိုမှာ မြင်လား၊ ရိုက်လွှတ်လိုက်ရုံပဲ။"

အရေးထဲ သူက မြန်မာ့သွေးကို ပြနေသေးတယ်။ အခန်းထောင့်မှာ ထောင်ထားတဲ့ နှစ်တစ်လက်မ သစ်သားချောင်းကို ဆ၊ ကာ ဆ၊ ကာ နဲ့...

"သွားစို့ မနုရေ၊ ကြည်တို့ မြန်မြန်လစ်မှ တော်ကြာ သူတို့ရှုံးတာနဲ့ လမ်းမှာ ဆူကြ၊ ပူကြ၊ အော်ကြ၊ ဟစ်ကြလုပ်ရင် ဒုက္ခ"

"ကျွန်တော် ဘူတာထိ လိုက်ပို့ပါမယ် မကြည်ရဲ့၊ ဘာမှ မစိုးရိမ်ပါနဲ့၊ တစ်ခုပဲရှိတယ်၊ နှစ်ယောက်သား ရထားပေါ်မှာ ပြုံးပြုံး ပြုံးပြုံးနဲ့တော့ သိပ်မလုပ်ကြနဲ့ပေါ့"

ကိုကျော်ကတော့ ကျွန်မတို့ကို နောက်တာပါ။ ဒါပေမဲ့ လမ်းမှာ ကတည်းက ပြုံးဖို့ဝေးလို့၊ ကြောက်ပဲ ကြောက်ရွံ့ထိတ်လန့်ရတော့မလို၊ ဘယ်လိုဖြစ်တာလဲ၊ လမ်းပေါ်မှာ ငြိမ်သက်တိတ်ဆိတ်နေလိုက်တာမှ လူလည်းမရှိ၊ ကားလည်းမရှိ၊ အစွမ်းကုန် အလှဆင်ထားတဲ့ ဆိုင်တွေ၊ အိမ်တွေလည်း ငြိမ်လို့။

သိပ်... သိပ်ကို ထူးဆန်းတာကတော့ Tube ခေါ် မြေအောက်ရထားကြီး လူတွေ အပြည့်အသိပ်နဲ့ ကျွန်မတို့စောင့်နေတဲ့ မြေအောက်ဘူတာကို ဆိုက်လာတဲ့အခါပါပဲ။

ရထားပေါ်ကို ကျွန်မတို့နှစ်ယောက် အတင်းတိုးပြီး တက်လိုက်

ကြတယ်။ ခြေထောက်နှစ်စုံစာ နေရာရအောင် မနည်းကြိုးစားရပ်လိုက်ပြီးတဲ့အခါမှာ ကျွန်မ သတိထားလိုက်မိတာကတော့ ဘာလဲသိလား။ ငြိမ်သက်တိတ်ဆိတ်ခြင်းပါပဲ။ မြေအောက်ရထားကြီးတစ်ခုလုံးမှာ ကျပ်ခဲနေအောင် လိုက်ပါလာကြသူ ခရီးသည်များဟာ တစ်စုံတစ်ရာသော အသံလေးသဲ့သဲ့မှမထွက်ဘဲ မျက်နှာအေးစက်စက်ကြီးတွေနဲ့ ငြိမ်သက်နေလိုက်ကြပုံများတော့ တကယ့်ကို အသံလေးတစ်စက်မှ မထွက်တဲ့ "ကြောက်မက်ဖွယ် ငြိမ်သက်တိတ်ဆိတ်ခြင်း" ပါပဲ။


* * *

ကျွန်မတို့နေတဲ့ ဘူတာမှာ ရထားပေါ်က ဆင်းပြီးတာနဲ့ မကြည်က အသက်ကို ပြင်းပြင်းရှူရင်း "ရထားကြီး ငြိမ်နေတာ ကြောက်စရာကောင်းလိုက်တာ" တဲ့။ ဟုတ်တယ်၊ ကြောက်စရာကောင်းတယ်။ ကျွန်မလည်း ကြောက်မိတယ်။ ဒါပေမဲ့ ကျွန်မကြောက်တာက သူတို့ အသံမဲ့ပြသလိုက်တဲ့ ကြောက်မက်ဖွယ် မျိုးချစ်စိတ်ကိုပါ။

**ကလျာမဂ္ဂဇင်း။**

**အောက်တိုဘာလ၊ ၂၀၀၅ ခုနှစ်။**

❖



# ကျားလေးကျွန်တော်

ညနေစောင်းခါမှ မပြောမဆိုနဲ့ မိုးက ဝေါခနဲအော်ပြီး ရွာချလာတယ်။ ထုံးစံအတိုင်းပဲ လန့်တတ်တဲ့ ဂျစ်တူးလေးရဲ့ ဗြဲခနဲ အော်ငိုသံကလည်း ထွက်လာတယ်။ ရိုးနေပြီဖြစ်တဲ့ ကျွန်တော့်နားထဲမှာတော့ မိဂျစ်တူးရဲ့ ဂျီတိုက်သံနဲ့ မီးဖိုချောင် ပန်းကန်စင်ပေါ်ကို သက်ကယ်ဆွေးကြားထဲက မိုးပေါက်တွေ ကျနေတဲ့အသံဟာ ဆိုင်းသံနဲ့ သီချင်းသံလိုပဲ။

"မုန့်ပေး...၊ မုန့်ပေး..."

တော်တော်အော်နိုင်တဲ့ ဟာမလေး၊ နားကို အူသွားတာပဲ။ ကြီးလာရင် အမေ့လိုပဲ အဆိုတော် ဖြစ်လိမ့်မယ်နဲ့တူရဲ့...။

"မအော်ရဘူးလေ မိဂျစ်တူးရဲ့၊ အဖေပြန်လာတော့ ကိုကြီးက ဝယ်ကျွေးမှာပေါ့နော်"

"ဟင့်အင်း... မုန့်ပေး"

မိဂျစ်တူးလေးကတော့ မုန့်မရမချင်း အာခေါင်ခြစ်ပြီး အော်နေတော့မှာပဲ။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။ သူ့မျက်ရည်တွေ၊ နှာရည်တွေကို သုတ်ပေးရင်း သူ့ရန်းကန် ထုရိုက်သမျှကို ခံရုံကလွဲလို့ ကျွန်တော်

ဘာတတ်နိုင်မှာလဲ။

"ဟဲ့... ဘယ်သူလဲ၊ ဒါလောက် အော်ငိုနေတာ... ဟော၊ ဂျစ်တူးတို့ မျောက်တူးတို့ မောင်နှမတွေ ဘာဖြစ်နေတာလဲ... ဟော..."

ဟော လူမမြင်ရသေးဘူး၊ အသံက အရင်ရောက်လာတဲ့ ဖွားရွှေဂုန်။ အမေ့ရဲ့ ဆိုးဖော်ဆိုးဖက် သော်ဒါကြီး၊ ရွှေဂုန်သူ မြသန်းကြည်၊ ဒါကြောင့်မို့လည်း အဆိုတော်ဖြစ်တာပေါ့။ သူ့အသံကျယ်ကြီးကို ကြားတာနဲ့ မိဂျစ်တူးရဲ့ငိုသံဟာ ခလုတ်နှိပ်လိုက်သလိုပဲ။ တိခနဲ ပြတ်တောက်ပြီး ငြိမ်သွားလိုက်တာမှ၊ ကောင်းတယ်၊ ကျွန်တော်မယ် ဝမ်းလည်းဝမ်းသာသေး၊ သနားလည်း သနားရသေး။

"ဘာလဲ... အားအားရှိ ဂျီတိုက်ပြီး ငိုနေတာ၊ ဘာမှတ်လဲ၊ ဟဲ... ဟိုကောင်လေး မျောက်တူး၊ နင်တို့အဖေရော ဘယ်သွားလဲ၊ ထမင်းကော စားပြီးပလား၊ ချက်ကော ချက်ရသေးရဲ့လား"

ဖွားရွှေဂုန်ရဲ့ အသံကျယ်ကြီးဟာ ကျွန်တော်တို့အိမ်ခန်းလေးကို မောင်ပိုင်စီးလိုက်ပြီ။ သူပြောချင်တာတွေကို အဆက်မပြတ် ပြောတော့မှာ။

"တစ်ခါတည်း ဘုရားပန်းတွေလည်း ခြောက်သယောင်းနေတာပဲ။ နင်တို့အမေများ မြင်လို့ကတော့ ဟင်း၊ သွားလေသူ မြသူဇာဟာ နှစ်ခါပြန် သေချင်စိတ် ပေါက်သွားမယ်၊ နင့်အဖေ ငမူးရောလို့ဆို ကောင်လေး"

"အဖေ... ဒိုးဝိုင်းလိုက်သွားတယ်၊ ဖွားရွှေဂုန်ရ၊ ညောင်တုန်းကို တစ်ညအိပ်သွားတာ၊ ဒီနေ့ပြန်လာမယ်တဲ့..."

"အော... အလုပ်လုပ်ဖော်တော့ ရသေးသားပဲ၊ ပိုက်ဆံရော ထားခဲ့ရဲ့လား... ကောင်လေး"

"ထားခဲ့ပါတယ်၊ ထမင်းတော့ မစားဘူး၊ မုန့်ဟင်းခါး ဝယ်စားတယ်..."

"စားရရဲ့သားနဲ့များ ဒီဟာမလေးက ဘာနားပူနားဆာ လုပ်နေရ

တာတုန်း... ခုနှစ်အိမ်ကြား၊ ရှစ်အိမ်ကြား..."

"ဖွားရွှေဂုန်ကလည်း ကလေးဆိုတော့ မုန့်စားချင်တာပေါ့ဗျ..."

"အောင်မယ်၊ ဒါလေးများထိရင် နာပြီ၊ သူက ဖအေကျနေတာပဲ၊ ရော့... မုန့်ဖိုးငါးဆယ်၊ ပြီးတော့ကျ သွားဝယ်ကျွေးလိုက်။ ဟင်း... ကျွေးလို့သာ ကျွေးရတာ၊ အဲဒီဟာမလေးကိုများ၊ ငါက သိပ်မျက်နှာကြော တည့်တာများ မှတ်မနေနဲ့..."

ဖွားရွှေဂုန်အကြောင်းကို ကျွန်တော်ကတော့ သိပြီးသားပါ။ ဒါပေမဲ့ သုံးနှစ်သမီး မိဂျစ်တူးလေးကတော့ ဘာသိရှာမှာတုံး။ ဒါကိုပဲ ဖွားရွှေဂုန် တစ်ယောက်ကတော့ ဒီသုံးနှစ်သမီးကိုပဲ (အမေ့ကို ချစ်တဲ့ ခင်တဲ့စိတ်နဲ့ အသက်ကြီးမှ သူ့ကို မွေးရလို့ အမေဆုံးရတယ်ဆိုပြီး) ရန်ရှာလို့မဆုံး၊ ရန်လုပ်လို့မဆုံး...။ တဖျစ်တောက်တောက် ပြောလို့မဆုံး...။

"နင့်အမေက ပြောစကားမှ နားမထောင်တာ၊ မိသူဇာ... ညည်း လင်ငမူးနဲ့ နောက်ကလေးတစ်ယောက်တော့ မရပေ့စေနဲ့နော်၊ မယူနဲ့ တော့နော်နဲ့ ငါအတန်တန် ပြောသားပဲ။ တစ်ခါတည်း ဟုတ်ကဲ့ပါ။ စိတ်ချပါ။ ဒေါ်လေးကလည်း မျောက်တူးတောင် ဆယ်နှစ်ကျော်နေပြီ၊ ကျွန်မ ကလေးမရတော့ပါဘူး၊ သေချာပါတယ်နဲ့လေ။ မပြောလိုက်ချင် ဘူး။ ဟဲ... မျောက်တူး၊ နင်အခု အသက်ဘယ်လောက်ပါလိမ့်"

"အဖေ ပြောတာပဲ၊ ဆယ့်ငါးနှစ်တဲ့"

"ဟဲ့... ဟုတ်ကဲ့လား၊ ဒီငမူးကလည်း တောင်ပြော၊ မြောက် ပြော..."

"ဟုတ်ပါတယ်၊ ဖွားရွှေဂုန်ရဲ့၊ အမေဆုံးတုန်းက ကျွန်တော် ဆယ့် နှစ်နှစ်ဥစ္စာ၊ အမေဆုံးတာ သုံးနှစ်ရှိပြီလေ..."

ဖွားရွှေဂုန်က "အင်း" ဆိုပြီး ငိုင်တွေတွေကြီးနဲ့။ ကျွန်တော်က မိဂျစ်တူးလေးကို ချီပြီး မုန့်ဆိုင်ကို မြန်မြန်ပြေးချင်လှပြီ။

"ဖွားရွှေဂုန်က မုန့်ဖိုးတွေ ဘာတွေပေးတာ နတ်ပွဲရှိလို့လား... ဟုတ်လား"

"အေး... ရှိတယ်၊ မနက်ဖြန် တော်သေးတာပေါ့။ ဟိုအဆိုတော် ကောင်မလေးတစ်ယောက်က အသံဝင်နေလို့...၊ ငါ့လာခေါ်တာ..."

"ကျွန်တော်တို့ မုန့်ဆိုင်သွားတော့မယ်..."

"အေး... အေး...၊ ဟဲ့... ဟဲ့... ခဏနေဦး၊ နင် ဟိုတိုက်ဆောက်တဲ့ ဆီမှာ အလုပ်လုပ်နေဆို"

"ဟုတ်တယ်လေ၊ အဲဒီအလုပ်က ပြီးသွားပြီ ဖွားရွှေဂုန်ရ၊ ကျွန်တော် မဆလာပဲ သယ်တတ်တာဥစ္စာ"

"အေး... ဒါဆိုအတော်ပဲ၊ နင့်ကို အလုပ်ပေးရမယ်"

"ဘာအလုပ်လဲ"

"နက်ဖြန် ငါနဲ့ နတ်ပွဲလိုက်ခဲ့၊ ဟိုမှာ ကျားလုပ်မယ့်သူ လိုနေ တယ်..."

"ကျား... ဟုတ်လား၊ ဟာ ကျွန်တော်မှ မလုပ်တတ်တာ"

"ဟဲ့... ဘာမလုပ်တတ်ရမှာလဲ၊ နတ်ပွဲမှာ စီးတော်ကျားလုပ်တဲ့ လူကို နင်ငယ်ငယ်တုန်းက မမြင်ဖူးဘူးလား"

"မြင်တော့မြင်ဖူးတာပေါ့"

"အေးလေ...၊ ပဝါလေးတစ်ထည် ခေါင်းချည်ပြီး နတ်ကတော် နောက်က လေးဘက်ထောက် လိုက်ရုံပဲ၊ ဒါပဲ၊ ပြီးတော့ ဘေးမှာ ထိုင် နေတဲ့လူတွေကို ခေါင်းလေးနဲ့တိုက်၊ ပိုက်ဆံတောင်း"

"ဟာဗျာ... ရှက်စရာကြီး၊ မလုပ်ချင်ပါဘူး..."

"ဟဲ့... ဘာမလုပ်ချင်ရမှာလဲ၊ ပိုက်ဆံရမယ့်အလုပ်ကို၊ လူလေး ကဖြင့် လက်တစ်ဆစ်လောက်နဲ့ ရှက်သလေးဘာလေးနဲ့၊ ခုပွဲက သူဌေး ပွဲဟဲ့၊ သီးသန့်ပွဲ...၊ ပိုက်ဆံရမှာ နားလည်လား"

"ကျွန်တော့်ကို ဘယ်လောက်ပေးမှာလဲ"

"တစ်ထောင်ပေးမှာ၊ ပြီးတော့ နင်ခေါင်းတိုက်ကြေးလေး ဘာလေးလည်း ပေးဦးမှာလေ"

"လိုက်မယ်ဗျာ ချမယ်"

"ဟဲ့... ကောင်မလေးကို နင့်အဖေနဲ့ ထားခဲ့နော်၊ မခေါ်ခဲ့နဲ့"

နောက်ဆုံးတော့ ဖွားရွှေဂုန်နဲ့ ကျွန်တော် သဘောတူညီချက် ရသွားခဲ့ပါတယ်။ ဖွားရွှေဂုန်က မနက်ဖြန် မနက်စောစောတဲ့...။ ပိုက်ဆံ တော့လိုချင်တယ်။ ဒါပေမဲ့... ကျွန်တော် ကြောက်လည်း ကြောက်တယ်။

* * *

× × × ပုံ့ညွှန်း× × × ငှက်မောင်နှံ× × × ပုံ့စရာ× × × ပုံ့ချင် ပြီ× × × မှုံရီ× × × မှုံရီ မှုံပြာ× × × လျှပ်ခိုးတိမ်တောင်× × × လွမ်း လေအောင်× × ×

နတ်ဆိုင်းသံဟာ ကျွန်တော့်ရင့်ကို တဒိတ်ဒိတ်ခုန်စေပြီး ငိုလည်း ငိုစေချင်ပါတယ်။ အမေ့ကို သတိရလို့ပေါ့။ သနပ်ခါးတွေ ဖွေးနေအောင် လိမ်းပြီး နှုတ်ခမ်း နီနီရဲရဲလေး ဆိုးထားတဲ့ အမေ့အသံစူးစူးလေးကို ကျွန်တော် လွမ်းပါတယ်။ ဆိုင်းဝိုင်းကြီးဘေးနားမှာ ပုံ့ပုံ့လေးထိုင်ရင်း လည်ချောင်းတွေထောင်နေအောင် တအားအော်ရရှာတာ။ အမေရေ... ဒါလောက်ကြီးတဲ့၊ ဒါလောက်လှပခမ်းနားတဲ့ တိုက်ကြီးမျိုးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ သူတို့ ဧည့်ခန်းကြီးက နတ်ကန္နားပွဲ မဏ္ဍပ်တစ်ခု လောက်ကို ကျယ်တာအမေရ။ မဏ္ဍပ်မထိုးဘဲ အိမ်အောက်ထပ်မှာတင် နတ်ပွဲလုပ်လို့ရတယ်။ ကျားလုပ်ရမှာကို ကြောက်ရတဲ့ထဲ နတ်ကတော် အဖွဲ့ထဲက မိန်းမလျာတွေက ကျားလေး၊ ကျားလေးဆိုပြီး လာဖက်နမ်း လို့ ထွက်ပြေးရသေးတယ်။ စိတ်ညစ်ပြီး ပြန်ကိုပြေးချင်ရော။

"ဟဲ့... မျောက်တူး... လာဦး"

အရေးထဲ ဖွားရွှေဂုန်က ပျာယာပျာယာနဲ့ လာပြန်ပြီ။ ဘာမပြော ညာမပြောနဲ့ ခြံထောင့် ဆွဲခေါ်သွားပြန်တယ်။

"နင်... မျောက်လိုကတတ်လား... ကောင်လေး"

"ဟာ... မကတတ်ပါဘူး"

ဖွားရွှေဂုန်က ကျွန်တော့်ကိုကြည့်ပြီး သွားကျိုး ပါးကျိုးနဲ့ ရယ်

တယ်။

"နာမည်က မျောက်နာမည်မှည့်ထားပြီး မျောက်က မကတတ်ဘူး။ ဒီမှာကြည့် ငါလုပ်ပြမယ်..."

အဲဗျာ... ဒုက္ခပဲ၊ ဒီဘွားတော်နဲ့တော့၊ နှုတ်ခမ်းကြီးထော်၊ ခေါင်းတွေကုတ်ပြီး လူကပါ ပုကွပုကွနဲ့ မျောက်က ကပြနေသေးတယ်။

"တွေ့လား... လွယ်လွယ်လေးကို၊ နင် မလုပ်တတ်ဖူးလား..."

"ဟာ... မလုပ်တတ်ပါဘူးဆို၊ ဖွားရွှေဂုန်နော်၊ ကျွန်တော့်ကို ဖွတ်လုပ်ခိုင်းရင် ကျွန်တော်ပြန်ပြေးမှာဗျ"

"ကဲပါ၊ ကဲပါ ပြန်တော့မပြေးပါနဲ့ ကျေးဇူးရှင်လေးရယ်၊ ကျားလုပ်တာထက် မျောက်က ကတာက ပိုကောင်းတယ်ဟဲ့၊ နင် နားမလည်ပါဘူး"

တော်ပါပြီဗျာ၊ ဘာတွေပြောနေမှန်းလဲ မသိဘူး။ ဒီမှာ... အလိုလိုနေရင်း ရင်တွေ ဒိတ်ဒိတ်၊ ဒိတ်ဒိတ် ဖြစ်နေပါတယ်ဆိုမှ။

"ဟဲ... ကျား...၊ ကျား... ဘယ်မလဲ"

"ကျားလေးရေ၊ ကျားလေး"

ဟော... ခေါ်ပြီဗျ၊ ခေါ်ကုန်ကြပြီ။ တိုက်ကြီးနောက်ဖေးထဲကို။ ကျွန်တော် ဘယ်လိုပြေးဝင်သွားမိမှန်းလည်း မသိဘူး။ နတ်ဆိုင်းသံတွေကြားထဲက လူတွေရှေ့ကို မိန်းမလျာ နတ်ကတော် တစ်ယောက်နဲ့တူတူ ဘယ်လိုရောက်သွားမှန်လည်း မသိလိုက်ပါဘူး။ ကော်ဇောကြီးပေါ်မှာ လေးဘက်ထောက်လေးနဲ့ ဟိုပြေး၊ ဒီပြေး လုပ်လိုက်၊ နတ်ကတော်က စီးတော်ကျား ကျောပေါ်မှာထိုင်ပြီး စကားပြောချင်ရင် ငြိမ်နေလိုက်ရနဲ့...။ တချို့မိန်းမကြီးတွေက ကျွန်တော့်ခေါင်းကို ပွေ့ဖက်ပြီး ဆုတွေအများကြီးတောင်းကြတယ်။ ရေမွှေးတွေနဲ့ ဖြန်းတာကိုတော့ ကျွန်တော်အကြိုက်ဆုံးပဲ။ ကျွန်တော့်တစ်ခေါင်းလုံး မွှေးကြိုင်နေတာပဲ။ ဖွားရွှေဂုန် အသံကျယ်ကျယ် တုန်တုန်ကြီးကိုတောင် မကြားတစ်ချက် ကြားတစ်ချက်နဲ့ ကျွန်တော့်အခန်း ဘယ်လိုပြီးပြီး နောက်ဖေးခန်းထဲ ဘယ်လို

ပြန်ရောက်သွားမှန်းလည်း မသိဘူး။ ကျွန်တော့်တစ်ကိုယ်လုံးတုန်ပြီး ချွေးတွေက ရွှဲနစ်နေတယ်။ ခေါင်းပေါင်းပဝါကို ကျွန်တော် ဆွဲချွတ်ပစ်လိုက်တယ်။ ဟာ... ပိုက်ဆံတွေ၊ ခေါင်းပေါင်းပဝါကြားထဲက ထွက်လာတဲ့ပိုက်ဆံတွေ အများကြီး...။

"ဟဲ့... ဟိုကောင်လေး ပဝါထဲက အရွက်ကြီးမပါရင် သူ့ကို ပေးလိုက်ပါ"

နတ်ကတော်အကြီးဆုံးရဲ့ လှမ်းပြောသံနဲ့အတူ သူ့တပည့် မိန်းမလျာတစ်ယောက်က ပိုက်ဆံတွေဆီ ဖျတ်ခနဲလှမ်းကြည့်ပြီး "အရွက်ကြီးမပါပါဘူး။ ယူလိုက်၊ ယူလိုက်" တဲ့။ နှစ်ရာတန်နှင့် ရာတန်အခေါက်ကလေးတွေကို ပျာပျာသလဲ ကျွန်တော်စုပြီး ကောက်လိုက်တယ်။ တော်တော်များတယ်။ တော်တော်များတယ်။ တုန်တုန်ယင်ယင်နဲ့ ကျွန်တော် ရေကြည့်မယ်လုပ်ရင် ဟော... မျောက်၊ မျောက်ကြီးတဲ့...။ နောက်ဖေးခန်းကလူတွေ သည်းခနဲလှုပ်သွားကြပြီး ရှေ့ဘက်ခန်းကို ပြေးသွားကြတယ်။ ဘာဖြစ်တာလဲ။ ဟောဗျာ။ မင်းသမီးသုံးယောက်လို ဆံထုံးတွေ၊ ပန်းတွေ၊ မိတ်ကပ်တွေနဲ့ ပြင်ဆင်ပြီး ထွက်သွားတဲ့ မိန်းမလျာသုံးယောက်ဟာ ဖွားရွှေဂုန်လုပ်ပြသလို ကုန်းကွ၊ ကုန်းကွနဲ့ မျောက်က "က" လို့။ လူတွေက လက်ခုပ်ဝိုင်းတီးကြလို့။ အဲဒီအချိန်မှာ ဆိုဖာကြီးပေါ်ကနေ ရုတ်တရက် ထရပ်လိုက်တဲ့သူက မိဂျစ်တူးတို့အရွယ် ကလေးလေးတစ်ယောက်ပေါ့။ သူက အားရပါးရ လက်ခုပ်လေးတီးပြီး တခစ်ခစ် အော်ရယ်တယ်။ ဂါဝန်လှလှလေး တအိအိ လှုပ်သွားအောင်လည်း ခုန်ပေါက်လိုက်တယ်။ ပြီးတော့ သူ့ဘေးနားက ငွေဖလားထဲကနေ ပိုက်ဆံတစ်ထပ်ကို ဆွဲယူလိုက်ပြီး ငါးရာတန်နဲ့ နှစ်ရာတန်တွေကို မျောက်က "က" နေတဲ့ မင်းသမီးတွေဆီ လှမ်းပစ်ပေးတော့တာပဲ။ တစ်ရွက်ပြီးတစ်ရွက်။ တစ်ရွက်ပြီးတစ်ရွက်၊ အော်... သူက ဒီအိမ်ရှင်ရဲ့ တစ်ဦးတည်းသောမြေးမလေးတဲ့။ ဖွားရွှေဂုန်ရေ။ ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော့်ကို ဘာလို့ မျောက်က "က" စေချင်တယ်ဆိုတာကို ကျွန်တော်သိပြီ။

ငေးကြည့်နေတဲ့ ကျွန်တော့်ပခုံးကို တစ်စုံတစ်ယောက်က အသာ အယာ တို့တယ်။ ပြန်တော့မလို့နဲ့တူတယ်။ စိန်တွေ ရွှေတွေ အများကြီး နဲ့ အန်တီတစ်ယောက်က သူထိုင်ခဲ့တဲ့နေရာကို မေးငေါ့ပြတယ်။ သူထိုင် တဲ့ဘေးနားမှာ နတ်တွေဝင်တုန်းက စွန့်ခဲ့တဲ့ စားစရာတွေ၊ စားတော် စာတွေ အပုံလိုက်ကြီးရှိတယ်။ "ယူလိုက်တော့" တဲ့။

ကျွန်တော့်ကိုပေးတာ။ တစ်ဟုန်ထိုးပြေးပြီး ကျွန်တော့်ပုဆိုးထဲ ကို သိမ်းကျုံးထည့်လိုက်တယ်။ မုန့်ထုပ်တွေ၊ ချိုချဉ်တွေ၊ ဘဲဥပြုတ်၊ ပန်းသီး၊ သစ်တော်သီးတွေ။ ပြီးတော့ ပြီးတော့ ဝေဖာ၊ ဝေဖာထုပ်ရှည် ရှည်လေးတွေ၊ နိုင်ငံခြားဖြစ် ဝေဖာထုပ် ရှည်ရှည်လေးတွေ၊ မိဂျစ်တူး လေး ဘယ်လောက်ငိုပြီး ပူဆာ၊ ပူဆာ ကျွန်တော် အမြဲ ရှောင်ပြေးခဲ့ရ တာလေ...။ ဒီအထုပ်မျိုးလေးတွေကို တစ်ခါမှ မစားဖူးရှာတဲ့ ကျွန်တော် ရဲ့ညီမလေး...။ အဖေ အိမ်ပြန်နောက်ကျတဲ့နေ့တွေမှာ ကျွန်တော်တို့ မောင်နှမနှစ်ယောက် ရေကို မုန့်လိုသောက်ပြီး အိပ်ပျော်ခဲ့ကြရတာ လေ။ ကျွန်တော် နောက်ဆို ဖွားရွှေဂုန်ကြီးနဲ့ နတ်ပွဲ အမြဲတမ်း လိုက် မယ်။ ကျားလည်းလုပ်မယ်၊ မျောက်လည်းလုပ်မယ်၊ ဘာပဲခိုင်းခိုင်း ကျွန်တော်လုပ်ပါ့မယ်။ ခိုင်းသမျှ ကျွန်တော်လုပ်ပါ့မယ်၊ ကျွန်တော် လုံးဝ မရှက်တော့ပါဘူး။

ရွှေအမြုတေမဂ္ဂဇင်း၊
ဇန်နဝါရီ၊ ၂၀၀၆ ခုနှစ်။

❖

# ပိုက်ဆံကြဲပါဗျို့

ဝါဆိုဝါခေါင် အညာလေကြမ်းက ကားလမ်းမပေါ်မှာ တဝုန်းဝုန်း တိုက်ခတ်နေခဲ့တယ်။

လေသံတွေကြားမှာ တောင်ပြေးသွား ကားရောင်စုံရဲ့ စက်သံ လူသံတွေကလည်း ဆူညံလို့...။

"ပိုက်ဆံကြဲပါဗျို့..."

လက်နှစ်ဖက်ကို ပါးစပ်မှာကာပြီး ဖိုးချိုက အော်လိုက်တယ်။ ဖိုးချိုအော်တာနဲ့ ရဲအောင်အသံလည်း ပေါ်လာတယ်။


"ပိုက်ဆံကြဲပါဗျို့..."

ရဲအောင်ရဲ့ အသံလေးလေးကြီးနဲ့အတူ လမ်းဘေးဝဲယာက ဖိုးချိုတို့အုပ်စုရဲ့ သံပြိုင်အော်သံက တစ်ခဲနက် ထွက်ပေါ်လာတော့တယ်။

"ပိုက်ဆံကြဲပါဗျို့..."

"ပက်ကြဲ ကျဲဘာဂျို့..."

ဒါက သူများတွေနောက်မှာ အမြဲထွက်လာတတ်တဲ့ ချောစုရဲ့ မပီကလာ ပီကလာအသံ...


ပိုက်ဆံကြပါဗျိုး

"ဟိုအန်တီကြီး...ပိုက်ဆံကြဲပါဗျို့..."

ဒီအသံက သူများတွေထက် ထူးပြီး အော်တတ်တဲ့ နကားကျော်မင်းရဲ့အသံ...။

"ကြဲပြီဟေ့... ကြဲပြီ..."

ခရီးသည်တင် ဘတ်စ်ကားကြီးတစ်စင်းပေါ်က ဆယ်တန်လေးတွေ လမ်းဘေးကို ဝဲပျံ့လာတယ်။ အဆင်သင့်စောင့်ဆိုင်းနေတဲ့ ဖိုးချိုတို့ကလေးအုပ်ကြီးရဲ့ တစ်ဟုန်ထိုး အလုခံလိုက်ရတဲ့ ဆယ်တန် အနွမ်းလေးတွေခမျာ မည်းညစ်ကြေမွသွားခဲ့ပြီ။

နကားကျော်မင်းရဲ့ အပြိုင်လုလိုက်ရတဲ့ ရဲအောင် တစ်ကိုယ်လုံးဖုန်မှုန့်တွေ မြေကြီးတွေ ပေကုန်တယ်။ ဆူးကိုင်းတွေနား ပိုက်ဆံကကျသွားတော့ ရဲအောင် လက်ဖမိုးမှာ ဆူးခြစ်ရာက နှစ်ခု။ ဘာထူးလဲ ရဲအောင်တင်မှ မဟုတ်ပါဘူး။ ဖိုးချိုရော၊ ကျော်မင်းရော၊ ချစ်စုရော၊ လမ်းဘေးဝဲယာတစ်လျှောက်က ကလေးတွေ အကုန်လုံး ဖုန်တွေ၊ မြေကြီးတွေနဲ့ မည်းညစ်ပေကျံနေကြတာချည်းပဲ။ ဆူးခြစ်ရာတွေလည်းကိုယ်စီရှိပါတယ်။

"ပိုက်ဆံကြဲပါဗျို့... ပိုက်ဆံကြဲပါဗျို့... ပိုက်ဆံကြဲပါဗျို့..."

သူများလို တစ်ခွန်းချင်းမအော်တဲ့ အဆက်မပြတ် အော်တတ်တဲ့ ဇော်ထူးဆိုတဲ့ကောင် ပွဲတော်ရက်သုံးရက်ရှိသေး၊ အသံဝင်နေပြီ။ဘယ်လိုကောင်လဲမသိဘူး၊ မနားတမ်းအော်နေတာပဲ...။

"ချောစု နင်ရလား"

ချောစု ခေါင်းခါတယ်။ ဒီကောင်မလေးကတော့ ဒါမျိုးတွေချည်းပါပဲ။ သူများတွေနဲ့ပြိုင်ပြီး လုမှ မလုရဲတာချည်း...၊ ကြောက်ချေးလေး...ကားတွေကို ကြောက်လို့တဲ့... လမ်းပေါ်မတက်ရဲဘူး။ လမ်းဘေး သူရပ်နေတဲ့နား ပိုက်ဆံကျလာမှကောက်တယ်၊ ဘယ်လိုလုပ် ပိုက်ဆံရတော့မှာလဲ...။ ပိုက်ဆံက ကျလာရင် လုနိုင်၊ ယက်နိုင်၊ တွန်းနိုင်၊ ထိုးနိုင်မှ ကိုယ်ရတာ၊ ဒီကောင်မလေး ဒီနေ့လည်း သူ့အမေ ရိုက်ခံရမှာပဲ။

သနားလည်း သနားပါတယ်။ ပွဲတော်စတဲ့နေ့ ဖိုးချိုတို့နဲ့ လိုက်လာခါစ နေ့တုန်းကများ ကားအကြီးကြီးတစ်စင်းလာတာကို ကြောက်ပြီး လမ်းဘေးချိုင့်ထဲ ဆင်းဝပ်တာ ပြားနေတာပဲ၊ ရယ်လည်းရယ်ရတယ်။

"ပက်ကြဲ ကျဲဘာဂျို့..."

ဒါပဲ၊ ချောစု ဒါပဲ တစ်ခွန်းချင်းအော်နေမယ်၊ ပြီးရင် ချောင်းက အဆက်မပြတ် ဆိုးရဦးမယ်။ ချောင်းဆိုးရလွန်းလို့ သူ့မျက်လုံးထဲမှာ သွေးခြည်တွေဥနေတယ်။

"ပိုက်ဆံကြဲပါဗျို့..."

ခပ်လှမ်းလှမ်းက လာနေတဲ့ ကားအကောင်းစား လှလှလေး တစ်စင်းကို မြင်တာနဲ့ ဖိုးချိုတို့အုပ်စုရဲ့ အားတက်သရော အော်သံတွေ ထွက်လာတယ်။ ဒီလိုကားမျိုးတွေပေါ်ကမှ တစ်ရာတန်၊ နှစ်ရာတန် တွေ ကျလာတတ်တာ...။

ဟော... ဟော... မပြောဘူးလား၊ ကားမှန်မည်းမည်းလေး ပွင့်သွားပြီး ဝတုတ်ဖြူဖွေးနေတဲ့ ချစ်စုတို့အရွယ် ကောင်မလေး တစ်ယောက်ရဲ့ မျက်နှာလေးထွက်လာပြီ။

"ဟေး... ရာတန်တွေကွ..."

ကားလေးဘေးမှာ ဖိုးချိုရယ်၊ ရဲအောင်ရယ်၊ နကားကျော်မင်းရယ်၊ ဇော်ထူးရယ် လုံးထွေးသွားကြတယ်။ ပိုက်ဆံကြဲချတဲ့ ကောင်မလေးက မျက်ပေါက်ကျဉ်းကျဉ်းလေးတွေ ပိတ်သွားအောင် သဘောကျရင်း ပါသွားတယ်။

"ဟေ့... ကောင်လေးတွေ"

ရာတန်တစ်ရွက်ကို သဲကြီးမဲကြီး ပြိုင်ဆွဲလုနေတဲ့ ဖိုးချိုနဲ့ ကျော်မင်းနားမှာ ကားဘရိတ်အုပ်သံ ကျယ်ကျယ်လောင်လောင်ကို ကြားလိုက်ရတာနဲ့ လမ်းဘေးကို လိမ့်ချပြီးသားဖြစ်နေပြီ။

"သေမယ်၊ သေမယ်၊ မင်းတို့တွေ သောက်မှတ်လည်း မရှိကြ ဘူး၊ ပိုက်ဆံပဲမဲနေ၊ မင်းတို့အဖေလာတာလည်း ကြည့်ဦးမှပေါ့ကွ"

ကားဒရိုင်ဘာရဲ့ ဒေါသတကြီးရေရွတ်သံနဲ့ ခရီးသည်တွေရဲ့ တစ်ယောက်တစ်ပေါက် ပြောသံတွေကို ထုံးစံအတိုင်း ဖိုးချိုတို့က မကြားသလို လုပ်နေလိုက်ကြတယ်။ ဒါမျိုးတွေက ရိုးနေပါပြီ။

"ကားပေါ်က ပိုက်ဆံကြွေချတဲ့ အကျင့်ကြီးကိုက မကောင်းဘူး၊ စေတနာရှိလို့ ပေးချင်ရင် ရပ်ပြီးပေးပေါ့"

"အဲ့ဒါ... မန္တလေးမြို့ရဲ့ ပိုက်ဆံထားစရာ မရှိတဲ့သူတွေလေ၊ သူတို့စတာပေါ့ဗျာ... တောက်..."

မလုပ်ပါနဲ့ဗျာ၊ မပြောပါနဲ့။ သူတို့က ကျုပ်တို့ ကျေးဇူးရှင်တွေဗျ။ ကားပေါ်မှာ ဒေါသကြီးသွားတဲ့ ခရီးသည်ကြီးကို ဖိုးချိုစိတ်ထဲက ပြောလိုက်တယ်။ သူတို့ကမှ ရာတန်ကြွေတာ ဦးကြီးရေ၊ ဦးကြီးတို့က ငါးကျပ်တန်တောင် လေးငါးရွက်အနိုင်နိုင် သိရဲ့လား။

"ဟေ့ကောင် မင်း တအားလုတာနဲ့ ပိုက်ဆံက ပြဲသွားပြီ" ကျော်မင်းက ပြတ်လုလုရာတန်လေးကို ကြည့်ပြီး နှမြောတသနေတယ်။

"ငါ့လက်ထဲရောက်ပြီးသားကို မင်းကဘာလို့ လာလုသေးလဲ"

ခြေမြန်လက်မြန် ဖိုးချိုက ကျော်မင်းရဲ့ နားရွက်ကားတစ်ဖက်ကို လှမ်းဆွဲလိမ်ပစ်လိုက်တော့ ကျော်မင်းက ဟေ့ကောင်နော်ဆိုပြီး ရန်းထွက်သွားတယ်။ အလကား နကား၊ ညဏ်နီညဏ်နက်သာ ထုတ်တတ်တာ၊ သတ္တိကတော့ တစ်စက်မှမရှိပါဘူး။

"မင်းတို့... မင်းတို့ကောင်တွေ သေ သေတော့မလို့၊ ကား... ကားက ဘရိတ်အုပ်လိုက်လို့၊ အောင်မြင့် အောင်မြင့်လို ဖြစ်တော့မလို့"

ရဲအောင်က သူ့အသံလေးလေး ထစ်အ ထစ်အနဲ့ ဝင်ပြောတော့ ဖိုးချိုနဲ့ ကျော်မင်းက မျက်နှာလေးတွေ ငယ်သွားကြတယ်။ မနှစ်က ပွဲတော်စည်ရက်တစ်ရက်မှာ ပိုက်ဆံလုရင်း ကားကြိတ်ခံသွားရတဲ့ အောင်မြင့်မျက်နှာကို သတိရသွားကြတယ်။

"ဘာဆိုင်လို့လဲကွ၊ အောင်မြင့်က နောက်က မောင်းလာတဲ့ ကားက တအားမောင်းလာလို့ သေတာပဲ။ ဖြည်းဖြည်းမောင်းရင် ဘာမှ

မဖြစ်ဘူးကွ၊ ဘရိတ်အုပ်လိုက်ရတာပဲ..."

"အောင်... အောင်မြင့်က နတ်... နတ်ဖြစ်နေပြီတဲ့ကွ..."

"ဟင်... ဟုတ်လား..."

နတ်ကို ရိုသေကြောက်ရွံ့တဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းရတဲ့ ဖိုးချိုတို့တစ်တွေ ခဏငြိမ်သွားကြတယ်၊ ခဏပါပဲ။ ကားတစ်စင်းပေါ်က ပိုက်ဆံလေးတွေ ဝဲကျလာတဲ့အခါမှာတော့ ဝုန်းခနဲ ပြေးလိုက်ကြရင်း "ပိုက်ဆံကြဲပါဗျို့" ကိုလည်း တာဝန်တစ်ရပ်လို သံပြိုင် အော်လိုက်ကြပြန်တယ်။

"ဗိုက်ဆာတယ်၊ ထမင်းသွားစားမယ်ဟေ့ ချောစု... လာ..."

လမ်းဘေးချိုင့်ထဲ ဖိုးချို ဆင်းပြေးတဲ့နောက်ကို ချောစုက ချောင်းတဟွတ်ဟွတ်ဆိုးရင်း ပြေးလိုက်လာတယ်။ ရဲအောင်လည်း ပြေးလိုက်လာတယ်။ ကျော်မြင့်နဲ့ ဇော်ထူးကတော့ လမ်းအရှေ့ဘက် ဘေးက သူတို့တဲစုလေးတွေဆီ ပြေးပြီ။ ဒီကောင်တွေက ဟိုဘက်အနိမ့်ပိုင်းရွာတွေက...။ ဒီအချိန်ဆို ရေကြီးပြီး သူတို့အိမ်တွေမြုပ်ကုန်တော့ ကားလမ်းဘေး ခဏလာနေရတယ်။ ရေမြုပ်လို့ အလုပ်အကိုင်မရှိ ပိုက်ဆံမရှိတာနဲ့၊ ပိုက်ဆံကြဲတာနဲ့ အံကျနေလို့ တော်သေးတာပေါ့။

ဖိုးချိုတို့အမေက ကလေးနို့တိုက်ရင်း ထနောင်းပင်အောက်က စောင့်နေတယ်။ ဖိုးချိုတို့ရွာက တာလမ်းမနဲ့ သိပ်မဝေးလှဘူး။ ရဲအောင်တို့ ချောစုတို့ရွာကတော့ ဖိုးချိုတို့ထက် ဝေးတယ်။ ရဲအောင်အမေနဲ့ ချောစုအမေလည်း တခြားထနောင်းပင်အောက်မှာ ထမင်းထုပ်ကိုယ်စီနဲ့ စောင့်နေကြတယ်။ တခြားရွာတွေက ကလေးတွေရဲ့ အမေတွေလည်း တာချိုင့်ထဲမှာ သစ်ပင်ရိပ်တွေမှာ ရှိနေကြတယ်။ ဒီအချိန်ဆို ရွာ မူလတန်းလေးတွေမှာ ကျောင်းသားမရှိတော့ဘူး။

"အမေ... ဘာဟင်းလဲဗျ..."

"ပုစွန်လုံးနဲ့ မန်ကျည်းသီးစိမ်းချက်..."

ထမင်းထုပ် ဒန်အိုးကို ဖိုးချိုက အငမ်းမရဖွင့်တော့ အမေ့

လက်ခေါက်က ဖိုးချိုခေါင်းပေါ် "ဒေါက်" ခနဲ ရောက်လာတယ်။

"ကောင်လေးဟာ ဒီလိုချည်းပဲ။ စားရမယ့်ဟာကို ငမ်းငမ်းတက်နေတာပဲ။ ပြစမ်း ပိုက်ဆံဘယ်လောက်ရလဲ..."

ဖိုးချိုမျက်နှာ ရှုံ့မဲ့သွားပြီး အိတ်ထောင်ဖတ်လတ်လေးထဲက ငါးကျပ်တန်၊ ဆယ်တန် အလုံးလေးတွေနဲ့ ဘောင်းဘီအိတ်ထဲက ရာတန် အလုံးလေးတွေကို ထုတ်ပေးလိုက်တယ်။

"အမယ် ရာတန်တွေပါလား"

ပိုက်ဆံလုံးလေးတွေကို ဖြန့်ရင်း အမေ့မျက်နှာက ပြုံးသွားတယ်။ ပြုံးပေမပေါ့။ ဒီပိုက်ဆံလုံးလေးတွေဟာ ဖိုးချိုတို့အတွက် ထမင်းလုံးလေးတွေဖြစ်အောင် လုပ်ပေးမှာကိုး။ ဒီပိုက်ဆံလုံးလေးတွေကို တစ်နှစ်ပတ်လုံးပဲ ဖိုးချို ကောက်နေချင်ပါတယ်။ ထမင်းမစားရမှာကို ဖိုးချိုကြောက်တယ်။

"ဟဲ့ နင့်ဘယ်သူက လုစားမှာမို့လဲ၊ ကောင်လေးဟာ ဖြည်းဖြည်းစားစမ်း..."

အမေ့လက်ခေါက်ကို ရှောင်ရှားရင်း လည်ချောင်းထဲက ထမင်းလုတ်ကို ဖိုးချို မျိုချလိုက်တယ်။

"အမေ... အောင်မြင့်က နတ်ဖြစ်နေပြီဆို... ဟုတ်လား"

"အို... ပေါက်ပေါက်ရှာရှာ အလကား တောင်ပြုံးမှာ နတ်တစ်ပါးတိုးမလားလို့ သူ့အမေ နတ်ကတော် ထွင်နေတာ။ ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ကြားရင် စိတ်ဆိုးဦးမယ်..."

ဖိုးချို ဝမ်းသာသွားသည်။ အောင်မြင့် နတ်ဖြစ်လာပြီး ကိုယ့်ကိုလာပြီး နတ်ကိုင်မှာကို ဖိုးချိုကြောက်တယ်။ ဖိုးချိုတို့ရွာတွေမှာ နတ်ကိုင်ခံရလို့ ဖျားနာတဲ့သူတွေ ပါးစပ်ကြီးရွဲ့သွားတဲ့သူတွေ၊ လမ်းမလျှောက်နိုင်တော့တဲ့သူတွေ အများကြီးရှိတယ်။

"အမေ ငါးဆယ်လောက်ပြန်ပေး။ မုန့်ဝယ်စားချင်တယ်"

"ဟဲ့... နင်ဟာက မလွန်ဘူးလား၊ ခုပဲ ထမင်းတွေ တစ်ဇလုံကြီး၊

ငတ်ကြီးက ကျကျနိုင် ရော့ ရော့..."

အမေ ပစ်ချလိုက်တဲ့ ပိုက်ဆံကြေငါးဆယ်ကို အမြန်ကောက်ပြီး ဝမ်းသာအားရ လမ်းမဆီကို ဖိုးချို ပြန်ပြေးခဲ့တယ်။ ငရုတ်သီးစပ်နေတုန်း ရေခဲချောင်းချိုချိုကို စုပ်လိုက်ရတဲ့ အရသာကို ဖိုးချို အလွန်ကြိုက်ပေါ့...။

"ပိုက်ဆံကြေပါဗျို့..."

နကားကျော်မင်းတို့ ဇော်ထူးတို့ အလုပ်ပြန်စနေပြီ။ ခဏနေဦးမယ် ရေခဲချောင်းလေးကို အရသာခံပြီး စုပ်လိုက်ဦးမယ်။

"ဟေး... နစ်ရာတန်တွေကွ... ဟေး..."

မေးစေ့ပေါ် စီးကျလာတဲ့ ရေခဲချောင်းအချိုရည်ကို လျှာနဲ့ လိမ်း သတ်နေတဲ့ ဖိုးချို တုန်ခနဲ ဖြစ်သွားတယ်။ ဟာ... ကားတန်းကြီးက အရှည်ကြီးပဲဟ၊ မဖြစ်တော့ဘူး။

"ဟဲ့... ကောင်မလေး... ရော့..."

လက်ကျန်ရေခဲချောင်း ငုတ်စိလေးကို စောစောကတည်းက ပါးစပ်တပြင်ပြင်နဲ့ မျှော်နေတဲ့ ချောစုလက်ထဲ ထိုးထည့်ပေးခဲ့ပြီး ကျော်မင်းတို့အုပ်စုထဲကို အရှိန်အဟုန်နဲ့ ဖိုးချို တိုးဝင်လိုက်တယ်။ နကားနဲ့ ဇော်ထူးကြားဝင်ပြီး လက်နှစ်ဖက်နဲ့ နှစ်ကောင်လုံးကို ဆောင့် တွန်းလိုက်ပေမဲ့ ဟိုနှစ်ကောင်က ငါးဆယ်တန်နှစ်ရွက်ကို ကောက်ပြီးသား ဖြစ်နေပြီ။

"ဟား... ဟား... ဖိုးချိုရာ... သနားတယ်... သနားတယ်..."

ဒေါသဖြစ်သွားတဲ့ ဖိုးချိုပါးစပ်က ကလေးနဲ့မလိုက်တဲ့ လူကြီး အဆဲတစ်ခု တစ်တစ်ခွခွ ထွက်လာတယ်။ နကားကျော်မင်းက ပြန်ဆဲဖို့ အရှိန်ယူပေမဲ့ ကားတန်းဆီက ဝဲပျံထွက်လာတဲ့ ပိုက်ဆံလေးတွေကြောင့် ပါးစပ်ပိတ်ပြီး ပြေးတယ်။ ဖိုးချိုနဲ့ ရာတန်တစ်ရွက်ကို အကြိတ်အနယ် လုလိုက်ရတယ်။ ဖိုးချိုဆိုတဲ့ကောင် သူရသွားတော့ မျက်နှာက ပြုံးဖြဲဖြဲ၊ ခွေးသူတောင်းစား။ နကားကျော်မင်းက မျက်နှာကို စူပုပ်ထားတယ်။

ကားတန်းက နည်းနည်းကျဲသွားပြန်ပြီ။ တချို့ကားတွေက ကား

ရှင်းရင် တအားသာ မောင်းသွားတာ။ ပိုက်ဆံလေးတစ်ရွက်တောင် ကြဲဖော်ရတာ မဟုတ်ဘူး။ ပြောတုန်းရှိသေး ကားတစ်စင်းက အပြင်း မောင်းရင်း ပိုက်ဆံလေးတစ်ရွက်က ဖြန်းခနဲ လေအရှိန်နဲ့ပါလာပြီး ဘယ်သူမှ မလုလိုက်နိုင်ခင်မှာ ဖိုးချို့ရဲ့ ရေခဲချောင်းငုတ်စိကို မက်မက် မောမော စုပ်နေတဲ့ ချောစုရဲ့ ခြေထောက်နား ဖတ်ခနဲကျတယ်။

"ဟာ... ငါးရာတန်..."

ဖိုးချို့တို့ အားလုံးဆီက အံ့သြတကြီး အော်လိုက်သံတွေနဲ့အတူ ချောစုက ဖျတ်ဆို အလျင်အမြန်ကောက်လိုက်တယ်။ ပြီးတော့ ဝမ်းသာ လို့လားမသိ။ ချောင်းက အဆက်မပြတ် ဆိုးပါလေရော။ ကောင်မလေး ကိုကြည့်ပြီး ဖိုးချို့တို့တစ်သိုက်က ဝိုင်းရယ်ကြတယ်။

"ငါ... ငါ... တစ်ခါ... တစ်ခါမှ... ငါး... ငါးရာတန် မရဖူးဘူး"

"အေးကွာ..."

ရဲအောင်စကားကို ဇော်ထူးက ထောက်ခံရင်း နောက်လာတဲ့ ကားတွေကို "ပိုက်ဆံကြဲပါဗျို့... ပိုက်ဆံကြဲပါဗျို့" တဲ့။ ဇော်ထူးလိုပဲ ဖိုးချို့စိတ်ထဲမှာ "ငါလည်း လိုချင်လိုက်တာကွာ" လို့ ပြောမိတယ်။

"ဟော... လာပြီဟေ့... ကားတွေ...၊ ပိုက်ဆံကြဲပါဗျို့..."

"ဟာ... ကားအကောင်းစားတွေပဲ ပိုက်ဆံရွက်တွေကျလာပြီ။ ငါးဆယ်တန်၊ ရာတန်။ ဟာ... ဟိုမှာ... ငါးရာတန်တွေကွ...။ လေ အဟုန်လို ဖိုးချို့ တအားပြေးလိုက်တယ်"

"ဟေ့ကောင်လေး၊ ဟေး..."

"ဖိုးချို့... ဟေ့ကောင်"

အော်သံတွေနဲ့ ကားဘရိတ်အုပ်သံက အကျယ်ကြီးကိုတော့ ဖိုးချို့ ကြားပါသေးတယ်။ ဒါပေမဲ့ ငါးရာတန်တွေဆီ မရောက်ခင်မှာဘဲ ဖိုးချို့တစ်ကိုယ်လုံး လေထဲမှာ မြောက်တက်သွားခဲ့ပြီ။ အမေလုပ်ပါဦး။ အောင်မြင့်ကို မြင်ရတယ်။ ဟေ့ကောင် အောင်မြင့် ငါ့ကို လာမခြောက် နဲ့။ မင်း... မင်း... ငါ့ကိုလည်း ခေါ်လို့မရပါဘူး။ သွား... သွား... ငါ

ဘာမှမဖြစ်ဘူး။ ကြည့်... ငါအော်ပြမယ်၊ ပိုက်ဆံကြဲပါဗျို့... ပိုက်ဆံကြဲပါဗျို့...။ ပိုက်... ဆံ... ကြဲ... ပါ... ဗျို့...။

ရွက်နဝေမဂ္ဂဇင်း၊
နိုဝင်ဘာ၊ ၂၀၀၆ ခုနှစ်။

❖

## လွှိုင်ကာထုံ

တောင်ညိုညို ပတ်လည်ဝန်းရံတဲ့ "ဇင်းမယ်" မြို့ကလေးရဲ့ အလှဆုံးအချိန်နဲ့ နေလို့ထိုင်လို့ အကောင်းဆုံးအချိန်ဟာ ဆောင်းဦး ပေါက်ချိန်လို့ ကျွန်မက ထင်တယ်။ နိုဝင်ဘာလဆန်းပေါ့။ စိမ့်စိမ့်လေး အေးမြနေတဲ့ ရာသီဥတုနဲ့အတူ ပန်းတွေကလည်း ပွင့်ကြပြီ။ မနက် စောစောဆိုရင် တောင်ညိုညိုတွေကို လွှမ်းခြုံရစ်သိုင်းထားတဲ့ ငွေနှင်း မှုန်ပြာပြာဟာ တကယ့်ကို လွမ်းစရာ...။ ကြည့်လို့ကိုပဲ မဝနိုင်ပါဘူး။

ဇင်းမယ်တက္ကသိုလ်ဝန်းကျင်က လမ်းကလေးတွေက အေးချမ်း တိတ်ဆိတ်ပြီး လမ်းလျှောက်လို့ ကောင်းတယ်။ တွေးလို့ ငေးလို့လည်း ကောင်းတယ်။ တစ်ခါတစ်ခါကျတော့လည်း လမ်းဘေးသစ်ပင်အုပ်ဆီ က ချိုးကူသံ နွဲ့နွဲ့က ကျွန်မကို အိမ်ပြန်ချင်အောင် လုပ်တတ်တယ်။ ဆောင်းဦးပေါက်တာနဲ့ သူတို့ရဲ့ ဓလေ့ထုံးစံပွဲတော်တွေကလည်း လာ တော့မယ်။ ပန်းပွဲတော်၊ အစားအသောက်ပွဲတော်၊ ပိုးထည်ပွဲတော်၊ ချည် ထည်ပွဲတော်၊ စဥ့်ပွဲတော်၊ ကြွေပွဲတော်၊ ပျော်စရာကောင်းပြီး ချစ်စရာ၊ စိတ်ဝင်စားစရာ၊ ကောင်းတဲ့ များစွာသော ပွဲတော်တွေ၊ လာတော့မယ်။

ကျွန်မအလွန်သဘောကျတဲ့ ဆန်းဒေးဝေါ့(ခ်) (Sunday



Walk)။ ဇင်းမယ်ရဲ့ ထပ်ဖေဂိတ်တံခါးအနီးက ရိုးရာပစ္စည်း၊ ရိုးရာအစားအစာ၊ ရိုးရာအဆိုအကတွေနဲ့ တနင်္ဂနွေညဈေးဟာလည်း ဆောင်းဦးပေါက် တနင်္ဂနွေညတွေကမှ ပိုပြီး အသက်ဝင်နေသလို ပိုပြီး ပျော်စရာကောင်းနေသလိုပဲ။

ကျွန်မ အခန်းမျက်နှာစာ မှန်ချပ်ရှည်ကြီးတွေကနေ လှမ်းမျှော်ကြည့်လိုက်ရင် ဇင်းမယ်မြို့ရဲ့ နာမည်ကြီး စူပါမားကက် "စင်ထရယ် စူပါမားကက်" (Centeral Super Market) ကြီးကို မြင်နေရတယ်။ သူတို့ အင်္ဂလိပ်အသံထွက်နဲ့ "စန်ထန်" စူပါမားကက်ပေါ့။ ကျွန်မတို့ တောင်မှ လိုက်ပြီး နောက်ပြောင်ခေါ်ရင်း တက္ကစီစီးတဲ့အခါ ကားဆရာကို ပြောရင်းနဲ့ "စန်ထန်း" လို့ပဲ နှုတ်ကျိုးနေခဲ့ပြီ။

ညိုမှိုင်းမှိုင်းရောင် "စန်ထန်း" ကို ကျွန်မက ချစ်တယ်။ ခင်လည်း ခင်တယ်။ မနက် Breakfast အချိန်တိုင်းလည်း လက်ဖက်ရည်သောက်ရင်း "စန်ထန်း" ကို အမြဲမြင်ရတယ်။ ကျွန်မလိုအပ်သမျှ အစားအသောက်၊ အဝတ်အထည်၊ ဘာညာမှန်သမျှ ဝယ်ချင်တော့လည်း "စန်ထန်း" ပဲ။ ကျွန်မ ရုပ်ရှင်ကြည့်နေကျနေရာကလည်း "စန်ထန်း" ပဲ။ တစ်ခါတလေ အခန်းထဲမှာ တစ်ယောက်တည်း အထီးကျန်သလို ဖြစ်လာရင် ဖျတ်ဆို ထပြီး ကျွန်မ သွားမိတာကလည်း "စန်ထန်း" ပဲ ဆိုတော့ နှစ်နှစ်အတွင်းမှာ ကျွန်မ စွဲလမ်းတာလေးတစ်ခု ရှိသေးတယ်။ "စန်ထန်း" ရဲ့ အောက်ဆုံးထပ် ရိုးရာအဝတ်အထည်တွေ၊ ရိုးရာပစ္စည်းတွေ သီးသန့်ရောင်းတဲ့နေရာက စားသောက်ဆိုင်လေးပေါ့။ ထိုင်းအစားအစာချည်းရောင်းတဲ့ ဆိုင်ကလေးပါပဲ။ ဒါပေမဲ့ သူ့ရဲ့ ထူးခြားချက်က ရိုးရာအကနဲ့ ရိုးရာဂီတကို အမြဲ ဖျော်ဖြေနေတာပဲ။ ရှည်မျောမျော ဆိုင်နေရာလေးရဲ့ ထိပ်မှာ စင်မြင့်လေး ရှိတယ်။ အဲဒီစင်မြင့်လေးပေါ်မှာ ဂီတနဲ့ အကအဖွဲ့လေးတစ်ဖွဲ့ အမြဲရှိတယ်။ အစားအသောက်က ကျွန်မအတွက် ဒီလောက်ကောင်းတာ မဟုတ်ပေမဲ့ သူတို့ဂီတကတော့ ကျွန်မကို အလွန်ဆွဲဆောင်နိုင်ပါတယ်။ ဇင်းမယ်မြို့ရဲ့ မြောက်ဘက်ပိုင်းမှာရှိတဲ့

"လာနား" ဆိုတဲ့အရပ်က ဂီတသံတဲ့။ တူရိယာပစ္စည်းတွေက ကျွန်မတို့နဲ့ အတူတူပဲ၊ ယဉ်ကျေးမှုချင်းလည်း ကူးလူးဆက်ဆံခဲ့ကြတာပဲ။ ဒါပေမဲ့ ရေ၊ မြေ၊ လေ၊ အငွေ့အသက်ရန့်တွေက မတူကြလေတော့ ဂီတသံက ကွာခြားသွားတော့တာပေါ့။

ဘာရယ်လို့မသိ၊ "လာနား" ဂီတသံကို ကျွန်မကြိုက်တယ်။ ဆိုင်ကလေးရဲ့ သစ်သားကြမ်းပြင်ပေါ်က အဝတ်ထိုင်ခုံလေးတွေပေါ်မှာ မြန်မာလို သက်သောင့်သက်သာထိုင်ရင်း "လာနား" ဂီတသံလေးနဲ့ ထမင်းစားရတဲ့အရသာကို ကျွန်မ အလွန်သဘောကျပါတယ်။

"စန်ထန်း" ရဲ့ နောက်ပေါက်ကနေဝင်ရင် ဒီဆိုင်လေးနဲ့က နီးနီးလေးရယ်။ အဲဒီ "စန်ထန်း" ရဲ့ နောက်ပေါက်ကို လမ်းလျှောက်သွားလို့ရတဲ့ ဖြတ်လမ်းကလေးတစ်ခုကိုလည်း ကျွန်မက ရှာဖွေတွေ့ရှိထားသေးတာ...။ ဖြတ်လမ်းကလေးကမှ တကယ့်ကို လှပငြိမ်သက်အေးချမ်းတဲ့ ဖြတ်လမ်းလေး။ ကျွန်မအခန်းက ဆင်းပြီး လမ်းကိုဖြတ်လိုက်တာနဲ့ အဲဒီဖြတ်လမ်းလေးကိုရောက်ပြီ။ လမ်းကလေးရဲ့ ဘေးဝဲယာက အိမ်တွေဟာ သိပ်ကို ချစ်စရာကောင်းပြီး ပန်းပင်တွေ၊ သစ်ပင်တွေနဲ့ အုံ့ဆိုင်းနေတာပဲ။ လမ်းကလေးပေါ်မှာ ဖွားဖက်တော် ပွင့်ဖတ်ပန်းရောင်တွေ၊ ပွင့်ဖတ်အဖြူတွေ၊ ပွင့်ဖတ်အဝါတွေဟာ တသဲသဲကြွေလို့ ...။ လွမ်းစရာပန်းခင်းလမ်းကလေးပေါ်မှာ ကျွန်မလျှောက်ပြီဆိုရင် အိမ်ကို သိပ်လွမ်းတာပဲ။

...လမ်းကလေးပေါ်မှာ ကျွန်မတစ်ယောက်တည်းရယ်လေ...။

* * *

အခုဆိုရင် ကျွန်မတစ်ယောက်တည်း မဟုတ်တော့ပါဘူး။

ပြီးခဲ့တဲ့တစ်ပတ် နိုဝင်ဘာလ နှစ်ရက်နေ့ကပဲ ကျွန်မခင်ပွန်း မြန်မာပြည်ကနေ ရောက်လာပါတယ်။ ဒီမှာ တစ်လနေဖို့အတွက် တစ်နှစ်လောက် စိတ်မောလူမော ကြိုးစားခဲ့ရရှာသူကို ကျွန်မနဲ့

ဇင်းမယ်က မြန်မာမိတ်ဆွေတွေက ဧည့်ဝတ်ကျေအောင် ဂရုစိုက်ရတော့တာပေါ့။ ကျွန်မတို့နဲ့အတူ အမေရိကားကနေတောင် တကူးတက လာရောက်ပူးပေါင်း ဧည့်ဝတ်ကျေသူတစ်ယောက်က ကျွန်မတို့ ဇနီးမောင်နှံရဲ့ အချစ်ခင်ဆုံးမိတ်ဆွေ Alfred ခေါ် ကိုရဲလင်းနဲ့ ချစ်ညီမလေး သီတို့ ဇနီးမောင်နှံပေါ့။ သဘောကောင်းပြီး ပျော်ရွှင်နောက်ပြောင်တတ်တဲ့ Alfred က ဆရာတိုးဟာ သိပ်ကံကောင်းတဲ့သူပဲ၊ အမေရိကန်ဂိုက် (American Guide) နဲ့တောင် ထိုင်းနိုင်ငံကို လည်နိုင်တယ်နော်တဲ့။ ခရီးသွားဝါသနာပါတဲ့ Alfred က ထိုင်းကို အလွန်ကျွမ်းပြီး ထိုင်းစကားလည်း တတ်တယ်။

ကျွန်မခင်ပွန်းရောက်တဲ့ညက ဇင်းမယ်ရဲ့ အစားအသောက်ပွဲတော် (Food Festival) စတင်တဲ့ညပေါ့။ ကျွန်မတို့နေတဲ့ လမ်းတွေရဲ့ တောင်ဘက်ခြမ်းမှာ ကွင်းပြင်ကျယ်ကြီးတစ်ခုရှိတယ်။ အဲဒီကွင်းပြင်ကျယ်ကြီးရဲ့ထိပ်မှာ အမြဲတမ်း အခိုင်အခန့် ဆောက်ထားတဲ့ စင်မြင့်အကြီးကြီးတစ်ခုလည်းရှိတယ်။ ပွဲလမ်းသဘင်အတွက် တမင်ထားတဲ့ကွင်းကြီးလို့ပဲ ကျွန်မထင်တယ်။ ပွဲတော်တော်များများဟာ အဲဒီကွင်းထဲမှာပဲ ကျင်းပပြီး အသေဆောက်ထားတဲ့ စင်မြင့်ကြီးပေါ်မှာ ဆိုကြ၊ တီးကြ၊ ကကြတော့တာပဲ။ အစားအသောက်ပွဲတော်က တကယ့်ကို အစားအသောက်တွေချည်း ရောင်းတဲ့ပွဲပါ။ အစားအသောက်မှန်သမျှ တစ်နေရာတည်းမှာ အကုန်ရနိုင်ပြီး ဈေးကလည်း နည်းနည်း လျှော့ပေးထားတယ်လေ။ ကျွန်မတို့ မြန်မာတွေလိုပဲ ပွဲလမ်းသဘင်ကြိုက်တတ်တဲ့ ထိုင်းလူမျိုးတွေနဲ့ ပွဲကတော့ ကြိတ်ကြိတ်တိုးပါပဲ။ ဆို၊ တီး၊ ကလုပ်နေတဲ့ စင်မြင့်ရှေ့မှာ စားပွဲဝိုင်းတွေနဲ့ ကုလားထိုင်တွေ အများကြီးခင်းထားတယ်။ ကိုယ်စားချင်တာကို ဆိုင်ခန်းတွေကနေ တစ်ခါသုံး Box လေးတွေနဲ့ ဝယ်ထည့်လာပြီး ကွင်းလယ်က စားပွဲဝိုင်းတွေမှာ ထိုင်စားကြပါတယ်။ ပွဲကြည့်ရင်းပေါ့။ စားပွဲဝိုင်းများရဲ့ အနီးကပ်ဆုံးနေရာမှာ ထိုင်းဘီယာ ချန်းကောင်တာကလည်း ဟီးလို့ဆိုတော့ အဆင်

ကို ပြေနေတာပေါ့။

ဘီယာကြိုက်တဲ့ Alfred နဲ့ ကျွန်မခင်ပွန်းက ဘီယာချန်းနဲ့ အနီးဆုံးစားပွဲကို ရအောင် နေရာဦးကြတယ်။ ကျွန်မနဲ့သီက အစားအသောက် သွားဝယ်ကြတယ်။ ထိုင်းထုံးစံ၊ အကင်ဆိုင်များစွာထဲက ငါးကင်၊ ကြက်ကင်နဲ့ အာလူးကင်တွေ ဝယ်လာပြီး စားကြ၊ စကားများကြတော့တာပေါ့။ စကားအများဆုံးသူကတော့ ကျွန်မပဲ ဖြစ်မယ်ထင်တယ်။ ချစ်ခင်သူတွေနဲ့ ကျွန်မ ဒီလိုမနေရတာ ကြာလှပြီလေ။

ကျွန်မတို့နဲ့အပြိုင် စားသောက်ရယ်မောၤ စကားများနေတဲ့ ဘေးဝိုင်းက ထိုင်းမိသားစုက ကျွန်မတို့ကို အရှုံးပေးပြီး စားပွဲဝိုင်းက ထတော့ ကျွန်မခင်ပွန်းက "အစားအသောက်ကတော့ တို့က ရှုံးပါတယ်" တဲ့...။ ဟုတ်ပါရဲ့ မိသားစုခြောက်ယောက်စားထားတဲ့ Box တွေနဲ့ စားကြွင်းစားကျန်တွေက မြင်မကောင်းဘူး။ ကျွန်မတို့ လေးယောက် ရယ်မောလိုက်ကြတုန်းမှာပဲ မိသားစုဟာ စားပွဲဝိုင်း သန့်ရှင်းရေးကို တစ်ယောက်တစ်လက် ဝိုင်းလုပ်လိုက်တာကို မြင်လိုက်ကြရတယ်။ မြန်မာပြည်သား ကျွန်မခင်ပွန်း ငြိမ်သွားပြီး ထိုင်းမိသားစု Box တွေထဲကို စားကြွင်းစားကျန်တွေထည့် ကလေးတွေက ခပ်လှမ်းလှမ်းက အဖုံးပါတဲ့ အမှိုက်ပုံးကြီးတွေထဲမှာ သွားထည့်၊ လူကြီးတွေက စားသောက်ဆိုင်တွေက ယူလာခဲ့တဲ့ လက်သုတ်တစ်သျှူးကြမ်းတွေနဲ့ စားပွဲဝိုင်းကို သုတ်သင် သန့်ရှင်းနေတာကို မျက်တောင်မခတ်စတမ်း ကြည့်နေတယ်။ ပြီးတော့ ကျွန်မကို "သူတို့ ဘယ်တုန်းက အဲလောက် ယဉ်ကျေးသွားကြတာလဲဟင်" တဲ့...။ "ဘယ်" သိမှာလဲဆိုတဲ့ ကျွန်မရဲ့ လူမိုက်စကားကို သူ မတုံ့ပြန်နိုင်ဘဲ ခေါင်းကိုပဲ တဆတ်ဆတ် ညိတ်တယ်။

"အေးပေါ့၊ ဟုတ်တာပေါ့၊ ဒီလောက်များတဲ့ လူအုပ်ကြီးအတွက် ဘယ်လို သန့်ရှင်းရေးလုပ်ပေးနိုင်မှာလဲ၊ အင်မတန်ကောင်းတဲ့နည်းနဲ့ အင်မတန်ချစ်စရာကောင်းတဲ့ စည်းကမ်းလိုက်နာမှုပဲ၊ အတုယူသင့်

တယ်"

Alfred လုပ်သလို အမေရိကန်စတိုင် လက်နှစ်ဖက်ဖြန့်၊ ပခုံးတွန့်ပြရုံကလွဲလို့ ဘာများ တတ်နိုင်မှာတဲ့လဲ...။

အဲဒီအစားအသောက်ပွဲတော်က စပြီး နောက်ရက်တွေ၊ နောက်ရက်တွေမှာ တောင်ပေါ်ဘုရား ဒွိုင်ဆူထက်၊ ဇင်းမယ်ရဲ့ နာမည်ကျော် (Night Bazzar)၊ စန့်ထန်း၊ Airport Palaza, Sunday Walk စတာ၊ စတာတွေဆီကို ကျွန်မခင်ပွန်းခမျာ ကျွန်မတို့ခေါ်သမျှနောက်တကောက်ကောက် လိုက်ရရှာတော့တယ်။ သူ ခဏခဏ ပြန်သွားချင်တဲ့နေရာဟာ တောင်ပေါ်ဘုရား ဒွိုင်ဆူထက်နဲ့ စန်ထန်းက "လားနား" ဂီတနဲ့ စားသောက်ဆိုင်ကလေးတဲ့။ ဇင်းမယ်တက္ကသိုလ်ကိုတော့ ကျွန်မနဲ့ နှစ်ခေါက်လိုက်ပြီး သူပြန်မသွားချင်တဲ့နေရာတဲ့၊ တက္ကသိုလ်ဆရာလေ...၊ ဒါလောက်တော့ ရှိမှာပေါ့။

တဖြည်းဖြည်းနဲ့ သူပြန်ရမယ့်အချိန်လည်း နီးလာလို့ ဇင်းမယ်ပတ်ဝန်းကျင်က မြို့ကလေးတွေဆီကို လည်ပတ်ဖို့ ကျွန်မက အစီအစဉ်ရေးဆွဲတုန်းမှာပဲ အခါမဲ့ မိုးက အကြီးအကျယ် ရွာပါတော့တယ်။

အုံ့ဆိုင်းမှုန်မှိုင်းပြီး မိုးတွေက တသဲသဲရွာနေတဲ့ တစ်ညနေမှာ ဖုန်းမဆက် ဘာမဆက်နဲ့ တံခါးကို အဆက်မပြတ် တဒေါက်ဒေါက်လာခေါက်လို့ သွားဖွင့်လိုက်တော့... ဘယ်သူတွေမှတ်လဲ...။

"မေနု..."

သံပြိုင်အော်လိုက်တဲ့ ကျွန်မရဲ့ သားသမီးသုံးကောင်။ ကြွက်စုတ်လေးတွေလို မိုးရေတွေရွှဲလို့။ လူမျောက် (ခေါ်) မောင်ရဲတိုက်၊ သမီး "မြတ်" နဲ့ သမီး "သက်"။

"လာခဲ့ကြစမ်း ဘယ်တွေလျှောက်သွားနေကြတာလဲ၊ ပြောစမ်း"

"အောင်မာ၊ အမေကဖြင့် သားတို့ကို ပစ်ထားပြီးတော့..."

"ဟုတ်တယ်၊ ဟုတ်တယ်"

လူမျောက် နားရွက်ကို လိမ်ဆွဲပြီး ကျွန်မက ရယ်မောရတယ်။

ဒီသုံးကောင်က တစ်ချိန်လုံး ကျွန်မနဲ့ တတွဲတွဲသွားနေကျလေ...။

"မေနု... နက်ဖြန်ည 'ပင်းမြစ်' ထဲက မော်တော်ပေါ်မှာ ဒင်နာစား ဖို့..."

"အိုး၊ လိမ္မာလိုက်တဲ့ ကလေးတွေပါလား၊ အဲဒါကို ကြံစည်နေတာ နဲ့ အတော်ပဲပေါ့..."

"ဟိုး... နေဦး၊ အဲဒါက ရိုးရိုးမဟုတ်ဘူးလေ၊ မနက်ဖြန်က ဆရာ့အတွက် ကြံတောင့်ကြံခဲ၊ တန်ဆောင်တိုင်ပွဲလေ..."

"ဟင်... ဟုတ်လား၊ မသိဘူးတော့..."

"အမေ ဘယ်သိမလဲ၊ မနှစ်က 'လွှိုင်ကထုံ' မှာ အမေ ရန်ကုန် ပြန်နေတာကို..."

"ဟုတ်တယ်၊ တစ်ခါမှ မကြုံသေးဘူး၊ 'လွှိုင်ကထုံ' ဆိုတာ တန်ဆောင်တိုင်ပွဲကို ခေါ်တာလား၊ ဟုတ်လား သား"

"ဟုတ်တယ်လေ အမေရဲ့..."

"'လွှိုင်ကထုံ' က မြစ်ထဲမှာ လုပ်တာလား ဟုတ်လား..."

"ဟုတ်တယ်၊ မြစ်ထဲမှာ အလှပြယာဉ်တွေလည်း လှည့်ကြတယ်၊ ဆီမီးတွေလည်း မျှောတယ်၊ ဟို... အလှပြယာဉ်တွေက သားတို့ သင်္ကြန်အလှပြယာဉ်တွေလိုပဲ"

"ဟင် နက်ဖြန် မိုးတိတ်မှဖြစ်မယ်နော်... နို့မို့ ဘယ်လိုလုပ်မလဲ"

"'လွှိုင်ကထုံ' ကို မကြုံဖူးသူ သမီး 'သက်' က ပွဲပျက်မှာကို ပူပန်နေတယ်။ သမီး 'မြတ်' ကတော့ အပိုင်ပဲ"

"မိုးက လုံးဝတိတ်မှာ၊ မပူနဲ့၊ သူတို့လည်း ငါတို့လိုပဲ မိုးလွှဲတာ တွေ ဘာတွေ လုပ်တယ်ဟ..."

"သြော်"

"ကျွန်မခင်ပွန်းကတော့ သူတို့သုံးကောင်နဲ့ ကျွန်မကို ပြုံးကြည့် နေတယ်။"

"ကဲ... ဆရာ... နက်ဖြန်ညနေ ခြောက်နာရီ သမီးတို့ လာခေါ်မယ်

နော် မော်တော်က ခုနစ်နာရီ စထွက်မှာ…”

“အေးပါဗျာ၊ အေးပါဗျာ ၊ စောင့်နေပါ့မယ်၊ ကျေးဇူးတင်ပါတယ်…”

“အဲဒီမှာတင် ကျွန်မသား မောင်လူမျောက်က မျက်နှာ ခပ်တည်တည်နဲ့… ဝင်ချလာတယ်”

“တစ်ခုတော့ရှိတယ်နော် အမေ…၊ ‘လှိုင်ကထုံ’ ဆိုရင် အဲဒီမှာ အမြဲတမ်း တိုက်ပွဲဖြစ်တယ်… သိလား၊ နေ့စဉ်တိုင်းဖြစ်တယ်”

“ဘာ… တိုက်ပွဲ…၊ ဘာတိုက်ပွဲလဲ…”

“အမေကလည်း တိုက်ပွဲပါဆိုမှ တစ်ဖက်နဲ့တစ်ဖက် သေနတ်တွေ၊ ဗုံးတွေ၊ လောင်ချာတွေနဲ့ တိုက်တဲ့ တိုက်ပွဲပေါ့၊ သားတို့ အမြဲပြေးရတာ…”

“ဟော့ကောင်၊ ဟော့ကောင်”

“ကိုရဲနော်… ဘာတွေ လျှောက်ပြောနေတာလဲ”

ကျွန်မနဲ့ သမီး ‘သက်’ ကို မောင်လူမျောက်ကတော့ အတည်ပေါက် မျက်နှာထားနဲ့ပါပဲ၊ အမယ် သမီး ‘မြတ်’ ကလည်း မျက်နှာသေလေးနဲ့ မျက်လုံးလေး ဝိုင်းလို့။

“ကဲပါ… ကဲပါ… မယုံရင် နက်ဖြန်ကျရင် အမေတို့ သိမှာပေါ့…”

မောင်လူမျောက်တို့ကတော့ ထုံးစံအတိုင်း လုပ်ချလိုက်ပြန်ပါပြီ။

* * *

ဒီတစ်ခါတော့ မောင်လူမျောက်ရဲ့စကားဟာ မှန်ရှာပါတယ်။

ကျွန်မတို့ရဲ့ ထိုင်းသုံးဘီး ‘တုတ်တုတ်’၊ ‘ပင်းမြစ်’ တံတားနားနီးလာတာနဲ့ တိုက်ပွဲသံကို ကြားရပါပြီ…။ တိုက်ပွဲက ဖြစ်နေပါပြီ။

“အမေရေ… ၊ တိုက်ပွဲက ပြင်းတယ်ဗျို့…”

လူမျောက် အော်သလိုပဲ အမှန်တကယ် တိုက်ပွဲက ပြင်းထန်လှပါတယ်။ သေနတ်သံ၊ ဗုံးသံ၊ လောင်ချာသံ၊ လက်နက်ကြီးသံတွေဟာ

ပင်းမြစ်တစ်ဝိုက်ကို ဖုံးလွှမ်းထားပါတယ်။ ဘုရား ဘုရား တကယ့်ကို မယုံနိုင်စရာပါ။

"တကယ့်ကို ကြောက်စရာပါပဲလား..."

"ဟုတ်ပါရဲ့ အန်ကယ်၊ 'သက်' ဖြင့် ဒီလောက်ကောင်းတဲ့ 'ဗျောက်' တွေကို တစ်ခါမှ မတွေ့ဖူးဘူး"

သမီး 'သက်' ပြောသလို တကယ့်ကို မယုံနိုင်စရာ 'ဗျောက်အိုးသံ' တွေပါ။

"ကဲ... အမေ သားပြောတာ ယုံပြီမဟုတ်လား... ဟဲ ဟဲ၊ ဒါ မြစ်ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း တိုက်ပွဲဖြစ်နေတာလေ...၊ ဒီတိုက်ပွဲအတွက် မိဘတွေကိုယ်တိုင်က သားသမီးတွေကို သေချာ ပြင်ဆင်ပေးတာ၊ 'လွိုင်ကထုံ' မတိုင်ခင် တစ်ပတ်လောက်ကတည်းက ကောင်းပေ့၊ မြည်ပေ့ဆိုတဲ့ ဗျောက်အိုးတွေကို ရှာပေးထားတာ၊ ဟဲဟဲ သားတော့ သိပ်ပျော်တာပဲ၊ သားတို့မော်တော်က တိုက်ပွဲကြားက ဖြတ်ရမှာနော်... မလွယ်ဘူး"

"အို... ကိုရဲကလဲ... ဒါဆိုရင် ကိုယ့်မှာလည်း ကာကွယ်ဖို့ လက်နက်ရှိရမှာပေါ့၊ သက်ကတော့ ပြန်ပစ်မှာပဲ..."

"ဝယ်ပေးမယ်၊ ဝယ်ပေးမယ်၊ ဟောဟိုမှာကြည့်၊ လက်နက်ဆိုင်တွေမှ တပုံကြီးရယ်၊ လွတ်လပ်စွာ ဝယ်လို့ရတယ်"

အိုး... ဟုတ်ပါရဲ့၊ သမီး 'မြတ်' လှမ်းပြတဲ့ဆီကို ကြည့်လိုက်တော့ မြစ်ဘေးဝဲယာမှာ ခုံလေးတွေ ပေါ်တင်ရောင်းနေတဲ့ သေနတ်တွေ၊ ဗုံးတွေ၊ လောင်ချာတွေ...၊ ပြီးတော့ Ready made မီးမျှောစရာလေးတွေကလည်း လှမှလှပါပဲ။ လူတွေကလည်း ကြိတ်ကြိတ်တိုးပါပဲ။

မော်တော်ပေါ်မှာ သမီး 'မြတ်' ရဲ့ အစွမ်းကြောင့် ကျွန်မတို့ စားပွဲက မော်တော်ဦးပိုင်းမှာ ရတယ်။ ကျွန်မက ဒီ 'ပင်းမြစ်' ထဲမှာ မော်တော်ခုတ်မောင်းပြီး ဖယောင်းတိုင် ညစာ စားရတဲ့ အရသာကို အလွန် သဘောကျတယ်။ မော်တော်လေးက ခပ်သေးသေးပါပဲ။ ရှေ့

ဦးပိုင်းနဲ့၊ ပွဲပိုင်းစားပွဲခုံ ခြောက်ခုံလောက်ပဲ ဆန့်မယ်။ တစ်ဝိုင်းကို လေးငါးယောက်ပဲ ဝိုင်းနိုင်တယ်။ ကိုယ်ထိုင်တဲ့ ကုလားထိုင်နဲ့ မော်တော် ဘောင်နဲ့က တညီတည်းဆိုတော့ ရေနဲ့ နီးနီးလေးပေါ့။ မော်တော်ဘေး အကာအကွယ်တွေကလည်း ဖွင့်ထားတော့ စားရင်းသောက်ရင်း မြစ်ပြင် ရှုခင်း၊ မြစ်ဘေးဝဲယာ ရှုခင်းကို ကြည့်လို့ရတယ်။ အစားသောက်တွေကို မော်တော်မထွက်ခင် မှာရတယ်။ မော်တော်ပေါ်မှာ ချက်ပြုတ် ကြော်လှော် မပေးဘူး။ ဘီယာနဲ့ အချိုရည်၊ ရေခဲလောက်ပဲ ရတယ်။

"မေနုရေ၊ သက်ကြောက်တယ်။ ရေပြင်ဘက်မှာ မေနုနဲ့ အန်ကယ် ထိုင်ပေး...၊ သက် အတွင်းထဲမှာ ထိုင်မယ်..."

"ကောင်မလေး... ဘာခုမှ ကြောက်ပါပြီလဲ"

သက်ပြောတာမှန်တယ်၊ မော်တော်စထွက်တော့မှ ပိုကြောက် စရာကောင်းလာတယ်။ ရေပြင်ကို လာပြီးထိတဲ့ 'ရှီး''ဒိုင်း' ဆိုတဲ့ ကြောက်မက်ဖွယ်အသံဟာ နားကို အူသွားတာပဲ ...။ မော်တော်ပေါ်က နိုင်ငံခြားသား ဧည့်သည်တွေကတော့ ပျော်သလားမမေးနဲ့။ အထူး အဆန်းဖြစ်၊ သဘောတွေကျပြီး မော်တော်ဘောင်ပေါ်မှာ တက်ထိုင် ကြည့်ကြတော့တယ်။ အဲဒီထဲမှာ ဗျောက်စက္ကူလိပ်တွေ တကားကားနဲ့ ကျွန်မသား မောင်လူမျောက်လည်း ပါတာပေါ့။

ကျွန်မနဲ့ သမီးမြတ်က ဝယ်လာတဲ့ ဆီမီးမျှောစရာ ကြာခွက် လေးတွေထဲမှာ သူတို့ထုံးစံအတိုင်း 'ဆယ်ဘတ်စေ့' လေးတွေထည့်ပြီး ရေထဲမှာ မျှောကြတယ်။

စိတ်ထဲကလည်း ဆုတောင်းပြီးတော့ပေါ့။

ဆီမီးကြာခွက်လေးတွေထဲမှာ ပိုက်ဆံထည့်တာက နောင်နှစ်၊ နောင်နှစ်တွေမှာ ဥစ္စာပစ္စည်း ပေါများအောင်လို့တဲ့...။ မြစ်ပြင်တစ်ခု လုံးမှာ ဆီမီးကြာခွက်လေးတွေက တလက်လက်၊ တရွှေ့ရွှေ့ မျောပါလို့။ ဆီမီးလက်လက်လေးတွေပေါ်ကို ဗျောက်ကျည်ဆန်မိုးတွေကလည်း တဖောက်ဖောက် အဆက်မပြတ် ရွာသွန်းလို့...။

"အမေတို့... သတိထားနော်။ တံတားနား ရောက်တော့မယ်၊ ဟိုမှာ ဟိုမှာ၊ အမေ၊ ကြည့်၊ ကြည့် အမေတို့ကို စောင့်နေပြီ..."

အလို၊ ဘုရား၊ ဘုရား ဟုတ်ပါရဲ့ ပင်းမြစ်ကို ဖြတ်တဲ့ တံတားကြီး ပေါ်ကို လှမ်းကြည့်လိုက်တော့ တံတားပေါ်မှာ လူတွေဟာ ကြပ်ခဲလို့၊ သူတို့လက်ထဲမှာ ဖျောက်ဖုံးတွေကိုယ်စီနဲ့၊ တံတားအောက်က ဖြတ်တဲ့ မော်တော်တွေကို ဖုံးကြဲကြမှာလေ။

"ဟော... အမေ၊ အမေ၊ ဟိုမှာကြည့်၊ ဟိုကျလာတဲ့ ဖုံးကို ကြည့်စမ်း"

ကျွန်မတို့ရှေ့က မော်တော်တစ်စင်းပေါ်ကို ငြာသံပေးပြီး ပစ်ချလိုက်တဲ့ ဖုံးတစ်လုံးကို လူမျောက်က ပြတယ်။

"ဟာ... ကြောက်စရာပဲ "

ကျွန်မခင်ပွန်းက တအံ့တသြ အော်တယ်၊ ကြည့်ပါဦး၊ သူက ရေမြုပ်ဖုံးများကျလို့...။ ရေထဲကျသွားပြီး ရေပေါ်မှာ မီးပန်းတွေ လူ တစ်ရပ်လောက်ထိ ဖြာထွက်ပြီး ပတ်ချာလည်နေလိုက်တာ၊ လှတောင် လှနေသေးတယ်။ ပြီးတော့မှ 'အုန်း' ခနဲဆို ပေါက်တယ်။

တော်တော်ကောင်းတဲ့ ဖုံးပဲကွလို့ ကျွန်မခင်ပွန်းက ချီးကျူးလိုက် တုန်းမှာပဲ ကျွန်မတို့မော်တော်ဟာ တံတားအောက်ကို ဖြတ်ပါတော့ တယ်။

"ဒိုင်း... ဒိုင်း၊ အုံး၊ ရှီး... ဒိုင်း"

"အောင်မယ်လေးဗျ၊ အမေရေ... လာပြီဗျို့..."

"ခေါင်းငုံ့၊ ခေါင်းငုံ့၊ နားပိတ်"

ကျွန်မတို့အားလုံး မျက်လုံးတွေမှိတ်၊ နားတွေပိတ်ထားလိုက် ကြတယ်။ ဒီခံစားမှုဟာ ဘာနဲ့တူလဲဆိုတော့ သင်္ကြန်မှာ ရေပက်ခံ ထွက်တဲ့အခါ မီးသတ်ပိုက်နဲ့ထိုးမယ့် မဏ္ဍပ်ကို ဖြတ်သန်းရတော့မယ့် ခံစားမှုနဲ့ တူတယ်။ ကျွန်မတို့ မော်တော်ဦးပိုင်း ရေထဲကို ဖုံးတွေက တဝုန်းဝုန်း ကျလာသံကို ကြားရပြီးတဲ့ ခဏမှာတော့ ကျွန်မကျောပြင်

ဟာ စပ်ဖျင်းဖျင်းဖြစ်သွားပြီး ကျောပြင်တစ်ခုလုံး ရေတွေ စိုစိုရွဲသွား တော့တယ်။

"ဟာ... တို့နှစ်ယောက်ကို မှန်ပြီဟေ့..."

ကျွန်မခင်ပွန်းလည်း ရေတွေရွဲရွဲစိုလို့...။ ဟိုသုံးကောင်က ကျွန်မတို့ကိုကြည့်ပြီး တဟားဟား ရယ်ကြတယ်...။

"မြန်မာ့သွေးကို ပြမယ့်ကောင်က အော်လိုက်တာ အမေရေ၊ အမေရေနဲ့"

"အေးလေ..."

တံတားအောက်က မော်တော်ဖြတ်ပြီးပါမှပဲ ကျွန်မဖြင့် အသက် ရှူနိုင်တော့တယ်။ ဒါပေမဲ့ မော်တော်ကတော့ မြစ်ကမ်းနဖူးနှစ်ဖက်က ကျည်ဆန်တွေ၊ လောင်ချာတွေကြားမှာ ဆက်ပြီး ဖြတ်သန်းရဦးမှာ။ ကမ်းပေါ်မှာ ပျော်ရွှင်ခုန်ပေါက်ပြီး လက်နက်ကြီးပစ်ဖို့ ပြင်ဆင်နေသူ တွေလေ...။ လှမ်းမြင်နေရတယ်။ တော်သေးရဲ့...။ ရဲမော်တော်လေး တွေ...၊ လုံခြုံရေးမော်တော်လေးတွေ၊ မြစ်ထဲမှာ လှည့်ပြီး စောင့်ရှောက် နေတာ မြင်ရတယ်။ သူတို့ကလည်း ပျော်လို့၊ ဟော... ကြည့်ပါဦး... မြစ်ကမ်းဘေးက လောင်ချာတစ်လုံးက ရဲမော်တော်ကို တည့်တည့် ထိတာပဲ။ ရေပန်းတွေဖြာသွားပြီး ရဲမော်တော်က လုံခြုံရေးတွေ ရေတွေ ရွှဲပြီး တဟားဟားနဲ့ ပျော်ပျော်ပါးပါး မောင်းသွားကြတယ်။ ဆီမီး လက်လက်တွေကြားထဲမှာ ဝေါခနဲ မောင်းသွားတဲ့ ရဲမော်တော်ကို လိုက် ကြည့်နေရင်း ကျွန်မမျက်စိထဲမှာ ဆီမီးခွက်တွေဘေးက ငုပ်ချည်ပေါ်ချည် လူခေါင်းလေးတစ်ခုကို မြင်လိုက်ရသလိုပဲ။ ကိုယ့်မျက်စိကို စိတ်မချတဲ့ ကျွန်မကို မျက်မှန်တပ်ထားတဲ့ ကျွန်မခင်ပွန်းက အတည်ပြုတယ်။

"ရေထဲမှာ လူတွေမဟုတ်လား"

"ဟုတ်တယ်ဦး၊ အဲဒါ... ဆီမီးခွက်လိုက်ဆယ်တဲ့သူတွေလေ၊ ဆီမီးခွက်ထဲက ပိုက်ဆံလေးတွေကို နှိုက်ယူကြတာ"

"ဟိုမှာ လှေကလေးတွေနဲ့ သူတို့ကို စောင့်တဲ့သူက စောင့်လို့..."

"အမေရေ… ဝတ္ထုတွေဗျ… သိလား၊ ဆီမီးခွက်ထဲက ပိုက်ဆံ လိုက်ဆယ်ရင်း ရေနစ်သေတဲ့ ကလေးတွေ နှစ်တိုင်းပဲဗျ"

ကျွန်မမြင်ရပါပြီ။ မော်တော်နဲ့ မလှမ်းမကမ်းက ရေပေါ်မှာ တဖူးဖူး အသက်ရှူထုတ်ရင်း ဆီမီးခွက်ထဲက ပိုက်ဆံကို ရှာဖွေနေတဲ့ ကလေးငယ်တစ်ယောက်။ လှပပျော်ရွှင်ဖွယ် 'လှိုင်ကထုံ' ရှုခင်းထဲက ဒီမြင်ကွင်း အစိတ်အပိုင်းလေးဟာ အလွန်ပဲ အကျည်းတန်လှပြီး ကျွန်မ ရင်ကို နာကျင်စေပါတယ်။

"ဟာ… မော်တော်ကလည်း… အဲဒီကလေးလေးနားက ဖြတ်ပါ… သက်… ပိုက်ဆံပေးချင်လို့ပါ သက် အဲဒီကလေးလေးကို ပိုက်ဆံပေးချင် တယ်"

သမီး 'သက်' က တတွတ်တွတ် ရေရွတ်ပေမဲ့ မော်တော်က ပိုက်ဆံဆယ်သူများနဲ့ တဖြည်းဖြည်း ဝေးကွာခဲ့ပြီ။ သေနတ်သံ၊ ဗုံးသံ တွေကတော့ ဆူညံတုန်း…။

မော်တော်ပြန်အကွေ့မှာ ဗုံးကြဲသူများရဲ့ တံတားအောက်ကို ကျွန်မတို့တွေ တစ်ခါ ပြန်ဝင်ကြရပြီး မော်တော် ကမ်းကိုကပ်လို့ ကမ်းပေါ်ရောက်တာနဲ့ ဟိုရေမြုပ်ဗုံးဆိုင်နဲ့ တည့်တည့် တိုးတော့တာ ပါပဲ…။ ကျွန်မသား မောင်လူပျောက်လေ… ခုန်ဆွ၊ ခုန်ဆွနဲ့… ဝယ်မယ်၊ ဝယ်မယ် လုပ်တော့တာပဲ။ ဈေးသည်က မြေပြင်ပေါ်မှာ စမ်းပြတယ်။ ရေထဲမှာလိုပဲ မီးပန်းတွေက လူတစ်ရပ်လောက် ချာချာလည်အောင် ပန်းပြီးမှ 'အုန်း' ခနဲ ပေါက်တယ်။ မြေနဲ့လုပ်ထားတဲ့ အဲဒီအိုးက ကွဲလည်း မကွဲဘူး။ ဈေးကလည်း ပေါလိုက်တာ ၁၀ ဘတ်တဲ့…။

မကြီးမငယ်နဲ့ ကျွန်မခင်ပွန်းက အဲဒီဗုံးနှစ်လုံး ဝယ်တယ်လေ။ ကျွန်မက အမှတ်တရ ဝယ်တယ်မှတ်တာ ဘယ်ဟုတ်မလဲ၊ သူက အိမ်နီးနားချင်း ချာတိတ်တွေအတွက် အဝတ်အစား သေတ္တာထဲမှာ အလေးခံပြီးတော့ကို ရန်ကုန်ထိ သယ်ဆောင်သွားတော့တာ…။

* * *

နောင်နှစ် နိုဝင်ဘာ တန်ဆောင်တိုင်ညမှာတော့ ကျွန်မဟာ ကိုယ့်မြေကိုယ့်အိမ်၊ ကိုယ့်ယာမှာ ပျော်ရွှင်စွာနဲ့ပေါ့။ အိမ်ရှေ့ ဝရန်တာမှာ မီးပုံးတွေ ထွန်းညှိရင်း အိမ်နီးနားချင်း ကလေးတစ်သိုက်နဲ့ ဆူညံလို့ပေါ့။

"အန်တီနုရေ မုန့်ဖိုးပေးပါ၊ ဘဘတိုးရေ မုန့်ဖိုးပေးပါ"

မီးပုံးကို မီးမလောင်ဘဲ ဖယောင်းတိုင်ထွန်းနိုင်တဲ့သူကို မုန့်ဖိုး ပေးမယ်လို့ ကျွန်မက ပြောထားလို့ အလွန်လည်းကဲ၊ အလွန်လည်း ချစ်စရာကောင်းတဲ့ မောင်စွမ်းပြည့်ဆိုတဲ့ကောင်က ဦးဆောင် အော်နေ တာလေ။ သူ့ဘဘတိုးက "အေးပါကွာ" ဆိုပြီး သူ့ပိုက်ဆံအိတ်ကို ဖွင့်ရင်းနဲ့ ကျွန်မကို လှမ်းပြောတယ်။

"ဟေး... လွိုင်ကထုံကို သတိမရဘူးလား..."

"အင်း... ရတယ်"

ကျွန်မက ခေါင်းညိတ်ရင်းနဲ့ 'လွိုင်ကထုံ' တိုက်ပွဲကို မြင်ယောင် လာတယ်။ ပြီးတော့ ဖျတ်ခနဲ သတိရသွားတယ်။

"ဟော့ကောင် မောင်စွမ်းပြည့်၊ မနှစ်က မင်းဘဘတိုးပေးတဲ့ ရေမြုပ်ဗုံး မိုက်တယ်မဟုတ်လား။ အကျယ်ကြီးမြည်တာနော်..."

အင်မတန် အာသွက်တဲ့ မောင်စွမ်းပြည့်က ကျွန်မကို ချက်ချင်း မဖြေဘူး။ ပြီးတော့မှ နှုတ်ခမ်းစူတူတူနဲ့ "သား ဘယ်လိုလုပ်သိမှာလဲ" တဲ့...။

"ဟောတော်... ဘာပြုလို့လဲ၊ ဘာလို့မသိရတာလဲ၊ အဲဒီဟာက မမြည်ဘူးလား"

"ဟာ... အန်တီနုကလဲ..."

ရွှေကိုယ်တော်လေးက "လာ... လိုက်ခဲ့" တဲ့။ မပြောမဆိုနဲ့ ကျွန်မလက်ကိုဆွဲ အပေါ်ထပ်က သူတို့တိုက်ခန်းဆီကို... ပြီးတော့ သူတို့မိသားစုအိပ်တဲ့ ခုတင်အောက်၊ ခုတင်အောက်က ဂျပ်သေတ္တာပုံး ထဲက အဝတ်စုတ်တွေကြားမှာ...။ ကျွန်မကို အသံတိတ် မေးငေါ့ပြ တယ်။ သူလုံခြုံစွာ အထပ်ထပ်ဖွက်ထားတဲ့ ဗျောက်အိုးလေးနှစ်လုံးက

ငြိမ်ငြိမ်လေး ကျွန်မကို ကြည့်နေတယ်။ ကလေးကို ကျွန်မ ဘာပြောရမလဲ၊ အလျင်အမြန် ဦးနှောက်ကို အလုပ်ပေးတုန်းမှာပဲ ရုတ်တရက် ကျွန်မနားထဲမှာ ဆူညံသံတွေ...၊ အော်ဟစ်သံတွေ...၊ ပြီးတော့ ရယ်မောသံတွေ...။

**ကလျာမဂ္ဂဇင်း၊**
**ဇန်နဝါရီ၊ ၂၀၀၇ ခုနှစ်။**

❖

# မြေးအဘွား

ကဆုန်လရဲ့ စနေနေ့ မနက်အရုဏ်ဦးဟာ ပူလောင်ခြောက်သွေ့တိတ်ဆိတ်လို့နေတယ်။ သစ်ရွက်လေးတစ်ရွက်မှ မလှုပ်ခတ်အောင် လေကလည်း ငြိမ်သက်လွန်းတယ်။ စိမ်းညို့အုံ့ဆိုင်းနေတဲ့ မန်ကျည်းပင်အုပ်အုပ်အောက်က နှစ်ထပ်အိမ်မည်းမည်းကြီးရဲ့အောက်ထပ် နောက်ဖေးအခန်းဆွယ်ထဲကနေ ပင်ပင်ပန်းပန်း နာနာကျင်ကျင် ညည်းညူသံသဲ့သဲ့ ပျံ့လွင့်နေတယ်။ မွေးလူနာ မိန်းမရဲ့ အားအင်ကုန်ခန်းစပြုလာတဲ့ သူနာပြုဆရာမဝဝကြီးက အိန္ဒိယတိုင်းရင်းသား ဆရာဝန်ကြီးရဲ့ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်တယ်။ ပြီးတော့ အိမ်အောက်ထပ် ပြည့်လုနီးပါး မအိပ်မနေ ထိုင်စောင့်နေကြတဲ့ မွေးလူနာရဲ့ မိဘဆွေမျိုးတွေကို ကြည့်တယ်။ မိန်းမတချို့ရဲ့ မျက်နှာမှာ မျက်ရည်စတွေနဲ့။ "အို... ကျွတ်ကျွတ်၊ အဖေတို့ အမေတို့ မကယ်နိုင်ကြတော့ဘူးလားဟင်" "လူနာသိပ်ကို အားနည်းနေပြီ။ အခြေအနေမကောင်းဘူး။ ကလေးကို ကျွန်တော်တို့ ညှပ်ဆွဲမွေးမယ်။ ဒါပေမဲ့ မိခင်ရော ကလေးပါ မရှင်နိုင်ဘူး။ တစ်ယောက်ပဲရှင်မယ်" "ကလေးအဖတ်မတင်တာဘဲ ကံကောင်းတယ်မှတ်ပါ။ ဒီနေ့က စနေနေ့၊ သားဦး စနေကြီးရယ်။ ဒီကလေးက ခိုက်မယ့်



ကလေးပါ။ ကဲ... ခုလို မအေ ဘယ်လောက်ခံရသလဲ။ သူ့ကိုယ်ဝန်လွယ်ထားရတုန်းကို ကြည့်ပါအေ။ သူများနဲ့တူသလား။ ပူလိုက်တဲ့ကဆုန်လ။ သောက်ရေအိုး ဖက်နေရတာမဟုတ်လား" "အဖေ... အမေ... အမေ..." "ခဏလေး၊ ခဏလေးပါ သမီးရယ်။ အားလေးတင်းထားပါဦးကွယ်။ ခဏလေးနေရင် ကောင်းသွားမှာ သိလား"

"ဟော... ဟော... ရပြီ၊ မွေးပြီ။ မိန်းကလေး... သမီးလေး"

အူဝဲဆိုတဲ့ အသံစီစီလေး လုံးဝမကြားရတဲ့ မွေးဖွားခြင်းကို အော်ဟစ်ရင့်ကျူးလိုက်တဲ့ သူနာပြုဆရာမကြီးရဲ့ အဓိပ္ပာယ်မဲ့ ရင့်ကျူးသံအဆုံးမှာ မိခင်က အမေဆိုတဲ့ အသံလေးတစ်ချက်ပေးပြီး မေ့မျောသွားခဲ့ပြီ။

"မေ့သွားပြီ၊ ခေါ်လို့မရတော့ဘူး။ လုပ်ကြပါဦး"

အားလုံး လှုပ်ရှားဆူညံပြီး မိခင်နားကို ဝိုင်းရံလိုက်တဲ့အချိန်မှာပဲ သားဦး၊ သမီးဦး၊ မြေးဦးအတွက် ကြိုတင်ပြင်ဆင်ထားခဲ့တဲ့ ဖြူဖွေးသေးငယ်တဲ့ ခေါင်းအုံး၊ အနှီးခွေလေးတွေနဲ့ ဆန်ကောအသစ်လေးထဲကို မွေးစသမီးလေး မသက်မသာ ပစ်ချခံလိုက်ရတယ်။

နဖူးဆံစ အလယ်တည့်တည့်မှာ ချိုင့်ဝင်နေတဲ့ ဒဏ်ရာ၊ ခေါင်းထဲမှာ ချိုင့်ဝင်နေတဲ့ ဒဏ်ရာ၊ ပြီးတော့ နားထင်မှာ ချိုင့်ဝင်နေတဲ့ ဒဏ်ရာဟာ ပိတ်နေတဲ့ မျက်လုံးလေးတစ်ဖက်ကိုပါ ရွဲ့စောင်းစေခဲ့တယ်။ အို... အသေမွေးဖွားခံရရှာတဲ့ မိန်းကလေးပေပဲ။ ဘာကြောင့်များ ကြည့်ပျော်ရှုပျော်ဖြစ်စရာ လိုပါသေးလဲကွယ်။ ခဏနေရင် သူ့ကို စွန့်ပစ်လိုက်ကြတော့မယ်လေ။

ဒါပေမဲ့ သတိလစ်မေ့မျောသွားတဲ့ မိခင်နားကို မသွားဘဲနဲ့ အားလုံးက စွန့်ပစ်လျစ်လျူရှုလိုက်တဲ့ ကလေးသေလေးဆီကို တစ်စုံတစ်ယောက်ကတော့ အမြန်ဆုံး ချဉ်းကပ်လာခဲ့တယ်။

မြေးဦးကို ချစ်ကြင်သနားလှတဲ့ မြေးရဲ့အဘွားအေလေး။

မြေးဦးအတွက် သူကိုယ်တိုင် ပြင်ဆင်ခဲ့တဲ့ ဆန်ကောအသစ်လေး

ထဲကနေ မြေးကလေးကို တယုတယ ပွေ့ယူလိုက်တဲ့ အဘွားရဲ့ မျက်နှာဟာ စိတ်ထိခိုက်စွာ၊ မကြည့်ရက်နိုင်စွာ။ ငြိမ်သက်အေးစက်ပြီး ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နှက်နေတဲ့ မြေးကလေးမျက်နှာကို အသာအယာနမ်းရှိုက်တယ်။ ရွဲ့စောင်းနေတဲ့ ညာဘက်မျက်လုံးလေးနဲ့ မျက်ခုံးလေးကို ကြည့်တယ်။ ဖြစ်ရလေကွယ်။ အဘွားအိုဟာ သူ့လက်ဖဝါးပေါ်မှာ မြေးကလေးရဲ့ ခေါင်းကလေးကို တင်လိုက်ပြီးတဲ့ ခဏမှာပဲ သူ့ရဲ့ ကွမ်းနဲ့ သင်းပျံ့ နီရဲစွတ်စိုနေတဲ့ လျှာကလေးဟာ မြေးကလေးရဲ့ ညာဘက်မျက်လုံး ရွဲ့စောင်းလေးအပေါ်မှာ မရပ်မနား လှုပ်ရှားနေတော့တယ်။ နုနယ်တဲ့အသားလေးတွေ ပြေပြစ်ပါစေတော့ကွယ်။

ရုတ်တရက် ထိတ်ခနဲ ခံစားလိုက်ရတဲ့ ကလေးရဲ့ ဗိုက်ပေါ်က အဘွားရဲ့ ညာလက်၊ နွေးထွေးညင်သာလှတဲ့ နှလုံးသားနုနုလေး လှုပ်ခုန်မှု။ ဘုရား... ဘုရား၊ ဒါဟာ တကယ်ပဲလား။ ရေချိုးဇလုံထဲမှာ မြေးကလေးကို ထည့်လိုက်ပြီ။

အူဝဲ... အူဝဲ... အူဝဲတဲ့။

ဒီအသံစီစီလေးဟာ အဘွားအတွက်တော့ ကမ္ဘာပေါ်မှာ အစူးရှဆုံး၊ အကျယ်လောင်ဆုံး၊ အချိုသာဆုံး၊ ကျက်သရေမင်္ဂလာနဲ့ အပြည့်စုံဆုံးအသံ။

အဲဒီအချိန်ဟာ ၁၉၇၅ ခု၊ မေလ ၁၈ ရက်၊ စနေနေ့ မနက် ၆း၃၀ တိတိအချိန်ပေါ့။

* * *

"ငါ့သမီးငယ်ငယ်တုန်းက သိပ်ဆိုးတာ။ စိတ်ကလည်း ကြီးလိုက်တာ မပြောနဲ့တော့။ ထစ်ခနဲဆို သူ့စိတ်အလိုမကျရင် တွေ့ရာနေရာမှာ ပစ်လှဲချလိုက်တာပဲ။ မြေကြီးပေါ်လည်း မရှောင်ဘူး။ ပြီးတော့ သူလိုချင်တာ မရမချင်း အသံကုန်အော်ငိုပြီး ပစ်လှဲတဲ့နေရာမှာ လိမ့်တော့တာပဲ။ တော်တော်နဲ့လည်း ချော့လို့မရဘူး။ အံကြိတ်ပြီး ရှိုက်နေတာကိုက

အကြာကြီး။ သမီး သုံးနှစ်သမီးလောက်တုန်းကပေါ့၊ ညသန်းခေါင် တစ်အိမ်လုံး အိပ်ကောင်းနေတဲ့အချိန်ရောက်ပြီဆိုရင် ထငိုတော့တာပဲ။ ပြီးတော့ လက်ညှိုးတထိုးထိုးနဲ့ "ရေဆိပ်၊ ရေဆိပ် သွားမယ်၊ ရေဆိပ်" နဲ့ အော်တော့တာပဲ။ ဘာမှန်းလဲမသိဘူး။ ချော့မရတော့ သမီးအမေက စိတ်ညစ်ပြီး ဒေါသဖြစ်တယ်။ သမီးကလည်း ရေဆိပ်လိုက်ပို့၊ လိုက်ပို့နဲ့ အသံကုန်အော်တယ်။ ဘနဲ့ မေကြီးနဲ့ကလေ မှန်အိမ်လေးထွန်းပြီး မေကြီးက နောက်က မှန်အိမ်ကိုင်၊ ဘက သမီးကိုချီပြီး အိမ်ကနေ တော်တော်ဝေးတဲ့ မြစ်ဆိပ်၊ ရေဆိပ်ကို သွားကြတယ်။ တစ်ရပ်ကွက်လုံး က ငြိမ်ပြီးမှောင်မည်းလို့။

ရေဆိပ်ရောက်လို့ မြစ်ကမ်းပါးထိပ်ရပ်ပြီး "ကဲ... ရောက်ပြီ။ ရေ ဆိပ်ကို သမီးဘာလုပ်ချင်လဲ" လို့မေးရင်တော့ ဘုရားမီးတွေ လင်းထိန် နေတဲ့ စစ်ကိုင်းတောင်ရိုးဆီကို ဂကျညှိုးထိုးပြတယ်။

"အေး... အေး သမီး၊ ဩကာ ဩကာ လုပ်လိုက်" လို့ပြောရင် လည်း အမယ်... သေသေချာချာရှိခိုးလို့။ ဟော... ပြီးတာနဲ့ ဝါးခနဲဆို အော်ငိုပြီး "အိမ်ပြန်ပို့၊ အိမ်ပြန်ပို့" လုပ်တော့တာပဲ။ အိမ်ပြန်ရောက်တာနဲ့ "ရေဆိပ်ကို၊ ရေဆိပ်ကို" လုပ်ပြန်ရော။ အဲဒါ သမီး အိပ်မပျော်မချင်း အနည်းလေး သုံးခေါက်တော့ သွားလိုက်ပြန်လိုက်လုပ်ရတာ။

ကျွန်မရဲ့ ငယ်ဘဝ အဆိုးပုံပြင်ပေါင်းများစွာကို ကျွန်မအဘွားက ပြန်ပြောတဲ့အခါတိုင်း အဘွားမျက်နှာကို ငေးမောကြည့်ရင်း ကျွန်မ နား ထောင်ခဲ့ဖူးတယ်။ ဘယ်နှခါပဲပြောပြော၊ ဘယ်တော့ပဲဖြစ်ဖြစ် အဘွား မျက်နှာဟာ ပြုံးမြမြနဲ့ တစိမ့်စိမ့် ကျေနပ်နေတဲ့ မျက်နှာ။

"မုံရွာသမ္ဗုဒ္ဓေ၊ ဖိုးဝင်းတောင် ဘုရားဖူးသွားတုန်းကလည်းလေ... ငါ့သမီးက ကောက်တာ၊ ကောက်တာငိုတာ ချော့မရဘူး။ မေကြီး ကျော ပေါ်မှာပေါ့။ ငါ့သမီးကို ကျောပိုးပြီး ဘုရားပေါ်တက်တာ။ မေကြီးရဲ့ သူငယ်ချင်းတွေက မြေးပေါက်စကို ခေါ်လာရပ့ါမလားလို့ တစုစုပေါ့။ အဲဒီတစ်ခေါက်က အိမ်သားတွေ ဘယ်သူမှ မပါဘူး။ သူငယ်ချင်းတွေ

ချည်း စုသွားတာ။ မေကြီးက ငါ့သမီးကို မခွဲနိုင်လို့ ခေါ်သွားတာ။ ငါ့ သမီးက စိတ်ကောက်ပြီးငိုတာ ဘယ်လိုမှ ချော့မရတော့ မေကြီးသူငယ် ချင်း ဘွားချစ်စုက စိတ်တိုတိုနဲ့ ကပြတယ်လေ။ အဲဒီကျမှ စိတ်ကောက် ပြေပြီး တခစ်ခစ်ရယ်တော့ အမလေး... မပြောပါနဲ့တော့။ ဘွားချစ်စုမှာ ကြီးတောင့်ကြီးမ တစ်လမ်းလုံး ကပြခဲ့ရတာ"

"ငါ့သမီးရဲ့ ညာဘက်လက်ကောက်ဝတ်နားက အနာရွတ်အဝိုင်း လေးတွေ့လား။ အဲဒါ ဝါထွက်မှာပေါ့။ ဘုန်းကြီးကျောင်းပေါ်မှာ ဘုန်း ကြီးတွေကို စတုမဓုတို့၊ ရှာလပတ်ရည်တို့၊ ညချင်းသုပ်တို့ကို ကပ်နေတဲ့ အချိန်ပေါ့။ တစ်ခါတည်း ညချင်းသုပ်ကို "အခုယူပေး၊ အခုယူပေး" နဲ့ လုပ်ပါလေရော။ ဘေးကလူတွေက "ငရဲကြီးလိမ့်မယ်၊ မယူရဘူး" လို့ပြောလိုက်ရော ဘုန်းကြီးကျောင်းပေါ်မှာ ပစ်လှဲပြီး လိမ့်တာလေ။ တစ်ယောက်ယောက်ချထားတဲ့ ပြောင်းဖူးဖက် ဆေးလိပ်မီးပေါ် လက် ရောက်သွားပြီး မီးလောင်ခံရတာပေါ့။

ဒီအကြောင်းကို ကျွန်မခင်ပွန်းရှေ့မှာ အမေကြီး တစ်ခါ ထပ်ပြော တုန်းက "အဲဒီတုန်းက ဘုန်းကြီးကျောင်းပေါ်က တခြားလူတွေ တော် တော်ပျော်ကြမှာ သေချာတယ်။ ဆေးလိပ်မီးပေါ် လက်ရောက်သွားတဲ့ အချိန်လေ" တဲ့။ ကိုယ့်ဘာသာကိုယ်တောင် အမြင်ကတ်လောက်အောင် ဆိုးသွမ်းလှတဲ့ ဒီမြေးဆိုးအကြောင်းကို ဘာဖြစ်လို့များ မမောနိုင် မပန်း နိုင်ပြောပြီး ပြုံးမြမြမျက်နှာနဲ့ တစိမ့်စိမ့် ကျေနပ်နိုင်ရတာလဲ။

ကျွန်မ ငယ်ငယ်တုန်းက နွေရာသီရောက်ရင် မျက်စိကျိန်းပြီး မနက်အိပ်ရာက နိုးလို့ရှိရင် မျက်ဝတ်တွေနဲ့ ပိတ်နေတဲ့ မျက်လုံးကို ကွမ်းနံ့မွှေးပျံ့တဲ့ လျှာကလေးနဲ့ လျက်ပြီး ပွင့်စေခဲ့တဲ့ ကျွန်မရဲ့အဘွားဟာ တစ်နေကုန် တစ်နေခန်း ဆော့ကစားပြီး ညအိပ်ရာဝင်ကျရင် ခြေသလုံး လေးတွေ တစစ်စစ် ကိုက်ခဲညောင်းညာလာတာကို မခံတတ်ဘဲ ကလေး ပီပီ ကျွန်မငိုရင်လည်း အမြဲ တယုတယ နှိပ်ပေးခဲ့သေးတယ်။

ကျွန်မ ကျောင်းစနေတဲ့အချိန် ကျောင်းလိုက်ရမှာ ပျင်းတဲ့နေ့မျိုး

ကျွန်မ ဂိုကျပြီဆိုရင် အဘွားက ကျွန်မကို ဘယ်တော့မှ ဖွတ်အတင်း ကျောင်းမထည့်ခဲ့ပါဘူး။ ကျောင်းမသွားရလို့ စိတ်ကြည်သာနေတဲ့ ကျွန်မကို ကကြီး၊ ခခွေး ကျောက်သင်ပုန်းနဲ့ အပြည့် ရေးခိုင်းတတ်ပါ တယ်။ ပြီးရင် ကျောင်းလွယ်အိတ်ကို အဘွားရဲ့ခြင်းထဲမှာ ဝှက်ပြီး တို့မြေးအဘွားကစားဖို့ ဟင်းရွက်ခူးထွက်မယ်ဆိုပြီး ထွက်တော့တာပဲ။ လမ်းတစ်လျှောက်လုံးမှာ လမ်းဘေးအပင်လေးတွေက ဟင်းရွက်တွေကို ကျွန်မတို့ မြေးအဘွားနှစ်ယောက် ခူးကြတယ်။ အဲဒီအချိန်မှာ အဘွားက စကားတစ်ခွန်းကို ထပ်တလဲလဲ ပြောတော့တာပဲ။ အဘွားမျက်နှာလေး က ငယ်လို့၊ ညိုးညိုးလေးနဲ့ "ငါ့သမီးလေး စာမတတ်ရင်တော့ သူများ ခိုင်းတာ လုပ်ရတော့မယ်"တဲ့။ လူဆိုးကျွန်မဟာ အဲဒီစကားကို ဟင်းရွက်ခူးရင်း ငြိမ်နားထောင်နေတတ်ပါသတဲ့။ အဲဒီလိုနဲ့ ကျွန်မတို့ မူလတန်းကျောင်းနားလေးလည်း ရောက်ရော အဘွားက ဖျတ်ဆို ခြင်း ထဲက ပုဆိုးနဲ့ပတ်ပြီး ဝှက်လာတဲ့ ကျောင်းလွယ်အိတ်လေးကို ထုတ်ပြီး "ရော... ငါ့သမီး လွယ်အိတ်လေး။ ကကြီး၊ ခခွေး ရေးထားတာလေးတွေ ဆရာမကို သွားပြချည်" လို့လည်း ပြောလိုက်ရော "ဟုတ်ကဲ့" ဆိုပြီး ကျွန်မဟာ ဟန်ကျပန်ကျ ကျောင်းထဲ ဝင်သွားရောတဲ့။ အဘွားကို လှည့်တောင် မကြည့်ဘူးတဲ့။ ဒါပေမဲ့ အဘွားဟာ ကျောင်းပြင်ဘက်မှာ ဟင်းရွက်ခြင်းလေးနဲ့ ကျောင်းဆင်းတဲ့ထိ ကျွန်မကို ထိုင်စောင့်နေခဲ့ ရှာတာ။

ကျွန်မ ဆယ်တန်းအောင်လို့ တက္ကသိုလ်သွားတက်တဲ့အချိန် ရှန်သားအကျီအဖြူလေးရဲ့ ရှေ့ဖုံးအိတ်ထောင်လေးထဲမှာ သွားကြား ထိုးတံလေးနဲ့အတူ ကျွန်မ လိုင်စင်ဓာတ်ပုံလေးကို ထည့်ပြီး ကျန်ခဲ့ရှာတဲ့ အဘွားဟာ အံ့ဩစရာ၊ မြေးမရဲ့ချစ်သူကိုလည်း ကြည်ကြည်ဖြူဖြူနဲ့ အတူတူ ချစ်နိုင်ရှာခဲ့တာလေ။

စာရေးဆရာဆိုတဲ့အလုပ်ကို အဘွား ရေရေရာရာ မသိရှာပေမဲ့ အဘွားရှေ့ ကျွန်မရောက်တာနဲ့ ကျွန်မညာဘက်ကို ဖျတ်ခနဲ ဆွဲယူပြီး

"ဒီလက်ကလေးကို ဂရုစိုက်နော် သမီး၊ ငါ့သမီးက ဒီလက်ကလေးနဲ့ အလုပ်လုပ်ရတာ။ ဒီလက်ကလေး တစ်ခုခု ဖြစ်သွားမှဖြင့်" တဲ့။ ကျွန်မ သူ့ရှေ့ရောက်နေချိန်မှာ ဒီလက်ကလေး ရေနွေးအိုး မတည်ရ၊ မကိုင်ရ၊ ဒီလက်ကလေး ဆီပူအိုးနား မသွားရ၊ ဒီလက်ကလေး အဝတ်မလျှော်ရ၊ ရေမဆွဲရတဲ့လေ။

ပြီးတော့ ကျွန်မခင်ပွန်းကို သူ တဖွဖွ မှာတဲ့စကားက "သားရယ်... သူ့တစ်ယောက်တည်း ဘယ်မှမလွှတ်နဲ့နော်။ သူ ဘယ်သွားသွား သား အမြဲတမ်းလိုက်ပါနော်" တဲ့။ ကျွန်မ နိုင်ငံခြားခရီးသွားရမယ်ဆိုတော့ အဘွားက ပြုံးပြုံးနဲ့ မေးလိုက်တာက "နေပါဦး၊ ငါ့သမီးနဲ့ အတူတူ သွားမယ့် စာရေးဆရာမလေးတွေနာမည်က ဘယ်သူတွေတုံး" တဲ့။ ရုတ်တရက် ကျွန်မက ဘာပြန်ပြောရမှန်းမသိတော့ ကျွန်မခင်ပွန်းက ပါးစပ်ထဲတွေ့တဲ့နာမည်ပေါ့၊ "ဟို... ကြည်စိုးထွန်းတဲ့၊ ချစ်ဦးညိုတဲ့ မေကြီးရဲ့" လို့ ပြောလိုက်တော့ ဘာပြောတယ်မှတ်လဲ့။ "အမယ်... စာရေးဆရာမလေးတွေနာမည်က ငါ့သမီးနာမည်ထက်တောင် လှသေးတယ်။ ရုပ်ကလေးတွေကကော လှရဲ့လားဟဲ့" တဲ့။ ကျွန်မက ခပ်တည်တည်နဲ့ "အို... ရုပ်တွေကတော့ မလှပါဘူး မေကြီးရာ။ အသားမည်းမည်း၊ ဝပြဲပြဲကြီးတွေ သိလား" လို့ပြောပြီး ကျိတ်ပြီး ရယ်ရတယ်။ ကျွန်မဟာ မိုင်ထောင်ပေါင်းများစွာ ဝေးကွာသော နိုင်ငံရပ်ခြားခရီးကို တစ်ကိုယ်ရေ တစ်ယောက်တည်း သွားခဲ့တယ်ဆိုတာများ အဘွားသိခဲ့ရင် ဘယ်လိုများ နေရှာပါ့မလဲ။

ကျွန်မ ခဏ ခဏ စဉ်းစားကြည့်ဖူးပါတယ်။ ဒီလို မြေးဆိုးမျိုးကို ဘယ်လို သည်းခံခွင့်လွှတ်စိတ်တွေနဲ့ ဘာကြောင့်များ အဘွား ချစ်နိုင်ခဲ့ပါလိမ့်။

* * *

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ ည ခုနစ်နာရီဆယ်မိနစ်

ကြာသပတေးနေ့မှာတော့ ကျွန်မအတွက် မြေးဦးကလေး မောင်ဘုန်းမင်းခန့်ကို ဖွားမြင်ခဲ့ပါတယ်။ သူ့ကို မန္တလေးမှာ မွေးတာဆိုတော့ မွေးမွေးချင်း သူ့ကို ကျွန်မ မမြင်ရပါဘူး။ ကျွန်မတို့ ဆွေမျိုးမိသားစုရဲ့ အငယ်ဆုံးကလေးသုံးယောက်ဖြစ်တဲ့ မိရွှေစင်၊ အိုးဘုတ်နဲ့ ချိုဘူးလေးတို့ ညီအစ်မသုံးယောက်ဟာ အသက်နှစ်ဆယ်တွင်းနဲ့ နှစ်ဆယ်ကျော်တွေဆိုတော့ အင်းဝ၊ မန္တလေး မိသားစုဆွေမျိုးတွေဟာ မြေးကလေးကြောင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြတော့တယ်။ ကျွန်မ အဖေနဲ့အမေက မြစ်ကလေးကြောင့် ရှိတဲ့ရောဂါတွေ တစ်ဝက် သက်သာသွားသတဲ့။

ကျွန်မရော ဘယ်လိုဖြစ်မှာလဲ။ မြေးဆိုတဲ့ ခံစားမှုဟာ ဘယ်လိုဟာလဲ။ ကျွန်မမှာ မန္တလေးကို ချက်ချင်း ပြေးမသွားနိုင်လေတော့ မြေးကလေး ခြောက်လသားကျမှ သူ့ကို တွေ့ရတာပါ။

* * *

မြေးကလေးနဲ့ ကျွန်မ ဘယ်လို စတွေ့ရသလဲ သိလား။ ပုခက်ကလေးထဲမှာ သူက အိပ်ပျော်နေခဲ့တာ။ သူ့ကိုမြင်လိုက်တဲ့ ခဏမှာတော့ ကျွန်မ ဘာမှ မထူးခြားသေးပါဘူး။ ကျွန်မ သူ့ကို ငုံ့ကြည့်နေတဲ့ အချိန်လေးအတွင်းမှာပဲ သူက ဖျတ်ခနဲနိုးလာပြီး ကျွန်မကိုမြင်တာနဲ့ သူဘာလုပ်လိုက်တယ်မှတ်လဲ။ ကျွန်မကို သူက ပြုံးပြလိုက်တာပါ။ ခြောက်လသားကလေးကလေ အံ့ဩစရာ၊ လူကြီးတစ်ယောက်လို ပြုံးပြလိုက်တာပါ။ အဲဒီအပြုံးဟာ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံး အပြုံးပါ။ အပြစ်ကင်းစင်ဆုံး အပြုံးပါ။ လာပါဦး မြေးကလေးရဲ့။ ပုခက်လေးထဲကနေ ကျွန်မ အသာ ပွေ့ယူလိုက်ပါတယ်။ ကျွန်မရင်ခွင်ထဲမှာ သူ့ခေါင်းကလေးနဲ့ သနားစရာ အသာအယာ တိုးဝှေ့လိုက်တဲ့အချိန်မှာပဲ ကျွန်မ အံ့ဩခြင်းမက အံ့ဩရပါပြီ။ ကြည်နူးခြင်း၊ ငြိမ်းအေးခြင်း၊ ချမ်းမြေ့ခြင်းဆိုတဲ့ စကားလုံးတွေနဲ့ ရေစက်လေးတစ်ပေါက်ဟာ ကျွန်မတစ်ကိုယ်လုံးကို အေးစိမ့်သွားအောင် တတ်နိုင်ပါသတဲ့လား။

"သူကလေ... မွှေးမွှေးချင်းလည်း မငိုဘူး။ ဆရာမတွေက အတင်းငိုအောင်လုပ်ရတာ။ နို့ဆာရင်လည်း မငိုဘူး။ အိပ်ချင်ရင်လည်း မငိုဘူး။ အိပ်ရာနိုးရင်လည်း မငိုဘူး။ မအေကို ဒုက္ခမပေးတဲ့ သားလေး"

မြေးကလေးရဲ့မိခင် ကျွန်မချွေးမလေးပြောတာကို နားထောင်ရတဲ့ ကျွန်မမှာ မြေးကလေးကို သနားကြင်နာရပြန်တယ်။

"အန်တီကြီးရဲ့မြေးက မျက်နှာသိပ်ရှူးတာ သိရဲ့လား။ သုံးလကတည်းက လူတကာကို လိုက်ရယ်ပြနေတာ။ သူ့ကို အိမ်ရှေ့မှာ ချီပြီးရပ်နေတာ လမ်းပေါ်က ဖြတ်သွားတဲ့ ဖုံးရွက်သည်ကြီးတွေကို လှမ်းရယ်ပြနေတာလေ။ ဟော်တော်... ကလေးလေးက ရယ်ပြနေတယ်၊ ရယ်ပြနေတယ်နဲ့ ဖုံးရွက်သည်ကြီးတွေက အုံသြပြီး ရပ်ကိုကြည့်နေကြတာ"

မြေးကလေးကို လက်ပေါ်က မချနိုင်တဲ့ ကျွန်မတူမ၊ မြေးကလေးရဲ့အဒေါ် မိရွှေစင်ပြောတာကို နားထောင်ရပြန်တော့ ရယ်မောရင်းနဲ့ ကျွန်မမှာ သဘောကောင်းတဲ့ မြေးကလေး၊ မျက်နှာချိုတဲ့ မြေးကလေးဖြစ်ရပြန်တယ်။

ဟုတ်လည်း ဟုတ်ပါရဲ့။ ရယ်ပဲရယ်တတ်ပြီး မငိုတတ်တဲ့ မြေးလေးဟာ ခြောက်လသားမှာ အိပ်ချင်လာရင်တော့ "အင် အင်" ဆိုတဲ့ အသံလေးလုပ်တယ်။ သူ့အမေနဲ့ သူ့အဒေါ်က "ဟော... ဒါ အိပ်ချင်ပြီတဲ့"။ "ပေး... ပေး သူ့ကိုပေး" ဆိုပြီး မြေးကလေးနဲ့ နေရသခိုက်လေးမှာ အိပ်အောင် သိပ်ကြည့်ချင်တဲ့ ကျွန်မကို မိရွှေစင်က "အန်တီကြီး... သီချင်းဆိုရမှာနော်။ သီချင်းဆိုမှ အိပ်တာ" တဲ့။ "အေးပါ၊ အေးပါ" ဆိုပြီး ကျွန်မက ကဗျာသီချင်းလေးနဲ့ သိပ်မှာပေါ့လို့ စိတ်ကူးတယ်။

"---နေလုံးနီနီ ညနေစောင်းတော့..."

ကျွန်မ သီချင်းညည်းသံထွက်လာတာနဲ့ ကျွန်မတူမ မိရွှေစင်ရဲ့ အလန့်တကြား အသံကလည်း ချက်ချင်းထွက်လာတယ်။

"ဟာ... မရဘူး အန်တီကြီး၊ အဲဒါမရဘူး"

"ဟင်... ဘာမရတာလဲ"

"ဟာ...သူက ရောသမမွှေနဲ့မှအိပ်တာ။ သမီးဆို အာကို ညောင်းနေအောင် ပါးစပ်ဆိုင်းတီးရတာ။ အန်တီကြီးက ရောသမမွှေရလို့လား"

အလို... မြေးကလေးရေ... အဘွားမှာ မလွယ်ပါလား။ ရင်ခွင်ထဲက မြေးကလေးကို ငုံ့ကြည့်တော့ သနားစရာ မျက်လုံးလေးနဲ့ "အင်... အင်" တဲ့။ ရောသမမွှေ ပါးစပ်ဆိုင်း တီးလုံးသံ ထွက်လာခဲ့ပါပြီ။ ဒီဂျေပွတ်တဲ့အသံကို ကြာကြာနားထောင်လို့ မရဘူးဆိုတဲ့ ကျွန်မရဲ့ အသံအစစ်ပါ။ ဘာတဲ့... ဆိုလည်း ဆိုလိုက်သေးတယ်။

"တောင်ပေါ်က ရှမ်းကလေး... လျှော်ထမ်းလို့ပြေး... တိုတဲ့လျှော်က တို... ရှည်တဲ့လျှော်က ရှည်..."

* * *

မြေးကလေးနဲ့ ဆယ်ရက်ပဲ နေနိုင်ပြီး ရန်ကုန်ပြန်ရတော့ အပြန်လမ်းမှာကတည်းက ကျွန်မတို့ အဘိုးအဘွားနှစ်ယောက် လွမ်းပါပြီ။ ဘာလို့မှန်းလဲ မသိဘူး။ သနားစရာ သိပ်ကောင်းတာပဲဆိုတဲ့စကားကို ကျွန်မတို့ ထပ်တလဲလဲ ပြောမိကြတယ်။ သူ့ကို ပြုစုပျိုးထောင်ဖို့၊ သူ့အနာဂတ်ကို တိုင်ပင်ဆွေးနွေးတာ ရန်ကုန်ရောက်တဲ့အထိတောင် မပြီးပြတ်ဘူး။ ကလေးစိတ်ပညာ ဘာသာရပ်ကို အထူးပြုယူခဲ့ဖူးတဲ့ အဘိုးက စဉ်းစားတယ်။

"ဒီကောင့်ကို အားကစားသမားဖြစ်အောင် လုပ်ရမယ်။ အဲဒါဆို မူးယစ်ဆေးဝါးကိစ္စ သိပ်စိတ်မပူရတော့ဘူး"

"ဖြစ်တော့မှာပဲ။ ခုကတည်းက ရောသမမွှေနဲ့ အိပ်တဲ့ကောင်က။ အနုပညာသမားလေးပဲ ဖြစ်လာမှာ ထင်ပါတယ်"

ကျွန်မက ကိုယ့်ဘက်ကိုပဲ ဆွဲတွေးမိပေမဲ့ မြေးကလေး ကြီးပြင်းရမယ့် ခေတ်အခါဟာ ဘယ်လိုဆိုတာ ကျွန်မ မသိနိုင်ပြီ။ ဘယ်လိုအလုပ်မျိုးပဲလုပ်လုပ်၊ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် မြေးကလေးမှာ ကိုယ်ချင်းစာစိတ်နဲ့ စွန့်လွှတ်အနစ်နာခံစိတ်လေးရှိနေရင် ကျွန်မ ကျေနပ်ပြီ။

သူ့အတွက် တိုင်ပင်ငြင်းခုံရင်း အဘိုးအဘွားနှစ်ယောက် သူ့ကို လွမ်းလာရင်တော့ တယ်လီဖုန်းထဲက သူ့အသံလေးကို ကြားရဖို့အတွက် စိတ်ရှည်လက်ရှည် စောင့်ကြရတယ်။ သူ စိတ်လက်ကြည်လာရင် တခစ်ခစ်ရယ်တတ်တယ်ဆိုတဲ့အချိန်မှာ ချက်ချင်းဖုန်းခေါ်ဖို့ မှာရတယ်။

ဒီလိုနဲ့ပဲ မြေးကလေးဟာ ကိုးလအရွယ်ကို ရောက်ခဲ့ပါပြီ။

* * *

တစ်ခုသော နံနက်ခင်း ကျွန်မတို့ Breakfast စားချိန်မှာ တယ်လီဖုန်းသံ မြည်လာခဲ့ပါတယ်။

"ဟဲလို"

"ဟဲလို အန်တီ၊ သမီးပါ"

မြေးကလေးရဲ့ အမေပေါ့။ ရုတ်တရက် ဖျတ်ခနဲ စိတ်ပူရင်း "ကလေး ဘာဖြစ်လဲသမီး" ဆိုတဲ့ ကျွန်မအမေးကို ချွေးမလေးက ရယ်တယ်။

"သားသား ဘာမှမဖြစ်ပါဘူး အန်တီကြီးရဲ့။ ဒီမှာ သားသားက ဘေးမှာ ထိုင်ကွင်းလေးထဲမှာ ထိုင်နေတယ်။ အခုလေ အန်တီကြီး သားသား စကားစပြောပြီ"

"ဟင်... ဟုတ်လား၊ ဘာပြောလဲ၊ ဘာပြောလဲ"

"သမီး အခု ခေါ်ခိုင်းမယ်။ ဦးဦးရောရှိလား။ ဦးဦးပါ နားထောင်နော်"

"အေး... အေး ရှိတယ်။ ဟေး... ဒီမှာ ကလေးက စကားပြောပြီတဲ့။ ဟိုဘက်ဖုန်းသွားနားထောင်လိုက်"

အဘိုးလုပ်သူက လက်ဖက်ရည်ခွက်ချပြီး ကပျာကယာ အိပ်ခန်းထဲ ပြေးတယ်။

"ရပြီ... သမီးရေ၊ ခေါ်ခိုင်းတော့၊ ပြောခိုင်းတော့"

"ဟုတ်ကဲ့... ဦးဦး ဟောဒီမှာ သူ့အဖေက ခုမှ အိပ်ရာကနိုးလာလို့

သူ့အဖေကို လှမ်းရယ်ပြနေတာ။ သားရေ၊ ခေါ်ပါဦး၊ အာခိုး... အာကား"

"ဟဲ့... အဲဒါ ဘာခေါ်တာလဲ"

"အဘိုးနဲ့အဘွားကို ခေါ်တာလေ အန်တီကြီးရဲ့"

"ဘာရယ်"

"ခဏလေး... ခဏလေးအန်တီကြီး၊ သားခေါ်ပါဦး ခေါ်ပါဦး"

အလိုလေး... သူက အဘိုး၊ အဘွားလို့ ခေါ်တော့မလို့တဲ့။ "အင်... အယ်"ဆိုတဲ့ မြေးကလေးရဲ့ အားယူသံလေး ကြားရပါပြီ။ ကျွန်မတို့နှစ်ယောက်လုံး အသက် မရှူရဲကြပါဘူး။ မြေးကလေးက အသံလေးလေး လေးနဲ့ "အ..."တဲ့ ပြီးတော့မှ "ခိုး"တဲ့၊ ပြီးတော့ "အ..." "ကား" တဲ့။ "အခိုး" နဲ့၊ "အကား" တဲ့လေ။ ချစ်စရာ၊ သနားစရာ ကောင်းလှတဲ့ အသံလေး။ အို... အဲဒီအချိန်မှာ ကျွန်မရင်ထဲမှာ ကြည်နူး ချမ်းမြေ့ခြင်းကလွဲရင် လောဘမရှိ၊ ဒေါသမရှိ၊ ရန်လိုခြင်းမရှိ။ မထူး ဆန်းဘူးလား။ မြေးကလေးကို အဆုံးမရှိတဲ့ သနားကြင်နာခြင်းနဲ့ အရာရာကို သည်းခံခွင့်လွှတ်ပြီး သူလိုသမျှ အားလုံး ဖြည့်ဆည်းပေး ချင်လှပါတယ်။ ကျွန်မ အဘိုးနဲ့အဘွားကို အလွမ်းကြီး လွမ်းမိပါပြီ။ ကိုယ်ချင်းစာနိုင်ပါပြီ။ ကျွန်မချစ်တဲ့ အဘိုးနဲ့အဘွား ကျွန်မကို ထာဝရ ခွဲခွာသွားတာ ကြာခဲ့ပါပြီ။ ဒါပေမဲ့ မြေးဆိုးကို ဘယ်လောက်ထိချစ်ခဲ့လဲ။ ကျွန်မ ဝေးမြေရပ်ခြားရောက်နေချိန်မှာ ကျွန်မ မသိအောင် လောကကြီး ထဲက ထွက်ခွာသွားခဲ့တာ။ ကျွန်မကို မသိစေခဲ့ဘူး။ မမြင်စေခဲ့ဘူး။ ကျွန်မဘယ်တော့မှ ပြန်မတွေးချင်ပါဘူး။

"...သိလား၊ အန်တီကြီး သိလား၊ သမီးပြောတာ ကြားလား... ဟဲလို"

"ဩော်... အေး... အေး ပြော၊ သမီး ဘာပြောလိုက်တာလဲ"

စိတ်ခဏလွှတ်သွားတဲ့ ကျွန်မက သူ့ဘာပြောမှန်းတောင် မသိ လိုက်တော့ပါဘူး။

"ဩော်... ဟိုဟာလေ အန်တီကြီးမြေးက သိပ်သိတာပဲလို့။ အဲဒီ

ဘက်က အန်တီကြီး သူ့ကိုခေါ်တဲ့ အသံကြားရင် စပီကာကို မျက်လုံး လေးပြူးကြည့်ပြီး ငြိမ်နားထောင်နေတာလို့”

“ဟုတ်လား”

“အဲဒါနော် အန်တီကြီးတို့အဘွား၊ အမေကြီးလေ၊ သူများဝင်စား တာလားမသိဘူးနော်။ သမီး သားသားကိုယ်ဝန်ရှိခါစက အိပ်မက် မက် တယ်”

“ဘာ... ဘယ်လို”

မမျှော်လင့်ဘဲ စကားတစ်ခွန်းဟာ ကျွန်မကို အလွန်အမင်း တုန် လှုပ်သွားစေခဲ့ပါတယ်။

“ဘယ်လိုအိပ်မက်လဲ၊ ဘာအိပ်မက်လဲဟင်”

“ဟို... အိပ်မက်ထဲမှာ အဘွားကြီးတစ်ယောက်က သမီးတို့နဲ့ လာနေချင်တယ်တဲ့။ အဘွားက တောင်ဝှေးလေးနဲ့၊ ဆံပင်တွေကလည်း တစ်ခေါင်းလုံးဖြူလို့။ သမီးက နေပါလို့ ပြောလိုက်တယ်။ သမီးက အန်တီကြီးတို့ အမေကြီးကို မမြင်ဖူးလိုက်တော့ မသိဘူးပေါ့။ အန်တီ ကြီးသားလည်း အိပ်မက်မက်တယ်လို့ ပြောတယ်။ ကိုသူရိန့်ကို မေး ကြည့်ပါလား”


“ဟဲလို... အန်တီကြီး သားပါ ဟဲလို...”

ကျွန်မသား အသံကိုလည်း ကျွန်မ မကြားတော့ပါ။ ကျွန်မနှလုံး သွေးဟာ တဒိတ်ဒိတ်နဲ့ ဆောင့်ခုန်တိုးနေပါပြီ။ ကျွန်မဘာဖြစ်လို့ တွေး မကြည့်ခဲ့တာပါလိမ့်။ ဒါဟာ တကယ်လား၊ တကယ်ဖြစ်နိုင်သလား။ ကျွန်မသိပ်ချစ်တဲ့ မြေးကလေးဟာ ကျွန်မကိုသိပ်ချစ်တဲ့ အဘွားလား။ မြေးကလေးကို ကြာသပတေးနေ့မှာ မွေးခဲ့တာ။ အဘွားကလည်း ကြာ သပတေးသမီးပဲလေ။ တကယ်ပဲလား။ အဘွားကို ဒုက္ခမပေးတဲ့ မြေး လိမ္မာလေးအနေနဲ့ ပြန်လာခဲ့ရှာတာလား။ သနားစရာကောင်းလှတဲ့ ကျွန်မရဲ့အဘွား။ တပေါက်ပေါက်ကျလာတဲ့ ကျွန်မမျက်ရည်တွေဟာ ဝမ်းနည်းဝမ်းသာ မျက်ရည်တွေပါ။ လူဝင်စားနဲ့ပတ်သက်တဲ့ စာအုပ်

တွေ ဘယ်မှာရနိုင်မလဲ။ လူဝင်စားဆိုတာ တကယ်ရှိတာ ဖြစ်ပါစေနော်။ ကျွန်မရင်တွေ ခုန်လှုပါတယ်။ မြေးကလေး စကားကောင်းကောင်း ပြောတတ်တဲ့အချိန်မှာ ကျွန်မတို့မြေးအဘွား ပြန်တွေ့ကြရမှာလား။ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့တဲ့ ကျွန်မအဘွားကို တကယ်ပဲ ကျွန်မ ပြန်တွေ့ရမှာလားဟင်။

ရွှေအမြုတေမဂ္ဂဇင်း၊
နိုဝင်ဘာ၊ ၂၀၀၇ ခုနှစ်။

❖





# သည်လိုပုံနဲ့

ကျွန်မ လူမှန်းသိတတ်ခါစအရွယ်မှာ 'ပိုက်ဆံ' သိမ်းဆည်းတဲ့ နေရာဆိုတာကို စပြီး မြင်ဖူးတာဟာ ကျွန်မအဘွားရဲ့ ကြေးဝါရောင် အပ်ချိတ်ကြီး တွယ်ထားတဲ့ ဘော်လီအိတ်ထောင်ပါ။ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ မတ်စေ့၊ ငါးမူးနဲ့ ကျပ်တန်၊ ငါးကျပ်တန်၊ ဆယ်တန် လေး–ငါးရွက်တို့ ရောနှောထည့်ထားတဲ့ အဘွားဘော်လီအိတ်ထောင်ကို အလကားနေရင်း ကျွန်မက စမ်းစမ်းကြည့်တတ်တယ်တဲ့။ ကျွန်မအမေ ပိုက်ဆံထားတဲ့၊ သိမ်းတဲ့နေရာကျတော့ "ဈေးသေတ္တာ" လို့ခေါ်တဲ့ ကျွန်းသေတ္တာသေးသေးလေး။ သော့လေးပါတယ်။ သော့ခတ်လို့ရတယ်။

ကျွန်မအဖေကျတော့ အရောင်းအဝယ်နဲ့ ခရီးသွားတော့မယ်ဆိုရင် အဝတ်အိတ် ရှည်မျောမျောထဲမှာ ပိုက်ဆံကိုထည့်ပြီး ခါးပတ်လို ခါးမှာ ပတ်စည်းပြီး ယူတတ်တယ်။ မေမေ အဝတ်အိတ် ရှည်မျောမျောလေးတွေကို လက်ချုပ် ချုပ်နေပြီဆိုရင် ဖေဖေ ခရီးသွားတော့မယ်ဆိုတာ ကျွန်မ အလိုလိုသိပြီ။

ကျွန်မ အဘွားနဲ့ မေမေတို့ရဲ့ လက်ဝတ်လက်စား ရွှေထုပ်သိမ်းဆည်းတဲ့နေရာကျတော့ ရေတံလျှောက်ထဲ ဒါမှမဟုတ် အိမ်တိုင်နဲ့ ပျဉ်

ချပ်ကြားတွေထဲမှာ ထိုးထည့်ထားတတ်တယ်။

ကျွန်မအမေဟာ သူ့ အသိမ်းအဆည်း အထားအသိုတတ်လို့ ဓားပြတွေလက်ထဲ ပိုက်ဆံထုပ် ပါမသွားရပုံကို ယခုတိုင် ဂုဏ်ယူစွာ ပြောတုန်း။ မေမေ အပျိုတုန်းက အင်းဝကနေ ပြင်ဦးလွင်ကို လှည်းတန်းကြီးနဲ့ စုပြီး သွားလည်ကြတာ လမ်းကျ ဓားပြတိုက်ရောတဲ့။ အားလုံးဟာ ဘာမှမတတ်နိုင်ဘဲ ပါတဲ့ ပိုက်ဆံလေး လက်ဝတ်လက်စားလေးတွေရော ချွတ်ပြီး ပေးကြတဲ့အချိန်မှာ ကျွန်မအမေက ဓားပြတွေ လှည်းဆီကို ရောက်မလာခင် လက်ဝတ်လက်စားတွေနဲ့ ပိုက်ဆံအထုပ်လေးကို တစ်နေရာမှာ မြန်မြန် သွားဝှက်တယ်တဲ့။ ဘယ်နေရာလဲဆိုတော့ မေမေတို့လှည်းမှာ “က” ထားတဲ့ နွားကြီးတစ်ကောင်ရဲ့ ခြေထောက်အောက်၊ နွားရဲ့ ခွာအောက်မှာတဲ့။ နွားကြီးကလည်း သူ့ခွာနဲ့ဖိပြီး နင်းပေးထားရှာသတဲ့။ ဓားပြတွေ လှည်းဆီရောက်လာတော့ လှည်းပေါ်မှာရော၊ လူပေါ်မှာရော ဘယ်လိုပဲရှာပေမဲ့ ဘာမှ မရသွားဘူးတဲ့လေ။

ကျွန်မယောက္ခမကြီးကျတော့လည်း ‘မြေမြှုပ်’ တတ်တယ်။ သူက ရွှေငွေရတနာပစ္စည်း၊ စာချုပ် စတာတွေကို ကျစ်ကျစ်ပါအောင် ပလတ်စတစ်အထပ်ထပ်နဲ့ထုပ်၊ ပြီးတော့ စဉ့်အိုးသေးသေးထဲ ထည့်ပိတ်ပြီး မြေမြှုပ်တာ။ အဲ... နေရာကို ဘယ်လိုမှတ်လဲဆိုတော့ အိမ်အောက်ထပ်က သူ့အိပ်တဲ့ ခုတင်ခေါင်းရင်းက ခုတင်တိုင်ရဲ့ အောက်တည့်တည့်မှာ မှတ်ပြီး မြှုပ်တယ်တဲ့။ သူ့ဟာနဲ့သူတော့ ဟုတ်သားပေမဲ့ အိမ်လည်း မီးလောင်ရော ပြဿနာတက်ရောလေ။ သူမှတ်ထားတဲ့ ခုတင်တိုင်က တိုင်ရော၊ ခုတင်ရော တစ်အိမ်လုံး မီးလောင်သွားပြီ။ အိမ်အောက်ထပ်တစ်ခုလုံးမှာလည်း လက်ဖက်ခြောက်လုပ်တဲ့အိမ်ဆိုတော့ လက်ဖက်ခြောက် မီးကျီးခဲတွေက အပြည့်။ ရဲရဲတောက်လို့။ ကံကောင်းလို့ အိမ်အုတ်နံရံ လေးဖက်လေး ကျန်ခဲ့လို့ ခုတင်နေရာကို မှန်းမှန်းပြီး တူးရတာပေါ့။

ကျွန်မ ကျောင်းစလိုက်တဲ့အရွယ်၊ ကိုယ်ပိုင်ပိုက်ဆံဆိုတာကို

စရပြီး စသုံးရတဲ့အချိန်မှာ ကျွန်မ ပိုက်ဆံသိမ်းတဲ့နေရာက လည်ပင်းမှာ ဆွဲရတဲ့ "ရှုံ့ကြိုးအိတ်ထောင်" လေးတွေပေါ့။ အဝတ်စ ရောင်စုံလေးတွေနဲ့ ချုပ်ထားတဲ့ အဆင်စုံ၊ ရောင်စုံရှုံ့ကြိုးအိတ်ထောင်လေးတွေ ကျွန်မမှာ အများကြီးရှိတယ်။ ၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်ဆီက အဲဒီ အိတ်ထောင်ထဲမှာ နှစ်ဆယ့်ငါးပြား(တစ်မတ်)ပါရင် ကျောင်းမှာ ဗိုလ်ပဲ။ မုန့်ဈေးဗန်းထဲက ဘာမုန့်ဖြစ်ဖြစ် တစ်ခုမှ ငါးပြားကိုး။ လက်သုပ်စုံကလည်း ငါးပြားကိုး။ ဆယ်ပြား–ဆယ့်ငါးပြားဖိုးဆိုရင် ဗိုက်ကို တင်းပြီး အီနေအောင် စားပါလေ့။

ဘာဖြစ်လို့လဲ မသိပါဘူး။ ရှုံ့ကြိုးအိတ်ထောင်လေးတွေကို ကျွန်မ ငါးတန်းရောက်တဲ့အချိန်မှာ မသုံးတော့ဘူး။ ပိုက်ဆံကို ဘယ်ထဲမှာ ထည့်လဲဆိုတော့ ငါးတန်းမှာမှ စကိုင်ရတဲ့ ကွန်ပါဘူးထဲမှာ ထည့်တယ်။ ကျောင်းမုန့်ဈေးတန်းသွားရင် ကွန်ပါဘူးလေး တကိုင်ကိုင်နဲ့။ အဲဒါ ဆယ်တန်းထိပဲ၊ ပိုက်ဆံအိတ်တွေဘာတွေ ကိုင်ရကောင်းမှန်း မသိသေးဘူး။ တက္ကသိုလ်ရောက်သွားတော့မှ "စလင်းဘက်" လို့ ခေါ်တဲ့ ပခုံးသိုင်းအိတ်ရောဂါရတော့တာ။ ပခုံးသိုင်းအိတ်အမျိုးမျိုးနဲ့ အတူ လက်ကိုင် ပိုက်ဆံအိတ် အရွယ်အစားအမျိုးအစားကို ကြိုက်တာနဲ့ တွေ့တဲ့နေရာမှာ ဝယ်တတ်တဲ့ရောဂါဟာ ခုချိန်ထိ ကျွန်မမှာ စွဲကပ်နေတုန်း။ ကျွန်မ ပိုက်ဆံသိမ်းတဲ့နေရာဟာ ကျွန်မအကိုင်များတဲ့ အိတ်တွေထဲမှာပဲ။ နည်းနည်းများတဲ့အခါကျရင်တော့ အဝတ်ဗီရိုအံဆွဲထဲမှာ ထည့်ထားလိုက်တယ်။ တစ်ခါတလေကျတော့လည်း ကျွတ်ကျွတ် အိတ်အထုပ်နဲ့ အဝတ်တွေကြားမှာ ဒီအတိုင်းပဲ။ ကျွန်မမှာ ဘဏ်စာအုပ်လည်း မရှိဘူး၊ ထားလည်း မထားတတ်ဘူး၊ ထားလောက်အောင် ပိုက်ဆံ အများကြီးလည်း မရှိဘူးလေ။ အဲလိုလူမျိုးတစ်ယောက်နဲ့ "မီးခံသေတ္တာ" ဆိုတဲ့အရာဟာ တကယ်တော့ ပတ်သက်စရာအကြောင်းကို မရှိဘူး။

* * *

The Park Land Hong Kong ဟိုတယ်ရဲ့ တစ်ခုသော အခန်းနံပါတ် ၁၉၂၇ ထဲကို ကျွန်မရောက်တော့ ဟောင်ကောင်စံတော်ချိန် ခုနစ်နာရီ မထိုးသေးပါဘူး။ ဟောင်ကောင်ရဲ့ နိုဝင်ဘာ ဆောင်းဓာတ်ကလေးက အေးစိမ့်စိမ့်နဲ့ နေလို့ ကောင်းရုံလေးရယ်။ အခန်းအပူချိန်ကို ၂၂ ဒီဂရီမှာ သူတို့က ချိန်ပေးထားတယ်။ အတော်ပါပဲ။ ဒီ့ထက်လည်း မအေးချင်၊ မပူချင်တော့ပါဘူး။ ဟောင်ကောင်လေဆိပ်၊ လူဝင်မှုကြီးကြပ်ရေးကောင်တာကို ဖြတ်ပြီးကတည်းက စိတ်က မကြည်မသာ၊ မအီမသာနဲ့။ ဟိုတယ်အခန်းကိုတောင် သေချာ မကြည့်ချင်တော့ဘူး။ သန့်ရှင်းမွှေးကြိုင်၊ လှပတဲ့ အခန်းကျယ်ကြီးလို့ပဲ မှတ်ချက်ချပြီး လန်းဆန်းသွားအောင် ရေချိုးလိုက်တယ်။ ပြီးတာနဲ့ အိပ်ရာပေါ် ပစ်လှဲပြီး တီဗီရီမုတ်လေးကို ကောက်ကိုင်မိတယ်။ ဗိုက်ကလည်း လုံးဝမဆာဘူး၊ ဘာမှ ဟုတ်တိပတ်တိ မစားမိဘူး။ ဘာမှ ထမ်းရပိုးရတာလည်း မဟုတ်ဘဲနဲ့ လူကလည်း ပင်ပန်းနေသလိုပဲ။ အဲဒီလိုမျိုး ဖြစ်နေတာ တစ်လကျော်ကျော်လောက်တောင် ရှိရောမယ်။ ဒီကိုရောက်ရောက်ချင်း ချိန်းထားတဲ့ သူငယ်ချင်းမိတ်ဆွေတွေနဲ့ မတွေ့ရလို့လည်း နေပါလိမ့်မယ်။ ကျွန်မနဲ့ ညီအစ်မအရင်းလိုချစ်တဲ့ 'သီ' တို့ ဇနီးမောင်နှံက တိုကျိုကနေလာကြမှာ။ ညဆယ်နာရီလောက်မှ ရောက်မှာတဲ့။

တီဗီရီမုတ်ခလုတ်လေးကို စိတ်မပါ့တပါနဲ့ ထပ်ခနဲ နှိပ်လိုက်တဲ့ ခဏမှာတော့ ဖျတ်ဆို အံ့အားသင့်ပြီး ဟိုတယ်ဝန်ဆောင်မှုကို သဘောကျ ကျေနပ်ရသေးတယ်။ ဖွင့်လိုက်တာနဲ့ ကျွန်မနာမည် စာတန်းလေးနဲ့ ဟိုတယ်က ကြိုဆိုနှုတ်ခွန်းဆက်ထားတာတွေ။ ပြီးတော့မှ တခြားအစီအစဉ်တွေပေါ်လာတာ။ တီဗီအစီအစဉ်တွေ ရီမုတ်နဲ့ လျှောက်ရှာရင်း ရုပ်ရှင်အစီအစဉ်ဆိုတာ တွေ့လိုက်တော့ ဟုတ်ပြီဆိုပြီး ဘာဇာတ်ကားတွေများ ရှိမလဲလို့ ကြည့်လိုက်တယ်။ ဇာတ်ကားတွေကတော့ ကိုယ့်အကြိုက်တွေချည်းပါပဲ။ ဒါပေမဲ့ အားရဝမ်းသာနဲ့ ခလုတ်ကို မနှိပ်လိုက်နဲ့ဦး၊ စာတန်းလေးတစ်ခုက အပြုံးသားလေး။

"သင်ရုပ်ရှင်ကြည့်မယ်ဆိုရင် ကြိုက်တာ ကြည့်နိုင်ပါတယ်။ ဓာတ်ကား တစ်ကားကြည့်ခ ယောင်ကောင်ဒေါ်လာ ၉၈ ဒေါ်လာကျပါတယ်" တဲ့။ ကဲ... တော်ယော့ဆိုပြီး သတင်းအစီအစဉ်တွေဘက် ကပျာကယာ ရွှေ့ရ တော့တယ်။ အိပ်ရာထဲကနေ နွေးနွေးလေးနဲ့ သတင်းတွေကိုကြည့်ရင်း နည်းနည်းလေးမှ အိပ်ချင်စိတ် ဖြစ်မလာတာကို ကိုယ့်ဘာသာကိုယ် အံ့ဩမိတယ်။ တကယ်ဆို ကျွန်မ ညဘက်မှာ ကောင်းကောင်း အိပ် မပျော်တာ တစ်လကျော်ခဲ့ပြီ။ ကျွန်မ အိပ်ပျော်အောင်ကြိုးစားရင် ကောင်းမယ်ထင်တယ်။ 'သီ' တို့ ဇနီးမောင်နှံရောက်လာလည်း တွေ့ရ ဦးမှာမဟုတ်ဘူး။ သူတို့က တခြားဟိုတယ်တစ်ခုမှာ တည်းမှာ၊ တီဗီ ပိတ်ပြီး မေတ္တာသုတ်ရွတ်ရင်းက ကျွန်မ အိပ်ပျော်ဖို့ ကြိုးစားတယ်။ အထာမကျနိုင်တဲ့ ခေါင်းအုံးလေးလုံးကြားမှာ ဟိုလှည့်ဒီလှည့်နဲ့ မှေးမှေး မှေးမှေးဖြစ်မလို့ရှိသေး ဖုန်းသံက မြည်လာပါတော့တယ်။ ဘယ်သူပါလိမ့်။ သီတို့ရောက်ပြီလား။

"ဟဲလို ဆရာမရေ... သီတို့ရောက်ပြီ။ အိပ်နေပြီလား"

"ဟင့်အင်း... မအိပ်သေးပါဘူးသီရယ်၊ သို့အသံကြားရတာ ဝမ်း သာလိုက်တာ"

"သီလည်းအတူတူပဲ ဆရာမ၊ ဆရာမအခန်းက ဗျူးကောင်းရဲ့ လား"

"မသိပါဘူးသီရယ်၊ ဟိုတယ်က မြို့လယ်ကောင်ဆိုတော့ မြို့လယ်ကောင်ဗျူးပဲ ဖြစ်မယ်ထင်တယ်"

"ဟာ... မဖြစ်နိုင်ဘူးဆရာမ၊ ဆရာမ ကြည့်ပြီးပြီးလား"

"ဟင့်အင်း... ခန်းဆီးတွေကို ဆွဲဖွင့်မကြည့်တာ"

"ယောတော်... လုပ်တော့မယ် ဆရာမလည်း၊ ကဲ... အခုပဲ မြန်မြန် ဖွင့်ကြည့်လိုက်စမ်းပါ ဆရာမရဲ့"

"အေး... အေး... ဖွင့်လိုက်မယ်"

ဒီတစ်ခါ "ယောတော့်" လို့ အော်ရတဲ့သူက ကျွန်မပါပဲ။ ဖုန်း

ကိုင်ရင်းနဲ့ ခန်းဆီးတွေကို ဝေါခနဲ ဖွင့်လိုက်တာနဲ့ လှလိုက်တဲ့ ဟောင်ကောင်ရှုခင်း။ စိမ်းပြာရောင် ရေပြင်ကနေ မိုးထိထိုးတက်နေတဲ့ မီးရောင်စုံ တလက်လက် အဆောက်အအုံတွေ ပြီးတော့ ရေပြင်ကျယ်ကြီးပေါ်မှာ တရွေ့ရွေ့ခုတ်မောင်းနေတဲ့ သင်္ဘောလေးတွေ။

"တွေ့ပြီ သီရေ... တကယ့်ကို လှလိုက်တဲ့ ညရှုခင်းပါပဲ။ ထိုင်ကြည့်နေဖို့ပဲ ကောင်းတယ်"

"ဒါဆို ဆရာမ မအိပ်ချင်သေးရင် ထိုင်ပြီး ခံစားပေတော့၊ သီတို့ မနက်ကျမှ လာခဲ့တော့မယ်နော်။ Breakfast စားရင်း စကားတွေ ပြောကြမယ်။ ပြီးတော့ လျှောက်လည်ကြမယ် ဂွက်နိုက်နော်... ဆရာမ"

"အေး... အေး... ဂွက်နိုက်... ဂွက်နိုက်"

ဒီညအဖို့တော့ ဟောင်ကောင်ညရှုခင်းကို ကျွန်မ ကျေးဇူးတင်ရပေလိမ့်မည်။ အလွန် သက်သောင့်သက်သာရှိလှတဲ့ ခုံကလေးနဲ့အတူ အိပ်မပျော်တဲ့ ညတစ်ညကို ဖြတ်သန်းနိုင်တဲ့အတွက်ကြောင့်ပေါ့။

* * *

နောက်တစ်နေ့ရဲ့ ဟောင်ကောင် မနက်ရှုခင်းဟာ ကော်ဖီသုံးခွက်နဲ့ လူသုံးယောက်ကို Breakfast အမြည်းအနေနဲ့ ဧည့်ခံရှာရပြန်ပါသေးတယ်။ ဒါတောင် လူသုံးယောက်ဟာ ဆယ်မိနစ်လောက်သူ့ကို ဂရုမစိုက်နိုင်အားကြဘဲ စကားတွေ အလုအယက် ပြောနေကြသေးတာ။ တကယ်တော့ ကျွန်မနဲ့ သီပေါ့။ သို့ခင်ပွန်း "ဆရာရဲ" ခမျာတစ်ချက်တစ်ချက်မှ ဝင်ပြောရှာတာပါ။

"ဒါနဲ့ ဆရာမ၊ ဆရာမ အခန်းထဲမှာ မီးခံသေတ္တာရှိတယ်နော်"

ကျွန်မနဲ့သီ စကားတွေပြောနေတုန်း အခန်းထဲ ဟိုကြည့်ဒီကြည့်လုပ်နေတဲ့ "ဆရာရဲ" က လှမ်းမေးတော့ ကျွန်မ ရုတ်တရက် နားမလည်ဘူး။

"မီးခံသေတ္တာ ဟုတ်လား၊ ဆရာရဲ..."

"ဟုတ်တယ်လေ ဆရာမ၊ ဒီမှာသီတို့ ပိုက်ဆံယူလာတယ်။ ဆရာမအတွက်ရော၊ သီတို့ အိမ်အတွက် ထည့်ပေးဖို့ရောလေ။ ဆရာမဆီမှာပဲ ထားလိုက်တော့မလို့၊ တစ်ခါတည်း ယူလာခဲ့တာ။ ဆရာမအခန်းထဲက မီးခံသေတ္တာထဲမှာ ထည့်ထားလိုက်ရင် ပြီးရောလေ၊ သီတို့သွားလေရာ သယ်စရာ မလိုတော့ဘူး"

"ဩော်... အေးအေး... ဒါပေမဲ့ ဒီအခန်းထဲမှာ မပါဘူးထင်တယ်၊ မတွေ့မိဘူး"

"ဟာ... ဆရာမကလည်း... ပါရပါမယ်။ ဒီလို ဟိုတယ်တွေရဲ့ အခန်းကို ပါကိုပါတယ်။ ဆရာရဲ လိုက်ရှာကြည့်ပါဦး"

သီ့စကားတောင် မဆုံးသေးဘူး ဆရာရဲက "I got it" တဲ့။ ဩော် ဟုတ်သားပဲ။ နံရံကပ် သစ်သားဗီရိုကြီးရဲ့ တစ်ခုသော အကန့်မှာ ပုန်းကွယ်နေတဲ့ ရေခဲသေတ္တာ သေးသေးလေးလိုဟာမျိုးလေးဟာ "မီးခံသေတ္တာ" ဟူသော အရာတဲ့လား။

"ဆရာမ... ညက မတွေ့ဘူးလား"

"ဟင့်အင်း... အဲဒီဗီရိုကို ဖွင့်မကြည့်တာပါဆို"

"ကောင်းရော"

သီက ရယ်မောရင်းနဲ့ "အဲ... နေဦး... ဆရာမက ဂဏန်းလေးလုံး ပေးရမှာနော်၊ ဟုတ်လား ဆရာရဲ" တဲ့။ သီ့ထုံးစံအတိုင်း ဆရာရဲကို အတည်ပြုခိုင်းတယ်။ ပြီးတော့ "ဟင်း ဟင်း... သီလည်း သိပ်မသိဘူး" တဲ့။ ဒါလည်း သီ့ထုံးစံပဲ။

"ဆရာမ ဘယ်လိုဂဏန်းလေးလုံး ပေးမလဲ"

"အင်း... နေဦးဆရာရဲ၊ ဟိုဟာ မကောင်းဘူးလား၊ ကျွန်မရဲ့ ရန်ကုန်က အခန်းနံပါတ် လေးတစ်ငါး။ အဲလေးတစ်ငါးက သုံးလုံးပဲ ရှိသေးတယ်"

"ရှေ့က ဇီးရိုးထည့်လိုက် ဆရာမ၊ မကောင်းဘူးလား၊ ဇီးရိုးဖိုး ဝမ်းဖိုက် (သုညလေးတစ်ငါး) ဘယ့်နှယ့်လဲ"

"အေး... ကောင်းတယ် သီကောင်းတယ်။ ဆရာရဲရေ... ဇီးရိုးဖိုး ဝမ်းဖိုက်..."

ဆရာရဲက "အိုကေ" ဆိုပြီး အဲဒီ "မီးခံသေတ္တာ" ဟူသော အရာ ပေါ်က နံပါတ်တွေကို ဟိုနှိပ်သည်နှိပ် လုပ်တော့တယ်။ ခဏလေးပါပဲ။ ဘာမှမကြာလိုက်ပါဘူး။ ဆရာရဲက "ဆရာမ... လာ... သီရော လာလေ" တဲ့။

"ဒီမှာကြည့် ဆရာမ။ ဒါကိုပိတ်မယ်နော်။ ပထမ ဆရာမရဲ့ ကုတ်နံပါတ် ဂဏန်းလေးလုံးကို နှိပ်မယ်။ ပြီးရင် "စတား" ကိုနှိပ်မယ်။ ဒီမှာကြည့်"

ဆရာရဲက ကျွန်မတို့ကို သရုပ်ပြတယ်။ မီးခံသေတ္တာလေးပေါ်က ဖုန်းခလုတ်ခုံလေးလို ခလုတ်ခုံလေးပေါ်မှာ ဖုန်းခလုတ်ပေါ်က နံပါတ်တွေအတိုင်းပဲရှိတယ်။ မီးခံသေတ္တာတံခါးလေးကို စေ့ပြီး နံပါတ် "၀၄၁၅" ကိုနှိပ်တယ်။ ပြီးတော့ စတားကို နှိပ်လိုက်တော့ ဂျိတ်၊ ဂျိတ်၊ ဂျိတ်၊ ဂျိတ် ဆိုပြီး အသံလေးတွေတောင် မြည်လို့ တံခါးက ပိတ်သွားတယ်။

"တွေ့တယ်နော်၊ ဆရာမ ပိတ်သွားပြီ။ ဟုတ်ပြီ အခုဖွင့်မယ်၊ "စတား" ကိုနှိပ်မယ်။ ပြီးရင် ဆရာမ ဂဏန်းလေးလုံးကို နှိပ်မယ်။ ပြီးရင် # ကိုနှိပ်မယ်။ ဟော... ပွင့်ပြီ"

သူက ပွင့်တော့လည်း ဂျိတ်၊ ဂျိတ်၊ ဂျိတ် ဆိုတဲ့အသံလေး မြည်တယ်။ ပြီးတော့ မီးခံသေတ္တာထောင့်မှာ မီးနီလေးနဲ့ Open ဆိုတဲ့ စာတန်းလေးပေါ်လာတယ်။

"မှတ်မိပြီနော် ဆရာမ၊ ဒါဆိုပြီးပြီ။ ဒီကုတ်နံပါတ်လေးကို သိတဲ့လူမှသာ ဒီသေတ္တာကို ဖွင့်လို့ရမှာ... ကဲ... ဆရာမ စမ်းကြည့်ပါဦး"

သီနဲ့ ကျွန်မတို့နှစ်ယောက် တစ်ယောက်တစ်လှည့်ရော၊ နှစ်ယောက်တွဲရော အမျိုးမျိုး စမ်းကြပါတယ်။ ဇီးရိုးဖိုးဝမ်းဖိုက်၊ စတား၊ ဂျိတ်ဂျိတ်ဂျိတ်ဂျိတ်၊ ပိတ်သွားပြီ။ ဟုတ်ပြီ၊ လာခဲ့ စတား၊ ဇီးရိုးဖိုးဝမ်း

ဖိုက်၊ #ဂျိတ် ဂျိတ် ဂျိတ် ဂျိတ် ပွင့်သွားပြီ။ အိုကိုကေလို့။ ဆရာရဲက အိုကေရင် ပိုက်ဆံသိမ်းပြီး အပြင်သွားရအောင်တဲ့။

"ကဲ... ဒီလိုဆို သီထည့်ပြီနော်"

ပိုက်ဆံထုပ်နှစ်ထုပ်ကို မီးခံသေတ္တာထဲ ထည့်လိုက်တဲ့ သီက မဝံ့မရဲလိုလို ဘာလိုလိုနဲ့။ "ကဲ... ဆရာမပိတ်" တဲ့။ ရပါတယ်။ ဒါလေး များ။ ခပ်တည်တည်နဲ့ ပိတ်လိုက်တဲ့ ကျွန်မလက်တွေက ခလုတ်တွေ ပေါ်ကို (ခုနက အစမ်းပိတ်တုန်းကထက်) နည်းနည်းပိုပြီး အားစိုက် လိုက်မှန်း ကိုယ့်ဘာသာကိုယ်သိတယ်။ သီဟာ ဆရာရဲ့အလစ်မှာ မီးခံသေတ္တာ တံခါးလက်ကိုင်ကို (ပိတ်မပိတ်) 'ဖျစ်' ဆို ဆွဲကြည့်လိုက် တာလည်း ကျွန်မ မြင်လိုက်တယ်။

"ကဲ... သွားစို့... ဒါကို ဆရာမ ပြန်မယ့်နေ့ကျမှ ဖွင့်ယူပြီး ထည့် သွားလိုက်တော့။ ပြီးပြီ"

ဆရာရဲက ပြီးပေမဲ့ မပြီးနိုင်သေးတာက ကျွန်မတို့နှစ်ယောက်ပါ။ ဒီလို ဟိုတယ်တွေဟာ စိတ်ချရတယ်ဆိုတာ (အတွေ့အကြုံတွေအရ) သိထားဖူးပေမဲ့ ကျွန်မတို့နှစ်ယောက် ဘာလို့မှန်းကိုမသိဘဲ စိတ်မချနိုင် ပါဘူး။ ကျွန်မနဲ့သီဟာ တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောပေမဲ့ မျက်လုံးနဲ့ စကားပြောခဲ့ကြတာ ကျွန်မအခန်း ၁၉ ထပ်ကနေ ဆင်းလာ တဲ့ ဓာတ်လှေကားထဲမှာကတည်းကပါပဲ။

* * *

ကျွန်မအခန်းကို သော့ဖွင့်ဝင်လိုက်တာနဲ့ ပေါင်ကောင်မြို့ရဲ့ ညရှုခင်းက ခင်းကျင်းကြိုလင့်နေပါပြီ။ ဒါပေမဲ့ သီနဲ့ကျွန်မ မခံစားနိုင် အားသေးပါဘူး။

သီကစပြီး "ဆရာမ... ဟိုဟာဖွင့်ကြည့်ရအောင်လား" တဲ့။ ကျွန်မ ကလည်း မဆိုင်းမတွ "အေး" တဲ့။ "ဆရာရဲ မလာခင်လေး မြန်မြန်လုပ် ဆရာမ၊ ဟိုထဲမှာ ဟိုဟာတွေ ရှိတယ်ဆိုမှ သီစိတ်အေးမှာ" တဲ့။ ကျွန်မ

ကလည်း "ဟုတ်ပ၊ ဟုတ်ပသီရယ်၊ တစ်နေကုန် နောက်ဆံတွေ ငင်နေတာ" တဲ့။ အလွန် လျင်မြန်စွာနဲ့ ကျွန်မက လုပ်ငန်းစလိုက်တယ်။ ဆရာရဲက ကျွန်မတို့ ရေချိုးပြီးလောက်မှ လာခေါ်မှာဆိုတော့ အေးအေးဆေးဆေးပါပဲ။ ကဲ... လာခဲ့။ အဲ... ဖွင့်တော့နော်၊ ဖွင့်တာ၊ စတား။ အရင်နှိပ်ပြီး၊ ပြီးတော့ ဇီးရိုးဖိုးဝမ်းဖိုက်၊ ပြီးတော့ #... ဟော ဂျိတ် ဂျိတ် ဂျိတ် Open ပေါ်ပြီး "အဲ... ပွင့်တယ် ဆရာမ၊ ပွင့်တယ်"

သီက အလျင်စလို တံခါးကို ဆွဲဖွင့်တယ်။ ပြီးတော့ အထဲကို လက်နဲ့ဖမ်းတဲ့ပြီး "ရှိတယ် ဆရာမ၊ ရှိတယ်" တဲ့။ ကျွန်မကလည်း အလုံးကျသွားတဲ့အသံနဲ့ "အေးအေး" တဲ့။ ပြီးတော့ အထုပ်နှစ်ထုပ်ကို နှစ်ယောက်သား ထုတ်ကြည့်ကြရင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စိတ်အေးသွားသလို အကြောင်းမဲ့ ရယ်မိတယ်။

"ကဲ... သီ... ပြန်ထည့်၊ ပြန်ပိတ်ပြီး တို့မြန်မြန်ရေချိုးမှ၊ ဆရာရဲ ဗိုက်ဆာနေဦးမယ်"

"ဟုတ်ကဲ့ ဆရာမ သီအရင်ချိုးလိုက်မယ် ဆရာမ ပိတ်လိုက်တော့လေနော်..."

"အေး... အေး..."

သီက သီချင်းလေး တအေးအေးနဲ့ ရေချိုးခန်းထဲ ဝင်သွားတယ်။ ကျွန်မက တံခါးလေးကို စေ့ပြီး ကုတ်နံပါတ်လေးလုံးကို သွက်သွက်လက်လက် နှိပ်လိုက်တယ်။ ပြီးတာနဲ့ လာလေရော့ စတား။ အလို... ဘုရား။ ဂျိတ်ဂျိတ်ဂျိတ်ဂျိတ်လည်း မလာပါလား။ Open စာလုံးလည်း မပျောက်သေး။ တံခါးဆွဲကြည့်တော့ ပွင့်နေတုန်းပဲ။ ဟင်... ငါနှိပ်တာ မသေချာလို့ပဲဖြစ်မယ်။ ကဲ... နှစ်ထပ်ရှိမှ မှတ်မိအောင် ဇီးရိုး၊ ဖိုး၊ ဝမ်း၊ ဖိုက်၊ စတား။ ဟောတော်... ဘာဖြစ်တာလဲ။ ဂျိတ်လည်းမဂျိတ်၊ ပိတ်လည်းမပိတ်၊ ဒုက္ခပဲ။

"သီရေ... လာဦး၊ ဒီဥစ္စာကြီးက မပိတ်တော့ဘူးဟော့၊ ပိတ်လို့မရတော့ဘူး"

ကျွန်မရဲ့ အလန့်တကြားအသံနဲ့အတူ သီက ရေချိုးခန်းထဲက ကပျာကယာ ပြန်ထွက်လာရတယ်။

"ပိတ်လို့မရတော့ဘူး၊ ဟုတ်လားဆရာမ။ ဘာဖြစ်တာပါလိမ့်။ ကြောက်တာဆရာမရယ်"

"အေး... မသိဘူး... သီရယ်"

"ဖယ် ဖယ်... သီ... ပိတ်ကြည့်ဦးမယ်"

ရေချိုးခန်းအကျီ ဝတ်ရုံအဖြူ ဖိုးရိုးဖားရားကြီးနဲ့ သီဟာ သူ့ထုံးစံအတိုင်း ပါးစပ်က "ကြောက်တာ ဆရာမရယ်" ကို ရွတ်ရင်း လက်ကလည်း ဂရုတစိုက် နှိပ်ရှာတယ်။ ဒါပေမဲ့ တံခါးကတော့ မပိတ်။ ဘယ်လိုမှမပိတ်။

"ဘုရား... ဘုရား ကြောက်တာ ဆရာမရယ်၊ သီတို့ကြောင့် သူတို့စက်ကြီးများ ပျက်သွားတာလား မသိဘူးနော်၊ လျော်ပေးရမှာလား မသိဘူး"

"ဟင်း... သီကလည်း စက်ပျက်ရအောင် တို့တွေက ဘာမှလည်း မလုပ်ရပါဘဲနဲ့၊ ကဲ... ဒီတစ်ခါ တို့အလှည့် တို့ သေချာထပ်ပိတ်ဦးမယ်"

ကျွန်မက ထပ်ကြိုးစားဖို့ ခလုတ်တွေကို နှိပ်ဖို့ ဟန်ပြင်လိုက်တယ်။ အဲဒီမှာလေ သီက ကမန်းကတန်းနဲ့ "ဆရာမ ခဏ ခဏနေဦး" တဲ့။ ပြီးတော့ ဘာလုပ်လဲဆိုတာ ကြမ်းပြင်ကို ခြေကန်လို့ သူ့ခန္ဓာကိုယ်ပိန်ပိန်လေးထဲက အင်အားတွေကို အစွမ်းကုန် ညှစ်ထုတ်ပြီး မီးခံသေတ္တာတံခါးကို အသေဖိပြီး တွန်းထားတယ်။ ပြီးတော့မှ "နှိပ်တော့ ဆရာမ၊ နှိပ်နှိပ်" တဲ့။ ကျွန်မကလည်း အားသုံးသလို လက်ချောင်းထဲမှာ အားထည့်ပြီး နှိပ်ပစ်လိုက်တယ်။

"ဘုရားသိကြားမလို့ ဒီတစ်ခါ ပိတ်ပါစေတော်။ ပိတ်လား ဆရာမ"

"ဟင်း... မပိတ်ပါဘူး သီရယ်၊ မရပါဘူး။ ဘာဖြစ်တာလဲကွ၊ မနက်က အကြိမ်ကြိမ်လုပ်ကြည့်နေတုန်းက ရနေလျက်သားနဲ့"

"ဟုတ်ပ့ါဆရာမရယ်၊ ကြောက်တာ"

ဝေးမြေရပ်ခြားမှာ ဘာလေးပဲဖြစ်ဖြစ်။ "ကြောက်တာ ဆရာမရယ်" ဆိုတဲ့ သီ့လက်သုံးစကားကိုတောင် ကျွန်မမယ် အရင်လို မရယ်မောနိုင်ပါဘူး။ မီးခံသေတ္တာကိုပဲ အနီးကပ် ဖင်ပြန်၊ ခေါင်းပြန်၊ အမြီးပြန်ကြည့်လို့... သီကလည်း မျက်နှာငယ်လေးနဲ့။

"နေဦး... သီရေ...၊ ဒီမှာ ဒီမှာ Instruction ရှိတယ်..."

ဟုတ်တယ်လေ။ မီးခံသေတ္တာ ခေါင်မိုးပေါ်မှာ ဘယ်လိုပိတ်–ဖွင့်ရမယ်ဆိုတာ ညွှန်ကြားထားတဲ့ Instruction ရှိနေတယ်။ ကျွန်မတို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး မြန်မြန်ဖတ်ကြတယ်။ အမယ်လေး... အဲဒီကျမှ သူက ပြန်ဖွင့်ပြီး ပြန်ပိတ်မယ်ဆိုရင် ကိုယ့်အရင်က ကုတ်နံပါတ်လေးလုံးကို ပြောင်းချင်လည်း ပြောင်းနိုင်တယ်တဲ့။ ပြောင်းသည်ဖြစ်စေ၊ မပြောင်းသည်ဖြစ်စေ ကုတ်နံပါတ်လေးလုံးကို နှိပ်ပြီးရင် Save ခလုတ်ကို နှိပ်ရတာကိုး။ ပြီးတော့မှ စတားနှိပ်ရတာ။

"နေဦး... ဆရာမ"

ဒေါ်ရွှေသီက ဘာလုပ်တယ်မှတ်လဲ။ မီးခံသေတ္တာထဲက ပိုက်ဆံထုပ်နှစ်ထုပ်ကို အလွန်လျင်မြန်စွာ ဆွဲယူပွေ့ပိုက်ထားလိုက်တယ်။

"တော်ကြာ... ပိတ်လို့ရသွားပြီး ဖွင့်မရရင် သီတို့ပိုက်ဆံ ထုတ်မရဘဲ ဖြစ်သွားမှာပေါ့"

"အေး... ဒါတော့ဟုတ်တယ်"

ဒါပေမဲ့ ဒီတစ်ခါမှာတော့ Instruction အတိုင်း ကျွန်မတို့မီးခံသေတ္တာဟူသောအရာကို အောင်မြင်စွာ ပိတ်နိုင်၊ ဖွင့်နိုင်သွားခဲ့ပါပြီ။

ဆရာရဲ့ ရောက်လာတဲ့အခါမှာ ပူပုံပန်းပုံမျက်နှာတွေနဲ့ ကျွန်မတို့နှစ်ယောက်ကို အံ့ဩလို့။ ဒီလိုပါပဲ။ ဘယ်လိုပဲ ကြိမ်းဝါးကြိမ်းဝါးသူများဆီမှာဆိုရင် ဘယ်တော့မှ သက်သောင့်သက်သာ အေးအေးဆေးဆေး လှလှပပကို မဖြစ်ရပါဘူး။


တကယ်ဆို သီဟာ သူ့ချစ်ခင်ပွန်းနဲ့ ကမ္ဘာတစ်ခြမ်းလောက်ကို

ရောက်ဖူးပြီး လက်ရှိလည်း နိုင်ငံခြားမှာနေတဲ့လူ၊ ကျွန်မကလည်း အတော်အသင့် နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ စာရေးဆရာ။ ဒါပေမဲ့ ကျွန်မတို့ဟာ မြန်မာအမျိုးသမီးနှစ်ယောက်ပါ။

Life Style မဂ္ဂဇင်း။

**စက်တင်ဘာ၊ ၂၀၀၈ ခုနှစ်။**

❖



# ခေါစာ

နေပူ လေပူအောက်မှာ ကျတ်တီးကုန်းမြေပေါ်က ပြောင်းပင်၊ ဆပ်ပင်တွေ ယိမ်းယိုင်လှုပ်ရှားနေကြတယ်။ ပြောင်းပင်၊ ဆပ်ပင်တွေကြားက တဲအိမ်စု လေးငါးအိမ်ကို ဟိုနားတစ်လုံး ဒီနားတစ်လုံး လှမ်းမြင်နေရတယ်။

သစ်ပင်လေတိုးသံကလွဲရင် အားလုံးဟာ ငြိမ်သက်တိတ်ဆိတ်လို့။

တစ်ချက်တစ်ချက် ထွက်ပေါ်လာတဲ့ ချိုးကူသံသဲ့သဲ့နဲ့အတူ နေပူလေမှုတ်ထားတဲ့ တဲအိမ်စုလေးတွေပေါ်မှာ လွှမ်းခြုံထားတာက မန်းမှုတ်ရွတ်ဖတ်သံသဲ့သဲ့။

"ဦး... ယံဒုန္နိမိတ္တံ၊ အဝမင်္ဂလဉ္စ၊ ဦး... ယံဒုန္နိမိတ္တံ... ဘုရား၊ တရား၊ သံဃာ၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကျတ်တီးကုန်းကိုစောင့်သော နတ်အပေါင်းတို့ အားလုံး... အားလုံး... မတော်မူကြပါ။ မကျေနပ်သော အပြစ်များရှိရင်လည်း အမိုက်အမဲများအား ခွင့်လွှတ်တော်မူပါ"

အသားအရေ နက်မှောင်၊ ဆံပင်ဖြူဖွားလျား၊ ထဘီရင်ရှားနဲ့

ရွှတ်ဖတ်မန်းမှုတ်နေတဲ့ အဘွားအိုကို တဲအိမ်လေးနဲ့အပြည့် ယောကျ်ား၊ မိန်းမတွေက ဝိုင်းကြည့်နေကြတယ်။

အဘွားအိုရှေ့နားမှာ မည်းညစ်ညစ်စောင်စုတ် အထပ်ထပ်နဲ့ ရစ်ပတ်ထားတဲ့ သုံးနှစ်အရွယ် ကလေးလေးတစ်ယောက်၊ ကလေးခေါင်းရင်းမှာတော့ အဘွားအို မြှောက်ချီပြီး ပြန်ချထားတဲ့ ဆပ်နဲ့ ပြောင်းအရော ထမင်းစလောင်းဖုံးတစ်ချပ်...။

"သောကြာသား၊ သောကြာသားမှာ ဖိစီးကပ်ရောက်သမျှ အမှောင့်ပယောဂများ ရှောင်ကြ၊ ရှားကြ ဦး... ဝေးရာသို့ ရှောင်ကြ ရှားကြ"

မျက်လုံးမှိတ်ထားတဲ့ အဘွားအိုရဲ့ ခန္ဓာကိုယ်ပိန်ပိန်လေး ရုတ်ရက်ယိမ်းထိုးလှုပ်ရှားလာပြီး ဝုန်းခနဲ ထခုန်လိုက်တော့ တဲအိမ်လေးပေါ်က လူပရိသတ်တွေဆီက အထိတ်တလန့် အော်သံတွေ ထွက်လာတယ်။ ကလေးတချို့က ဆင်းပြေးပြီး ရင်ခွင်ထဲက ကလေးတွေက အော်ငိုကြတယ်။

"ဟော့... ကလေးအမေ ဘယ်မလဲ ကောင်မ မိထွေးစိန် ဘယ်မလဲ ဟော့ လာခဲ့ ရှေ့ကို တိုးခဲ့"

အဘွားအိုလိုပဲ ထဘီရင်ရှားနဲ့ ရှေ့နားမှာ ထိုင်နေတဲ့ ထွေးစိန်ဆိုတဲ့ ကလေးမအေ ခပ်ငယ်ငယ်လေးက ဟီးခနဲ ငိုချလိုက်တယ်။ ပြီးတော့ ကြောက်ကြောက်လန့်လန့်နဲ့ နောက်ဆုတ်ရင်း...

"အမေ... ခေါ်နေပြီ၊ ကျုပ်ကြောက်တယ်။ အမေသွားလိုက်၊ အမေရှေ့ တိုးလိုက်"

"အောင်မာ ငါ့ကို မခန့်လေးစား လုပ်သလားဟော့"

အဘွားအို ခန်လိုက်တာကြောင့် တဲကလေး တလှုပ်လှုပ် ယိမ်းထိုးသွားတယ်။ တဲပေါ်က ထဘီရင်ရှားနဲ့ မိန်းမတွေ အကုန်လုံး အင်္ကျီတုံးလုံးကျွတ်နဲ့ ယောကျ်ားတွေအကုန်လုံး လက်အုပ်တွေ ချီလိုက်ကြတယ်။

"ဟဲ့... နင့်ကို ငါ မှတ်လောက်သားလောက်အောင် ဆုံးမထား

တာ နင်မမှတ်ဘူး။ ဟော့ နင့်လင် တောထဲမှာ ဝါးခုတ်ရင်း ဝါးချွန်စူးသေအောင် ငါလုပ်တာဟဲ့၊ ငါလုပ်တာ"

လက်အုပ်ချီထားတဲ့ ထွေးစိန် မျက်လုံးတွေ ပြူးဝိုင်းပြီး တစ်ကိုယ်လုံး တုန်နေတယ်။

"အေး အခု နင့်သားကိုလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်သေအောင် ငါတစ်ခါတည်းသေအောင် လုပ်လိုက်ရလို့နော်"

"မလုပ်ပါနဲ့… မလုပ်ပါနဲ့အမေ… ဒေါ်ကျတ်ကြီးကို ပြောပါဦး ကျုပ်သားလေးကို မလုပ်ပါနဲ့လို့"

အဘွားအိုက ဝုန်းခနဲ တစ်ခါခုန်လိုက်ပြန်တယ်။

"ဟဲ့… ထွေးစိန်။ နတ်ဝင်နေတာကို အဲလိုမပြောရဘူး။ ဒီကောင်မလေးနဲ့တော့" ဆိုတဲ့ အထိတ်တလန့်သံတွေ ထွက်လာတယ်။

"အမိုက်အမဲမို့ မသိလို့ပါဘုရား၊ မသိလို့ပါ… ထွေးစိန်ဟဲ့ ငါပြောသလိုပြောလေ"

"မသိလို့ပါ… မသိလို့ပါဘုရား၊ ကျုပ်သားလေးကို သေအောင် မလုပ်ပါနဲ့ဘုရား"

အဘွားအိုက ဆံပင်ဖြူလေးတွေ တလှုပ်လှုပ်ဖြစ်သွားအောင် ခေါင်းတညိတ်ညိတ်လုပ်လိုက်တယ်။

"အေး ဒီလိုဆို နင့်သားအသက်မသေချင်ရင် ငါ့ကိုကျွေးရမယ်။ နေဝင်ရီတရောမှာ ဆန်ထမင်း ခုနစ်ဆုပ်၊ အမဲသားဟင်းနဲ့ ခေါ်စာပစ်ကျွေး၊ နင့်သား ချက်ချင်းနေကောင်းသွားစေရမယ်ဟော့… ကြားလား… ကြားလား"

"ဟဲ့… ပြောလိုက်လေ ထွေးစိန်၊ ကျွေးပါ့မယ်၊ ပစ်ပါ့မယ်လို့"

"အမေ… ကျုပ်တို့…"

"ဩော်… ပြောလို့ပါဆို ဒီရူးတူးပေါတောမနဲ့တော့ ငါသေချင်တယ်"

"ကျွေးပါ့မယ်၊ ကျွေးပါ့မယ် ပစ်ပါ့မယ်ဘုရား"

အဘွားအို ခေါင်းညိတ်ရင်း ပစ်လှဲလိုက်တဲ့အရှိန်ကြောင့် ဝါးကြမ်းခင်းပေါ် သိပ်ထားတဲ့ ကလေးက အော်ငိုလိုက်တယ်။ မီးခဲလေးလို ပူလောင်လှတဲ့ သားကလေးကို ထွေးစိန် ပွေ့ယူလိုက်ရင်း အမေ့ကို မကျေမနပ် နှုတ်ခမ်းကိုက်မိတယ်။

ရှူးတူးပေါ်တောပေမဲ့ နေရာတကာ ထွေးစိန် မရှူးဘူး... မပေါ်ဘူး အမေရဲ့၊ ခေါင်လှ ဝေးလှတဲ့ ထွေးစိန်တို့ ကျတ်တီးကုန်းမြေ တဲအိမ်စုလေးဟာ ပြောင်း၊ ဆပ်ကိုစိုက်ပျိုးပြီး ပြောင်း၊ ဆပ်ထမင်းနဲ့ပဲ အသက်ရှင်ကြတယ်လေ။

ဆန်ထမင်းဆိုတာ ဘယ်လိုဟာလဲလို့ ကျတ်တီးကုန်းတဲအိမ်စု မသိတော့ဘူးဆိုတာ အမေလည်း သိသားနဲ့အမေရယ်။

* * *

ကားလမ်းမနဲ့နီးတဲ့ ထွေးစိန်တို့ အမျိုးရွာဟာ ကျတ်တီးကုန်းက နေဆို အသွားအပြန် နေကုန်ခရီးလောက်ရှိပေမဲ့ ထွေးစိန် မမောပါဘူး။

ဒီမှာလေ ဒီမှာကြည့် ထွေးစိန်လည်ပင်းက ပုဆိုးအိတ်ထောင်ထဲမှာ ထမင်းထုပ်၊ ထမင်းဆုပ်၊ ဆန်ဖြူထမင်းနဲ့ အမဲသားဟင်းထုပ်။

အသွားတုန်းကတော့ ဒီပုဆိုးအိတ်ထောင်ထဲမှာ လမ်းတစ်လျှောက်တွေ့တဲ့ ဟင်းရွက်တွေ၊ မျှစ်တွေနဲ့အပြည့်ပါ။ အမေ့အကြံလေ အမေက ထွေးစိန်နဲ့ မုဆိုးမချင်း တူပေမဲ့ ဉာဏ်ချင်းမတူဘူး။ အမေက ဉာဏ်ကောင်းတယ်။

ထွေးစိန်ကို အဖေ့အမျိုးတွေရွာ သွားခိုင်းတာလည်း အမေပဲ။ အဖေ့အမျိုးတွေပေးဖို့ သွားရင်းလာရင်း ဟင်းသီးဟင်းရွက်တွေ ခူးခိုင်း၊ မျှစ်တွေချိုးခိုင်းတာလည်း အမေပဲ။ မျက်နှာပန်းမလှတဲ့ လက်ဆောင်တွေကို ထွေးစိန် မယူချင်ဘူး။

အမေက အတင်းခိုင်းတာ အဖိုးတန်တန် မတန်တန် ကိုယ်က ပေးစရာလေးပါတော့ ကောင်းတာပေါ့။ ဟိုက ပေးရမယ့်သူကလည်း

ပေးချင်စိတ်ရှိတာပေါ့တဲ့။

အမေပြောတာမှန်တယ်။ အဖေတို့ အမျိုးတွေကလည်း ဆင်းရဲရှာကြတာပါပဲ။ ထွေးစိန်ခူးသွားတဲ့ ဟင်းရွက်တွေ၊ မျှစ်တွေကို သူတို့လည်း မက်ရှာတယ်။ ပြီးတော့ အဲဒီလက်ဆောင်တွေကြောင့်ပဲ အဖေ့အမျိုးတွေက ထမင်းတစ်ထုပ်နဲ့ အမဲသားဟင်းကို တစ်အိမ်တက်ဆင်း လိုက်စုပေးခဲ့ကြတာပေါ့။

ထွေးစိန်မှာ နားတောင် မနားနိုင်ပါဘူး။ လိုချင်တာလေးရတာနဲ့ ရေလေးတစ်ခွက် ခပ်သောက်ပြီး အပြေးအလွှား ပြန်ပြေးခဲ့တာ။ ဒါတောင် ကြည့်ဦး၊ အချိန်ကလေ… ရွာပြန်ရောက်တာနဲ့ နေဝင်မှာပဲ။ ခေါစာက နေဝင်ရီတရောမှာ ပစ်ရမှာဆိုတော့ အတော်လောက်ပါပဲ။ ဒီခေါစာပစ်ပြီးရင်တော့ ဒေါ်ကျတ်ကြီးက သားလေး ချက်ချင်းနေကောင်းမယ်တဲ့။ ဒေါ်ကျတ်ကြီးက ကြောက်စရာကောင်းလိုက်တာ။ ထွေးစိန်ဖြင့် ခုမှ သိတော့တယ်။ ထွေးစိန် ဗိုက်ကြီးကြီးနဲ့ "မှတ်ကြီး" တောထဲမှာ ဝါးခုတ်ရင်း ဝါးချွန်ကြီးစူးပြီး သေအောင်လုပ်တာ သူလုပ်တာတဲ့။ ဒေါ်ကျတ်ကြီးကို "မှတ်ကြီး" မူးမူးရူးရူးနဲ့ စိတ်ဆိုးအောင် ဘာတွေပြောပါလိမ့်။ မှတ်ကြီးကလည်း ထွေးစိန်ယောကျ်ားရယ် မပြောရဘူး။ အပြောမတတ် အဆိုမတတ်၊ မှတ်ကြီးတို့ ဝါးခုတ်တဲ့တောတွေဟာ ဒီတောတွေပေါ့။

လေအဝှေ့မှာ ဝါးရုံပင်တွေ ယိမ်းနွဲ့သွားတော့ ထွေးစိန်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားတယ်။ မှတ်ကြီးဝါးချွန်စူးတာ ဒီဝါးရုံတောများလား။ ထွေးစိန် နင်းလျှောက်နေတဲ့ ဝါးရွက်ခြောက်တွေဟာ ခုမှ အသံပိုမြည်လာသလိုပဲ။ ထွေးစိန် မြန်မြန်လျှောက်ခါမှ ဝါးရုံပင်တွေက ပိုပြီး ယိမ်းနွဲ့လာသလို…၊ သစ်ရွက်ခြောက်သံတွေက ပိုပြီး ဆူညံလာသလို…။ ဘုရား မခြောက်နဲ့နော်။ ငါကြောက်တတ်တာ နင်သိရဲ့သားနဲ့။ နင်နင်က အမဲသားများကို ငမ်းငမ်းတက်။ အမလေး ဒါလေးတော့ မလုလိုက်ပါနဲ့ဟယ်…။ နင့်သားအတွက် ဟဲ့ နင့်သားလေး နေမကောင်းဖြစ်နေလို့ ခေါစာပစ်ဖို့ဟဲ့…။

ထွေးစိန် ခြေလှမ်းတွေ ပိုမြန်လာရင်း ကြောက်စိတ်က ထိန်းမရတော့ဘူး။ ဝေါခနဲ ဝါးရုံတော လေပြင်းတစ်ချက်အဝှေ့မှာတော့ သစ်ရွက်ခြောက်တွေပေါ်မှာ ထွေးစိန် ကဆုန်ပေါက်ပြေးပြီ။ ပုဆိုးအိတ်ထောင်ကို ကျစ်ကျစ်ပါဆုပ်ရင်း ဆံပင်ဖားလျား ဦးရေဖားလျားနဲ့ပေါ့။ အမေသာသိရင် ဘယ်လောက် ဆူလိုက်မလဲ။ ကြောက်တယ် အမေရဲ့...။ မှတ်ကြီး... ရှစ်ကြီးခိုးပါရဲ့...။ ငါ့နောက်လိုက်မလာနဲ့နော်။

* * *

ကျတ်တီးကုန်းရဲ့ နေဝင်ရီတရောက အမှောင်ဘက်ကို လုချင်နေပြီ။ ရွာပြင်ဘက် သစ်ပင်အုပ်တွေရဲ့ အရစ်က ပိုပြီး မှောင်အောင် လုပ်နေသလိုပဲ။ အမေရက်ထားတဲ့ ဝါးဇန်းအသစ်လေးက ဝါးစိမ်းနံ့လေးမွှေးနေတယ်။ ဇန်းကလေးထဲမှာ ငှက်ပျောဖတ်ခင်းပြီး ဆန်ထမင်း ခုနစ်ပုံပုံထားတယ်။ ဆန်ထမင်းပေါ်မှာ အမဲသားဟင်းကို ပုံလို့ပေါ့။

ရွာပြင်ဘက် ချုံပုတ်တွေနားမှာ ခေါစာဇန်းကို ထွေးစိန် ချလိုက်တယ်။ ပြီးတော့ အမေမှာတဲ့အတိုင်း ဝါးယောက်မအသစ်လေးနဲ့ ခေါစာဇန်းကို တဒေါက်ဒေါက်ခေါက်ရင်း အမေသင်ပေးတဲ့အတိုင်း "အရှင်ကြီး၊ အရှင်ကောင်းတို့အား ဆန်ဖြူထမင်းနဲ့ အမဲသားဟင်းဖြင့် ခေါစာများ ကျွေးပါတယ်ဘုရား။ အပြစ်ရှိက ကျေတော်မူပါ။ တပည့်တော်မ၏ သားလေးအား အမြန်နေကောင်းအောင် မတော်မူပါ" ဆိုတဲ့ စကားကို အထပ်ထပ်ရွတ်တယ်။ အမေက ခေါစာပစ်ပြီးတာနဲ့ မြန်မြန်ပြန်ခဲ့တဲ့။ ကလေးက တအီအီနဲ့ ထွေးစိန်ဆီ လက်ကလေးလှမ်းလို့...။ ဘယ်လိုလုပ်ချီအားပါ့မလဲ...။ အမေ့ရင်ခွင်ထဲက ကလေးကို တစ်ချက်ငုံ့နမ်းခဲ့ရတယ်။ မျက်နှာလေးက ပူတုန်းပဲ။ ဒါပေမဲ့ မနက်ဖြန်ဆို သက်သာသွားမှာပါ။

အမေ့စကားကို နားမထောင်ဘဲ ခေါစာဇန်းနဲ့ မလှမ်းမကမ်းက အင်ရွက်ခြောက်တွေပေါ်မှာ ထွေးစိန် ထိုင်ချပစ်လိုက်တယ်။ ခုမှ မော

လာတယ်။ တစ်နေကုန် တစ်နေခန်း သွားခဲ့ရတဲ့ ဗိုက်ထဲမှာ ရေပဲရှိတယ်။

အဲ အမျိုးတွေ ကျွေးတဲ့ ထန်းလျက် နှစ်လုံးရယ်ပေါ့။

ခေါ်စာဗန်းဘက်ကို ထွေးစိန် လှည့်ကြည့်တယ်။ ခေါ်စာထမင်းနဲ့ အမဲသား ဟင်းပုံလေးတွေက ဒီအတိုင်းပဲ ရှိနေဆဲ။

"အလို... ဘုရား... ဘုရား ချုံပုတ်တွေနားဆီက ရိပ်ခနဲ အလိုလို မြင်လိုက်ရသလား"

ထွေးစိန် တစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်းထသွားတယ်။ ခေါ်စာကို စားဖို့ နတ်တွေလာကြပြီလား။ နတ်တွေက တကယ်စားသလား။ အမေပြောဖူးတာ ထွေးစိန် မှတ်မိပါတယ်။ နတ်ဆိုတာ အငွေ့ပဲစားတာတဲ့။ ထွေးစိန် ဒီဘက် ပြန်လှည့်လိုက်တယ်။ အမေကတော့ မျှော်နေတော့မှာပဲ။ ပြန်ရကောင်းမလား။ အို မပြန်သေးဘူး။ နတ်တွေ အငွေ့စားက သိပ်ကြာမှာ မဟုတ်ပါဘူး။ ချွတ်ချွတ်နဲ့ ချုံပုတ်လှုပ်ရှားသံတွေ...။ ထွေးစိန် လန့်ဖျပ်ပြီး ခုန်ထလိုက်တယ်။

ခေါ်စာပန်းဆီ ကြည့်လိုက်တော့... ကြည့်စမ်း... ကြည့်စမ်း ထွေးစိန်ထက် အကြီးသူတွေ၊ လက်ထဲက ဝါးယောက်မကို ကျစ်ကျစ်ပါအောင် ဆုတ်ရင်း ထွေးစိန် တစ်ဟုန်ထိုး ပြေးတယ်။

ဝက်ကြီး၊ ဖိုးလုံး၊ သံခဲ၊ ဂေါက်တေးမှ ကလေးတွေ ဝိုင်းနေတဲ့ ခေါ်စာဗန်းနားကို ထွေးစိန်ရောက်တာနဲ့ ကလေးတွေကို အတင်းတွန်းထိုးပစ်လိုက်တယ်။

"ဟဲ့... ဖယ်စမ်း၊ ဖယ်စမ်း နင်တို့နော် နင်တို့နော်"

ကလေးတွေက ထွေးစိန်ကို နည်းနည်းမှ အရေးမလုပ်ဘဲ ထမင်းဆုပ်တွေကို လုစားကြတော့ ထွေးစိန်တစ်ယောက် ကလေးတွေကို ဝါးယောက်မနဲ့ ခုတ်ရင်း သူပါ အတင်းလုစားပစ်လိုက်တယ်။ ထမင်း... ထမင်း၊ ဆန်ဖြူထမင်းနဲ့ အမဲသားဟင်းတစ်လုတ်က ရေပဲရှိတဲ့ ဗိုက်ထဲကို အရသာရှိရှိ စုန်ဝင်သွားကြတယ်။

"ပေးဦးဟေ့... ငါ့ပေးဦး၊ သွား... သွား... သွားကြတော့ ကုန်ပြီ

ဗန်းပဲ ကျန်တော့တယ်”

အမေသာသိရင်တော့ ထွေးစိန်ကို ဝါးစိမ်းတုတ်နဲ့ ဆော်ပလော် တီးလိမ့်မယ်။ ပါးစပ်ထဲက ထမင်းလုတ်ကို အားရပါးရဝါးရင်း ထွေးစိန် ပြန်ပြေးခဲ့တယ်။ ဝက်ကြီးတို့ ဖိုးလုံးတို့ ကလေးတစ်သိုက်က ဆံပင် ဖို့ရိုးဖားရား၊ ထဘီရင်ရှားနဲ့ ထွေးစိန်နောက်က တဟေးဟေးနဲ့။ တဲ ပေါက်ဝမှာ အမေထိုင်နေတယ်။ အမေ့ကို ကြောက်ကြောက်နဲ့ အမေ့ ရင်ခွင်ထဲက သားလေးကို ပွေ့ယူလိုက်တယ်။

“ဟယ် အမေ ခေါ်စာပစ်လိုက်တာ ကလေးကိုယ်အေးသွားပြီ”

နွေးနွေးလေးပဲရှိနေတဲ့ ကလေးခန္ဓာကိုယ်ကို စမ်းသပ်ရင်း ဝမ်း သာအားရအော်တဲ့ ထွေးစိန့်အသံအဆုံးမှာ အော်သံနက်နက်ကြီး ပေါ် လာတယ်။

“ဟဲ့ အရူးမ၊ အပေါ့မရဲ့ နင့်သားသေနေတာဟဲ့ သိရဲ့လား၊ နင့် သားသေပြီ မိထွေးစိန်ရဲ့”

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက် တောင့်တင်းသွားတဲ့ ထွေးစိန် ရဲ့ မေးစေ့ပေါ်မှာတော့ ထမင်းစေ့ဖြူဖြူလေးတွေက ဖိတ်စဉ်လို့...။

Life Style မဂ္ဂဇင်း။

ဇွန်၊ ၂၀၀၉ ခုနှစ်။

❖

## အိပ်မက်အလွမ်း

ဘဝဆိုတာ အိပ်မက်များစွာနဲ့ ဖွဲ့စည်းထားတာပါပဲ မနုရယ် ဆိုတဲ့ မိတ်ဆွေတစ်ယောက်စကားကို ကျွန်မ သဘောကျလှပါတယ်။ ကျွန်မနဲ့ သဘောချင်း တူလှပါတယ်။ ပြီးတော့လည်း... အိပ်မက် တွေဟာ ဝတ္ထုတွေနဲ့လည်း တူပြန်ပါသေးတယ်။

စိတ်ကူးယဉ်တာတွေ၊ ဖြစ်ချင်တာတွေ၊ မဖြစ်ချင်တာတွေ၊ ဖြစ်နိုင်တာတွေ၊ မဖြစ်နိုင်တာတွေ၊ ချစ်သူတွေ၊ မုန်းသူတွေ၊ မျက်ရည် တွေ ဖွဲ့စည်းထားတဲ့ အိပ်မက်ဟာ ဝတ္ထုတစ်ပုဒ်ပဲ မဟုတ်ပါလား...။

အိပ်မက်တွေကို နေ့နေ့ညည ကျွန်မ မက်တတ်တဲ့ပြင် နိုးနေရင်း ကလည်း မက်တတ်တဲ့ အိပ်မက်တွေ ကျွန်မမှာ ရှိပြန်ပါသေးတယ်။

* * *

ဒီအိပ်မက်ထဲမှာတော့ ကျွန်မဟာ မနက်လက်ဖက်ရည်သောက်ဖို့ ပြင်ဆင်နေသတဲ့။

ကျွန်မနဲ့ ကျွန်မချစ်ခင်ပွန်းတို့ အင်မတန်မက်မောလှတဲ့ မနက် လက်ဖက်ရည်ချိန်ဟာ... ကျွန်မလက်က နာရီမှာတော့ မနက်ကိုးနာရီ ဖြစ်ပြီး ကျွန်မကင်မရာက နာရီမှာတော့... ဘာဖြစ်လို့ ညကိုးနာရီ ဖြစ်နေရတာလဲ။

ညကိုးနာရီအချိန်ဟာ နေရောင်တွေ ဝင်းပလို့...။



ချွေးပြိုက်ပြိုက်ကျအောင်လည်း ပူနေတယ်။

ပန်ကာနှစ်လုံးကို တစ်ပြိုင်နက် ဖွင့်ထားရအောင် ပူနေတယ်။

ကျွန်မအခန်းလေးထဲမှာ ဆိုဖာရှည်ကြီးတစ်လုံးကလည်း ဘယ်လိုလုပ် ရောက်နေတာလဲ။

ကျွန်မ ဖုန်းအနက်ကလေးကလည်း အရောင်ပြောင်းနေတယ်။ ဖုန်းနံပါတ်ကလည်း မတူပြန်ဘူးတဲ့။

ကျွန်မတို့ လက်ဖက်ရည်သောက်နေကျ စားပွဲဝိုင်းအနိမ့်လေးဟာ အမြင့်ဖြစ်ပြီး ကုလားထိုင် အပြာရောင်တွေနဲ့တဲ့...။

ထမင်းပူပူနွေးနွေးရယ်၊ ငါးပိကျော်ရယ်၊ ငါးနီတူခြောက်ကျော်ရယ်၊ လက်ဖက်ရည်ချိုပေါ့ရယ်၊ ရေနွေးကြမ်းရယ်တို့ကတော့ ကျွန်မတို့စားနေကျ မနက်စာတွေပဲ။ ဒါပေမဲ့ ကျွန်မနဲ့ လက်ဖက်ရည် အတူသောက်ဖို့ အခန်းထဲက ထွက်လာသူကတော့ ဘုရားရှိခိုးပြီး ထွက်လာနေကျ ကျွန်မချစ်ခင်ပွန်း မဟုတ်ဘူး။ မျက်ခုံးတွေ၊ မျက်လုံးတွေကိုဆေးမင်ကြောင်ထိုးထားတဲ့ ဗီယက်နမ် အမျိုးသမီးတစ်ယောက်တဲ့။ ကျွန်မနဲ့သူနဲ့ ပြောကြတဲ့ စကားတွေကလည်း မြန်မာလိုလည်း မဟုတ်ဘူးတဲ့...။

"စစ်ဆိုတာ မင်းမကြုံဖူးဘူးနော်၊ သိပ်ကြောက်ဖို့ကောင်းပါတယ်ကွယ်၊ လူတွေအများကြီး သေကြရတယ်၊ ဗုံးတွေကြားမှာ ကိုယ်လည်း သေတော့မလို့ အကြိမ်ကြိမ်ပါပဲ။ မြေအောက်ဗုံးခိုကျင်းထဲမှာ စာသင်ခဲ့ရတယ်။ ရက်ပေါင်းများစွာ ထမင်းမစားခဲ့ရဘူး။ ငိုသံတွေ၊ လေယာဉ်ပျံသံတွေ၊ သေနတ်သံတွေ၊ ဗုံးသံတွေကြားမှာ ကိုယ်အကြာကြီး နေခဲ့ရတာပေါ့"

အံ့သြစရာ...။ သူဟာ ကျွန်မ အလွန်စိတ်ဝင်စားခဲ့တဲ့ ဗီယက်နမ်စစ်ပွဲကြားမှာ ကြီးပြင်းခဲ့ရသူတဲ့...။

ခဏနေတော့ တယ်လီဖုန်းမြည်သံ ဆူညံလာတယ်။ ရုတ်တရက်ဆိုတော့ ဗီယက်နမ်စစ်ပွဲက ဗုံးသံလိုပဲ...။

ကျွန်မနားထောင်လိုက်တော့... "ဟဲလို" တဲ့။

အံ့သြငြိမ်သက်သွားတဲ့ ကျွန်မကို ဟက်ဟက်ပက်ပက် ရယ်မော လိုက်တဲ့... အက်ကွဲကွဲ၊ ရှတတ ဒီအသံကို ကျွန်မ ဘယ်လိုလုပ် မသိဘဲ နေမှာလဲ...။

"အခုလာခဲ့မယ်၊ စောင့်နေသီလား၊ အခုလာခဲ့မယ်"

"တကယ်လား၊ ဘယ်လောက်ကြာမှာလဲ၊ ပျော်လိုက်တာ"

"အင်း... အင်း၊ နှစ်နာရီကျော်ကျော်တော့ မောင်းရမယ်တဲ့..."

"ဟာ... ကြာတယ်၊ အင်းစိန်–ဆူးလေ ကားပေါ်တက်လိုက်လာခဲ့၊ အဲလောက်မကြာဘူး"

"ဟား ဟား ဟား၊ အင်း... ရွာက ချက်ဗလက်ခေါင်းတိုလည်း မှာလို့မရ၊ ထွေလာကလည်းမရှိ၊ ဒီက 'ဂရေးဟောင်း' (Grayhound) ဆိုတဲ့ကားကလည်း အရေးအကြောင်းဆို ခွေးမောင်းသလောက်တောင် ပြေးတာမဟုတ်ဘူး"

"ကာရန်တွေ၊ ကာရန်တွေ၊ ဒီလိုအသံ မကြားရတာ ကြာပြီ"

"မကြားရတာ ကြာပြီ× × × လေးလရာသီ× × × ရှိပြီမောင်ရဲ့ × × × မေ့ပါနိုင်အား× × × ရက်စက်လေအားပြီ× × × ရာသီချိန်ဝယ် × × ×"

"မလုပ်နဲ့၊ မလုပ်နဲ့၊ ဒီက တကယ်လွမ်းနေတာ၊ ငိုချင်နေတာ နော်..."

"ဟား ဟား၊ သနားစရာ၊ သနားစရာ၊ ကဲ... စောင့်နေ၊ လာခဲ့မယ် ဟုတ်လား"

ခဏအကြာမှာတော့ ကျွန်မဟာ အမျိုးအမည်မသိတဲ့ သစ်ပင် တစ်ပင်အောက်မှာ ရပ်လို့။ ကျွန်မနားမှာ ရပ်ထားတဲ့ ကားရောင်စုံတွေရဲ့ နံပါတ်တွေက ဘာတွေမှန်းလဲ မသိဘူး။ ကျွန်မရဲ့ သ/၄၆၁၁ လေးက ဘယ်မှာလဲ။ ကျွန်မတို့နှစ်ယောက်ရဲ့ ချွေးနဲ့ မွေးခဲ့ရတဲ့ သနားစရာ ရင်နှစ်သည်းချာ ကားကလေးရေ... မင်းဘယ်မှာလဲ...။

ရုတ်တရက် ကားလေးတစ်စင်း ကျွန်မနဲ့ မလှမ်းမကမ်းမှာ လာရပ်ပြီး ကားမောင်းတဲ့ လူငယ်လေးတစ်ယောက် ဆင်းလာတယ်။ မျက်မှန်လေးနဲ့ ကျွန်မကို လှိုက်လှိုက်လှဲလှဲ ပြုံးပြနှုတ်ဆက်တဲ့ လူငယ်လေးဟာ ကျွန်မနဲ့သိသူလည်း မဟုတ်ပါလား။

ဒါပေမဲ့ ခင်မင်စရာ နှစ်လိုဖွယ် လူငယ်ကလေးကို ကျွန်မပြုံးပြ၊ လက်ပြ နှုတ်ဆက်လိုက်မိတုန်းမှာပဲ ကားလေးထဲမှ နောက်တစ်ယောက်ကို ကျွန်မမြင်ပြီ။

တကယ်ပဲလား၊ ပြန်တွေ့ကြဖို့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ကျွန်မ ချစ်မိတ်ဆွေကြီးဟာ အိပ်မက်ထဲမှာမို့ ကျွန်မဆီ ရောက်လာနိုင်လေသလား။

သူဘယ်တော့မှ မပတ်ဖူးတဲ့ ကားခါးပတ်ကို ကြိုးစားပမ်းစား ဖြုတ်ပြီး ကားပေါ်က ဆင်းလိုက်တဲ့အခါ ကျွန်မကလည်း သူ့ဆီ ပြေးသွားတဲ့အခါမှာတော့ သူဟာ ကျွန်မရဲ့ ချစ်မိတ်ဆွေကြီးမှန်း အလွန်တရာ သေချာသွားပါပြီ။

ကုတ်အင်္ကျီအနက်၊ အင်္ကျီအဖြူ၊ ဘောင်းဘီမီးခိုးပြာ၊ ရှူးဖိနပ်အနက်၊ ခြေအိတ်အဖြူတို့ဟာ ဘယ်နှစ်ရက်ဝတ်ထားတယ်လို့ မှန်းဆလို့ မရနိုင်အောင် တွန့်လိမ်ကြေမွလို့…။

ဗိုက်ငေါငေါပေါ်မှာ မဆန့်မပြဲ ပတ်ထားတဲ့ ခါးပတ်အောက်ကနေ အင်္ကျီအဖြူက ထွက်လို့၊ ဘောင်းဘီဇစ်က ပြုတ်လို့။

ဒီလို ဖရိုဖရဲ ဖြစ်ကတတ်ဆန်းပုံစံဟာ ကျွန်မချစ်မိတ်ဆွေကြီးကလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။ သူ့မူပိုင်ဟန်ကို အစဉ်အလာမပျက် ထိန်းသိမ်းထားတဲ့ ကျွန်မ ချစ်မိတ်ဆွေကြီးဟာ လွယ်အိတ်တော့ လွယ်ထားဆဲ လက်ကြားမှာလည်း ဆေးလိပ်တိုက ရှိဆဲ။ ဒါပေမဲ့ မာဘိုရို စီးကရက်တို၊ ရွှေပြည်စိုး ဆေးပေါ့လိပ်တိုတော့ မဟုတ်ရှာဘူး။

ငွေရောင်ဆံပင်တွေနဲ့ သွားတုဖြူဖြူညီညီလေးတွေ အစီအရီနဲ့ ပြုံးပြနေတဲ့ ကျွန်မ ချစ်မိတ်ဆွေကြီးဟာ ကျွန်မလက်ကို တင်းတင်း

ကျုပ်ကျုပ်ဆုပ်ပြီး ဝမ်းသာနေရင်းက ဘာဖြစ်လို့ မျက်ရည်လည်ရသလဲ။

ခဏနေတော့ ကျွန်မတို့ဟာ ကျွန်မအခန်းလေးထဲက ထမင်းစား စားပွဲမှာ ဝိုင်းထိုင်ကြရင်း စကားတွေကို မရပ်မနား ပြောကြလို့၊ ကျွန်မ မိတ်ဆွေကြီးက ရွှေပြည်စိုးတွေကို ရတနာတွေလို ပွေ့ပိုက်ထားရင်း ရွှေပြည်စိုးတစ်လိပ်ကို အငမ်းမရဖွာရှိုက်လို့၊ ရေနွေးကြမ်းခွက်ကို ရှေ့ချလို့ ဆိုဖာပေါ် မထိုင်ချင်ဘူးတဲ့။ ဒီစားပွဲနဲ့ ကုလားထိုင်မှာ ထိုင်ရတာက လက်ဖက်ရည်ဆိုင်ထိုင်ရတာနဲ့ တူသတဲ့။

"သိလား။ ချန်ဂီလေဆိပ်ဆိုတာ အကြီးကြီးပဲ။ ကိုယ့်တစ်သက် ဒီလောက်ကြီးကျယ်တဲ့ လေဆိပ်မျိုး မြင်မှမမြင်ဖူးပဲ။ ကြောက်လိုက်တာ။ ရင်တွေတထိတ်ထိတ်နဲ့ ကံအားလျော်စွာဗျာ ကိုယ့်ကိုသိတဲ့ လူတစ်ယောက်နဲ့ သွားတွေ့တယ်။ ဒါပေမဲ့ သူကလည်း တခြားတစ်နေရာ သွားရမှာဆိုတော့ တာဝန်ရှိတဲ့ ကလေးမလေးတစ်ယောက်နဲ့ အပ်ပေးသွားတယ်။ ကလေးမလေးခေါ်ရာနောက် တကောက်ကောက်ပေါ့။ သူက ဒေါက်ဖိနပ်လေး တောက်တောက်နဲ့သွား၊ ကိုယ်က နောက်က လိုက်၊ ဆေးလိပ်သောက်ချင်လိုက်တာကလည်း အရမ်းပဲ။ မသောက်ရဘူး။ နောက်တော့ ကလေးမလေးက ဒီမှာထိုင်နေတဲ့။ အပေါ့အပါး သွားဖို့ နေရာတွေဘာတွေပြပေးတယ်။ အဲဒါနဲ့ အိမ်သာဝင်လိုက်မှ ဒုက္ခက ရောက်တော့တာပဲ။ ဘယ်လိုမှ ဘောင်းဘီဇစ်ကို မဖြုတ်တတ်ဘူး။ သူများတပ်ပေးလိုက်တာလေ။ သိတယ်မဟုတ်လား"

ကျွန်မမှာ ဟက်ဟက်ပက်ပက် ရယ်မောရင်းက မိတ်ဆွေကြီးကို သနားရပြန်တယ်။ နောက်တစ်ခဏအကြာမှာတော့ ကျွန်မနားထဲမှာ ကားစက်သံက တဝူးဝူး ဆူညံနေတယ်။ ကျွန်မရဲ့ ၄၆၁၁ လေးဟာ ဘာလို့ ဒါလောက် ဆူညံနေပါလိမ့်။ သူ နေမကောင်းဖြစ်ပြန်ပြီလား။ တကယ်တော့ နေမကောင်းဖြစ်ပြီဆိုရင် သူသိပ်ကို မနေသာလွန်းမှ ပြောရှာတာပါ။ ကျွန်မမှာ ပိုက်ဆံမရှိမှန်းသိရင် သူ အမြဲ ကြိတ်မှိတ် နေရှာတာပါ။

ဟင် ကျွန်မကားလေးလည်း မဟုတ်ဘူးရယ်။ ဒီကားလေးက တူးဒိုးလေး။ ကျွန်မက နောက်ခန်းမှာ၊ ရှေ့ခန်းက ကားမောင်းသူဘေးမှာ ကျွန်မချစ်မိတ်ဆွေကြီး၊ ကားမောင်းတဲ့သူကလည်း ကျွန်မချစ်ခင်ပွန်း မဟုတ်ပါလား။ အော် ချစ်စရာ လူငယ်လေးပဲ။ ကျွန်မတို့ ဘယ်ကို သွားနေကြတာပါလိမ့်။ လမ်းဘေးဝဲယာမှာ တစ်မျှော်တစ်ခေါ် ပြောင်းခင်းတွေနဲ့ ကောင်းကင်က ပြာလဲ့လို့။

"× × × ချစ်ခင်ကြတဲ့× × × အားလုံးမိတ်ဆွေ× × × နေ့တိုင်းပဲ× × × သတိရတယ်လေ× × × "

ဟင် ကိုသုမောင်နဲ့ မြို့မတီးဝိုင်းက ဘယ်လိုလုပ် ကျွန်မတို့ ကားပေါ် ပါလာလဲ။ မိုးဇော်ဗိုလ်လေးလည်း ပါတယ်။ ကျွန်မ မိတ်ဆွေကြီးက မျက်လုံးအစုံကို မှိတ်ပြီး ခေါင်းတယမ်းယမ်းနဲ့။

"ဟာ ကောင်းလိုက်တာ ပျော်စရာကြီးပါလား။ ကောင်းလိုက်တာ" နဲ့ လုပ်ပြီ။

"× × × တစ်ခါတလေ× × × မျှော်မှန်း× × × လွမ်းစိတ်တဝေဝေ× × × ပြန်ချင်ဇောတွေ× × × ရောက်ချင်ဇောနဲ့× × × စိတ်စောလို့သာနေ× × × ခါတော်ရောက်ချိန်× × × နီးလို့လာပြီလေ× × × "

"× × × နီးလို့လာပြီလေ× × × "

"× × × အသည်းစွဲ× × × ချစ်မိတ်ဆွေ× × × ခေတ္တခွဲလို့နေ× × × "

"× × × ခေတ္တ× × × ခွဲလို့နေ× × × "

"× × × မြို့မနဲ့× × × အတူတကွ× × × လိုက်ပါနိုင်စေ× × × "

"အောင်စည်ယွန်းသံ× × × ကြားရင်ဖြင့်× × × ပြည်တော်ဝင်မယ်လေ"

ကျွန်မတို့နှစ်ယောက်ရဲ့ သီချင်းလိုက်အော်သံနဲ့ လက်ခုပ်သံဟာ မြို့မတီးဝိုင်းနဲ့ ကိုသုမောင်အသံကိုတောင် လွှမ်းသွားမယ်နဲ့တူရဲ့။

အလို ပျော်လိုက်တာဆိုပြီး လက်ခုပ်သံစည်းချက်လိုက်နေတဲ့ ကျွန်မချစ်မိတ်ဆွေကြီးရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်စတွေနဲ့ပါလား...။

"ဟိုးတောင်ပေါ်× × × ဟိုတောင်ပေါ်ရိုးဆီက× × × မြူခိုးတွေလွှင်× × × မိုးရွာမယ်× × × မထင်မိပါလို့× × × "

ကိုသုမောင်ရေ၊ ငိုချင်ရက် လက်တို့တွေကို လွမ်းပေရော့လို့များ တမင်လုပ်နေတော့သလား။ ဟိုအဝေးဆီမှာ တကယ့်ကို မှိုင်းပြာမှုန်ဝေလို့၊ ကားကလေးက တံတားတစ်ခုပေါ် ရောက်လေပြီ။ မြစ်တစ်စင်းကို ကျွန်မတို့ ဖြတ်မလို့ပါလား။

"အစ်မရေ... ဒါ... မစ္စစပီမြစ်လေ"

ချစ်စဖွယ်လူငယ်လေးရဲ့အသံ။ ဘာရယ်...။ ဒါ မစ္စစပီမြစ်... ဟုတ်လား။

"မစ္စစပီမြစ် မဟုတ်ပါဘူးကွ၊ ဒါ... ဒုဋ္ဌဝတီမြစ်၊ အင်းဝ တူအရိုးသုံးဖော်ရဲ့ ဒုဋ္ဌဝတီမြစ်" ဒါက ကျွန်မချစ်မိတ်ဆွေကြီးရဲ့ အသံ။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါ... ကျွန်မတို့ ဒုဋ္ဌဝတီမြစ်"

ဒါက ကျွန်မရဲ့ အားရပါးရ ထောက်ခံတဲ့အသံ...။

"ကဲဟော့... ဟိုရှေ့မှ လမင်းတစ်ရာတို့ အိမ်တို့၊ အင်းဝဂုဏ်ရည် ပုံနှိပ်တိုက်တို့ကို ရောက်တော့မယ်ဟော့..."

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဟိုမှာလေ ကျွန်မတို့အိမ်၊ ကျွန်မအဘွားကို တွေ့ရတော့မယ်"

လူငယ်လေးက ကျွန်မတို့ကိုကြည့်ပြီး ချစ်စဖွယ်ပြုံးရယ်ရင်းခေါင်းကို ယမ်းတယ်။

"ပြန်ကာသာ× × × ရှေ့နောက်တွေး၊ တရေးရေးပေါ်လာ × × × "

လွမ်းစရာကောင်းလိုက်တဲ့အသံလေး၊ ဟင်... ကျွန်မတို့ ကားပေါ်မှာ ဟေမာနေဝင်းလေးလည်း ပါလာတာကိုး။

"အစ်မရေ... ဒါ... သမ္မတရီဂင်ရဲ့ မွေးရပ်ဇာတိလေ။ ဒစ်ဆွန်

(Dixon) တဲ့"

ဟောတော်... ဘယ့်နှယ် ကျွန်မတို့အိမ်ကိုတော့ မရောက်ဘဲ ရီဂင် မွေးရပ်မြေကို ရောက်လာရတာလဲ။ ပြောင်းခင်းတွေကြားက ရွာလေးတစ်ရွာကနေ သမ္မတတစ်ယောက်ကို မွေးဖွားပေးသတဲ့လား။ ဆရာသိပ္ပံမောင်ဝရဲ့ 'ဆရာစောကျောင်း' ကို ကျွန်မ သတိရလိုက်တာ။

"အင်း... ခဏနေရင် 'ဆရာစော' ကျောင်းကို ရောက်တော့မယ် သိလား"

"ဆရာစောကျောင်း ဟုတ်လား"

"ဟုတ်ပါ့ဗျာ။ ဆရာစောရဲ့ ဘုန်းကြီးကျောင်းလေ"

ကျွန်မ သိပ်နားမလည်ဘဲ ဆရာစောကျောင်းကို ရောက်သွားတယ်။ လှပသေသပ်ပြီး ချစ်စရာကောင်းတဲ့ အိမ်လေးတစ်အိမ်ပါ။ ဘုန်းကြီးကျောင်းလည်း မဟုတ်ပါဘူး။ ပြီးတော့ ဆရာစောဆိုတာ ကျွန်မရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးပဲ။ ဒါပေမဲ့ သူ့ကို အိမ်မှာလည်း မတွေ့ရဘူး။ ကျွန်မချစ်မိတ်ဆွေကြီးရဲ့ မရပ်မနား စကားသံတွေသာ ကျွန်မနားထဲမှာ ဆူညံနေတယ်။ ပြီးတော့ ညင်သာတဲ့ ကားစက်သံ။

တဝူးဝူးမြည်နေတတ်တဲ့ ချစ်စဖွယ်လူငယ်လေးရဲ့ တူးဒိုးကား လေးပေါ်ကနေ ကျွန်မတို့... ဘယ်လိုလုပ်ပြီး စက်သံညင်သာတဲ့ ဖိုးဒိုး ကားလေးပေါ်ကို ရောက်သွားရပြန်တာလဲ မသိပါဖူး။ ကားမောင်းသူ ကလည်း ပြောင်းသွားပြန်ပြီ။ ချစ်စဖွယ်လူငယ်လေးက ကျွန်မနဲ့အတူ ကားနောက်ခန်းမှာ၊ ကျွန်မရဲ့ ချစ်မိတ်ဆွေကြီးကတော့ ကားရှေ့ခန်းမှာ၊ သူ့အစဉ်အလာကို ထိန်းသိမ်းရင်း ငိုက်မျဉ်းလိုက်ပါလို့။

"ကျွန်တော်က ဒေါက်တာသက်ပါ၊ မန္တလေးသားခင်ဗျ"

အညာသားမှန်းမပြောဘဲ သိသာတဲ့ ကားမောင်းသူကို ကျွန်မ ပြုံးမိပါတယ်။ သူ့ကိုမြင်ကတည်းက မန္တလေးကလား၊ ရွှေဘိုကလား၊ မြင်းခြံကလား တစ်နယ်နယ်ကဆိုတာ ကျွန်မသိနေတယ်။ ရွှေဘိုသား လို့တောင်ထင်တာ။ ဘာပြုလို့လဲဆိုတော့ ကျွန်မအစ်ကိုကြီး ဒါရိုက်တာ

ကြည်စိုးထွန်းတို့လို သပြေသီးမှည့်ရောင် အသားအရေနဲ့ကိုး။

"ကျွန်တော်တို့ မြန်မာတွေ၊ ကိုယ့်မြေ ကိုယ့်လူမျိုးကို ခင်တွယ်တတ်လွန်းတယ်လို့၊ ကျွန်တော်တော့ ထင်တယ်ဗျာ၊ ကိုယ့်ရေမြေနဲ့ ခွဲခွာကြည့်တော့မှ ဘယ်လောက်ချစ်မှန်း သိတော့တာ။ သူများမြေပေါ်မှာ ရောက်ပြီး တစ်ပတ်လောက်လည်းကြာရော ကျွန်တော် ဘယ့်နှယ်ဖြစ်မှန်းမသိဘူး။ ဟောဒီရင်ညွန့်ကြီးထဲက နာလာအောင်ကို လွမ်းတာဗျာ၊ အိမ်ပြန်ချင်တာဗျာ။ ဒါကျွန်တော့်ဘေးမှာ မိန်းမရော၊ သားသမီးတွေရော ရှိနေတာနော်။ မဟုတ်သေးပါဘူးလေဆိုပြီး ကိုယ့်စိတ်ကိုယ်ဖြေတယ်။ နောက်တော့ဗျာ၊ ဟောဒီရင်ညွန့်ကြီးထဲက ဝေဒနာကို ဘယ်လိုမှမခံနိုင်တဲ့အဆုံး ကျွန်တော်တစ်ယောက်တည်း လေယာဉ်ရုံးကို သွားတာဗျ၊ သိလား။ မိသားစုကို ကျွန်တော် ထားခဲ့မလို့နော်။ ဒါပေမဲ့ဗျာ၊ ကိုယ်ကရောက်ခါစ ဘာမှနားမလည်၊ မသိတော့ ကျွန်တော်ရောက်သွားတဲ့ လေယာဉ်ရုံးက ကာလကတ္တားသွားမယ့် လေယာဉ်တဲ့။ အင်း... အဲဒါ... လွန်ခဲ့တဲ့ ဆယ်နှစ်ကပေါ့လေ၊ ခုတော့လည်း အသည်းက မာသွားပါပြီ၊ မာရတာပေါ့လေ။ ဒါပေမဲ့ ကျွန်တော့်ကို ပျော်တယ်ထင်သလား...၊ ကျွန်တော့်မှာ အားလုံးပြည့်စုံပါတယ်၊ ဒါပေမဲ့ ရင်ထဲမှာ တစ်ခုခု အမြဲတမ်းလိုနေတယ်"

"ဟုတ်တာပေါ့ဆရာရယ်။ ကျွန်မလည်း အဲဒီဝေဒနာကို ခံစားဖူးတာပေါ့။ ကျွန်မလေ တကယ့်ကို နားမလည်နိုင်ဘူး။ ရင်ဝမှာ ဆို့နင့်တင်းကျပ်ပြီး အလိုလို ငိုချင်နေတော့တာနော်။ တကယ်တော့ ရင်ဝမှာ အလွမ်းခဲဆို့နေတာ ဆရာရဲ့။ ကိုယ့်ရေမြေကိုလွမ်းတဲ့ အလွမ်းခဲဆို့တာ။ ကျွန်မသူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်။ သူများမြေပေါ်မှာ တစ်ပတ်လောက်ကြာရင် ကျွန်မတို့လိုဖြစ်ပြီး တစ်လကြာတော့ တခြားသူတွေကို ကိုယ့်ဆီက ကိုယ့်သူငယ်ချင်း မိတ်ဆွေတွေလို့ ထင်ယောင်ထင်မှား ဖြစ်သတဲ့။ လိုက်ကိုခေါ်မိတာတဲ့၊ သူပြောတာမှန်တယ်။ ကျွန်မလေ သူများမြေပေါ်က စိမ်းညို့ညို့ သစ်ပင်အုပ်တွေကို

အဝေးကကြည့်ပြီး မန်ကျည်းပင်တွေလို့ တကယ်ထင်တာ၊ ကျွန်မ ခင်ပွန်းနဲ့ ဖုန်းလည်းပြောရရော သူ့အသံကြားတာနဲ့ ဘာမပြော ညာမပြော ငိုချပစ်လိုက်တာ။ ကျွန်မခင်ပွန်းက စိတ်ပူပြီး အတင်းမေးတော့မှ ဗလုံးဗထွေးနဲ့ ကျွန်မက ဘာပြောတယ်မှတ်လဲ။ "မန်ကျည်းပင်တွေလည်း မဟုတ်ဘူး" တဲ့။

"ကျွန်တော်ကတော့ ဆရာတို့ အစ်မတို့ထက် ဆိုးတယ်။ လေယာဉ်ပျံပေါ်မှာတင် ဝမ်းနည်းပက်လက်ဖြစ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်တာ။ ဘေးကလူတွေက အံ့အားတွေသင့်ကြလို့၊ ဘာဖြစ်ပါလိမ့်ပေါ့"

ကျွန်မတို့သုံးယောက် ဘာတွေပြောပြော ကျွန်မချစ်မိတ်ဆွေကြီးကတော့ ငိုက်မျဉ်းလိုက်ပါဆဲ။ သူရော၊ ဘယ်နှစ်ရက်မြောက်မှာ ဘာတွေကို ဘယ်လိုလွမ်းပြီး ဘယ်ချောင်လေးမှာများ ကြိတ်ငိုခဲ့ပါလိမ့်။ အို... ကျွန်မ အိပ်မက်ပန်းချီကားဟာ ဖျတ်ခနဲ ပြောင်းလဲသွားပြန်ပါပြီ။ ကျွန်မတို့ဟာ မန္တလေး ပေါက်မြိုင် ဘုန်းကြီးကျောင်းမှာ ထမင်းဝိုင်းဖွဲ့စားလို့ နေပြန်သတဲ့။ မတွေ့ရတာကြာတဲ့ သူငယ်ချင်းတွေလည်းပါသတဲ့။ ပြီးတော့ ကျွန်မနဲ့ အကြာကြီးကွဲနေတဲ့ အင်မတန်ဟင်းချက်ကောင်းတဲ့ ချစ်စရာသူငယ်ချင်း စန္ဒရားဆရာက ကျွန်မဘေးမှာတဲ့။ ဟင်းတွေကို ဟိုတုန်းကလိုပဲ ကျွန်မပန်းကန်ပြားထဲကို အတင်းထည့်ပေးနေပြီး ရှက်စနိုးမျက်နှာကြီးနဲ့။

"သူနဲ့ငါ ပြန်တွေ့ပြီ" တဲ့။

"တကယ်လား၊ တကယ်လား" နဲ့ ကျွန်မက ဝမ်းသာအားရ ထအော်တော့–

"အော် ဟုတ်ပါတယ်ဆိုမှ၊ လူချင်းတော့ မတွေ့ရသေးဘူး၊ ဖုန်းနဲ့ပေါ့" ဆိုပြီး မျက်နှာကြီးက နူးညံ့သွားလိုက်တာများ။

"စက်တင်ဘာ နှစ်ဆယ့်ခြောက်ရက်ဆိုရင် သူနဲ့ငါရဲ့ ချစ်သူသက်တမ်း နှစ်ဆယ့်ခြောက်နှစ်ပြည့်ပြီ၊ သိလား။ ငါတကယ် မထင်ပါ

ဘူး။ ဒီလိုပြန်ဆုံလိမ့်မယ်လို့။ ပြီးတော့ သူ ဒီလောက်အကြာကြီးလည်း ငါ့ကို စောင့်နေလိမ့်မယ်မထင်ဘူး။ ငါ့ဘက်ကတော့ ရှင်းတယ်လေ။ ငါ့ရင်ထဲမှာ တစ်သက်လုံး သူတစ်ယောက်တည်းပဲ။ ဘယ်လိုကြောင့်ပဲ ကွဲကွာသွားသွား၊ ငါ ဘယ်သူ့ကိုမှလည်း ချစ်မှာလည်းမဟုတ်ဘူး။ လက်ထပ်မှာလည်းမဟုတ်ဘူး။ မကြာသေးဘူး။ ဟိုတစ်လောလေးကမှ ငါက ငါ့ကိစ္စနဲ့ စကော်ပူက သူငယ်ချင်းတစ်ယောက်ဆီကို ဖုန်းဆက်တာ။ သူက အဲဒီအိမ်မှာ ခဏလာလည်ရင်းနဲ့ ဖုန်းကိုင်တဲ့သူက သူဖြစ်နေတယ်။ နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲသွားပေမဲ့ သူ့အသံကို ငါချက်ချင်းသိသလို ငါ့အသံကိုလည်း သူ ချက်ချင်းသိတယ်"

"ကြည့်ပါဦး။ လွမ်းစရာကောင်းလိုက်တဲ့ အချစ်ဝတ္ထုကလေး။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က ရန်ကုန်တက္ကသိုလ် အနုပညာအသင်းရဲ့ တက္ကသိုလ်ကျောင်းသား စန္ဒရားဆရာလေးနဲ့ ကျောင်းသူလေးတစ်ဦးတို့ရဲ့ မပြီးဆုံးနိုင်သေးတဲ့ လွမ်းမောစရာ ဇာတ်လမ်းကလေး။

"အခု... ငါ ပိုက်ဆံစုနေတယ်၊ သူရှိရာကို လိုက်သွားဖို့"

"ဟာ ဘာလို့ ပိုက်ဆံစုနေတာလဲ၊ ချက်ချင်း လိုက်သွားရမယ့်ဟာကို မြန်မြန်လိုက်၊ ကြားလား"

"အေးပါ"

"ဘာအေးပါလဲ။ ပိုက်ဆံတွေကို အရက်သောက်ပစ်နေတယ် မဟုတ်လား။ ကျွန်မကို ကတိပေး။ သူ့ဆီကို အမြန်ဆုံး လိုက်သွားပါ့မယ်လို့။ အရက်ကိုလည်း လျှော့သောက်ပါ့မယ်လို့။ ပြောတာကြားလား"

"အေးပါ၊ အမလေး။ ငါ့နှမလေးရဲ့ ဒီလို ငေါက်သံ ငမ်းသံမကြားရတာ ကြာလှပြီ။ အရသာရှိလိုက်တာ"

ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ရဲ့ ဝမ်းနည်းဝမ်းသာ ရယ်မောသံမဆုံးခင်မှာပဲ အိပ်မက်ပန်းချီဟာ အလွန်တရာ လျင်မြန်စွာ

ပြောင်းလဲသွားပြန်ပါပေါ့လား။

ကျွန်မက ကားနောက်ခန်းမှာ ဒေါက်တာသက်နဲ့ ချစ်စရာလူငယ်လေးက ကားစက်နှိုးနေပြီ။

"အို... နေပါဦး၊ ကျွန်မတို့ ဘယ်ကိုသွားဦးမှာလဲ။ ကျွန်မချစ်မိတ်ဆွေကြီးနဲ့ ကျွန်မသူငယ်ချင်းကို ကျွန်မ ခေါ်ခဲ့ချင်တယ်။ တခြားသူငယ်ချင်းတွေနဲ့လည်း စကားပြောလို့ မဝသေးဘူး" ဖြူန်းခနဲဆိုကျွန်မသောက ကားမှန်ကို ကပျာကယာချပြီး ခေါ်မယ်လုပ်တော့ သူတို့က

"ကဲသွားတော့နော်" တဲ့။ ဟင့်အင်း..၊ ကျွန်မနဲ့လိုက်ခဲ့ပါ။ ကျွန်မသူငယ်ချင်းက ကားထဲကို တစ်ခုခုပြောတယ်၊ ဘာပြောတာပါလိမ့်။

"ငါလေ၊ တစ်ကိုယ်ရေတစ်ကာယဆိုတော့ အလုပ်မလုပ်တာကြာပြီ။ သူငယ်ချင်းတွေနဲ့ ဒီလိုပဲ နေနေတာ။ အခု ငါ အလုပ်ပြန်ဆင်းမယ်သိလား။ ငါနင်လိုချင်တာလေးတွေ ဝယ်ပေးချင်လို့၊ ဘာတွေလိုချင်လဲ ငါ့ကိုပြော"

သူကျွန်မကို ငိုအောင်လုပ်ပြီ။ ကျွန်မချစ်မိတ်ဆွေကြီးက ရွှေပြည်စိုးဆေးလိပ်တိုကို လက်ကြားမှာ အကြောင်းမဲ့ခါနေရင်း ကျွန်မမျက်ရည်တွေကို မမြင်ရက်သလို မျက်နှာလွှဲလို့။ သူတို့နှစ်ယောက်ရဲ့လက်တွေကို ကျွန်မ တင်းတင်းကျပ်ကျပ် ဆုပ်ထားမိတယ်။ ကားစက်သံက တဝူးဝူးမြည်လာပြန်ပြီ။ ခဏနေပါဦး၊ ဒေါက်တာသက်ရဲ့။ ဖြူန်းဆို၊ ဆုပ်ထားတဲ့ ကျွန်မတို့လက်တွေ ပြုတ်ထွက်သွားခဲ့ပြီ။ ကားကလေးက မြားကလေးလို ပြေးလို့။ သူတို့က ကျွန်မနဲ့ တဖြည်းဖြည်းဝေးလို့ ကျန်ခဲ့ပေါ့။

အိပ်မက်ဆိုတာ ဒီလိုချည်းပါပဲလေ။ ဩော်... မျက်ရည်လူးတဲ့တစ်ခုသော အိပ်မက်ကနေ ကျွန်မတစ်ယောက် နိုးရပြန်ဦးတော့မယ်။

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊
နိုဝင်ဘာ၊ ၂၀၀၉ ခုနှစ်။

❖



မြှားတို့သည်မစူး!
မှိုတို့သည် မပေါက်
ယာတို့သည်

## ပျားတို့သည် မချို၊ မှိုတို့သည် မပေါက်၊ ယာတို့သည် ခြောက်ကုန်၏

စိန်ပန်းနီနီတွေ မြေမှာကြဲပြန့်နေတဲ့ ကျောင်းဖွင့်ချိန်ကို ရောက်လို့လာခဲ့ပြီ။ ဆရာမကြီး "စော" တို့ မူလတန်းကျောင်းကလေးရဲ့ ကျောင်းဖွင့်ချိန်ဟာ တကယ့်ကို ရောက်လို့လာခဲ့ပါပြီ။

ကျောင်းကလေးရဲ့မြေပြင်မှာ မိုးသက်လေခြွေထားတဲ့ စိန်ပန်းနီနီတင်မက နွေလက်ကျန် ငှက်ဝါတွေပါ ရောနှောနီဝါရွှေလို့...။ ချစ်စရာသနားစရာ ကျောင်းကလေးကို ကြည့်လို့ မဝနိုင်ခဲ့ပါဘူး။ ငယ်ငယ်တုန်းက အထက်တန်း စကားပြေလက်ရွေးစင်မှာ သင်ခဲ့ရတဲ့ ဆရာသိပ္ပံမောင်ဝရဲ့ "ရွာကျက်သရေ" ထဲက "ဆရာစော၏ ကျောင်းမှာ ဓနိကပ်၊ ဓနိမိုး၊ ဝါးလုံးတိုင်၊ ဝါးခြမ်းခင်း၊ ပြတင်းပေါက်နှစ်ပေါက်၊ တံခါးပေါက်နှစ်ပေါက်မျှသာ ရှိလေသည်" ဆိုတဲ့ ဆရာစော ကျောင်းကလေးအတိုင်း တစ်သဝေမတိမ်း နှံ့နဲ့စုတ်ချာလှတဲ့ ဒီကျောင်းကလေးကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူစော ပြောင်းလာတဲ့နေ့မှာပဲ ချစ်တဲ့သူက နာမည်ပေးခဲ့တယ်။ "ဆရာမကြီးစောကျောင်း" တဲ့။

ဟုတ်လည်းဟုတ်ပါရဲ့။ မြို့ဆင်ခြေဖုံးရဲ့ ဝါးကပ်မိုး၊ ထရံကာကျောင်းကလေးက တစ်ဖက်ကို ၄၅ ဒီဂရီ တိမ်းစောင်းလို့။ ကျောင်း

ကလေးအောက်မှာ စီးဆင်းနေတဲ့ ရေဆိုးရေမည်းတွေနဲ့အတူ ခရမ်းပြာရောင် ဗေဒါတောအုပ်ကလည်း မင်းမူလို့...။ စာသင်လို့ကောင်းနေပြီဆို ဝုန်းခနဲ အသံကြားရပြီ။ ကလေးတွေ ကြမ်းပေါက်ကျွံကျတာ...။ မြေဖြူ ပစ်ချ၊ ထဘီစိမ်း အသာမ၊ လွှားခနဲနေအောင် ခုန်ပျံပြေးပြီး ရေဆိုးရေမည်း ထဲက ဟာလေးတွေကို ဆယ်ယူ ကယ်တင်ရသေးတာ။

ကျောင်းသားချင်းကလည်း ဆရာစောကျောင်းနဲ့ တစ်ပုံတည်းပါပဲ ဗျာတဲ့လေ။ ဒါလည်းဟုတ်တာပဲ။ ပြောလည်းပြောစရာ။ "ရွှေကျက်သရေ" ထဲက ငထွန်းကား စာမအံ၊ ယင်ကောင်တွေကို ဖမ်းပြီးလျှင် နောက်တိုး၏ နားထဲသို့ လွှတ်သွင်းသဖြင့် နောက်တိုးနှင့် ငထွန်းတို့ တစ်ယောက်တစ်ချက်စီ ထိုးနေကြလေပြီ။ ထွန်းဝေနှင့် စံသိန်းတို့ကား ကျောင်းအောက်တွင် နပန်းလုံးနေကြ၏။ မိချွေးနှင့် မယ်သိန်းတို့မှာ ထောင့်တစ်ထောင့်တွင် ခရေစေ့တောက်တမ်း ကစားနေကြသည်" ဆိုတဲ့ စာပိုဒ်ကို သူရွတ်ပြရင် ဆရာမကြီးစောကလည်း အားကျမခံ ရွှေကျက်သရေထဲက "နောင်နှစ်ပေါင်း ၄၀–၅၀ ခန့်ကြာလျှင် ဤကျောင်းမှပင် မြန်မာပြည်သမ္မတ ထွက်ချင်ထွက်နေမည်ကို စဉ်းစားမိပုံမပေါ်" ဆိုတဲ့စာပိုဒ်ကို ပြန်ရွတ်ပြလိုက်တာပေါ့။

ခုတော့လည်း ဆရာမကြီးစောရဲ့ လက်လုပ်လက်စား ကျောင်းသားမိဘများရဲ့ နှစ်ရှည်ကြိုးစားမှုကြောင့် ရေဆိုးရေမည်းကင်းစင်တဲ့ ဖို့မြေပေါ်မှာ သွပ်မိုး၊ အုတ်ကာလေးနဲ့ သမ္မတလောင်းလေးတို့ရဲ့ ကျောင်းကလေးဟာ ပြောင်းလဲခဲ့ပြီ။ ခင်းလေးတို့အတွက် နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ရပါတယ်။ဆရာမကြီးစောနဲ့ သူ့လက်ထောက်ဆရာမများ အလှူမခံဖူးသူ ဒီနယ်တွင်မရှိ။ ဈေးရောင်းခြင်းဖြင့်လည်း ရန်ပုံငွေရှာဖူး၊ ဗလာဇာတ်ပွဲ သွင်းပြီးတော့လည်း ရန်ပုံငွေရှာခဲ့ရ...။ ကိုယ့်အိမ်ကိစ္စ၊ ဘာမှ ပြန်မကြည့်နိုင်...။ သားသမီးတွေက "အမေက သမီးတို့ထက် အမေ့ သမ္မတလောင်းလေးတွေကို ပိုချစ်တာ" တဲ့လေ။ ပါရမီဖြည့်ဖက် ခင်ပွန်းသည်ကတောင် စိတ်ကောက်ရှာထင့်...။ သမ္မတလောင်းလေးတွေနဲ့အတူ

နေရစ်ပေရော့တဲ့...။ ဆရာမကြီးစောကို ထားရစ်ခဲ့ပြီး ဘယ်တော့မှ ပြန်မလာနိုင်တော့တဲ့ခရီးကို ထွက်ခွာသွားခဲ့ပြီ...။

ဆရာမကြီးစောကလည်း ဆရာမကြီးစောပါပဲလေ။ ကျောင်းကလေးကိုမြင်တာနဲ့ အားလုံးကို မေ့။ အမောပြေ။ သမ္မတလောင်းတို့ကိုမြင်တာနဲ့ ပျော်ရွှင်ကြည်နူးကျေနပ်။ ဆရာမကြီးစောရဲ့ဘဝ နေပျော်၊ ပြည့်စုံသတဲ့...။ ဒီနှစ် ကျောင်းဖွင့်ချိန်ဆို ပိုလို့တောင် နေပျော်၊ စိတ်ပျော်သလိုပဲ...။ "ကျောင်းနေရွယ်ကလေး ကျောင်းနေရေး၊ မိဘပြည်သူဝိုင်းကူပေး" ဆိုတဲ့ ဆောင်ပုဒ်နဲ့အတူ။ ကျောင်းဝင်ကြေးမရှိစေရ၊ စာအုပ်ဖိုးမကုန်စေရ၊ မည်သည့်အခကြေးငွေမျှ ပေးစရာမလိုတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်မတဲ့...။ ကောင်းလိုက်လေ...၊ ဆရာမကြီးစော ကျောင်းကလေးရဲ့ လက်လုပ်လက်စားပတ်ဝန်းကျင်က ပိုက်ဆံမတတ်နိုင်မှုနဲ့ ကျောင်းမနေနိုင်ရှာတဲ့...၊ ကျောင်းထွက်ရရှာတဲ့ သမ္မတလောင်းလေးတွေ... ဆရာမကြီးစောကျောင်းမှာ အများကြီး တိုးပွားလာကြဦးမှာ... အသေအချာပေါ့...။

* * *

"မင်္ဂလာပါ"

ကျောင်းကလေးကို လွှမ်းခြုံထားတဲ့ ဒီအသံဟာ ဘယ်လောက်များ ကျက်သရေရှိလိုက်ပါသလဲ...။ တစ်လောကလုံးမှာ အသာယာဆုံးအသံ...၊ အချိုမြိန်ဆုံးအသံပေပဲ...။ စိတ်ကလေးကြည်ကြည်နဲ့ ဆရာမကြီးစောတစ်ယောက် ကျောင်းသားစာရင်းစာအုပ်ကို တဖျပ်ဖျပ်လှန်တယ်...။ မနှစ်က ကျောင်းသားကျောင်းသူဟောင်း ဆယ်ယောက်။ သူငယ်တန်းကစပြီး လေးတန်းထိ အရွယ်စုံ၊ အတန်းစုံ ဆယ်ယောက်ခုချိန်ထိ ကျောင်းလာမအပ်သေး...။ ဒီနေ့ဆို ကျောင်းဖွင့်တာ တစ်ပတ်ကျော်ပြီ...။

"ဆရာမညိုရေ..."

ဘေးနားမှာ ဘုရားပန်းအိုးထိုးနေတဲ့ ဝဝဆရာမကြီးလည်း ဆရာမကြီးစောရဲ့အကြောင်းကို နောကျေအောင် သိရှာပါတယ်။

"ညည်း သမ္မတလောင်း ဆယ်ယောက်ကိစ္စလား၊ ကျုပ်... မခင်သန်းကို လွှတ်လိုက်ပြီ...။ အဲဒီဟာတွေရဲ့လိပ်စာနဲ့၊ စရိတ်လည်း ပေးလိုက်တယ်။ သေချာလည်း မေးခဲ့လို့ မှာလိုက်တယ်"

"အေး... ကောင်းတယ်၊ ဒါဖြင့် မခင်သန်း ဒီမနက် ကျောင်းဈေး မရောင်းရဘူးလား..."

"ရောင်းတယ်လေ။ ရောင်းပြီးမှသွားတာပေါ့...။ ကျုပ်လည်း... သူ့အမြတ်တော့ မစိုက်နိုင်ဘူးအေ...၊ စရိတ်စိုက်ရင် တော်တော့..."

ငယ်သူငယ်ချင်းလိုဖြစ်နေတဲ့ စိတ်တူကိုယ်တူ ဆရာမညို့ကို ဆရာမကြီးစော ရယ်မောရပြန်တယ်...။

"ဒီတစ်ခါ ဘုရားပန်းဖိုးတော့ ယူပါအေ။ ငါပေးပါ့မယ်..."

"အမလေး တော်ပါအေ။ ဒီကုသိုလ်လေးတော့ ယူပါရစေ၊ ကျုပ်တို့မယ် တခြားကုသိုလ်ကြီးကြီးမားမား၊ ခဲခဲဖတ်ဖတ်လည်း မလုပ်နိုင်ဘူး..."

"ညည်း... ဟိုနေ့ကစိုက်ထားတဲ့ မီးချောင်းဖိုးတော့ယူ...။ ငါ့သမီးက လှူမယ်တဲ့..."

"အေး... ပြီးရော။ လာ... ဘုရားပန်းကပ်လှည့်တော့..."

"ညည်းကပ်လိုက်ပါ။ ပြီးတော့မှ ငါကပ်မယ်..."

သစ္စာပန်းအဝါတွေ ဝေနေတဲ့ ဘုရားပန်းအိုးလေးကို ကိုင်မြှောက်ကပ်လှူရင်း ဆရာမညို့ရဲ့ မျက်လုံးလေးတွေ ဘုရားအာရုံပြုဖို့ မှိတ်မလို့ရှိသေး...။

"ဆရာမကြီး... ဆရာမကြီး... ကျွန်မ ပြန်လာပြီ" ဟော စွာလောင်၊ စွာလောင်အသံနဲ့ မခင်သန်းတစ်ယောက် ပျာလောင်၊ ပျာလောင်နဲ့ ရုံးခန်းထဲ ဝင်လာပါပြီ။

"မခင်သန်း... မြန်သားပဲ"

"ဟုတ် ဆရာမကြီး...။ အဲဒီဘက်ပိုင်းသွားတဲ့ ကျွန်မတို့အရပ်ထဲက ကောင်လေးတစ်ယောက် ဆိုင်ကယ်နောက်က လိုက်သွားလိုက်တာ...။ အမလေး... ဆရာမကြီးရယ်...။ အဲဒီအခန်းတွဲတွေကို ကြားသာ ကြားဖူးတာ၊ မရောက်ဖူးဘူး...။ ဆရာမကြီးကလည်း တစ်မိသားစု၊ တစ်ခန်းမဟုတ်ဘူး။ တစ်ခန်းကို ငါးအိမ်ထောင်စု၊ ခြောက်အိမ်ထောင်စု ပေါင်းနေကြတာ။ ထမင်းဟင်းလည်း ချက်စားလို့မရဘူး။ အိပ်ရုံပဲတဲ့...။ နေ့ချင်းရှင်း တစ်ညလေးရာတဲ့ ဆရာမကြီးရဲ့...၊ ဟိုဒင်း..."

"ကျွန်မသိပါတယ် အဲဒါတွေ...။ ဒီလိုပဲ နေကြရတာပေါ့။ ရှင်က အိမ်ပိုင်ယာပိုင်နဲ့ဆိုတော့ ပြောအားရှိတာပေါ့...။ ရှင့်ဆရာမကြီး ကျွန်မတောင် နေစရာမရှိသေးဘူး။ ပင်စင်က ခြောက်နှစ်ပဲ လိုတော့တယ်။ ကဲပါ၊ ဘယ်သူတွေ တွေ့လဲ ပြောပါဦး"

"ဟိုဒင်း... ကလေးတွေပဲ တွေ့တယ်ဆရာမကြီး။ လူကြီးတွေက အလုပ်သွားတယ်တဲ့။ တစ်ယောက်မှမတွေ့ဘူး။ အဲ... မျက်စိကွယ်နေတဲ့ အဘွားကြီးတစ်ယောက်တော့ တွေ့တယ်...။ ဟိုဒင်းလေ၊ ဆရာမ ဒေါ်ညိုညိုအတန်းက...၊ ဖြိုးတီး၊ ဖြိုးတီးနဲ့ကောင်လေးရဲ့ အဘွားတဲ့..."

"ဂျိုးဇက်လား။ သွားကျိုးလေးနဲ့ သူငယ်တန်းက မျက်နှာရှူးလေးလေ၊ အဲဒီမျက်နှာချိုကောင် တစ်တန်းတက်ရမှာ..."

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူ့အမေက အလုပ်သွားတယ်တဲ့။ အဲဒါ... သူတို့ မြေးအဘွားနှစ်ယောက်ကို ပြောခဲ့တယ်။ ဆရာမ ဒေါ်ညိုညိုမှာတာတွေ ကျွန်မ ပြောခဲ့တယ်။ ကျောင်းမြန်မြန်လာအပ်ပါလို့...။ ကျောင်းပြောင်းမယ်ဆိုလည်း ကျောင်းထွက်လက်မှတ် လာယူပါလို့..."

"အရေးကြီးတာရော ပြောခဲ့ရဲ့လား။ ကျောင်းအပ်ရင် ဒီနှစ် ပိုက်ဆံတစ်ပြားမှ မကုန်တော့ဘူးဆိုတာ..."

"ပြောခဲ့တယ်ဆရာမကြီး။ ပြောခဲ့တယ်။ အကုန်ပြောခဲ့တယ်..."

"ဟုတ်ပြီ၊ ဟုတ်ပြီ...၊ ကျေးဇူးပါပဲ မခင်သန်းရယ်... သွားပေးတာ"

"ဟုတ်ဆရာမကြီး... ဟုတ်..."

စွန့်ထားတဲ့ ဘုရားပန်းအနွမ်း၊ အမှိုက်တွေကို ခြေမြန်လက်မြန် ကောက်သိမ်းယူပြီး ပျာလောင်ပျာလောင်ထွက်သွားတဲ့ မခင်သန်း နောက်ကျောကို ဘာရယ်မဟုတ် ငေးကြည့်ရင်း ဆရာမကြီးစောက သက်ပြင်းတစ်ချက်ကို ချလိုက်တုန်းမှာပဲ ဆရာမညိုကလည်း သူ့မူပိုင် အသံ ခပ်ကျယ်ကျယ်ကြီးနဲ့ပဲ...။

"ပိုက်ဆံမပေးရဘူးဆိုလို့ကတော့ ညည်းသမ္မတလောင်းတွေ ဒီနေ့ မနက်ဖြန် ကျောင်းလာအပ်ကြရှာမှာပါအေ..."

* * *

"မင်္ဂလာပါ ဆရာမကြီး"

ဟော... လာကုန်ကြပါပြီ...။ ဟိုမျက်နှာချိုကောင်လေး ဂျိုးဇက် က လေသာပြတင်းကို အကုန်ဖွင့်ပြီးရင်း ရုံးခန်းပေါက်ဝမှာ လက် ကလေးပိုက်လို့...။ နံ့သာဖြူနံ့ ထောင်းထောင်းထနေတဲ့ သနပ်ခါးတွေ ကလည်း ဖွေးလို့...။ အိတ်ထောင်ဘတ်လပ်နဲ့ ကျောင်းဝတ်စုံလေး ကတော့ နွမ်းရှာတယ်...။

"ဆရာမကြီး..."

ဂျိုးဇက်နောက်က သူ့အမေနဲ့တူရဲ့...။ ငယ်သေးတာပဲ...။ သူက မျက်မမြင် အဘွားအိုတစ်ယောက်ကိုတွဲလို့...။ ဟောတော်... အဲဒီ နောက်မှာတော့ ဆရာမကြီးစောရဲ့ (နှစ်တန်းနဲ့သုံးတန်းတက်မယ့်) တပည့်ကျော်နှစ်ကောင်၊ ဂျိုးဇက်အစ်ကိုနှစ်ယောက်ဟာ ကတုံးစိမ်းလေး တွေနဲ့ ကိုရင်နှစ်ပါးအသွင် ပြောင်းလို့...။

"လာ... လာ... လာကြ"

"ဟုတ်..."

"ထိုင်... ထိုင်...၊ အဘွားကို ဒီမှာထိုင်ခိုင်းလိုက်..."

"ကျွန်မအမေက၊ မျက်စိမမြင်ပါဘူး ဆရာမကြီး..."

"ဟုတ်လား...။ မနေ့က မခင်သန်းကတော့ ပြောသား...။ ကျွန်မ

မနေ့က လွှတ်လိုက်တာလေ။ ကျောင်းအပ်ဖို့ နောက်ကျနေလို့...။ အကြီးနှစ်ယောက် ကိုရင်မထွက်ရသေးလို့နဲ့တူတယ်... ဟုတ်လား..."

ရုံးခန်းပေါက်ဝမှာ သူ့ဆရာမ ဒေါ်ညီညီမျက်နှာ ဖျပ်ဆို ပေါ်လာတော့ မျက်နှာချိုကောင်လေး မောင်ဂျိုးဇက်က "မင်္ဂလာပါ ဆရာမ" လို့ အားရပါးရအော်ပြီး ပြေးထွက်သွားတယ်။

ကလေးတွေအမေက သက်ပြင်းတစ်ချက်ကို ချတယ်။

"ကျွန်မတို့... ကျောင်းလာအပ်တာ မဟုတ်ပါဘူး... ဆရာမကြီး..."

"ဩော်... ဒါဖြင့် ကျောင်းပြောင်းလက်မှတ်ထုတ်ဖို့ပေါ့...။ အိမ်ပြောင်းမလို့လား..."

"... ဟို..."

"ကျွန်မ နားလည်ပါတယ်။ ဒီလိုပဲပေါ့။ ကျောင်းပြောင်းလက်မှတ်လေးတွေ သေချာလုပ်ပေးလိုက်မယ်။ ဓာတ်ပုံလေးတွေတော့ ရိုက်ရဦးမယ်။ ကိစ္စမရှိဘူး။ ကျွန်မလုပ်ပေးလိုက်မယ်။ ခဏလေး..."

"မဟုတ်ပါဘူး ဆရာမကြီး...။ ကျောင်းပြောင်းလက်မှတ်မဟုတ်ဘူး။ ကျွန်မကလေးတွေကို ကျောင်းမထားတော့ပါဘူး..."

"ဟင်"

ဆရာမကြီးစောတစ်ယောက် ကလေးတွေအမေကို နားမလည်သလိုကြည့်တယ်...။ ကိုရင်လေးနှစ်ပါးက ခေါင်းလေးတွေငုံ့လို့...။

"ကျွန်မ... သူတို့ကို ကျောင်းမထားနိုင်တော့ဘူး ဆရာမကြီး...။ ကလေးတွေအဖေကလည်း မရှိတော့ဘူး။ အမေအိုကြီးနဲ့ ကျွန်မ တစ်ယောက်တည်းလုပ်စာနဲ့..."

"... အို... အို... ဟုတ်ပြီ။ ကျွန်မပြောမယ်။ ဒီနှစ်... ကျောင်းအပ်ဖို့အတွက်က ပိုက်ဆံတစ်ပြားမှ မကုန်တော့ဘူးလေ...။ ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး ဘာမှ မပေးရတော့ဘူး...၊ ဘာမှမကုန်ဘူးလေ..."

"ဆရာမကြီးကို အားနာလို့ လာရှင်းပြတာပါ။ ကြုံရာကျပန်း

ကျွန်မလုပ်စာနဲ့ ပါးစပ်ငါးပေါက်ဝအောင် မစားနိုင်ဘူး ဆရာမကြီးရဲ့…။ အဲဒါကြောင့် ဒီအကြီးနှစ်ယောက်ကို တစ်ခါတည်း အပြီး ကိုရင်ဝတ်ပေးလိုက်ပြီ…။ ဘုန်းကြီးကလည်း စာသင်ပေးမယ်တဲ့…"

ရေပက်မဝင်ပြောတတ်တဲ့ ဆရာမကြီးစောတစ်ယောက် ဆွံ့အလို့သွားခဲ့ပြီ…။ ကိုရင်လေးနှစ်ပါးက မျက်နှာငယ်လေးတွေနဲ့ သူတို့ ဆရာမကြီးကို ကြည့်နေတယ်လေ…။

"… အငယ်လေးကျတော့လည်း…၊ ကျွန်မ အလုပ်သွားရင်၊ သူ့ဘွားအေကိုကြည့်ဖို့ ထားခဲ့ရမှာ…"

"မင်္ဂလာပါ ဆရာမ" တွေ မိုးမွန်အောင် လိုက်နှုတ်ဆက်ရင်း ဘာမှ မသိရှာသူ မျက်နှာချိုကောင်လေးကတော့ ရုံးခန်းထဲကို ပြန်ပြေးဝင်လာခဲ့ပြီ…။

"ကျွန်မတို့သွားတော့မယ် ဆရာမကြီး…။ ထ… ကိုရင်တို့…"

ဆရာမကြီးစောတစ်ယောက် မတ်တတ်ထရပ်မိရင်း… "ဂျိုးဇက်" လို့ခေါ်မိတယ်။ ကောင်ငယ်လေးက "ဗျာ" တဲ့…။

"မင်းက… ကျောင်းမနေချင်ဘူးလား…"

"နေချင်တာပေါ့…။ နေမှာလေ…"

ကလေးတွေအမေက နှစ်ခါတိတိ အံကြိတ်၊ မျက်လုံးပြူး၊ ခေါင်းယမ်းပြအပြီးမှာတော့… မျက်နှာကလေးညှိုးကျလို့၊ ကောင်ငယ်လေးရဲ့ လေသာ ပြတင်းပေါက် ပါးစပ်လေးလည်း ပိတ်ခဲ့ပြီ…။ သွားတော့ကွယ်…။

အိုး… မိုးသက်လေက ဖြန်းခနဲ ရိုက်ချလိုက်တော့ စိန်ပန်းတွေ ရဲခနဲ ကြွေကျပြန်ပြီ…။

"ဆရာမကြီးကို နှုတ်ဆက်လိုက်ဦးလေ…"

"မင်္ဂလာပါ ဆရာမကြီး…" ကျိုးကြေနေတဲ့ အသံတုန်လေးပေါ်ကို ကျောင်းခန်းဆီက ညီညာဖြဖြအော်လိုက်တဲ့ အသံတွေက ဖုံးအုပ်သွားခဲ့တယ်။ မင်္ဂလာပါ… တဲ့…။

ဒီတစ်ခါ မင်္ဂလာပါ ဟာ ဆရာမကြီးစော နားထဲမှာ... ကွဲအက်ကြေမွခါးသီးလို့ နေသလိုပါပဲ...။

ဖြူးတီးမဂ္ဂဇင်း၊
ဇူလိုင်၊ ၂၀၁၁ ခုနှစ်။
(ဆရာတင်မိုးရဲ့ ကန္တရနှစ်များသို့...)

❖

# ကျွန်မ နှင့် ဦးဝမ်းဝမ်း



# ကျွန်မနှင့်နိုင်းဝမ်းဝမ်း

ကျွန်မဟာ ဒီလိုသြဂုတ်၊ စက်တင်ဘာ အချိန်ရောက်လို့ ကျွန်မသူငယ်ချင်း ကိုဇစ်တာ(ထက်ခေါင်)တို့လို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေကို မြင်တိုင်း ကျွန်မသူငယ်ချင်း ဗီယက်နမ်မလေး ဗိုသီဟောင် (Bo Thi Hao) ကို အမြဲ သတိရတတ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်၊ နှစ်ထောင်ပြည့်နှစ်ရဲ့ (I.W.P) (International Writing Program) မှာ ကျွန်မနဲ့ဟောင် (Hao) တို့ တွေ့ခဲ့ကြတာပေါ့။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်လေးတစ်ခုရဲ့ မြို့ကလေးတစ်မြို့ဖြစ်တဲ့ အိုင်အိုဝါ (IOWA) တက္ကသိုလ်မှာ နှစ်စဉ်သူတို့ရဲ့ နွေရာသီအချိန် သြဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာဆိုရင် နိုင်ငံတကာက စာရေးဆရာတွေကို ဖိတ်ကြားတွေ့ဆုံ နှီးနှောကြတဲ့ (I.W.P) ဆိုတဲ့ အစီအစဉ်လေးတစ်ခု ရှိတယ်။ နှစ်ပေါင်းသုံးဆယ်တောင် ကျော်ခဲ့ပြီတဲ့၊ ကျွန်မတို့နိုင်ငံအနေနဲ့ကတော့ (95') ကျမှစပြီး ဖိတ်ကြားခံရလို့ ကျွန်မနဲ့ပါမှ စာရေးဆရာလေးယောက်ပဲ ဒီအစီအစဉ်မှာ တက်ဖူးသေးတယ်။ "ဟောင်" တို့ ဗီယက်နမ်ကတော့ ကျွန်မတို့ထက် စာရေးဆရာဦးရေ နည်းနည်း ပိုများများ တက်ဖူးပေမဲ့ တူညီတဲ့

အချက်တစ်ခုက သူနဲ့ကျွန်မဟာ မြန်မာနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံရဲ့ ပထမဆုံးသော အမျိုးသမီးစာရေးဆရာအဖြစ် ဒီအစီအစဉ်မှာ တက်ရောက်ရခြင်းပေါ့။ အဲဒီနှစ်က တွေ့ဆုံကြမယ့် စာရေးဆရာ (၁၇) ယောက်မှာ သူနဲ့ ကျွန်မကို အာရှနိုင်ငံသူ အိမ်နီးချင်းနိုင်ငံသူ အချင်းချင်းမို့ပဲ တွဲပေးတာလား မသိပါဘူး။ ကျွန်မတို့နှစ်ယောက် တစ်ခန်းတည်းမှာ တူတူနေကြရတယ်။ ကျွန်မတို့နေတဲ့ နေရာလေးက အိုင်အိုဝါ တက္ကသိုလ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ သိန်းငှက်မျက်ဝန်း (Hawk Eye) ဆိုတဲ့အဆောင်မှာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာပါတဲ့ အခန်းကျယ်တစ်ခုမှာ ဟောင်နဲ့ကျွန်မ နေကြရတယ်။

ကျွန်မတို့နှစ်ယောက်ဟာ အရှေ့တောင်အာရှ နိုင်ငံသူတွေလည်းဖြစ်၊ အိမ်နီးချင်းတွေလည်းဖြစ်၊ စာရေးဆရာ အချင်းချင်းတွေလည်းဖြစ်၊ အသက်ကလည်း ရွယ်တူဆိုတော့ တစ်ခဏအတွင်းမှာပဲ သူငယ်ချင်းတွေ ဖြစ်သွားကြပါတယ်။ ကျွန်မ သူငယ်ချင်းက ရုပ်ကလေးကလည်း ချစ်စရာလေးပါ။ ကမ္ဘာကျော် ဗီယက်နမ်စစ်မှာ (၉) နှစ်သမီးအရွယ်နဲ့ ဖြတ်သန်းခဲ့ရရှာတဲ့ သူလေးပေါ့။ ခုချိန်မှာလည်း သမီးလေးနှစ်ယောက်ရယ်၊ သတင်းစာတိုက် တစ်တိုက်ရယ်နဲ့ ဘဝကို ဖြတ်သန်းနေတဲ့သူလေးပေါ့။

စားအတူ၊ သွားအတူ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်မှာ တခြားတူတာတွေလည်း အများကြီးပါပဲ။ အပူဒဏ်ကို မကြောက်တတ်တာ၊ ထမင်းကြိုက်တာ၊ အားနာတတ်တာမျိုးတွေပေါ့။ အတူဆုံး အချက်ကတော့ ဖွံ့ဖြိုးဆဲ နိုင်ငံသူပီပီ နိုင်ငံခြားဆိုတာကို အရောက်အပေါက်နည်းကြရှာလေတော့ ဘာမှန်းမသိ၊ ဘာကိုမှန်းမသိ အလကားနေရင်းကြောက်တဲ့အကြောက်ပေါ့။ ဒါတောင်မှ ကျွန်မက ဒုတိယအကြိမ်၊ ဒုတိယတစ်ခေါက် အပြင်ကိုထွက်တာ။ "ဟောင့်" အတွက်က ပထမဆုံး နိုင်ငံခြားခရီး။ သူလာတုန်းက လေယာဉ်တွေကို ပြောင်းစီးရတဲ့အချိန်ဟာ သူ့ရဲ့ အကြောက်ဆုံး အချိန်ပဲလို့ ပြောရှာတယ်။ အမှားမှား

အယွင်းယွင်းတွေ အများကြီး ဖြစ်ခဲ့သတဲ့။ အဝတ်အစား အိတ်လည်း ပျောက်တာ သုံးရက်နေမှ ပြန်ရသတဲ့။ ကျွန်မလည်း ကျွန်မရဲ့ ပထမဆုံး နိုင်ငံခြားခရီး (Oxford University) ခရီးမှာ အိတ်ပျောက်ခဲ့တာ ပေါ့။

ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်၊ ဒီအကြောင်း၊ ဟိုအကြောင်း၊ ဗီယက်နမ် စစ်အကြောင်း၊ စာပေအကြောင်း စတာတွေကို ပြောကြတဲ့ အခါမျိုးမှာ ဘေးကများ လာကြည့်၊ လာနားထောင်တဲ့ လူများရှိခဲ့ရင် အလွန် အံ့သြသွားမှာ အသေအချာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တို့နှစ်ယောက် အသုံးပြုနေတဲ့ ဘာသာစကားက (အိုင်အိုဝါမှာ ကျွန်မတို့ နှစ်ယောက်တည်းသုံးတာ) ဘေးလူ ဘယ်လိုမှ နားမလည်နိုင်တဲ့ ကျွန်မတို့ နှစ်ယောက်တည်း သီးသန့်သုံး အင်္ဂလိပ်စကားလေ။ ဆက်သွယ်ရေး အကူပစ္စည်းတွေကလည်း ပါသေးတာ။ ဘာတွေလဲဆိုတော့ ကျွန်မရဲ့ လက်ဆယ်ချောင်းနဲ့ ဟောင်ရဲ့ ဗီယက်နမ်–အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်–ဗီယက်နမ် အဘိဓာန်စာအုပ်ပေါ့။ တကယ်တော့ ကျွန်မတို့ လည်း ငယ်ငယ်က ဘိုကျောင်း မနေဖူးခဲ့တဲ့ ငါးတန်းမှ အင်္ဂလိပ်စာ စသင်ပြီး ဘွဲ့ရတဲ့အထိ ခပ်ညံ့ညံ့ပါပဲ။ စာဖတ်ချင်စိတ်ကြောင့်သာ ကြိုးစားပြီးဖတ်လို့ ဖတ်တတ်လာတာ။ မပြောလို့ မဖြစ် ပြောရတော့မယ် ဆိုမှ နည်းနည်းပါးပါး ပြောတတ်လာ၊ ရေးတတ်လာတာပါပဲ။ ကျွန်မ သူငယ်ချင်းဟောင်ခများမှာက ဘွဲ့ရတစ်ယောက်လည်း ဖြစ်ပေမဲ့ ကျွန်မ တို့ထက် အများကြီး ဆိုးရှာတယ်။ ကျွန်မ အံ့သြမိတာက သူတို့ရဲ့ ဆိုးလှတဲ့ အသံထွက်ပါပဲ။ ဒီနေရာမှာ ဇာတိပုညဂုဏ်မာနကလေး တောင် ကြွမိတယ်။ ကျွန်မတို့ မြန်မာတွေရဲ့ အင်္ဂလိပ်စကား အသံထွက် ဟာ ပီသတယ်။ ဥပမာ "ဟောင်" ကျွန်မနဲ့ တွေ့တွေ့ချင်း မျက်နှာငယ် လေးနဲ့ ရှိုးသားစွာ ပြောရှာတဲ့စကား။ နောင် သူ လူတွေ့တာနဲ့ပြောတဲ့ စကား၊ "မိုင် အင်းလိ အစ် ဘဲရီးဘက်" တဲ့။ "My English is very bad" ကို ပြောတာပေါ့။ ကျွန်မတို့ မြန်မာတွေဟာ အင်္ဂလိပ်စာ

ဘယ်လောက်ပဲညှဲ့ညှဲ့ "English" ကို "အင်းလိ" လို့တော့ ဘယ်တော့မှ မထွက်ဘူး။ "အင်းဂလိပ်" လိုတော့ ထွက်နိုင်တဲ့သူချည်းပဲ။ "အင်းလိ" ထက်ဆိုးတဲ့ သူ့ "အသံထွက်" တစ်ခုဆို ကျွန်မမယ် ရယ်ရမလို ငိုရမလိုလို ဖြစ်ရော...။ တစ်ညသားမှာ ရှစ်နာရီလောက် "ဟောင်" က တစ်ယောက်တည်း လမ်းလျှောက်ထွက်သွားတယ်။ အရင်ညတွေက လည်း ထမင်းစားပြီး ရှစ်နာရီလောက်ဆို ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် ဟောကိုင်း တစ်ဝိုက်ကို မြန်မာသီချင်းတစ်လှည့်၊ ဗီယက်နမ်သီချင်းတစ်လှည့်ဆိုရင်း လမ်းလျှောက် ထွက်တတ်ပါတယ်။ အဲဒီည ကတော့ ကျွန်မက ဖုန်းစကား မပြတ်နိုင်ဖြစ်နေတာနဲ့ သူ(စိတ်ညစ်ပြီး) ထွက်သွားတာ။ ကျွန်မနဲ့ အမေရိကန်တစ်ခွင်က ကျွန်မနဲ့ မြန်မာ မိတ်ဆွေများ ဖုန်းပြောမှုဟာ "ဟောင်" တစ်ယောက် ညြချယူရလောက် အောင်ပါပဲ...။

ကျွန်မအခန်းကို ပြန်ရောက်တတ်တဲ့ ညနေပိုင်းလောက်ကစပြီး ည မအိပ်မချင်း ၁၂ နာရီ၊ ၁ ချက်လောက်ထိ ချစ်မိတ်ဆွေ၊ ချစ်သူငယ်ချင်းများရဲ့ ဖုန်းတွေက အဆက်မပြတ် လာပါတယ်။ အထူးအားဖြင့် (L.A)က လမင်းတစ်ရာ၊ မာယာ ကိုအေးဝင်းဆိုရင် ဖုန်းကတ်တစ်ကတ် ကုန်အောင် ပြောတတ်တော့ "ဟောင်" က (ကျွန်မတို့နှစ်ယောက် "ပွား" ဖို့၊ ကျွန်မရဲ့ နေရာယူမှုကို ကြည့်ပြီး) သိနေပြီ။ ဆိုဖာရှည်ကြီးပေါ်မှာ လှဲအိပ်လိုက်ပြီဆိုရင် ကျွန်မ စိမ်ပြေနပြေ "ပွား" တော့မယ်ဆိုတာ သူ သိပြီ...။ ကျွန်မကတော့ ဖုန်းလာရင်ပျော်...။ သူက စိတ်ညစ်ပေါ့။

ခုလည်း တစ်စုံတစ်ယောက်သော မြန်မာမိတ်ဆွေနဲ့ ကျွန်မရဲ့ မပြီးနိုင်၊ မစီးနိုင် မြန်မာစကားတွေကို သည်းညည်းမခံနိုင်တဲ့ အဆုံး ဖျတ်ခနဲ သူထွက်သွားတာ...။ ကျွန်မ အားပါးတရ ဖုန်းတွေ ပြောပြီးလို့ နာရီကြည့်လိုက်တော့ ညဆယ့်တစ်နာရီ။ "ဟောင်" ပြန်မရောက်သေးဘူးပေါ့...။ ဒါပေမဲ့ ညဆယ့်နှစ်နာရီကျော်လာတော့ ကျွန်မ စိတ်ပူလာပြီ၊ မြန်မာမပီပီ၊ တောင်တွေးမြောက်တွေးတွေနဲ့ အဆောင်ပြင်ဘက် ထွက်

မျှော်တာတွေ ဘာတွေဖြစ်ကုန်ပြီ။ မရွှေချောက ညနစ်နာရီလောက်မှ ပြန်တော်မူလာတယ်။ ကျွန်မတို့ (I.W.P) စာရေးဆရာအုပ်စုနဲ့တွေ့လို့ (Pub) မှာ ထိုင်နေတာတဲ့လေ...။ ကျွန်မက စိတ်ကလည်းပူ၊ အိပ်က လည်း အိပ်ချင်ဆိုတော့ စိတ်တိုပြီး... နှစ်ယောက်သား သီးသန့်သုံး အင်္ဂလိပ်စကားနဲ့ ရန်ဖြစ်ကြတာပေါ့...။

အဲဒီမှာ သူပြောတဲ့အထဲမှာ (ဒဂရွတ်) ဆိုတဲ့အသံထွက်နဲ့ စကား လုံး ပါလာတယ်။ သူက အဲဒီ (ဒဂရွတ်) ကိုကြိမ်ဖန်များစွာ သုံးပြီး ပြောတယ်။ ကျွန်မက ဘာလဲဟပေါ့...။ "144" ဆိုတဲ့ "တကရွတ်" ကို ပြောတာလားပေါ့...။ နောက်ဆုံးတော့ သွား၊ သွား၊ နင့်ဗီယက်နမ်၊ အင်္ဂလိပ်အဘိဓာန် သွားယူဆိုပြီး ကြည့်လိုက်တော့ လားလား...၊ သူ့ "ဒဂရွတ်" ဟာ (dangerous) (ဒိန်းဂျားရပ်စ်) (အန္တရာယ်ရှိသော) ဖြစ်နေတာကိုး...။ ကျွန်မမှာ တကယ့်ကို ရယ်ရမလို ငိုရမလိုပါဆို...။

အဲဒီကစပြီး ကျွန်မ ပြောချင်ရင် အင်္ဂလိပ်–ဗီယက်နမ် အဘိဓာန် ကို လှန်ပြီးမှ ပြော၊ လက်ဟန် ခြေဟန် အကူတွေလည်းပါပေါ့။ ထူးခြား တာက ချစ်သူငယ်ချင်း "ဟောင်" ရဲ့ ထူးခြားလှတဲ့ အင်္ဂလိပ်စကား (သူတစ်ယောက်တည်း ကြိုက်သလို စဉ်းစားပြီးပြောတဲ့) (Own English) အင်္ဂလိပ်စကားကို ပါရမီထူးလှတဲ့ ကျွန်မက အချိန်တိုအတွင်း မှာ နားလည်သွားပြီး တခြား စာရေးဆရာတွေနဲ့ သူ့ကြားမှာ အင်္ဂလိပ် စကားကို အင်္ဂလိပ်လို စကားပြန် လုပ်ပေးရပါတော့တယ်။ နှစ်ထောင် ပြည့်နှစ် (I.W.P) က ကျွန်မကို သီးသန့်ချီးမြှင့်တဲ့ ဘွဲ့ထူးဂုဏ်ပုဒ်က "Nu Nu is English to English Interpreter" တဲ့။ ဘာပဲ ဖြစ်ဖြစ် ပျော်စရာကောင်းပါတယ်။

* * *

ကျွန်မတို့ သိန်းငှက်မျက်ဝန်းအဆောင်ရဲ့ စိမ့်စိမ့်ကလေး အေး နေတဲ့ တစ်ခုသော နံနက်ခင်းမှာပါပဲ။ မနက်စောစော လက်ဖက်ရည်ကို

ထမင်းကြော်နဲ့ ကျွန်မတို့ စားသောက်ကြရင်း "ဟောင်" က အပြင်ဘက်ကို ငေးမောရာက လွမ်းရှာတယ်ထင်ပါရဲ့။ သမီးလေးတွေဆီကို ဖုန်းဆက်ချင်တယ်တဲ့။ "ဆက်လေ" လို့ ကျွန်မပြောပြီး ဝမ်းဒုက္ခရှိသူ ပီပီ အောင်မြင်အောင် ကြိုးစားဖို့အတွက် ရေချိုးခန်းထဲကို ဝင်ခဲ့ပါတယ်။ ဖုန်းဆက်တာကိုတော့ ညွှန်ကြားချက် စာရွက်ကြီးကို ကြည့်ပြီး သူ ဆက်တတ်ပါတယ်။ ဒါပေမဲ့ ခဏနေတော့ ရေချိုးခန်းအပြင်ဘက်ကနေ သူ့ရဲ့ မပီတပီအသံနဲ့ "နနနန" ဆိုပြီး လာရော။ "ဘာလဲ ဟောင်" ဆိုတော့ ဖုန်းဆက်လို့မရဘူးတဲ့။ "ဟဲလိုကြားတယ်၊ သူ့သမီးအသံ မဟုတ်ဘူး" တဲ့။ ကျွန်မလည်း ဖုန်းမှားလို့ပေါ့။ ခဏလေးစောင့်၊ ငါ ထွက်လာမှ ကြိုးစားကြတာပေါ့" လို့ ပြောလိုက်ပါတယ်။ သူက "အေး အေး" ဆိုပြီး ပြန်ထွက်သွားရင်း သူဆိုနေကျ ဗီယက်နမ် သီချင်းလေး ကိုတောင် ညည်းလို့။ အဲဒီအချိန်ကျမှပဲ အင်မတန် ဆူညံ ကျယ်လောင် လှတဲ့ ရဲကား ဥသြဆွဲသံကို ကြားလိုက်ရတာပါပဲ။ ရဲဥသြသံဆိုတာကို နိုင်ငံခြား ရုပ်ရှင်ကားတွေထဲမှာသာ ကြားခဲ့ဖူးပြီး ဒီကိုရောက်တော့ လည်း မရိုးနိုင်သေးတဲ့ ကျွန်မမှာ ကြားတိုင်း တုန်ခနဲ ဖြစ်သွားတာချည်းပဲ။ ရဲဥသြသံက ထုံးစံအတိုင်းပဲ ကားမောင်းရင်း ဆွဲသွားတာဆိုတော့ ဖျပ်ဆို ပျောက်သွားတယ်။ ကျွန်မလည်း မအောင်မြင်စွာနဲ့ ရေချိုးခန်းက ပြန် ထွက်ဖို့ အလုပ်တံခါး ခေါက်သံကြားရတယ်။ ဒေါ် "ဟောင်" က "ရက်စ် ကမ်းမီး" တွေဘာတွေအော်ပြီး တံခါး သွားဖွင့်တာပေါ့။ သူငယ် ချင်းတစ်ယောက်ယောက် ဒါမှမဟုတ် ကျွန်မတို့ရဲ့အခန်းနဲ့ မျက်နှာချင်း ဆိုင်ရုံးခန်းက (I.W.P) ရဲ့မော်ကွန်းထိန်း "မေရီ" လို့ထင်တဲ့ ကျွန်မက ဟောင့်ရဲ့ "ဟိုင်း" သံမကြားပါလားလို့ ထင်တုန်း "နနနန" ဆိုတဲ့ ဒေါ်ရွှေဟောင်ရဲ့ အားကိုးတကြီး အော်သံကို ကြားရတော့တာပဲ။ ကပျာ ကယာ ကျွန်မ တံခါးဖွင့်ထွက်လိုက်တော့ ကျွန်မတို့ အခန်းတံခါးဝမှာ မားမားကြီးရပ်နေသူဟာ ဝတ်စုံပြည့်နဲ့ အမေရိကန်ရဲကြီးတစ်ယောက်။ လမ်းမှာတွေ့ရင် မားမားမားမားကြီးတွေနဲ့ အလကားနေရင်း ကြောက်ပြီး

ကျွန်မနဲ့ ဟောင်တို့ မျက်နှာလုံး မဆုံမိအောင် ရှောင်ကွင်းနေကျ ရဲကြီး တစ်ယောက်က ခပ်တည်တည်နဲ့ ကျွန်မကို "ဟိုင်း" တဲ့။ ကျွန်မရဲ့ ပြန်ပြီး "ဟိုင်း" သံဟာ ခပ်တုန်တုန်လေးပေါ့။ သူက ဖျိုးဖျိုးဖျတ်ဖျတ်နဲ့ ဧည့်ခန်းထဲကို ဝင်လာတယ်။

"မင်းတို့အခန်းမှာ ဆိုးဆိုးရွားရွား ဘာတွေများ ဖြစ်နေသလဲ"

"ရှင်"

ကျွန်မဟာ တကယ့်ကို ထိတ်လန့်စွာနဲ့ မြန်မာလိုကို အသံ ထွက်မိသွားပါတယ်။ ပြီးတော့မှ စိတ်အားတင်းပြီး ဖြေရှင်းဖို့ အားယူရပါတယ်။

"ကျွန်မတို့အခန်းမှာ ဘာမှမဖြစ်ပါဘူး။ အေးအေးဆေးဆေးပါပဲ"

"မဖြစ်နိုင်ဘူး။ မင်းတို့အခန်းတွေကို ငါစစ်ဆေးကြည့်ချင်တယ်"

"အို ရပါတယ်။ ကြည့်နိုင်ပါတယ်။ ကြည့်ပါ။ ဟောင် မင်း အခန်းတံခါးဖွင့်လိုက်လေ"

ဟောင့်မျက်နှာဟာ ပူပန် တုန်လှုပ်နေပေမဲ့ ဗီယက်ကောင်း စိတ်ဓာတ်ကတော့ပြသား။ လက်သီးနှစ်ဖက်ကို ဆုပ်ထားတယ်။ ကျွန်မ လည်း ဘာလုပ်ရမှန်းမသိဘူး။ ခုန ရဲဥဩသံဟာ ကျွန်မတို့ဆီကို လာတာပေါ့။ တကယ့်ကို ကျွန်မတို့ ဘာမှ မလုပ်ခဲ့ပါဘူး။ ဘာဖြစ်တာလဲ။ ရဲကြီး ဟောင့် အခန်းထဲကနေ ကျွန်မအခန်းကို ဝင်ကြည့်။ ပြီးတော့ တစ်ခါ ရေချိုးခန်းထဲကို အဝင်မှာတော့ ကျွန်မ အခန်းထဲကို မြန်မြန်လေး ခဏ ဝင်လိုက်ပါတယ်။ ရဲကြီးက ခေါင်းကို အမေရိကန်စတိုင် ယမ်းရင်း ရေချိုးခန်းထဲက ပြန်ထွက်လာတယ်။

"အားလုံး အေးအေးဆေးဆေးပဲ ဘာမှမတွေ့ဘူး"

"ဟုတ်ပါတယ်၊ ကျွန်မတို့ ဘာမှမဖြစ်ပါဘူး"

"အိုကေ။ ဒီလိုဆိုရင် မင်းတို့ဘာဖြစ်လို့ ဖုန်းဆက်ခေါ်သလဲ။ ပြောပါ (911) "နိုင်းဝမ်းဝမ်း" ဟာ နောက်စရာ မဟုတ်ပါဘူး"

"ဟင် ကျွန်မတို့ ဖုန်းဆက်မခေါ်ဘူး။ မခေါ်ပါဘူး"

"မင်းတို့ခေါ်ပါတယ်။ မင်းတို့ဖုန်းနံပါတ် တို့ဆီမှာ လာပေါ်နေတာပဲ။ ပြီးတော့ တို့က "ဟဲလို" ထူးတော့ ဖုန်းကို ချပစ်တယ်။ နှစ်ကြိမ်ခေါ်ပြီး နှစ်ကြိမ်စလုံး ချပစ်တယ်။ ဒါကြောင့် ဒီအခန်းမှာ တစ်ခုခုတော့ ဆိုးဆိုးရွားရွား ဖြစ်နေပြီထင်လို့ ချက်ချင်းပြေးလာခဲ့တာ"

"အိုး မိုင်ဂေါ့" လို့ပြောပြီး သူတို့အမေရိကန်တွေလို နဖူးရိုက်ပြီးတော့သာ အော်လိုက်ချင်ပါတော့တယ်။ "ဟောင်" တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ကျွန်မကို ရေချိုးခန်းပြင်ဘက်က လာပြောနေတာလေ၊ ဟဲလို ကြားတယ်တဲ့။ သူ့သမီးအသံ မဟုတ်ဘူးတဲ့။ ဘာတွေကို ဘယ်လိုများ မှားနှိပ်လိုက်ပါလိမ့်။

"အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းတို့ရဲ့ (Social Security Card) လူမှုလုံခြုံရေးကတ်တွေကို ယူခဲ့ပါ။ ငါထင်တယ်။ မင်းတို့ဟာ အာရှနိုင်ငံတွေက ဖြစ်မယ်လို့ ငါထင်တယ်။ မင်းတို့ ဘယ်နိုင်ငံကလဲ။ ဒီကို ဘာအတွက် ရောက်နေတာလဲ"

ကျွန်မတို့ကို ပြဿနာရှာတော့မယ်ထင်တယ်။ ကျွန်မလက်တွေကို တင်းတင်းကျပ်ကျပ် ဆုပ်ထားမိတယ်။ ကျွန်မ အမြန်ဆုံး ဖြေရမယ်။

"ကျွန်မတို့ စာရေးဆရာတွေပါ။ (I.W.P) သင်တန်းသားတွေပါ"

"ဘာ (I.W.P)"

အံ့သြစရာကောင်းလောက်အောင် ရဲကြီးမျက်နှာဟာ ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ "ဟဲလို မောနင်း နုနု၊ ဟောင်" ဆိုတဲ့ သာယာလှတဲ့ မော်ကွန်းထိန်းမေရီရဲ့အသံကို ကျွန်မတို့ ကြားရတော့တာပါပဲ။ "ဟင် ဘာတွေဖြစ်လို့လဲ။ ငါ့ကို ပြောပါဦး" ဆိုတဲ့ မေရီနားကို ကျွန်မတို့ အားကိုးတကြီး ပြေးကပ်သွားခဲ့ကြတယ်။ ရဲကြီးက မေရီကို အကျိုးအကြောင်း ရှင်းပြတော့ မေရီက "အိုး အိုင်ဆီး" တဲ့။

"ကျေးဇူးပြုပြီးတော့ ဟောင်ရေ၊ မင်းဆက်တဲ့ ဖုန်းနံပါတ်တွေကို ယူခဲ့ပါဦး"

"ဟောင်" က သူဆက်တဲ့ ဖုန်းနံပါတ် စာရွက်ကို မေရီကို ပေးပြီး ဗီယက်ကောင်းပုံစံနဲ့ လက်သီးကိုဆုပ်လို့ အခန်းထဲမှာ ခေါက်တုံ့ခေါက် ပြန် လျှောက်နေလေရဲ့။

"အိုး ဒီမှာလေ၊ ဒါက ဗီယက်နမ်ဖုန်းနံပါတ်။ ဒါက နယူးယောက်က 1800 နဲ့စတဲ့ နံပါတ်တစ်ခု။ ဒီလို ဆရာကြီးရေ။ ကျွန်မတို့ အဆောင်တွေက တက္ကသိုလ်ရဲ့ လိုင်းခွဲဖုန်းတွေလေ။ အပြင်ကို ဆက်ချင်ရင် "9" ကို အရင်လှည့်ရတယ်။ ပြီးတော့မှ ကိုယ်ဆက်ချင်တဲ့ ဖုန်းနံပါတ်ကို ခေါ်ရတယ်။ ဒီမှာကြည့်။ ဟောင်က "9" ကို လှည့်ပြီး နှစ်ခါ နှိပ်မိသွားတာပဲဖြစ်မယ်။ ဘယ်နှယ့်လဲ ဟောင်။ နုနုရော ရှင်းပြီလား"

"ဟုတ်ကဲ့။ ရှင်းတယ်မေရီ။ ရှင်းပြီ"

ကျွန်မက ပြောပေမဲ့ ကျွန်မ သူငယ်ချင်းခမျာ ကြောက်စိတ်နဲ့ ခပ်လှမ်းလှမ်းမှာပဲ လက်သီးကို ဆုပ်လို့ရပ်နေတုန်း။

"သူတို့က (I.W.P) လာတက်တဲ့ စာရေးဆရာနှစ်ယောက်ပါ။ မြန်မာနဲ့ ဗီယက်နမ်ကလေ"

ရဲကြီးဟာ (I.W.P) သင်တန်းသားဆိုတာလည်း သေချာသိရော၊ တကယ့်ကို ဖော်ရွေသွားပြီး "တွေ့ရတာ ဝမ်းသာပါတယ်" တွေ။ "အကူအညီလိုရင် ပြောပါတွေ" ချက်ချင်းဖြစ်သွားပါတယ်။ သူတို့ အိုင်အိုဝါ မြို့သူမြို့သားတွေဟာ ဒီ (I.W.P) အစီအစဉ်တွေအတွက် အလွန် ဂုဏ်ယူပြီး (I.W.P) စာရေးဆရာတွေကို ဖူးဖူးမှုတ်ထားလေ့ရှိတာကိုး။ ရဲကြီး နှုတ်ဆက်ပြီး ပြန်သွားတာကို ဝမ်းသာစွာနဲ့ အကြိမ်ပေါင်းများစွာ "Thank You" လုပ်ပြီး လိုက်ပို့အပြီးမှာတော့ ကျွန်မ တကယ့်ကို သက်ပြင်းကြီးတစ်ချက် ချလိုက်မိပါတယ်။ "ဟောင်" လည်း ကျွန်မလိုပါပဲ။ အဲဒီအချိန်မှာ ပြုံးပြုံး ပြုံးပြုံးနဲ့ မေရီက စေ့စပ် စပ်စုတတ်သူပီပီ ကျွန်မတို့နှစ်ယောက်ကို သေချာကြည့်တယ်။

"နုနု၊ ဟောင် နင်တို့လက်တွေကို ဘာလို့ ဆုပ်ထားတာလဲ။

လက်ထဲမှာ ဘာလဲ ပြစမ်း"

ကျွန်မတို့နှစ်ယောက်ဟာ ကျွန်မတို့ လက်ဆုပ်ကလေးတွေကို ဖြေလိုက်ကြပါတယ်။

အံ့သြစရာ မတိုင်ပင်ရဘဲ ကျွန်မတို့နှစ်ယောက် လက်ဝါးပေါ်မှာ ထွက်ပေါ်လာတာက ကျစ်ကျစ်ပါအောင် လိပ်ထားတဲ့ ဒေါ်လာ နှစ်ဆယ်တန်လေးတွေ။

မေရီ မျက်မှောင်ကုတ်ပြီး ကျွန်မတို့ကို ကြည့်တယ်။ ပြီးတော့ "What What for"" တဲ့။ "ဘာအတွက်လဲ" တဲ့။

ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိတဲ့အချိန်မှာတော့ အားရပါးရ ရယ်ကြပါတော့တယ်။ ဩော် ဗီယက်ကောင်းမကြီး "ဟောင်"၊ မြန်မာသတ္တိခဲမကြီး "နုနု" ပေါ့လေ။ မေရီကတော့ ရယ်မောနေတဲ့ ကျွန်မတို့ကို နားမလည်စွာနဲ့ "ဘာလဲ၊ ဘာလဲ" နဲ့ တတွတ်တွတ် မေးမြန်းဆဲ။

ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ကတော့ နားလည်စွာနဲ့ အားရပါးရ ရယ်မောဆဲ။

Life Style မဂ္ဂဇင်း၊
အောက်တိုဘာ၊ ၂၀၁၁ ခုနှစ်။

❖

မန်းတစ်ခွင် ပန်းသဇင်ပေါ်စမို့
မျှော်ကြတယ်လေး . . . .
နမ်းမှာလား မောင်ရဲ့ မွှေးတယ်ရှင်
နမ်းမှာလား အစ်ကိုရဲ့ မွှေးတယ်ရှင်

ISBN 978999711988
FIC157
9 789997 119889
MMK 5,500.0



# နုနုရည်အင်းဝ

၁၈–၅–၁၉၅၇ မှာ အဖ ဦးဘမောင်၊ အမိ ဒေါ်တင်ရွှေတို့က အင်းဝမြို့မှာ မွေးဖွားခဲ့ပါတယ်။ မန္တလေးတက္ကသိုလ်က သိပ္ပံ (သချာ်)ဘွဲ့ ရရှိခဲ့ပါတယ်။ စာပေနယ်ထဲကို ၁၉၈၄ ခုနှစ်၊ မတ်လထုတ် မေဖူးလွှာမဂ္ဂဇင်းပါ 'ထဘီလေးတစ်ထည်' ဝတ္ထုတိုလေးနဲ့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၃ ခုနှစ် အမျိုးသားစာပေဆုကို 'မြစိမ်းပြာကမာရွတ်' ဝတ္ထုရှည်လုံးချင်းနဲ့ ရရှိခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် အာရှစာပေ (The Man Asian Literary Prize) (five shortlisted) ဆုကိုတော့ 'ပြုံး၍လည်း ကန်တော့ခံတော်မူပါ ရယ်၍လည်း ကန်တော့ခံတော်မူပါ' ဝတ္ထုနဲ့ ရရှိခဲ့ပါတယ်။ အဲဒီဝတ္ထုကို ၂၀၀၈ ခုနှစ် စက်တင်ဘာလမှာ အမေရိကန်ပြည်ထောင်စု (Hyperion Books) က (Smile As They Bow) အမည်နဲ့ အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေခဲ့ပြီးပါပြီ။

အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ် အာရှနဲ့ အာဖရိကဘာသာရပ်ဆိုင်ရာ သင်ကြားရေးဌာန (SOAS) မှာ ၂၀၁၄ ခုနှစ် ပညာသင်နှစ်မှစတင်ပြီး သင်ရိုးညွှန်းတမ်း အဖြစ် ပြဋ္ဌာန်းသင်ကြားလျက်ရှိပါတယ်။

ခုချိန်ထိ လုံးချင်းဝတ္ထု ၁၅ အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၈ အုပ်ခန့် ထုတ်ဝေခဲ့ပြီးပါပြီ။ ရန်ကုန်မြို့မှာ နေထိုင်လျက်ရှိပါတယ်။

မန်းတစ်ခွင် ပန်
မျှော်ကြတယ်
နမ်းမှာလား မော
နမ်းမှာလား အစ်က